
www.burmeseclassic.com

# စစ်သားဘဝ အမှတ်တရများ

အတွဲ (၂)

## သောင်းဝေဦး

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၁၄၈၃/၂၀၀၁(၁၂)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၁၀၂၃/၂၀၀၁(၁၂)

**အုပ်ရေ**

၂၀၀၀

**တန်ဖိုး**

1200 ကျပ်

**မျက်နှာဖုံးကာလာခွဲ**

Master Colour

**အတွင်းဖလင်**

ADORN

**ကွန်ပျူတာစာစီ**

ဝေနှင်းကျော်(မြို့တော်စည်ပင်)

**စာအုပ်ချုပ်**

လှိုင်

**ထုတ်ဝေသူ**

ဒေါ်မူမူ(မြရတနာစာပေ)(၅၄၀)

အမှတ် ၁၂၊ နဝရတ်လမ်း၊ ရတနာကျွန်းရပ်ကွက်၊

မြောက်ဥက္ကလာပ၊ ရန်ကုန်။

**ပုံနှိပ်သူ**

မြို့တော်ပုံနှိပ်တိုက်





ပုံ(၁)- စာရေးသူနှင့် ဇနီး

www.burmeseclassic.com

www.burmeseclassic.com




ပုံ (၂)- ၁၉၇၃ ခုနှစ်၊ တိုက်ခိုက်ရေးသင်တန်းကျောင်းတွင် သင်တန်းတက်ခဲ့စဉ်၊
(စာရေးသူနှင့် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၃၆)မှ အရာရှိကြီးများ)



ပုံ (၃)- ခလရ (၇၁)၊ အောင်လံတွင် ဒုတပ်ရင်းမှူးတာဝန်ထမ်းဆောင်စဉ်က
စာရေးသူနှင့် ဇနီး သားသမီးများ




ပုံ (၄)- ဂျီတူးဘာဝေ တပ်မ(၁၁)၊ နတ်မောက်ရိပ်သာရှေ့တွင် စာရေးသူအား တွေ့ရစဉ်။



ပုံ (၅)- ၁၉၈၄ ခုနှစ်၊ ဒုတပ်ရင်းမှူးတာဝန်နှင့် မတ်တီးမြို့တွင် တာဝန်ထမ်းဆောင်စဉ်၊
( စာရေးသူနှင့် ဗိုလ်မှူးသက်ညွန့် )

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၆)– သနက(၁) မှ ရှေ့တန်းပြန် စာရေးသူအား ဇနီးမှ ကြိုဆိုနေစဉ် (၁၉၈၂ ခုနှစ်)



ပုံ (၇)– ဝမ်ကျွင်း၊ ထန်ခဲတောက်တွင် စခန်းထိုင်စဉ်က ဝင်တဲကြိုးတံတားပေါ်တွင် တွေ့ရသည့် စာရေးသူ။



ပုံ (၈)– ဒိုးဟိန်းတောင်(၉) ဗဟိုစခန်းတွင် သိမ်းဆည်းရမိသည့်လက်နက်များနှင့်အတူ စာရေးသူ
တပ်မှူးတို့ ရှေ့တန်းအလှည့်(စစ်) ပြန်လည်ကြည့်ရှုစဉ် ဦးစီးအရာရှိများ
(ဓာတ်ပုံ– ဗိုလ်ကြီးမင်းဦး ဗိုလ်မှူးချုပ်ဟောင်း စာရေးသူနှင့် ဗိုလ်ကြီးရာဇ်ညွှန့်) (၁၉၈၄ ခုနှစ်)



ပုံ (၉)– စာရေးသူနှင့် ဗိုလ်ကြီးသန်းဝင်းဦးခေါင်းဆောင်သော အမှတ်(၁) ဗဟိုစခန်းကိုတပ်ရင်းမှ
အရာရှိများ တစ်ရင်းတိုက်ပွဲဝင် ပွဲပေးသင်တန်းပြုလုပ်နေစဉ်။ (၁၉၈၂ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၀)- အမှတ်(၁) မဟာ့သေနတ်ကိုင် တပ်ရင်းတပ်နားစဉ်ကာလ စတိတ်ရိုးပြုလုပ်စဉ်က
ဝတ်ဆရာကြီး၊ စာရေးသူနှင့် သရုပ်ဆောင်တစ်ကြွပ်ကြီးလှကြည်။ (၁၉၈၃ ခုနှစ်)



ပုံ (၁၂)- ဝဏ္ဏိုးတစ်ခန်းတွင် တွေ့ရသည့် စာရေးသူနှင့် အရာရှိများ။
(ဝဲမှယာ - ဗိုလ်ကြီးစိန်လွင်၊ ဗိုလ်မှူးအေးကြွယ်၊ စာရေးသူ၊ တပ်ကြပ်ကြီးအောင်ရွှေ)




(၁၁)- မိုင်းယောင်း၊ ထင်လှိုဏ်ဂူ၊
ကုန်းစုပ်တွင် တွေ့ရသည့်
စာရေးသူနှင့် ဗိုလ်ကြီးမျိုးမြင့်။




ပုံ (၁၃)- ရွှေတန်ဆောင် အမှတ်(၁)မဟာသေနတ်ကိုင် တပ်ရင်းမှ ... ယခု
... (၁၉၈၃ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၄)။ အမှတ်(၁) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် ရတနာစံရှိန်ပြုပွဲပြုလုပ်စဉ်က
စာရေးသူတို့ ဇနီးမောင်နှံ ကာဗီးငယ်း (၁၉၈၂ ခုနှစ်)



ပုံ (၁၅)။ ဂျိုဟိုးဘားက စာရေးသူနှင့် ဇနီး (၁၉၈၃ ခုနှစ်)

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁၆)– [illegible]



ပုံ (၁၇)– [illegible]




ပုံ (၁၈)– ဗိုလ်လျှင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ်(၃)၊ ဆောင်(၃)မှ
သင်တန်းသားများ (၁၉၈၇ ခုနှစ်)



ပုံ (၁၉)– [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပုံ (၂၀)- ပြည်ရွှေဆံတော်ဘုရားတွင် ဘုရားဖူးရန် ရောက်ရှိနေသည့် စာရေးသူတို့ ဇနီးမောင်နှံနှင့် ဗိုလ်မှူးသောင်းတင်တို့ မိသားစု။



ပုံ (၂၁)- ရှေ့တန်းပြန်များ ကြိုရန် စောင့်နေသည့် စာရေးသူနှင့် တပ်ရင်းဌာနချုပ်မှ အရာရှိများ။ (၁၉၈၃ ခုနှစ်)

## မာတိကာ
## စစ်သားဘဝ အမှတ်တရများ


- စာရေးသူ၏ အမှာစာ
- ချစ်စံဝင်း၏ အမှာစာ

အခန်း (၁)

၁။ သနက (၁)တွင် နေခဲ့ရစဉ်က
- ကျိုင်းတုံမှ မကွေးသို့
- လိုက်လိုက်လှဲလှဲကြိုဆိုသည့် မကွေးမြို့
- တပ်နားစဉ်ကာလ တစ်လတာ
- မိုင်းယောင်းသို့ ထွက်ခွါခြင်း
- ဆွမ်းခံရင်း ဌက်သင့်ခဲ့ရခြင်းအကြောင်း

အခန်း (၂)

၂။ မိုင်းယောင်းဒေသက အတွေ့အကြုံများ
- ကျွန်တော် လဲမုံး ကဖူးပြီ
- စိန်ပြောင်းဖြင့် အပစ်ခံရခြင်း
- ဝမ်တုန့်၊ ဝမ်ရှန်ဂွင်အား ထိုးဖောက်ရာဝယ်
- မိုင်းယောင်းမှသည် ကော်ဟိုလွယ် ထင်းရှူးတောင်သို့
- ထင်းရှူးတောင်မှာ တစ်လတာ
- မြွေကြီးတစ်ကောင် ရရှိခြင်း
- ထင်းရှူးတောင်မှ ပြန်ရပြီ
- မိုင်းယောင်းဗျူဟာမှူး ဦးရွှေကြူ

အခန်း(၃)

၃။ ကျိုင်းတုံ၊ မိုင်းယောင်း ယာဉ်တန်းအကြောင်း တစေ့တစောင်း
- ယာဉ်တန်းအတွက် ပြင်ဆင်မှုများ


www.burmeseclassic.com

www.burmeseclassic.com


- မမေ့နိုင်သော ထပ်လုံ တိုက်ပွဲ
- မိုင်းယောင်းသို့ ယာဉ်တန်း ဝင်ရောက်လာခြင်း
- ကျွန်တော် ဗိုလ်မှူးဖြစ်ပြီ
- မိုင်းယောင်းမြို့၏ ဆောင်းရက်များ
- နောင်မမေ့စရာ ဟောင်ကွေ့မှာ
- မရေးဖြစ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်
- မိုင်းယောင်းမှ ပြန်ကြရပြီ


အခန်း(၄)


၄။ တပ်နားသည် ဆိုရာဝယ်
- ပျော်စရာကောင်းသည့် အနားကာလ
- ဇာတ်ဆရာကြီး ကျွန်တော်
- အမှတ်တရ မိသားစုပြေးခုန်ပစ် ပြိုင်ပွဲ
- အလှူနှင့် သင်္ကြန်
- မိုင်းယောင်းမှ အိမ်ထောင်ကျလာသူများအကြောင်း
- မိုင်းယောင်းမှ ကိုရင်ကလေးများ
- မမျှော်လင့်ဘဲ သင်တန်းတက်ရခြင်း


အခန်း(၅)


၅။ ကျွန်တော်တက်ခဲ့ရသည့် တပ်ရင်းမှူး သင်တန်း
- သင်တန်းသားကြီး ကျွန်တော်
- တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ
- ကျွန်တော့်သူငယ်ချင်း သင်တန်းသားများအကြောင်း
- သင်တန်းကာလမှ ထူးခြားဖြစ်စဉ်များ
- သင်တန်း ဆင်းကြပြီ


အခန်း(၆)


၆။ နောက်ထပ်တစ်ကြိမ် ရှေ့တန်းသို့
- ကျိုင်းတုံသို့ လစာပို့သွားရခြင်း
- ရှေ့တန်းသို့ ပြန်တက်ရာဝယ်
- ကုန်လွန်ခဲ့သော နေ့ရက်များ
- စစ်ကြောင်း(၁)မှ စစ်ကြောင်း(၂)သို့
- သနက(၁)မှ ပြောင်းရပါပြီ


အခန်း(၇)


၇။ ဂျီတူး ခေါ် စစ်ဦးစီးမှူးဒုတိယတန်း တာဝန်ထမ်းဆောင်စဉ်က
- တပ်မသို့ အိမ်ပြောင်းပြီ
- ကျွန်တော် ဂျီတူး
- ဂျီတူးတစ်ဦး၏ နိစ္စဓူဝ တာဝန်များ
- ကျွန်တော်နှင့် မော်တော်ဆိုင်ကယ်
- ကျိုင်းတုံဒေသမှ ဗျူဟာနယ်မြေများ


အခန်း(၈)


၈။ တပ်မ(၈၈)အကြောင်း သိကောင်းစရာများ
- တပ်မများ၏ သမိုင်းအစ
- လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်
- တပ်မ(၈၈)၏ တပ်မှူးကြီးများ
- တပ်မ(၈၈) ကွပ်ကဲမှုအောက်မှ တပ်ရင်းများအကြောင်း
- ထိုစဉ်က တပ်ရင်းမှူးများ
- တပ်မ(၈၈) ပါဝင်ခဲ့သော စစ်ဆင်ရေးများ
- ပြောင်းရွှေ့သွားကြသော အရာရှိကြီးနှစ်ဦး
- Bell ရဟတ်ယာဉ်မှူးများနှင့် ကျွန်တော်


www.burmeseclassic.com

www.burmeseclassic.com


အခန်း(၉)

၉။ ကျိုင်းတုံဒေသနှင့် ဆက်စပ်နေသော ဘိန်းနှင့် မူးယစ်ဆေးဝါးများ
- ပိတ်မမိလိုက်သော ဘိန်းတန်း
- ဆုံးရှုံးသွားသော သေနတ် တစ်လက်
- ကျွန်တော်နှင့် မိုးဟိန်းစစ်ဆင်ရေး အဆင့်(၉)
- မိုးဟိန်း စစ်ဆင်ရေးများ
- ဘိန်းအကြောင်း သိကောင်းစရာ
- မြန်မာနိုင်ငံသို့ ဘိန်းရောက်ရှိလာခြင်း
- ဘိန်းပင်၊ ဘိန်းသီးမှ ဘိန်းဖြူသို့
- နောက်ဆုံးအခေါက် ကျိုင်းတုံရောက်ခဲ့စဉ်က

အခန်း(၁၀)

၁၀။ အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရပါသည်
- ဘုန်းကြီးအမှု ရှာပတ်လာတော့
- ကျိုင်းတုံလေဆိပ်က ပေါက်ကွဲမှုကြီး
- မှော်ငှို အဖမ်းကောင်းလို့
- တပ်မမှ ပြောင်းရပြီ

အခန်း(၁၁)

၁၁။ ဗိုလ် တပ်ရင်းမှူးဖြစ်သွားသည့် ကျွန်တော်
- မကွေးမှ အောင်လံသို့
- မိုးမိတ်ဆိုသည်မှာ
- ကျွန်တော်နှင့် လပ်ကီးဆဲဗင်းများ
- မိုးမိတ်မြို့မှာ နှစ်လအကြာ
- မဘိန်း ဆိုသည်ကား
- မဘိန်းမြို့မှာ ခဏတာ
- လူကြီးလို့ မနေမ်လို့
- မဘိန်းမှသည် အောင်လံသို့
- မိုးဘုံ၊ မန်ပတ်မှ သေနတ်သံများ

အခန်း(၁၂)

၁၂။ ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်
- သင်တန်းသား ဖြစ်ရပြန်ပါပြီ
- ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်
- သင်တန်းသို့ ရောက်ရှိခြင်း
- တိုက်ပွဲ အတွေ့အကြုံ စာတမ်းများ
- နားလင်း တိုက်ပွဲဆိုသည်ကား
- တိုက်ပွဲ ဖြစ်ပါပြီ
- တိုက်ပွဲဆင်နွှဲပုံ အဆင့်ဆင့်
- ကျွန်တော်၏တိုက်ပွဲ သုံးသပ်ချက်များ
- တိုက်ပွဲသင်ခန်းစာ ဖော်ထုတ်ချက်
- ဒီတိုက်ပွဲကို ဘာ့ကြောင့် ရေးရသလဲ

အခန်း(၁၃)

၁၃။ ဥစတ မှ သင်တန်းသားဘဝ
- ဥစတ မှ သင်္ဂတန်းသားဘဝ
- စစ်ဦးစီးတက္ကသိုလ်၏ အမှတ်ပေးစနစ်
- တစ်ယောက်တည်း မနေတတ်လို့
- ဟောပြောပို့ချမှုများ
- ပုံတူးကူးသမား ဗမာကွန်မြူနစ်များ
- တရုတ်ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်း
- တရုတ်တပ်နီ ခရီးရှည်ထိုးဖောက်ချီတက်မှု
- ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ခံသမိုင်း
- ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မတီ
- အဝေးရောက် ဗမာပြည်ကွန်မြူနစ်များ စတင်ဝင်ရောက်လာခြင်း


www.burmeseclassic.com

www.burmeseclassic.com

- ဗကပတို့၏ မဟာဗျူဟာနှင့် နည်းဗျူဟာဆိုသည်မှာ
- ခရီးရှည် ထိုးဖောက်ချီတက်လာသည့် ဗကပတို့အား တန်ပြန်ချေမှုန်းမည့် တပ်မတော်၏စစ်နည်းဗျူဟာများ
- ဗထူးမှ ထွက်ခွါကြပြီ

## အခန်း(၁၄)

### ၁၄။ သင်တန်း၏ ဒုတိယပိုင်း ကာလများ

- ဥစတ ၏ ဒုတိယပိုင်းကာလ
- ကျွန်တော်၏တပည့်ကျော် နှစ်ဦးအကြောင်း
- လူရော စိတ်ပါ ပင်ပန်းရသည့် ပြင်ပ လေ့ကျင့်ခန်းများ
- ဟသ်ာ အနိုင်ရခြင်း
- ယ တောင်သို့ တက်ခဲ့ကြစဉ်က
- လားရှိုးသို့ သွားကြရာဝယ်
- ညှော်စာရင်း အစစ်ခံရမည့်ဘေးမှ သီသီကလေး လွတ်သွားခြင်း
- ကျွန်တော်သိသော စီစီဝမ်၊ တာပန်တိုက်ပွဲကြီး သင်တန်းဆင်းရပါပြီ

## အခန်း(၁၅)

### ၁၅။ ရှေ့တန်းသို့ တစ်ဖန် ပြန်ရပြန်ပါပြီ

- ရှေ့တန်းသို့ ပြန်တက်ရပြီ
- ဗိုလ်မှူးတင်ထွန်းနှင့် သိကျွမ်းခြင်း
- ရေပုံးတုံးကြီးသို့ ထိုးဖောက် ခရီးတစ်ခေါက်
- ဇာဇာရတနာ လာမယ်ဆိုလို့
- ရေစက်မကုန်၍ ပြန်ဆုံရခြင်း
- မိုးမိတ်မြို့အကြောင်း တစေ့တစောင်း
- ကျွန်တော်သိသော မိုးမိတ်တိုက်ပွဲ
- ကျွန်တော်နှင့် ဗျူဟာမှူးများ
- (၁၄)ယောက်၊ (၁၄)လက်၊ (၁၄)ရက်
- မြဝတီတစ်ခေါက် ရောက်ခဲ့စဉ်က
- မျှော်လင့်မထားသော အမိန့်ထွက်လာခြင်း

## အခန်း(၁၆)

### ၁၆။ တွဲဖက် တာဝန်ထမ်းဆောင်ခဲ့ရစဉ်က

- ဗိုလ်သင်တန်းကျောင်းမှာ နှစ်လတာ
- ကကကျင့်ဂျီဝမ်းနှင့် တွေ့ဆုံကြရာဝယ်
- နိုင်ငံခြားသို့ စေလွှတ်မည်ဆိုခြင်း
- မော်ဘီမှသည် ဗထူးသို့
- သီရိဂေဟာပေါ်မှ နေ့ရက်များ
- မမျှော်လင့်ဘဲ ပြောင်းရပါပြီ

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အမှာစာ

ကျွန်တော်၏ **"စစ်သားဘဝ အမှတ်တရများ၊ အတွဲ(၁)"** စာအုပ်ကို မကြာသေးမီက ထုတ်ဝေခဲ့၏။ မမျှော်လင့်ဘဲ စာဖတ်ပရိသတ်၏ အားပေးမှုခြင်းကို ခံရ၍ ကျွန်တော်အထူးအားတက်ခဲ့ရပါသည်။ တပ်မတော်တွင် လက်ရှိ အမှုထမ်းနေသော တပ်မတော်သားများသာမက အငြိမ်းစား တပ်မတော်သားများထံမှ အားပေးသည့် စာများ ရရှိခဲ့ပါ၏။ အချို့ဆို ပြည်ပ ရောက်နေသည့်ကြားမှပင် စာလှမ်းရေးကြသည်။ စာရေးအားပေး အကြံပြုသူ အားလုံးကို ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဤနေရာက လေးစားစွာ ဖော်ပြအပ်ပါသည်။

ကျွန်တော်၏ စစ်သားဘဝအမှတ်တရများ၊ စာအုပ်အတွဲ(၁)မှာ ကျွန်တော် တပ်မတော်ထဲဝင်သည်မှ ဒုဗိုလ်၊ ဗိုလ်၊ ဗိုလ်ကြီး၊ ထိုမှသည် Officiating Majorခေါ် ယာယီတပ်ခွဲမှူး ဗိုလ်မှူးဖြစ်သည်အထိ ကျွန်တော်၏ စစ်သားဘဝ ဆယ့်ခြောက်နှစ်ကျော်၊ ဆယ့်ခုနှစ်နှစ် အတွေ့အကြုံများကို ရေးသား တင်ပြထားခြင်းဖြစ်ပါသည်။ ယခု အတွဲ(၂) တွင်ကား ကျွန်တော် ဘပ်ခွဲမှူး ဗိုလ်မှူးမှ ဂျီတူး ခေါ် စစ်ဦးစီးမှူး(ဒုတိယတန်း)၊ ထို့နောက် မှ တပ်ရင်းမှူးမှသည် တပ်ရင်းမှူးအမိန့်လွှက်သည်အထိ ခုနှစ်နှစ်တာ ကာလကို ဖော်ပြထားခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် ကျွန်တော့်စာအုပ် အတွဲ(၁)အပေါ် ကျွန်တော်၏ သူငယ်ချင်း စာရေးဆရာ ဦးချစ်စံဝင်း၏ မှတ်ချက်ကို ဖော်ပြလိုပါသည်။

" ဤစာအုပ်သည် မျက်မှောက်ကာလ၌ ရှားရှားပါးပါး ထွက်ပေါ်လာသော စစ်ရေးဆိုင်ရာ မှတ်တမ်းစာအုပ်ဖြစ်၏။ ထို့ကြောင့် "သောင်းဝေဦး"အနေဖြင့် ကျန်အပိုင်းများကို ဆက်ရေးရာတွင် ယခုထက် ပိုမိုအသေးစိတ်၍ ဂရုတစိုက်ရေးသားနိုင်ပါက ပို၍ ဖတ်ချင်စရာကောင်းမည်ဟု ဆိုပါ၏။ "

စစ်သားဘဝ အမှတ်တရများ၊ အတွဲ(၁) စာအုပ်ထွက်လာသောအခါ ဦးချစ်စံဝင်းက

" ခင်ဗျား စာအုပ်ထွက်ရင် ပေးဦးလေဗျာ "

ဟု တောင်းသဖြင့် ပေးလိုက်ရာမှ အထက်ပါ မှတ်ချက်ကို ရေးသားပေးပို့ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်တော်သည် ယခု ဒုတိယတွဲကို ရေးသားရာတွင် ပထမတွဲထက် ပို၍ ပြည့်ပြည့်စုံစုံ ရေးနိုင်သည်များကို ရေးသားဖော်ပြခဲ့၏။ အချိန်ကာလ သိပ်မဝေးကွာလှ၍ ပို၍လည်း မှတ်မိလာသဖြင့် အသေးစိတ် ပိုမိုဖော်ပြနိုင်ပါ၏။ သို့ဖြစ်သောကြောင့် စာဖတ်သူများအတွက် ယခင် အတွဲ(၁) ထက် ပိုမိုပြီး စိတ်ဝင်စားစရာများ ပါဝင်မည်ဟု ယူဆရ၏။ ယခု စာအုပ်တွင် ဆရာချစ်စံဝင်း၏ "စစ်သားဘဝ အမှတ်တရများ၊ အတွဲ(၁)" အပေါ် တွေ့ရှိချက် အမှာစာအားလည်း ထည့်သွင်းဖော်ပြထားပါသည်။ သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် အမှာစာကို အရှည် မရေးလိုတော့ပါ။ ဦးချစ်စံဝင်း၏ အမှာစာနှင့်အတူ လက်ထဲသို့ရောက်လာသော ဤစာအုပ်ကို ဝက်လက် ဖတ်ရှုအားပေးစေလိုပါသည်ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

နရာ၊ ရန်ကုန်မြို့ (သောင်းဝေဦး)
ဂျ်ဆွဲ၊ ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ

## ချစ်စံဝင်း၏ အမှာစာ

ဖတ်စရာစာအုပ် ရှားရှားပါးပါးဖြစ်ချိန်တွင် ဆရာသောင်းဝေဦး၏ "စစ်သားဘဝ အမှတ်တရများ" အတွဲ(၁) စာအုပ်ရောက်လာ၍ ကျွန်တော် သည် တစ်ထိုင်တည်း ဖတ်လိုက်သည်။

ဆရာ သောင်းဝေဦးဆိုသော စာရေးဆရာကလည်း အခြားသူမဟုတ်၊ ကျွန်တော်နှင့် သူက ညီရင်းအစ်ကိုလို ခင်မင်ကြသူများဖြစ်ပြီး တက္ကသိုလ် ကျောင်းသားဘဝက မရှိအတူ၊ ရှိအတူ နေခဲ့ကြသူများဖြစ်သည်။ သူနှင့် ကျွန်တော်သည် ဘဝကို လက်ဖဝါး၊ ခြေဖဝါးချည်းနှင့် စခဲ့ကြရသူများ ဖြစ်၏။ အင်္ကျီတစ်ထည်ကို သူတစ်လှည့်၊ ကိုယ်တစ်လှည့်၊ ဘိနပ်တစ်ရံကို သူတစ်ခါ၊ ကိုယ်တစ်ခါ၊ ပိုက်ဆံတစ်မတ်ကို သူတစ်ပိုင်း၊ ကိုယ်တစ်ပိုင်း ခွဲဝေ မျှတသုံးစွဲရင်း ဘဝကို ရင်ဆိုင်ခဲ့ကြသူများဖြစ်၏။

တက္ကသိုလ် ကျောင်းသားဘဝကပင် ကျွန်တော်နှင့် သူက စာပေစိတ်ဓါတ်ရှိ၏။ စာပေဝါသနာ အထုံရှိသော ကျွန်တော်က ကျွန်တော့်ဘဝကို စာပေလောကတွင်ပင် နစ်မြုပ်ကာ စာရေးဆရာ၊ သတင်းစာဆရာဖြစ်လာရသော်လည်း သူက တပ်မတော်သို့ဝင်ကာ စစ်ဘက်ဆိုင်ရာ အရာရှိကြီး၊ ဗိုလ်မှူးကြီးဖြစ်လာသူ ဖြစ်၏။ သူနှင့် ကျွန်တော်သည်

www.burmeseclassic.com

မူလတန်းပြဆရာလည်း လုပ်ခဲ့ကြဖူးသည်။ သူ့အမည်ရင်းက ကိုသောင်းဝေ ဖြစ်သည်။ သူ့အစ်ကိုဖြစ်သူက လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းဘဲ အယ်ဒီတာချုပ် မောင်နှင်းဆွေ ဖြစ်ပါ၏။ စာပေအသိုင်းအဝိုင်းနှင့် ကင်း၍မရသော ကိုသောင်းဝေသည် တပ်မတော်အရာရှိကြီး ဖြစ်လာရသည့်တိုင် သူသည် စာစိတ်၊ ပေစိတ် မကုန်ဘဲ ရှိ၏။ ထို့ကြောင့် ဗိုလ်ကြီးဖြစ်လာတော့ ဗိုလ်ကြီးအလျှောက်၊ ဗိုလ်မှူးဖြစ်လာတော့ ဗိုလ်မှူးအလျှောက် စာပေကို စိတ်မကုန်ဘဲ ဇွဲကောင်းကောင်းနှင့် စာရေး၏။

ကိုသောင်းဝေ စစ်ဖက်ဆိုင်ရာ အရာရှိကြီးဖြစ်သွားတော့ သူစာရေးသည်ကို ကျွန်တော်က အားမပေးခဲ့။ ကျွန်တော့်မှာက အစွဲရှိသည်။ လူတစ်ယောက်သည် သူ ဝါသနာပါရာ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းတစ်မျိုးတည်းကိုသာ တသမတ်တည်း လုပ်သင့်သည်။ သို့မှသာ မိမိ အသက်မွေးဝမ်းကြောင်း ဘာသာရပ်တွင် မိမိ ပိုမိုထူးချွန်မည်။ ဘုရားသခင်က လူတစ်ယောက်ကို အကောင်းတစ်ခုသာ ပေးသည်ဟု ဆို၏။ နှစ်ခု မပေး၊ ထို့ကြောင့် စစ်ရေးစစ်ရာတွင် ထူးချွန်စေလိုသောကြောင့် သူစာရေးသည်ကို ကျွန်တော်က အားမပေးခဲ့။ ကျွန်တော်တို့က အားမပေးသော်လည်း ကိုသောင်းဝေက အငြိမ်နေသူ မဟုတ်၊ သူ့ဟာသူ စာတွေရေးနေ၏။ ကျွန်တော်ကတော့ သူအပျော်ရေးနေတာပဲဟု ထင်၏။ ကိုသောင်းဝေ အရပ်ဖက်ရောက်လာပြီး စာတွေရေးရင်း အမျိုးသားစာပေဆုရတော့လည်း ဆရာသောင်းဝေဦးသည် ဗိုလ်မှူးကြီးဖြစ်၍ အမျိုးသားစာပေဆုကို ဝိုင်းပေးလိုက်ကြတာဟုပင် ထင်၏။

ဒီနေ့တော့ ဖတ်စရာ စာအုပ်ကလည်း မရှိ၊ မိုးကလည်း ရွာ၊ စာရေးချင်စိတ်ထက် စာဖတ်ချင်စိတ်ကလည်း များနေ၍ သောင်းဝေဦး၏ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်ကိုဖတ်လိုက်ရာ လက်က မချနိုင်လောက်အောင် ဖြစ်သွား၏။ လက်က မချနိုင်လောက်သည့် အကြောင်းရင်းများ ဤစာအုပ်တွင်ပါရှိ၏။

စာအုပ်အစတွင် ကိုသောင်းဝေက မိမိခန္ဓာကိုယ်မှာ သေးသေးကွေးကွေး၊ ကျန်းမာရေးက မကောင်း၊ အလုပ်တစ်ခုလုပ်မည်ဟု ကြံကာရှိသေးသည်၊ အစာအိမ်ရောဂါက ထတော့၏။ ထိုသို့ ချူချာချာ အမြဲရှိသောကြောင့် မိမိသည် တက္ကသိုလ်ကျောင်းမှထွက်သည်အထိ စစ်နှင့် အလွန်အလှမ်းကွာဝေးလှသူ ဖြစ်သည်။ စစ်ဆိုလျှင် ရေတောင် စစ်မသောက်သူဖြစ်သည်ဟု ဝန်ခံကာ သူ၏ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်ကို ဖွင့်၏။ ကိုသောင်းဝေက အညာသား၊ ရေဦး ဇာတိဖြစ်၍ မူးရေကိုမစစ်ဘဲ လက်ခုပ်နှင့်ခပ်သောက်ရင်း မူးမြစ်ဘေးတွင် ကြီးပြင်းလာသူ ဖြစ်၏။ စစ်သား သိပ်မလုပ်ကြသော ဒေသသားဖြစ်၏။ သူက ရှားရှားပါးပါး စစ်သား လုပ်လိုက်၏။ သူ့စာအုပ်ကတော့ သူ၏ စစ်သားဘဝကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိစာအုပ် ဖြစ်ပါ၏။

သူ့ စာအုပ်နိဒါန်းတွင် ကျောင်းဆရာလုပ်စဉ်၊ သူ့ထက် အသက်ကြီးသော လုပ်ဖော်ကိုင်ဘက် ဆရာမတစ်ဦးကို ချစ်ရေးဆိုခဲ့သည်။ ဆရာမက သူ့ထက် အသက်ရော၊ ခန္ဓာကိုယ်အလေးချိန်ပါ ပိုကြီးသည်။ ထိုအစ်မကြီးက သူ့ထက်ငယ်သူကို မယူဟု ပက်ပက်စက်စက် ငြင်းလိုက်သောကြောင့် စစ်ထဲဝင်သည်ဟု ဆို၏။ ထိုအစ်မကြီးအား ချစ်ရေးဆိုဖို့ ကျွန်တော်က မြှောက်ထိုးပင့်ကော် လုပ်ပေးသည်ဟုလည်း ရေးထားသေး၏။ စာအုပ်ထဲတွင်တော့ ကိုသောင်းဝေက ယခုတိုင် စိတ်နာနာနှင့် ဟိုမိန်းမကြီးဟု တင်စား သုံးနှုန်းထား၏။ ထိုဆရာမကြီးက ငြင်းမည်ဆိုကလည်း ငြင်းထိုက်၏။ သူ့စာအုပ် စာမျက်နှာ ၈၂-၈၃ တွင် သူ့ မွေးစားအမေဆုံး၍ ရေဦးသို့အပြန်၊ ရေဦးက ရည်းစားဟောင်းကို လက်ထပ်မလားဟု စင်ပြောသေး၏။ ထိုရည်းစားဟောင်းက မယူနိုင်သေးဟုဆိုတော့လည်း ကောက်ခါငင်ကာ အလည်သွားရင်း တွေ့လာသော ကရင်မလေးကို ယူခဲ့သည်။

ဟိုမိန်းမကြီးကြောင့်ပဲ စစ်ထဲဝင်ဝင်၊ ရည်းစားဟောင်းက လက်မထပ်နိုင်ဟု ဆိုသောကြောင့်ပဲ မိန်းမရရ၊ သူစစ်ထဲဝင်သည့် ကိစ္စသည် ရည်ရွယ်ချက် ကြီးကြီးမားမား မရှိဘဲ မခံချင်စိတ်ဖြင့် အလုပ်မယ်မယ်ရရ မရှိ၍ စစ်သားဖြစ်လာရသည်မှာ သေချာ၏။ သူသည် ၁၉၆၅ ခုနှစ်က တပ်မတော်ထဲသို့ ဝင်ခဲ့ခြင်းဖြစ်၏။ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်တွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိသော ကာလအတွင်းမှ မိမိဘဝအတွေ့အကြုံများကို ရေးသားထား၏။ ထိုအကြောင်းအရာများကို

www.burmeseclassic.com

www.burmeseclassic.com

လှိုု့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတွင် ဆက်၍ဆက်၍ ရေးသားနေဆဲဖြစ်ရာ သူ တပ်ဘက်မှ အရပ်ဘက်သို့ ပြောင်းသည်အထိ ဆက်ရေးမည်ဟု ခန့်မှန်း ရပေရာ သူရေးနေသော စစ်သားဘဝ အတွေ့အကြုံများသည် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ် ကာလလောက်အထိ ရှိနိုင်၏။

ထို့ကြောင့် သူ့စာအုပ်တွင် နှစ်ဆယ်ရာစု နှစ်လယ်မှ နှောင်းပိုင်း အထိ ရှည်လျားသော ကာလ၏ မြန်မာ့တပ်မတော် ရင်ဆိုင်ရသော ရန်သူများအကြောင်း၊ မြန်မာ့တပ်မတော်၏ ထိုစဉ် ကာလက စစ်ရေး၊ နိုင်ငံရေးရည်မှန်းချက်များ၊ မြန်မာ့တပ်မတော်မှ အသုံးပြုခဲ့သောလက်နက်၊ ခဲယမ်းနှင့်ယာဉ်၊ ရိက္ခာပစ္စည်းများ၊ တပ်ဖွဲ့စည်းမှုများ၊ ထိုကာလများ အတွင်း တပ်မတော်တွင် အမှုထမ်းခဲ့သော တပ်မတော်အရာရှိကြီးများနှင့် တိုက်ပွဲများအကြောင်း တစေ့တစောင်း ပါဝင်လေရာ သောင်းဝေဦး၏ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်သည် တကယ်တော့ မြန်မာ့ တပ်မတော်၏စစ်သမိုင်း တစ်စိတ်တစ်ဒေသဖြစ်နေသည်ကို တွေ့ရှိရပါ၏။

ထို့အပြင် ၁၉၆၅ ခုနှစ်မှ ၂၀၀၀ ပြည့် ဝန်းကျင်ကာလအထိ ရှည်လျားသော မြန်မာ့ တပ်မတော်စစ်သမိုင်းကို သမိုင်းဆိုင်ရာ မှတ်တမ်း များကဲ့သို့ မရေးဘဲ ဘဝအတွေ့အကြုံဖြစ်ရပ်များ ရောစပ်လျက် ရသ စာပေဟန်ဖြင့် တင်ပြထားမှုက ဤစာအုပ်၏အားသာမှုတစ်ရပ် ဖြစ်ပါ၏။ စာအုပ်ပါ တိုက်ပွဲများ၊ ဖြစ်ရပ်များ၊ မြန်မာ့တပ်မတော်၏ လျှပ်ရှားမှု များက အလွန်စိတ်ဝင်စားစရာကောင်းသဖြင့် စာအုပ်ကို လက်မှ မချနိုင်ဘဲ တစ်ဆက်တည်း ဖတ်မိ ရခြင်းဖြစ်၏။

စာအုပ်တွင် ကိုသောင်းဝေက ဗိုလ်သင်တန်းကျောင်းတက်ခဲ့ရပုံ များကို ရေးပြသည်။ သင်တန်းတက်ပြီးနောက် ကရင်ပြည်နယ်အစွန် ဖာပွန်မြို့လေးတွင် တာဝန်ကျသည်။ ကရင်ပြည်နယ်တွင် တာဝန်ထမ်း ဆောင်ရင်း ကရင်မလေးတစ်ယောက်နှင့်တွေ့ကာ အိမ်ထောင်ကျ သည်။ စစ်သားဘဝ အိမ်ထောင်ကျရာတွင် များများစားစား ရွေးချယ်နိုင်မှုမရှိဘဲ မိမိဘဝလုပ်ငန်း တာဝန်လမ်းကြောင်းပေါ်သို့ ရောက်လာသူကို မကောင်း သူထိပ်၊ ကောင်းသူထိပ် ဘဝကြင်ဖော်အဖြစ် ရွေးချယ်ရသည့် စစ်သား ဘဝမှာ ပေါ်လွင်နေ၏။

စာအုပ်၏အခန်းတစ်ခန်းတွင် သူ ကရင်ပြည်နယ်၌ရှိစဉ်က ရွှေ့ တန်းစခန်းတစ်ခု၌ တပ်သား မြှဟန် ကျဆုံးသွားသည်။ ဆုံးပါးသွားရှာ သော ရဲဘော်မြှဟန်သည် ရန်သူများက မိမိတပ်စခန်းအား ဝိုင်းထားသည် ကို သူ၏ဝိညာဉ်က တပ်အပေါ် သံယောဇဉ်တွယ်တာစွာဖြင့် စောင့် ရှောက်ပေးသည့်အကြောင်းကို ရေးထားသည်မှာ သနားစရာ၊ ရင်နင့်စရာ ကောင်းလွန်း၏။

ကရင်မလေးကို ဘဝကြင်ဖော်အဖြစ် ရွေးချယ်ခဲ့သော သူသည် ကရင်ပြည်နယ်တွင် ကာလကြာရှည်စွာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကရင် ပြည်နယ်အကြောင်းကို အပ်ကျတာက အစ၊ သိရှိ၍ မိမိကိုယ်မိမိ မွန် သူရဲကောင်းကြီး အဲမွန်ဒရာလို စိတ်ကြီးဝင်ကာ ဆောင်ရွက်မှုကို ဖတ်ရ တော့ သူ့အကြောင်းသိနေသော ကျွန်တော်က သူ့စာကိုဖတ်ရင်း သူ ဘာဆက်လုပ်တော့မည်ကို သိနေ၏။

**"စစ်သားဘဝ အမှတ်တရများ"** စာအုပ်တွင် ကေအင်န်ယူ အကြောင်းကိုလည်း ပြည့်ပြည့်စုံစုံ တွေ့ရသည်။ စောဘဦးကြီးမှအစ ဂျန်ကုန်အစိုးရ ဖြစ်လာသည်အထိ ဖတ်ရသည်။ ကေအင်န်ယူ ဖွဲ့စည်းပုံ၊ ကေအင်န်ယူ ခေါင်းဆောင်များအကြောင်းကိုလည်း သိရ၍ ကရင်ပြည် နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့မှ တိုက်ပွဲများ အကြောင်းက လည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ ကေအင်န်ယူတွင် တပ်မဟာ (၇)ခုရှိ၍ ကေအင်န်ယူ တပ်မှူးများဖြစ်သော ကျော်ဟိုး၊ မောင်ထွန်း၊ ဂျော်နီ ကျော်တုတ်၊ သာဆဲ၊ လှစိုး စသော သူပုန်ဗိုလ်များနှင့် သူထွက် ကိုယ်ဝင်၊ သူဆုတ် ကိုယ်လိုက်၊ သူကလိုက် ကိုယ်ကရှောင် စသည်ဖြင့် ပြေးကြ လိုက်ကြပုံ၊ စစ်ကစားကြပုံ၊ စစ်ရေးချူ မြူကြပုံ၊ ချောင်းကြ၊ မြောင်းကြ၊ ပစ်ကြ၊ ခတ်ကြပုံများက ဖတ်၍ ကောင်းလှသည်။ သောင်းဝေဦးသည် စာကို ရှင်းရှင်းရေးနိုင်သောကြောင့် ရှုပ်ထွေးသော စစ်ရေးစစ်ရာ စစ်ချီ စစ်တက်ကိစ္စများကို နှစ်ကြိမ်ပြန်မဖတ်ရဘဲ သဘောပေါက်နားလည် အောင် ရေးနိုင်ခြင်းသည် ဤစာအုပ်၏ကောင်းခြင်း တစ်ရပ် ဖြစ်သည်။ သူ့စာအုပ်ကို ဖတ်ရင်း၊ သူစာအရေးအသား ရှင်းလင်းမှုကို ကျွန်တော် အံ့ကျူးရ၏။ အရေးရှင်းခြင်းသည် အတွေးရှင်းခြင်းကြောင့် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုသောင်းဝေသည် စစ်တိုက်တတ်သလို စာရေးတတ်သူ တစ်ယောက်ဖြစ်ကြောင်း ဤစာအုပ်ကိုဖတ်ပြီး ကျွန်တော်သဘောပေါက်မိ၏။ သူ့စာအုပ်၌ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတစ်ခွင် တို့တွင် ပြည်ပြေးတို့နှင့် ရင်ဆိုင်ရသော တိုက်ပွဲများအကြောင်းကိုလည်း ဖတ်ရ၏။

ဤစာအုပ်ကို ကျွန်တော်က မြန်မာ့တပ်မတော်၏စစ်သမိုင်းဟု တင်စားခဲ့သော်လည်း တကယ့်သမိုင်းစာအုပ်ကြီးလို လေးပင်မှုမရှိပါ။

ဂျော်နီနှင့် ကျော်တုတုတို့ကို ရင်ဆိုင်ရာတွင် စာဖတ်သူအဖို့ ပွဲကြီးပွဲကောင်းတစ်ခုတော့ တွေ့ရပြီဟု ထင်မှတ်ရ၏။ မထင်မှတ်ဘဲ ဘယ်မှာနေပါမည်နည်း။ ရှာလူကြီး၏စကားကိုပင် ပယ်ရှားကာ ခံစစ်ကျင်းများ တူး၏။ တစ်ဘက်ရန်သူက အင်အား လေးငါးရာရှိ၍ လက်နက်ကြီးတွေ ပါသည်။ ရန်သူက မိမိတို့အား မှုန့်မှုန့်ညက်ညက်ကျေအောင် တိုက်တော့မည်မှာ အမှန်ဖြစ်၏။ မိမိအင်အားက ရန်သူ့လက်တစ်ဆုပ်စာမျှသာရှိရာ ရန်သူအားလှည့်စား၍ သံလွင်မြစ်တစ်ဘက်ကမ်းသို့ ကူးလာခဲ့ပုံကိုဖတ်ရတော့ ကိုယ့်လူတော့ လုပ်ပြီဟုဆိုကာ ပြုံးရသေး၏။

**"စစ်သားဘဝ အမှတ်တရများ"** စာအုပ်တွင် အရှေ့မြောက်စစ်ဒေသတစ်ဝိုက် ဗကပတို့၏ လူလှိုင်း စစ်ဆင်ရေးကိုလည်း အမှတ်တရဖတ်ရ၏။ ဗကပတို့နှင့် ရင်ဆိုင်တိုက်ခဲ့ရသော တိုက်ပွဲကြီးများအကြောင်းကို ဖတ်ရ၍ "နောင်လိုင်စခန်း မြန်မြန်ကျသွားတာဟာ ခံစစ်မကောင်းလို့ ကျသွားတဲ့ တပ်ခွဲမှူးမတိုင်မီက နောက်ဆုံးနေသွားတဲ့ အရာရှိမှာ တာဝန်ရှိတယ်" ဟုဆိုကာ ရုံးတင်ခံရသော ကိစ္စများကလည်း စစ်ရေးစစ်ရာတွင် စိတ်ဝင်စားစရာ ဖြစ်၏။ လွယ်မော် ဒုတိယခေါင်းဆောင် ဝမ်ထင်ကျူးကို လိုက်သည့်အကြောင်းများ၊ သံလွင်မြစ် အရှေ့ဘက်ကမ်းကို ထိုးဖောက်ခြင်းတို့ကလည်း စိတ်ဝင်စားစရာ ဖြစ်သည်။

ဤစာအုပ်ကို ရေးသားရာတွင် မိမိ အသာရသော တိုက်ပွဲများချည်း မဟုတ်ဘဲ မိမိ အရှုံးရ၊ အထိနာ၊ အငိုက်မိသော တိုက်ပွဲများကိုလည်း ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထား၏။ တစ်ခါတစ်ရံ ခက်ခက်ခဲခဲတိုက်ရသော တိုက်ပွဲများအကြား ဟာသနှော၍ လုပ်ဆောင်သွားမှုများကလည်း ပြုံးစရာဖြစ်သည်။

**"စစ်သားဘဝ အမှတ်တရများ"** စာအုပ်သည် လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်းတွင် အခန်းဆက် ဖော်ပြခဲ့သည်များကို လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်ရာ ကျန်အပိုင်းများကို ဒုတိယပိုင်း၊ တတိယပိုင်းအဖြစ် ဆက်လက်ထုတ်ဝေသွားမည့် လက္ခဏာ ရှိ၏။ ကျွန်တော်တို့သည် မြန်မာ့တပ်မတော်၏ စစ်သားဘဝ အတွေ့အကြုံများကို ဤစာအုပ်မှ အတော်အတန် သိခွင့်ရခဲ့သည်။ ဤစာအုပ်ပါ အကြောင်းအရာများသည် စာပေအသိုင်းအဝိုင်းမျှသာမက ပြည်သူလူထုနှင့် တပ်မတော်သားများပါ သိသင့်သော အကြောင်းအရာများ ဖြစ်ပါ၏။

ဤစာအုပ်မျိုးရေးသားဖြစ်ဖို့က အတော်အတန် ခဲယဉ်းသည်ဟု ဆိုနိုင်၏။ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်မျိုးကို ရေးသားရန်အတွက် စစ်ရေးအတွေ့အကြုံ ရှိသော်လည်း စာရေးတတ်ဦးမှ၊ စာရေးတတ်သော်လည်း စစ်ရေးအတွေ့အကြုံရှိဦးမှ ဖြစ်ရာ ကျွန်တော့်အတွက်ကတော့ ကိုသောင်းဝေသည် ဤစာအုပ်တွေကို ရေးသားရန်အတွက် စစ်ထဲသို့ ဝင်သွားခြင်းများလားဟုပင် တွေးထင်စရာ ဖြစ်ခဲ့ရပါ၏။

ဤစာအုပ်သည် မျက်မှောက်ကာလ၌ ရှားရှားပါးပါးထွက်ပေါ်လာသော စစ်ရေးဆိုင်ရာ မှတ်တမ်းစာအုပ် ဖြစ်၏။ ထို့ကြောင့် သောင်းဝေဦးအနေဖြင့် ကျန်အပိုင်းများကို ဆက်ရေးရာတွင် ယခုထက်ပိုမိုအသေးစိတ်၍ ဂရုတစိုက် ရေးသားနိုင်ပါက ပို၍ ဖတ်ချင်စရာကောင်းမည်ဟု ယူဆပါ၏။ ကိုသောင်းဝေသည် သေးသေးကွေးကွေးပေါင်ကိုးဆယ်မျှလောက်သာ ကိုယ်အလေးချိန်ရှိသော်လည်း မလျှော့သောဇွဲလုံ့လ၊ မဆုတ်မနစ်သော သတ္တိတို့ကို အရင်းတည်၍ ကြိုးစားခဲ့ရာ မူလတန်း ကျောင်းဆရာဘဝမှ ဗိုလ်မှူးကြီးအဆင့်ထိ ရောက်လာခြင်းသည် "လူ့ဘဝ၊ လူအဖြစ်တွင် မိမိ ဘာဖြစ်ချင်သလဲ၊ ဖြစ်ချင်ရာ ဖြစ်စေဖို့အတွက် လူ့ဘဝသို့ရောက်လာတာ" ဟူသော သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီ၏ ဘဝဆိုင်ရာ အတွေးအခေါ်မှန်ကြောင်းကို ကျောင်းဆရာမောင်သောင်းဝေက သက်သေ ထူလိုက်ခြင်းလည်း ဖြစ်၏။

ရည်းစားပူမီလို့ပဲ တပ်ထဲဝင်ဝင်၊ အိမ်ပြေးဘဝဖြင့်ပင် တပ်ထဲရောက်ရောက်၊ တပ်ထဲသို့ ရောက်ပါက "တစ်လုံးတစ်စည်းတည်းသော

www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝမ်း၊ တစ်ကြောင်းတည်းသော ဦးတည်ချက်တို့ဖြင့် အမိနိုင်ငံအတွက် တပ်မတော်သားတိုင်း သက်စွန့်ဆံဖျား ရင်မြေကတုတ်လုပ်ဆောင်ကြသည်"ဟူသောအချက်သည် **"စစ်သားဘဝ အမှတ်တရ"** စာအုပ်တွင် ပေါ်လွင်မှု ရှိလှပါသည်။

ဤစာအုပ်ကို ကျွန်တော် ဆက်၍ချီးမွမ်းပါက သူငယ်ချင်းမို့ဆက်၍ ချီးမွမ်းသည်ဟု ထင်စရာရှိပါ၏။ ဖတ်စရာရှားချိန်တွင် သောင်းဝေဦး၏ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်ကို ဖတ်ကြည့်၊ မြည်းကြည့်ပါဟုသာ ဆိုချင်ပါ၏။

ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီး စာရေးဆရာ ကိုသောင်းဝေဦးစာများ စဉ်ဆက်မပြတ် ဆက်လက် ရေးသားနိုင်ပါစေဟု ဆန္ဒပြုလျက်သောင်းဝေဦး၏ **"စစ်သားဘဝ အမှတ်တရများ"** စာအုပ်သည် စစ်ဗိုလ်စစ်သားတစ်ယောက်၏ သာမန် ဘဝအတွေ့အကြုံ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်တစ်အုပ် မဟုတ်ဘဲ ရသလွှမ်းသော မြန်မာ စစ်သမိုင်းဆိုင်ရာမှတ်တမ်းတစ်စောင်သာ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

(ချစ်စံဝင်း)
၂၉-၉-၂၀၀၁



## အခန်း(၁)
## သနက(၁)တွင် နေခဲ့ရစဉ်က

**ကျိုင်းတုံမှ မကွေးသို့**

အချိန်ကား ၁၉၈၂ ခုနှစ်၊ ဇွန်လကုန်ဖြစ်၏။

ကျိုင်းတုံတွင် မိုးဖြိုင်ဖြိုင် ရွာနေပါသည်။ ကျွန်တော်တို့ သနက(၁)တပ်ရင်းတစ်ရင်းလုံး အုန်းအုန်းကျွက်ကျွက်ဖြင့် စစ်ဆင်ရေးဌာနချုပ်တည်ရှိရာ မကွေးသို့ပြန်ဆင်းရန် ပြင်ဆင်နေကြ၏။ အဆင်းမို့ အတက်ထက် ပိုပျော်နေကြသည်။ မစားရက် မသောက်ရက် စုဆောင်းထားသည့်ငွေကလေးများဖြင့် ဇနီးမယားနှင့် သမီးသားများအတွက် ရဲဘော်အများကကျိုင်းတုံတွင် ပစ္စည်းများ တိုးဝေ့ဝယ်ယူနေကြ၏။ ဝယ်ပြီးသမျှကိုလည်းကားများပေါ်တွင် ထိုးကြိတ်တင်နေကြ၏။ ကျွန်တော်က ယာဉ်တန်းကြီးတစ်ခုလုံးတွင် နောက်ဆုံးမှ ပိတ်လိုက်ရမည့်သူဖြစ်၍ အဆင်း အတွေ့အကြုံကလည်း မရှိသေးသဖြင့် စိုးရိမ်နေ၏။

" ဟော့ ဟော့၊ တို့တပ်ခွဲက ကားတွေပေါ်မှာတော့ ပစ္စည်းတွေသိပ်မတင်ပါနဲ့ကွာ၊ ကြည့်မကောင်း ရှုမကောင်းနဲ့ ပြောစရာဖြစ်နေပါမယ် "

ထိုင်းနိုင်ငံမှလာသည့် ပစ္စည်းမျိုးစုံ အကြိုတင်မည့်အဖွဲ့များအားကျွန်တော်က တားမိပါသည်။ မတားလို့လည်း မဖြစ်၊ ဤကိစ္စကြောင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးယူခံရသည်များကို မကြာခဏ ကြားသိနေ၏။ ထို့ကြောင့် တားရပါတော့သည်။ မည်သို့ပင်ဆိုစေကာမူ အဆင်းယာဉ်တန်းကြီးကား ကားအစီးပေါင်းရာကျော်ဖြင့် လူသံသူသံ၊ ကက်ဆက်သံ၊ ကားဟွန်းသံတညံညံဖြင့် တပ်မအလံ၊ နိုင်ငံတော်အလံ တစ်လူလူလွင့်ထူလျက် ပျော်စရာ ကောင်းလှပါသည်။ ထို့ကြောင့် အဆိုတော်ကြီး ပြည်လှဖေ၏

"တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့
ရဲတံခွန်တွေ လေကစား ကြွားတလူလူဝေ
ဩော် တပ်ဦးဆီမျှော်လိုက်ပြန်တော့
တံခွန်တွေ အလံတွေ ရဲမာန်ပွါးလောက်ပေ" ဆိုသော

သီချင်းကလေးကို ပြေး၍ သတိရမိပါသည်။

ယခု စစ်ဆင်ရေးအပတ်တွင် ရှေ့တန်းသို့ ဒုတပ်ရင်းမှူး မလိုက်လာနိုင်ပါ။ ပထမ ဒုတပ်ရင်းမှူးမှာ ဗိုလ်မှူးအောင်သိန်း (ယခု ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒု-ဝန်ကြီး၊ ပြန်ကြားရေး ဝန်ကြီးဌာန) ဖြစ်ပါသည်။ သူက ကျွန်တော် သနက(၁)ရောက်စဉ်တွင် လက်နက်ကြီးမှန်ထား၍ တပ်တွင်နားနေရ၏။ မင်္ဂလာဒုံစစ်ဆေးရုံသို့ မကြာခဏဆေးစစ်သွားနေရသည်။ ယခုအခေါက် ကျွန်တော်ရှေ့တန်း၌ ရှိနေစဉ် တပ်ရင်းမှူးတာဝန်ဖြင့် အခြားတစ်သို့ ပြောင်းသွားရ၏။ ဒုတပ်ရင်းမှူးအသစ်မှာ ဗိုလ်မှူးစိန်လင်း (ယခု အငြိမ်းစား၊ ဗိုလ်မှူးစိန်လင်း၊ ကုန်သွယ်ရေးဝန်ကြီးဌာန) ဖြစ်၏။ သူကလည်း ကေအင်န်ယူများဖြင့် အရှေ့တောင်တိုင်းဘက်တွင် ပွဲကြီးပွဲကောင်းများနွှဲခဲ့ရာ ဒူးတွင်ဒဏ်ရာရ၍ ဆေးရုံတက်နေရဆဲ ဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်အရင် ရောက်နေသည့် ဗိုလ်မှူးသိန်းကြည်က စစ်ကြောင်း(၂)မှူး ခေတ္တ လုပ်ရပါသည်။

တပ် ပြန်ဆင်းသည့်နေ့က မိုးကလေးတဖျောက်ဖျောက်ရွာနေ၏။ ကျိုင်းတုံမိုးက သဲကြီးမဲကြီးတော့ မဟုတ်၊ စိုစိုစွတ်စွတ်ကလေးဖြစ်ရုံသာပင်။ ထိုနေ့က တပ်ရင်းမှူးကြီးက ကျွန်တော့်ကို အောက်ပါအတိုင်းခေါ်ပြောသည်။

"ဗိုလ်ကြီးသက်ဦး၊ ခင်ဗျားက ယာဉ်တန်းဆင်းတဲ့ အတွေ့အကြုံမရှိသေးတော့ နောက်ဆုံးကပဲ ပိတ်လိုက်ခဲ့ပေါ့ဗျာ၊ ပြတ်ကျန်ခဲ့တဲ့ကားတွေအားလုံး သိမ်းခေါ်ခဲ့ပါ၊ ပွိုင့်ကတော့ ဗိုလ်မှူးသိန်းကြည်နဲ့ စစ်ကြောင်း(၂)က ခွဲ(၂)နဲ့ ခွဲ(၃)သွားပါလိမ့်မယ်၊ စစ်ကြောင်း(၁)မှာတော့ ခွဲ(၁)၊(၄)၊(၅)ပေါ့ဗျာ၊ ဒီတစ်ခေါက် ဆင်းတဲ့အတွေ့အကြုံ ရှိသွားရင်တော့ ဗိုလ်ကြီးသက်ဦးလဲ ကျိုင်းတုံ၊ မကွေး အတက်အဆင်းတွေကို သိသွားမှာပေါ့"



မနက်(၉)နာရီတွင် ကားတန်းကြီး စထွက်၏။ ဘယ်သူရှေ၊ ဘယ်ဝါရှေဖြင့် ခေါ်ကြ၊ အော်ကြ၊ စစ်ကြ၊ ဆေးကြဖြင့် ကျွန်တော့်နောက်ဆုံးတပ်ခွဲ ကျိုင်းတုံက ထွက်တော့ မနက်(၁၀)နာရီကျော်ပါပြီ။ မိုးတွင်းမို့လမ်းက သိပ်မကောင်းလှ။ ကျိုင်းတုံအနောက်ဘက် ဖာယန်းကြောအားတဖြည်းဖြည်းတက်ရသည်။ မိုင် (၂၀)ခန့်ဝေးသည့် တုံတာသို့ ညနေမှရောက်၏။ တုံတာသည်ကား ကျိုင်းတုံနှင့် မိုင်းပြင်းကြားရှိ ရှမ်းရွာကြီးတစ်ရွာဖြစ်ပါသည်။ ထိုမှ ဆက်ထွက်ရာ ည(၇)နာရီလောက်မှ မိုင်းပြင်းသို့ရောက်၏။ မိုင်းပြင်း၌ မြို့အရှေ့ဘက်ရှိ Convoy ကွင်းတွင် ညအိပ်ကြ၏။ Convoy ကွင်းကား ကားအစီးပေါင်းရာကျော်ဖြင့် ဖယောင်းတိုင်မီး၊ ဘက်ထရီမီးကလေးများဖြင့် စည်ကား သိုက်မြိုက်နေသည်။ ဗိုလ်ကြီးဇော်ဌေးနှင့် ဗိုလ်ကြီးဌေးလွင်တို့က ထိုညက ကျွန်တော့်အား လာခေါ်၏။

"အစ်ကိုကြီး၊ ထမင်းစားပြီးပြီလား"

"ဟ အခုမှပဲ ရောက်တာ၊ ဘယ်စားရဦးမလဲကွာ"

"ဟာ ဒါဆိုရင် အတော်ပဲ၊ ဆောင်လောက်ကို သွားကြမယ်၊ ဗိုလ်စိုးညွန့်နဲ့ ဗိုလ်မြတ်သာလဲ ခေါ်ထားတယ်"

"ဘာလဲကွ၊ ဆောင်လောက်ဆိုတာ"

"ဆောင်လောက်ဆိုတာကတော့ အစ်ကိုကြီးရာ ရှမ်းစကားပေါ့။ ဆောင်ဆိုတာက အပျို၊ လောက်ဆိုတာက အရက်၊ အပျိုရောင်းတဲ့အရက်ဆိုင်ပေါ့ အစ်ကိုကြီးရဲ့"

"ဩော် ဒါကိုး"

ကျွန်တော်ကလည်း ကြာကြာ မခေါ်ရပါ။ ဒီလို အတွေ့အကြုံအသစ်များ ရှာနေသူဖြစ်၏။

"ပြောနေတာ ကြာတယ်၊ ဒါဆို သွားကြစို့"

Convoy ကွင်းအနီး ဈေးတန်းလေးသို့ ထွက်ခဲ့ပါသည်။ လူသူကင်းရှင်းပြီး သန့်ပြန့်သည့် ဆိုင်ကလေးတစ်ဆိုင်သို့ ဝင်ထိုင်ကြ၏။ ကျောမော့ရုပ်ချော တိုင်းရင်းသူမိန်းမကလေးတစ်ဦးက ယမကာမျိုးစုံ၊

www.burmeseclassic.com

www.burmeseclassic.com

စားသောက်ဖွယ်မျိုးစုံကို တစ်ဦးတည်း ထိုင်ရောင်းနေ၏။ ဖြူဖွေးသော အသား်အရည်၊ နက်မှောင်သော မျက်ခုံး၊ လှပသော နှုတ်ခမ်း၊ ဝိုင်းစက်သော မျက်နှာဖြင့် ချစ်စရာ အလွန်ကောင်းပါသည်။ အသံကလေးကလည်း သာယာ၏။

" မား ပီအိုက် မား၊ ကျင် နမ့်ယာ ဟား "

" ဟော့ ကိုဌေးလွင်၊ ဘာတွေ ပြောနေတာလဲကွ "

" ဩော် အစ်ကိုကြီးက အခါတောထဲကလာတော့ ရှမ်းစကားမေ့နေပြီထင်တယ်၊ သူ့ဆိုင်ကို အားပေးဖို့ ခေါ်တာပါ အစ်ကိုကြီး "

မီးရောင်စုံ၏ အလင်းရောင်အောက်တွင် အသက်နှစ်ဆယ်ခန့် တိုင်းရင်းသူလေးမှာ ညမို့လား မသိ၊ ထင်တာထက် ပိုလှနေ၏။ ထမင်းကလည်း ဆာနေပါပြီ။

" ကဲ သူက မားဆိုတော့လဲ ထိုင်ကြတာပေါ့ကွာ၊ ဆာပြီဟော့၊ ရတာတွေ စားကြတာပေါ့ "

ဆောင်လောက် ဆိုင်ကလေးများမှာ မိန်းမပျိုကလေးများသာ ရောင်းလေ့ရှိသည်ဟု ဆို၏။ ကွင်းတစ်ခုလုံးတွင် တော်တော်များများရှိပါသည်။ ဆိုင်တိုင်းတွင် ကျွန်တော်တို့ လုစစ်များ(လုံး ကလေး/ စစ်စစ်/ ဇစ်၏ကလေး (ဝါ) စစ်သား)နှင့် ကားသမားများ ကြိတ်ကြိတ်တိုးအားပေးလျက် ရှိကြပါသည်။ ကျွန်တော်တို့ အရာရှိ လေးငါးဦးလည်း ထိုနေ့ညက ထိုဆောင်လောက် ဆိုင်ကလေးတွင် ဟိုဟာမှာစားလိုက်၊ ဒီဟာမှာစားလိုက်၊ နောက်လိုက် ပြောင်လိုက်၊ ရယ်လိုက် မောလိုက်ဖြင့် ပါလာသည့် ငွေကလေး လေးငါးရာတက်တက်ပြောင်မှ ပြန်လာခဲ့ကြပါသည်။ ပြန်လာတော့ မိုးတဖျောက်ဖျောက်ရွာနေသည်ကိုပင် ကောင်းစွာမမှုတော့ပါ၊ ရဲဘော်များထိုးပေးထားသည့် ပလပ်စတစ်တဲကလေးအတွင်းသို့ တိုးဝင်၍ ဘူမိကမ္ဗလာ မြေမွေ့ရာပေါ်တွင် လဲလျောင်းအိပ်စက်လိုက်ပါတော့သည်။ အောက်ကမြေကြီးက မညီမညာ၊ ခိုးလိုးခုလု မိုးရေစိုစွတ်စွတ်နှင့် အရသာတတော့ သိပ်မရှိလှ။ မရှိလည်း အိပ်တော့အိပ်လိုက်ရပါသည်။ စစ်သားတွေရဲ့ ဘဝဟာ ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး၊ ဘူးကိုမွေ့ရာဆိုတော့ ဒီလိုပါပဲခင်ဗျာ။

နောက်နေ့တွင် မိုင်းပြင်းမှ ခပ်စောစော ထွက်ဖြစ်၏။ သို့ရာတွင် မိုင်းပြင်းနှင့် တာကော်ကြားတွင် တောင်များပြိုနေသည်။ ကားတန်းမှာ



ပထမနေ့ကလောက်ပင် မမြန်တော့။ ဘာမှမဝေးသည့် တာကော်ကို ညနေမှ ရောက်၏။ တာကော်တွင် သံလွင်မြစ်ကို ဖြတ်ထားသည့် တံတားကြီးရှိ၏။ ထိုမှ နောက်ထပ်တံတားတစ်ခုရှိသော ကွန်ဟိန်းသို့ ဆက်ထွက်သည်။ ကျွန်တော့်တပ်ခွဲက နောက်ကျကျန်နေသော ကားများကို သိမ်းခေါ်နေရသဖြင့် ကွန်ဟိန်းရောက်တော့ အတော်မှောင်နေပါပြီ၊ စစ်ကြောင်း(၁)က နမ့်ဆန်ရောက်နေသည်ဟု ဆို၏။ ကျွန်တော့်တပ်ခွဲ တစ်ခွဲတည်း ကွန်ဟိန်းတွင် အခြေပြုကျန်ခဲ့၏။ ကွန်ဟိန်းတွင် နမ့်ပန်ချောင်းကို ဖြတ်၍ တည်ဆောက်ထားသော တံတားကြီး ရှိပြန်၏။ ထိုညက တံတားနှင့်မနီးမဝေး နမ့်ပန်ချောင်းဘေးက ယာဥ်ရပ်နားကွင်းတွင် တပ်ခွဲကို ညအိပ်ရပ်နားခဲ့ပါသည်။ မိုးတွင်းမို့ မိုးက တဖျောက်ဖျောက် ရွာနေ၏။ အတူပါလာသည့် ကျွန်တော့်တပ်စုမှူး ဗိုလ်ခင်မောင်လင်းက ကျွန်တော် Convoy ကွင်းထဲတွင် အိပ်ရန် ပြင်နေသည်ကို မြင်သဖြင့်

" တပ်ခွဲမှူး၊ ဒီညတော့ ကွင်းထဲမှာ မအိပ်ပါနဲ့တော့၊ မိုင်းပြင်းတုန်းကတော့ တပ်ခွဲတွေ များနေလို့၊ ဒီမှာတော့ ကျွန်တော်တို့ တပ်ခွဲတစ်ခွဲပဲ ရှိပါတယ်၊ သင့်တော်တဲ့ အိမ်တစ်လုံးလုံးမှာ ရွှေ့အိပ်ပါ "

ဟု ဆိုကာ Convoy ကွင်းဘေးက အိမ်သန့်သန့်တစ်လုံးကို တည်းခိုရန် ရွေးပေးသဖြင့် အမိုး အကာအောက်တွင် ညအိပ်ခဲ့ရပါ၏။ အိမ်ရှင်မှာ အစိုးရအမှုထမ်းဖြစ်ပြီး ဒေသခံ ရှမ်းတိုင်းရင်းသားဖြစ်၏။ သဘောအတော်ကောင်းပါသည်။ ကွန်ဟိန်းမှထွက်တော့ လမ်း ပိုကောင်းလာ၏။ ကတ္တရာလမ်းဖြစ်သည်။ ကွန်ဟိန်းမှ စောစောထထွက်ဖြစ်သည်။ ကျွန်တော်တို့ နောက်ဆုံး ယာဥ်အုပ်စုမှာ ယာဥ်ဆယ်စီးကျော်ပါ၏။ အများဆုံးမှာ R.T.C ကားများသာ ဖြစ်ပါသည်။

"တပ်ခွဲမှူး ကွန်ဟိန်းနဲ့ခိုလမ်ကြားမှာ လမ်းလုံခြုံရေးမရှိဘူးနော်"

ဗိုလ်ခင်မောင်လင်းက သတိပေးသည်။ ထို့ကြောင့် ထိုနေ့က ပွိုင့်သွားသည့် ဗိုလ်တင်စိုး တပ်စုအား အသေအချာ မှာရ၏။

" ကိုယ့်လူတို့၊ ကွန်ဟိန်းနဲ့ ခိုလမ်ကြားက နာမည်ကြီးနော်၊ ကိုယ့်လူတို့ ပိုသိပါတယ်၊ သတိဝီရိယနဲ့ သွားကြ "

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်တင်စိုးမှာ မနေ့တစ်နေ့ကမှ ကျောင်းဆင်းလာသည့် အရာရှိငယ် ဖြစ်ရုံသာမက ခပ်အေးအေးနေတတ်သဖြင့် သူ့တပ်စုတွင် တိုက်ရည်ခိုက်ရည်ရှိသော တပ်ကြပ်ကြီးမြတ်ကျော်၊ တပ်ကြပ်ရွှေအေး၊ ဒုတပ်ကြပ် သူရဖုန်းနိုင် စသူတို့အား အားဖြည့်ထားရ၏။

" စိတ်ချပါ တပ်ခွဲမှူး၊ ကျွန်တော်တို့ ဂရုစိုက်ပြီး လုပ်ပါ့မယ် "

တပ်စု တပ်ကြပ်ကြီးဖြစ်သူ တပ်ကြပ်ကြီးမြတ်ကျော်က အာမခံ၏။ တပ်ကြပ်ကြီးမြတ်ကျော်ကား ဘားအံဘက်မှ တိုင်းရင်းသား ကရင်အမျိုးသားဖြစ်၍ သတ္တိအလွန်ကောင်းသူ ဖြစ်သည်။ အလားတူပင် တပ်ကြပ်ရွှေအေးက ရခိုင်အမျိုးသား၊ သနက(၁)တွင် အပွဲပွဲ နွှဲလာသူ ဖြစ်၏။ ဒုတပ်ကြပ် သူရဖုန်းနိုင်ကတော့ ရှားရှားပါးပါး ဟိန္ဒူ၊ မြန်မာကပြားဖြစ်ပြီး မင်းရန်အောင်စစ်ဆင်ရေးက နှာမည်ကျော် ရောင်ခေါက်-ပန်မကောက်တိုက်ပွဲကြီးတွင် သူရဘွဲ့ ရလာသူဖြစ်သည်။ ထို့ကြောင့် အားလုံးမှာ အားကိုးရသူများ ဖြစ်ကြ၏။ ထို့ပြင် သူတို့အားလုံး လူပျိုများလည်း ဖြစ်ကြ၏။ ကွန်ဟိန်းမှထွက်တော့ ပါလာသည့် R.T.C ကားများက ဖောက်နေသဖြင့် အတော် စောင့်ခေါ်ရပါသည်။

ထို့ကြောင့် ကျွန်တော်၏တပ်ခွဲရုံးကားနှင့် ရှေ့က ဗိုလ်တင်စိုးတပ်စုမှ ကားများအဆက်ပြတ်သွား၏။ကျွန်တော့်ကားက တတိယ နောက်ဆုံး၊ ကျွန်တော်၏နောက်တွင် Brake Down နှင့် ဗိုလ်ခင်မောင်လင်းကားလိုက်ပါလာ၏။

မျှော်လင့်ထားသည့် အတိုင်းပါပေ။ မိုင်းနောင်လမ်းခွဲသို့ ပွိုင့်ကားများရောက်ချိန်တွင်

" ဒိုင်း ဒိုင်း၊ ပတောက် ပတောက်၊ ဖောင်း ဖောင်း "ဟူသော လက်နက်ငယ်သံများ ကြားရ၏။ ထို့နောက် " ဖောင်း၊ ဂျိမ်း၊ ဝုန်း"ဟု မြည်သည့် အမ်-၇၉ သံလိုလို၊ အာပီဂျီသံလိုလို ကြားရပြန်သည်။

" စက်ဖွင့်ဟ၊ စက်ဖွင့်၊ မေးပါဦး၊ ဘာဖြစ်တာလဲ "

ကျွန်တော်က ခွဲရုံးစက်သမား ဒုတပ်ကြပ် ဘဇံကြီးအား ပြောရသည်။

"လမ်းဖြတ်တဲ့ ရန်သူတစ်ဖွဲ့နဲ့ ပစ်ခတ်မှုဖြစ်တယ် ပြောပါတယ် "

" ဘာဖြစ်သေးလဲ၊ မေးပါဦး : "



" လောလောဆယ်တော့ ဘာမှ မဖြစ်ပါဘူး၊ ဆရာကြီးမြတ်ကျော်နဲ့ အဖွဲ့ လိုက်ရှင်းနေတယ် ပြောပါတယ် "

" မလိုက်စေနဲ့၊ မလိုက်နဲ့လို့ ပြော၊ တို့ကားလဲ ကျော်တက်ကွာ၊ အခြေအနေသိရအောင် "

ဗိုလ်ခင်မောင်လင်းအား နောက်ဆုံးကားများကို စောင့်ခေါ်စေပြီး သိပ်မဝေးလှသည့် မိုင်းနောင်လမ်းခွဲသို့ ကျော်တက်ခဲ့ပါသည်။ ဆယ်မိနစ်ခန့် မောင်းလိုက်မှ တိုက်ပွဲဖြစ်သည့် နေရာရောက်၏။ လမ်းခွဲအလွန် ပလောင်ရွာပျက်ကလေးအနီးတွင် ဖြစ်သည်။ ကားတန်းတွေ ကုန်ပြီ ထင်၍ လမ်းဖြတ်ကူးတာလား၊ ဆက်ကြေးကောက်တာလားတော့ မသိ။ ဗကပယူနီဖောင်းဝတ် ရန်သူ လေးငါးယောက်ခန့်အား ရုတ်ခြည်းတွေ့လိုက်ရပြီး "ဝုန်း ဝုန်း"ဆိုသည်မှာ ၄င်းတို့က အာပီဂျီဖြင့် ပစ်ပြေးသွားခြင်းဖြစ်သည် ဆို၏။

အာပီဂျီတစ်လုံးက ကားတန်းကို ကျော်ကျပြီး တစ်လုံးကတော့ ဗိုလ်တင်စိုးတပ်စု စီးလာသည့် ကားခေါင်းရှေ့ ညာဘက်ဘီးဖုံးကို လာမှန်သည်။ အစအနကလေးများကသေးသဖြင့် ကားတော့ သိပ်ပြီး ပျက်စီးသွားခြင်း မရှိ။ အနည်းငယ်မျှသာ ထိခိုက်သွား၏။ အာပီဂျီဖြင့် အပစ်ခံရ၍ ဆရာကြီးမြတ်ကျော်က မကျေနပ်ဘဲ သဲ့သဲ့မဲမဲ လိုက်နေပုံရ၏။ လိုက်တာက အရေးမကြီး၊ ခြုံခိုအတိုက်ခံရပါက ခက်ချေမည်။ တပ်ပြန်အဆင်းမှာ အကျအဆုံးရှိသွားလျှင် မျက်နှာပျက်စရာဖြစ်မည်။ ထို့ကြောင့် စွတ်မလိုက်ရန် တားလိုက်ခြင်း ဖြစ်၏။ ဗိုလ်တင်စိုးက အတွေ့အကြုံမရှိသေးတော့ ရန်သူအခြေအနေကို သိပ် မသုံးသပ်တတ်သေး၊ ရန်သူ့အထာ မသိသေး။

" ဟဲ ဗိုလ်တင်စိုး၊ မင်းလူတွေ ပြန်စု၊ သွားရအောင်၊ သိပ်ကြာနေရင် တပ်ရင်းမှူးကြီး စိတ်ပူနေအုံးမယ် "

ဗိုလ်တင်စိုးမှ ဆရာကြီးမြတ်ကျော်တို့အား တပ်စိတ်တစ်စိတ်ဖြင့် လိုက်အခေါ်ခိုင်းလိုက်ရာ မကြာခင် ပြန်ရောက်လာ၏။ ရောက်လျှင် ရောက်ချင်းပင်

" တပ်ခွဲမှူး၊ ဒီကောင်တွေက ဒီနားမှာ လုပ်စားနေကြတဲ့ကောင်တွေ၊ ဟိုတလောက ချင်း(၁)က ဗိုလ်ကြီးနေဝင်းလဲ ဒီလို အာပီဂျီ အပစ်

www.burmeseclassic.com

www.burmeseclassic.com



ခံရလို့ အစ်မှန်ပြီး ကျသွားတာ၊ ဒီနားတစ်ဝိုက်ပဲ၊ အခု ကျွန်တော်တို့က သတိထားလာလို့ သက်သာသွားတာ၊ အဲလိုမဟုတ်ရင် ခံရမယ် ”

ဆရာကြီးမြတ်ကျော်က ရှင်းပြနေ၏။

“ ကဲ သွားရအောင်၊ ဘာမှ မဖြစ်ရင်လဲ ပြီးတာပါပဲ၊ ဘာမှ မရရင် နေပါစေ၊ တပ် အဆင်းမှာ ထိတာ ခိုက်တာ မဖြစ်ချင်ဘူး ”

အားလုံးစစ်ဆေးပြီး စစ်ကြောင်း(၁)သို့ သတင်းပို့ကာ ထို နေရာမှ ထွက်ခဲ့၏။ ဆရာကြီး မြတ်ကျော်ပြောသည့် ဗိုလ်ကြီးနေဝင်းမှာ တိုက်ခိုက်ရေးကျောင်း၊ ခြေလျင်ဌာနခွဲတွင် ကျွန်တော်နှင့်အတူ နည်းပြ လုပ်ခဲ့သည့် စစ်တက္ကသိုလ်အပတ်စဉ်(၉)မှ ဖြစ်ပါသည်။ တိုက်ခိုက်ရေး ကျောင်းမှ ချင်း(၁)သို့ တပ်ခွဲမှူး ဗိုလ်မှူး Promotion ဖြင့် ပြောင်းရပြီး တပ်တွင် သုံးလေးလသာ တာဝန်ထမ်းဆောင်လိုက်ရ၏။ လွန်ခဲ့သည့် တစ်လလောက်က တပ်အဆင်း၊ ယခုလို ရန်သူက အာပီဂျီဖြင့် ပစ်ပြေးရာ ကံဆိုးစွာဖြင့် သူ့ကားခေါင်းကို ထိ၍ အစငယ်တစ်ခု သူ့အသည်းအား စိုက်ပြီး ကျဆုံးသွားခဲ့ပါသည်။ သူ့အကြောင်းကို မြဝတီတွင် ဝတ္ထုတို တစ်ပုဒ် ကျွန်တော်ရေးခဲ့ဖူး၏။ ကံကောင်းလို့ သူငယ်ချင်း ကိုနေဝင်း လမ်းစဉ် မှလိုက်ရတယ်။

နေ့လယ်လောက်တွင် နမ့်ဆန်သို့ ရောက်၏။ နမ့်ဆန်တွင် နေ့လယ်စာ စားကြသည်။ မိုးချုပ်သော် ဟိုပုန်းတွင် အခြေပြုဖြစ်၏။ ဟိုပုန်းတွင်ကား အတက်တွင် ညအိပ်ခဲ့သည့် ဘုရားကုန်းတွင်ပင် အခြေ ပြုခဲ့ပါသည်။ နောက်တစ်နေ့၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သတင်း ပို့၍ ဆက်ထွက်ခဲ့ရာ သာစည်သို့ ရောက်၏။ လမ်းတွင် ကလော၊ အောင်ပန်း၌ သစ်တော်သီးများ ပေါ်စပြုနေ၍ ဝယ်ဖြစ်ပါသေးသည်။ မေက သစ်တော်သီး ကြိုက်လှ၍ ကလေးတွေထက် ပိုပြီး သူမကို ဦးစား ပေးကာ မပါပါအောင် ယူလာရပါသည်။

ပဌမမြောက်နေ့တွင်ကား သာစည်မှ ရေနံချောင်းအထိ ဆင်း ဖြစ်ခဲ့သည်။ ရေနံချောင်းအဝင် (၃၆)မိုင်ရွာ၌ ညအိပ် အခြေပြုသည်။ နောက်တစ်နေ့ တပ်ဝင်ချိန်တွင် စနစ်တကျ ဖြစ်စေရန်နှင့် မကွေးမြို့မှ တာဝန်ရှိသူများ ကြိုဆိုနိုင်ရန်အတွက် ရေနံချောင်း၌ ညအိပ်ခြင်း ဖြစ်၏။ ရေနံချောင်းရောက်တော့ တပ်မှ ရဲမေအချို့က လာရောက်



တွေ့ကြ၏။ မအောင့်နိုင်သည့် စစ်သည်အချို့ကလည်း တိတ်တဆိတ် တပ်သို့ ပြန်ကြသည်ဟုလည်း ဆို၏။ တစ်ညကြိုပြီး ပြေးအိပ်၍ မိုးမလင်းမီ ထပြန်လာကြသည်ဟု သိရ၏။ ရယ်တော့ ရယ်ရပါသည်။ ကျွန်တော်ကတော့ ဘာမှ ပြောစရာမရှိပါ၊ အန္တရာယ်ကင်းကင်းနှင့် ရေနံချောင်းသို့ ရောက်လာသည့်အတွက် ဝမ်းသာမိ၏။ လွတ်မြောက် သည့် နယ်မြေရောက်လာ၍ ထိုနေ့ညက စိတ်ချလက်ချနှင့် အိပ်လိုက် ပါတော့သည်။ ကောင်းစွာ အိပ်ပျော်သွားသည့် ညပါပေ။

## လိုက်လိုက်လှဲလှဲကြိုဆိုသည့် မကွေးမြို့

ယနေ့ကား တပ်ကို ပြန်ဝင်ရမည့်နေ့ ဖြစ်သည်။ ရေနံချောင်းက ထွက်မီ တပ်ရင်းမှူးမှ တပ်ခွဲမှူးအားလုံးကို ခေါ်၍ Briefing ပေး၏။

“ တပ်ခွဲမှူးတွေ အားလုံး ရဲဘော်တွေကို စနစ်တကျ ဝတ်ဆင် ခိုင်းပါ၊ ကန်ဖျားကျော်ရင် ကားတွေ ရပ်မယ်၊ ဒဟပ်ကန်ကနေ အားလုံး တပ်ကို ခြေလျင်လျှောက်မယ်၊ မကွေးမှ ကြိုဆိုတာ လိုက်လိုက်လှဲလှဲ ရှိတယ်၊ အဲဒါကို တို့ကလဲ လေးနက်ဖို့လိုတယ် ”

ကျွန်တော်တို့အားလုံး အတတ်နိုင်ဆုံး သပ်သပ်ယပ်ယပ် ဝတ် စား ဆင်ယင်၍ မနက် (၇)နာရီတွင် ချီတက်ခဲ့ကြရာ မနက်(၉)နာရီ မတိုင်မီ ကန်ဖျားသို့ ရောက်ပါသည်။ ဒဟပ်ကန်က တပ်နှင့် သိပ်မဝေးလှ၊ ကစ်မိုင်ခွဲ နှစ်မိုင်ခန့်သာ ရှိမည်ထင်ပါသည်။ ဒဟပ်ကန်သို့ စစ်သည်များ အားလုံးတန်းစီ၍ ဝင်လာ၏။ ယခုအခေါက် စစ်ဆင်ရေးမှာ ကျိုင်းတုံ တွင်သာ နေခဲ့ရသဖြင့် အကျအဆုံး လုံးဝ မရှိသလောက်ပင် ဖြစ်ပါသည်။ ပတော်တဆ တစ်ယောက်စ၊ နှစ်ယောက်စ သေဆုံးခြင်းသာ ရှိ၏။

ကျွန်တော်သည် တစ်ခါမှ ယခုလို ယာဉ်တန်းကြီးဖြင့် ရှေ့တန်းမှ ပြန်ခဲ့ခြင်း မရှိဖူးသေးပါ၊ ဒဟပ်ကန်မှ တပ်နားသို့ ရောက်သည် အထိလျှင်ပင် ကျွန်တော် “ဟာကနဲ” ဖြစ်သွား၏။ လူအုပ်ကြီးက မယုံနိုင် လောက်အောင်ပင် များပြားလှပါသည်။ လာကြိုနေကြသူများမှာ မကွေး ကောလိပ်နှင့် မကွေးမြို့ပေါ်ရှိ ကျောင်းများမှ ကျောင်းသူ၊ ကျောင်းသား များ၊ အစိုးရ အရာထမ်းများ၊ အမှုထမ်းများ၊ ရပ်ကွက်အသီးသီးမှ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ နယ်ဘက်အုပ်ချုပ်ရေးမှ တာဝန်ရှိသူ

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ကြိတ်ကြိတ်တိုးနေပါသည်။ ကျွန်တော်တို့အား ပြည်ထောင်စု အလံများ ဝေ့ရမ်းခြင်း၊ ဘင်ခရာများ တီးမှုတ်ခြင်းတို့ဖြင့် တပ်အဝမှ စောင့်ကြိုနေကြပါသည်။ တပ်မတော်နေ့စစ်ကြောင်းကြီးများအား ကြိုဆို နေသကဲ့သို့ပင် ဖြစ်၏။ ဤမျှများပြားလှသော လူအုပ်ကြီးနှင့် လှိုက်လှိုက် လှဲလှဲကြိုဆိုမှုများကို တစ်ခါမှ မခံရဖူးသဖြင့် ကျွန်တော့်မှာ ကြက်သီး မွေးညင်းများပင် ထမိပါသည်။

တပ်အဝင် မုဒ်ဦးအရောက်တွင် တပ်ရင်းမှူးကြီးဦးစီးသည့် အရာရှိများကို တပ်ရင်းမှူး ကတော်ကြီးနှင့် အရာရှိ၊ အရာခံဇနီးများက ကိုယ့်လူနှင့်ကိုယ် ပန်းကုံးများစွပ်ကြ၏။ ကျွန်တော့်ကိုတော့ ဇနီးသည် မေနှင့် သမီးများက ပန်းကုံးစွတ်ကြပါသည်။ လူပျိုအရာရှိများကိုတော့ မကွေးကောလိပ်မှ တက္ကသိုလ်ကျောင်းသူများ၊ အထက်တန်းကျောင်းမှ ဆရာမများက ပန်းကုံးများ စွပ်ပေးကြရာ ဗိုလ်စိုးလွင်၊ ဗိုလ်မြတ်သက်၊ ဗိုလ်ခင်မောင်လင်း၊ ဗိုလ်စိုးညွန့်၊ ဗိုလ်ဇော်ထွန်းစသည့် လူပျိုအရာရှိ များက တပြုံးပြုံးဖြင့် အထူး ကျေနပ်နေကြ၏။

တပ်ရင်း စစ်ရေးပြကွင်းသို့ တပ်ရင်းတစ်ရင်းလုံး စုရုံးပြီးချိန်တွင် တပ်ရင်းမှူးမှ တပ်ဝင် မိန့်ခွန်း ပြောပါသည်။ မိန့်ခွန်းပြောအပြီး နံနက် (၁၀)နာရီခန့်တွင်တန်းဖြုတ်၍ အသင့်ပြင်ဆင်ထားသည့် မဏ္ဍပ်တွင် နေ့ လယ်စာ စားကြ၏။ မဏ္ဍပ်တွင် ထိုင်ပြီး မကွေးမြို့မှ နယ်ဘက် အရာရှိများနှင့် စကားပြောကြသည်။ သူတို့၏လှိုက်လှိုက်လှဲလှဲ ကြိုဆိုမှု ကို အထူး ကျေးဇူးတင်ပါသည်။ မဏ္ဍပ်မှ ပြန်တော့ နေ့လယ် (၁၂)နာရီ ထိုးပါပြီ၊ ထိုအခါကျမှ မိသားစုနှင့် စကားဝအောင် ပြောရပါတော့သည်။ ထိုစဉ်တုန်းက မကွေးမြို့သူ၊ မြို့သားများ ထောင်နှင့်ချီ၍ ကျွန်တော်တို့ တစ်တွေအား လာရောက်ကြိုဆိုနေကြသည်ကို ယနေ့တိုင် မမေ့နိုင်ဘဲ မြင်ယောင် နေမိပါသေးသည်။

**တပ်နားစဉ်ကာလ တစ်လတာ**

ယခုအခေါက် တပ်နားသည့်ကာလကား နားချိန် တစ်လသာ ရ၏။ တပ်ရင်းမှူးဟာ အားကစားရော၊ အနုပညာပါ ဝါသနာပါသူ ဖြစ်သည်။ ထို့အပြင် တပ်နားစဉ်ကာလ၌တပ်ရင်းတိုက်ပွဲဝင် လေ့ကျင့်ရေး သင်တန်းများလည်း လုပ်မည်။ ကျွန်တော်တို့တပ်တွင် တပ်ခွဲမှူး ဗိုလ်မှူး နှစ်ယောက် ရှိသည်။ တစ်ယောက်က ဗိုလ်မှူးသိန်းကြည်၊ တစ်ယောက် ကား ကျွန်တော်။ ဌာနချုပ် တပ်ခွဲမှူးမှာကား ဗိုလ်မှူးခင်မောင်သန်း ဖြစ်၏။ ထိုဗိုလ်မှူး သုံးယောက်အနက်တွင် ဗိုလ်မှူး ခင်မောင်သန်းက ဌာနချုပ်တပ်ခွဲမှူးဖြစ်၍ အလုပ်အလွန်များလှ၏။ ဗိုလ်မှူးသိန်းကြည်က ခွဲ(၂)မှူးဖြစ်သည်။ ကျွန်တော်ကား ခွဲ(၁)မှူးဖြစ်၏။ တပ်နားနေစဉ်မှာပင် ဗိုလ်မှူးသိန်းကြည်က တပ်မ(၈၈)သို့ တပ်ပြောင်း မိန့်ထွက်သွား၏။ ထိုအခါ တပ်ရင်းမှူးကြီးက ကျွန်တော့်ကို ခေါ်ကာ အောက်ပါအတိုင်း ပြောပါတော့သည်။

" ဗိုလ်မှူးသိန်းကြည်တော့ တပ်ပြောင်းမိန့်ထွက်သွားပြီ၊ ဗိုလ်မှူး ခင်မောင်သန်းက ဌာနချုပ်တပ်ခွဲမှူးဆိုတော့ အလုပ်များတယ်၊ အဲဒါ ကြောင့် တပ်နားနေတဲ့အချိန် တပ်ရင်း တိုက်ပွဲဝင်သင်တန်းအတွက် ဗိုလ်ကြီးသက်ဦးက တာဝန်ယူပေးပါ။ ဗိုလ်ကြီးသက်ဦးက တိုက်ခိုက်ရေး ကျောင်းမှ ပြောင်းလာတာဆိုတော့ သင်တန်းမှူးလုပ်ဖို့ အခက်အခဲ မရှိဘူးထင်ပါတယ် "

" ဟုတ်ကဲ့ ရပါတယ် တပ်ရင်းမှူးကြီးခင်ဗျာ၊ တပ်ရင်းတိုက်ပွဲဝင် သင်တန်းအတွက် သင်တန်းဇယား ဆွဲလိုက်ပါမယ်၊ တပ်နားချိန် တစ်လ ဆိုတော့ သင်တန်းချိန်ကို ဘယ်နှစ်ပတ် လုပ်ရပါမလဲ ခင်ဗျာ "

" နားတာက တစ်ပတ်၊ စစ်ဆင်ရေးပြန်ထွက်ဖို့ ပြင်ဆင်တာက တစ်ပတ်ဆိုတော့ သင်တန်းကို နှစ်ပတ်တော့ လုပ်လိုက်ပေါ့ဗျာ၊ ပြင်မ လေ့ကျင့်ရေးကွင်းကတော့ ဒေါင်းသေချောင်းဘေးမှာပဲ ကောင်းပါတယ် "

ဒေါင်းသေချောင်းမှာ မကွေးနှင့် (၁၀)မိုင်ကျော် ဝေးပါသည်။ ကန်ဖျားနှင့် နတ်မောက်လမ်းခွဲ အလွန်တွင် ဖြစ်၏။ ဤသို့ဖြင့် ကျွန်တော် သည် တပ်ရင်းတစ်ရင်းလုံး၏ တိုက်ပွဲဝင် လေ့ကျင့်ရေးဆောင်ရွက်ရမည့် အရေးပေါ် သင်တန်းမှူးတာဝန် ယူရပါတော့သည်။ ကျိုင်းတုံတွင် စစ်ဆင်ရေးတစ်ပတ် တာဝန်ယူခဲ့ပြီးဖြစ်၍ ကျိုင်းတုံပတ်ဝန်းကျင်၏ မြေ မြေတောတောင် သဘာဝနှင့် ရန်သူ၏အလေ့အထများကို ရိပ်မိမိ ပါသည်။ လားရှိုးဒေသတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဇကပ၊ လွယ် မော်၊ ကေအိုင်အေ၊ အက်စ်အက်စ်အေ အတွေ့အကြုံများ ရှိခဲ့သဖြင့် ထိုအတွေ့အကြုံများကိုပါ အခြေခံပြီး သင်တန်းများ ပေးရပါသည်။ သင်တန်းဇယား၌ အထူးစစ်နည်းဗျူဟာဖြစ်သည့် တောင်ပေါ်နှင့် တော

www.burmeseclassic.com



တွင်း စစ်ဆင်ရေးများ၊ ပြောက်ကျားစစ်နည်းဗျူဟာ၊ ကွန်မန်ဒို စစ်နည်းဗျူဟာများ စသည်တို့ကို စာတွေ့လက်တွေ့ဖြစ်နိုင်သည်များအား သင်ကြားပေးရ၏။

အထူးသဖြင့် စစ်သည်များ ရန်သူနှင့် ရှုတ်ခြည်းရင်ဆိုင်ရာတွင် စစ်သည်များ ဆုံးဖြတ်ချက် လျင်မြန်မှန်ကန်စွာဖြင့် ပစ်တတ်ခတ်တတ်အောင် သင်ကြားပြသပေးပါသည်။ သင်တန်းပြီးခါနီး၌ လက်တွေ့ပစ်ခတ်ခြင်းများကို ထည့်သွင်းထား၏။ လေးပေ ပစ်မှတ်ကြီးများကို ပစ်ခတ်ခြင်းထက် ရုပ်ပုံပစ်မှတ်များ၊ လျှပ်တစ်ပြက် ငုပ်ပေါ်ပစ်မှတ်များ၊ တောတွင်း၌ ဘွားကနဲတွေ့သည့် ပစ်မှတ်များကို ပစ်ခတ်နိုင်ရေးအတွက် အဓိကထား သင်ကြားပေး၏။ ထို့အပြင် ခံစစ်၌ လူလုပ် အတားအဆီးနှင့် သဘာဝအတားအဆီးပေါင်းစပ်ပြီး အတားအဆီးများပြုလုပ်ခြင်း၊ ခြေရာခံ ခြေရာကောက်ခြင်းစသည်ဖြင့် တကယ့်စစ်မြေပြင်တွင် အသုံးဝင်မည့် ဘာသာရပ်များကို စစ်သည်များအတွက် အထူးသင်ကြားပြသပေးရပြန်ပါသည်။

ပစ်မှတ်များပစ်ခတ်ခြင်းနှင့် စက်ပစ်ကွင်းပစ်ခတ်ခြင်းများ ပြုလုပ်သည့်နေ့များ၌ တပ်ရင်းမှူးကြီးကိုယ်တိုင် Target Shooting လာလုပ်ပါသည်။ တပ်ရင်းမှူးကြီးက အလွန် လက်ဖြောင့်လှ၏။ ရှုတ်တရက်ပေါ်လာသည့် ရုပ်ပုံပစ်မှတ်များအား မိနစ်အနည်းငယ်တွင် အားလုံးမှန်အောင် ပစ်ပြသွားသည်။ ကာဘိုင်နှင့်ရော ဂျီ-၃ နှင့်ပါ ပစ်ပြသွားရာ စစ်သည်များမှာ "ဟာကနဲ၊ ဟာကနဲ" ဖြစ်သွားကြ၏။ ကျွန်တော်ကိုယ်တိုင်ပင် ဗထူးလက်နက်ငယ်သင်တန်း၌ လက်ဖြောင့်သေနတ်သမားအဖြစ် အရွေးခံရသော်လည်း တပ်ရင်းမှူးကြီးလောက် ပစ်မှတ်များကို မှန်အောင် မပစ်နိုင်ခဲ့ပါ၊ တပ်ရင်းမှူးကြီးက အားကစား သမားဖြစ်၍ သေနတ်ပစ်လည်း အလွန်တော်၏။ ပြောင်းရှည်သာမက ပြောင်းတိုပစ္စတိုကိုလည်း (၂၅)ကိုက်အတွင်းရှိ ရုပ်ပုံပစ်မှတ်အား မလွဲတမ်း ပစ်နိုင်သူဖြစ်ပါပေသည်။

"တပ်ရင်းမှူးကြီး တော်တော် လက်ဖြောင့်တာပဲ "

ကျွန်တော်က မနေနိုင် မထိုင်နိုင် ချီးကျူးလိုက်မိ၏။ ထိုအခါ တပ်ရင်းမှူးကြီးက



" ကျွန်တော်က မော်ဘီတပ်နယ်မှာ ကျောင်းဆရာ ဆယ့်လေးငါးနှစ် လုပ်လာခဲ့တာလေဗျာ၊ ဒီလောက်တော့ ရှိမှာပေါ့ "

ဟု ဂုဏ်ယူ ဝင့်ကြွားခြင်းမရှိဘဲ နှိမ့်ချသည့်လေသံဖြင့် ပြောဆိုသဖြင့် အတော်ပင် အံ့သြရပါသေးသည်။

တစ်ဖက်က သင်တန်းများလုပ်သလို စစ်သည်များ လန်းလန်းဆန်းဆန်းဖြစ်လာအောင် သင်တန်းအပြီးတွင် တပ်ခွဲအလိုက် အားကစားပြိုင်ပွဲများပြုလုပ်ပေးရသည်။ ကလေး၊ လူကြီး၊ ကျား/မ အားလုံးပါဝင်၏။ ထို့အပြင် ခေတ်စားစပြုနေသည့် Stage Show ကိုလည်း လုပ်ပေးပါသည်။ Stage Show အတွက် ဝေးဝေးလံလံမှ တီးဝိုင်းများ မခေါ်ဖြစ်ပါ၊ မကွေးမြို့ပေါ်က တီးဝိုင်းကလေးတစ်ခုနှင့် မြို့ပေါ်မှ ဝါသနာရှင်များကို စုစည်းထားသည့် အပျော်တမ်း အဆိုတော်ကလေးများပါဝင်သည့် တီးဝိုင်းဖြစ်၏။ Stage Show တွင် မကွေးကောလိပ်နှင့် အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ တေးသရုပ်ဖော်များလည်း ပါဝင်ပါ၏။ ကျွန်တော်တို့ ရေ့တန်းပြန် သနက(၁)သို့ လာရောက်ဖျော်ဖြေရာတွင် မကွေးကောလိပ်၊ မြန်မာစာဌာနမှ ဆရာမကြီးဒေါ်ပို့နှင့် တပည့်မများလည်း ပါဝင်၏။

ထို့အပြင် အထက်တန်းကျောင်းမှ ကျောင်းဆရာမများလည်း ပါဝင်၏။ ထိုအကျိုးဆက် ရလဒ်များကား ကျွန်တော်တို့တပ်မှ အရာရှိလူပျိုများနှင့် ဆရာမကြီး ဒေါ်ပို၏တပည့်မများ၊ အထက်တန်းကျောင်းမှ ဆရာမလေးများ၊ အကြောင်းဆက်၍ ပေါင်းဖက် သွားကြခြင်းပါပင်။ ချဉ်သီးနှင့် ဆားအတူထား၍ လျှာဖျား ကျွေမြရ ဖြစ်သွားကြသည် ထင်ပါရဲ့ ခင်ဗျာ။

ထိုစဉ်က မှတ်မိနေသည်မှာ တစ်ခုရှိပါသေးသည်။ Stage Show လုပ်သည့်နေ့က ဂါဝန်ကလေးဖြင့် ဆယ်နှစ်ကျော်ခန့် အဆိုတော်ပေါက်စမကလေးတစ်ဦး သီချင်းဆိုပါသည်။ မျက်နှာဝိုင်းဝိုင်း၊ ညိုညိုပိန်ပိန်ကလေးဖြစ်၍ ကျွန်တော့်မှာ ရယ်ချင်စိတ်ကို မနည်း မြိုသိပ်ထားခဲ့ရ၏။ ထိုပေါက်စမကလေးမှာ ယခုနာမည်ကြီးနေသည့် မို့မို့ဇော်ဝင်းလောက်ပင် ရှိဦးမည် မထင်ပါ။ နာမည်ကိုလည်း ကောင်းစွာမမှတ်မိ၊ ကိုညိုညိုပိန်ပိန်ကလေးကို ကာင်ခါနှစ်ခါ တွေ့ပြီးနောက် မေ့ပျောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၅)နှစ်ခန့်အကြာ ၁၉၉၇-ခုနှစ်၌ ကျွန်တော်ရန်ကုန် ရောက်သည့်အချိန် တစ်နေ့တွင် ကျွန်တော့်ရုံးခန်းသို့ အသက်သုံးဆယ်ခန့်အရွယ် အမျိုးသမီး နှစ်ဦး ရောက်လာ၏။ ညီအစ်မဟု သိရသည်။ သူတို့နှစ်ယောက်အနက် အငယ်မလေးက

" အန်ကယ်- သမီးကို မှတ်မိလား "

" ပြောပါဦး၊ ဘယ်သူလဲ "

" မကွေးတုန်းက အန်ကယ်တို့တပ်မှာ သီချင်းလာဆိုနေတာလေ၊ မမှတ်မိတော့ဘူးလား "

" ဘယ်သူပါလိမ့်၊ နာမည်ပြောပါဦး "

" သမီးက နီနီဝင်းရွှေပါ၊ ငယ်ငယ်တုန်းက အန်ကယ်တို့တပ်မှာ သီချင်းနှစ်ခါ သုံးခါ လာဆိုဖူးတယ်၊ အဲ့ဒီတုန်းက သမီးက ပိန်တယ်လေ "

" ဩော် ပန်းရည်ဘဏ်တိုက်နဲ့ နာမည်ကြီးလာတဲ့ အဆိုတော် နီနီဝင်းရွှေကိုး "

ထိုအခါကျမှ ၁၉၈၂-ခုနှစ် Stage Show တွင် မျက်နှာဝိုင်းဝိုင်း ပိန်ပိန်၊ ဂါဝန်ကလေးနှင့် သူမ၏ငယ်ရုပ်ကလေးကို ဘွားကနဲ ပြန်မြင် ယောင်မိပါသည်။ လွန်ခဲ့သည့် ဆယ့်ငါးနှစ်ကျော်၊ အနှစ်နှစ်ဆယ်နီးပါး လောက်က သိကျွမ်းလာသူဖြစ်သဖြင့် မနေ့တစ်နေ့ကပင် Sedona Hotel တွင် ပြုလုပ်သည့် နီနီဝင်းရွှေ၏ မင်္ဂလာဆောင်သို့ ကျွန်တော်တို့ ဇနီးမောင်နှံနှစ်ယောက် မပျက်မကွက် သွားလိုက်ရပါသေးသည်။

ဤသို့ဖြင့် တိုက်ပွဲဝင်လေ့ကျင့်ရေးများ၊ အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပြီးသည့်နောက် စစ်ဆင်ရေးအနားကာလ တစ်လ ပြည့်မြောက်သွားသဖြင့် ရှေ့တန်းသို့ ပြန်တက်ရန် ပြင်ဆင်ရပါသည်။

ဒီတစ်ခါ မိုင်းယောင်းသို့ပြန်တက်ရမည်ဟု သိရ၏။ မိုင်းယောင်း ဆိုသည်ကား ဗကပများဝိုင်းရံနေသော မြန်မာနိုင်ငံ၏ အရှေ့ဘက် အစွန်ဆုံးမြို့ ကလေးဖြစ်ပါသည်။ ထို့ကြောင့် မိုင်းယောင်းကို ဥပမာ ပေးရလျှင် ယက္ခ၊ ကုမ္ဘာန်တို့ ဝိုင်းရံစောင့်ကြပ်တဲ့ နတ်ပန်း အာသာဝတီ နှယ်သာ ဖြစ်ပါလိမ့်မည်။ ဒုတိယအချက် စစ်ဆင်ရေးအတွက် အစစ အရာရာကတော့ အဆင်သင့်ဖြစ်နေပါပြီ။ သွားဖို့ပဲ လိုပါတော့သည်။



နှယ်သာ ဖြစ်ပါလိမ့်မည်။ ဒုတိယအခေါက် စစ်ဆင်ရေးအတွက် အစစ အရာရာကတော့ အဆင်သင့်ဖြစ်နေပါပြီ။ သွားဖို့ပဲ လိုပါတော့သည်။

**မိုင်းယောင်းသို့ ထွက်ခွာခြင်း**

မိုင်းယောင်းဆိုသည်မှာကား မြန်မာနိုင်ငံ၏အရှေ့ဘက် အစွန်ဆုံး မြို့ကလေးဖြစ်ပါသည်။ ထိုင်းနိုင်ငံနှင့်လည်း မဝေးလှ၊ လာအိုနိုင်ငံ နှင့်မူ နယ်နိမိတ်ခြင်းပင် ထိစပ်နေ၏။ မိုင်းယောင်း၏ အရှေ့ဘက် မိုင် (၂၀)ခန့်အကွာအဝေး၌ မဲခေါင်မြစ်သည် မြောက်မှတောင်သို့ စီးဆင်း နေ၏။ ထိုမဲခေါင်မြစ်၏ အရှေ့ဘက်တွင်ကား လာအိုနိုင်ငံ ရှိ၏။ မိုင်းယောင်းသည် ထိုင်း၊ လာအို၊ မြန်မာနယ်စပ်ရှိ ရွှေတြိဂံနယ်မြေနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်၏။ ဂန္ဓလရာဇ်တို့နှင့်လည်း အလွန်နီးလှ၏။ မိုင်းယောင်း၏ အရှေ့မြောက်ဘက်တွင်ကား ဂန္ဓလရာဇ်တို့၏ ဆိတ်ဆောင် ပန်နား ခေါ် လယ်တွင်း(၁၂)ခရိုင် ဒေသရှိ၏။ ဤသို့သော အချက် အလက်များသည်ကား မိုင်းယောင်းမြို့ကလေး၏ စိတ်ဝင်စားဖွယ်ရာ ပထဝီအနေအထားဆိုင်ရာ အချက်အလက်များပါတည်း။

ထိုသို့ ဝိသေသထူးသော မိုင်းယောင်းသို့ ၁၉၈၂ ခုနှစ်၊ ဩဂုတ် လတွင် ကျွန်တော်တို့ သနက(၁) ခေါ် အမှတ်(၁)၊ ဗမာ့သေနတ်ကိုင် တပ်ရင်းကြီးတစ်ခုလုံး စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရန် ချီတက်လာခဲ့ကြ ပါသည်။

" အစ်ကိုကြီးရေ မိုင်းယောင်းကတော့ သိပ်မချောင်ဘူးနော်၊ ချိန် မခွေး အတိုတစ် အရှည်တစ် ဖြစ်သွားနိုင်တယ်၊ (၈၁၅)ကလဲ စွာတယ်၊ ရာသီဥတုကလဲ ပြင်းတယ်၊ ခါးတောင်းသာ ကျိုက်ထားပေတော့ အစ်ကိုကြီးရေ "

တပ်မထွက်မီ ကျွန်တော့်အား ချစ်ခင်နေကြသော အရာရှိငယ် များက သတိပေးစကားဆိုကြ၏။ ကျွန်တော့်အတွက်ကတော့ သိပ် မဆန်း ပါ။ အရှေ့မြောက်ဒေသတွင် ၁၉၇၈ ခုနှစ်၊ နောင်လိုင်၊ ပါဖန်တိုက်ပွဲကြီး ကင် ပါဝင်ဆင်နွှဲပြီးကတည်းက ဗကပတို့အကြောင်း ကောင်း ကောင်းကြီး သိနေပါပြီ။ ထိစဉ်က မသေ၍ လွတ်လာသည်ဖြစ်ရာ ယခုလို တပ်ရင်းကြီး တစ်ရင်းလုံးနှင့် တိုက်ပွဲဝင်ရမည်ဆိုပါက သိပ်မပူပါချေ။

www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ် ကိုယ့်ညီတို့ရာ၊ အရှေ့မြောက်မှာ ဗဟုပန့် ပွဲကြီးပွဲကောင်း ကြုံခဲ့ဖူးပါတယ်၊ (၈၁၅)အကြောင်း မသိပေမယ့် တပ်မဟာ(၈)နဲ့ (၁၂)အကြောင်း သိပါတယ်၊ လင်မေရှင်းနဲ့ ကျန်စီမင်းအကြောင်း မသိပေမယ့် ဖုန်ကြားရှင်နဲ့ ဖုန်ကြာဖူးအကြောင်း သိပါတယ် "

ကျွန်တော်က ထိုသို့ပြောလိုက်သည့်အခါ လုပ်ဖော်ကိုင်ဖက် အရာရှိငယ်များ နှုတ်ဆိတ်သွားကြ၏။ ကျွန်တော့်စိတ်ထဲတွင်မူ –

" ဒီလောက်အပြောကြီးတဲ့ မိုင်းယောင်း၊ တွေ့ကြသေးတာပေါ့ "

ဟု တေးထားလိုက်ပါသည်။

ယူခုအပတ် တပ်ထွက်သည့်အခါ ဒုတပ်ရင်းမှူး ဗိုလ်မှူးစိန်လင်း ခွဲစိတ်သွားနေရ၍ မလိုက်ပါနိုင်ပါ။ ကျွန်တော့်ထက် စီနီယာကျသော ဗိုလ်မှူးသိန်းကြည်လည်း ပြောင်းသွားပါပြီ။ သို့ဖြစ်၍ ကျွန်တော်သည် စစ်ကြောင်း(၂)၊ စစ်ကြောင်းမှူး တာဝန်ယူရပါတော့သည်။ ဗိုလ်မှူးသိန်းကြည်အစား ကကကျင့်မှ ဗိုလ်ကြီးစိုးတင့်၊ ယာယီတပ်ခွဲမှူး (ဗိုလ်မှူး) အဖြစ် ပြောင်းရွှေ့ ရောက်ရှိလာ၏။ သူနှင့် မရှေးမနှောင်း ကျွန်တော်တို့ အပတ်စဉ်မှ ဗိုလ်ကြီးသောင်းတင်သည်လည်း တပ်မတော် မှတ်တမ်းရုံးမှ ယာယီတပ်ခွဲမှူး(ဗိုလ်မှူး)အဖြစ်ပြောင်းရွှေ့ရောက်ရှိလာပြန်၏။ ကျွန်တော်တို့ သနက(၁)သည် အသစ်ရောက်ရှိလာသော အရာရှိများဖြင့် တပ်ကို ဖွဲ့စည်းပြီး ချီတက်လာရာ ကျိုင်းတုံသို့ ဩဂုတ်လဆန်းတွင် ရောက်ရှိလာပါသည်။

ကျိုင်းတုံတွင် တပ်မမှူးကြီးမှ ကျွန်တော်တို့အား မိုင်းယောင်းဒေသ၏နယ်မြေအခြေအနေ၊ ရန်သူ့အလေ့အထ၊ ရန်သူ ကျင့်သုံး တတ်သည့် စစ်နည်းဗျူဟာ၊ မိမိတို့မှ ပြန်လည်ကျင့်သုံးရမည့် စစ်နည်းဗျူဟာ တို့နောက် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ဆောင်ရန်၊ ရှောင်ရန် စသည်တို့ကို မှာကြားကာ နိဂုံးချုပ်၍

" အေး၊ မင်းတို့ သနက(၁)က စစ်မြေပြင်မှာ စွမ်းရည်ရှိပြီး အစဉ်အလာကောင်းတဲ့ တပ်ကွ၊ အဲဒီအစဉ်အလာကောင်းကို မင်းတို့ လက်ထက်မှာ ဆက်ထိန်းကြ "

ဟု ဩဝါဒ ပေးပါတော့သည်။

တပ်မမှူးကြီး၏ ဩဝါဒခံယူပြီးနောက် နောက်နေ့တွင် မိုင်းယောင်းသို့ ဆက်လက် ထွက်ခွာခဲ့၏။ ကျိုင်းတုံနှင့် မိုင်းယောင်း မိုင်(၁၀၀)ကျော်ခန့် ဝေး၏။ ကျိုင်းတုံမှထွက်သော် ယန်းခ၊ တာကျော်၊ ဆိုင်းလေမှာများကို လွန်ပြီးနောက် မိုင်းဖြတ်မြို့ကလေးသို့ ရောက်၏။ မိုင်းဖြတ်မှ အရှေ့မြောက်သို့လားသော် မိုင်းယောင်း၊ တောင်သို့သွားသော် တာချီလိတ်သို့ ရောက်ရှိလေသည်။ တာချီလိတ်က ပျော်စရာကောင်းပြီး မိုင်းယောင်းက ပျော်စရာမကောင်းဟု ဆိုကြ၏။ ကျွန်တော်တို့သည် မိုင်းဖြတ်ရောက်သော် တာချီလိတ်သို့မသွားရဘဲ ပျော်စရာ မကောင်းသော မိုင်းယောင်းသို့ ဆက်လက်ချီတက်ခဲ့ရပါတော့သည်။ မိုင်းဖြတ်တွင် ပြောစရာလေးတစ်ခု ကြုံပါသေးသည်။ ထိုပြောစရာလေးမှာကား အောက်ပါအတိုင်း ဖြစ်၏။

## ဆွမ်းခံရင်း ဧှက်သင့်ခဲ့ရခြင်းအကြောင်း

ထိုစဉ်က မိုင်းဖြတ်တွင် အမှတ်(၆၆)၊ ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာတစ်ခု ထားရှိပါသည်။ နည်းဗျူဟာမှူးမှာ စစ်တက္ကသိုလ် အပတ်စဉ်(၁)မှ ဗိုလ်မှူးကြီးအောင်ကိုး ဖြစ်၏။ ကျွန်တော်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းတွင် အတူနေခဲ့ဖူး၏။ ကျွန်တော်၏ နည်းပြမှူးချုပ် ဖြစ်ခဲ့ဖူး၏။ မိုင်းဖြတ်တွင် နည်းဗျူဟာမှူး၊ ဗိုလ်မှူးကြီး အောင်ကိုးက ကျွန်တော့်ကို တွေ့လျှင်တွေ့ခြင်း

" ဟေ့ ဗိုလ်သက်ဦး၊ မောင်ရင့် ခဲယမ်းကိစ္စနဲ့ ပတ်သက်တဲ့စာ ကိုယ်ပို့တာ မဟုတ်ဘူးနော်၊ တပ်မက ပို့လိုက်တာ "ဟု ဆီးပြောပါတော့သည်။

ကျွန်တော်ကလည်း ထိုဆွမ်းခံရင်း ဧှက်သင့်သည့်ကိစ္စအတွက် အတော် စိတ်ကသိကအောင့် ဖြစ်နေပါသည်။

" ဟုတ်ကဲ့ပါ ဗျူဟာမှူးကြီးခင်ဗျာ၊ ကျေးဇူးပြုပြီးတော့ အဲ့ဒီကိစ္စကို ဗျူဟာမှူးကြီးပဲ ကြည့်ပြီး ဆောင်ရွက်ပေးပါဦး၊ လောလောဆယ်မှာတော့ ကျွန်တော်လဲ ဘာမှ မတတ်နိုင်ဘူး ဖြစ်နေပါတယ်၊ တပ်မကို လာ မဖြေရှင်းရအောင်ကလဲ ကျွန်တော့်မှာ ဘာစာရွက်စာတမ်း အထောက်အကားမှ မရှိပါဘူး "

"အေးပါကွာ၊ ကိုယ်ကြည့်ပြီးတော့ ဆောင်ရွက်ပေးပါ့မယ်၊ မောင်ရင် မိုင်းယောင်းမှာ တိုက်စရာခိုက်စရာ လုပ်စရာကိုင်စရာရှိတာကိုသာ စိတ်ချလက်ချလုပ်နေပါ၊ မဖြစ်မနေ လိုအပ်မှ ကိုယ် ခေါ်ပါ့မယ် "

www.burmeseclassic.com

"ဟုတ်ကဲ့ပါ ဗျူဟာမှူးကြီး ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ကျွန်တော်တို့ ထိုကဲ့သို့ အချီအချပြောဆိုနေသည်ကို ကျွန်တော့် တပ်ရင်းမှူးကြီးက ကြားသိလိုက်သည့်အခါ

"ဘယ်လိုဖြစ်တာလဲ ဗိုလ်ကြီးသက်ဦးရဲ့၊ ဘာတွေလဲ၊ ဘာကိစ္စတွေလဲ"

ဟု မေးလာပါတော့သည်။

ထိုအခါ ကျွန်တော်က ဖြစ်ကြောင်းရယ် ကုန်စင်ကို နတ်သံနှောကာ အောက်ပါအတိုင်း ပြောရပါတော့သည်။

"ဒီလိုပါ တပ်ရင်းမှူးကြီးခင်ဗျာ၊ ၁၉၇၈ ခုနှစ် ဇကပနဲ့ ဖြစ်ခဲ့တဲ့ နောင်လိုင်- ပါဖန်တိုက်ပွဲတုန်းက ကျွန်တော်က ခလရ(၆၇) မိုင်းရယ်ကပါ၊ တိုက်ပွဲကတော့ ခလရ(၃၃)၊ တန့်ယန်းက တပ်နဲ့ နောင်လိုင်စခန်းကို ဝင်တိုက်ပြီး စဖြစ်တာ၊ ကျွန်တော်တို့က တန့်ယန်းဗျူဟာ ကွပ်ကဲမှုအောက်က တပ်ဆိုတော့ ဗျူဟာညွှန်ကြားချက်နဲ့ပဲ လှုပ်ရှားရပါတယ်၊ အဲဒီတုန်းက ကျွန်တော့်တပ်ခွဲက မိုင်းရယ်မှာ ခဏအရံ ဝင်နေတုန်းဆိုတော့ နောင်လိုင်ကို စစ်ကူလိုက်ရတယ်၊ နောင်လိုင်တောင်ဘက်က ပန်မွန်းရွာနားမှာ ရန်သူနဲ့တိုက်ပွဲအကြီးအကျယ်ဖြစ်ပြီး ရန်သူအင်အားများလို့ ဆုတ်ခဲ့ရတယ်၊ ရန်သူ့အင်အားက တပ်မဟာနှစ်ခုစာ ရှိတယ်၊ ကျွန်တော်တို့ ဆုတ်လာတဲ့အဖွဲ့တွေကို ဆုံကွေ့မှာရှိတဲ့ တပ်မ(၆၆)က ဗိုလ်မှူးကြီးဘုန်းမြင့်ရဲ့ နည်းဗျူဟာ (၆၆၃) မှာ တွဲထားတယ်၊ အဲဒီတုန်းက O.T.S အပတ်စဉ်(၃၃)က ဗိုလ်ကြီးခင်မောင်အုန်းက တပ်ခွဲမှူး၊ ကျွန်တော်က ဒုတပ်ခွဲမှူးပါ၊ ကျွန်တော့်တပ်စုက ဗျူဟာရုံးမှာ အနီးကပ်နေရတယ်၊ ရောက်ပြီး နှစ်ရက်လောက်ကြာတော့ တစ်ညမှာ ခဲယမ်း မီးကျောက် ကားသုံးစီးစာ ရောက်လာတယ်၊ လာပို့တာတော့ ရမခက လာပို့တာပဲ၊ တပ်မက ဦးစီးအရာရှိတွေ အလုပ်များနေတုန်း တိုက်ပွဲကလဲ ပြင်းထန်နေတုန်း၊ ဗျူဟာဂျီတူးက အဲဒီခဲယမ်းတွေကို ဗိုလ်ကြီးသက်ဦး လက်ခံလိုက်စမ်းပါဆိုတာနဲ့ ကျွန်တော်လဲ ဘုမသိ ဘမသိနဲ့ လက်မှတ်ထိုးပြီး ယူလိုက်တယ်"

"နေစမ်းပါဦး၊ ဘာခဲယမ်းတွေလဲ"



"ခဲယမ်းတွေကတော့ အစုံပါပဲ တပ်ရင်းမှူးကြီး၊ ၇၅-မမ နောက်ပွင့် ကျည်ဆန်ကြီးတွေ (၃)လက်မစိန်ပြောင်း ဗုံးသီးတွေ၊ ၈၁-မမ ဗုံးသီးတွေ၊ အမှတ်(၃၆) လက်ပစ်ဗုံးတွေ အများဆုံးပါ ပါတယ်"

"လက်နက်ငယ် ကျည်ဆန်တွေရော မပါဘူးလား"

"ဂျီသရီးနဲ့ ကာဘိုင်ကျည် နည်းနည်းပါးပါးပါ ပါတယ်၊ ၃.၅ လောင်ချာကျည်လဲ နည်းနည်းပါးပါး ပါပါတယ်"

"အင်း ဆက်ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ရမှာလဲ တပ်ရင်းမှူးကြီးရယ်၊ ဗျူဟာက သူတို့လက်ခံရမယ့်ကိစ္စကို လက်မခံဘဲ ကျွန်တော့်ကို လက်ခံခိုင်းပြီး အခု သုံးလေးနှစ်ကြာမှ ခဲယမ်းထုတ်ပေးတာတွေ ပြန်စစ်လို့ စာရင်း မကိုက်တော့ ကျွန်တော်က အဲဒီကျည်ဆန်တွေ ဘယ်သူ့ပေးလိုက်သလဲတဲ့၊ ဘယ်တပ်တွေကို ထုတ်ပေးလဲတဲ့၊ ရှင်းလင်းတင်ပြပါဆိုပြီး ကျွန်တော် နာမည်နဲ့ ခရီးမထွက်ခင်က တပ်ကို စာဝင်လာပါတယ်၊ အဲဒီတုန်းက တိုက်ပွဲဝင်တပ်တွေက အများကြီး၊ ခလရ(၁)တို့ ခလရ(၇၆)တို့ ခလရ(၇၈)တို့ဆိုတဲ့ တပ်တွေအပြင် ကျွန်တော်မှတ်မိသလောက်ပြောရရင် ခမရ(၁၀၄)တို့ ကောင် ပါပါတယ်၊ ကျည်ဆန်တွေကလဲ ကျွန်တော်က ထုတ်ပေးရတာ မဟုတ်တော့ ဘယ်လိုသိနိုင်မှာလဲ တပ်ရင်းမှူးကြီးရယ်"

"နေပါဦး၊ အဲဒီတုန်းက Staff တွေက ဘယ်သူတွေလဲ"

"ဗိုလ်မှူးထွန်းမြင့်ဦးနဲ့ ဗိုလ်ကြီးတင်လှပါ"

"ဟ ထွန်းမြင့်ဦးဆိုတာ ကျွန်တော်တို့အပတ်စဉ်က ထွန်းမြင့်ဦးလား၊ ဟိုမျက်မှန်ထူထူနဲ့ လေဗျာ"

"ဟုတ်ပါတယ် တပ်ရင်းမှူးကြီးရယ်၊ တပ်ရင်းမှူးကြီးတို့အပတ်စဉ်ကပါပဲ၊ ဗိုလ်ကြီး တင်လှကတော့ အပတ်စဉ်(၃၃)ကပါ"

"အေးပါဗျာ၊ထွန်းမြင့်ဦးဆိုရင် ကျွန်တော့်သူငယ်ချင်းပါ၊ကျွန်တော် ပြောရင် ရပါတယ်၊ ခင်ဗျား စိတ်ပူမနေပါနဲ့၊ စာရင်းကွာနေတာက ဘာကျည်ဆန်တွေလဲ၊ လက်နက်ငယ်လား၊ လက်နက်ကြီး လား"

"အငယ်တွေကတော့ မကွာပါဘူးခင်ဗျာ၊ ကွာနေတာကတော့ အကြီးတွေပါပဲ၊ အရေအတွက်ကတော့ သိပ်မများပါဘူး၊ ၇၅-မမ ကျည်ဆန်အလုံး သုံးလေးငါးဆယ်နဲ့၊ (၃) လက်မ စိန်ပြောင်းကျည်ဆန် အလုံး

www.burmeseclassic.com

www.burmeseclassic.com

လေးငါးခြောက်ဆယ်လောက်၊ လက်ပစ်ဗုံး သုံးလေးငါးဆယ်၊ ဒီလောက်မျှပဲ "

" ဒီလောက်ကတော့ ဖြေရှင်းလို့ ရပါတယ်၊ ခင်ဗျား စိတ်အေးအေးထားပါ "ဟု ပြောဆိုပါတော့သည်။

တပ်ရင်းမှူးကြီးက စိတ်အေးအေးထားပါဟု ပြောသော်လည်း ကျွန်တော်က စိတ်ပူတတ်သူဆိုတော့ စိတ်အေးအေး မထားနိုင်ပါ၊

ကြီးကြပ်ကန့်သတ် ခဲယမ်းကိစ္စဖြစ်၍ Promotion ကို ထိခိုက်နိုင်၏။ တကယ်တော့ ထိုအဖြစ်အပျက်မှာ ကျွန်တော့်အနေဖြင့် ဆွမ်းခံရင်း ဌက်သင့်ရခြင်းသာ ဖြစ်ပါသည်။ သူများဗျူဟာတွင် သွားတွဲရင်း၊ ဘုမသိ ဘမသိ၊ မစူးစမ်းမလေ့လာဘဲ ကားကြီး (၃)စီး တိုက်စာကျည်ဆန်များကို လက်မှတ်ထိုး၍ လက်ခံလိုက်မိရာ ထိုကျည်ဆန်များအား ဗျူဟာက တိုက်ပွဲဝင်တပ်အသီးသီးသို့ ပြန်လည် ထုတ်ပေးရာတွင် မည်သည့်တပ်သို့ မည်မျှပေးသည်ဆိုသည်ကို ကျွန်တော် မသိတော့ပါ၊ ထို့ကြောင့် ကားသုံးစီးတိုက်စာ ခဲယမ်းများ စာရင်းပေါင်း၍ မကိုက်သည့်အခါတွင် ထိုစဉ်က လက်ခံလိုက်သူ ကျွန်တော့်မှာ တာဝန်လာဖြစ်နေပါတော့သည်။

အရာရှိငယ်ဘဝက မအူမလည်နှင့် လုပ်ခဲ့မိသည့်ကိစ္စမှာ နောင်လေးငါးနှစ်အကြာတွင် လာရောက်ဒုက္ခပေးပါတော့သည်။ ဤသည်မှာ ကျွန်တော့်အတွက် မဟာသင်ခန်းစာကြီး ဖြစ်ပါတော့သည်။

တပ်မတော်မှအရာရှိငယ်များအတွက်လည်း ယခုကဲ့သို့ ကြီးကြပ်ကန့်သတ်ပစ္စည်းများ၊ ငွေကြေးကိစ္စများ၊ ဆိုက်ဖာ ခေါ် ဝှက်စာ ကိစ္စများစသည်တို့ အထုတ်အသွင်း အလွှဲအပြောင်းပြုလုပ်ရာတွင် အထူးဂရုပြုသင့်သော အချက်ကြီးဖြစ်ကြောင်း ကျွန်တော့်ကိစ္စကို နမူနာယူနိုင်ကြရန် ဖော်ပြလိုက်ရပါသည်။

( ထိုကျည်ဆန်များကွာခြားနေမှုအား နောင် (၃)နှစ်အကြာ ၁၉၈၅ ခုနှစ်၌ တပ်မ(၆၆)သို့ လူကိုယ်တိုင် သွားရောက်ဖြေရှင်းခဲ့ရပါသည်။ အလွန်ကံကောင်းထောက်မစွာဖြင့် ထိုကိစ္စကြီးကို ဖြေရှင်းနိုင်ခဲ့ပြီး ထိုဘဝေါ်အခဲ အကြပ်အတည်းမှ ကျွန်တော်လွတ်မြောက်ခဲ့ရပါသည်။ မည်သို့မည်ပုံ လွတ်မြောက်လာရသည်ကို အလျဉ်းသင့်သည့်အခါ ဖော်ပြပါဦးမည်။ )

× × × ×

## ၅ ● စာပေ


www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)
## မိုင်းယောင်းဒေသတ အတွေ့အကြုံများ

**မိုင်းဖြတ်မှ မိုင်းယောင်းသို့**

မိုင်းဖြတ်မှ မိုင်းယောင်းသည်လည်း မိုင် (၅၀)ခန့် ကွာဝေး၏။ မိုင်းဖြတ်မှထွက်သော် တာမ၊ ထိုမှသည် (၂၉)မိုင်၊ ထို့နောက် မိုင်းဟန်၊ မိုင်းယော၊ မုံးလိုက်၊ ဟောင်ကွေ့၊ ထိုမှလွန်သော် မိုင်းယောင်းသို့ ရောက်လေ၏။ မိုင်းယောင်းသည် လတ္တီတွဒ် (၂၀)ဒီဂရီနှင့် (၂၂)ဒီဂရီ အကြား၊ လောင်ဂျီတွဒ် (၁၀၀)ဒီဂရီနှင့် (၁၁၀)ဒီဂရီအကြား တည်ရှိ၍ ပင်လယ်ရေ မျက်နှာပြင့်အထက် ပေသုံးလေးရာခန့်သာ မြင့်သည်။ ပူအိုက်စွတ်စို၏။ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသတွင် ပေါက်ရောက်တတ်သည့် မန်ကျည်းပင်၊ ထနောင်းပင်စသည့် အပင်မျိုးများလည်း ရှိ၏။ အုန်းပင်များလည်း ရှိ၏။ မိုင်းယောင်းသို့ ပြန်ရောက်သည့် မိုးတွင်းကာလတွင် အမြဲတမ်း ရေဖုံးနေတတ်၏။ အင်းအိုင်၊ ချောင်းမြောင်းများ ပေါများ၏။ မိုင်းယောင်းပြန့်ကား အလျား(၁၀)မိုင်၊ အနံ (၅)မိုင်ခန့် ရှိ၏။ လျှိုမြောင်စိမ့်စမ်း အင်းအိုင်များပေါများ၍ ငှက်ဖျားလည်း အလွန် ထူ၏။ မိုင်းယောင်းငှက် မိသွားလျှင် မသက်သာလှပါ။ အချို့ဆို တစ်သက်စာ ဖုလုံသွားအောင် ငှက်ကြောက် ကြောက်သွားတတ်၏။



မိုင်းယောင်းပတ်လည်တွင် ရန်သူများလည်း ပေါများလှချေ၏။ မိုင်းယောင်းခွင်တွင် နာမည်ကြီးတိုက်ပွဲများ ဖြစ်ပွားခဲ့၏။ ကော်ဟိုလွယ် ယင်းရှူးတောင် တိုက်ပွဲ၊ ကော်ဖိုးကျား တိုက်ပွဲ၊ ကျောက်တောင် တိုက်ပွဲ၊ ဝမ်ကျိုင်းဆုံရပ် တိုက်ပွဲ၊ ဟိုခိုဘုရားကုန်း တိုက်ပွဲ၊ ဝမ်ဟိုရမ်း တိုက်ပွဲနှင့် ၁၉၈၀ ခုနှစ် မိုင်းယောင်းတိုက်ပွဲတို့သည်ကား ထိုစဉ်က နာမည်ကြီးသော တိုက်ပွဲများဖြစ်ကြ၏။

၁၉၈၂ ခုနှစ်၊ မိုင်းယောင်းသို့ ကျွန်တော်ရောက်စဉ် ထိုတိုက်ပွဲများ၏ အရှိန်ကား မသေသေးပါချေ။

ထို့ကြောင့် “ မိုင်းယောင်းမှာ အသက်နဲ့ကိုယ် အိုးစားမကွဲချင်ရင် မပေါ့နဲ့နော် ”ဟု ရောက်ဖူးသူတို့က တဖွဖွမှာကြသည် ထင်ပါ၏။

ကျွန်တော်တို့ မိုင်းယောင်းသို့ ရောက်လျှင်ရောက်ချင်း တပ်ရင်းမှူးကြီးနှင့် စစ်ကြောင်း(၁) သုံးခွဲက မိုင်းယောင်းအထိ ချီတက်၍ နည်းဗျူဟာသို့ သတင်းပို့ရ၏။ နည်းဗျူဟာမှူးမှာ ဗိုလ်မှူးကြီးအောင်ဖုန်း (ယခု သစ်တောရေးရာဝန်ကြီး)ဖြစ်ပါသည်။ ကျွန်တော်၏ စစ်ကြောင်း(၂)နှင့် နှစ်ခွဲမှာ မိုင်းယောင်းနှင့် လေးငါးခြောက်မိုင်ခန့် ဝေးသည့် မုံးလိုက်ရွာကြီးတွင် ခေတ္တအခြေပြုရပါသည်။ ကျွန်တော်၏စစ်ကြောင်းတွင် တပ်ခွဲမှူးများမှာ ဗိုလ်ကြီးသန်းဝင်း (ယခု ဗိုလ်မှူးကြီးသန်းဝင်း၊ ချင်း ပယက ဥက္ကဌ)၊ ဗိုလ်ကြီးဌေးလွင် (ယခု ဗိုလ်မှူးဌေးလွင်၊ မြို့တော်စည်ပင်)တို့ ဖြစ်ကြ၏။

ထိုစဉ်က မုံးလိုက်မှာ ဗကပများ နှိပ်စက်ထားသဖြင့် ရွာပျက်မတတ်ဖြစ်နေသည့် အချိန်ဖြစ်၏။ အိမ်များမှာ မြေအုတ်များနှင့် ဆောက်ထားသည့် အိမ်ကြီး အိမ်ကောင်းများ ဖြစ်၏။ ရှေးယခင်က အိမ်ခြေရာကျော်ရှိသည့် ရွာကြီးပါပင်။ သို့ရာတွင် ကျွန်တော်တို့ရောက်သည့်အချိန်တွင် လူနေသည်မှာ အိမ်ခြေ လေးငါးဆယ်ပင် ပြည့်အံ့ မထင်မတော့ပါ။

**ကျွန်တော် လမုံး ကဖူးပြီ**

ရှမ်းပြည်နယ်၊ အရှေ့ပိုင်းသို့ ရောက်ပြီဆိုလျှင် လမုံး ကဖူးကမိပါချေ။ လမုံး ကဖူးမှသာလျှင် ပြည့်စုံသည်ဟု ယူဆကြ၏။ ကျွန်တော်သည်လည်း လမုံးအကြောင်း ကြားဖူးနေသည်မှာ ကြာပါပြီ။

www.burmeseclassic.com



သို့ရာတွင် လမုံးအကြောင်းတော့ ဘာမှ မသိသေးပါ။ စစ်ဆင်ရေးသာ နှစ်ပတ်ရှိသွားပြီ။ လမုံး တစ်ခါမှ မကဖူးသေးပါ။

မုံးလိုက်သို့ရောက်သည့်အခါ ထိုတစ်ခါမှ မကဖူးသော လမုံးကဖို့ ကြုံကြိုက်လာပါသည်။ ဖြစ်ပုံမှာ ကျွန်တော်တို့ မုံးလိုက် ရောက်ပြီး နောက်နေ့တွင် မိုင်းယောင်းမှ နယ်ဘက် အုပ်ချုပ်ရေးအရာရှိများ ရောက်လာ၏။ မုံးလိုက်တွင် ကျွန်တော်တို့နှင့်တွေ့ပြီး အစည်းအဝေးများ လုပ်၏။ ကျွန်တော်တို့နှင့်အတူ ညအိပ်မည်ဟုလည်း ဆို၏။ ညစာလည်း အတူစားကြ၏။ ညစာစားပြီးချိန်တွင် ကျွန်တော့် စစ်ကြောင်းရုံး အခြေပြုထားသည့် အိမ်ကြီးသို့ ရွာမှ တီးဝိုင်းတစ်ခု ရောက်လာသည်။

" ဟ ဆိုင်းတွေ ဗုံတွေပါလား၊ ဘာလုပ်ကြမှာလဲ "

" လမုံး ကမယ်လေ၊ စစ်ကြောင်းမှူးကြီးရဲ့ ကတတ်တယ် မဟုတ်လား "

" ကြံကြီးစည်ရာဗျာ၊ ဘယ်က ကတတ်ရမှာလဲ "

" ဟာ ဒါဆိုရင် အတော်ပဲ၊ တစ်ခါတည်း ဒီမှာ သင်လိုက်ရင် ကတတ်သွားမယ် "

မိုင်းယောင်းမှလာသည့် နယ်ဘက် အုပ်ချုပ်ရေးအရာရှိများ၏ အဖွဲ့ခေါင်းဆောင်မှာ ယခင်က ကုန်သွယ်ရေးဝန်ထမ်းဖြစ်ပြီး မိုင်းယောင်းတွင် အတော်အနေကြာနေပါပြီ။ လမုံးအက အတော်ကျွမ်းကျင်သည်ဟု နာမည်ကြီးသူ ဖြစ်ပါသည်။ နာမည်မှာ ဦးကျော်စိန်ဟု ထင်ပါ၏။ ကောင်းကောင်း မမှတ်မိတော့ပါ။ တစ်ဦးမှာ ဦးစိုင်းဆင်စိုင်း ဖြစ်၍ သူကလည်း မိုင်းယောင်းတွင် လမုံး Expert ဟု နာမည်ကြီးသူ ဖြစ်ပါသည်။ ထိုစဉ်က ဦးစိုင်းဆင်စိုင်းမှာ ပါကီယူနစ်ဥက္ကဋ္ဌ ဖြစ်၏။ ည (၇)နာရီခန့်တွင် အောက်လင်းဓါတ်မီးကြီး သုံးလေးလုံးထွန်း၍ တယော၊ နှဲ၊ ဗုံ၊ ပတ္တလား မောင်းစသည့် ရိုးရာတူရိယာများဖြင့် လမုံးပွဲကို စတင် ဆင်နွှဲကြပါတော့သည်။

မိုင်းယောင်းဒေသသည်ကား အလွန် အသားဖြူသော လီရှမ်းလူမျိုးများ၏ ဒေသဖြစ်၏။ ထိုလီရှမ်းများကို မြန်မာ၊ ထိုင်း၊ လာအိုနှင့် တရုတ်ဂြိုဟ်သူ့သမ္မတနိုင်ငံတို့တွင် တွေ့နိုင်ပါသည်။ လီရှမ်းအမျိုးသမီးများသည် ထဘီနှင့် အင်္ကျီဝတ်၍ ခါးတွင် ငွေခါးပတ်များပတ်ပြီး နဖူးဆံပင်



တွင် သျှောင်ထုံးများ ထုံးတတ်ကြ၏။ အလွန်ထူးခြားသော ဆင်ယင်ထုံးဖွဲ့မှု ဖြစ်၏။ ယောကျ်ားများကမူ အခြားသော ရှမ်းတိုင်းရင်းသားများနှင့် သိပ်မကွာလှ၊ ထိုလီရှမ်းများကို မိုင်းယောင်းဒေသမှ လွဲ၍ မြန်မာနိုင်ငံတွင် အခြားနေရာများ၌ ကျွန်တော် မတွေ့ဖူးပါ။

ထိုနေ့က လမုံးကသောအခါ ဆိုင်းဝိုင်းကလေးက ခပ်နွဲ့နွဲ့ တီးခတ်ပြီး တယောသံလေးက ခပ်ချွဲချွဲဖြင့် လမုံးမင်းသမီး လီရှမ်း လှပျိုဖြူကလေးများက တစ်ဦးပြီးတစ်ဦး လက်အုပ်ကလေးများ ချီကာ ချီကာ ခပ်နွဲ့နွဲ့ဖြင့် က၍ ထွက်လာပါသည်။ မိုင်းယောင်းမှလာသည့် နယ်ဘက်အုပ်ချုပ်ရေး အရာရှိများက လမုံး လှပျိုဖြူကလေးများဖြင့် တွဲပြီး အသီးသီး၊ လက်ကလေးမြှောက်လိုက်၊ ခါးကလေး နွဲ့လိုက်ဖြင့် ပျော်ရွှင်စွာ ကကြ၏။ ကျွန်တော်တို့ နားမလည်သော ရှမ်းသီချင်းများ ဆိုကြ၏။ ထို့နောက် ဘေးနားရှိ နာမည်ကျော် မိုင်းယောင်းစပါး အရက်ပုံးမှ စပါးအရက်အား တစ်ခါ ကလိုက်၊ တစ်ခွက်သောက်လိုက်ဖြင့် စည်းဝါး ကိုက်နေကြ၏။ သံစဉ်မှန်နေကြ၏။ သုံးလေးငါးချီ ကပြီးသောအခါ အရှိန်ရနေသော ဦးစိုင်းဆင်စိုင်းက

" လာပါ စစ်ကြောင်းမှူးရဲ့၊ ကစမ်းပါဦး "

ဟု ခေါ်ပါတော့သည်။ ကျွန်တော်က ပြုံး၍ လက်ကာပြလိုက်၏။

" ကျွန်တော် မလုပ်တတ်ပါဘူးဗျာ၊ ဗိုသန်းဝင်းနဲ့ ကိုဌေးလွင်သာ ခေါ်ပါ "

ဟုသာ ပြန်ပြောမိပါသည်။

သူတို့က အတင်းခေါ်သောအခါ ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီးဌေးလွင်တို့က လမုံး ကျွမ်းပြီးသူများဖြစ်၍ ထပြီး ကကြ၏။ တပ်စုမှူးများဖြစ်ကြသည့် ဗိုလ်စိုးလွင်၊ ဗိုလ်လှမော်၊ ဗိုလ်ထွန်းလှအောင်၊ ဗိုလ်အောင်သန်းတို့ကလည်း အသီးသီးဝင် ကကြ၏။ ကျွန်တော်ကတော့ ရာထူးအကြီးဆုံးလည်း ဖြစ်၊ ကလည်း မကတတ်၊ တစ်ခါမှ မသိဘူး၊ မမြင်ဘူးသေးသည့် မိန်းမပျိုလေးများနှင့် ဘုမသိဘမသိတွဲရမည်ကို ချွန်ရှက်ရှက်ဖြင့် ဝင်မကဖြစ်ပါ။ လမုံးမကတတ်၍ သူတို့ ကသည်ကို ကြည့်ရင်း မိုင်းယောင်းစပါးကိုသာ တစိမ့်စိမ့် သောက်နေမိပါသည်။

အချိန်ကြာလာလေ မိုင်းယောင်းစပါးက တန်ခိုးပြလာလေ ဖြစ်၏။ လမုံးပွဲ တစ်နာရီကျော်ခန့်အကြာတွင် ကနေသူအားလုံး အတော်

www.burmeseclassic.com

www.burmeseclassic.com



လေး မှုးမှုးမောမောဖြစ်နေပြီ ထင်၏။ ကျွန်တော်တစ်ဦးတည်း လမုံးပွဲဘေးတွင် ကုလားထိုင်ချ၍ ဖန်ခွက်ကိုင်ကာ မီးရောင်အောက်တွင် ငုတ်တုတ်ကြီးထိုင်နေသည်ကို အားလုံးက ကြည့်၍ ရယာန် မတ္တတော့၊ ထို့ကြောင့် အားလုံးက ခေါင်းဆောင်မင်းသမီးကလေးအား ကျွန်တော့်ကို အတင်း ခေါ်ခိုင်းပါတော့သည်။ ထိုမိန်းကလေးမှာ ချောမောလှပ၍ အသက်လည်း နှစ်ဆယ်ခန့်သာ ရှိမည် ထင်ပါသည်။ တီးလုံးကလည်း ပိုမြန်လာ၍ ပိုမြူးကြွလာ၏။ ခေါင်းဆောင် မင်းသမီးလေးကလည်း မရမက လက်အုပ်ချီကာ ကျွန်တော့်အား ခေါ်နေရာ အားလုံးက -

" လာပါ စစ်ကြောင်းမှူးရယ်၊ ကပါ "ဟု အတင်း ဝိုင်းဝန်းတိုက်တွန်းကြပါတော့သည်။

ထိုအခါ ရီဝေဝေဖြစ်နေသော ကျွန်တော်လည်း စပါးတစ်ခွက်ကို ရေမရောဘဲ မော့ချလိုက်ပြီး ရဲဆေးတင်ကာ လိရှမ်းမင်းသမီးလေး ခေါ်ရာသို့ လိုက်သွားမိပါတော့သည်။ လမုံးအကမှာ ခြေလှမ်းအနှုတ် အသိမ်းနှင့် လက်လှုပ်ရှားမှု မှန်ကန်ဖို့ လိုပါသည်။ ကိုယ်နှင့်တွဲ ကနေသည့် မင်းသမီးနှင့် လိုက်လျောညီထွေ လှုပ်ရှားတတ်ရပါသည်။ ကျွန်တော်သည် အကပညာ မတတ်သော်လည်း အခြေအနေကိုကြည့်၍ ခြေထောက် အရွှေ့အပြောင်း၊ အနှုတ် အသိမ်းကိုတော့ လုပ်တတ်ပါသည်။ ထို့ကြောင့် တီးလုံးသုံးခုလောက် ပြီးဆုံးသွားသည့်အခါ ကျွန်တော်လည်း ချွေးပြန်လာပြီး၊ ယခင်က ရှက်သလို၊ ရွံ့သလိုဖြစ်နေသည်များ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်၍ ရဲရင့်သွားပါတော့သည်။

မင်းသမီးကလေးကလည်း ပြုံးပြုံးပြုံးပြုံးဖြင့် ကျွန်တော့်အား အလိုက်သိစွာ ဖေးမ၍ တွဲကတတ်ပြီး အကနားချိန်များတွင် ရဲဆေးအဖြစ် စပါးဖန်ခွက်ကလေးကို သူမကိုယ်တိုင် ယူလာ၍ တိုက်လိုက်ပါသေးသည်။ ဤသို့ဖြင့် ကျွန်တော်တို့၏လမုံးဝိုင်းမှာ ည (၁၀)နာရီကျော် သွားပါသည်။ နောက်ဆုံး၌ လူတွေလည်း မော၍ ခြေကုန် လက်ပမ်းကျပြီး ဘေးမှာထားသည့် စပါးပုံးလည်း တက်တက်ပြောင်သွား၏။ ထိုအခါကျမှ ပွဲသိမ်းပါတော့သည်။ ကျွန်တော်သည်လည်း ထိုနေ့ည တစ်ညတည်းနှင့် လမုံးစာမေးပွဲအောင် သွားပါတော့သည်ခင်ဗျား။

× × × ×



**စိန်ပြောင်းဖြင့် အပစ်ခံရခြင်း**

လမုံးကပြီး နောက်တစ်နေ့ဖြစ်၏။ ထိုနေ့က တစ်နေ့လုံး ညက လမုံးပွဲအကြောင်းကို ဟိုပြော ဒီပြော ပြောဖြစ်ကြသည်။ ဤသို့ဖြင့် တစ်နေကုန်သွား၏။ ညစာအား စစ်ကြောင်းရုံးတွင် စု၍ စားကြသည်။ ထိုနေ့ညက ညစာစားပြီး ကျွန်တော်နှင့် တပ်ခွဲမှူးနှစ်ဦးဖြစ်သော ဗိုလ်ကြီးသန်းဝင်း နှင့် ဗိုလ်ကြီးငွေးလွင်တို့ နှစ်ဦး၊ မိုင်းယောင်း၊ လမုံးနှင့် မိုင်းယောင်းဒေသအကြောင်းကို ရောက်တတ်ရာရာ ပြောဆိုဆွေးနွေးကြသည်။ ထိုသို့ စကားကောင်းနေစဉ် ကျွန်တော်တို့ အခြေပြုထားသည့် မိုင်းယောင်း၊ မိုင်းဖြတ်ကားလမ်းမကြီး၏ အရှေ့ခြမ်း၊ နမ့်မယောင်းချောင်းစပ် လယ်ကွင်းများထိပ်မှ ရုတ်တရက်

" ပတောက်- ပတောက်၊ ဖောင်း- ဖောင်း- ဖောင်း "ဟူသော လက်နက်ငယ်အသံများ ပေါ်ထွက်လာပါသည်။

" ဟိုက်၊ ပစ်ပြီဟေ့ "

ကျွန်တော်က အားလုံးကို နေရာယူခိုင်းလိုက်သည်။ တစ်ဖက်မှ " ပတောက်- ပတောက်- ပတောက် " ဖြင့် ထပ်ပစ်ပြန်သည်။ ကျည်ဆန်အချို့က ကျွန်တော်တို့နေသည့် အိမ်များခေါင်းမိုးကို လာမှန်ကြ၏။ ရန်သူပြောက်ကျားများက ကျွန်တော်တို့အား လာအကဲစမ်းနေသည် ထင်၏။ မနေ့က တစ်ညလုံး လမုံး ကနေကြခြင်းကြောင့် မျက်စိနောက်၍ လာပစ်ခြင်းလား မသိပါ။

" ရန်သူက ပြောက်ကျားလောက်ပဲထင်တယ် ကိုသန်းဝင်း၊ တပ်ခွဲပြန်လိုက်လေ "

" ကိုငွေးလွင်က နေရာယူထား၊ ပြန်မပစ်စေနဲ့ "

တပ်ခွဲမှူးနှစ်ယောက်ကို မှာလိုက်သည်။ ရန်သူက အနည်းငယ်ထပ်ပစ်ပြန်၏။ ထိုအချိန်တွင် မမျှော်လင့်ဘဲ " ဖောင်း "ဟူသော အသံတစ်ခုကြား၍ ကျွန်တော့်စစ်ကြောင်းရုံးရှေ့ ဝါးတစ်ရိုက် အကွာခန့်တွင် " အုမ်းကနဲ " မြည်ဟည်းသံနှင့် မီးရောင်များလက်သွားပြီး ဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲသွား၏။ ကျွန်တော် အလွန်အံ့သြသွားသည်။

" ဟိုက် အာပီဂျီနဲ့များ ပစ်တာလား "

" မဟုတ်ပါဘူး စစ်ကြောင်းမှူး၊ ကိုသန်းဝင်း တပ်ခွဲဘက်က လာတာ "

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကြီးဋ္ဌေးလွင်က ဝင်ပြောသည်။

" ဟ နင့်မေကလွှား၊ ကိုသန်းဝင်း မြန်မြန်ပြန်၊ ဘယ်သူပစ်တာလဲ မေးပြီး အဲ့ဒီကောင်ကို ဒီခေါ် ခဲ့ပါဦး "

ကျွန်တော်သည် ရန်သူမှ လက်နက်ငယ်နှင့်ပစ်သည်ကို မစိုးရိမ်မိ၊ မိမိ အချင်းချင်းပစ်၍ မှန်ကုန်မည်ကို အလွန်စိုးရိမ်၏။ ကိုယ့်လူချင်းများပစ်ကြ၍ ကျွန်တော့်စစ်သက်တစ်လျှောက်တွင် ခဏခဏလည်း မှန်ခဲ့ဖူးပါပြီ၊ ကျွန်တော်ကိုယ်တိုင်ပင် အချင်းချင်းများပစ်သည်ကို ခံလိုက်ရသည့်အတွက် ဆေးရုံ သုံးလေးငါးလ တက်ခဲ့ရဖူးပါသည်။ ထို့ကြောင့် အချင်းချင်းများပစ်မှာကို အထူးစိုးရိမ်မိ၏။ ယခုမူ တိုက်ပွဲမှ မစသေး၊ အချင်းချင်းများပစ်၍ ဈေးဦးက ပေါက်ချင်ပြီ။ တစ်ဖက်မှ ရန်သူကလည်း ကျွန်တော်တို့က ပြန်မပစ်လို့လား၊ စိန်ပြောင်းသံကြောင့်လား မသိ၊ အပစ်ရပ်သွား၏။ အနေအစားပျက်အောင် Harassing Fire လုပ်သွားခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ကိုယ့်အချင်းချင်းက စိန်ပြောင်းနှင့် အပစ်ခံလိုက်ရ၍ တော်တော်တော့ အောင့်သက်သက် ဖြစ်သွား၏။ ခဏအကြာတွင် ဗိုလ်ကြီးသန်းဝင်းပြန်လာသည်။ ၎င်းနှင့်အတူ ကျောင်းဆင်းခါစ ယခု အပတ်မှ ရှေ့တန်းလိုက်လာသည့် ဒုဗိုလ်လှမော် (ယခု ဗိုလ်ကြီးလှမော်၊ မြို့တော်စည်ပင်)လိုက်ပါလာသည်။

" စစ်ကြောင်းမှူး၊ နောက်ကနေပြီး စိန်ပြောင်းနဲ့ လှမ်းပစ်တာ ဒီကောင်ပဲ "

တပ်ခွဲမှူး ဗိုလ်ကြီးသန်းဝင်းက ဒုဗိုလ်လှမော်အား လက်ညှိုးထိုး၍ ပြောလေသည်။

" ဟိတ်ကောင်၊ မင်းက ဘာကိစ္စနဲ့ စိန်ပြောင်းနဲ့ လှမ်းပစ်ရတာလဲ ခွေးမျိုး၊ မင်းပစ်တာ ကံကောင်းလို့ ငါ့ခေါင်းပေါ် မကျတယ် "

ကျွန်တော်က အလေးအနက်ဖြင့် ပြောနေသော်လည်း ဒုဗိုလ်လှမော်မှ ရယ်ကျဲကျဲဖြင့်

" ရန်သူ့ဆီက ပစ်တဲ့အသံကြားလို့ ပစ်လိုက်တာပါ "

ဟု ခပ်အေးအေးပင် ဖြေပါတော့သည်။

" မင်းကို ဘယ်သူက ပစ်ခိုင်းတာလဲ "



" ဘယ်သူမှ မပစ်ခိုင်းပါဘူး၊ ကျွန်တော့်သဘောနဲ့ ကျွန်တော် ပစ်လိုက်တာပါ "

ကျွန်တော်က အတော်စိတ်ဆိုးနေသော်လည်း ဒုဗိုလ်လှမော်မှ မျိုးစပြင့် အေးအေး ဆေးဆေးပင် ဖြေနေရာ ကျွန်တော့်မှာ ငိုရခက်၊ ရယ်ရခက်၊ ထိုးရခက်၊ ရိုက်ရခက်နှင့် ဖြစ်သွား၏။ ထို့ကြောင့် -

" အင်း ဒီကောင်၊ ကျောင်းဆင်းခါစ ဗိုလ်ပေါက်စဆိုတော့ မသိနားမလည်ပဲ လုပ်မိ လုပ်ရာ လုပ်လိုက်တာပဲ "ဟု တွေးမိကာ -

"ကဲ ကဲ သွားတော့ ဟိတ်ကောင်၊ နောက်အမိန့်မရရင် မလုပ်နဲ့၊ အမိန့်ရမှ လုပ်ကွ ငါ့လူရ၊ ဒါစစ်တပ်၊ စစ်တိုက်နေတာ၊ ကလေးကစားနေတာ မဟုတ်ဘူး၊ လုပ်မှား ကိုင်မှားဆိုရင် သေတတ်တယ်၊ နားလည်ရဲ့လား "ဟုသာ ပြောလိုက်ရပါတော့သည်။

ဗိုလ်လှမော်လက်ချက်ဖြင့် မိုင်းယောင်းရောက်ခါစမှာ ကံကောင်း၍ (၂)လက်မစိန်ပြောင်းစာ မိမသွားခြင်းဖြစ်၏။ နောက်တစ်နေ့တွင်တော့ ကျွန်တော်တို့ စစ်ကြောင်း(၂) တစ်ခုလုံး မိုင်းယောင်းမြို့သို့ ဝင်ရပါသည်။

နောင်အခါ ထိုအဖြစ်အပျက်ကို အခွင့်ကြုံတိုင်း ပြန်ပြော၍ ဟသောသော ရယ်မောကြရပါသည်ခင်ဗျား။

## ပုပ်တုန့်၊ ဝမ်ရှန်ခွင်အား ထိုးဖောက်ရာဝယ်

ကျွန်တော်၏ - သနက(၁)၊ စစ်ကြောင်း(၂) မိုင်းယောင်းသို့ ဝင်ရောက်ချိန်မှာ မိုးသည်းထန်စွာ ရွာသွန်းနေသော ဩဂုတ်လဖြစ်၏။ မိုင်းယောင်းရောက်သော် မြို့တောင်ဘက်အထွက်က ဟောင်ကျန့် ရွာကလေးတွင် အခြေပြုရ၏။ ဟောင်ကျန့်ကား ချင်း(၃)နှင့် ဗျူဟာကုန်းမှ မိုင်းယောင်းမြို့သို့အလာ လမ်း၏ညာဘက်တွင်ရှိသော လီရှမ်းရွာ ကလေးဖြစ်၏။ ဟောင်ကျန့်တွင်လည်း လမုံးအဖွဲ့ ရှိပါသည်။

" အစ်ကိုကြီးတို့ လမုံးက ချင်လဲ ဖြစ်တယ်နော်၊ ဒီမှာ လမုံး မင်းသမီးလေးတွေ ရှိတယ် "

စစ်ကြောင်းရုံးမှ ဗိုလ်မြတ်သာက တွေ့လျှင်တွေ့ချင်းပင် ပြောသွားရ ပြ၏။

လမုံးရောဂါ စွဲကပ်လာသော ကျွန်တော်တို့တစ်တွေလည်း သိပ်တော့ လက်မနှေးပါ။

www.burmeseclassic.com

www.burmeseclassic.com

" ဒါဆိုလဲ စမ်းကြည့်ကြတာပေါ့ "ဟု ဆိုကာ ရောက်သည့်နေ့မှာပင် တပ်ရင်းမှူးကြီးအား ခွင့်ပန်၍ ဟောင်ကျန့်တွင် လမုံးတစ်ပွဲ ကလိုက်၏။

ဟောင်ကျန့် လမုံးခေါင်းဆောင် မင်းသမီး အိန္ဒမ်းမှာ များစွာ ချောမောလှပ၍ ကိုယ်လုံး ကိုယ်ပေါက်အချိုးအစား ပြေပြစ်ကျန၏။ အကကလည်း ကောင်း၊ အပြောကလည်း ကောင်းသဖြင့် ကျွန်တော်တို့ လူစစ်များက အထူးသဘောကျကြ၏။ ကျွန်တော်ကိုယ်တိုင် ထိုနေ့ညက အိန္ဒမ်းနှင့် သုံးလေးခါလောက် တွဲကလိုက်သောအခါ သူမ၏ အရည်းအချင်းကို သဘောပေါက်သွားပါသည်။ အကမှာ လှပညက်ညောရုံသာမက အရယ် မျက်လုံး [illegible]ပြုံးမျက်နှာများကလည်း စွဲမက်ဖွယ်ရာ ဖြစ်၏။

" အင်း ဒါကြောင့်လဲ လမုံး၊ လမုံးနဲ့ ပြောနေကြတာကိုး "

ရောက်ရောက်ခြင်း လမုံး ကမိ၍လားတော့ မသိ၊ နောက်နေ့တွင် ဗျူဟာရုံးက တပ်ရင်းမှူးနှင့် ကျွန်တော့်အား ခေါ်ပါတော့သည်။

" ကဲ- လာဗျို့၊ ဦးကိုလေးနဲ့ မောင်သက်ဦးတို့၊ ကိစ္စကတော့ ဝမ်တုန့်၊ ဝမ်ရှန်ခွင်ကို ထိုးဖောက်ဖို့ပဲ၊ ဦးကိုလေးဆီက စစ်ကြောင်း(၂)နဲ့ နှစ်ခွဲတာဝန်ပေးပါ၊ ဝမ်ရှန်ဘုရားကုန်းမှာ ဗကပ(၈၁၅)က လက်နက်ကြီး တပ်ခွဲတစ်ခွဲနဲ့ တပ်ရင်းမှူးအဆင့်ရှိတဲ့ လူကြီးတစ်ယောက် အမြဲလိုလို အခြေပြုထားတယ်လို့ သတင်းရတယ်၊ အခြေအနေပေးရင် ဒီကောင်တွေ ဝမ်ဟိုရှမ်းကို တိုက်လိမ့်မယ်၊ ပြီးရင်တော့ မိုင်းယောင်းအထိ ထိုးဖောက်မယ်ပေါ့ဗျာ၊ သူ မလုပ်ခင် ကိုယ်က လက်ဦးမှုရအောင် ဒါကို ဝင်ရှင်းမှ ရမယ်၊ ဦးကိုလေးက မီးပျောက်ရိက္ခာ သုံးရက်စာနဲ့ ခင်ဗျား စစ်ကြောင်း (၂)ကို သေသေချာချာစုဖွဲ့ပြီး လွှတ်လိုက်ဗျာ၊ လက်နက်ကြီးကတော့ ၆၀ မီလီမီတာနဲ့ ၈၁-မီလီမီတာ စိန်ပြောင်းတွေကို ဖွဲ့စည်းပုံအတိုင်း ထည့်ပေး လိုက်ပါ၊ ကျန်တာတော့ ပေါ့ပေါ့ပါးပါးပေါ့၊ ဝမ်ရှန်ဘုရားကုန်း ရှင်းပြီးရင် တော့ တောင်ဘက်က ရွာပုန်းတွေကို ဆက်ရှင်းပေးပါ၊ ပြီးရင်တော့ ပြန်ဝင်ပေါ့၊ မီးပျောက်ရိက္ခာ သုံးရက်စာအပြင် ရိက္ခာခြောက် သုံးရက်စာ လောက် ထည့်ပေးလိုက်ပါ "

ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးအောင်ဖုန်း ဖြစ်ပါသည်။ ဗိုလ်မှူးကြီး အောင်ဖုန်းကား ကျွန်တော် ဗိုလ်လောင်းကျောင်းသားဘဝက ကျွန်တော် ၏ နည်းပြဆရာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တော့အား မောင်သက်ဦးဟု



လည်းကောင်း၊ ရံဖန်ရံခါ ဂရိတ်သက်ဦး ဟုလည်းကောင်း၊ ရံဖန်ရံခါ ဟော့ကောင် သက်ဦး ဟုလည်းကောင်း အလွန်ရင်းနှီးစွာ သုံးနှုန်းခေါ်ဝေါ် တတ်ပါသည်။ တပည့်ရင်း၊ ဆရာရင်းဖြစ်၍ ပြောရဆိုရတာကတော့ ရင်းရင်းနှီးနှီး ရှိလှ၏။ ဗျူဟာမှူးသည် ကျွန်တော့် တပ်ရင်းမှူးနှင့်လည်း ၁၉၆၀ ပြည့်လွန်ကာလများက မော်ဘီတပ်နယ်တွင် နည်းပြဆရာ အတူတူ လုပ်ခဲ့ကြသည့် လုပ်ဖော်ကိုင်ဘက်များဖြစ်၍ တစ်ဦးနှင့်တစ်ဦး အကြောင်းသိများ ဖြစ်ကြ၏။ ထို့ကြောင့်လည်း ရင်းရင်းနှီးနှီး ခေါ်ဝေါ် တွေ့ဆုံ၍ တာဝန်ပေးခြင်း ဖြစ်ပါသည်။

" ကဲ ဘာမေးစရာရှိသေးသလဲ " ဗျူဟာမှူးမှ မေး၏။

" မရှိပါဘူး "

" မရှိရင် နက်ဖြန်တစ်ရက်ပြင်ဆင်ပြီး သဘက်ခါထွက်လေ၊ ဒီ စစ်ဆင်ရေးအပတ်မှာ ဒါဟာ သနက(၁)ရဲ့ ပထမဆုံး လှုပ်ရှားမှုဖြစ်တဲ့ အတွက် အဆုံးအရှုံးမရှိအောင် ကြိုးကြိုးစားစားလုပ်ဖို့တော့ တပ်ရင်းမှူး နဲ့ စစ်ကြောင်းမှူးက စီစဉ်ဆောင်ရွက်ကြပါ "

ဗျူဟာမှူးက အထက်ပါအတိုင်း Briefing ကို အဆုံးသတ် လိုက်၏။

ထိုနေ့ညက ဟောင်ကျန့်ပြန်ရောက်တော့ စစ်ကြောင်း(၁) ဌာနချုပ်၌ အရာရှိအစည်း အဝေး လုပ်သည်။ တပ်ရင်းမှူးကြီးက -

" ဒီ ထိုးဖောက်ခရီးစဉ်က First Impression မို့ သိပ်အရေး ကြီးတယ်ဗျာ၊ ဝမ်ရှန်ဘုရားကုန်းပေါ်မှာ ရန်သူ့လက်နက်ကြီး အဖွဲ့ရှိတယ် လို့ သတင်းထွက်နေတာ ကြာပြီ၊ အဲဒီကောင်တွေက မိုင်းယောင်းပြန့် ဆင်းပြီး မကြာမကြာ ဒုက္ခပေးနေတယ်လို့လဲ ပြောတယ်၊ ဗျူဟာအနေနဲ့ သံသယရှင်းသွားအောင် ကျွန်တော်တို့ ဝင်ရှင်းပေးရမယ်၊ ဒီလှုပ်ရှားမှုက အထူး အရေးကြီးတော့ အရင်ဒီဂွင်ကို ဝင်ခဲ့ဘူးတဲ့ ဗိုလ်ကြီးသန်းဝင်းနဲ့ ခွဲ(၄)ကို ပြန်ထည့်ပေးမယ်၊ စစ်ကြောင်းမှူး ဗိုလ်ကြီးသက်ဦးအတွက် တိုင်ပင်ဖော် တိုင်ပင်ဘက်ရအောင် ခင်ဗျားသူငယ်ချင်း ဗိုလ်ကြီး သောင်းတင်နဲ့ ခွဲ(၂)လဲ ထည့်ပေးလိုက်မယ်၊ ခွဲ(၃)ကိုတော့ ကျွန်တော် ပြန်ခေါ်ထားလိုက်မယ်၊ အဲဒီတော့ အခု ခရီးထွက်မယ့် စစ်ကြောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ခွဲ(၂)နဲ့ ခွဲ(၄)၊ ကျန်ခဲ့တဲ့ ကျွန်တော့် စစ်ကြောင်းမှာတော့ ခွဲ(၁)၊ ခွဲ(၃)၊ ခွဲ(၅) ပေါ့ဗျာ ”

တပ်ရင်းမှူးကြီးက သူ့အစီအစဉ်ကို ရှင်းလင်းပြသည်။

“ စစ်ကြောင်း(၂)က အရာရှိတွေ ဘာများပြောစရာရှိလဲ ”

“ မရှိပါဘူး ”

“ ကဲ မရှိရင်တော့ နက်ဖြန်တစ်ရက် မီးပျောက်ရိက္ခာ ကောက်ညှင်း ကျည်တောက်နဲ့ အသားလေး၊ ငါးလေးကြော်သွားကြပေါ့ဗျာ၊ တို့စစ်ကြောင်းရုံးက ဗိုလ်မြတ်သာတို့ကလဲ လိုတာတွေ ဝိုင်းလုပ်ပေးလိုက်၊ မသွားခင် လမုံးတစ်ပွဲလောက် က ချင်လဲ ကသွားကြပေါ့ ”

တပ်ရင်းမှူးကြီးက ပြုံး၍ စကားကို နိဂုံးချုပ်လိုက်၏။

ကျွန်တော်နှင့် ဗိုလ်ကြီးသောင်းတင်မှာ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၆)သင်တန်းတစ်ပတ်စဉ်ထဲမှ ဖြစ်ကြ၏။ ဗိုလ်ကြီးသောင်းတင် (ယခု ဒု-ဗိုလ်မှူးကြီးသောင်းတင်၊ ခဃက၊ မင်းဘူး)သည်ကား သူ့နည်းသူ့ဟန်ဖြင့် ထူးခြားသူဖြစ်၏။ သူတို့မိသားစုတွင် ညီအစ်ကို (၄)ယောက်ရှိ၏။ (၃)ယောက်မှာ တပ်မတော်ထဲသို့ ဝင်၏။ သူ၏ အစ်ကိုကြီးက လေတပ်တွင် လေယာဉ်မောင်း၏။ လားရှိုးတွင် လေယာဉ်ပျံပျက်ကျ၍ ကွယ်လွန်သည်။ သူ၏ညီ အားဖွိ ခေါ် သိန်းဆွေကား ကျွန်တော်တို့နှင့် အတူတူပင် ဗိုလ်သင်တန်းတစ်ပတ်တည်း ဆင်းဖြစ်သည်။ အရှေ့မြောက်တွင် ဗကပများ ဆူပူသောင်းကျန်းခါစက ဗကပများဖြင့် တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့၏။ သူ့ကို ကျွန်တော်တို့ တစ်ပတ်တည်းဆင်း သူငယ်ချင်းများက အားဖွိသိန်းဆွေ (သို့မဟုတ်) တစ်ငါးလုံး သိန်းဆွေဟု ခေါ်၏။ အားဖွိမှာ သူ၏ငယ်နာမည် ဖြစ်သည်။ တစ်ငါးလုံးမှာ သူ၏ဘီစီနံပါတ်ဖြစ်သည်။ ထို့ကြောင့် သူ့ကို ပြောမည်ဆိုက ကြည်း- ၁၁၁၁၁၊ ဗိုလ်သိန်းဆွေ ဟူသတည်း။

အစ်ကိုနှင့်ညီ ကွယ်လွန်ပြီး၍ သူ့အမေက သူ့အား သူ့အစ်ကိုနှင့် သူ့ညီလို မဖြစ်ရအောင် ရန်ကုန်ကို အတင်းခေါ်သည်။ ထိုအခါ မှတ်တမ်းရုံးသို့ သူရောက်လာ၏။ သူငယ်ချင်းတွေ အလှိုလှို ဗိုလ်မှူးဖြစ်တော့လည်း “သူလည်း သေချင်သေပါစေ၊ မှတ်တမ်းရုံးတွင် မနေလိုတော့၊ စစ်မြေပြင်ကို သွားမည်” ဟုဆိုကာ သနက(၁)သို့ ရောက်လာသူဖြစ်သည်။ သူသည် ဗိုလ်လောင်းဘဝက ၁၈ပေါ်ကြိုးစားသူ ဖြစ်၏။



စာလည်း တော်၏။ ယခု တပ်ခွဲမှူး (ဗိုလ်မှူး)ဘဝတွင်တော့ သူနှင့် ကျွန်တော် လက်တွဲ၍ တိုက်ပွဲ မဝင်ရသေးပါ၊ ဒီတစ်ခါတော့ သူငယ်ချင်းနှင့် တွဲ၍ တိုက်ပွဲဝင်ရပါတော့မည်။

× × × ×

ခရီးစထွက်သည့်နေ့က မိုးကလေးက တဖျောက်ဖျောက် ကျနေ၏။ ကာလမှာ ဝါဆို၊ ဝါခေါင် ရေဖေါင်ဖေါင်ကာလ ဖြစ်သည်။

“ ကဲ ဗိုလ်ကြီးသက်ဦးနဲ့ ဗိုလ်ကြီးသောင်းတင်၊ ခင်ဗျားတို့ကို စိတ်ချနေမယ်၊ အစွမ်းကုန် ကြိုးစားခဲ့ကြတော့ ”

နံနက် ဝေလီဝေလင်း ခရီးထွက်ခါနီး သတင်းပို့တော့ တပ်ရင်းမှူးက ကျွန်တော်တို့ကို အထက်ပါအတိုင်း မှာ၏။

ကျွန်တော်တို့ စစ်ကြောင်းသည် မိုင်းယောင်း၏အရှေ့မြောက် ယွန်းယွန်း (၅)မိုင်ကျော် အကွာခန့်ရှိ ဝမ်ဟိုရမ်းရွာသို့ ချီတက်ခဲ့ကြ၏။ ထိုသို့ ချီတက်ခဲ့ခြင်းမှာ အရှေ့ဘက် ကော်ဟိုလွယ် ထင်းရှူးတောင်သို့ သွားမည့်ဟန်ပြ၍ ရန်သူကို လှည့်စားရန် ဖြစ်သည်။ ဝမ်ဟိုရမ်းမှာ အိမ်ခြေ ရာကျော်ရှိ၍ ၁၉၈၁ ခုနှစ်က ခလရ(၁၄)နှင့် ဗကပများ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သော ရွာကြီးဖြစ်၏။ ကော်ဟိုလွယ် ထင်းရှူးတောင်သို့ သွားသည့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အဓိကကျသော ရွာကြီး ဖြစ်ပြီး အိမ်ကြီးအိမ်ကောင်းများဖြင့် အတော် စည်ကားလှ၏။ ထို့ကြောင့်

“ စစ်ကြောင်းမှူး၊ ဝမ်ဟိုရမ်းမှာတော့ ညအိပ်အခြေမပြုနဲ့နော်၊ စိတ်မချရဘူး ”

ဤဒေသနှင့်ပတ်သက်၍ အတွေ့အကြုံများသည့် ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီး သူရခင်မောင်လတ်တို့က သတိပေးကြသည်။

“ အေးပါကွာ၊ တောထဲဝင်ပြီး တပ်ဖျောက်ကြတာပေါ့၊ သိပ်မပူပါနဲ့၊ ရည်မှန်းချက်ကို မနက်ဖြန် ညနေ (၆)နာရီမှာ ဝင်ရှင်းရမှာ မဟုတ်လား၊ အချိန်မီ ရောက်ပါလိမ့်မယ် ”

ကျွန်တော်က မိုင်းယောင်းဒေသ အတွေ့အကြုံ မရှိသေး၍ ခပ်လွယ်လွယ်ပင် ပြောလိုက်မိသည်။ ဗိုလ်ကြီးသန်းဝင်းနှင့် ဗိုလ်ကြီးသူရခင်မောင်လတ်တို့က စိုးရိမ်နေကြပုံရ၏။ ဝမ်ဟိုရမ်းမှ အရှေ့တောင်ဘက် ၀မ်လွတ်၊ ဝမ်လဲရွာများသို့ ထွက်ခဲ့သည်။ လယ်ကွင်းများနှင့် ချောင်းငယ်မြောင်းငယ်များကို ဖြတ်ရသည်။ အချို့နေရာများတွင် ရေက ဒူးဆစ်အထိ

www.burmeseclassic.com

www.burmeseclassic.com

နက်၏။ လယ်ကသင်းကလေးများက သေးလှသဖြင့် မကြာခဏ အောက်သို့ ချော်ကျ၏။ ရွံ့အလူးလူး ဗွက်အပေပေဖြင့် တစ်နေကုန် ချီတက်ခဲ့ရာ အရှေ့ဘက် ဝမ်အင်တောင်ကြောကြီး၏အခြေသို့ ဆိုက် ရောက်လာ၏။

ထိုနေရာရောက်တော့ ရွာများ၊ အိမ်များ မရှိတော့ပါ။ တောက လည်း ထူလှ၏။ အတော်များများမှာ ဝါးတောများသာ ဖြစ်သည်။ တောများမှာ အောက်ခြေရှုပ်သည်။ တိုး၍ ဝှေ့၍ မလွယ်၊ လမ်းမရှိသဖြင့် လမ်းထွင် ခုတ်ထွင်ရှင်းလင်းကာ သွားနေရသည်။ ကျွန်တော်တို့၏ ရည်မှန်းချက်မှာ ပွိုင့်-၃၂၉၈ မောင်နောင်လှိုင်တောင်အခြေမှ တောင်ဘက် စူးစူးသို့ ချီတက်ပြီး ဝမ်ရန်ဘုရားကုန်း ပွိုင့်-၂၃၄၃ အား အရှေ့မှ အနောက်သို့ ပတ်၍ ရှင်းရန် ဖြစ်သည်။ ရန်သူ၏ ရှေ့တည့်တည့်မှ မဝင်ဘဲ နောက်မှ ဝင်၍ အငိုက်ဖမ်းခြင်း ဖြစ်၏။ ထိုနေ့က တောတိုးရင်း တောတိုးရင်းဖြင့် ရည်မှန်းချက်မရောက်ဘဲ ပွိုင့်-၃၂၉၈ အခြေတွင် မိုးချုပ် သွားသည်။ ထို့ကြောင့် ညအိပ်ရန် စီစဉ်လိုက်ရ၏။ နောက်နေ့တော့ ရည်မှန်းချက်မှာ သိပ်မဝေးသဖြင့် လွယ်လင့်တကူ ရောက်လိမ့် မည်ဟု မျှော်မှန်းမိသည်။

ညနေ (၆)နာရီတွင် ညအိပ်ရန် ခပ်ပြေပြေဆင်ခြေလျော တောင်ကြောလေးတစ်ခုအား ရွေးလိုက်သည်။ ပါလာသည့် ကောက်ညှင်း နှင့် ငါးခြောက်ကြော်ကလေးကို စားကာ ညအိပ်မည်ဟု ပြင်လိုက်သည်။ ကျွန်တော့်အကူ ရဲဘော်တင်အောင်က

" စစ်ကြောင်းမှူး၊ ကျွန်တော်ဝါးပိုးကလေးတွေ ရလာတယ်၊ နည်း နည်း လှော်လာတယ်၊ သိပ်ဆိမ့်တာပဲ၊ စားကြည့်ပါ "ဟု ဝါးဆစ်ထဲမှ ရသည့် ဝါးပိုးအတော်များများအား ဟန်းဂေါ့ကျိုင့် အဖုံးတွင် ထည့်ပြီး ယူလာ၏။ အထူးအဆန်းဆို စမ်းကြည့်လိုသည့် ဆန္ဒရှိသည့် ကျွန်တော် ကလည်း

" အေး၊ ကောင်းသားကွ၊ စားကြတာပေါ့၊ ဘာနဲ့စားရင် ကောင်းမလဲ "

" မဲခေါင် ပုလင်းပြားကလေးပါတယ် "

" ဒါဆိုလဲ ယူခဲ့လေကွာ၊ ကိုခင်မောင်လတ်ပါ လှမ်းခေါ်လိုက် စမ်းပါ "



ထို့နောက် ကျွန်တော်သည် မိုးတဖျောက်ဖျောက်တွင် ဝါးရုံတော အောက်၌ မဲခေါင်ပုလင်းပြားကလေးမှ ယမကာလေး တစ်ငုံသောက်လိုက်၊ ဝါးပိုးလှော်ကလေး တစ်ကောင်အား ဝါးလိုက်ဖြင့် ဟန်ကျနေ၏။ တစ် ယောက်တည်း ပျင်းနေ၍ ဗိုလ်ကြီးသူရ ခင်မောင်လတ်ကို အဖော်ခေါ် လိုက်သည်။ ထို့နောက် စကားတပြောပြောဖြင့် နှစ်ယောက်သား ဝါးပိုးများစားကြရာ ဝါးပိုးတစ်ပန်းကန်လုံး တက်တက်ပြောင်၍ မဲခေါင် ပုလင်းပြားကလေး တစ်ပုလင်းလည်း အားလုံး ကုန်သွားပါတော့သည်။ ထို့နောက် ကျွန်တော်တို့လည်း မောမောနှင့် စောစော အိပ်ရာဝင်ကြ၏။ ကျွန်တော်က နိုင်လွန်မိုးကာနှင့် စစ်စောင်ကြားကို ထုတ်၍ ခြုံကာ အိပ်လိုက်သည်။ ခြင်များက တဝီဝီဖြင့် မျက်နှာကို လာကိုက်နေ၏။ ထို့ကြောင့် စစ်ဦးထုပ်ကို မျက်နှာပေါ် ဆောင်းလိုက်သည်။ ချက်ချင်းပင် အိပ်ပျော်သွားသည်။ ရာသီဥတုက အေးနေသော်လည်း လူကတော့ နွေး၍ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်နေသည်။ အချိန်မည်မျှ ကြာ သွားသည် မသိ၊ ကျွန်တော်အိပ်ရာမှ ဖြတ်ကနဲ နိုးလာ၏။

" အား လား၊ လား "

ကျွန်တော့်တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည်။ အာခေါင် ခြောက်၍ ရေငတ်နေ သည်။ ဖျားပြီ ထင်၏။

" ဟေ့ ကင်းသမားလေး၊ ဆရာကြီးကြည်စိုးကို သွားနှိုးစမ်းကွာ၊ ငါကိုယ်တွေ တအား ပူနေတယ်ကွ "

ဆေးတပ်ကြပ်ကြီး ဆရာကြီးကြည်စိုးရောက်လာ၏။ အဖျား တိုင်းသည်။

" စစ်ကြောင်းမှူး၊ အဖျားတစ်ရာ့သုံးရှိတယ်၊ မနေ့ညက ဝါးပိုးက တော့ အစွမ်းပြပြီ ထင်တယ်၊ ဒီကောင်တွေက High Protein တွေ သိပ် စားတာ မကောင်းဘူး၊ ဖျားတတ်တယ်၊ မနေ့က စစ်ကြောင်းမှူး စားနေ တာ မြင်တော့ တားအုံးမလို့၊ အများကြီးမဟုတ်လို့ သိပ်ကိစ္စ မရှိဘူး ထင်ပြီးမတားလိုက်မိတာ မှားသွားတယ်၊ လောလောဆယ် ကျွန်တော် သောက်ဆေး ပေးခဲ့မယ်၊ အဖျားမကျရင် ဆေးထိုးပေးပါ့မယ် "

နံနက် (၅)နာရီထိုးတော့ ခရီးထွက်ရန် ပြင်၏။ ကော်ဖီခါးခါး တစ်ခွက်သောက်လိုက်သည်။ လျှာပျက်နေ၍ အရသာ မရှိ။ လိုလို

www.burmeseclassic.com

www.burmeseclassic.com

မယ်မယ့် ဆေးတစ်လုံး ထိုးလိုက်၏။ အဖျားကမူ မကျသေး၊ ဒီနေ့တော့ ဗိုလ်ကြီးသန်းဝင်း၏ ခွဲ(၄)က ပို့ဝင့်သွား၏။ တောမှာ ကြာလေနက်လေ ဖြစ်လာသည်။ လက္ခဏာများကို ကြည့်ရသည်မှာ ရှစ်အတော်ကြာ ကတည်းက လူသူမရောက်တော့သည့် သဏ္ဌာန်ဖြစ်နေ၏။ ကြခတ် ဝါးရုံတောများကလည်း ပေါများလှသည်။ အတိုးရခက်လှ၏။ အောက်ခြေ တွင် နွယ်ပင်များကလည်း ရှုပ်ရှက်ခတ်နေသည်၊ ခွေးလယားသီးပင်များ ကလည်း နေရာအနှံ့တွေ့ရသည်။ တိုးမိလျှင် ယား၏။ တစ်နေကုန် ကုတ်၍ မဆုံးတော့၊ ထိုနေ့တစ်နေ့လုံး ဝမ်ရှန်ဘုရားကုန်းကို တော်တော်နှင့် မရောက်။ ဟိုကွေ့ ဒီကောက်ဖြင့် အချိန်ကုန်နေ၏။

တပ်ခွဲမှူး ဗိုလ်ကြီးသန်းဝင်းမှာ လူပုံက ခပ်နွဲ့နွဲ့ ခပ်ပျော့ပျော့ ဖြစ်သော်လည်း စစ်မြေပြင်တွင် အလွန်မာသူဖြစ်၏။ သူဦးဆောင်သော တပ်ခွဲက လမ်းကြောင်းများ ခုတ်ထွင်ပြီး မရရအောင် တိုးခွေ့သွားနေ၏။ ပို့ဝင့်ကိုမူ အတွေ့အကြုံများသည့် ဗိုလ်ကြီးသူရခင်မောင်လတ်က ဦးဆောင် နေ၏။ ဒုတိယနေ့ ညနေ (၆)နာရီတွင် ကျွန်တော်တို့သည် ရည်မှန်းချက် ကို ရှင်းရမည်ဖြစ်သည်။ တောမှာ ထူသထက် ထူလာ၍ လမ်းပျောက် နေ၏။ မိုင်းယောင်းရှိ စစ်ကြောင်း(၁)ဌာနချုပ်မှလည်း "ရည်မှန်းချက်ကို နီးပြီလား" ဟု စက်ပေါ်တိုင်း မေးနေ၏။

"ဒီ ဘုရားကုန်းကို မိုင်းယောင်းကနေပြီးကြည့်ရင် ခပ်မည်းမည်း လေး မြင်ရတယ်၊ ဟိုတုန်းကတော့ ရွှေချထားတယ်၊ အခု ရွှေရောင် ပျောက်ပြီး ခပ်မည်းမည်းလေး၊ မိုင်းယောင်းပြန့်ကကြည့်တော့ အလွယ် တကူ မြင်ရပြီး အခုမှ တောထဲရောက်တော့ ဘယ်လိုက ဘယ်လို ပျောက်နေသလဲ မသိဘူး"

ဗိုလ်ကြီးသန်းဝင်းက ပြော၏။

"ဒီနေ့ ရည်မှန်းချက်မရောက်ရင်တော့ တို့စစ်ကြောင်း သိက္ခာ ကျမယ်ကွာ၊ လိုအပ်ရင် ဗိုလ်ကြီးသူရခင်မောင်လတ်ကိုယ်တိုင် သစ်ပင် ပေါ် တက်ကြည့်ကြပါဦး"

စစ်ကြောင်း(၁)ကတွန်းအားပေးနေသဖြင့် ကျွန်တော်က အထက် ပါအတိုင်း ပို့ဝင့်တပ်ခွဲကို ပြောရပါတော့သည်။ သို့ရာတွင် ကျွန်တော်တို့ စစ်ကြောင်းမှာ တောတိုးရင်း၊ တိုးရင်းဖြင့် လမ်းစက ပျောက်နေပြန်သည်။ ကျွန်တော်၏အဖျားမှာလည်း ၁၀၃ မှ ၁၀၇ ကို တက်သွား၏။ ဒုတိယနေ့



အမှောင်က တဖြည်းဖြည်းကြီးစိုးလာ၏။ တောကလည်း မကျွမ်း၊ လမ်းပြ လည်း မပါ၊ အရေးထဲတွင် မိုးကလည်း တဝေါဝေါဖြင့် သဲကြီးမဲကြီး ရွာချလိုက်ပြန်၏။ လုံးဝ မှောင်သွားသည်။ နောက်ဆုံးတွင် ကျွန်တော် လည်း တပ်ခွဲမှူးနှစ်ဦးနှင့်တိုင်ပင်ပြီး နောက်တစ်နေ့ နေ့ဝက် အချိန် ပေးရန် တပ်ရင်းမှူးကြီးအား လှမ်းတင်ပြရ ပါတော့သည်။ တပ်ရင်းမှူးကြီး က ခွင့်ပြု၏။ ထိုညက ကျွန်တော့်မှာ အဖျားတက်နေ၍ ဂယောင် ချောက်ချားဖြင့် ကောင်းစွာ အိပ်မရပါ၊ တလူးလူး တလိမ့်လိမ့်ဖြင့်သာ မိုးလင်းသွားရပါတော့သည်။

မိုးလင်းသည်နှင့် တတိယနေ့ခရီးကို စသည်။ တတိယနေ့တွင်မူ စစ်ကြောင်းရုံးမှ တစ်နာရီ တစ်ခါကြား စက်ပေါ်ခိုင်းပြီး "ရည်မှန်းချက် ရောက်ပြီလား" ဟု အဆက်မပြတ် မေးပါတော့သည်။ ကျွန်တော်၏ အဖျားကလည်း ကောင်းစွာ မကျ၊ စိတ်ဆောင်ပြီး လမ်းလျှောက်နေရ၏။ နေ့လည် (၁၁)နာရီတိုင် ရည်မှန်းချက် မရောက်သေး၊ သို့ရာတွင် ဝမ်ရှန်ဘုရားကုန်းဟု ထင်ရသော တောင်ကြောတွင် လမ်းကြောင်း ယောင်ယောင်ကလေး တွေ့နေ၍ ရည်မှန်းချက် ရောက်လောက်ပြီဟု ထင်မိပါသည်။ ထမင်းစားချိန်မို့ ရဲဘော်များက ထမင်းစားချင်ကြသည်။ ထမင်းစားခွင့် တောင်းကြ၏။ ကျွန်တော်က ရည်မှန်းချက် ရောက်လို ဇောဖြင့် ခွင့်မပြု၊ ဆက်ထွက်ခိုင်းလိုက်၏။

ထိုအချိန်တွင် ထူးဆန်းသော အဖြစ်အပျက်ကလေးတစ်ခုကို ကြုံတွေ့ရပါတော့သည်။ နေ့လည် (၁၁)နာရီခွဲခန့်တွင် ခရီးသွားရင်း အလွန်မောလာသဖြင့် ကျွန်တော်သည် ကညင်ပင်ကြီး တစ်ပင်အောက် အရောက်၌ ခေတ္တနား၍ ထိုင်လိုက်၏။ ကျွန်တော်၏ ရှေ့တစ်လန်ခန့် အကွာ၌ (၃)ပေခန့်မြင့်သည့် တောင်ပို့ငယ်ကလေးတစ်ခုကို တွေ့လိုက် သည်။ တောင်ပို့ကလေးကို သေချာကြည့်မိရာ မယုံကြည်နိုင်စရာ ကောင်း လောက်အောင် တောင်ပို့အလယ်တွင် လက်မဝက်ခန့်ရှိ အနီရောင် ဘုန်းကြီးရုပ်တုကလေးတစ်ရုပ်ကို တွေ့ရသည်။ အဖျားကြီး၍ ငန်းဖန်းနေ သောကြောင့် "မျက်စိမှောက် နေတာလား"ဟု ကျွန်တော့်ကိုယ် ကျွန်တော် ယူဆကာ မျက်လုံးများကို ပွတ်၍ ကြည့်လိုက်၏။ မျက်စိ မမှောက်ပါ။ ဘုန်းကြီးရုပ်ကလေးမှ တကယ့်ဘုန်းကြီးရုပ်ကလေး ဖြစ်ပါသည်။

"ဟာ ဘုန်းကြီးတော့ မ ပြုံထင်တယ်၊ သစ္စာဆိုမှ...

www.burmeseclassic.com

ကျွန်တော်သည် ဘုန်းကြီးရုပ်ကလေးအား ဝမ်းသာအားရ ယူလိုက်၏။ လက်ဖဝါးပေါ် တင်ကာ ဒူးထောက်ထိုင်လိုက်ပြီးနောက် -

" တပည့်တော်သည် လူမှန်းသိတတ်သည့် အရွယ်မှစ၍ ယခုအချိန်ထိ အများသူငှာ အတိဒုက္ခရောက်အောင် မလုပ်ခဲ့ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် ရည်မှန်းချက်ကို အချိန်မီရောက်အောင် ဆရာတော် ကယ်မတော်မူပါဘုရား "

ဟု အလေးအနက် နှုတ်မှ အသံထွက် သစ္စာဆို အဓိဋ္ဌာန်ပြုပြီး ဆယ်မိနစ်ခန့် မျက်စိမှိတ်ကာ ဆုတောင်း လိုက်ပါသည်။

ထိုအချိန်တွင် မိုးအနည်းငယ်စဲသွား၍ လေတိုက်ပြီး တစ်တောလုံး တစ်တောင်လုံး "ရှီး၊ ရှီး၊ ရှီး၊ ရှီး"ဆိုသော အသံများက မြည်ဟည်းနေသည်။ ဆုတောင်းပြီး ခဏအကြာတွင် လေငြိမ်သွားရာ ဆက်ထွက်ရန် ထလိုက်၏။ ရဲဘော်များတမူ စစ်ကြောင်းမှူး ငှက်ဖျားတက်၍ သည်းခြေပျက်ပြီး ကယောင်ကတမ်းပြောကာ ရူးသွားသည်ဟုထင်ပုံရ၏။ ကျွန်တော် ဒူးထောက်၍ ဆုတောင်းနေသည်ကို ကြောင်တောင်တောင်ဖြင့် ဝိုင်းကြည့်ကြ၏။ ကျွန်တော်ထပြီး လမ်းလျှောက် လိုက်စဉ် ခဏမှာပင်

" ဘုရား တွေ့ပြီ၊ ဘုရား တွေ့ပြီ "

ရှေ့မှ ကျယ်လောင်စွာ အော်သံကြားလိုက်ရ၏။ ခဏအကြာတွင် အမှန်ပင် ဝမ်ရှန်ဘုရားကုန်းအား ကြခတ်ဝါးရုံတောများကြားတွင် ဘွားကနဲ တွေ့ရ၏။ ဘုရားကုန်း၌ ဇကပတို့၏ ကတုတ်ကျင်း အဟောင်းများ၊ လှုံနေတဲအဟောင်းများ၊ ဝါးရေဘူးများ၊ လက်နက်ကြီး လက်နက်ငယ် ကျည်ဆန်ခွံများ၊ သားငါးဘူးအခွံများကို အနှံ့အပြား တွေ့ရပါတော့သည်။ ရန်သူမူ တစ်ဦးတစ်ယောက်မျှ မတွေ့ရတော့ပါ။ ဤနေရာကို ရက်အတော်ကြာကပင် စွန့်ခွါသွားပုံရပါသည်။ ယခင်ကတော့ နေသွားတာ သေချာပါသည်။ ထိုအချိန်ကား နေ့လည် (၁၂)နာရီ ထိုးရန် (၅)မိနစ်သာ လိုပါတော့သည်။

(၁၂)နာရီထိုး၍ စက်ဖွင့်လိုက်တော့

" ရည်မှန်းချက်ကို ရှင်းပြီးပြီလား "ဟု စစ်ကြောင်း(၁) ဌာနချုပ်မှ လှမ်းမေး၏။

" ရှင်းပြီးပါပြီ၊ ဘာမှ မထူးပါဘူး "ဟု ဖြေလိုက်နိုင်ပါတော့သည်။



" ကောင်းပြီ၊ ဒါဆိုရင် ပတ်ဝန်းကျင်ကို နှံ့နှံ့စပ်စပ်ရှင်းပါ၊ မထူးရင် စစ်ကြောင်းမှူး အစီအစဉ်ဖြင့် မိုင်းယောင်းကို ပြန်ဝင်ပါ "ဟု ညွှန်ကြားပါတော့သည်။

ထိုနေ့ညက ကျွန်တော်၏အဖျားမှာ(၁၀၄)ဒီဂရီသို့ပင် တက်လာပါတော့သည်။ လူက အားပြတ်၍ လှုပ်ပင် မလှုပ်နိုင်။ အဖတ်ဆိုဝေလာဝေး။ သောက်လိုက်သည့်အရည်များက အားလုံးပြန်အန်ကုန်၏။ တဟီးဟီးဖြင့် အဖျားတက်၍ လူတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူကာ ခိုက်ခိုက်တုန်နေ၏။ ထို့ကြောင့် ဤအဖျားသည်ကား ငှက်ဖျားသာလျှင် ဖြစ်ပါတော့သည်။

စစ်ကြောင်းမှူးကြီး ကျွန်တော် မောင်သက်ဦးတစ်ယောက် မိုင်းယောင်းငှက် မိသွားပါပြီ ခင်ဗျား။

× × × ×

စတုတ္ထမြောက်နေ့တွင် ဝမ်ရှန်ဘုရားကုန်းမှ ဆင်းလာခဲ့ကြ၏။ ကျွန်တော်သည် တောင်ဝှေးကို အသုံးပြုကာ ကြိုးစား၍ လမ်းလျှောက်၏။ သို့ရာတွင် တောင်အဆင်းများ၌ မိုးရေနှင့် ရွံ့ဗွက်များကြောင့် တဘိုင်းဘိုင်း ချော်ကျနေ၏။ အားမရှိ၍ ဒူးကလည်း မခိုင်ချင်တော့၊ တစ်မနက်ခန့် အားခဲလျှောက်လာသည်။ ကွင်းထဲရှိ ဝမ်တုန့်ရွာပျက်ထဲ ရောက်လာ၏။ ရွာတွင် လူမရှိ၊ အားလုံးပြေးကုန်ကြ၏။ ရွာပျက်တွင် နေ့လည်စာ စားကြသည်။ အကူရဲဘော်တင်အောင်က ကျွန်တော့်ကို ဆန်ပြုတ်တစ်ခွက်တိုက်သည်။ တစ်ဇွန်း၊ နှစ်ဇွန်းသောက်ပြီး ပြန်အန်ထွက်သည်။ ကျွန်တော့်အခြေအနေကြည့်၍ သူငယ်ချင်း ဗိုလ်ကြီး သောင်းတင်က

" သူငယ်ချင်း အားပြတ်နေပြီ၊ ထမ်းစင်နဲ့သာ လိုက်ခဲ့ပါတော့ "

ဟု ဆိုလာ၏။ ကျွန်တော်က ငြင်းလိုက်သည်။

" မဟုတ်ဘူး စစ်ကြောင်းမှူး၊ ဒီနေရာတွေက အန္တရာယ်ရှိတယ်၊ သိပ်အချိန်ဆွဲနေလို့ မကောင်းဘူး၊ စစ်ကြောင်းမှူး နေမကောင်းဘဲနဲ့ လမ်းလျှောက်နေရင် အချိန်တွေ သိပ်ကုန် သွားမယ်၊ အထိအခိုက် မရှိဘဲ မိုင်းယောင်းကို ခပ်မြန်မြန်ပြန်ဝင်မှ ရမယ်၊ ကျွန်တော်တို့ နှစ်ယောက် ညှိနှိုင်းပြီး စစ်ကြောင်းကို ထိန်းပါ့မယ် "

ဗိုလ်ကြီးသန်းဝင်းက ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com

အားလုံးက ကျွန်တော့်ကို ဝိုင်းဖျောင်းဖျနေကြ၏။ ကျွန်တော်က ကိုယ်စစ်ကြောင်းမှူး တာဝန်မှကျေမှာ စိုးသည်။ သို့ရာတွင် စိတ်သာ ရှိ၍ လူက မတတ်နိုင်တော့၊ ခရီးကလည်း ပြင်း၍ သုံးရက်ခန့် အစာမစား နိုင်သောကြောင့် လူက ယဲ့ယဲ့သာ ရှိပါတော့သည်။ ထို့ကြောင့် ထမ်းစဉ် ဖြင့် လိုက်ရပါတော့သည်။ ကျွန်တော်တို့ စစ်ကြောင်းသည် အရှေ့ဘက် ဝမ်တုန့်မှ အနောက်ဘက် နောင်ဝိုးသို့ ဝင်မည်။ ထိုမှ ဝမ်မန်းနှင့် ဝမ်ဝိုးကိုဖြတ်၍ မိုင်းယောင်းသို့ ဝင်ရန် ဖြစ်၏။ ဤခရီးကား အနီးဆုံး လမ်းကြောင်းပင်တည်း။

နေ့လယ် (၁)နာရီတွင် ဝမ်တုန့်မှ နောင်ဝိုးသို့ ထွက်ဖြစ်သည်။ ဝမ်တုန့်ရွာတွင် လူမရှိ။ နောင်ဝိုးတွင်မူ ရွာသူ ရွာသားအနည်းငယ် ရှိသည်ဟု သိထား၏။ လူသူစွန့်ပစ်ထားသည့် လယ်ကွင်းများက ရေဖုံးနေ၏။ အချို့နေရာတွင် ရေက ဒူးဆစ်ခန့်၊ ပေါင်လယ်ခန့် ရှိနေသည်။ လမ်းဟူ၍ ကောင်းစွာ မရှိ။ ထို့ကြောင့် ကုန်းယောင်ယောင် ကလေးများတွေ့သည့်အတိုင်း လိုက်ရသည်။ ဗိုလ်ကြီးသန်းဝင်း၏တပ်ခွဲက ပွိုင့်သွားနေ၏။ ကျွန်တော်သည် ထမ်းစဉ်ပေါ်တွင် သတိရတစ်ချက် မရတစ်ချက်ဖြစ်နေ၏။ နေ့လည် (၂)နာရီသာသာခန့်တွင် "အုန်း၊ ဝုန်း၊ ဝုန်း" ဟူသော ပေါက်ကွဲသံကြီးကြားရ၏။

" ဟော့ တင်အောင်၊ ဘာဖြစ်တာလဲ၊ လှမ်းမေးစမ်းပါဦးကွာ "

စကားသံမှ မဆုံးသေး၊ " ဒိုင်း ဒိုင်း ဒိုင်း၊ ပတောက် ပတောက် ပတောက်" ဟူသော လက်နက်ငယ်သံများ ကြားရ၏။ လေးငါးမိနစ်ခန့် အကြာတွင် လက်နက်ငယ်သံများ ရပ်သွားသည်။ ပွိုင့်သွားနေသော ခွဲ(၄) စက်သံ ပေါ်လာ၏။

" ပွိုင့်သွားနေတဲ့ ဗိုလ်သိန်းနိုင်ရဲ့ တပ်စုက တိုက်မိုင်းထိလို့တဲ့ "

" ဘာဖြစ်သေးလဲ၊ မေးစမ်းပါဦး "

" ရဲဘော်တစ်ယောက်တော့ ထိသွားတယ် "

ဝမ်တုန့်နှင့် နောင်ဝိုးကြား တိုက်မိုင်းထိသွားခြင်းဖြစ်၏။ တပ်ခွဲ (၄)မှ ထိုနေရာတစ်ဝိုက်ကို ပစ်ရှင်းလိုက်သည်။ နာရီဝက်ခန့် အကြာတွင် ထိုနေရာကလေးသို့ ကျွန်တော်ရောက်သွားသည်။ ရွာပုန်း ကလေးဖြစ်၏။ ကျွန်တော့်အား အိမ်တစ်အိမ်အောက်တွင် သိပ်ထား၏။ ထို့နောက် တိုက်မိုင်း ကိုနင်းသော ရဲဘော်အား သယ်လာ၏။ တိုက်မိုင်း မှာ ထိုရဲဘော်၏



ဝိုက်ကို ထိသွားခြင်းဖြစ်သည်။ မိုင်းထိသွားသော ရဲဘော်မှာ ထိုတပ်ခွဲမှ ရှားရှားပါးပါး တစ်ဦးတည်းသော အိန္ဒိယသွေးပါသည့် ရဲဘော်အဒူမာလစ် ဖြစ်နေ၏။ ဆေးတပ်ဖွဲ့မှ Drip ချိတ်၍ သွေးတိတ်ဆေးထိုး၏။ ရဲဘော်အဒူမာလစ်က ဒဏ်ရာကြောင့် ငြီးနေ၏။ ကျွန်တော်လည်း အဖျား ပြန်တက်လာ၏။ ထို့နောက် အဖျားတက်၍ ကျွန်တော့်သတိတစ်ချက် လစ်သွားသည်။ သတိအနည်းငယ် ပြန်ရသည့်အခါတွင် ဗိုလ်ကြီး သောင်းတင်က

" သူငယ်ချင်း စစ်ကြောင်း(၁)နဲ့ ဗျူဟာက နောက်ထပ် အထိ အခိုက်မရှိအောင် ဖြည်းဖြည်းချင်း ရှင်းလာပါလို့ ပြောတယ်၊ ဒီအတိုင်းဆို မနက်ဖြန်မှ မိုင်းယောင်းရောက်မယ် ထင်တယ် "

ထိုစဉ် တပ်ခွဲ(၄) တပ်ခွဲမှူး ဗိုလ်ကြီးသန်းဝင်းလည်း ရောက်လာ၏။

" ဘယ်နှစ်နာရီ ထိုးနေပြီလဲ "

အပြင်မှာ မိုးမှောင်ကျနေသဖြင့် ကျွန်တော်က မေးမိသည်။

" ည (၇)နာရီကျော်ပြီ "

" ဩော် ဒါဆို ကိုယ်သုံးလေးနာရီတောင် အိပ်ပျော်သွားတယ် ထင်တယ် "

" ဟုတ်တယ်၊ သူငယ်ချင်း အိပ်ပျော်သွားလို့ ကိုယ်တို့လဲ စောင့်ကြည့်နေတာ၊ ဆေးလဲ ထိုးပေးထားတယ် "

"နေပါဦး၊ အဒူမာလစ်ကော ဘယ်နဲ့နေလဲ၊ အခြေအနေ ကောင်း ရဲ့လား "

" ဆုံးသွားပြီ "

ဗိုလ်ကြီးသန်းဝင်းက တိုးတိတ်ညင်သာစွာ ပြောလိုက်၏။

" ဒါဆိုရင် ဘယ်လိုလုပ်မလဲ၊ အလောင်းကို မိုင်းယောင်း ပြန် သယ် မလား "

" မသယ်တော့ပါဘူး၊ ဒီမှာပဲ သင်္ဂြိုဟ်ခွင့်တောင်းလိုက်တယ်၊ ဗျူဟာကလဲ ဒီမှာ သင်္ဂြိုလ်ဖို့ ခွင့်ပြုပါတယ်၊ ဒါကြောင့် ည(၈)နာရီမှာ ကပြီးသင်္ဂြိုလ်ပါမယ် "

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည (၈)နာရီတွင် ကျွန်တော်နှင့် ဘေးချင်းယှဉ် လက်တစ်ကမ်းအကွာ၌ ကျဆုံးသွားသော တပ်သားအဒူမာလစ်အား နောင်ဝိုးရွာအနီး ရွာပုန်းကလေး၌ ဝမ်းနည်းစွာဖြင့် သင်္ဂြိုဟ်ခဲ့ရပါတော့သည်။

× × × ×

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် နောင်ဝိုးမှ ဝမ်မန်းသို့ဖြတ်၍ ညနေ(၄)နာရီခန့်တွင် မိုင်းယောင်းမြို့သို့ ပြန်လည် ရောက်ရှိလာပါသည်။ ကျွန်တော်က မိုင်းယောင်းအဝင်၌ လိပ်ပြာမလုံ၍ ထမ်းစင်ပေါ်မှ အတင်းဆင်းကာ လမ်းလျှောက်ပါသည်။ တပ်ရင်းရုံးနှင့် ဗျူဟာရုံးသို့ သတင်းပို့ပြီးသည့်အခါတွင် ဗျူဟာမှူးနှင့် တပ်ရင်းမှူးက


" ဗိုလ်ကြီးသက်ဦး အတော်ပိန်သွားတယ်၊ ဆေးရုံဟက်လိုက်ပါ "

ဟု ဆိုပါတော့သည်။

ဗျူဟာဆေးမှူး ဗိုလ်ကြီးလှမြင့်မှာ အတော်သဘောကောင်း၏။ သူသည်လည်း အိန္ဒိယသွေးမကင်းသူဖြစ်၏။ ကျွန်တော့်အား ချက်ချင်း သွေးစစ်သည်။ ဆီးဝမ်းများ စစ်သည်။ ထို့နောက် စစ်ဆေးချက် မှတ်တမ်းများကို ကြည့်ပြီး အောက်ပါအတိုင်း ပြောပါတော့သည်။


" ဗိုလ်ကြီးအဖျားက ရိုးရိုးငှက်ဖျားတင် ' မကဘူး၊ အူရောင်ငန်းဖျားပါ ရောနေတယ်၊ ဒါကြောင့်မို့ ပေါ့လို့ မရဘူး၊ ဂရုစိုက်ရမယ် "

ဆေးရုံတွင် ကျွန်တော့်အား မည်သည့်အစာမှ မကျွေးဘဲ တစ်ပတ်ခန့် Drip များ သွင်းပါတော့သည်။ ဆေးများမှာ ငှက်ဖျားဆေးသာမက ကာလိုရိုဖင်နီကောနှင့် တက်ထရာဆိုက်ကလင်းကဲ့သို့ Anti-Bioticပဋိဇီဝဆေးပြင်းများကိုပါ တိုက်ပါတော့သည်။ ကျွန်တော်၏ ကိုယ်အလေးချိန်မှာ မယုံကြည်နိုင်လောက်အောင် ပေါင်(၂၀)ခန့် ကျသွား၏။ မိုင်းယောင်းငှက်ဖျား အတော်ပြင်းလှချေ၏။ ဆေးရုံတွင် နှစ်ပတ်ခန့်ကြာမှ အစာအနည်းငယ် စ စားရပါသည်။ ပထမ Liquid Diet ၊ နောက်တော့ Soft Diet ၊ ဆေးရုံတက်၍ (၄)ပတ်မြောက်တွင်မှ ဆေးရုံမှ ဆင်းနိုင်ပါတော့သည်။ ကျွန်တော် ဆေးရုံတက်နေသည့်ကာလအတွင်း ကျွန်တော့်ဘေးတွင် ငှက်ဖျားတက်၍ ကယောင်ကတန်းဖော်နေသည့် လူနာစစ်သည်များကို တွေ့ရ၏။ အချို့မှာ ငှက်ဖျားပိုးဦးနှောက်ထဲဝင်၍ ကွယ်လွန်ကြ၏။ ဗျူဟာက အရေးကြီးလူနာများကို ရဟတ်ယာဉ်များဖြင့်




ကျိုင်းတုံ- မိုင်းဖြတ်- မိုင်းယောင်း ဒေသပြမြေပုံ

www.burmeseclassic.com



မိုင်းယောင်းဒေသ ဝမ်တုန်၊ ဝမ်ရှန်ဂွင်အား ဝင်ရှောက်ခဲ့သည့် ဗိုလ်စစ်ကြောင်းချီတက်ရာ လမ်းကြောင်းပြမြေပုံ



ကျိုင်းတုံ၊ တောင်ကြီး၊ ရန်ကုန်စသည်တို့သို့ ပို့ပေးပါသည်။ သို့ရာတွင် ရဟတ်ယာဉ် မရောက်မီ ကွယ်လွန်သွားသည်များလည်း ရှိပါသည်။

ထိုစဉ်က အရေးကြီးလူနာများအား Bell- 205၊ 206 ရဟတ်ယာဉ်များဖြင့် သယ်ပို့ပေးပါသည်။ ရဟတ်ယာဉ်မောင်းသူများအနက် မနေ့တစ်နေ့က ကွယ်လွန်သွားသည့် ဗိုလ်မှူးကြီးတင်ဝင်းနှင့် လွန်ခဲ့သည့် နှစ်အနည်းငယ်က ကွယ်လွန်သွားသည့် ဗိုလ်ကြီးလှထွန်းတို့ကို ကောင်းစွာ မှတ်မိနေပါသေးသည်။ (သူတို့အကြောင်းကို နောင်တွင် သီးခြား ရေးသားပါဦးမည်)

ကျွန်တော်တို့ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေသည့် မိုင်းယောင်းကား နာမည်နဲ့လိုက်အောင် မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်၊ ရေမြေ တောတောင်သဘာဝဘေးဒဏ် ရောဂါဘယဒဏ်များကို ကြံ့ကြံ့ခံနိုင်ရန် အလွန်လိုအပ်သော ဒေသဖြစ်ပါ၏။ ကျွန်တော်သည်လည်း မိုင်းယောင်းဒေသ၏စမ်းသပ်ခြင်းကို ခံလိုက်ရပါသည်။ စာမေးပွဲ ကတော့ ကပ်၍ အောင်သွားပါသည်။ Passed by Moderation ပေါ့ ခင်ဗျာ။ ဆေးရုံကဆင်းတော့ နောက်တစ်ပွဲအတွက် အားမွေးရပြန်ပါပြီ၊ နောက်တစ်ပွဲ နွှဲရပြန်ပါဦးမည်။

ဘယ်ဆီ ဘယ်ဝယ်ကိုတော့ မသိသေးပါ။ နည်းဗျူဟာလည်း အပြောင်းအလဲလုပ် သွားပါပြီ။ နည်းဗျူဟာလဲသွားသဖြင့် ဗိုလ်မှူးကြီး အောင်ဖုန်း အနားပြန်၍ ဗိုလ်မှူးကြီးရွှေကြူ ရောက်ရှိလာပါသည်။ ဗိုလ်မှူးကြီးရွှေကြူကား တပ်မ(၈၈)တွင် မိုင်းယောင်း Expert ဟု နာမည်ကြီးလှသူ ဖြစ်ပါသည်။ နာမည်ကြီး ဗျူဟာမှူး၊ နာမည်ကြီး တပ်ရင်းနှင့် နာမည်ကြီးဗကပတို့ တွေ့ကြပါလိမ့်ဦးမည်။ ထိုဇာတ်လမ်းတွင် ကျွန်တော် မောင်သက်ဦးတစ်ယောက် ဘယ်အခန်းက ပါဝင်ကပြရဦးမည် မသိသေး ပါ ခင်ဗျာ။

## မိုင်းယောင်းမှသည် ကော်ဟိုလွယ်ထင်းရှူးတောင်သို့

ကျွန်တော် ဆေးရုံက ဆင်းပြီးသည့်နောက် မိုင်းယောင်းတွင် ကြာကြာ မနေလိုက်ရပါ။ အသစ်ရောက်လာသည့် ဗျူဟာမှူး ဗိုလ်မှူးကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေကြူက တပ်ရင်းမှူးနှင့်ကျွန်တော့်အား နည်းဗျူဟာခြင်းလဲပြီး တစ်ပတ်အကြာတွင် ခေါ်တွေ့သည်။

" ကဲ တပ်ရင်းမှူးနဲ့ စစ်ကြောင်းမှူး၊ ခင်ဗျားတို့ ကော်ဟိုလွယ် ထင်းရှူးတောင် မရောက်ဖူးသေးဘူး မဟုတ်လား၊ ဟိုမှာ ခလရ(၁)ရှိတယ်၊ အဲ့ဒါ ခဏ သွားလဲပေးဗျာ၊ သူတို့လဲ ဒီရောက်တာ (၆)လကျော်ပြီ၊ ပြန်ဆင်းရတော့မယ်၊ တက်လာမှာက ခမရ(၁၀၈)၊ အဲဒီ တပ်နဲ့လဲရမယ်၊ လဲတာလဲ ပိုမြန်အောင် သူတို့လဲ Relax ရအောင် ဒီမှာ အရံ ခဏ ခေါ်ထားချင်တယ်၊ အဲဒါကြောင့် ခင်ဗျားတို့တပ်က တစ်လလောက် အဲဒီမှာ သွားနေပေးပါ၊ ခမရ(၁၀၈)ရောက်တဲ့အခါ ခင်ဗျားတို့ တပ်ကို ပြန်လဲပေးပါမယ် "

တပ်ရင်းမှူးက အမိန့်နာခံတတ်သည့် တကယ့်စစ်သားကြီး ဖြစ်၏။ ထို့ကြောင့် အထူးတလည် ဘာမှ ပြန်မပြောပါ။ ခရီးထွက်ရမည့် ရက်ကိုသာ တန်းမေးပါသည်။

" အင်း၊ မနက်ဖြန်နဲ့ သန်ဘက်ခါ နှစ်ရက်နေပြီးရင်တော့ သွားတော့ဗျာ၊ ဟိုမှာက စားစရာတော့ ရှားတယ်နော်၊ စားစရာတွေ ဒီကတတ်နိုင်သလောက် သယ်သွားကြ၊ ရွာတွေမှာလဲ ဘာမှ စားစရာ သောက်စရာက ရှိကြတာ မဟုတ်ဘူး၊ ဆားတောင် သိပ်ရှားတယ်၊ ဆားတို့ ငါးပိတို့ကတော့ ပါအောင်သာ သယ်သွား၊ စခန်းတွေမှာ Jungle Ration တောတွင်းရိက္ခာထုပ်တွေတော့ ထားပေးထားပါတယ် "

ထိုသို့ပြောရင်း ဗျူဟာမှူးက စကားကို နိဂုံးချုပ်လိုက်၏။ ကျွန်တော်တို့လည်း အလေးပြုကာ ပြန်ထွက်ခဲ့ကြ၏။ ဗျူဟာရုံးမှ အပြန်လမ်းတွင် တပ်ရင်းမှူးက

" ဗိုလ်ကြီးသက်ဦးရေ ကျွန်တော်တို့ Outpost စခန်း သွားထိုင်ရတာ ကံကောင်းတာပဲဗျို့၊ ကျွန်တော်တော့ မိုင်းယောင်းမှာ နေရတာ စိတ်မသန့်ဘူးဗျာ၊ နေ့တိုင်း တထိတ်ထိတ်ပဲ "

" ဘာဖြစ်လို့လဲ တပ်ရင်းမှူးကြီး "

" ဟာ ဘာဖြစ်ရမှာလဲဗျာ၊ ကာလဝမ်းနဲ့ နေ့တိုင်း လူတွေကတဖြုတ်ဖြုတ် သေနေတာ၊ ခင်ဗျား မမြင်ဘူးလား၊ မြို့ပေါ်မှာတော့ ဆေးရုံနဲ့ ဆရာဝန်တွေရှိလို့ မပေါ်မပေါ်တယ်၊ တောရွာတွေမှာတော့ လန့်စရာ



ကောင်းလောက်အောင် အသေအပျောက်က များတယ်၊ ကျွန်တော်တို့ နေခဲ့တဲ့ ဟောင်ကျန့်တို့၊ ဝမ်ဟိုရမ်းတို့ဆို ဘာပြောကောင်းမလဲ၊ ရေအေးတောင် မသောက်ရဲဘူး၊ သူတို့အိမ်သာတွေလဲ မတက်ရဲဘူး "

တပ်ရင်းမှူးကြီးပြောတာ ဟုတ်ဖါသည်။ ကျွန်တော်တို့ မိုင်းယောင်း ရောက်စမှာ မိုးတွင်းမို့ ရောက်လေရာရာ ရေတွေ ဖုံးနေ၏။ ရွာများအား ရေပတ်လည်ဝိုင်းနေသည်။ သူတို့ဆီက အပေါ့အလေးသွားခြင်းအား အလွန်ထူးဆန်းစွာ ရေထဲတွင် သွားကြသည်။ စွန့်ပစ်အညစ်အကြေးများက စီးဆင်းနေသော ရေအလျင်နှင့်အတူ မျောပါ သွားကြကုန်သည်။ ထိုအခါ ဘယ်က ဘယ်လိုရောက်လာမှန်းမသိသော ကာလဝမ်းရောဂါက တစ်ယောက်မှစလိုက်ရာ ထိုရေများမှတစ်ဆင့် တစ်ရွာမက ပျံ့နှံ့ကုန်တော့သည်။ ဤသို့ဖြင့် မိုင်းယောင်းမြို့နယ် တစ်ခုလုံး ကာလဝမ်းရောဂါဖြစ်ပွား၍ နိုင်ငံတော်အစိုးရမှ Cholera Campaign အဖြစ် Medical Team များ စေလွှတ်ပြီး ကုယူရ ပါတော့သည်။ ၁၉၈၂ ခုနှစ်၊ ဩဂုတ် စက်တင်ဘာနှစ်လ ကာလဝမ်းဖြစ်ပွားရာ လူတစ်ထောင်နီးပါး အသက်ဆုံးပါးသွားကြောင်း မေးမြန်းသိရှိရ၏။

အဘယ့်ကြောင့် အသေအပျောက်နှုန်း ဤမျှ များရခြင်း အကြောင်းကို ထိုစဉ်က မိုင်းယောင်းပြည်သူ့ဆေးရုံတွင် တာဝန်ကျခဲ့သော ဆရာဝန် ဒေါက်တာစိုင်းငင်းမတ်အား မေးမြန်းခဲ့ရာ -

" ဗိုလ်ကြီးရေ Cholera ဆိုတဲ့ ကာလဝမ်းက ကူးစက်တာ မြန်တယ်၊ ရောဂါပိုးကလဲ အသားစိမ်း ငါးစိမ်းတွေမှာ လျင်မြန်စွာ ပေါက်ပွားပြင်းတယ်၊ ဒီက လူတွေကလဲ အသားစိမ်း ငါးစိမ်းကို တအားစားကြတယ်၊ လမုံးပွဲတိုင်းမှာ အသားစိမ်းစင်းကောက အမြဲလိုလို ပါနေတာကို ဗိုလ်ကြီးတို့ တွေ့တယ် မဟုတ်လား၊ အဲဒါတွေကို မချက်မပြုတ်ဘဲ စားတော့ ဝမ်းရောဂါကူးတာ မြန်တယ်၊ Cholera က ဝမ်းသွားရင် တစ်ကြိမ်မှာ အများကြီးသွားတယ်၊ လူနာက ကောင်းကောင်း မအိပ်ရဘူး၊ တစ်ညလုံး တဝေါဝေါနဲ့ ဝမ်းသွားပြီး နောက်တစ်နေ့မိုးလင်းတာနဲ့ ကျောက်ကပ်ပျက်ပြီး ဆုံးတော့တာပါပဲ "

" ကူးတာကကော၊ ဘယ်လိုကူးသလဲဗျာ "

www.burmeseclassic.com

www.burmeseclassic.com

" ကူးတာကတော့ ရောဂါသည်ရဲ့ မစင်ကို ယင်အုံ၊ လူတွေရဲ့ အစာကို အဲဒီယင်က နား၊ ယင်အုံတာကို လူက စား၊ အဲဒါနဲ့ ရောဂါကူးသွားရော၊ နောက်တစ်နည်းကတော့ ရောဂါသည်ရဲ့ ဝမ်းတွေ ဘာတွေ ပေတာ ကျံတာတွေ၊ အညစ်အကြေးရှိနေတဲ့ရေတွေ ဒါတွေကို ထိမိကိုင်မိ စားမိ သောက်မိရင် ကူးသွားတာပဲ၊ ကူးတာလဲ မြန်တယ်၊ အဓိကကတော့ အစာလမ်းကြောင်းကနေ ကူးတာပါပဲ "

" နောက်တစ်ခုက ဒီကလူတွေက Personal Hygiene တစ်ကိုယ်ရေ သန့်ရှင်းမှု အကြောင်းတွေလဲ သိပ်မသိကြဘူး၊ ကျယ်ကျယ်ပြန့်ပြန့် ကျန်းမာရေးပညာပေးတာ လုပ်ချင်ပေမယ့် ဗိုလ်ကြီးတို့မပါဘဲ ကျွန်တော်တို့က မြို့ကနေ ဝေးဝေးလံလံ သွားလို့ မရဘူး၊ ဗကပ ဆွဲသွားမှာ စိုးရသေးတယ်လေ၊ ဆုံးသွားတဲ့လူတွေက ဒီမြို့နယ်ထဲက ဆိုပေမယ့် ဟိုး အစွန်အဖျားတွေက များပါတယ်၊ ရှင်းရှင်းပြောရရင်တော့ ဗကပတွေ ထိန်းချုပ်ထားတဲ့ နေရာတွေကပေါ့ ဗိုလ်ကြီးရယ် "

ဒေါက်တာစိုင်းငင်းမတ်ပြောတာ ဟုတ်ပါသည်။ မိုင်းယောင်းနှင့် သိပ်မဝေးလှသော ဒေသများတွင် ကာလဝမ်းအသံ ကြားလျှင်ကြားချင်း အပြေးအလွှားသွားပြီး ရောဂါကာကွယ် ဆေးထိုးခြင်းနှင့် လူနာများကို ဆေးကုသခြင်းများ ပြုလုပ်နိုင်၏။ သို့ရာတွင် ကော်(၈၁၅) ထိန်းချုပ်ထားသည့် ဝမ်ဆော၊ ဝမ်ဖိုင်၊ ဆာကျိူ၊ ကြာဝမ်စသည့် နေရာများသို့ကား နိုင်ငံတော်၏ကျန်းမာရေးအဖွဲ့များ သွား၍မရပါ။ ထို့ကြောင့် ထိုအလှမ်းဝေးသော ဒေသများက အသေအပျောက် ပိုများခြင်း ဖြစ်ပါသည်။

ဝမ်းရောဂါကြောင့် ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး ကာကွယ်ဆေးထိုးကြရ၏။ အသားစိမ်းစားမိသော စစ်သည်တစ်ဦး ဝမ်းရောဂါဖြစ်သည်။ အချိန်မီ ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံသို့ ပို့နိုင်၍ အသက်ရှင်သည်။ တစ်ဦးတစ်ယောက်မှ အသေအပျောက် မရှိ၊ သို့ရာတွင် သောင်းကျန်းသူများ မကြာခဏကျက်စားနေသည့် ရွာများတွင်ကား အတော်ပင် အသေအပျောက် များလှ၏။ လွန်ခဲ့သည့် တစ်ပတ်ခန့်က ဝမ်ဟိုရမ်းသို့ ကျွန်တော်တို့တပ်ရင်း အင်အားပြည့် စစ်သည်နှင့် လူနာအကြိုအပို့ လုပ်ရာ တစ်ရက်တည်း ဝမ်းရောဂါအသုဘ (၃)ခု ကြုံခဲ့ရ၏။ လူသေတာများသဖြင့် ခေါင်းစပ်စရာ သစ်သားပင် မရှိ၍ ဘဲလားတော့ မသိ။



လူသေကို စောင်နှင့်အုပ်ပြီး ဝါးကပ်ပေါ်တင် ထမ်းသူထမ်း၊ ဖျာလိပ်ထဲထည့် သယ်သူက သယ်နှင့် စိတ်မချမ်းမြေ့ဖွယ်ရာ ကြုံတွေ့ခဲ့ရ၏။ ထိုညက ကျွန်တော်တို့ စစ်ကြောင်းတစ်ခုလုံး ရွာအပြင်ထွက်အိပ်ပြီးမှ နောက်နေ့တွင် အပို့အကြိုကိစ္စ ဆောင်ရွက်ခဲ့ပါသည်။ ဝမ်းရောဂါကြောက်၍ ရွာတွင်း၌ မအိပ်ခဲ့ကြပါ။

ကျွန်တော်သည် အထက်ပါအကြောင်းများကို ပြန်လည်စဉ်းစားမိရင်း တပ်ရင်းမှူးကြီးအား

" ဟုတ်ပါတယ် တပ်ရင်းမှူးကြီးရယ်၊ ကျွန်တော်တို့ Outpost စခန်းသွားထိုင်ပြီးတော့ သီတင်းကျွတ် တန်ဆောင်မုန်း မိုးပြတ်တော့မှ ပြန်လာကြတာ၊ အန္တရာယ်ပိုကင်းပါတယ် "ဟု ပြောလိုက်မိပါတော့သည်။

မိုင်းယောင်းဆိုသည်မှာ ဤကဲ့သို့ ရောဂါကန္တာရကပ်များလည်း ရှိနေပါသည်။ မိုင်းယောင်းရောက်ချိန်မှစ၍ ဘုရားရှိခိုးတိုင်း ကပ်ကြီးသုံးပါး ကျော်နင်းနိုင်တဲ့ကိုယ် ဖြစ်ရပါလို၏ဟု အမြဲတမ်း ဆုတောင်းမိပါ၏။ ရယ်တော့ ရယ်ရပါသည်။

× × × ×

မိုင်းယောင်းကထွက်တော့ ၁၉၈၂ခုနှစ်၊ စက်တင်ဘာလ နောက်ဆုံး အပတ်တွင် ဖြစ်သည်။

မကြာခဏမိုးရွာနေ၍ လမ်းများက ရွှံ့များ၊ ဗွက်များဖြင့် ပေကျံနေ၏။ ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံးသည် ရိက္ခာများ၊ ရွက်နက်များ၊ ခဲယမ်းမီးကျောက်များအား လှည်းများ ဝန်တင်လားများဖြင့် သယ်ဆောင်ကာ တအိအိ ချီတက်လာခဲ့ကြသည်။ မိုင်းယောင်းမှ အရှေ့မြောက်ရှိ မိုင်းယု၊ မိုင်းလွေသို့ ချီတက်ခဲ့ကြခြင်းဖြစ်သည်။ မိုင်းယောင်းနှင့် မိုင်းယု မိုင်(၂၀)ခန့် ကွာဝေး၏။ ထို့ကြောင့် ထိုခရီးကို အတော်သွားရ၏။ မိုင်းယောင်း၊ မိုင်းယု လမ်းတစ်လျှောက် ဘေးဘယ်ညာတွင် တောင်ကြီးများ ဝိုင်းရံနေ၏။

" အစ်ကိုကြီးရေ ဒီလမ်းတစ်လျှောက်က အတော်ပွဲကြမ်းထားတဲ့ နေရာတွေ၊ မနှစ်က တပ်မ ကျွန်မန်ဒိုအတိုက်ခံရတာ ဒီနေရာပေါ့ "

ဗိုလ်ကြီးဌေးလွင်ထာ ဝမ်ကျိုင်းဆုံရပ်နှင့် ဟိုခိုဘုရားကန်းကြား အမာကတွင် သာဘက်မှ တောင်ကြောများကို လက်ညှိုးထိုးကာ ပြောပြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ဗိုလ်ကြီးဌေးလွင်နှင့် ဗိုလ်ကြီးသန်းဝင်းတို့ကား မိုင်းယောင်းသို့ အရောက်အပေါက်များ၍ နယ်မြေကျွမ်းသူများဖြစ်သည်။

၁၉၈၀ ခုနှစ်လောက်ကစ၍ ထိုလမ်းကြောင်းတစ်လျှောက်အား ဗကပတို့က ထိုးဖောက် စိုးမိုးလာကြသည်။ မိုင်းယုမှာ မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဆုံး လက်မသဖွယ် နေရာကလေးထဲတွင် ရှိနေ၍ မဟာဗျူဟာအရ အချက်အချာကျသည်။ ထို့ကြောင့် လက်လွှတ်၍ မဖြစ်။ မဆုတ်တမ်း ခံစစ်အဖြစ် ယူထားရသည်။ မိုင်းယုနှင့် ကော်ဟိုလွယ် ထင်းရှူးတောင်တို့ကား ကျိုင်းတုံအရှေ့ခြမ်းတွင် နာမည်ကြီးသော နေရာများ ဖြစ်၏။ အသက်လုတိုက်ပွဲကြီးများ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ဖူး၏။ မိုင်းယုတွင် မန္တလေး၊ မျက်ပါးရပ်မှ ခလရ(၇၆) စစ်ကြောင်းနှင့် ဗကပတို့ အကြီးအကျယ်တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် ဒုတပ်ရင်းမှူး ဗိုလ်မှူးအုန်းမောင် သီဟသူရဘွဲ့ ရရှိခဲ့ပါသည်။ အလားတူပင် ကော်ဟိုလွယ်သည်လည်း ၁၉၈၀ ခုနှစ်လောက်က ခလရ(၅) စစ်ကြောင်းဌာနချုပ်အား ဗကပတို့ အင်ကြီးအားကြီးနှင့် ဝင်တိုက်ရာ တပ်မတော် (လေ)မှ လေကြောင်း ပစ်ကူလာပေးရသည်အထိ တိုက်ပွဲပြင်းထန်သွား၏။

ကျွန်တော်တို့ သနက(၁)မှ စစ်ကူအလိုက်မြန်၍ ထိုစဉ်က ရန်သူ အဝိုင်းခံနေရသော ခလရ(၅) တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးကြည်ဝင်း အသက်ချမ်းသာရာရသွား၏။ ဒုဗိုလ်မှူးကြီး ကြည်ဝင်းသည် သနက(၁)မှ ပြောင်းရွှေ့ပြီး ခလရ(၅)တွင် တပ်ရင်းမှူးဖြစ်သွားသူဖြစ်၏။ သို့ရာတွင် ထိုကော်ဟိုလွယ်တိုက်ပွဲအပြီး ၁၉၈၁ ခုနှစ်၊ ကျိုင်းတုံမြောက်ခြမ်း ယမ်းကောင် ဒေသ ထိုးဖောက် တိုက်ခိုက်ရာတွင် ကျဆုံးသွားခဲ့ရှာပါသည်။

အလားတူပင် ထင်းရှူးတောင်၌လည်း ချင်း(၃)မှ ဗိုလ်မှူးစိန်ဝင်းနှင့် တပ်စု(၄)စု အခြေပြုထားစဉ် ဗကပအင်အား (၅၀၀)ကျော်က လက်နက်ကြီးသုံး၍ တိုက်ခဲ့သဖြင့် ထင်းရှူးတောင်စခန်း ကျဆုံးခဲ့ရ၏။ သို့ဖြစ်၍ ထိုဒေသများကား အသက်အန္တရာယ် အလွန်နီးသော နေရာများ ဖြစ်၏။ ကော်(၈၁၅)ကလည်း ၎င်းတို့၏တပ်မဟာဌာနချုပ်အား ကော်ဟိုလွယ် ထင်းရှူးတောင်နှင့် သိပ်မဝေးသည့် ဖမ်ဆော၊ ဖမ်ဖိုင်တွင် ဖွင့်လှစ်ထားရာ ကျွန်တော်တို့မှာ တစ်ချက်မှ သတိလစ်၍ မရ။ မနက်တိုင်း (၄)နာရီထိုးလျှင် Stand to ထလုပ်ရပါသည်။ မိုးသည်းသည်းတွင် ရန်သူ အငိုက်ဖမ်းကာ လာတိုက်သွားမှာ စိုးရ၏။

ဗကပတို့က မော်စီတုန်း၏ သေနင်္ဗျူဟာနှင့် နည်းပရိယာယ်တွင် ပါရှိသော

“ အမာရှောင် အမွတိုက်၊
လက်ရင်းကပ်တော့ သာ၊
လက်ဖျားကပ်တော့ နာ၊
သူစု ကိုယ်ခွဲ၊ သူခွဲ ကိုယ်စု ” ဆိုသော နည်းပရိယာယ်များ။

“ ရန်သူတစ်ဆကို မိမိ (၁၀)ဆဖြင့် တိုက်ရမည်၊ အထီးကျန်ဖြစ်နေသော တပ်၊ ဝေးလံသော တပ်၊ စိတ်ဓါတ်ကျဆင်း နေသော တပ်၊ ထိုတပ်များအား သာလွန်အင်အားဖြင့် ပိတ်ဆို့၍ အပိုင်အနိုင် တိုက်ရမည် ”ဆိုသော နည်းပရိယာယ်များကို အမှန်ပင် ကျင့်သုံး၏။ ထို့ကြောင့် ကျွန်တော်တို့လည်း “သတိဆို ပိုတယ် မရှိ” ဟု သဘောပိုက်ခါ အမြဲ စစ်ရေးသတိရှိနေရပါတော့သည်။

မိုင်းယုရောက်တော့ အတော်မှောင်ပြီ။ ဘယ်ဘက်က ကော်ဟိုလွယ်၊ ညာဘက်က ထင်းရှူးတောင်။ သို့ရာတွင် ဘယ်ကိုမှ ကောင်းစွာ မမြင်ရ။ တပ်ရင်းမှူးကြီးက

“ ကဲ ဗိုလ်ကြီးသက်ဦး၊ ခင်ဗျားစစ်ကြောင်း သွားပေတော့၊ ကျွန်တော်တို့ စစ်ကြောင်းလဲ သွားတော့မယ် ”ဟု နှုတ်ဆက်ကာ ဘယ်ဘက် ကော်ဟိုလွယ်သို့ စစ်ကြောင်း(၁)နှင့်အတူ တက်သွား၏။

ကျွန်တော့်စစ်ကြောင်းမှာ လူတော်တော်နှင့် မစုံ။ ကျွန်တော်၏ စစ်ကြောင်း(၂)တွင် ဗိုလ်ကြီးဌေးလွင်၏ တပ်ခွဲ(၃)နှင့် ဗိုလ်ကြီးသန်းဝင်း၏ တပ်ခွဲ(၄)တို့ ပါဝင်၏။ မိုင်(၂၀)ကျော် ခရီးပြင်းနှင်လာ၍ လူတွေကလည်း တော်တော်နှင့် စုမရ။ အဆက်မပြတ် လူစစ်နေရ၏။

လူစုံတော့ ည (၈)နာရီထိုးပြီ။ လကလည်း ကောင်းစွာ မရှိ၍ လမှောင်မှောင်၊ ည မှောင်မှောင်တွင် ထင်းရှူးတောင်အား မီးထိုးကာ စမ်းတဝါးဝါးဖြင့် တက်ရသည်။ ည(၁၀)နာရီ ကျော်ကျော်တွင် စခန်းပေါ် ရောက်သွား၏။ စခန်းတွင်ကား ခလရ(၁)မှ စစ်ကြောင်းမှူး ဗိုလ်မှူး သန်းပို စောင့်နေသည်။

www.burmeseclassic.com



" အစ်ကို၊ ကျွန်တော် သနက(၁)က သက်ဦးပါ "

ကျွန်တော်က ဗိုလ်မှူးသန်းပိုအား သတင်းပို့လိုက်၏။

" ကိုယ် သိပါတယ်၊ ကိုသက်ဦးတို့ လက်ခံစရာရှိတဲ့ ရိက္ခာနဲ့ တိုင်းတပ်မ အရံ ခဲယမ်းတွေ လက်ခံပြီးရင် ကိုယ်တို့လဲ အမြန်ဆင်းမယ်၊ နက်ဖြန် မနက်မိုးလင်းရင် ဒီက ထွက်ဖို့ ဗျူဟာက ညွှန်ကြား ထားတယ် "

ဗိုလ်မှူးသန်းပိုက အထက်ပါအတိုင်းပြောရာ ကျွန်တော်ကလည်း သူတို့အမြန်ဆင်းနိုင်ရန် တိုင်းတပ်မ အရံခဲယမ်းများကို အသေအချာ စစ်ဆေးလက်ခံရန် အရာရှိများအား မှာကြားလိုက်သည်။ ည (၁၂)နာရီခန့်တွင် ဗိုလ်မှူးသန်းပိုနှင့် ခလရ(၁)၊ စစ်ကြောင်း(၂)၊ ထင်းရှူးတောင်မှ ဆင်းသွား၏။ ကျွန်တော်လည်း မောလှသဖြင့် စစ်ကြောင်းရုံး တဲကလေးတွင် ပါလာသည့်အိပ်ရာအား ဖြန့်ခင်းပြီး မောမောနှင့် အိပ်လိုက်မိပါတော့သည်။

နာမည်ကျော် ထင်းရှူးတောင်တော့ ရောက်ပြီပေါ့ခင်ဗျာ။

× × × ×

**ထင်းရှူးတောင်မှာ တစ်လတာ**

မိုင်းယောင်း၊ကျိုင်းတုံဒေသကား အများအားဖြင့် ပေလေးထောင်ကျော်၊ ငါးထောင်မြင့်မားသည့် တောင်များဖြင့် ဖုံးလွှမ်းနေသော ဒေသဖြစ်၏။ ထိုအမြင့်သို့ ရောက်ပြီဆိုက ထင်းရှူးပင်များ ပေါက်ရောက်လေ့ရှိ၏။ အချို့သော တောင်တန်း၊ တောင်ကြောကြီးများဆိုပါက ထင်းရှူးပင်မှ လွဲ၍ အခြားအပင်များ လုံးဝမပေါက်ပါ။ အတော်တော့ အံ့သြစရာကောင်းပါသည်။ ထို့ကြောင့် ထိုနေရာများကို ထင်းရှူးတောင်ဟု အမည်ပေးထားကြ၏။ ကျိုင်းတုံ၊ မိုင်းယောင်းဒေသတွင် နာမည်ကျော် ထင်းရှူးတောင် (၃)ခု ရှိ၏။ ၎င်းတို့မှာ ယခု ကျွန်တော်တို့ စခန်းထိုင်ရမည့် ကော်ဟိုလွယ်ထင်းရှူးတောင်၊ ၎င်းနောက် လွယ်မွေဒေသရှိ မိုင်းငေါင်းထင်းရှူးတောင်နှင့် မိုင်းခတ်ဒေသမှ မိုင်းနွန်းထင်းရှူးတောင်တို့ ဖြစ်၏။

" အစ်ကိုကြီးရေ ဒီထင်းရှူးတောင်ကတော့ မြန်မာနိုင်ငံရဲ့ အရှေ့ဘက် အစွန်ဆုံးလဲ ဖြစ်တယ်၊ ချင်း(၃)က ဗိုလ်မှူးစိန်ဝင်းတို့လဲ ကျဖူးတယ်၊ လူကြီးတွေကလဲ ယကာဗျူဟာဘရ အရေးပါဟဲ့နေရာမို့ မျက်ခြေပြတ် မခံဘူး၊ အစ်ကိုကြီးသိထားအောင် တင်ပြကာပါ "



ရောက်ပြီးနောက်တစ်နေ့တွင် ဗိုလ်ကြီးသန်းဝင်းက အထက်ပါအတိုင်း ပြော၏။

" အေးပါကွာ၊ ကိုယ်လဲ သိထားပါတယ်၊ ဒါကြောင့် မနက်တိုင်း ကိုယ့်ညီတို့ Stand to လုပ်ကွာ၊ တပ်ကိုတော့ စစ်ကြောင်းရုံးနဲ့ (၄)စုပဲ ဒီစခန်းထဲမှာ နေမယ်၊ ဟိုမှာ မြင်နေရတဲ့ အရှေ့ဘက်ကျောပေါ်တော့ ဗိုလ်ကြီးဌေးလွင်နဲ့ ခွဲရုံး(၂)စု တင်ထားချင်တယ်၊ ဗိုလ်မှူးစိန်ဝင်းတို့ စခန်းဟာ့တုန်းက အဲဒီကျောကနေပြီး ၅၇ သုံးလေးလက်နဲ့ စခန်းထဲကို ပစ်သွင်းပြီးမှ စခန်းကို သိမ်းသွားတယ်လို့ ကိုယ်ကြားထားတယ် "

ဤသို့ဖြင့် ထင်းရှူးတောင်တွင် စခန်းတွင်း၌ စစ်ကြောင်းရုံးနှင့် (၄)စု၊ စခန်းအပြင်ဘက် တွင် ခွဲရုံး(၂)စုဖြန့်ခွဲကာ တပ်ကို ချထားလိုက်၏။ ပထမဆုံးအကြိမ် စခန်းထိုင်ခြင်းဖြစ်၍ စခန်းကိုလည်း လေ့လာမိ၏။ စခန်းမှာ Over Head ဘန်ကာကြီးများဖြင့် ရန်သူ့လက်နက်ကြီးများ ဒဏ်ခံနိုင်အောင် လုပ်ထား၏။ ခြံစည်းရိုးများကိုလည်း ကျားလန်များ ဖြင့် သုံးထပ် ခတ်ထား၏။ ခြံစည်းရိုးများအပြင်ဘက်တွင် (၈)ပေခန့် ကျယ်၍ (၆)ပေခန့်နက်သည့် အခြောက်ကျုံးကြီးများ တူးထား၏။ ကျုံးအတွင်း၌ ညှောင့်အမျိုးစုံ ထောင်ထား၏။ အခြောက်ကျုံး တူးထားခြင်းအား မြေကြောဖြတ်ထားသည်ဟုလည်း ခေါ်ပါသည်။

" အစ်ကိုကြီးရေ ဗကပကတော့ ခံစစ်မကောင်းလို့ မရဘူး၊ သူ့ရဲ့ လူလှိုင်းစစ်ဆင်ရေးနဲ့ လက်နက်ကြီးဒဏ်ခံနိုင်အောင်တော့ စခန်းခံစစ်ကို မြေအောက်ဘန်ကာတွေရော ဥမင်လှိုဏ်ခေါင်းတွေရော ပုံးခိုကျင်းတွေရောနဲ့ စုံနေအောင် ပြင်ထားရတယ် "

တပ်ခွဲမှူးနှစ်ဦးက ကျွန်တော် စခန်းကို လိုက်ပြသည့်အခါ ပြောကြ၏။

ထင်းရှူးတောင်မှာ အမြင့်ပေ (၄၀၀၀)ကျော်ခန့် ရှိ၏။ စခန်းပေါ်တွင် ရေ လုံးဝမရှိပါ။ စခန်းအောက် တောင်ခြေရင်းတွင်သာ ရေချောင်းငယ်လေးရှိပါသည်။ ကျွန်တော်တို့ ရောက်သွားချိန်မှာ မိုးတွင်းမို့ ချောင်းကလေးက ရေပြည့်နေ၏။ စခန်းတစ်ခုလုံး ထိုချောင်းကလေးကို အားကိုးပြုရ၏။ ထို့ကြောင့် နေ့စဉ်ရေချိုးတိုင်း ထိုချောင်းကလေးသို့ ဆင်းပြီး ရေချိုးရ၏။ အဆင်း (၁၅)မိနစ်ခန့် ဆင်းရ၍ အတက် နာရီဝက်ခန့်

www.burmeseclassic.com

www.burmeseclassic.com

တက်ရ၏။ ထို့ကြောင့် ရေတစ်ခါချိုးတိုင်း ချွေးပြန်အောင် တောင်ပေါ် ပြန်တက်ရသည်။ ထင်းရှူးတောင် ရေဒုက္ခမှာ မသေးလှပါ။

သို့ရာတွင် စစ်သားပီပီ ခန်းအတွက် သုံးရက်စာ သောက်သုံး ရေကို စည်ပိုင်းများ၊ ဝါးဆစ်ပူးများဖြင့် ထည့်ခိုင်းထားရ၏။ ၁၉၇၈ ခုနှစ်က နောင်လိုင်၊ ပါဖန်နှင့် ပွိုင့်- ၆၀၄၁ တိုက်ပွဲတုန်းက ရေဒုက္ခကို အမြဲသတိရနေပါသည်။ ရေကိစ္စကို လျော့မတွက်ရဲပါ။


ရေပြီးတော့ အစားအစာဖြစ်သည်။ ထင်းရှူးတောင်တွင် တောတွင်း ရိက္ခာမှလွဲ၍ ဘာမှ စားစရာ မရှိပါ။ စားစရာ အသား အလွန်ရှား၏။ အသားအတွက် တောလယ်က ရနိုင်၏။ သို့ရာတွင် ပတ်ဝန်းကျင်ရှိ စွန့်လွှတ်မိုင်းများကြောင့် တောလည်ခွင့် မပြုရဲပါ။ တောင်ခြေရှိ ရွာကလေးများမှ အသားပေါ်၍ လာရောင်းလျှင် ဝယ်ရ၏။ ရွာမှလည်း ပုံမှန်အသား ပေါ်ရောင်းလေ့ရောင်းထ မရှိပါ၊ ကျွန်တော်တို့ နေခဲ့သည့် တစ်လကျော်ခန့်အတွင်း ကိုယ့်အစီအစဉ်နှင့် ကိုယ် နွား(၂)ကောင် အရှင်ဝယ်ပြီး ပေါ်လိုက်သည်။ ထိုအခါကျမှ စစ်သည်များ အသားဝလင်စွာ စားရပါသည်။ ဟင်းသီးဟင်းရွက်ကိုမူ ရွာများမှ မကြာခဏ လာရောင်းပါသည်။ အများအားဖြင့် မုန်ညှင်းရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းသီး၊ ငရုတ်သီး၊ ပိန်းဥ၊ မုန်လာဥ စသည်များသာ ဖြစ်၏။ မည်သို့ဆိုစေ အစားဆင်းရဲခြင်းဒုက္ခကိုလည်း ထင်းရှူးတောင်မှာ များစွာ ခံစားရပါသည်။

## မြွေကြီးတစ်ကောင် ရရှိခြင်း

ထင်းရှူးတောင်ရောက်သည်မှာ တစ်လနီးပါး ရှိပြီ။ သီတင်းကျွတ်ပြီဖြစ်၍ မိုးပြတ်စပြုပြီ။ ထင်းရှူးတောင်တစ်ဝိုက်၌ မနက်ဆို မိုးနှင်းမြူများ ကျနေတတ်၏။ တစ်ရက်တွင် ညနေခင်း၌ ကျွန်တော် စာဖတ်နေ၏။ ကံအားလျော်စွာ ကျွန်တော်တို့ရောက်နေသည့် တစ်လတာကာလအတွင်း စစ်ရေးကိစ္စ ဘာတစ်ခုမှ ထူးခြားဖြစ်စဉ် မရှိခဲ့ပါ။ အတော် စိတ်အေးနေရ၏။ ကံကောင်းသည်ပဲ ဆိုရမလား မသိပါ။

ထိုနေ့ညနေက စာဖတ်ကောင်းနေစဉ်

" ဒိုင်း၊ ဒိုင်း၊ ဒိုင်း၊ ဒိုင်း " ဟူသော G-3 သေနတ်သံများကို တောင်ခြေမှ ဆူညံစွာ ကြားရပါတော့သည်။



www.burmeseclassic.com


" ဟာ ဘာဖြစ်တာလဲ၊ တပ်ခွဲမှူး ဆင်းကြည့်ပါဦး၊ ရောက်နေချထား တဲ့ နေရာတွေကပဲ "

ဗိုလ်ကြီးသန်းဝင်း တပ်စိတ်တစ်စိတ်ဖြင့် ဆင်းသွား၏။ ခဏ အကြာတွင် ၄င်းတပ်စိတ်နှင့်အတူ (၁၀)ပေကျော်ရှည်သော စပါးကြီး မြွေကြီးတစ်ကောင်အား စစ်သည်(၆)ဦးမှ ဝါးပိုးဝါးကြီး များဖြင့် လျှို၍ ထမ်းလာကြ၏။ မြွေကြီးမှာ မြွေထီးကြီးဖြစ်၍ ဗိုက်မှာလည်း အတော်ပင် ပူဖောင်းနေ၏။ ခေါင်းတွင် သေနတ်ဒဏ်ရာ လေးငါးချက်တွေ့ရ၏။

" ဟာ စပါးကြီးမြွေကြီးပါလား၊ ဘယ်လိုဖြစ်ကြတာလဲ "

အထမ်းအဖွဲ့ခေါင်းဆောင် ဒုတပ်ကြပ်သန်းဦးမှ

" ရေဆိပ်မှာ ကျွန်တော်ရေသွားခပ်တာ ဝါးရုံတောထဲမှာဒီကောင် ကြီး ခွေနေရာက ဖြုံးကနဲ ထလာလို့ လန့်ပြီးပါလာတဲ့ G-3 နဲ့ တစ် တောင့်ချင်း ပစ်လိုက်တာပါ "

အထက်ပါအတိုင်း ဖြေပါတော့သည်။ ကျွန်တော်သည် အသား ပြတ်နေသည့် အချိန်၊ စပါးကြီးမြွေကြီးတစ်ကောင်ရရှိသဖြင့် ဝမ်းသာ သွား၏။

" အေး ကောင်းတာပေါ့ကွာ၊ မြွေသားစားကြတာပေါ့၊ ဒါပေမယ့် မင်းတို့မြွေကြီးက ဗိုက်ပူနေတယ်ကွ၊ ကြည့်ကြဦး "

" အကောင်တစ်ကောင်ကောင် မြိုထားပါတယ်၊ ဘာကောင်လဲ တော့ မသိဘူး "

မကြာမီ စစ်သည်များမှ ထိုစပါးကြီးမြွေကြီးအား ဗိုက်ခွဲကြည့်ရာ ဗိုက်ကြီးများဖြင့် ဂျီ(ချေ) ထီးကြီးတစ်ကောင်အား တွေ့ရပါသည်။

ဩော် ဂျီထီးကြီး မြိုထားတာကိုး။

ကျွန်တော်တို့တစ်တွေမှာ စားစရာအသားပြတ်နေ၍ စပါးကြီး မြွေကြီးအား တုံးတစ်ပြီး အမျိုးစုံချက်ပြုတ်ကာ မြွေသားစားကြပါသည်။ ဟင်းပြင်းထုံပြင်းဖြင့် စားလို့တော့ သိပ်မကောင်းပါ။ သို့ရာတွင် အသား ရှိကွာ စားစရာပြတ်လပ်နေတော့ စားတော့ စားရပါ၏။ ထိုမြွေကြီးအား ...ခန်းတာဝန် လဲလှယ်ချိန်ထိ စားနေရပါသေးသည်။ ကျွန်တော်ကတော့ ဟင်းအဖြစ် မစားပါ။ ညနေ အာမီရမ်ကလေး သုံးဆောင်ချိန်တွင်သာ ...မြည်းအဖြစ် စားပါသည်။ မြွေသား ကောင်းကောင်း စားဖူးသော

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဖို့ ထင်းရှူးတောင်ရောက်မှ ရက်ပေါင်းအတော်ကြာမှ မြွေ သား စားခဲ့ရပါသည်။

ထိုမြေကြီးမှာထင်းရှူးတောင်တွင် ကျွန်တော်နေခဲ့ရသည့် တစ်လ ကျော်ကာလအတွင်း ရှားရှားပါးပါး တစ်ကောင်တည်းရခဲ့သော တော ကောင်ဖြစ်ပါသည် ခင်ဗျား။

× × × ×

**ထင်းရှူးတောင်မှ ပြန်ရပြီ**

ထင်းရှူးတောင်တွင် တစ်လ ကျော်သွားပါပြီ။ မနက်မိုးလင်းလျှင် အိပ်ရာမှထလိုက်က ထင်းရှူးတောင်အောက်ခြေတွင် ဖြူဖွေးနေသော တိမ် ငွမ်းလိပ်များက အိပ်ရာခင်းအဖြူကြီး ဖြန့်ခင်းထားသလို ငွမ်းပင်လယ်၊ တိမ်ပင်လယ်ကြီး ဖြစ်နေ၏။

ဟို မြောက်ဘက်အဝေးဆီမှာကား တရုတ်တို့၏နာမည်ကျော် ဆစ်ဆောင်ပန်းနား ဒေသရှိ၏။ ထင်းရှူးတောင်ပေါ်က ခုန်ချလိုက်လျှင် ပင် ဆစ်ဆောင်ပန်းနားများ ရောက်သွားမလား ထင်ရသည်။ တိမ်ကင်း စင်သည့် အခါမျိုးများတွင်ကြည့်လိုက်လျှင် ဆစ်ဆောင်ပန်းနားဒေသ၏ စိမ်းညို့ညို့တောအုပ်များနှင့် တောင်တန်းအလိပ်လိပ်များကို လှမ်းမြင်ရ ပါသည်။ အရှေ့ဘက်တွင်ကား မဲခေါင်မြစ်နှင့် လာအိုနိုင်ငံကို တွေ့ရ၏။ မဲခေါင်မြစ်ထဲသို့လည်း အနောက်ဘက်မှ နမ့်မလွေချောင်းက စီးဝင် နေ၏။ ချောင်းဘေးတွင် မိုင်းလွေရွာကလေး ရှိသည်။ ကော်ဟိုလွယ်နှင့် မိုင်းယု၊ ထင်းရှူးတောင်နှင့် မိုင်းလွေ၊ နမ့်မလွေချောင်းနှင့် အိုမီဂါကွေ့ တို့ကား အတွဲညီ လူသိများသော အမည်နာမများ ဖြစ်ကြ၏။

ကျွန်တော်ရောက်ခါစက အိုမီဂါကွေ့ဆိုသည်ကို မသိသဖြင့်

“ဘာလဲကွ၊ မင်းတို့ အိုမီဂါကွေ့ဆိုတာ ”ဟု မေးမိသည်။

ထိုအခါ စစ်သည်များက

“ ဟိုမှာလေ စစ်ကြောင်းမှူးရဲ့၊ နမ့်မလွေချောင်းက ကွေ့ကောက် နေတာ၊ ကောက်မလေးခေါင်းက အိုမီဂါ ဆံပင်လေးလိုပဲ ” ဟု ပြောပါ တော့သည်။ထိုအခါကျမှ ကျွန်တော်လည်း သဘောပေါက်ရပါတော့သည်။

ထင်းရှူးတောင်၊ နမ့်မလွေချောင်း၊ အိုမီဂါကွေ့နှင့် မဲခေါင်မြစ်တို့ အား သံယောဇဉ်ဖြစ်စ ပြုလာ၏။သို့ရာတွင် ထိုသံယောဇဉ်ကား ကြာကြာ မခံပါချေ။



“ စစ်ကြောင်းမှူး၊ ကျွန်တော်တို့ မိုင်းယောင်းပြန်ရတော့မယ်၊ သန်ဘက်ခါ ခမရ(၁၀၈) လာလဲတော့မယ်တဲ့ ”

ကျွန်တော့်စစ်ကြောင်းရုံးအဖွဲ့ စစ်ကြောင်း(၁)မှ ပို့သည့် ဝှက်စာ ကြေးနန်းဖော်ပြီး သတင်းပို့လာ၏။

“ အေး ကောင်းတာပေါ့ကွာ၊ တို့လွှဲမယ်၊ ပြောင်းမယ့်ဟာတွေ အသင့်ဖြစ်အောင်သာ တပ်ခွဲမှူးတွေကို စာထုတ်ကွာ ”

ထိုသို့မှာကြားရင်း ထိုနေ့ညစာစားသည့်အခါ တပ်ခွဲမှူးနှစ်ဦး အား အကျိုးအကြောင်း ကြိုပြောရသည်။ တာဝန်လွှဲရာတွင် ကျန်တာ တော့ ပြဿနာမရှိပါ။ ရိက္ခာပဲ ဖြစ်ပါသည်။ ရိက္ခာကတော့ ကြွက်များ စား၍ အတော်လျော့နေသည်။ စခန်းတွင် ကြွက်ဝမ်းဖြူများက များလှ ချေ၏။ ရိက္ခာကို လူနှင့်ကြွက် တစ်ဝက်စီ စားနေရသည်။

စခန်းလွှဲမည့်နေ့တွင် ခမရ(၁၀၈)က ကျွန်တော်တို့လိုပင် ည မိုးကြီးချုပ်မှ စခန်းပေါ်ရောက်လာသည်။ ဒုတပ်ရင်းမှူး ဗိုလ်မှူးကျော်မိုး ရောက်ရှိကာ တာဝန်လဲပါသည်။ သူနှင့်အတူ ပါလာသည့် ဗိုလ်ဌေးဝင်းမှာ ကျွန်တော့် တိုက်ခိုက်ရေးကျောင်းတွင် တပ်ရေးဗိုလ်ကြီး လုပ်စဉ်က တပ်ကြပ်ကြီးစာရေးမှ ဗိုလ်ဖြစ်သွားသူဖြစ်ရာ တပည့်ရင်း ဖြစ်နေ၏။ ည သန်းခေါင်ချိန် အိုးနင်းခွက်နင်းဖြင့် တပ်ပြန်အဆင်း၌ ဗိုလ်ဌေးဝင်းက

“ ဆရာသမား၊ ကျောပိုးအိတ်များပါသွားလို့ အရပ်ဝတ် ဝတ်စရာ မရှိတော့ဘူး၊ အရပ်ဝတ် တစ်စုံလောက် ပေးခဲ့ပါဦး ”

ဟု တောင်းသည်။ သူက အရပ်ရှည်ရှည်၊ ကျွန်တော်က ခပ်ပုပု၊ မတတ်နိုင်ပါ။ ဂန့်ဂေါ လုံချည်တစ်ထည်နှင့် စပို့ရှပ်တစ်ထည် စွန့်ကြဲ ခဲ့ရ၏။ သူဝတ်လိုက်တော့ မတော့်တတော် ဖြစ်နေ၍ အရေးထဲတွင် ရယ် လိုက်ရပါသေးသည်။

စခန်းမှထွက်လာရာ မိုးမလင်းတလင်းတွင်မှ တောင်အောက် ပြန်ရောက်သည်။ နောက်တစ်နေ့တွင် တပ်ရင်း တစ်ရင်းလုံးစုစည်းပြီး မိုင်းယု၊ မိုင်းလွေမှ ပြန်ထွက်လာခဲ့ကြသည်။ ထိုနေ့ညနေ၌ မိုင်းယောင်း ရွှေမြို့တော်ကြီးသို့ ချောချောမောမော ပြန်ရောက်ပါတော့သည်။ အပြန် ...ိုတော့ အသွားထက်တော့ ပိုမြန်သည်ပေါ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထင်းရှူးတောင်၌ ကျွန်တော် လုံးဝသတိမရဘဲ မေ့ကျန်ခဲ့သော အရာတစ်ခုရှိ၏။ ထိုအရာကား ဘုရားစင်ပေါ် တင်ထားသည့် ရှင်အရဟံ ရုပ်တုကလေးပါတည်း။

ထိုကိစ္စနှင့်ပတ်သက်ပြီး ကျိုင်းတုံတွင် ကျွန်တော်နှင့်လွန်စွာ ရင်းနှီးသည့် ရှမ်းဆရာကြီး ဦးစိုင်းပုက ပြောကြားရာ၌

"ဗိုလ်မှူး၊ ရုပ်တုကလေးက သူ့နေရာက မခွါချင်ဘူးလေ၊ ဒါကြောင့် ဗိုလ်မှူး ပင့် မရတာပေါ့၊ ဗိုလ်မှူးသတိမေ့သွားပြီး ထားခဲ့ရတာပေါ့၊ ဒီက ဘုရားရုပ်ထုတွေ ရဟန္တာရုပ်တုတွေက အရမ်းပင့်လို့ မရဘူး၊ သူ့အဓိဋ္ဌာန်နဲ့သူ ထားတာ "ဟု ဆိုပါတော့သည်။

ဟုတ်မဟုတ်တော့ ကျွန်တော် မသိပါ။

သို့ရာတွင် ထိုရုပ်တုကလေးအား ထင်းရှူးတောင်မှာနေစဉ်က နေ့စဉ် ပန်း၊ ရေ၊ ဆီမီး ကပ်နေပြီးကာမှ ယခုအဆင်းတွင် မေ့ကျန်ခဲ့ခြင်းကြောင့် ကိုယ့်ကိုကိုယ်တော့ အတော် မကျေမနပ်ဖြစ်မိပါသည်။ နောက်တစ်ခေါက်ကြုံရင် ပြန်ပင့်မည်ဟု အားခဲထား၏။ ကျိုင်းတုံတွင် နောက်ထပ် (၃)နှစ်ခန့်နေခဲ့ရသော်လည်း ကော်ဟိုလွယ် ထင်းရှူးတောင်သို့ လုံးဝ မြန်မရောက်တော့ပါ ခင်ဗျား။

ဆရာကြီး ဦးစိုင်းပုပြောတာ ဟုတ်နေသည်လား မသိတော့ပါ။ ဤသည်မှာ နာမည်ကျော် ကော်ဟိုလွယ် ထင်းရှူးတောင်ဒေသတွင် နေခဲ့ရစဉ်က ကျွန်တော်၏ အတွေ့အကြုံများပါတည်း။

## မိုင်းယောင်းဗျူဟာမှူး ဦးရွှေကြူး

ကျွန်တော်တို့တပ်ရင်း ကော်ဟိုလွယ် ထင်းရှူးတောင်က ပြန်ရောက်တော့ ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက လမ်းပွဲနှင့် ဆီးကြိုသည်။

" ခင်ဗျားတို့ ပင်ပန်းနေတယ်ဗျာ၊ အဲတော့ ဒီညတော့ အပန်းဖြေ လမ်းပွဲကလေး ကလိုက်ပါဦး၊ ခင်ဗျားတို့အတွက် Special ရုပ်ကွက် (၇)အဖွဲ့ကို ခေါ်ထားတယ် "

မိုင်းယောင်းတွင် ရုပ်ကွက် ခုနစ်ကွက်၊ ချစ်ကွက်ရှိရာ မြို့လယ် ဘုန်းကြီးကျောင်းနှင့် ကပ်နေသည့် ရုပ်ကွက်(၇) လမ်းအဖွဲ့ကား နာမည်ကြီး၏။ မင်းသမီးကလေးများမှာ အက ကောင်းရုံသာမက ဖြူဆွတ်သော



အသားရည်၊ နွဲ့နှောင်းသော ကိုယ်ဟန်၊ ယဉ်ကျေးသော အမူအယာ၊ ချိုသာသော အသံ၊ နှစ်လိုဖွယ်အပြုံးများဖြင့် ကျွန်တော်တို့ လူစစ်များကို လွန်စွာ ဆွဲဆောင်နိုင်၏။ ရုပ်ကွက်(၇) လမ်းအဖွဲ့လာပြီ ဆိုလျှင် အားလုံးက ခြေလှမ်းတပြင်ပြင်နှင့် ဖြစ်နေကြ၏။ ကချင်၊ ခုန်ချင် နေကြ၏။ ဤအထာကိုသိသော မိုင်းယောင်းဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက ကျွန်တော်တို့ကို အထူးတလည် ထိုအစီအမံဖြင့် စောင့်ကြို ခြင်းဖြစ်၏။

ထိုညက ဗိုလ်မှူးကြီးရွှေကြူးကိုယ်တိုင် တောင်ပေါ်က ဆင်းလာသည့် ကျွန်တော်တို့နှင့်အတူ ဝင်ကသည်။ ဗိုလ်မှူးကြီးရွှေကြူးက ထိုစဉ်က ငယ်သေးသည်။ အသက် (၄၅)နှစ် ပတ်ဝန်းကျင်သာ ရှိမည် ထင်ရ၏။ လမ်း မင်းသမီးကလေး ရှစ်ယောက်နှင့် (၁၅)မိနစ်တစ်ကြိမ် တွဲ ကသွားသည်။ အက ကလည်း ကောင်း၏။

ကောင်းပေမပေါ့ဗျာ။ ဗိုလ်မှူးကြီးရွှေကြူးက သူ၏ စစ်သားဘဝ တစ်လျှောက်လုံးနီးပါး ရှမ်းပြည်နယ်တွင် နေခဲ့သူဖြစ်၏။ ရထားသည့် ဇနီးသည်ကလည်း ရှမ်းပြည်နယ်မြောက်ပိုင်းက တိုင်းရင်းသူ ရှမ်းအမျိုးသမီး ဖြစ်၏။ တပ်ရင်းမှူးဖြစ်တော့ မိုင်းတုံ- မိုင်းဆတ်။ ဒီနောက် ရပခ ၁၁၃ ဦးစီး(၁) ဖြစ်လာ၏။ ဗျူဟာမှူးကား တပ်မ(၈၈)တွင် ဖြစ်၏။ Boys Army မှ ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၂၂)တွင် ကော်မရှင် ရလာသူ ဖြစ်သည်။ မကြာမီက ကွယ်လွန်သွားခဲ့သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး(၂)၊ ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးနှင့်လည်း ဗိုလ်သင်တန်းတစ်ပတ်တည်း ဖြစ်၏။

ဗိုလ်မှူးကြီးရွှေကြူးက ရှမ်းတိုင်းရင်းသားတို့၏ သဘောသဘာဝကို ကောင်းစွာ နားလည်သူဖြစ်၏။ ၎င်းတို့၏ ရိုးရာအစာ ခေါက်ညို (ခေါ်) ကောက်ညှင်းကိုလည်း ထမင်းလွတ်စားတတ်၏။ သူတို့နှင့် ရောမရာ နှော်နှော်နေထိုင်တတ်၏။ သူ မိုင်းယောင်းသို့ရောက်ပြီဆိုလျှင် ဗျူဟာရုံးတွင် နေလေ့နေထ မရှိ။ မိုင်းယောင်းမြို့တစ်မြို့လုံး လျှောက်သွားမနေတတ်သည်။ ရှမ်းလို ပြောသည်။ ရှမ်းအစားအစာ စားသည်။ ရုံဖန်နံ့ပါ ညပုံးပေါက် ရုပ်ကွက်သူ ရုပ်ကွက်သားများနှင့် စားသောက် ကခုန်နေလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသည်ကို ဒေသခံများက အထူးသဘောကျကြ၏။ လူငယ်တွေ မဆိုထားဘိ၊ လူကြီးများကပင် သဘောကျကြသည်။ ပြည်သူလူထုနှင့် ရင်းနှီးနေသဖြင့် မကြာခဏပြည်သူထံမှ ရန်သူ့သတင်းများ ရလာ၏။ ထို့ကြောင့် မိုင်းယောင်းတစ်ဝိုက်တွင် မိမိဘက်မှတိုက်ကွက်များ ဖော်နိုင်သည်။ မိုင်းယောင်းမြို့ကိုလည်း တတ်နိုင်သလောက် သာယာအောင် လုပ်သည်။ ရေအားလျှပ်စစ်မီးများ ဆောင်ရွက်ခြင်း၊ အားကစားရုံများ တည်ဆောက်ပေးခြင်း၊ အားကစားကွင်းများ ဆောက်ပေးခြင်း၊ အားကစားပွဲများ မကြာခဏ ပြုလုပ်ပေးခြင်းစသည်တို့ဖြင့် လူထု၏ နှစ်သက်ကြည်ဖြူမှုကို ရယူနိုင်သည်။ ထို့ကြောင့် ထိုဒေသမှ လူတွေက အထူးသဖြင့် သက်ကြီးရွယ်အို မဲ့ထောက်(မဲ့ထောက်- အမေအို)များက -

"ရွှေကြူးကမှ တို့ဗျူဟာမှူး "ဟု မကြာခဏ ပြောလေ့ပြောထ ရှိ၏။

ဗိုလ်မှူးကြီးရွှေကြူးကား ပြောမည်ဆိုက အတော်ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဤသည်မှာ သူနှင့်ပတ်သက်၍ တစ်စွန်းတစ်စ တစေ့တစောင်းသာ ဖြစ်ပါ၏။ အလျဉ်းသင့်သလို ဆက်လက် ဖော်ပြပါဦးမည်။

× × × ×



## အခန်း(၃)

## ကျိုင်းတုံ၊ မိုင်းယောင်းယာဉ်တန်းအကြောင်း တစေ့တစောင်း

**ယာဉ်တန်းအတွက် ပြင်ဆင်မှုများ**

ကျိုင်းတုံနှင့်မိုင်းယောင်းကား မိုင်(၁၀၀)ခန့် ဝေး၏။ ရာသီမရွေးသွားလာနိုင်သော ကားလမ်းရှိ၏။ သို့ရာတွင် ထိုစဉ်က ကားများ ရာသီမရွေးသွားခြင်း မရှိပါ။ အဘယ်ကြောင့်ဆိုသော် မိုင်းယောင်းနှင့် မိုင်းဖြတ်ကြားတွင် ဗကပ ကော်(၈၁၅)က အဆက်မပြတ် ဒုက္ခပေးနေ၍ ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့တပ်တွေသည် တပ်အလဲအလှယ်လုပ်သည့်အခါများတွင် ကား စီးလေ့စီးထ မရှိ။ မိုင်းယောင်းနှင့် မိုင်းဖြတ်ကို ခြေလျင်သာ သွားလေ့ရှိ၏။ မိုင်းဖြတ်ရောက်မှ ကျိုင်းတုံသို့ ကားစီးလေ့ရှိပါသည်။ ထို့ကြောင့် မိုင်းယောင်းတွင် လူသုံးပစ္စည်းများ မကြာခဏ ပြတ်လပ်၏။ ရှားပါး၏။ နေ့စဉ်သွားလာနေသည့် ခရီးသည်တင်ယာဉ် မရှိသဖြင့် ထိုစဉ်က ကျိုင်းတုံနှင့် တာချီလိတ်မှ အရောင်းအဝယ်သမားများသည် မိုင်းယောင်းသို့ အထမ်းအပိုးများဖြင့် ခြေလျင်လာတတ်ကြ၏။ ယာဉ်တန်း အကြုံရှိသည့်အခါ အထူးဝမ်းသာစွာဖြင့် ယာဉ်တန်းနှင့် စုန်ဆင်း လိုက်ပါကြကုန်၏။

ကျိုင်းတုံ- မိုင်းယောင်း ယာဉ်တန်းကလည်း သတ်ပုံ ဖာပွန်ယာဉ်တန်းကဲ့သို့ပင် လနှင့်ချီ ဆွဲရသည်။ မိုင်းယောင်းမြို့ကလေးသည်လည်း

www.burmeseclassic.com

www.burmeseclassic.com

ဖာပွန်မြို့ကလေးကဲ့သို့ပင် ဖြစ်သည်။ အိမ်ခြေ (၁၀၀၀) မကျော်၊ ချောင်းတစ်ချောင်းနှင့် လမ်းတစ်ကြောင်းသာရှိသည်မှာ အတူတူပင် ဖြစ်ကြ၏။ သောင်းကျန်းသူအန္တရာယ်ကလည်း အတူတူလိုပင်၊ တစ်ခုပြောစရာရှိသည်မှာ မိုင်းယောင်းက လမ်းကလေးဘာလေး ကော၍ ရသဖြင့် အန္တရာယ်ရန်စွယ်များကို ခဏတစ်ဖြုတ် မေ့ထား၍ ရ၏။ ဖာပွန်ကတော့ မရပါ။

အချိန်ကား ၁၉၈၂-ခုနှစ် မိုးရာသီကုန်ဆုံး၊ မိုးအကုန် ဆောင်းအကူး ကာလဖြစ်၏။

တစ်နေ့တွင် ဗိုလ်မှူးကြီးရွှေကြူးက ကျွန်တော်နှင့် တပ်ရင်းမှူးအားခေါ်၍ အောက်ပါအတိုင်း ပြောပါသည်။

“ ကဲ တပ်ရင်းမှူးနဲ့ စစ်ကြောင်းမှူး၊ မိုးလဲနဲနဲ ပါးသွားပြီ၊ ရာသီကလဲ ပွင့်လင်းလာပြီ၊ မကြာခင် ဒီကို ရိက္ခာယာဉ်တန်းတွေ ကျိုင်းတုံကလာတော့မယ်၊ ဒါကြောင့် လမ်းတွေပြင်ရမယ်၊ လောလောဆယ် မိုင်းယောင်းနဲ့ မိုင်းဖြတ်ကြားမှာ တံတားတွေကို ဗကပချိုးသွားတာ အတော်များတယ်၊ အဲဒါ အရင်ပြင်မှ ရမယ်၊ စစ်ကြောင်း (၂)ကို လွှတ်ပြီး ပြင်ခိုင်းပါ၊ မိုင်းယောင်း ဆလက က အင်ဂျင်နီယာတွေလဲ ထည့်ပေးလိုက်မယ်၊ တံတားတွေက များတော့ အချိန် နှစ်ပတ်ပေးမယ် ”

“ တံတားတွေ အမြန်ပြင်ပြီး ရိက္ခာယာဉ်တန်းအချိန်မီ တက်နိုင်ဖို့ အရေးကြီးတယ်နော်၊ ဒါကြောင့် တပ်ရင်းမှူးကတော့ စစ်ကြောင်းမှူးလေးကို လိုတာတွေ လုပ်ပေးလိုက်ပါ၊ တပ်လဲ အသေအချာစုဖွဲ့ ပေးလိုက်ပေါ့၊ ခင်ဗျား စစ်ကြောင်းမှူးကလေးက လုပ်ရဲကိုင်ရဲ ရှိပါတယ် ”

ဗျူဟာမှူးကြီးက ကျွန်တော့်အား အနည်းငယ်အမွှန်းတင်ပြီး စကားကို အဆုံးသတ် လိုက်၏။

အကြောင်းရှိပါသည်။

ကျွန်တော်သည် နာမည်ကျော်မိုင်းယောင်းကို အထူး စိတ်ဝင်စားသူ ဖြစ်၏။ ၁၉၈၀-ခုနှစ်၊ မိုင်းယောင်းကို ဗကပများဝင်တိုက်သွားစဉ်က ဗထူးတိုက်ခိုက်ရေးကျောင်းတွင် ကျွန်တော်ရှိ၏။ အရှေ့ မြောက်တွင် ဗကပများဖြင့် နောင်လိုင်၊ ပါဖန်တိုက်ပွဲကြီးအား ဆင်နွှဲထားဖူးသဖြင့် ဗကပတို့၏နည်းဗျူဟာကို သိထား၏။ သူတို့နှင့် နောက်တစ်ချီ တစ်ပွဲတစ်လမ်း အကဲစမ်းလို၏။ အသက်က လည်း အတော်ငယ်သေးသည့်အပြင် ကိုယ်အလေးချိန်ကလည်း ပေါင် (၁၀၀)သာသာနှင့် ပေါ့ပေါ့ပါးပါး



ဖြင့် သွားနိုင် လာနိုင်ရှိ၏။ တစ်ဆင့်မြင့် ရာထူးဖြင့် ကိုယ်ရင်ဆိုင်လိုသော ရန်သူကို ရင်ဆိုင်ရသဖြင့် “ငါလိုလူ ဗမာ့မှာ ရှိသေးရဲ့လား” ဟု အထူးတက်ကြွနေရာ မိုင်းယောင်းတစ်ဝိုက် လှုပ်ရှားမှုများ၌ ကျွန်တော်သည် ပီဘိ ကျောင်းဆင်းစ အရာရှိငယ်လေးတစ်ဦးလို အထူးတက်ကြွ ဖျတ်လတ်စွာ လှုပ်ရှားခဲ့၏။ ရန်သူ့သေနတ်သံကြားလျှင် ချက်ချင်း ပြေးထွက်လာပြီး လိုက်၏။ ရန်သူက လက်နက်ငယ်နှင့်ပစ်လျှင် ကျွန်တော်က စိန်ပြောင်းနှင့် ချက်ချင်း ပြန်ပစ်၏။ ရန်သူက ငှက်ပျောဖူးလောင်ချာ RPG တစ်ချက်ပစ်လျှင် ကျွန်တော်က M-79 လောင်ချာဖြင့် ဆယ်ချက်လောက် ပြန်ပစ်လိုက်၏။ M-79 လောင်ချာက ငှက်ပျောဖူးလောင်ချာထက် ကျည်ထွက်နှုန်း ပိုမြန်၏။

ဤကဲ့သို့ လက်သွက်သောကြောင့် နောင်ဆို ကျွန်တော်တို့ သနက(၁) စစ်ကြောင်းများကို ဗကပမှ အတော်ဖြုံသွားပြီး ချောင်းပစ်ရမှာကိုပင် မဝံ့မရဲ ဖြစ်ကုန်ကြ၏။ ဤသည်ကို ဗိုလ်မှူးကြီးရွှေကြူးက သိထား၏။ ထို့ကြောင့် အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်ပါသည်။

× × × ×

လမ်းပြင်ရန် ဗျူဟာမှ အမိန့်ရပြီး နောက်နေ့တွင် မိုင်းယောင်းမှ ထွက်ခဲ့၏။

“ လမ်းတွေ၊ တံတားတွေ ပြန်ပြင်ရမှာဆိုတော့ ဒီမှာနယ်မြေကျွမ်းတဲ့ ဗိုလ်ကြီးဌေးလွင်နဲ့ ဗိုလ်ကြီးသန်းဝင်းတို့ တပ်ခွဲတွေကိုပဲ ယူသွားလိုက်ပါ ”

ခရီးမထွက်မီ စစ်ကြောင်းကို စုဖွဲ့သည့်အခါ တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောပါသည်။ ထို့ကြောင့် ကျွန်တော့်စစ်ကြောင်း (၂) တွင် ဗိုလ်ကြီးသန်းဝင်း၏ ခွဲ(၄)နှင့် ဗိုလ်ကြီးဌေးလွင် ခွဲ(၃)တို့ ပြန်လည်လိုက်ပါလာသည်။ ကျွန်တော်တို့သည် မိုင်းယောင်းနှင့် ငါးမိုင်ကျော်ခြောက်မိုင်ဝေးသော မုံးလိုက်ရွာကြီးမှ မိုင်းဖြတ်အနီး တာမအထိ စစ်ကြောင်းကို ဖြန့်လိုက်သည်။ ကျွန်တော်နှင့် စစ်ကြောင်းရုံးက မိုင်းဖန်၊ မိုင်းဟောအလယ်တွင် ထိုင်လိုက်သည်။ တာမဘက်ခြမ်းတွင် လှုပ်ရှားမှုဖျတ်လတ်သော ဗိုလ်ကြီးသန်းဝင်းကို တာဝန်ပေးလိုက်ပြီး ဗိုလ်ကြီးဌေးလွင်ကိုကား မုံးလိုက်နှင့် မိုင်းဖန်၊ မိုင်းဟောကြားတွင် နေရာချ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်သည်။ ထိုနှစ်က ဗကပများက တံတား(၂၇)စင်းတိတိ ဖျက်သွား၏။ သစ်သားတံတားများဖြစ်၍ တံတားများကို မီးရှို့သွားကြခြင်းဖြစ်သည်။

ကျွန်တော်တို့ ခရီးထွက်သည့်နေ့က ဗျူဟာရုံးသို့ သွားသတင်းပို့ရာတွင် ဗျူဟာမှူးဗိုလ်မှူးကြီးရွှေကြူးက အောက်ပါအတိုင်း ထပ်မှာသည်။

" ကဲ စစ်ကြောင်းမှူးလေး၊ ဗကပတွေ မီးရှို့ပြီး ဖျက်သွားတဲ့ တံတားတွေကတော့ အစင်း (၃၀)လောက် ရှိတယ်၊ အဲဒါတွေကို ဆလကနဲ့ညှိပြီး အမြန်ပြင်ရမယ်နော်၊ တို့က အချိန်လဲ သိပ်မပေးနိုင်ဘူး၊ အချိန်နှစ်ပတ်ပဲ ရမယ်၊ အဲဒီတော့ မင်းတစ်ချိန်တည်း တစ်ပြိုင်တည်း တံတားတွေကို ပြင်ပါ၊ တစ်စီးပြီးမှ တစ်စီးပြင်တာမျိုး မလုပ်နဲ့၊ တပ်တွေကို ခရိယာ ခွဲပေးလိုက်၊ နောက်ပြီးတော့ မြန်မြန်ပြီးအောင် ဒေသထွက်သစ်ဝါးနဲ့ လုပ်ပါ၊ သစ်ကြီးဝါးကြီးတွေ ဟိုမှာ ဒီမှာ လှမ်းမမှာနဲ့၊ အဲဒီကိစ္စကို ဆလက အင်ဂျင်နီယာတွေလဲ ကိုယ်မှာ လိုက်ပါတယ် "

ကျွန်တော်သည် ဗျူဟာမှူး မှာလိုက်သည့်အတိုင်း တံတားပေါင်း (၃၀)နီးပါးအား ဒေသထွက် သစ်ဝါးများဖြင့် အမြန်ပြင်စေသည်။ တံတားများ အမြန်ပြီးရေးအတွက် လုပ်ငန်းများကို အရာရှိများကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ စစ်သည်များကိုလည်း ဝိုင်းကူစေ၏။ သစ်ပင်လှဲပေး၏။ လွှဆွဲပေး၏။ သစ်လုံးများ ဖြတ်ပေး၏။ သစ်လုံးများကို တောထဲမှသည် တံတားနေရာအထိ ဝိုင်းကူသယ်ပေး၏။ တံတားခင်း ရာတွင် Pile တိုက်ရိုက်ပေး၏။ နောက်ဆုံး ဘီးလမ်းခင်းရာတွင်ပင် လက်သမားလုပ်တတ်သည့် ရဲဘော်များအား ဝင်ကူစေကာ မြောင့်သံရိုက်ခြင်း၊ ချုပ်တန်းထည့်ခြင်းများကို လုပ်စေ၏။ တံတားဆောက်ရန် တာဝန်ယူထားသည့် ဆလကအင်ဂျင်နီယာ ဦးသန်းဦးနှင့် ဦးစိုးမြင့်တို့က ဝမ်းမြောက် ဝမ်းသာဖြင့်

" ဒီတံတားတွေကတော့ဗျာ၊ ဆလကတံတား မဟုတ်တော့ပါဘူး။ ဗိုလ်မှူးတို့ တံတားတွေ ဖြစ်သွားပါပြီ "ဟု ဆိုကြ၏။ ကျွန်တော်က

" ဒီဒေသက အလုပ်သမားရှားတော့ ကျွန်တော်တို့ပဲ ကူရမှာပါ။ ခင်ဗျားတို့ကို ဝိုင်းကူပေးတော့ ကုသိုလ်လဲ ရ၊ ဝမ်းလဲ ဝပေါ့၊ လုပ်ငန်းလဲ အချိန်မီ ပြီးသွားတာပေါ့ "



ဟု ပြန်ပြောရသည်။

တံတားအားလုံးတွင် (၂၉)မိုင်တံတားကြီးက ရှည်၏။ တံတားအောက်မှာက ရေနက်၏။ ဗကပတို့က ထိုတံတားကြီးကို လက်စတုံးမီးရှို့ဖျက်ဆီးခဲ့ရာ တိုင်ငုတ်ပင် မကျန်ပါချေ။ ထို့ကြောင့် တံတားကြီးကို ကျွန်တော်ကိုယ်တိုင် အနီးကပ် ကြပ်မတ်ဆောင်ရွက်ရာ (၅)ရက်မြောက်သည့်နေ့ ရောက်လာ၏။ ၇၅-ရာခိုင်နှုန်းတော့ ပြီးနေပါပြီ။ လက်စသတ်ရန် နောက်တစ်ရက် နှစ်ရက် ကြာပေဦးမည်။

ကိစ္စမပြီးခင် ပြဿနာပေါ်လာ၏။ ရှေ့တန်းတပ်မက သနက(၁) တပ်ရင်းတစ်ရင်းလုံးကို မိုင်းယောင်းပြန့်၏ အနောက်တောင်ဘက်အစပ်ရှိ ထပ်လုံဘုရားကုန်းအား တက်တိုက်ခိုင်းပါတော့သည်။

ထို့ကြောင့်ဗျူဟာက ကျွန်တော့်စစ်ကြောင်း(၂)တစ်ခုလုံး ထပ်လုံဘုရားခြေရင်းအနီးရှိ နမ့်မယောင်းချောင်းဘေးမှ ဝမ်ကောင်းသို့ ချီတက်ခိုင်း၏။ လုပ်ငန်းများကို ခေတ္တ ရပ်နားလိုက်ရပါတော့သည်။ တပ်ရင်းတစ်ရင်းလုံး စစ်ဆင်ရေးလုပ်မည်ဆိုတော့ ကျွန်တော်တို့ တစ်တွေလည်း တိုက်ပွဲနေရာသို့ အပြေး ချီတက်ရ၏။ သို့ရာတွင် ကျွန်တော်တို့ရောက်တော့ မိုးရွာပြီး ညအလွန် မှောင်နေသဖြင့် တိုက်ပွဲနေရာကို မသွားရတော့ပါ။ ကိုယ့်လူတွေ တိုက်ခိုက်နေသည်ကို နောက်မှ အုပ်ချုပ်မှုကိစ္စသာ ဆောင်ရွက်ပေးရပါတော့သည်။

## မမေ့နိုင်သော ထပ်လုံတိုက်ပွဲ

ကျွန်တော်ငယ်ငယ်က သီချင်းများ နားထောင်သည့်အခါ ယိုးဒယားပြန် အမာစိန်၏ သီးချင်းတစ်ပုဒ်မှ အောက်ပါစာသားလေးကို အတော်သဘောကျမိ၏။ ထိုစာသားကလေးမှာကား

" မောင်- ဗျာ၊ မန္တလေးရောက်ရင် အမာစိန်တို့အိမ်ကို ဝင်ခဲ့နော်မောင်၊ ဆက် ဆက် ဝင်ခဲ့ပါ မောင်ရယ် " ဟူသတည်း။

ကျွန်တော်ကြီးလာတော့ စစ်သားဖြစ်လာ၏။ ဗိုလ်ကြီးဘဝတွင် ရှမ်းပြည်နယ်မြောက်ပိုင်း ပြောင်းရသည်။ ထို့နောက် တောင်ပိုင်းသို့ ပြောင်းရပြန်သည်။ ဗိုလ်မှူးဘဝတွင် ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံမြို့သို့ စစ်ဆင်ရေးဝင်ရ၏။ ထိုအခါ ကျိုင်းတုံသူလေးတွေက

www.burmeseclassic.com

" ပီရေ(ပီရေ- အစ်ကိုရေ)- ကျိုင်းတုံ မဟာမြတ်မုနိဘုရားကြီးက တစ်ခါဖူးပြီးရင် ခဏခဏ ပြန်ဖူးရတယ်၊ နမ့်ခမ်ချောင်းကလဲ သူ့ချောင်းရေ တစ်ခါသောက်မိရင် ခဏခဏ ပြန်သောက်ရတယ် "

ဟု ပြောကြ၏။ ဟိသစ္စ- ဤစကားသည် မှန်၏။

ကျွန်တော်သည် ဗိုလ်မှူးဘဝသာမက ဒုဗိုလ်မှူးကြီးဘဝတွင်လည်း ကျိုင်းတုံကို တစ်ခေါက် ပြန်ရောက်၏။ ဗိုလ်မှူးကြီးဘဝနှင့် နယ်ဘက်ပြောင်းရပြီးသည့်နောက်တွင်လည်း ကျိုင်းတုံတို တစ်ခေါက် ပြန်ရောက်ပြန်သည်။ ထို့ကြောင့် ကျိုင်းတုံသူ လှပျိုဖြူ နောင်ယိမ်းကလေးများပြောတာ မှန်နေပါ၏။ ယခုလည်း ကျိုင်းတုံမှ မိုင်းယောင်းသွားမည်ဆိုတော့ သူတို့ ကလေးများနှင့် တွေ့သည့်အခါ

" ပီရေ မိုင်းယောင်းမှာ ထပ်လုံဘုရားကြီးက ဟိုရှေးဘုရင်တွေလက်ထက်ကတည်းက တည်ခဲ့တဲ့ ဘုရားကြီး၊ သိပ်တန်ခိုးကြီးတာ၊ သွားဖြီးဖူးဖြစ်အောင် ဖူးခဲ့နော် ပီ "

ဟု မှာပါတော့သည်။

ဒေါ်အမာစိန် မှာတာနဲ့တော့ နည်းနည်းကွာသည်။

ကျိုင်းတုံသူ လှပျိုဖြူလေးများစကားကြောင့် ကျွန်တော်က ထိုလူသိများ တန်ခိုးကြီးလှသည့် ထပ်လုံဘုရားကြီးကို ဖူးချင်နေသည်။ သို့ရာတွင် ထပ်လုံဘုရားကုန်းကြီးမှာ ကော်(၈၁၅)မှ တောင်ကြောတစ်ခုလုံး သိမ်း၍ ၄င်းတို့တပ်ရင်းဌာနချုပ် လုပ်ထား၏။ ပွင့်လင်း ရာသီတွင် နယ်သူ နယ်သားများက ဘုရားပွဲ လုပ်လိုသည်။ ဗျူဟာမှူးကြီး ကလည်း ဘုရားပွဲ လုပ်ပေးလိုသည်။ ထို့ကြောင့် ထပ်လုံကုန်း နောက်ကျောရှိ ရန်သူ့တပ်ရင်းဌာနချုပ်အား ဝင်တိုက်ပြီး ဘုရားကုန်းကို သိမ်း၍ ဘုရားပွဲ လုပ်ပေးရန် စီမံပါတော့သည်။ ထိုစီမံချက်အရ ဘုရားကုန်းကို ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံးနှင့် တိုက်ခိုက် ရှင်းလင်းခိုင်းခြင်း ဖြစ်သည်။ တိုက်ပွဲမှာ အရေးကြီးသဖြင့် ထိုစဉ်က ဒုတပ်မမှူးကိုယ်တိုင် ကျိုင်းတုံမှ လိုက်လာ၍ ဟောင်ကွေ့တွင် ၇၆-မီလီမီတာအမြောက် (၂)လက်ဖြင့် ပစ်ကူပေးကာ တိုက်ပွဲကို အနီးကပ် ကြီးကြပ်ခဲ့သည်။

ယ ရက် နံနက်ပိုင်းတွင် လက်နက်ကြီးပစ်ကူဖြင့် ရန်သူ့စခန်းများကို သိမ်းနိုင်၏။ သို့ရာတွင် ပွိုင့်မှတက်တိုက်သည့် တပ်ခွဲမှူး ဗိုလ်မှူးစိုးတင့်နှင့် တပ်ကြပ်မှူး ဗိုလ်ကြီးသိန်းနွယ်တို့ ရန်သူ့မိုင်းထိသွား၏။ " အုမ်း၊ ဂျိမ်း "



ဆိုသော မိုင်းသံများကို ထိုနေ့က အတိုင်းသားကြားရပါသည်။ ကျွန်တော်နှင့် ခွဲ(၄)က အချိန်မမီတော့သဖြင့် နမ့်မယောင်း ချောင်းဘေး ဝမ့်ကောင်းရွာမှ စောင့်ရသည်။ တောင်ပေါ်တွင် မြင်ကွင်းကျဉ်း၍ တပ်ဖြန့်ရန် ခက်သဖြင့် တပ်ခွဲ(၄)ခွဲဖြင့် လုံလောက်ပါသည်။ တိုက်စစ်မှာလည်း တစ်ကြောင်းထိုးသာ တိုက်နိုင်၏။ ကျွန်တော်တို့၏ ပြင်းထန်သော ပစ်အားကြောင့် ရန်သူက ကြာကြာမခုခံနိုင်ပါ။ အရှေ့ဘက်သို့ ဆုတ်ပြေးသွားသည်။ ကျွန်တော်တို့က ထုံးစံအတိုင်း အသေးစိတ် လိုက်လံရှင်းလင်းရာ တိုက်ပွဲပြီးမှ အရာရှိများ မိုင်းနင်းမိပါတော့သည်။ ထိုဖြစ်စဉ်ကြောင့် တပ်ရင်းမှူးကြီးအပါအဝင် တိုက်ပွဲဝင် စစ်သည်အားလုံး အတော်လေး စိတ်ထိခိုက်သွားကြ၏။

ထိုနေ့က တောင်ပေါ်မှ ပြန်ဆင်းလာကြတော့ ဗိုလ်မှူးစိုးတင့်က သတိရတစ်ချက် မရတစ်ချက်ဖြစ်နေ၏။ ဗိုလ်ကြီးသိန်းနွယ်က ခြေထောက်နှစ်ဖက် မရှိတော့။ သူတို့နှစ်ဦးကိုကြည့်၍ ကျွန်တော့်မှာ ရင်ဆို့သွား၏။

" ဘြော် ဖြစ်မှ ဖြစ်ရလေတယ် "ဟုလည်း ဂရုဏာသက်မိသည်။

ဗိုလ်ကြီးသိန်းနွယ်မှာ မကြာသေးမီက ကျိုင်းတုံတွင် ရှေး(၃)စပ်၍ လကြီးများက အတော် စိတ်ဆိုးကြသည်။ အထူးသဖြင့် ဒုတပ်မမှူးက ကောင်းစွာ မကျေနပ်။

" မင်း စစ်မြေပြင်မှာ ထူးထူးချွန်ချွန် လုပ်ရင်လုပ်၊ မလုပ်နိုင်ရင်တော့ ငါနဲ့အတွေ့ပဲ၊ မင်း အမှုက ကျေနပ်ဖွယ်ရာ မရှိဘူး၊ ကြပ်ကြပ်သတိထား "

ဟု ဗိုလ်ကြီးသိန်းနွယ်အား သတိပေးဆုံးမစဉ်က မှာလိုက်သည်ဆို၏။ သိန်းနွယ်သည် ထိုကဲ့သို့ သတိပေး ဆုံးမထားခံရသူ ဖြစ်သည်။ ကျွန်တော်တို့ စစ်သည်များတွင် တိုက်ရည်ခိုက်ရည်ရှိသော်လည်း ရံဖန်ရံခါ ယခုကဲ့သို့ အမှုစပ်တတ်သည့်သူများလည်း ရှိသည်။ သိန်းနွယ်ကား တိုက်ရည်ခိုက်ရည် ရှိ၏။ လုပ်ရဲကိုင်ရဲ၏။ လူကလည်း ကြံ့ခိုင်၏။ ရဲဘော်စိတ်လည်း ရှိ၏။ အပင်ပန်းလည်း ခံနိုင်၏။ သို့ရာတွင် အပျော်လွန်၍ ယခုကဲ့သို့ မကြာခဏ အမှုစပ်တတ်သူ ဖြစ်၏။ ကျွန်တော်တို့ထဲတွင် ဤကဲ့သို့ ဖြစ်တတ်သည့် သူများရှိတတ်သေးရာ ကျွန်တော်၏ တပ်ရင်းမှူးဟောင်းကြီးတစ်ဦးမှ အောက်ပါအတိုင်း ပြောဖူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင်ရဲ ဝန်လေးကို ဆင်ဆိုးမှ သယ်တာကွ၊ ဆင်ကောင်းက သူ့ပုံမှန်အတိုင်း အလုပ်လုပ်တယ်၊ အချိန်ကျရင် တန်းဖြုတ်ပေးရတယ်၊ ပိုခိုင်းလို့ မရဘူး၊ ကိုင်ရတွယ်ရလဲ လွယ်တယ်၊ ဆင်ဆိုးက ကိုင်ရတွယ်ရ ခက်တယ်၊ ကပ်တီးကပ်တတ် လုပ်တတ်တယ်၊ ဒါပေမဲ့ ဝန်လေးကျတော့ သူက သယ်တယ်၊ ပိုခိုင်းရင်လဲ လုပ်တယ်၊ အေး မင်းသူ့ကို နားလည်ပြီး ခိုင်းတတ်ဖို့ လိုတယ် "

ဟု ဗိုလ်ကြီးသိန်းနွယ်ကဲ့သို့ မကြာခဏအမှုစပ်သည့် အရာရှိတစ်ဦးနှင့်ပတ်သက်၍ ပြောခြင်းဖြစ်၏။

ထိုစဉ်က ကျွန်တော်သည် ထိုအရာရှိ၏တပ်ခွဲမှူးဖြစ်၏။ ထိုအရာရှိမှာ ကျွန်တော်၏တပ်စုမှူးဖြစ်၍ ပေကတ်ကတ်နှင့် ကျွန်တော့်အား မကြာခဏဒုက္ခပေးတတ်ပါသည်။ ခိုင်းတာကို မလုပ်၊ မခိုင်းတာကို လုပ်၏။ ရောက်လေရာတွင် အမှုစပ်၏။ အမိန့်မရဘဲ စွတ်ရွတ်သွားတတ်၍ မကြာခဏ ရန်သူ၏ ချောင်းမြောင်းပစ်ခတ်ခြင်းကို ခံရ၏။ ရွာလူကြီးများက သူ့ဆက်ဆံရေး အဆင်မပြေမှုကို မကြာခဏလာတိုင်ကြ၏။ ကြာသော် ကျွန်တော်က သည်းမခံနိုင်၍ တပ်ရင်းမှူးကြီးအား တင်ပြရာတွင် တပ်ရင်းမှူးကြီးမှ အထက်ပါအတိုင်း ပြောဆိုခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် ဗိုလ်ကြီးဘဝအသက် (၃၀)ပင် မပြည့်သေးပါ။ အတော် ငယ်ပါသေးသည်။ ယခုအချိန်တွင်တော့ ကျွန်တော်သည် တပ်ခွဲမှူး(ဗိုလ်မှူး)ဖြစ်နေသည်။ ယခု သိန်းနွယ်ကိစ္စကိုတော့ အနီးစပ်ဆုံး မှန်မှန်ကန်ကန် စဉ်းစား သုံးသပ်နိုင်ပါပြီ။

သူ့အမှုအား ကျွန်တော်ပဲ သက်သေခံအကျဉ်းချုပ် ရေးခဲ့ရသည်။ သူ့ကြောင့် ယာဉ်တန်းဖြင့် တပ်ပြန်မလိုက်ရဘဲ ကျိုင်းတုံတွင် သောင်တင်ခဲ့ရ၍ သူ့အား ကလော်တုတ်ခဲ့၏။ ဗိုလ်မှူးစိုးတင့်မှာလည်း သူငယ်ချင်းဖြစ်ပါသည်။ ငယ်စဉ် ဗိုလ်ပေါက်စလေးဘဝမှာပင် ရင်းနှီးခဲ့သူဖြစ်၏။ ယခုတော့ သူတို့နှစ်ဦး ဒဏ်ရာရလာ၏။ ကျွန်တော့်ဆီသို့ ညနေဘက်တွင် ရောက်လာကြသည်။ ကျွန်တော်က လက်ဖက်ရည် တိုက်သည်။ သိန်းနွယ်က မသောက်။ ဗိုလ်မှူးစိုးတင့်က တစ်ခွက်သောက်၏။ လက်ဖက်ရည် မသောက်သဖြင့် သိန်းနွယ်အား မိုင်းယောင်း စပါးတစ်ခွက် တိုက်လိုက်သည်။ ရေမရောဘဲ မိုင်းယောင်းစပါးတစ်ခွက် ပတ်လိုက်သည်။ အခါ သူ့မျက်နှာက လန်းဆန်းလာ၏။ မိုင်းယံ ယူနာများအတွက် ဒု

တပ်မမှူးကိုယ်တိုင် ရဟတ်ယာဉ်ဖြင့် စောင့်နေ၏။ ထိုနေ့က သိန်းနွယ်တို့ကို ညတွင်းချင်းပင် ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံသို့ ပို့ပေးသည်။ ရဟတ်ယာဉ်ပေါ် တက်ခါနီးတွင် ခြေထောက်နှစ်ဖက် မရှိတော့သည့် သိန်းနွယ်က ဒုတပ်မမှူးအား အိပ်ရာပေါ်မှ အလေးပြုရင်း

" ဒုတပ်မမှူးကြီး၊ ကျွန်တော် တာဝန်ကျေပါပြီနော် "ဟု အလေးအနက်ပြောဆိုလိုက်ရာ ဒုတပ်မမှူးကြီးကိုယ်တိုင် မဆိုထားဘိ၊ ဘေးမှ ဝိုင်းကြည့်နေသူအားလုံးပင် ထိုမြင်ကွင်းကိုကြည့်၍ မျက်ရည်ဝိုင်း သွားကြ၏။

" အေးပါကွာ၊ မင်း တာဝန်ကျေပါပြီ "

ဒုတပ်မမှူးက အထက်ပါအတိုင်း လှိုက်လှိုက်လှဲလှဲပြန်ပြောမှ သူ့ထမ်းစင်ကို သိန်းနွယ်က ရဟတ်ယာဉ်ပေါ်တင်စေ၏။ ဤဖြစ်စဉ်နှင့် မြင်ကွင်းမှာ ကျွန်တော်တို့ သနက(၁)အတွက် ယနေ့တိုင်အောင် ပြောမဆုံးသော ဖြစ်ရပ်တစ်ခုပါပေ။

ထပ်လုံတိုက်ပွဲမှာ ဤမျှသာမကပါ။

ပြန်ဆင်းလာသည့် ကျွန်တော်တို့၏တပ်များအား ရန်သူပြောက်ကျားများက အဆက်မပြတ် လိုက်လံ တိုက်ခိုက်ပါသည်။ သာမန်လက်နက်ငယ်နှင့်သာမက စိန်ပြောင်းများဖြင့် လိုက်ပစ်၏။ သူတို့ဌာနချုပ်အား ဝင်တိုက်သွား၍ လုံးဝကျေနပ်ပုံ မရ။ တပ်ရင်းမှူးကြီး၏ စစ်ကြောင်း လွတ်လွတ်ကျွတ်ကျွတ် ပြန်နိုင်ရန်အတွက် ကျွန်တော်က ဝမ်ကောင်းတွင် နေပေးရ၏။ ရန်သူကို ဟန့်တားရ၏။ ထိုနေ့က ရန်သူ့လက်နက်ကြီးများ ကျွန်တော်နေသည့် ဝမ်ကောင်းရွာကလေးပေါ်သို့ ကျရောက်ပေါက်ကွဲရာ ကျွန်တော်နှင့် ချင်း(၃)မှ ဗိုလ်မှူးကျော်ညွန့်တို့နေသည့် အိမ်မှာ လက်နက်ကြီး တိုက်ရိုက်မှန်၍ ကံကောင်း၍သာ သေကံမရောက် သက်မပျောက်ခြင်း ဖြစ်၏။ ထိုဖြစ်စဉ်အား "သေကံမရောက် သက်မပျောက်" စာအုပ်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုစဉ်က ထမင်းစားနေစဉ် လက်နက်ကြီးကျခဲ့ရာ တပ်ရင်းမှူးမှ စိုးရိမ်တကြီးနှင့် " ဘယ်လို နေသေးလဲ၊ စစ်ကြောင်းပြန်လှည့်ခဲ့ရမလား၊ ပြန်လာကူရမလား " ဟု ခရီးသွားရင်း ၉၀၆ စက်ဖြင့် လှမ်းမေးသည်။ လက်နက်ကြီးက ကျွန်တော်တို့ပေါ် တည့်တည့်ကျနေ၏။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ရန်သူ့ထံတွင် ကြားဖြတ်စက်များရှိသည်ကို သိထားသဖြင့် ဖြတ်ထိုးဉာဏ်သုံးပြီး

" တပ်ရင်းမှူးကြီး၊ ခင်ဗျား စိတ်မပူပါနဲ့၊ ပြန်လာစရာ မလိုပါဘူး၊ သွားသာ သွားပါ၊ ဒီကောင်တွေလက်နက်ကြီးက ကျွန်တော်တို့ကို ကျော်ကျော်ပြီး ကျနေတယ်၊ အလကားကောင် တွေပါ၊ ကိစ္စ မရှိပါဘူး " ဟု ဓဝဖ စက်ဖြင့်ပင် ပြန်ဖြေလိုက်၏။

ထိုအခါ တပ်ရင်းမှူးကြီးက လူနာများနှင့် စိတ်ချလက်ချ ဆက်ထွက်သွားသည်။ ရန်သူမှလည်း ကျွန်တော်ပြောသည်ကို အဟုတ်မှတ်၍ သူတို့၏ လက်နက်ကြီး Ranging အား လျှော့ပစ်ရာ ကျွန်တော်တို့ စစ်ကြောင်းလက်နက်ကြီးဒဏ်မှ လွတ်သွားတော့သည်။ တခဏပွတ်တွံ ဉာဏ်ကြောင့် အသက်ဘေးမှ လက်မတင်ကလေး လွတ်ခဲ့ရပြန်၏။

သို့ရာတွင် တိုက်ပွဲပြီး၍ ထမင်းပြန်စားဖို့ ပန်းကန်လိုက်ရှာတော့" လား၊ လား " ပြန်တွေ့သည်။ ပန်းကန်တွင် လက်နက်ကြီးစ ထိမှန်ထား၏။ ကိုင်နေတုန်းမှန်သလား။ အောက်ကျသွားမှ မှန်သလား မသိ ။ ပန်းကန်မမှန်ဘဲ လူမှန်လို့ကတော့ ချက်ကောင်းထိလျှင် ပွဲချင်းပြီး သွားနိုင်၏။ ဗကပလက်နက်ကြီးကြောင့် ကျဆုံးသွားကြသည့် ကျွန်တော့် နောင်တော်ကြီးများဖြစ်ကြသော ဗိုလ်မှူးကျင်စံ (သနက-၁) ၊ ဗိုလ်မှူးလှမြင့် (ခလရ-၁၃) ၊ ဗိုလ်ကြီးနေဝင်း(ကချင်-၄) နှင့် ဒု-ဗိုလ်မှူးကြီး ကြည်ဝင်း (ခလရ-၅) တို့အား ယနေ့တိုင် မမေ့နိုင်သေးပါ။ ကျွန်တော်သည်လည်း အလွန် ကံကြီးလှ၍ ထိုအဖြစ်မျိုးမှ လွတ်သွားရခြင်း ဖြစ်၏။ အသေအံချာ တွေးကြည့်ပါက ကျောချမ်းစရာများပါပေ။

ဤသည်မှာ မေ့မရနိုင်သော တပ်လုံဘုရားကုန်း တိုက်ပွဲကြီးပင် ဖြစ်ပါ၏။

× × × ×

## မိုင်းယောင်းသို့ ယာဉ်တန်း ဝင်ရောက်လာခြင်း

ထပ်လုံတိုက်ပွဲပြီးတော့ တပ်ရင်းတစ်ရင်းလုံး မိုင်းယောင်း ပြန်နား၏။ ရက်အနည်းငယ်နားပြီးသော် မိုင်းယောင်းနှင့်မိုင်းဖြတ်ကြားသို့ ပြန်လည် ချီတက်ရပြန်ပါသည်။ ယာဉ်တန်းက မဆွဲမဖြစ်ဆွဲရမည်။ အချိန်



ကလည်း ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလသို့တိုင် ရောက်လာပြီဖြစ်၏။ ကျွန်တော်တို့ စစ်ကြောင်းနှင့် မိုင်းယောင်းဆလကအဖွဲ့များသည် တံတားပြင်ခြင်းလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်ကြ၏။ ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူးက လုံးဝ မိုင်း မထိရေးအတွက် ကျွန်တော့်အား အာမခံ ခိုင်းသည်။

ထိုစဉ်က ဗိုလ်မှူးကြီးရွှေကြူး၏ ဗျူဟာတွင် ဗျူဟာ G- 2 မှာ ဗိုလ်မှူးကျော်ထွန်း၊ G- 3 မှာ ဗိုလ်ကြီးမင်းဒင်ဖြစ်၏။ နောင်တွင် ဗိုလ်ကြီး မန်းရွှေ ဖြစ်လာသည်။ သူ့တို့တစ်တွေနှင့် ပျော်ပျော်ပါးပါး နေခဲ့၏။ မကွေးသားချင်း အတူတူဖြစ်၍ ညှိနှိုင်း ဆောင်ရွက်ရသည်မှာ အဆင်ပြေပါသည်။

လမ်းတံတားများပြင်ပြီး နောက်နေ့တွင် ဗိုလ်မှူးကျော်ထွန်းက

" ယာဉ်တန်းအတွက် လမ်းကြောင်းလုံခြုံရေး အစီအမံ ဘယ်လိုလုပ်ထားသလဲ"

ဟု မေးလာသည့်အခါ ကျွန်တော်၏ အစီအမံကို အောက်ပါအတိုင်း တင်ပြလိုက်၏။

" မုံးလိုက်ကနေ တာမအထိ အနီကြောင်းအတိုင်း တပ်တွေ ဖြန့်ထားတယ်၊ အတွင်းစည်း၊ အပြင်စည်း၊ အဝေးစည်းဆိုပြီးတော့ လုံခြုံရေးစည်းတွေ သတ်မှတ်ထားတယ်၊ အတွင်းစည်းဆိုတာကတော့ အနီကြောင်း သတ်သတ်ပါပဲ၊ အပြင်စည်းကတော့ အနီကြောင်းနဲ့ လက်နက်ငယ်ကစ်ကမ်း ဖြစ်ပါတယ်၊ အဝေးစည်းကတော့ အနီကြောင်းနဲ့ ၆၀ မမ စိန်ပြောင်း တစ်ကမ်းစာ သတ်မှတ်ထားပါတယ်၊ အနီကြောင်းပေါ်မှာ ကပ်တွေကို ခပ်စိပ်စိပ် ချထားပါတယ်၊ အပြင်စည်းမှာ ထုတ်နှုတ် တပ်စိတ်တွေ ထုတ်ထားတယ်၊ အဓိကတော့ ရန်သူဝင်လာနိုင်တဲ့ လမ်းကြောင်းတွေ ထိန်းဖို့ဘဲ၊ ကားလမ်းကို နှောင့်ယှက်မယ့် ရန်သူဝင်လာရင် ကြိုပစ်နိုင်အောင် ဆောင်ရွက်ထားတယ်၊ အဲဒီ တပ်ရဲ့ရှေ့မှာ လူနင်းမိုင်းကလေးတွေ ပြန်ထောင်ထားတယ်၊ အဝေးစည်းမှာ ကင်းပုန်း ထုတ်ပါတယ်၊ ရန်သူပင်လာမယ်လို့ ဖြစ်နိုင်ခြေရှိတဲ့နေရာကိုစိန်ပြောင်းနဲ့ ကြိုတင်ပစ်မှတ် မှတ်ပုံတင်ထားတယ် "

www.burmeseclassic.com

www.burmeseclassic.com

" ဒါ့အပြင် အနီကြောင်းပေါ်မှာ မုံးလိုက်ကနေ တာမအေထိ နေ့စဉ် ဆန်အိတ်တွေ တင်ပြီး လှည်းလေးငါးဆယ်စီး သွားခိုင်းထားတယ်၊ ညဆိုရင် တစ်လမ်းလုံး လူတွေရှိနေတယ်လို့ထင်ရအောင် မီးတွေ ဖိုထားတယ်၊ ကျွန်တော့် စစ်ကြောင်းကတော့ မိုင်းဟန် မိုင်းဟောနဲ့ ၂၉-မိုင်တံတား၊ အဲဒီနှစ်ခုကို အလှည့်ကျ ရွှေ့ပြောင်း ကွပ်ကဲတယ်၊ အနီကြောင်းရဲ့ အခြေအနေကို တပ်ခွဲတွေက စက်ပေါ်တိုင်း ထူးခြားဖြစ်စဉ် ရှိမရှိ သတင်းပို့စနစ် ကျင့်သုံးတယ်၊ ဒီကာလအတွင်း အပြင်စည်းမှာ အနီကြောင်းကိုဝင်လာတဲ့ ရန်သူကို (၃)ခါလောက် ပစ်လိုက်ရတယ်၊ ပစ်လိုက်တဲ့ လူတွေနည်းနည်းလိုလို့ ရန်သူဆီက အလောင်းလက်နက်တော့ မရလိုက်ဘူး၊ ဒါဟာ ကျွန်တော်လုပ်နေတဲ့ လုံခြုံရေး အစီအမံပါ "


ကျွန်တော်၏ အထက်ပါတင်ပြချက်ကို ဗျူဟာမှူးဗိုလ်မှူးကြီး ရွှေကြူးက ကြားနာပြီးသည့်အခါ

" ကဲ ဒါဆိုရင်တော့ စိတ်ချရပြီ၊ ကျိုင်းတုံကို ယာဉ်တန်းတက်လို့ ရပြီဆိုတဲ့ အကြောင်း သတင်းပို့လိုက် " ဟု ဆို၏။

ဤကိစ္စကို နောင်အခါတွင် ဗျူဟာမှ အရာရှိများပြန်ပြောမှ သိရခြင်းဖြစ်၏။

## ကျွန်တော် ဗိုလ်မှူးဖြစ်ပြီ

၁၉၈၂ ခုနှစ်၊ နိုဝင်ဘာ တတိယပတ်တွင် ကျိုင်းတုံမှ ယာဉ် အစီး (၁၀၀)ကျော်ပါသော ကားတန်းကြီး တက်လာ၏။ ရိက္ခာများ ၊ ခဲယမ်းများ၊ ဆေးရုံသုံးပစ္စည်းများ၊ ကုန်သွယ်ရေးပစ္စည်းများ၊ အင်အားဖြည့် စစ်သည်များ၊ လစာပေးအဖွဲ့များ ၊ အရပ်သားဝန်ထမ်းများ၊ ကားကြုံလိုက်သူများဖြင့် ကားတန်းကြီးမှာ ပြည့်ကျပ် ဆူညံနေ၏။ စစ်ကားများသာမက RTC ကားပြာများလည်း ပါ၏။ ထိုနေ့က ကျွန်တော်သည် မိုင်းဟန်၊ မိုင်းဟော ကြားတွင် အခြေပြုနေသည်။ ထိုကားအစီး (၁၀၀)ကျော်အား ဦးဆောင်လာသူမှာ ထူးခြားသူမဟုတ်ပါ။ ကျွန်တော်ကျိုင်းတုံရောက်ခါစက လေဆိပ်တွင် စတင်တွေ့ဆုံခဲ့ရသည့် ချင်း(၃) ဒု-တပ်ရင်းမှူး ဗိုလ်မှူးဝင်းလှိုင်ဖြစ်၏။ တစ်နှစ်ကျော်ခန့်အကြာမှ သူနှင့် ဒုတိယအကြိမ် ပြန်ဆုံခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့တွင် မိုင်းယောင်းတပ်ရင်းဌာနချုပ်မှ ကျွန်တော့်ထံ ကြေးနန်းဝင်လာသည်။ ထိုကြေးနန်းမှာ ၁၉၈၂ -ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့တွင် ကျွန်တော့်အား Officiating Major ဘဝမှ Major အဆင့်သို့ တိုးမြှင့်ပေးလိုက်ကြောင်း ဖြစ်ပါ၏။ Major တော့ ဖြစ်ပါပြီ။ တောကြီးမျက်မည်းထဲရောက်နေ၍ တပ်စရာ မေဂျာအပွင့်လည်း မရှိပါ။ အမှန်အတိုင်းပြောရပါက ထိုကိစ္စအတွက် ကြိုတင်စဉ်းစား ထားမိခြင်းလည်း မရှိပါ။ ကျွန်တော်သည် ဗိုလ်ကြီးအဆင့် Operation ဘားအမည်းသုံးပွင့်အား ဖြုတ်၍ သိမ်းထားလိုက်ပါသည်။ ထိုနေ့ ညနေ၌ ဗိုလ်မှူးဝင်းလှိုင်နှင့်ကျွန်တော်တို့ ဆုံဖြစ်ကြရာတွင် သူက တွေ့တွေ့ချင်း

"ဟာ- ဟော့၊ မင်း ဗိုလ်မှူးဖြစ်ပြီလား"

သူက ပုခုံးတွင် ဗိုလ်ကြီးအဆင့်တံဆိပ် တပ်မထားသော ကျွန်တော့်အား ကြည့်၍မေးရာ-

"ဟုတ်ကဲ့၊ ကနေ့မနက်ပဲ ဗိုလ်မှူး ဖြစ်ကြောင်း အမိန့်ရတယ် ခင်ဗျ"

"ဒါဆို အပွင့်တပ်လေကွာ"

"တပ်စရာ မရှိဘူးခင်ဗျ"

"ဟေ ဟုတ်လား၊ ဒါဆိုရင် ငါတပ်ပေးမယ်ကွာ"

ဗိုလ်မှူးဝင်းလှိုင်က ပြောပြောဆိုဆိုဖြင့် သူ၏ပုခုံးမှ ဗိုလ်မှူးအဆင့်တံဆိပ် Operation ဘားအမည်းအား ဖြုတ်ပြီး ကျွန်တော့်ပခုံးကို ပြောင်းတပ်ပေးသည်။ ထို့နောက်

"Congratulation ကိုယ့်ညီ"

ဟုဆိုကာ လက်ဆွဲနှုတ်ဆက် ထွက်ခွါသွားပါတော့သည်၊ ကျွန်တော့်အတွက် မမေ့နိုင်သော ကိစ္စများတွင် ဤကိစ္စလေးတစ်ခုလည်း ပါပါ၏။

ထိုနေ့က ကားတန်းဆုံးခါနီးတွင် နောက်ထပ် အသားဖြူဖြူနှင့် ဗိုလ်မှူးတစ်ယောက် ကားရပ်၍ ဆင်းလာပြန်သည်။ ကျွန်တော့်အား ....ပွင့်၏။

www.burmeseclassic.com

www.burmeseclassic.com

သူက တွေ့လျှင်တွေ့ချင်း " ကိုသက်ဦးလား " ဟု မေးသည်။ ပူပူနွေးနွေး ဗိုလ်မှူးကလေး ကျွန်တော်ကလည်း " ဟုတ်ကဲ့ ခင်ဗျ " ဟု ဖြေလိုက်၏။

" ကိုယ်က ကိုယ့်ညီတို့တပ်ကို အခုရောက်လာတဲ့ ဒု-တပ်ရင်းမှူးပါ၊ ကိုယ့်နာမည်က စံသိန်းပါ "

" ဟုတ်ကဲ့ ၊ ဒု-တပ်ရင်းမှူး ခင်ဗျာ၊ ကျွန်တော် နာမည်ကြားဖူးတာ ကြာပါပြီ၊ အခုမှပဲ ဒု-တပ်ရင်းမှူးကို မြင်ဖူးတော့တယ် "

" အေးကွာ၊ ကိုယ်လဲ ပြောင်းမိန့်ထွက်ထားတာ ကြာပါပြီ၊ ဟိုတပ်မှာ ကိစ္စ ဝိစ္စလေးတွေ မပြတ်သေးတာနဲ့ မလာနိုင်တာပါ၊ အခုလဲ မကွေး ရောက်ရောက်ချင်း တပ်မှာ တစ်ရက် နှစ်ရက်နေပြီး ချက်ချင်း ထွက်ခဲ့တာဘဲ "

" ဟုတ်ကဲ့ ခင်ဗျာ၊ ဒု-တပ်ရင်းမှူးကြီးရောက်လာတာ ကျွန်တော်တို့အတွက် တအားပါဘဲ၊ ပြီးခဲ့တဲ့ ထပ်လုံတိုက်ပွဲတုန်းက ကျွန်တော်တို့ဆီက ဗိုလ်မှူးစိုးတင့် ဒဏ်ရာရသွားလို့ ဆေးရုံပို့လိုက်ရတယ်၊ လူကြီးတစ်ယောက် လျော့သွားတာပေါ့။ ကျွန်တော်လဲ တပ်ထွက်လာကတည်းက ဒု-တပ်ရင်းမှူး မရောက်သေးလို့ ဒု-တပ်ရင်းမှူးနေရာဝင်ပြီး စစ်ကြောင်းမှူး လုပ်နေရတာ၊ ဒု-တပ်ရင်းမှူးရောက်လာပြီဆိုတော့ အဆင်ပြေသွားတာပေါ့ "


" အေးပါကွာ ၊ ကိုယ်လဲ လုပ်ဖို့ ကိုင်ဖို့ အဆင်သင့်ပါပဲ ၊ တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လုပ်ကြတာပေါ့ "

ဟု ပဋိသန္ဓာရ စကားများပြောပါသည်။ ဗိုလ်မှူးစံသိန်းကား အသားဖြူဖြူ အရပ်ခပ်ပြတ်ပြတ်ဖြင့် အပြောအဟောကောင်းသူဖြစ်သည်။ အင်္ဂလိပ်စာလည်း တော်၏။ ထို့ပြင် ဗုဒ္ဓကျမ်းစာများကိုလည်း စဉ်ဆက်မပြတ် လေ့လာနေသူဖြစ်ကြောင်း နောင်တွင် သိရပါသည်။ သူနှင့် ကျွန်တော် စကားပြောကောင်းနေစဉ် ကားများက ကုန်သလောက် ဖြစ်သွား၏။ ထိုအခါကျမှ

" ဟ မေ့နေလို့ဟေ့၊ ကိုယ့်ညီ Major ဖြစ်ပြီနော် "

" ဟုတ်ကဲ့ ခင်ဗျ၊ ဟနေ့မနက်ဘဲ ဖြစ်ပါတယ် "

ပုံ • ၁၁၉၀




ယောင်းဒေသနှင့် တရုတ် ၊ လာအို ၊ ထိုင်း နိုင်ငံများ နယ်မြေ ဆက်စပ်နေမှု အခြေပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



" အေး၊ မောင်ရင့် အမျိုးသမီးက ကိုယ်နဲ့ ဘားအပွင့်နှစ်စုံအကြို ထည့်ပေးလိုက်တယ်ဗျာ၊ အဝါတစ်စုံ အနက်တစ်စုံ၊ နို့ နေစမ်းပါဦး၊ ဒီ အနက်က ဘယ်က ရထားတာလဲ "

" ခုနကပဲ ချင်း(၃)၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးဝင်းလှိုင် သူ့ ပခုံးက ဟာ ဖြုတ်ပြီး တပ်ပေးသွားတာပါ ခင်ဗျာ "

" ဩော် ကိုဝင်းလှိုင်က တပ်သွားပေးတာကိုး၊ အေးကွာ၊ မင်း အမျိုးသမီးပေးလိုက်တာလေးတော့ အမှတ်တရဖြစ်အောင် သိမ်းထားပေါ့"

ဗိုလ်မှူးစံသိန်းက ဘားဘူးလေးအား ကျွန်တော့်လက်ထဲ ထည့် ပေး ပါသည်။

ကျွန်တော်က ဇနီးသည် မေပေးလိုက်သော ဘားဘူးကလေးကို အသာအယာ ယူလိုက်၏။ မေနှင့်အိမ်ထောင်ကျတာ ဆယ့်သုံး လေးနှစ် ရှိပြီ။ ဒီလိုကိစ္စမျိုးဆို မေက အလွန် အလိုက်သိတတ်၏။ ဒါကြောင့်လည်း သူမကို ချစ်နေရပါသည်။ အိမ်က ထွက်လာခဲ့သည်မှာ (၄)လ ရှိပါပြီ။ ကနေ့မှ ထူးထူးခြားခြား မိသားစုကို သတိရမိ၏။ " မေနဲ့ သားသမီးလေး များ ကျန်းမာ ရွှင်လန်းကြပါစေ " ဟု ဆုတောင်း မေတ္တာပို့လိုက်၏။

ထိုအချိန်တွင် နောက်ဆုံးကားက ကျွန်တော့်နေရာမှ မိုင်းယောင်း သို့ ဆက်ထွက်သွားပါသည်။ ရှေ့ဆုံးကားများ မိုင်းယောင်းသို့ ရောက် ကြောင်း၊ ဆက်သွယ်ရေးစက်များမှ သတင်းပို့သံများ ကြားနေရသည်။ ကျိုင်းတုံ- မိုင်းယောင်းအတက် ယာဉ်တန်းကတော့ ဘေးမသီ ရန်မခဘဲ လွတ်လွတ်ကျွတ်ကျွတ် ပြီးမြောက်သွားပြီဟု ဆိုရပါတော့မည်။ ကျွန်တော် လည်း ဗိုလ်မှူးဖြစ်ပါပြီ။

သို့ရာတွင် နာမည်ကျော် မိုင်းယောင်းက ဒီလောက်နှင့်တော့ မပြီးသေးပါ။ ဆက်ရန် အများကြီး ကျန်ပါသေးသည်။ လာပါလိမ့်ဦးမည်။ ပြောမည်ဆိုက ပြောစရာများက များလှချေ၏။ ပြောမှုဆုံးပေါင် တော သုံးထောင်ပါ ခင်ဗျား။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



**မိုင်းယောင်းမြို့၏ ဆောင်းရက်များ**

ငွေနှင်းတို့ ဝိုင်းပါလေသော ဆောင်းကာလသို့ပင် ကျရောက်လာပြီ။ ကျိုင်းတုံ၊ မိုင်းယောင်း ယာဉ်တန်းများကား ဘေးမသီရန်မခဘဲ အဆက်မပြတ် တက်ဆင်းနေကြ၏။ နိုဝင်ဘာလ ကုန်ခါနီးမှ စခဲ့သည်မှာ ယခုအခါ ဒီဇင်ဘာပင် ကုန်သွားပြီဖြစ်၏။

အချိန်ကား ၁၉၈၂ ခုနှစ်ကုန်၍ ၁၉၈၃ ခုနှစ်ဆန်းစ ဇန်နဝါရီ ပထမပတ်။

"ယာဉ်တန်းများ ခေတ္တရပ်နားမည်။ မှူးသက်ဦးနှင့် စက(၂) တစ်ခုလုံး ယခု ကျိုင်းတုံအပြန် ယာဉ်တန်းဖြတ်ကျော်သွားက မိုင်းယောင်းသို့ ပြန်လည်ဝင်ရောက်ရန် "

စစ်ကြောင်း(၁) ဌာနချုပ်မှ အထက်ပါ ကြေးနန်းရောက်လာ၏။

" ကဲ ကိုသန်းဝင်းနဲ့ ကိုဌေးလွင်ကို လှမ်းခေါ်လိုက်၊ ဒီတစ်ခေါက် ယာဉ်တန်း ကျိုင်းတုံပြန်သွားရင် တို့စစ်ကြောင်း မိုင်းယောင်းပြန်ဝင် ရမယ် "

ကျွန်တော်က စစ်ကြောင်းဌာနချုပ်ရှိ တာဝန်ရှိသူများကို ပြော သည်။

တစ်လကျော် လမ်းကြောင်းလုံခြုံရေးလုပ်နေရပြီး နေ့စဉ်ဘာမျှ ဖြစ်မလဲ၊ ဘာများဖြစ်မလဲဟု တထိတ်ထိတ်နှင့် နေနေရသည်မှ အနား မည်ဆိုတော့ ကောင်းပါ၏။ စိတ်ရော လူရော အပန်းဖြေ အနားယူပြီ နောက်တစ်ခါ လုပ်စရာရှိတာ လုပ်ပါမည်။ အခုကတော့ နား ပါသေးသည်။ မနား၍လည်း မရပါ။ ယာဉ်တန်းကြီးတစ်ခုလုံး တစ်လ ကျော်ကျော် ဘေးမသီ ရန်မခအောင် ကြံရဖန်ရ လုပ်ရကိုင်ရ သည်မှာ မလွယ်ပါ။ လူတွေအားလုံး Tension တွေများပြီး ခြေကုန် လက်ပမ်းကျ Break down ဖြစ်နေကြပါပြီ။ ရန်သူကို နေ့ည အလစ်မပေး စောင့်နိုင်၍သာ ယာဉ်တန်းများ ယခုကဲ့သို့ အနှောင့်အယှက် လုံ ကင်း၍ အဆင်ပြေ ချောမောနေခြင်း ဖြစ်ပါ၏။

ဤကဲ့သို့ အဆင်ပြေနေခြင်းနှင့်ပတ်သက်၍ ဗျူဟာမှူး ဗိုလ်မှူး ကြီး ရွှေကြူးက အောက်ပါအတိုင်း ပြော၏။



" ဦးကိုလေး၊ အရင်ယာဉ်တန်းတွေတုန်းက ခဏခဏ ကားမိုင်း ကွဲတယ်၊ မကွဲဘူးဆို အနည်းဆုံးသုံးလေးလုံးပဲ၊ ဒီတစ်ခေါက်ကတော့ ခင်ဗျား အရာရှိတွေက စေ့စေ့စပ်စပ်နဲ့ ကြိုးစားကြလို့ တစ်စီးမှ မထိတာ၊ သိပ်ကျေနပ်တယ်၊ ခင်ဗျားတို့ မတိုင်ခင်က ဒုတပ်ရင်းမှူး တစ်ယောက် ဦးစီးတဲ့ ကျိုင်းတုံအပြန်ယာဉ်တန်း ဝမ်ဖတ်တားမှာ မိုင်းထိသွားတာ၊ ၆၀- မီလီမီတာ စိန်ပြောင်းတွေတောင် ပျောက်ရကုန်တယ်၊ အခု ခင်ဗျားဆီက Running Escort လိုက်နေတဲ့ သူရခင်မောင်လတ်က ဂျူနီယာ ကပ္ပတိန်လေးပဲ၊ လမ်းလုံခြုံရေးလုပ်ပေးနေတဲ့ စစ်ကြောင်းမှူးလေးကလဲ ဟိုတစ်နေ့ကမှ မေဂျာဖြစ်တာ၊ ဒါပေမယ့် ဒီအရာရှိလေးတွေ အကွက် စေ့စေ့ ကြိုးစားတယ်၊ ဘာပဲပြောပြော ကျုပ်ကတော့ ကျုပ်နယ်မြေထဲမှာ ကားမှမဖြစ်တာ ဂုဏ်ယူတယ်ဗျာ "

အထက်လူကြီးများက ချီးကျူးတော့လည်း ကျေနပ်နေကြ ပါ သည်။ ကျွန်တော်တို့ ဆတက် ထမ်းပိုး ကြိုးစားရပါမည်။

မိုင်းယောင်းပြန်ရောက်တော့ လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများက ကျွန်တော်တို့အား ဆီးကြိုနေကြသည်။ မိုင်းယောင်းမြို့လယ် ဘော်လုံး ကွင်းထဲတွင် နေ့စဉ်ရိုးရာ လမ်းပွဲများ၊ လက်ဝှေ့ပွဲနှင့် ဘော်လုံးပွဲများ၊ ပါဆောင်တို့ ခေါ် အံဂလုံဝိုင်းများဖြင့် စည်ကားနေ၏။

ညနေ နေဝင်ရီတရောမှစ၍ ဘော်လုံးကွင်းပတ်လည်တွင် မိုင်းယောင်းသူ ပျိုဖြူချောကလေးများက ဖယောင်းတိုင်ကလေးများထွန်း၍ အဖျော်ယမကာနှင့် စားဖွယ်သောက်ဖွယ်များ ရောင်းချနေကြ၏။ ကျွန်တော်တို့တစ်တွေကလည်း ထိုဆောင်လောက် (ဆောင်= အပျို/ လောက်= အရက်) ခေါ် အပျိုရောင်းသည့် အဖျော်ယမကာဆိုင်များသို့ တို၊ဝှေ့ကာ ရသေ့စိတ်ဖြေ သွားရောက်စားသောက်ကြ၏။ ယဉ်ကျေးသော အမူအယာ၊ ချိုသာသော အသံ၊ နှစ်လိုဖွယ်အပြုံးနှင့် ဖြူစင် ဝင်းသန့် သော မိန်းမလှလေးများ၏ ဆွဲဆောင်မှုအား ကောင်းလှသောကြောင့် ကျွန်တော်တို့သည် ညစဉ်ညတိုင်း ပွဲခင်းသို့ သွားသည်။ ထိုဆိုင်ကလေး များတွင် ထိုင်ကြသည်။

" ပီအိုက်၊ အားပေးနော် "

www.burmeseclassic.com

" အို အားပေးရမှာပေါ့ဗျာ၊ အားပေးမလို့ လာတာပဲ "ဟုဆိုကာ စားကြ သောက်ကြ၏။ ပါလာသည့် ငွေယားကလေး ကုန်သွားမှသာ ထိုဆောင်လောက်မှ ပြန်ဖြစ်ကြသည်။

အခြားသူများ မဆိုထားဘိ ကျွန်တော် ဗိုလ်မှူးကလေး မောင်သက်ဦးပင်လျှင် အသက်အာမခံ နှစ်စေ့၍ ပြန်ထုတ်ထားသည့် ငွေကလေး ငါးထောင်မှာ မိုင်းယောင်းတွင် သွားဟယ် လာဟယ်၊ စားဟယ် သောက်ဟယ်နဲ့ တက်တက်စင်အောင် ပြောင်သွားပါတော့သည်။ ထိုငွေ ငါးထောင်မှာ ဗိုလ်ဖြစ်၍ ကော်မရှင်ရသည့်နေ့မှစပြီး တစ်လ နှစ်ဆယ့်ရှစ်ကျပ် စုလာခဲ့သည့်ငွေဖြစ်၏။ ထိုစဉ်က ရွှေတစ်ကျပ်သား သုံးရာကျပ်ဖြစ်ပြီး ယိုးဒယားဘတ်ကြိုး တစ်ကုံးမှ နှစ်ရာ့ရှစ်ဆယ်ကျပ်သာ ဖြစ်ပါသည်။ ဆယ့်ငါးနှစ်ကျော် ဆယ့်ခြောက်နှစ်စုလိုက်မှ ငွေငါးထောင်ရရာ ငွေဖြစ် ထုတ်ရချိန်တွင် ထိုငွေဖြင့် ဝယ်မည်ဆိုက ဆွဲကြိုးနှစ်ကုံး သို့မဟုတ် ပန်းကမ္ဘာစက်ဘီးနှစ်စီးသာ ဝယ်နိုင်ပါတော့သည်။

ဇနီးသည် မေက ထိုအသက်အာမခံငွေကို ရှေ့တန်းသို့ လစာပေးအဖွဲ့နှင့် ထည့်ပေးရင်း

" ကိုရေ ကို့ချွေးနဲ့စာ အသက်အာမခံရထားတဲ့ ငွေကလေး ငါးထောင် ထည့်ပေးလိုက်တယ်၊ ကလေးတွေအတွက် စက်ဘီးဝယ်ခဲ့ပေါ့ ကိုရယ်၊ ကို့သမီးတွေက ပန်းကမ္ဘာစက်ဘီးတဲ့၊ ပိုတာလေးတော့ အိမ်အတွက် ကောင်းမယ်ထင်တာလေးတွေ ဝယ်ခဲ့နော် "

ဟု စာရေးမှာ ရှာသည်။

အမျိုးကောင်းသား ကျွန်တော်က ထိုငွေအားလုံးကို ရှေ့တန်းတွင် တစ်ပြားမကျန် အကုန် သုံးလိုက်သည်။ သုံးတုန်းကတော့ ပျော်ပျော် ပါးပါးပါပဲ၊ တပ်ပြန်ဆင်းခါနီးမှ

" အင်း၊ မေ ပို့လိုက်တဲ့ငွေလဲ တက်တက်ပြောင်သွားပြီ၊ အခုမှ ဒုက္ခပဲ၊ မှာလိုက်တဲ့ ပစ္စည်းတွေ ဘယ်လိုဝယ်ရပါ့ "

ဟု စိတ်ပူမိပါတော့သည်။ လုပ်တုန်းကတော့ လုပ်ပြီး ဘာအခုမှ ကြောက်ပါပြီလဲဟု ပြောရမလား မသိပါ။

သို့ရာတွင် တကယ်တမ်း တပ်ပြန်ဆင်းချိန်တွင် ထိုပြဿနာသည် ကံကောင်းစွာဖြင့် အလိုလို ပြေလည်သွား၏။ ပြေလည်သွားပုံကို ထပ်မံ ဖော်ပြပါမည်ခင်ဗျား။

× × × ×

မိုင်းယောင်းမြို့သို့ ပြန်ရောက်လျှင်ရောက်ချင်း ကျွန်တော်သည် စစ်ကြောင်း(၂)မှူးတာဝန်အား ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းသို့ လွှဲပြောင်းပေးရသည်။

" ကဲ ဗိုလ်မှူးသက်ဦးရေ ခင်ဗျားယူထားတဲ့ စစ်ကြောင်း(၂)မှူး တာဝန်ကို ဒုတပ်ရင်းမှူး လွှဲလိုက်ပါ၊ ခင်ဗျားကတော့ ခွဲ(၁)ကိုပဲ ပြန်ကိုင်ပေါ့ဗျာ "

တပ်ရင်းမှူးက မိုင်းယောင်းရောက်ရောက်ချင်း ကျွန်တော့်အား ...ါမပြော၏။ စစ်ကြောင်းမှူးတာဝန်မှ လွတ်မြောက်သွား၍ ကျွန်တော်သည် မိုင်းယောင်း၏ဆောင်းကာလများတွင် တပ်ခွဲမှူးတာဝန်ကို ပြန်လည် ...ဆောင်ရင်း လမုန်းကလိုက်၊ ဆောင်လောက်သို့ သွားလိုက်၊ မြို့လယ် ...က နမ့်မယောင်းချောင်းသို့ သွားရေချိုးလိုက်၊ ဘော်လုံးပွဲများတွင် ဝင်၍ ...ဘော်လုံးကစားလိုက်ဖြင့် မိုင်းယောင်းဆောင်း၏နေ့ရက်များကို ကုန်လွန် ...စေခဲ့ပါ၏။ ဗိုလ်မှူးဖြစ်ခါစမို့ မေပေးလိုက်သည့် ရွှေရောင်ဗိုလ်မှူး ...ပွင့်လေးကိုလည်း လုံးဝမဖြုတ်ဘဲ တောထဲ တောင်ထဲသွားလျှင်ပင် ...ပ်နေခဲ့ရာ တပည့်များကပင်

" ဗိုလ်မှူးရယ်၊ တောထဲမှာတော့ Operation Bar အမည်းပဲ ...ပ်ပါ "

ဟု ဆိုလာသည်အထိပင် ဖြစ်၏။

နှင်းငွေ့လွှမ်းခြုံသိုင်းသော ကမ္ဘောဇတိုင်း၏မိုင်းယောင်းဆောင်း ကိုတော့ ဤကဲ့သို့ပင် စားစား သွားသွား၊ နားနား နေနေနှင့် ကုန်မည် ...င်မိ၏။ သို့ရာတွင် ထိုသို့ မဟုတ်ပါခင်ဗျား။

× × × ×

...င် မမေ့စရာ ဟောင်ကွေ့မှာ

မိုင်းယောင်းမှ ကျိုင်းတုံ၊ မိုင်းဖြတ်ဘက်သို့အထွက်တွင် ဟောင် ...့ဆိုသည့် ရွာကလေး ရှိ၏။ ဟောင်ကွေ့၏အဓိပ္ပာယ်မှာ ဟောင် ...ည်က မွေးသည်၊ ကွေ့ဆိုသည်က ငှက်ပျောသီး (ဝါ) ငှက်ပျောသီး ...များယှက်သော ရွာကလေးပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာကလေးက ဌက်ပျောသီးမွှေးများ ကောင်းစွာ ထွက် မထွ... တော့ သိပ်ပြီး ကျွန်တော် မသိပါ။ ကျွန်တော်ရောက်သည့် အချိန်တွ... တော့ ဌက်ပျောသီးများ များများစားစားထွက်တာ မတွေ့ရပါ။ ထွက်သ... ဌက်ပျောသီးများက တုတ်တုတ်ခိုင်ခိုင် ထွားထွားကျိုင်းကျိုင်းနှင့် စား... တော့ ကောင်းပါသည်။ သချာတာတစ်ခုကတော့ ထိုရွာတွင် ဖြူ... ဖွေးဖွေး အပျိုချောကလေးများ အတော်ပေါသည်ဆိုသည့် အချက်... ဖြစ်ပါ၏။

ထိုအပျိုချောပေါသော ဟောင်ကွေ့တွင် ကျွန်တော့်အတွ... နောင်မမေ့စရာ ကိစ္စလေးတစ်ခု ဖြစ်ခဲ့ပါသည်။ ဖြစ်ပုံကတော့ ဒီလို... ခင်ဗျား။

× × × ×

၁၉၈၃ ခုနှစ်၊ ဇန္နဝါရီလ ကုန်စဖြစ်၏။

ကျွန်တော်သည် လေးစုစစ်ကြောင်းနှင့် မိုင်းယောင်းအရှေ့ဘ... ဝမ်ဘိုးနှင့် ဝမ်မန်းဘက် ရောက်နေ၏။ ချင်း(၃)မှ တပ်ရင်းမှူးနှင့် တပ်... တစ်ခွဲသည်လည်း အတူရှိနေပါသည်။ မိုင်းယောင်းရှိ စစ်ကြောင်း(... ဌာနချုပ်မှ ကြေးနန်းဝင်လာသည်။

" ဟောင်ကွေ့ရှိ ခွဲ(၃) နောက်ချန်အဖွဲ့အား ရန်သူအင်အား (၁၀၀)ခန့်မှ ဝင်ရောက် တိုက်ခိုက်သွား၊ ဤကနုရလျှင် ရှဲချ... မိုင်းယောင်းပြန့်အား ဖြတ်ရှင်း၍ ဟောင်ကွေ့သို့ ဝင်ရောက်ရန် "

ကျွန်တော်သည် ထိုကြေးနန်းရလျှင်ရချင်း ဟောင်ကွေ့သို... အပြင်း ချီတက်ခဲ့၏။ ညနေတွင် ဟောင်ကွေ့သို့ ရောက်သွားပါသည်... ခွဲ(၅)မှူး ဗိုလ်ကြီးဇော်ဌေးနှင့် ခွဲ(၃)မှူး ဗိုလ်ကြီးဌေးလွင်တို့ စောင့်... ကြသည်။

" အစ်ကိုကြီးရေ ကျွန်တော် ပါဟုတ်ဘက်သွားနေတုန်း ခွေး... သား ဗကပတွေက အလစ်မှာ လာလုပ်သွားတာဗျာ "

ဗိုလ်ကြီးဌေးလွင်က ခရီးမဆိုက် စပြော၏။ ဗိုလ်ကြီးဇော်ဌေး... ခွဲ(၅)ကတော့ စစ်ကြောင်း(၁)ရုံးမှ အင်အားဖြည့်ရန် လွှတ်လိုက်ခြ... ဖြစ်ပါသည်။

" ဘာပါသွားသေးလဲ "



" တစ်ယောက်ကျပြီး နောက်ချန်ကျောပိုးအိတ်တွေပါသွားတယ်၊ ...သေနတ်တော့ ပါမသွားပါဘူး "

" ဆရာလှစိန်တို့၊ ဆရာလှဝင်းတို့၊ ရွှေတင့်တို့၊ စမ်းတင့်မောင် ...တို့ လေးငါးယောက်က ဘုရားကုန်းပေါ်ကနေပြီး ဂျီဖိုးနှစ်လက်နဲ့ အမ်-၇၉ တွေနဲ့ အတင်းခံချလို့ ဒီကောင်တွေ ဆုတ်သွားတာ၊ ကျွန်တော်တို့ ...တင်းကို အမြဲယူနေပုံရတယ် "

" ဟုတ်မှာပေါ့၊ ၈၁၅ မှာ ဒီရွာတွေက လူတွေပါတယ် ပြောတယ်၊ ...ရွာလယ်ခေါင်က အိုးမေကြီးရဲ့သားကလဲ ၈၁၅ မှာ လူကြီးလို့ပြောတာပဲ "

" သူ့သားတော့ မသိဘူး၊ သူ့သမီး အိဆောင့်ကတော့ ဒီရွာမှာ ...ပျံစား နာမည်ကြီးပဲ "

ဗိုလ်စိုးလွင်က ဝင်ပြောသည်။

" ဘယ်လိုလဲကွ၊ အိဆော့ ဟုတ်လား "

" ဟုတ်ပါတယ် ဗိုလ်မှူး၊ နောက်တော့ တွေ့မှာပါ၊ ဗိုလ်မှူး ...တွက် အခုအဲ့ဒီအိမ်မှာပဲ နေရာချထားပေးပါတယ် "

" ဟေ ဟုတ်လား၊ ဖြစ်ပါ့မလား "

" ဖြစ်ပါတယ် ဗိုလ်မှူးရဲ့၊ ချင်း(၃)အဖွဲ့တွေလဲ ဟောင်ကွေ့ ...ရောက်ရင် ဒီအိမ်မှာပဲ တည်းကြတာပါပဲ၊ အခင်းအကျင်းလဲ ကောင်းတယ်၊ ...တင်းပုလင်းလဲ ရပါတယ်၊ ပြီးတော့ "

ခွဲ(၅)မှ ဗိုလ်စိုးလွင်က စကားကို ဖြတ်လိုက်၏။ ဆက်မပြော ...တော့။ အရာရှိများက တစ်ယောက်မျက်နှာ တစ်ယောက်ပြုံးဖြဲဖြဲနှင့် ကြည့်နေကြ၏။ ကျွန်တော်လည်း မအူမလည်ဖြင့် သူတို့နေရာချသည့် အိမ်တွင်ပင် ထိုညက အခြေပြုလိုက်ပါသည်။ ရန်သူ မချဉ်းကပ်နိုင်ရန် တပ်ခွဲနှစ်ခွဲအား ဟောင်ကွေ့တစ်ဝိုက်တွင် ဖြန့်ကျက်ချထားလိုက်၏။

နောက်တစ်နေ့ မိုးလင်းချိန်တွင်တော့ အိမ်ရှင်အိုးမေကြီးနှင့် ...သမီး မအိဆော့တို့အား တွေ့ဖူးပါတော့သည်။ အိုးမေကြီးမှာ အသက် ...ဆယ်ခန့်ဖြစ်၍ မအိဆော့မှာ နှစ်ဆယ့်ငါးနှစ်ခန့် ဖြစ်၏။ အိုးမေကြီးက ...ဂဂနှင့် စကားပြော အလွန်ကောင်း၏။ လယ်လုပ်သည်၊ အငှေ... ...ဝယ် လုပ်သည်။ နမ့်ယာ ခေါ် မိုင်းယောင်းစပါးအရက်လည်း ရောင်း... ...သည်။ ဆား ရောင်းသည်၊ နို့ဆီရောင်းသည်၊ သကြားရောင်းသည်။

www.burmeseclassic.com



ပြီးတော့ ဝယ်သည်။ ဒီလို အကုန်ရောင်းသည်၊ ဝယ်သည်ဆိုတော့ ကျွန်တော်တို့ မိတ်ဆွေပေါ့ဗျာ။

" ဗိုလ်မှူး ကောင်းကောင်းနားပါ၊ ပျော်ပျော်ပါးပါး နေပါ မိုင်းယောင်းတပ်ကလဲ ဒီမှာ တည်းတာပါပဲ၊ သမီး အီဆော့ကလဲ ကတတ် ပါတယ်၊ က ချင်လဲပြောပါ "


အိမ်ရှင် အီးမေကြီးက သူ့သမီးချော အီဆော့အား ပြရင်း ပြော၏။ သူ့သမီး မအီဆော့ကား အရပ်ခပ်မြင့်မြင့်၊ ကိုယ်လုံးသွယ်သွယ် Oval Shape မျက်နှာကလေးနှင့် မျက်လုံးမျက်ခုံးက ခပ်ကောင်းကောင်း မို့ ယခုခေတ် မော်ဒယ်မိန်းကလေးများနှယ် ဖြစ်၏။ မျက်နှာကတော့ သူတို့မိန်းကလေးတွေ ထုံးစံအတိုင်း ခပ်ပြုံးပြုံးကလေးပင်။ ပြီးတော့ နာမည်ကလည်း အီဆော့တဲ့။ ဘယ်လိုဆော့သလဲတော့ မသိ။

ဟောင်ကွေ့ရောက်ခါစ တစ်ရက်နှစ်ရက်ကတော့ စစ်ရေးကိစ္စ များကြောင့် မအီဆော့တို့နှင့် လမုန်း မကဖြစ်ပါ။ ကလည်း မက နိုင်သေး ပါ။ ကိုယ့်စစ်ရေးစစ်ရာက အရေးကြီးနေပါသည်။ ဟောင်ကွေ့တွင် တပ်များ စုဖွဲ့ထားရှိခြင်းကလည်း နောက်ထပ် ယာဉ်တန်းတက်လာရင် အဆင်သင့်ဖြစ်ရန် အတွက်သာမက ခွဲ(၃)ကို လာတိုက်သွားသည့် ကိုး အတွက် Show of force ရန်သူအား အင်အားပြခြင်းလည်း ဖြစ်ပါ၏။

" ဗိုလ်မှူး၊ လမုံး ကကြမယ်လေ၊ ပျော်ပျော်ပါးပါးပေါ့ "

ဟောင်ကွေ့ရောက်ပြီး သုံးရက်မြောက်တွင် အိမ်ရှင်အီးမေ အဆွယ်ကောင်းသဖြင့် ကျွန်တော်တို့ လမုံးကရန် သဘောတူလိုက်ရ ထုံးစံအတိုင်း အိမ်အပေါ်ထပ်တွင် အောက်လင်း ဓါတ်မီးထွန်းကာ ကရ ၏။ ကျွန်တော်နှင့် တပ်ခွဲမှူးနှစ်ဦးသာမက တပ်စုမှူး ဗိုလ်စိုးလွင်၊ ဗိုလ် မြသက်၊ ဗိုလ်ထွန်းလှအောင်၊ ဗိုလ်စောထွန်း စသူတို့ပါကြ၏။ မင်းသ များ အားလုံးထဲတွင် အီဆော့က အသက်အကြီးဆုံးဖြစ်၏။ ကျန်မင်းသ ကလေးများမှာ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်အရွယ်သာသာ ဖြစ်ကြ၏။

ကျွန်တော်က လူကြီးဆိုတော့ မအီဆော့နှင့် မကြာခဏ တွဲကရသည်။ မအီဆော့၏ ထူးခြားချက်မှာ ရဲရဲတင်းတင်း ပြောရဲ ဆို ထိရဲ၊ ကိုင်ရဲခြင်းပင် ဖြစ်၏။ အတော် ရဲတင်းလှသဖြင့် မေးကြည့်ရ မအီဆော့က အပျို မဟုတ်။ မနှစ်က အိမ်ထောင်ကျပြီး ယောက်



www.burmeseclassic.com



ဆုံးသွားသည့် တစ်ခုလပ်မလေး ဖြစ်၏။ ထို့ကြောင့် အပြုနပ်ကာ ရဲတင်းနေသလား မသိပါ၊ လမုံးဝိုင်းက အရှိန်ရလာသည့်အခါ ပွဲက ကြမ်းလာ၏။ ဆိုင်းဝိုင်းကလည်း ပိုမြန်လာ၏။

ထိုအချိန်တွင်ပင် "အုန်းကနဲ၊ အုန်းကနဲ" မြည်၍ လက်နက်ကြီးနှစ်လုံးသည် ကျွန်တော်တို့ လမုံးကနေသည့် အီးမေ၏အိမ်ရှေ့ ကွက်လပ်ကြီးသို့ ကျရောက် ပေါက်ကွဲပါတော့သည်။

"ဟိုက် ပစ်ပြီဟေ့၊ မီးငြိမ်းဟ၊ မီးငြိမ်းဟ"

ကျွန်တော်က ပြောပြောဆိုဆို အောက်လင်းဓါတ်မီးကို လေလျှော့၍ ငြိမ်းလိုက်၏။ ထို့နောက် အိမ်ပေါ်မှ အိမ်အောက်သို့ ခုန်ဆင်းလိုက်သည်။

"နေရာယူ၊ နေရာယူ"

တပ်ခွဲများက အော်သံများ ထွက်လာသည်။ မီးမှောင်သွားသော်လည်း ရန်သူက Ranging လုပ်ထားသည် ထင်၏။ နောက်ထပ် "အုန်းကနဲ၊ အုန်းကနဲ" လေးငါးခြောက်ချက် ထပ်ပစ်လိုက်၏။ ရန်သူ့လက်နက်ကြီးများက ချောင်းအရှေ့ဘက်ကမ်းမှ လာနေခြင်းဖြစ်သည်။ ထို့ကြောင့် လက်နက်ကြီးတပ်ခွဲမှ ဗိုလ်ကြီးဇော်ဌေးအား ၈၁-မီလီမီတာ စိန်ပြောင်းဖြင့် ရန်သူ့လက်နက်ကြီးလာရာသို့ ပြန်ပစ်စေ၏။ သူပစ် ကိုယ်ပစ်ဖြင့် တဂျိမ်းဂျိမ်း၊ တဝွမ်းဝွမ်း ဆူညံနေသည်။ မိုင်းယောင်းရှိ တပ်ရင်းဌာနချုပ်နှင့် ဗျူဟာမှ "ဘာဖြစ်တာလဲ"ဟု လှမ်းမေး၏။

"ရန်သူက အကြီးနဲ့လာပစ်နေလို့ ပြန်ပစ်နေတာ"ဟု ဖြေလိုက်ရာ

"အခြေအနေ ဘယ်လိုလဲ"

ဟု အခြေအနေကို မေးပါသည်။ မိမိ အထိအခိုက်မရှိကြောင်း၊ ရန်သူ ခေါင်းမဖော်နိုင်အောင် အကြီးဖြင့် ဖိပစ်နေကြောင်း ပြန်ပြောရာ ဗျူဟာမှ ရန်သူ့နေရာ ခန့်မှန်းမြေပုံညွှန်း တောင်းပါသည်။

ထိုအခါ ကျွန်တော်က မီးရောင် "လက်ကနဲ၊ လက်ကနဲ" ထွက်နေသည့် ဝမ်ကောင်းသို့ သွားရာလမ်းဘက်ရှိ တောအုပ်နေရာသို့ 'မြေပုံညွှန်း' ပေးလိုက်၏။ ထိုအခါ မိုင်းယောင်းဗျူဟာမှ ထိုနေရာသို့ ၇၆-မီလီမီတာ ကချြောက်ဖြင့် (၃)ချက်တိတိ လှမ်းပစ်ပါတော့သည်။ ထိုအခါမှ

www.burmeseclassic.com

သေနတ်သံများ တိတ်သွားသည်။ အချိန်ကလည်း ညသန်းခေါင်ကျော်ပြီ။ ဗိုလ်ကြီးဇော်ဌေးနှင့် ဗိုလ်ကြီးဌေးလွင်တို့က ကျွန်တော့်အား လာခေါ်သည်။

" ကဲ အစ်ကိုကြီး၊ အိပ်ကြစို့၊ အစ်ကိုကြီး ဒီနေရာက သိပ်ပြီးတော့ မလုံခြုံဘူး၊ Prominent ဖြစ်လွန်းတယ်၊ မသင့်တော်ဘူး၊ ကိုဇော်ဌေးဘက်က ချောင်ကျ ုး လုံခြုံတယ်၊ အဲဒီဘက် ရွှေ့အိပ်ရအောင် "

" ဟာ မဒအိပ်ပါဘူးကွာ၊ ရွာက ကြောက်တယ် ထင်နေပါဦးမယ်၊ ဒီမှာပဲ အိပ်မယ် "

" အသက်ဥာဏ်စောင့် အစ်ကိုကြီး "

" သိပ်ပြီးဘော့ သူရဲကောင်းလုပ်မနေနဲ့ "

တပ်ခွဲမှူးနှစ်ယောက် အတင်းခေါ်သဖြင့် ကျွန်တော်လည်း ကန့်လန့်ကန့်လန့်နှင့် ပါသွား၏။ ဗိုလ်ကြီးဇော်ဌေး၏တပ်ခွဲရုံး အိမ်အောက်က မြေတိုက်ခန်းကား လုံခြုံစိတ်ချရသည်။ စောင်၊ ခြင်ထောင်၊ အိပ်ရာများကလည်း ပြည့်စုံလှသည်။ ထို့ကြောင့် သူတို့နှစ်ယောက်နှင့် အိပ်လိုက်သည်။ အခန်းမှာ နွေးထွေးလှသဖြင့် ခဏအကြာတွင် မေ့ကာနဲ အိပ်ပျော်သွားသည်။ ပြီးတော့ ဖြတ်ကနဲ နိုးလာသည်။ လက်နှိပ်ဓါတ်မီးကို အသာထိုး၍ နာရီကိုကြည့်လိုက်ရာ

"အလိုလို၊ မနက် လေးနာရီတောင် ထိုးပါပကောလား "

ကျွန်တော်သည် တပ်ခွဲမှူးနှစ်ဦးနှင့်အိပ်နေရာမှ အသာထလိုက်၏။ ထို့နောက် ကိုက်သုံးရာခန့်ဝေးသည့် ကျွန်တော့် စစ်ကြောင်းရုံးရှိရာ မအီဆော့တို့အိမ်သို့ ပြန်လာခဲ့ပါသည်။ ခွဲရုံး ကင်းသမားရဲဘော်ကို လိုက်ပို့ခိုင်း၏။ ထို့နောက် မအီဆော့တို့အိမ် အပေါ်ထပ်သို့ တိတ်တဆိတ်တက်၍ ကျွန်တော့်အိပ်ရာဟောင်းတွင် အသာပြန်အိပ်လိုက်ပါသည်။ ခေါင်းချလိုက်သည်နှင့် ပြန်အိပ်ပျော် သွားသည်။ မိုးစင်စင်လင်းမှ နိုးပါတော့သည်။ ထိုအချိန်တွင် မနက် ခြောက်နာရီ ခုနစ်နာရီခန့် ရှိပါပြီ။ ကျွန်တော်အိပ်ရာထ၊ သွားတိုက်၊ မျက်နှာသစ်နေတာမြင်တော့ ရွာသူရွာသားများက တအံ့တဩနှင့် ကြည့်ကြ၏။



" အာလား၊ ဒီဗိုလ်မှူးလုံက တော်တော်သတ္တိကောင်းတာပဲ၊ အိမ်ရှေ့က ကွက်လပ်ထဲမှာ တဝုန်းဝုန်းနဲ့ အလုံးကြီးကျနေတာတောင် ဆက်အိပ်ရဲသေးတယ်နော် "

အထက်ပါအတိုင်း ချီးကျူးထောပနာပြုကြပါသည်။ ကျွန်တော်ကာကိုယ့်အကြောင်း ကိုယ်သာသိမို့ ရယ်ချင်စိတ်ကို မနည်းမြိုသိပ်ထားရ၏။ လူကြီးဆိုတာ တစ်ခါတစ်ခါတော့လည်း ဒီလို လှည့်ကွက်ကလေး သုံးရသည့်အခါမျိုးလည်း ရှိတတ်ပါသည်ခင်ဗျား။

ဤအဖြစ်အပျက်ကား မိုင်းယောင်းတွင် နေခဲ့ရသည့်ကာလများ၌ ဟောင်ကွေ့မှာ နောင်မမေ့စရာဟု ကျွန်တော့်စစ်ကြောင်းတွင် ပါဝင်ခဲ့သူများက မကြာခဏပြောကြဆိုကြသည့် အဖြစ်အပျက်ကလေး ပါပင်တည်း။

× × × ×

## မရေးဖြစ်ခဲ့သော ဇာတ်လမ်းတစ်ပုဒ်

ကျွန်တော်သည် ဗိုလ်မှူးဖြစ်သည့်အချိန်တွင် အသက် (၃၆)နှစ်ခန့်သာ ရှိ၏။ လူကလည်း ခပ်သေးသေးမို့ ရှိသည့်အသက်ထက် ပို၍ငယ်ရွယ်သည် ထင်ရ၏။ ထို့အပြင် အတီးအမှုတ် အကအခုန်များတိုလည်း ဝါသနာပါ၏။ ထို့ကြောင့် အရာရှိကြီးများနှင့် မပေါင်းဖြစ်၊ အရာရှိငယ်များနှင့်သာ ပေါင်းဖြစ်သည်။ ဗျူဟာမှ ဗိုလ်ကြီးသန်းထိုက် (B.E)၊ ဗိုလ်ကြီးလှမြင့် (ဆေးမှူး)စသည်တို့နှင့် အတွဲများ၏။ သူတို့က လူပျိုများဖြစ်၏။ ရည်စားထားကြ၏။ လမုံး ကကြ၏။ ကျွန်တော်ကလည်း သူတို့နှင့်တွဲ၍ လမုံး က၏။ ကိုယ်က အိမ်ထောင်သည်မို့ ရည်းစားတော့ မထားဖြစ်ပါ။

သို့ရာတွင် မိုင်းယောင်း၏နှင်းတွေဝေသော ဇန္နဝါရီ၏ ဆောင်းညတစ်ည၌ မရေးဖြစ်ခဲ့သည့် ဇာတ်လမ်းတစ်ပုဒ်ကို စမိပါတော့သည်။

" ဗိုလ်မှူး ဒီနေ့ပွဲရှိတယ်၊ ကျွန်တော်တို့ ပွဲခင်းဘက်လျှောက်ကြရအောင် "

ဆရာရွှေအေးနှင့် ဆရာစမ်းတင့်မောင်တို့က လာခေါ်၏။ သူတို့က ယူနီဖောင်းဝတ်ပြီး ကာဘိုင်ကိုယ်စီ လွယ်ထား၏။ ကျွန်တော်ကမူ ...ပဝတ်နှင့် ဖြစ်၏။ ဂျင်းအကျႌအပြာနှင့် ရှမ်း ဘောင်းဘီဝတ်ထားပြီး

www.burmeseclassic.com

www.burmeseclassic.com

သူတို့ခေါ်ရာသို့ ထလိုက်လိုက်သည်။ ပွဲခင်းမှာ ကျွန်တော့်တပ်ခွဲ အခြေပြုထားသည့် ချောင်း၏တစ်ဘက်ကမ်း ဘော်လုံးကွင်းထဲတွင် ဖြစ်သည်။ မိုင်းယောင်းသူ၊ မိုင်းယောင်းသားများက ပွဲဈေးတန်းထဲတွင် တိုးခွေ့နေကြ၏။ အံ့ဂလုံထိုးသူက ထိုး၊ မုန့်စားသူက စား၊ ဈေးရောင်းသူက ရောင်း၊ လမ်းပွဲများတွင် ဝင်ကသူက ကနှင့် ကြက်ပျံမကျ စည်ကား လှ၏။

" ဟေ့ ရွှေအေးနဲ့စမ်းတင့်မောင်တို့၊ ငါ ထမင်းမစားရသေးဘူးကွ "

" ရှမ်းခေါက်ဆွဲတစ်ပွဲလောက် ဝင်စားလိုက်ရင် ကောင်းမယ်ထင်တယ် "

ကျွန်တော့်စကားဆုံးသည်နှင့် ကျွန်တော်တို့သုံးယောက်သည် ခပ်လှမ်းလှမ်းမှ ရှမ်းခေါက်ဆွဲဆိုင်တစ်ခုသို့ ပြုံးကနဲ ဝင်လိုက်၏။

" အွန့် အင့် "

" အလို လို၊ ကန်တော့ဆရာ၊ ကန်တော့ "

ဆိုင်ထဲသို့ ရှေ့ကဝင်လိုက်သည့် ကျွန်တော်နှင့်ဆိုင်မှ ထထွက်လာသည့် မိန်းမပျိုကလေးတို့ ရှုတ်တရက်တိုက်လိုက်မိ၏။ သူမက ရှက်ရွံ့အားနာစွာ ကျွန်တော့်ကို တောင်းပန်လိုက်သည်။ သူမနှင့်အတူ တိုင်းရင်းသူ အမျိုးသမီးကြီးနှစ်ဦးလည်း ပါလာသည်။ အဝတ်အစားများ သိပ်တောက်တောက်ပြောင်ပြောင်တော့ မဟုတ်၊ သို့ရာတွင် အလွန် ရှည်လျားသော ဆံပင်၊ အချိုးအဆစ်ကျနလှပသော ကိုယ်လုံး၊ မြန်မာဆန်ဆန် မျက်လုံးများဖြင့် အသားက ခပ်လတ်လတ်မို့ ကျွန်တော့်စိတ်ထဲတွင် မြန်မာမလေးလေလားဟုပင် ထင်မိပါသည်။

" ဟေ့ နည်းနည်းညိုတယ်ကွ "

" အဲဒါ တောင်ပေါ်ရှမ်းတွေလေ ဗိုလ်မှူးရဲ့ "

" ဟေ ဟုတ်လား၊ ကောင်မလေးတော့ ငါ့ကို ဝင်တိုက်ပြီး ကမ္ဘာမျိုးထိုး ရှက်ကိုးရှက်ကန်းနဲ့ ထွက်သွားပြီ "

" သူရှက်တာလေးက ချစ်စရာလေးနော် ဗိုလ်မှူး "

" အေး၊ မင်းတို့ လူပျိုတွေပဲ ချစ်ကြပါကွာ၊ ငါတော့ မချစ်ခိုင်းပါနဲ့ "



ထို့နောက် ကျွန်တော်တို့ သုံးယောက်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တဝါးဝါးဖြင့် ရယ်မောမိကြပါသည်။

× × × ×

ကိစ္စက ဒီလောက်နဲ့ မပြီးပါ၊ နောက်တစ်ရက် နှစ်ရက်အကြာတွင် နမ့်ယောင်းချောင်းသို့ ရေသွားချိုး၏။ အကူရဲဘော် တင်အောင်အပါအဝင် တပည့်သုံးယောက်ပါ ပါလာသည်။ ကျွန်တော်တို့ ရေချိုးဆိပ်အရောက် ပွဲခင်းတွင်တွေ့ခဲ့သည့် မိန်းကလေးနှင့် ရေချိုးဆိပ်တွင် ဆုံသည်။ ကျွန်တော်တို့က အဆင်း၊ သူတို့က အတက်၊ အမျိုးသမီးကြီး တစ်ဦးပါ ပါသည်။

" ဟာ ဗိုလ်မှူး၊ ဟိုနေ့ညက ကောင်မလေး "

" အသာနေစမ်းပါကွာ "

ကျွန်တော်ကသာ " အသာနေစမ်းပါ "ဟု ဆိုသော်လည်း ဤကိစ္စတွင် အလွန် ခြေသွက်လက်သွက်၊ နှုတ်သွက်သော တင်အောင်နှင့် စမ်းတင့်မောင်တို့က စကားသွားပြောကြ၏။ ပြုံးလိုက် ရယ်လိုက်နှင့် ဘာတွေသွားပြောကြမှန်း မသိ၊ ကလေးမလေးက နှုတ်ဆက် ပြန်သွားသည်။ ပြန်လာတော့ ရဲဘော်တင်အောင်က

" ဗိုလ်မှူး၊ သူတို့အိမ်က ဒီနားတင်ပဲ၊ ညနေထမင်းလာစားပါတဲ့၊ ကျွန်တော်တို့ သွားစားရအောင် "

" မင်းတို့ဟာ မင်းတို့သွားစားကြပါ၊ ငါ့ကို ပြဿနာမရှာပါနဲ့ "

ပြဿနာ မရှာပါနဲ့ဆိုသော်လည်း ထိုနေ့က တပည့်များ အတင်းခေါ်သဖြင့် လိုက်သွားမိ ပါသည်။

" အလိုလို ဆရာပါ ပါလာတာကိုး၊ ထိုင်ပါ ဆရာရယ် "

ကလေးမလေးက ဆို၏။ တောင်ပေါ်တွင် တွေ့ရတတ်သည့် တိုင်းလွယ် ခေါ် တောင်ပေါ်ရှမ်းများ၏ သက်ကယ်မိုး၊ ထရံကာအိမ်ကလေးသာ ဖြစ်၏။ ဆင်းရဲနွမ်းပါးကြ၏။ ကျွန်တော်တို့ကို ထမင်းခေါ်ကျွေးတော့ ပစ္စည်းပစ္စယကောင်းကောင်းလည်း ဘာမှ မရှိ။

" သူ့နာမည်က နန်းပန်တဲ့၊ ဒီအဘွားကြီးက သူ့အဒေါ်၊ သူတို့က ကျိုင်းတုံဘက်က ဇာတိက ကဖအရှေ့ဘက် ဝမ်ခမ်းကြီးဘက်က၊ ဂကပတွေဝင်လာတော့ ကျိုင်းတုံဘက်ပြေးလာ ကြပြီး အရောင်းအဝယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြတယ်၊ ဟိုမှာ လယ်တွေယာတွေ ပစ်ခဲ့ရတာပေါ့။ အခု ကျွန်တော်တို့ ယာဉ်တန်းတွေနဲ့လိုက်ပြီး မိုင်းယောင်းမှာ ဈေးလာရောင်းတာတဲ့"

ဘယ်သူကမှ မမေးရဘဲ ရဲဘော်တင်အောင်က လျှောက်ပြောနေသည်။ ထိုအခါ တပ်ကြပ်ရွှေအေးက

"မင်းက သူပုန်သတင်းတော့ မယောက်လှမ်းဘူး၊ ဒါမျိုးကျတော့ တတ်တယ်"ဟု ဆိုပါတော့သည်။

ကျွန်တော်တို့တစ်တွေ ရယ်မောကြရပြန်ပါသည်။ ရိုးရာမလေ့အတိုင်းချက်ထားသည့် တောင်ပေါ်ထမင်းဟင်းများအားစားပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြ၏။ အတော်ချို့တဲ့မှန်းသိ၍ ကျွန်တော်က အပြန်လမ်းတွင်

" ကဲ၊ ဆရာရွှေအေးနဲ့ တင်အောင်ရေ၊ တော်တော်ချို့တဲ့ပုံရပါတယ်ကွာ၊ တို့ ဒီမှာနေတုန်းတော့ ရိက္ခာလေးဘာလေး ထောက်ပံ့ပေါ့ကွာ၊ အဘွားကြီးကလဲ ခြောက်ဆယ်ကျော် ခုနစ်ဆယ်နီးပါး၊ တော်တော်အိုနေပြီ၊ မုဆိုးမဆိုတော့ ဘာမှလဲမလုပ်နိုင်ဘူး ထင်ပါရဲ့ကွာ"

ကျွန်တော်၏မှာကြားမှုကြောင့် ဆန်၊ ဆီ၊ ဆား၊ နို့ဆီ၊ သကြား မကြာခဏ ထိုအိမ်လေးသို့ ပို့ဖြစ်၏။ နှစ်လကျော် သုံးလအတွင်း ထမင်းလည်း နှစ်ခါ သုံးခါ သွားစားလိုက်မိပါသည်။ လူချင်းလည်း ပိုရင်းနှီးသွားကြ၏။ မိန်းကလေးကလည်း ကျွန်တော့်ကို ဘာမှန်းမသိ၊ တွေ့တိုင်း "ဆရာ"ဟုသာ ခေါ်ပါသည်။ ရွာတွင် သေဆုံးသွားသည့် သူမ၏တစ်ဦးတည်းသော အစ်ကိုနှင့်လည်း အတော်တူသည်ဟု ပြောသည်။ ကျွန်တော်က အညာသား အသားခပ်ညိုညိုဆိုတော့ တူရင်တူပါလိမ့်မည်။

ကျွန်တော်တို့၏ တပ်မတော်ဖွဲ့စည်းပုံနှင့် ရာထူးအဆင့်အတန်းများကို သူမ နားမလည်သဖြင့် သူမ ဆရာဟုခေါ်သည်ကို ကျွန်တော်ကလည်း ဘာမှ မပြောမိ။ သိပ်လည်း ရင်းနှီးရန် မသင့်တော်ဟု ယူဆသဖြင့် ထိုအိမ်ကလေးရောက်တိုင်း ဝေဝေဆာဆာစကားလည်း မပြောဖြစ်ခဲ့။ တပည့်ကျော်များကမူ ဘာတွေ ပြောထားကြမှန်း မသိ။ ဤသို့ဖြင့် မတ်လသို့ပင် တိုင်ခဲ့ပြီ။ တပ်ပြန်မဆင်းမီ မတ်လအတွင်း တစ်ရက်၌ ဝမ်ကျင်း၊ ဆန်တောက်ဘက်သို့ ရိက္ခာပို့ရင်း ပါဟုတ်ခင့် ဟောင်ကွေ့ကြားတွင် ကျွန်ုပ်တော်၏တပ်ခွဲနှင့် ဗကပများ တိုက်ပွဲဖြစ်သည်။



ထိုနေ့က ကျွန်တော်သည် တပည့်များ တားထားသည့်ကြားမှ ရွှေရောင်အပွင့်တပ်၍ သွားလိုက်မိ၏။ ထို့ကြောင့်များ တိုက်ပွဲဖြစ်သည်လား မသိ၊ တိုက်ပွဲပြီးချိန်တွင် မိုင်းယောင်းမှ မိုင်းဖြတ်သွားမည့် ခရီးသည်များကို ဟောင်ကွေ့တွင် သွားတွေ့၏။ ကျွန်တော်တို့တပ်က တားထားသည် ဆို၏။ လူအုပ်မှာ (၅၀)ခန့်ရှိသည်။ ယာဉ်တန်း မစောင့်နိုင်၍ မိုင်းဖြတ်အထိ ခြေလျင်သွားကာ မိုင်းဖြတ်ရောက်မှ တာချီလိတ်မှ လာသည့် ကားများကို စောင့်စီးကြမည်ဟု ပြောကြသည်။

"ဗိုလ်မှူး၊ သူတို့အုပ်စုက ခရီးဆက်ထွက်ဖို့ ခွင့်တောင်းနေတယ်"

တပ်ခွဲရုံးမှ တပ်ခွဲ တပ်ကြပ်ကြီးသိန်းအောင်မှ လာသတင်းပို့သည်။ ကျွန်တော်က ထိုအချိန်တွင် ၉၀၆ စက်တစ်လုံးဖြင့် တိုက်ပွဲအခြေအနေကို ရတသနက(၁)နှင့် ဗျူဟာသို့ တင်ပြရင်း အလုပ်ရှုပ်နေချိန် ဖြစ်၏။

" နေပါဦးဗျာ၊ အပေါ်သတင်းပို့ပြီးမှ လွှတ်ကြတာပေါ့၊ ရှေ့မှာ ဘာဖြစ်နေမှန်းမှ မသိဘဲ၊ တားခိုင်းတာလဲ ဗျူဟာက တားခိုင်းထားတာ မဟုတ်လား"

ခွင့်ပြုချက်ရသည့်အခါ ထိုလူအုပ်ကို သွားခွင့်ပြုလိုက်ပါသည်။

" မသွားခင်တော့ သူတို့နဲ့ သွားတွေ့လိုက်မယ်"

ထိုလူအုပ်ကို ကျွန်တော် သွားတွေ့လိုက်၏။

" အလို လို"

သူတို့ထဲတွင် မနန်းပန်ကို တွေ့ရသည်။ ကလေးမလေးက ကျွန်တော့်ကို တွေ့သည့်အခါ အလွန် အံ့သြသွား၏။

" ဘယ်လိုလဲ မနန်းပန်၊ ကားတန်းမစောင့်ပဲ ပြန်တော့မှာလား"

" ဩ (ဩ- ဟုတ်ကဲ့)"

ဩ တစ်လုံးတည်းသာ မပွင့်တစ်ပွင့် ဆို၏။ ကျွန်တော်က သွားခွင့်ပြုလိုက်သော်လည်း သူမက ကျွန်တော့်ကို စကားပြောချင်ပုံရ၏။ ခပ်တွေတွေလေး ရပ်နေသည်။ လူအုပ်ကြီးက ထွက်သွားသော်လည်း သူမ၏အဖော် မိန်းမပျိုလေးနှစ်ယောက်နှင့် ကျန်နေ၏။ ကျွန်တော်က အလိုက်သိစွာ ပြုံး၍

" မနန်းပန် သွားတော့လေ၊ ကျိုင်းတုံရောက်မှ တွေ့ကြတာပေါ့"

အထက်ပါအတိုင်းပြောလိုက်ရာ သူမက

www.burmeseclassic.com

www.burmeseclassic.com

"ဗိုလ်မှူး မကောင်းဘူး၊ ကျွန်မကို လိမ်တယ် "ဟု တိုးတိတ်ညင်သာစွာ ပြောပြီး ထွက်ခွါသွားပါတော့သည်။

ကျွန်တော်တို့တပ် ကျိုင်းတုံပြန်ဆင်းတော့ ကားတွေပျက်၍ မိုးမြင့်စင်လင်းမှ ရောက်သည်။ ကျိုင်းတုံတွင် မနန်းပန်အား မတွေ့သို့ ပြန်တော့မည့်အကြောင်း အပြေးအလွှားသွား၍ နှုတ်ဆက်လိုက်ရ ပါသေးသည်။ ဒါ့ထက်ပိုပြီး သံယောဇဉ်ဖြစ်ရန်လည်း မသင့်တော်၍ ဒီဇာတ်ကို ဒီတွင် ရပ်လိုက်ရပါသည်ခင်ဗျား။

× × × ×

**မိုင်းယောင်းမှ ပြန်ကြရပြီ**

၁၉၈၃ ခုနှစ်၊ မတ်လလယ်တွင် မိုင်းယောင်းမှ ပြန်လည် ထွက်ခွါခဲ့ကြသည်။ မထွက်ခွါမီ ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံး ထိုးဖောက်စစ်ဆင်ရေး နှစ်ခါ လုပ်ခဲ့ကြရသေး၏။ နှစ်ခါလုံး အထိအခိုက် အရှုံးနာရှိခဲ့ပါသည်။ တပ်မက ဝမ်ကျင်း၊ ဆန်တောက်အား တိုက်ခိုက် သိမ်းပိုက်သဖြင့် ဟောင်ကွေ့၊ ပါဟုတ်မှနေပြီး ဝမ်ကျင်း၊ ဆန်တောက်သို့ ရိက္ခာလိုက်ပို့ရပါသေးသည်။ တိုက်ပွဲငယ်များ အကြိမ်ကြိမ်ဖြစ်ပွားခဲ့၏။ ဤသို့ဖြင့် မိုင်းယောင်းဒေသတွင် ပစ်ခတ်တိုက်ခိုက် သွားလာလှုပ်ရှားရင်း (၈)လတာမျှ ကြာသွားခဲ့ပါသည်။ မတ်လ ဒုတိယပတ်တွင် ဝမ်မိုင်၊ ကျိုင်းကုန်းကို ထိုးဖောက်အပြီး၌ တပ်မဌာနချုပ်က ကျွန်တော်တို့တပ်ရင်းအား လုပ်ဆောင်မှု ကျေနပ်ကြောင်းနှင့် နောက်တန်းဌာနချုပ်ရှိရာ မကွေးသို့ ပြန်ခွင့်ပြုပြီ ဖြစ်ကြောင်း ကြေးနန်း ဝင်လာပါတော့သည်။

"ဟေး ပြန်ရပြီ ဟေ့"

ရဲဘော်များက ပျော်ကြသည်။ စစ်မြေမှာ ကြာညောင်းရက်ရှည်ပြီမို့ အားလုံးက ပြန်ချင်ကြသည်မှာ ဓမ္မတာသာ ဖြစ်ပါ၏။

တပ် ပြန်အဆင်းတွင် ကားများမိုင်းထိမည်စိုး၍ တစ်လမ်းလုံး မိုင်းရှင်းရင်း တပ်ရင်းတစ်ရင်းလုံး မိုင်းယောင်းမှ မိုင်းဖြတ်သို့ တစ်ညအိပ်နှစ်ရက်၊ ခြေလျင်လျှောက်သည်။ မိုင်းဖြတ်ရောက်မှ ကားစီးကြ၏။ မိုင်းဖြတ် အရောက်တွင်ကား ကျိုင်းတုံသွားမည့် ကားအစီးနှစ်ရာကျော် သွားသည်။ မိုင်းယောင်းမှလာစဉ်က ကားအစီးတစ်ရာပင် မပြည့်၊ မိုင်းဖြတ်၌ ကာချီလိတ်က ယာဉ်ပန်းပာမ်ခု လာပေါင်း၍ ကားအစီးရေ များသွား၏။



ကျိုင်းတုံရောက်တော့ တပ်မက ကားအစီး နှစ်ရာခန့် [illegible] ပြည့် စစ်ဆေးရင်း ယာဉ်များ ကြံ့ခိုင်ရေးဆောင်ရွက်ရန် နှစ်ရက်ခန့် အနားပေးပါသည်။

ကျိုင်းတုံရောက်မှ မေ ပေးလိုက်သည့် ငွေငါးထောင်ကို [illegible] သတိရပါတော့သည်။

"ဟိုက် ဒုက္ခပဲ၊ ပိုက်ဆံငါးထောင်လဲ ကုန်ပြီ၊ ငွေလေး ခြောက် ဆယ်လားပဲ ကျန်တော့တယ်၊ မေ့ကို ဘယ်လို ပြောရပါ့မလဲ"

ကျွန်တော်က အခုမှတွေးပြီး ပူမိပါတော့သည်။ စောစောကတော့ ဒါတွေ မစဉ်းစားခဲ့၊ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်ဆိုပြီး ပါလာသည့် ပိုက်ဆံ အကုန်သုံးလိုက်၏။ မကြံတတ်မစည်တတ် ဖြစ်နေ၍

"အင်း၊ ဘယ်တတ်နိုင်ပါ့မလဲလေ"

ဟု ကိုယ့်ကိုကိုယ်ဖြေသိမ့်လိုက်၏။

သို့ရာတွင် ကံကြမ္မာက မနေပါ။ တပ်ရင်းမှူးကြီးက ခေါ်သည်။

" ရော့၊ ဗိုလ်မှူးသက်ဦး ခင်ဗျားကလေးတွေအတွက် ဝယ်ချင်တာ ဝယ် "ဟုဆိုကာ ငွေတစ်ထောင် ချီးမြှင့်ပါသည်။ တပ်ရင်းမှူးကြီးက အလိုက်သိတတ်၍ နည်းနည်း အသက်ရှုချောင်သွား၏။ ကံအားလျော်စွာ ရန်ကုန်စက်မှုတက္ကသိုလ်မှထွက်ပြီး ကျိုင်းတုံတွင် အရောင်းအဝယ်လာ လုပ်နေသည့် ညီဝမ်းကွဲတစ်ဦးနှင့် မြို့ထဲတွင်သွားဆုံ၏။ "အစ်ကို ဘာလိုသလဲ"ဟု သူက မေးရာ လက်ကို ဝိုင်းပြလိုက်၏။ ငွေနှစ်ထောင် ပေးသွားသည်။ ထိုအခါ ကလေးများအတွက် စက်ဘီးတစ်စီးနှင့် မေ့အတွက် ရှန်လုံချည်များ ပြေးဝယ်လိုက်၏။ တပ်ခွဲမှ စစ်သည်များ ကလည်း သူတို့ဗိုလ်မှူးကလေးအတွက် အိမ်သုံးပစ္စည်း အတိုအထွာကလေးများ စုပေါင်းစပ်ပေါင်း ငွေနှစ်ထောင်ဖိုးလောက် ဝယ်ပေးကြသည်။

စာရင်းတွက်ကြည့်သော် မေပေးသည့် ငွေငါးထောင် ပြည့်သွား၏။ ကျွန်တော်ကလည်း ရက်ရက်ရောရော မေ့အတွက် ရှန်လုံချည်လေးထည်ကြီးများတောင် ဝယ်လိုက်ပါ၏။ ကလေးများ အတွက် စက်ဘီးတစ်စီးနှင့် စားစရာများပါ၍ လုံလောက်ပါသည်။ ကုသိုလ်ကံက ဒီလောက်နှင့် မရပ်သေးပါ။ ယာဉ်တန်းထွက်သည့်နေ့က မိတ်ဆွေတစ်ဦးက ယာဉ်တန်းအကြုံလိုက်ရ၍ အထူးကျေးဇူးတင်သည်ဟု ဆိုကာ ဘာမှမပြော ညာမပြောနှင့် ကလေးများအတွက် စက်ဘီးတစ်စီး ဝယ်ပေးပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကလည်း အိမ်အပြန်မို့ အားနာပါးနာနှင့် ထိုလက်ဆောင်ကို လက်ခံလိုက်၏။ ဤသို့ဖြင့် မေပေးလိုက်သည့် ငွေကလေးကို စာရင်းပြ၍ ရသွားပါတော့သည်။ ကျွန်တော်လည်း " မေ့ကို ဘယ်လိုပြောရပါ့ " ဆိုသည့် အခက်အခဲ အကြပ်အတည်းကြားမှ လွတ်မြောက်သွားပါသည် ခင်ဗျား။

ဤပစ္စည်းများကောင်းမှုကြောင့် တပ်ပြန်ရောက်တော့ မေနှင့် သားသမီးများက အထူး ကျေနပ်ကြသည်။ ကျွန်တော်ကတော့ ကိုယ့်အကြောင်း ကိုယ်သာသိသည်မို့ တုံဏှိဘာဝေ လုပ်နေသည်။ ဘာမှ မပြောမိ။မိုင်းယောင်းကိုတော့ သတိရနေပါသည်။ ယနေ့တိုင် မမေ့နိုင်ပါ။

သို့ရာတွင် ယနေ့တိုင် မမေ့နိုင်သော မိုင်းယောင်းကို တစ်ခါမှ ပြန်မရောက်တော့ပါ။ ဘယ်တော့မှ ပြန်ရောက်မည်ဆိုသည်ကိုလည်း မပြောနိုင်တော့ပါ။ မြန်မာနိုင်ငံ၏ အရှေ့ဘက်အစွန်ဆုံးက တောင်ခိုးဝေဝေ မြူတွေဆိုင်းဆိုင်းနှင့် မိုင်းယောင်းမြို့ကလေးကို ယခုထက်တိုင် လွမ်းဆွတ်တသ သတိရလျက်ပါခင်ဗျား။

× × × ×



## အခန်း(၄)
## တပ်နားသည် ဆိုရာဝယ်

**ပျော်စရာကောင်းသည့် အနားကာလ**

သနက(၁)ရောက်ပြီး စစ်ဆင်ရေးလိုက်ရတာ သုံးခေါက်ရှိသွားပါပြီ။ ပထမအခေါက်က ကျိုင်းတုံအရံ၊ ကျိုင်းတုံမြို့အတွင်းမှာ တစ်လနီးပါး နေခဲ့ရသည်။ ဒုတိယအခေါက်ကတော့ ကျိုင်းတုံအရှေ့ခြမ်း လွယ်မွေဒေသမှာ လွယ်မွေလေတပ်အတွက် ရှေ့ကာ လှုပ်ရှားလုပ်ခဲ့ရသည်။ ယခု တတိယအခေါက်ကတော့ နာမည်ကျော် မိုင်းယောင်းဒေသသို့ ဝင်ခဲ့ရခြင်းဖြစ်၏။ အားလုံးထဲတွင် မိုင်းယောင်းအခေါက်က တပင်ပန်းဆုံးပါတည်း။

" ဗိုး၊ ဒီတစ်ခေါက်မိုင်းယောင်းဝင်ရတာတော့ အတော်တန်တယ်ဟေ့၊ ရောက်ကတည်းက ပစ်လိုက်ရတဲ့ သေနတ်၊ တိုက်လိုက်ရတဲ့ စစ်၊ ပြန်ဆင်းတဲ့အထိ ပစ်ရခတ်ရတုန်းပဲ၊ အရာရှိတွေလဲ မိုင်းထိ၊ ရဲဘော်တွေလဲ ဖျားလို့ သေတဲ့သူသေ၊ ထိခိုက်ဒဏ်ရာရလို့ ကျတဲ့သူကျနဲ့၊ လုပ်လိုက်ရတဲ့ ထိုးဖေါက်ကလဲ ဘယ်နှစ်ခါမှန်းတောင် မမှတ်မိတော့ဘူး၊ ရိက္ခာကလဲ ဆန့်စားလို့ စားရနဲ့၊ ဆေးရုံကလဲ တက်လိုက်ရသေး၊ ကံကောင်းလို့ "

ကျွန်တော်က ထိုသို့ပြောသည့်အခါ ဗိုလ်ကြီးသန့်ဆင်းတို့၊ ပုံပါကြီးဌေးလွင်တို့၊ ဗိုလ်ကြီးသူရခင်မောင်လတ်တို့က တဟားဟား ရယ်မောရ၍

www.burmeseclassic.com

www.burmeseclassic.com

" ဟဲ ဟဲ၊ အစ်ကိုကြီးကလဲ မိုင်းယောင်းမှာ လမုံး ကတာလေးတွေ၊ ဆောင်လောက်မှာ မောင်ပေါက်တာလေးတွေ၊ ဟောင်ကွေ့မှာ မောင် မမေ့စရာလေးတွေ၊ ဟောင်ကျန့်မှာ မောင် နံ့တာလေးတွေလဲ ထည့်ပြောဦးလေ၊ အဲဒီနေရာတွေမှာတော့ ပျော်စရာကောင်းတယ် မဟုတ်လား၊ မချိုထားနဲ့လေ အစ်ကိုကြီးရဲ့ "

ဟု ဆိုကြပါတော့သည်။ သူတို့ပြောတာလည်း ဟုတ်နေ၍ -

" ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ "

ကျွန်တော့်မှာ ရယ်မော၍ ပြန်ပြောရသည်။

တကယ်တော့ ကျွန်တော်တို့ စစ်တိုက်နေရသည့် စစ်သားများဘဝမှာ ဘာမှအတိအကျ ပြောမရပါ၊ ဗန့်မြင်ညပျောက် ဖြစ်တတ်၏။ အချိန်မရွေး အသက်ဆုံးရှုံးနိုင်၏။ ခြေလက်အင်္ဂါများ ပြတ်တောက်သွားနိုင်၏။ ထို့ကြောင့် ကျွန်တော်သည် ပျော်ပျော်နေ၊ သေခဲဆိုသည့် စကားအတိုင်း ရောက်လေရာမှာ ပျော်အောင် ကြံဖန်၍ စိတ်အစာကျွေးမိပါ၏။

ထိုအခါများတွင် စောစောက ကျွန်တော့်လုပ်ဖော်ကိုင်ဖက် အရာရှိများပြောခဲ့ကြသလို သွားဟယ်၊ လာဟယ်၊ စားဟယ်၊ သောက်ဟယ်၊ ကဟယ်၊ ခုန်ဟယ်များရှိခဲ့ပါသည်။ သို့မှသာ ပင်ပန်းမှုကို မေ့ပျောက်ပြီး စစ်ဆင်ရေးကာလ လျင်မြန်စွာ ကုန်ဆုံးသွားမည် ဖြစ်ပါ၏။ ယခုတစ်ခေါက်ကတော့ စစ်ဆင်ရေးကာလနှင့်အတူ နှစ်ပေါင်းများစွာ စုဆောင်းလာခဲ့သည့် အသက်အာမခံငွေ ငါးထောင်ပါ ရှေ့တန်းမှာ တက်တက်စင်အောင် ပြောင်ခဲ့၏။ ကံကောင်းထောက်မ၍သာ မေ့ကို စာရင်းပြနိုင်ခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ စစ်သားတွေရဲ့ ဘဝများဟာ ဒီလိုပါပဲ ခင်ဗျာ။

အသက်နဲ့ ခန္ဓာမြဲပြီး အိုးစားမကွဲဘဲ အိမ်ပြန်ရောက်လာလျှင်ပင်

" အင်း၊ တော်သေးရဲ့ "

ဟု ဆိုကြရသည်က များပါ၏။

ယခုလည်း နောက်တစ်ခေါက် ဘယ်ရောက်လို့ ဘယ်ပေါက်ဦးမယ်မှန်း မသိ။ ထို့ကြောင့် တပ်ရင်းတစ်ရင်းလုံး ပြန်အနားယူသည့်အခါ တပ်ရင်းမှူးကြီးမှ အောက်ပါအတိုင်း ပြောပါတော့သည်။



" ပြီးခဲ့တဲ့ မိုင်းယောင်းအခေါက်က တစ်တပ်လုံး သိပ်ပင်ပန်းသွားတယ်ဗျာ၊ ဒါကြောင့် ရဲဘော်တွေ Fresh ဖြစ်သွားပြီး စိတ်ခါတ်ကောင်းသွားအောင် လုပ်မှ ရမယ်၊ ဒီအခေါက်က သင်္ကြန်နဲ့လဲ လာဆုံနေတယ်၊ ဒါကြောင့် သင်္ကြန်မှာ တပ်အနေနဲ့ မဏ္ဍာပ်ထိုးမယ်၊ ရေကစားမယ်၊ ပြီးတော့ သင်္ကြန်မတိုင်မီ တပ်ရင်းတစ်ရင်းလုံး ရဟန်းခံ ရှင်ပြုလုပ်ချင်တယ်၊ အားကစားပွဲတွေနဲ့ Stage Show လဲ လုပ်လိုက်ချင်တယ်၊ တာဝန်တွေကတော့ တပ်ခွဲမှူး ဗိုလ်မှူးတွေက ခွဲယူကြပါ "

တပ်ရင်းမှူးကြီးမှ တပ်ဝင်ပြီး တစ်ရက်နှစ်ရက်အကြာတွင် တပ်ရင်းအရာရှိများ ညှိနှိုင်းအစည်းအဝေး၌ အထက်ပါအတိုင်း တာဝန်ခွဲလိုက်သည်။ ဗိုလ်မှူးသိန်းကြည်နှင့် ဗိုလ်မှူးခင်မောင်သန်းတို့မှာ ထိုအချိန်တွင် မရှိတော့ပါ၊ တပ်ပြောင်းသွားကြပြီ ဖြစ်ပါသည်။ ကျွန်တော်၊ ဗိုလ်မှူးစိုးတင့်နှင့် ဗိုလ်ကြီးသောင်းတင်(ယာယီတပ်ခွဲမှူး၊ ဗိုလ်မှူး) သုံးဦးသာ ရှိပါ၏။ ထို့ကြောင့် Senior ကျသော ကျွန်တော်နှင့် ဗိုလ်မှူးစိုးတင့်ကိုက တာဝန်ခွဲယူလိုက်ကြသည်။ သူက ရဟန်းခံရှင်ပြုကိစ္စအား တာဝန်ယူမည်။ ကျွန်တော်ကတော့ ဆိုကရေးတီးဝါသနာပါသူဆိုတော့ Stage Show ပေါ့ ခင်ဗျာ။

## ဂီတဆရာကြီး ကျွန်တော်

ကျွန်တော်သည် ဂီတကို ဝါသနာပါလှ၏။ သို့ရာတွင် ဘဝမှာကျိုးပေးကြောင့် ဘာကိုမှ မတီးတတ်၊ မမှုတ်တတ်၊ အဲ- လက်ခေါက်တော့ မှုတ်တတ်ပါသည်။ ဗိုလ်ပေါက်စလေးဘဝက မယ်ဒလင်တစ်လုံးဝယ်ပြီး အတီးသင်ကြည့်၏။ လက်ထိပ်တွေ နာသည့် ဒဏ်မခံနိုင်၍ တစ်ပတ်ခန့်အကြာတွင် မယ်ဒလင်တီးသင်ခြင်းအမှုကို အပြီးအပိုင်နှုတ်လွှတ်လိုက်၏။

ထို့နောက် ဘာဂျာတစ်လက် ဝယ်ဖြစ်ပြန်သည်။ တောထဲတွင် ဘာဂျာအား ဟိုမှုတ်ဒီမှုတ်ဖြင့် မှုတ်ကြည့်ပြန်၏။ ဆရာတော့ မရှိ၊ ယုတ်တမ်း မှုတ်တမ်း၊ ရမ်းတုတ် မှန်းတုတ်ဖြင့် မှုတ်ခြင်းဖြစ်သည်။ ...လည်း လေးငါးဆယ်ရက်အကြာ ကမ္ဘာမကျေကိုပင် ကောင်းစွာ မမှုတ်နိုင်သေးဘဲ နှုတ်ခမ်းများတွင် မီးလောင်ဖုလို အဖုများ ပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သွားပေဦးရော့ဆိုပြီး ဘာဂျာမှုတ်ခြင်းကိစ္စကိုလည်း လက်လျှော့လိုက်ရပြန်ပါသည်။

" ဗိုလ်ကြီး၊ ဒီ ဆိုကရေးတီးဆိုတဲ့ ဘာသာရပ်က ပါရမီပါမှ အနုပညာဆိုတာ ဒီလို လုပ်ချင်တိုင်း ထလုပ်လို့ရတာ မဟုတ်ဘူး လုပ်တာချင်းအတူတူ ပါရမီပါတဲ့သူက သိပ်မကြာဘူး၊ ထူးချွန်သွားတာပဲ အတီးအမှုတ်မှာ ဗိုလ်ကြီး ပါရမီမပါဘူး ထင်ပါတယ်ဗျာ "

ခလရ(၁၉)မှ ကျွန်တော့်အား မယ်ဒလင်သင်ပေးခဲ့သည့် မယ်ဒလင်ဆရာ ကိုမြင့်လွင်က အထက်ပါအတိုင်း ပြောခဲ့ဖူး၏။ သူက တယောလည်း ထိုးတတ်သည်။

အတီးအမှုတ်မရတော့ ကျွန်တော်ဆိုတဲ့ ကျွန်တော်က လက်မလျှော့ပါ၊ အဆိုပေါ့ဗျာ၊ သံသေးသံကြောင် သံပြာကလေးဖြင့် ကြားဖူးနားဝ သီချင်းများကို ရောက်လေရာမှာ သူများကို မယ်ဒလင်တီးခိုင်းပြီး ဆိုလေ့ရှိ၏။ ဒါလည်း မဖြစ်ထွန်းလှပါ၊ အဖျင်းပြေရုံသာ ရှိ၏။ ကိုယ့်အကြောင်း ကိုယ်သိ၍ နောက်ပိုင်းတော့ လိုင်းပြောင်းလိုက်ပါသည်။ စာရေးခြင်းနှင့် ဇာတ်ဆရာလုပ်ခြင်း ဖြစ်၏။

မူလတန်းပြ ဆရာဘဝက သာကေတ၊ ဒေါပုံ ကြည်စုကျောင်းတွင် မူလတန်း ကျောင်းသားကလေးများအား တေးသရုပ်ဖော်များ တင်ဆက်နိုင်အောင် စိတ်ကူးရရာတွေ ရေး၍ ဇာတ်ဆရာလုပ်ခဲ့သော ကျွန်တော်သည် ယခုသနက(၁)တွင်လည်း တပ်ခွဲအသီးသီးအား ညွှန်ကြားသည့် ဇာတ်ဆရာကြီး လုပ်ပါတော့သည်။

ယခုလုပ်သည့် Stage Show မှာ စစ်သည်များ ရယ်ရမောရ ပျော်ရ ရွှင်ရအောင် ဦးစားပေးခြင်းဖြစ်၍ ဟာသဆန်ဆန်များကိုသာ စီစဉ်ထားပါသည်။ ထို့ကြောင့် Programme များကိုစိစစ်ပြီး တပ်ခွဲအလိုက် တစ်မျိုးစီ ရွေးလိုက်ကာ Stage Show ပြသည့်နေ့တွင် အောက်ပါအတိုင်း တင်ဆက်လိုက်ပါသည်။

မိုင်းယောင်းမြို့နယ်ဖြစ်၍ မိုင်းယောင်း၏နာမည်ကျော် Disco လမ်းအကဖြင့် Stage Show ကို စဖွင့်လိုက်သည်။

" ရှမ်းတိုင်းရင်းသားများနဲ့ တိုင်းရင်းသူ ပျိုဖြူချောလေးများရဲ့ Disco လမ်းအကကို ဦးစွာ ပထမရှုစားကြပါခင်ဗျား "



ကျွန်တော်က ကိုယ်တိုင် Announcer လုပ်သည်။ အစီအစဉ်များကို ကိုယ်တိုင် ကြေညာသည်။

ထိုအခါ တိုင်းရင်းသားဝတ်စုံဖြင့် ရဲဘော်ရှစ်ဦး ထွက်လာ၏။ အရပ်ရှည်ရှည် လေးဦးက အမျိုးသားဝတ်စုံဖြင့် ဖြစ်သည်။ အရပ် ခပ်နိမ့်နိမ့် အသားမည်းခြောက်ခြောက်လေးဦးက အမျိုးသမီးဝတ်စုံဖြင့် အလှပဆုံး ပြင်ဆင်ထွက်လာ၏။ အဟုတ်မှတ်၍ ကြည့်နေသည့် ပရိသတ်မှာ စထွက်လာကတည်းက ပြုံးစိစိဖြစ်နေ၏။ " မေမြို့ သို့မဟုတ် ပြင်ဦးလွင်" တီးလုံးဖြင့် လမ်းအက အား အဆုံးသတ်သွားသောအခါ အမျိုးသားများက ခပ်ရွှဲ့ရွှဲ့၊ အမျိုးသမီးများက ခပ်ကဲကဲကသည့် ဟန်ပန်ကိုကြည့်၍ တသောသော ရယ်မောကြပါသည်။

ဒုတိယ အစီအစဉ်မှာ " ဒီအရွယ် တင့်တင့်တို့အရွယ် " တေးသရုပ်ဖော် ဖြစ်၏။ ဆက်သွယ်ရေးတပ်စုမှ တပ်ကြပ်ကြီးလှကြည် (ယခုမြို့တော်စည်ပင်၊ ကွယ်လွန်)က မိန်းကလေးလို ဝတ်စားဆင်ယဉ်မှုဖြင့် သနပ်ခါး ဘဲကျားလူးပြီး အပျိုပေါက်လေးတစ်ယောက်၏ မနူးမနပ်ဟန်ပန်အား သရုပ်ဆောင်ရာ ပရိသတ် ပွဲကျပြန်ပါသည်။

တတိယ အစီအစဉ်မှာ ကျွန်တော်၏သမီး (ထိုစဉ်က အသက်ဆယ်နှစ်ခန့်)မှ အဆိုတော်ကြီး ဒေါ်မေရှင်၏ "ကြုံကြုံသင်းတဲ့ ရွှေနှင်းဆီရယ်" အစချီသော ချစ်ရေစင် တေးသရုပ်ဖော် ဖြစ်၏။ ကလေးဖြစ်၍ ပရိသတ်အတွက် တစ်မျိုးတစ်ဘာသာ ဖြစ်သွားပါသည်။

စတုတ္ထ အစီအစဉ်မှာ နာမည်ကျော် အဆိုတော် စိုင်းဆိုင်မောဝ်၏ **"တောင်ပြာတန်းက သိတယ်"** တေးသရုပ်ဖော်ဖြစ်သည်။

စစ်သည်လေးငါးဦး ကျောပိုးအိတ်ကိုယ်စီဖြင့် **"မေရယ်** xxx အထင်တော့ မလွဲလိုက်နဲ့အုံး xxx စာလွှာများ မရောက်လာခဲ့ရင် မောင့်အပေါ်မှာ မငြိုငြင်ပါနဲ့နော် xxx အစ်ကိုတို့ စစ်သားဘဝဟာ xx ချစ်သူကို လွမ်းဖို့ရာ xx တစ်ခါတလေ အချိန်တော့ မပေးနိုင်ပါ xxx " ဟု သီချင်းဆို ထွက်လာကြသည်။ ထိုသို့ ဆိုနေစဉ် "ဖောင်း၊ ဒိုင်း"ဆို ချောင်းပစ်ခံရပြီး တိုက်ပွဲဖြစ်သည်။ တိုက်ပွဲအပြီး ရန်သူအား ဆက်အလိုက် "ဝုန်း"ဆို စစ်သည်တစ်ဦး မိုင်းငြိသွား၏။ လူနာကို ထမ်းစင်ဖြင့် ဝိုင်းထမ်း သယ်လာကြရာသည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံး စခန်းချမည့်နေရာရောက်ပြီး အားလုံးရပ်လိုက်သည်။ ဇာတ်သိမ်းခန်းတွင် စစ်သည်တစ်ဦးက ဓါတ်ပုံတစ်ပုံကိုထုတ်ကြည့်ရင်း "ဒါပေမယ့် ရှေ့တန်း ရောက်နေ ရဲဘော်မှာလေ ××× အမိမြေကို ကာကွယ်ရင်းနဲ့ စစ်မြေမှာ အလွမ်းစိတ်တွေက ပို ××× " ဟု သီဆိုရင်း ပရိသတ်ဖက်သို့ လှည့်လိုက်ပြီး ချောမောလှပသော သူ့ဇနီးပုံကို ပြလိုက်ရာ အမျိုးသမီးရဲမေများ၏ တခဲနက်အားပေးမှုကို ရလိုက်ပါ၏။

အခြားအစီအစဉ်များမှာ မကွေးကောလိပ်မှ မြန်မာစာဆရာမကြီး ဒေါ်ပို ဦးစီးသည့် ဆရာမများနှင့် ကျောင်းသူများ၏ အထူးအစီအစဉ်ဖြင့် လာရောက်တင်ဆက်ပေးသည့် အဆိုအကများ ဖြစ်ပါသည်။ မကွေးကောလိပ် အနုပညာအသင်းကြီးမှ ရှေ့တန်းပြန် သနက(၁)အား လာရောက် ဂုဏ်ပြုခြင်းဖြစ်ပါ၏။ အစီအစဉ် သုံးလေးမျိုးဖြစ်သည်။ ဆရာမနှင့် ကျောင်းသူများမှာ မကွေးသူများဆိုသော်လည်း အသားဖြူဖြူနှင့် အတော် ချောမောလှပကြ၏။ (ဆရာမကြီး ဒေါ်ပိုကတော့ တပည့်များလို မဖြူပါ၊ အဲ နည်းနည်းညိုပါသည်၊ သို့ရာတွင် ဆရာမကြီးလည်း ချောတော့ ချောပါသည်၊ ညိုချောပေါ့ ခင်ဗျာ)

ထိုကဲ့သို့ သနက(၁)နှင့် မကွေးကောလိပ်၊ ရွှေလမ်းငွေလမ်း ဖေါက်ကာ ကူးလူးဆက်ဆံမှုများကောင်းသွားရာ သိပ်မကြာမြင့်မီ ကာလမှာပင် သနက(၁)မှ လူပျိုအရာရှိများဖြစ်သော ဗိုလ်စိုးလွင်(ယခု အငြိမ်းစား၊ ဒုဗိုလ်မှူးကြီးစိုးလွင်၊ မြို့တော်စည်ပင် ဘဏ္ဍာ)၊ ဗိုလ်ဇော်ထွန်း (ယခု ဗိုလ်မှူးဇော်ထွန်း)၊ ဗိုလ်ခင်မောင်လင်း(ယခု ဒုဗိုလ်မှူးကြီး ခင်မောင်လင်း၊ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန)နှင့် ဗိုလ် မြတ်သက်(ယခု ဒုဌာနမှူး၊ မြို့တော်စည်ပင်)တို့သည် ဆရာမများ၊ ကျောင်းသူများနှင့် မိတ်ဆွေဖြစ်သွားကြရာ နောင်တွင် သမီးရည်းစားဘဝသို့တိုင် ကူးရောက်သွားကြပါကုန်၏။ ဘယ်အတွဲ စုံသွားသည်ကိုတော့ ကောင်းစွာ မသိတော့ပါ ခင်ဗျား။ (ဖော်ကောင်လုပ်လိုက်သည်ကို အားလုံးမှ ခွင့်လွှတ်ပေးကြပါရန် မေတ္တာရပ်ခံပါသည်)

ရေးရင်း အားပါသွား၍ စစ်ဗိုလ်နှင့် ဆရာမများဇာတ်လမ်းကို ရောက်သွားပါသည်။ ဇာတ်ဆရာကြီးဘဝကို ပြန်ဆက်ပါမည်။



နောက်ဆုံး အစီအစဉ်မှာကား ရှေ့တန်းပြန်ရဲဘော်များ မြူးတူးကခုန် ပေါက်ကွဲနိုင်ရန်အတွက် ထိုစဉ်က ကမ္ဘာကျော် Boney M တေးဂီတအဖွဲ့၏ River of Babylon, Dancing In The Street, Rusputin စသည့် သီချင်းများအား ကပ္ပလီ ပုံစံပေါက်နေသည့် အသားမည်းမည်း စစ်သည်များကို Boney M ထဲကအတိုင်း ကပ္ပလီ အထီးအစ်မများလို ဝတ်စားစေ၍ စင်ပေါ်တက် ကစေပါသည်။ ထိုသီချင်းများကိုလည်း ကက်ဆက်မှ အသံကုန် ဖွင့်ပေးလိုက်သည်။ ထိုအခါ ပွဲခင်းထဲမှ စစ်သည်များကလည်း ပြေးထွက်လာပြီး အဆက်မပြတ် ကခုန်ကြပါတော့သည်။ သူတို့ ကရန်အတွက် ဇာတ်စင်ရှေ့တွင် ဝက်ခြံကလေးလို ခြံခတ်ပေးထားရပါသည်။ ထိုခြံကလေးထဲတွင် အုန်းအုန်းကျွက်ကျွက်ဖြင့် နာရီဝက်နီးပါး တွန့်လိန်ကခုန်ကြရာ နွေအခါမို့ ဖုန်လုံးများက အလိပ်လိုက် တက်လာကြ၏။ နောက်ဆုံးတွင်တော့ တဖြည်းဖြည်းဖြင့် ကက်ဆက်မှ တီးလုံးကို အသံလျှော့ပြီး နိဂုံးချုပ်ပေးရသည်။

" ကျွန်တော်တို့ ရှေ့တန်းပြန် သနက(၁)ရဲ့ မိသားစု Stage Show ကြီး ဒီညအတွက်တော့ အောင်မြင်စွာပြီးဆုံးသွားပြီ ဖြစ်ပါတယ် ခင်ဗျား "

အထက်ပါအတိုင်း ကျွန်တော်က သုံးလေးငါးခါ ကြေညာရပါတော့သည်။ ထိုအခါကျမှ တဖြည်းဖြည်း လူစုကွဲသွားတော့၏။ ထိုအချိန်တွင် ည(၁၂)နာရီထိုးသွားပါပြီ။

ထိုပွဲပြီးသွားသောအခါ ကျွန်တော်လည်း လိုင်စင်ရ ဇာတ်ဆရာကြီး ဖြစ်သွားပါတော့သည် ခင်ဗျား။

× × × ×

### အမှတ်တရ မိသားစုပြေးခုန်ပစ်ပြိုင်ပွဲ

ယခုအခေါက် တပ်အနားပြန် ကာလကား တပ်မတော်နေ့ရောက်ခါနီးတွင် ... သင်္ကြန်နှင့်ပါ ဆုံနေ၏။

" အတော်ပဲဗျာ၊ ဒုတပ်ရင်းမှူးလဲ ရောက်လာတော့ ဒီအခေါက်မှာ မိသားစုပြေးခုန်ပစ် ပြိုင်ပွဲလေးလုပ်ရအောင် "

www.burmeseclassic.com

www.burmeseclassic.com

တပ်ရင်းမှူးက အထက်ပါအတိုင်းပြောခဲ့ရာ တပ်ဝင်ပြီး မကြာမီမှာပင် တပ်မတော်နေ့အကြို မိသားစုပြေးခုန်ပစ်ပြိုင်ပွဲ လုပ်ဖြစ်ပါတော့သည်။ တပ်ခွဲအလိုက် ဘော်လုံး၊ ဘော်လီဘော (ကျား/မ) ပြိုင်ပွဲများ၊ ကြက်တောင်၊ သေနတ်ပစ်၊ ကလေး လူကြီး (ကျား/မ) တာတိုပြေးပွဲများ၊ (ကျား/မ)သံလုံး သံပြား လှံတန်ပစ်ပြိုင်ပွဲများ ပြုလုပ်၍ တံခွန်စိုက်ဒိုင်းဆုချီးမြှင့်ပါသည်။ (ကျား)တွင် ဌာနချုပ်တပ်ခွဲက ရရှိပြီး (မ)တွင် ကျွန်တော်၏ တပ်ခွဲ(၁)က ရရှိပါသည်။

သုံးရက်ကြာ ပြိုင်ပွဲ၏နောက်ဆုံးနေ့၌ အရာရှိများတစ်ဦးချင်း အပြေးပြိုင်ပွဲ၊ အရာရှိ ဇနီးမောင်နှံနှစ်ယောက်တွဲ အပ်ထိုးပြေးပွဲ၊ အရာရှိများ ပစ္စတိုပစ်ပြိုင်ပွဲတို့ လုပ်ဖြစ်သည်။ အရာရှိငယ်များ မီတာ-၁၀၀ ပြိုင်ပွဲတွင် ယူနီဖောင်း မချွတ်၊ ဖိနပ်မချွတ်ဘဲ နေကာမျက်မှန် တပ်၍ ကျွန်တော်က ပြိုင်ပွဲဝင်ရာ တတိယရ၏။ ပထမနှင့် ဒုတိယရသည့် ဗိုလ်ခင်မောင်ဆွေနှင့် ဗိုလ်အောင်သန်းတို့က ဖိနပ်ချွတ်၍ ပြေးပြီး ပထမ၊ ဒုတိယရသွားကြခြင်းဖြစ်၏။

သူတို့က အသက်နှစ်ဆယ်ခန့်၊ ကျွန်တော်က သုံးဆယ့်ခြောက်နှစ်သားသာဖြစ်ရာ သူတို့ပထမ၊ ဒုတိယ ရသည်မှာ မဆန်းပါ။ ကျွန်တော် တတိယရသည်မှာ ဆန်းနေပါသည်။ ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းက ဘေးမှ လက်ခုပ်လက်ဝါးတီး၍ ကျွန်တော့်အား "ရမ်းမေဂျာကွ၊ ရမ်းမေဂျာ" ဟု အော်ဟစ် အားပေး ပါသည်။ သူကတော့ ဝင်မပြေးပါ၊ ကျွန်တော့်ကိုသာ ဝင်ပြေးအောင် မြှောက်ပေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်က ဗိုလ်သင်တန်းတွင် တာတိုပြေးလာသူဖြစ်၍ ကိုယ့်ကိုကိုယ် တော်တော် ထင်ထားပါ၏။ ဝင်ပြေးရင် နိုင်မည်ချည်း ယူဆထားသည်။ ဗိုလ်လောင်းဘဝက မီတာ-၁၀၀ အား (၁၁)စက္ကန့် သာသာလောက်နှင့် ပြေးခဲ့ဘူး၏။ ထိုနေ့က နောက်ဆုံးအစီအစဉ်မှာ အရာရှိဇနီးမောင်နှံ နှစ်ယောက်တွဲ အပ်ထိုးပြေးပွဲဖြစ်သည်။

"ကဲ၊ နှစ်ယောက်တွဲ အပ်ထိုးပြေးပွဲ၊ အပေါက်မှာထိုးရင် ရှုံးမယ်နော် "

ဒုတပ်ရင်းမှူးကပင် ပြိုင်ပွဲတွင် မပါဘဲ လှမ်းပြောလိုက်သည်။

ပြေးကြမည့်အတွဲများမှာ တပ်ရင်းမှူး၊ ကျွန်တော်နှင့် တပ်ခွဲမှူးပိုယ်မှူး အတွဲနှစ်တွဲ၊ မိန်းမရစ ဗိုလ်ခင်မောင်ဆွေအတွဲ၊ စုစုပေါင်း



ငါးတွဲခုနှစ်တွဲခန့် ပြေးကြ၏။ တပ်ရင်းမှူးကြီးမှာ ပေါင်နှစ်ရာခန့် ကိုယ်လုံးနှင့်မို့ ကျွန်တော်က လုံးဝပြေးနိုင်လိမ့်မည် မဟုတ်ဟု တွက်ထား၏။ ထို့ကြောင့် တာအလွှတ်တွင် ကျွန်တော့်ဘယ်ဘက်မှ ဗိုလ်ခင်မောင်ဆွေတို့၊ ဗိုလ်အောင်သန်းတို့အား ကြည့်နေမိသည်။ တပ်ရင်းမှူးကြီးကိုဂရုမစိုက်မိ၊ "ဒိုင်း"ဆို တာထွက်သည့်အခါ တပ်ရင်းမှူးကြီးမှ ကိုယ်လုံးကြီးနှင့် မလိုက်အောင် လှစ်ခနဲ ပြေးထွက်သွားရာ ကျွန်တော့်မှာ "ဟာ"ခနဲဖြစ်သွား၍ နောက်မှ မနည်းလိုက်ပြေးရ၏။ အပ်ထိုးကြရာတွင်လည်း တပ်ရင်းမှူးတို့အတွဲက အရင်ပြီး၍ တပ်ရင်းမှူးဇနီးက ပြေး ထွက်သွား၏။ ကျွန်တော်တို့ဇနီးမောင်နှံ အတွဲက နောက်ကျ သွားသည်။

သို့ရာတွင် ကျွန်တော့်ဇနီး အပြေးကောင်းသွားသဖြင့် ဒုတိယရလိုက်၏။ အပြေးကောင်းသော ဗိုလ်ခင်မောင်ဆွေအတွဲမှာ တတိယသာရပါသည်။ အထိုးမတတ်သေးသဖြင့် တတိယသာရသည်ဟု ဗိုလ်ခင်မောင်ဆွေအား လူပျိုအရာရှိများက စကြသည်။

ပထမရသည့် တပ်ရင်းမှူးကြီးကမူ ပြုံးနေ၏။

ထိုအခါကျမှ သိရသည်မှာ တပ်ရင်းမှူးကြီးကား လွန်ခဲ့သည့်နှစ်အနည်းငယ်ကထိ ပြေးခုန်ပစ်တွင် မြန်မာ့လက်ရွေးစင်ဖြစ်ခဲ့ဖူးသည်ဆိုခြင်းပင်တည်း။

စစ်ဆင်ရေးချည်း သွားနေရ၍ ကိုယ့်တပ်ရင်းမှူး ဘာတော်မှန်း၊ ဘာလုပ်ခဲ့ဖူးမှန်းတောင် မသိတော့ပါ။ တပ်ရင်းမှူးကြီးကား ပြေးခုန်ပစ်သာမက ပစ္စတိုပစ်လည်း လက်ဖြောင့်လှပါသည်။ ရောင်စုံ ဘော်လုံးများအား (၂၅)ကိုက်အတွင်း အားလုံးမှန်အောင် ပစ်ပြသွားရာ ကျွန်တော်တို့ အရာရှိများ ဖျားသွားကြ၏။ ထိုနေ့ညနေဆုပေးပွဲအပြီးတွင် ညစာစားပွဲကျင်းပ၍ ထိုကိစ္စများအား စမြုံ့ပြန်၍ တဝါးဝါး တဟားဟားရယ်မောကြရပါသေးသည်။

သနက(၁)၏ မမေ့နိုင်သောကိစ္စများတွင် အထက်ပါ ပြေးခုန်ပစ်ပြိုင်ပွဲလေးလည်း ပါပါသည် ခင်ဗျား။

× × × ×

www.burmeseclassic.com

www.burmeseclassic.com

**အလှူနှင့် သကြိန်**

အလှူပွဲကို ထိုနှစ်သကြိန်မကျမီ လုပ်ဖြစ်ပါသည်။ စစ်သည်အချို့က ရဟန်းခံကြသည်။ အိမ်ထောင်သည်များ၏ သားငယ်များထဲမှ ရှင်ပြုရန်အရွယ် ရောက်နေသူများအား တပ်မှအကုန်အကျခံကာ ရှင်ပြုပေးသည်။ ထို့ကြောင့် အလှူမှာ ရဟန်းခံရှင်ပြု ဖြစ်သွား၏။ အလှူကို ဗိုလ်မှူးစိုးတင့်က ကမကထလုပ်၍ ဆောင်ရွက်၏။ ဗိုလ်မှူးစိုးတင့်မှာ ကက်ကျင့်မှ ပြောင်းလာသူဖြစ်၍ လူကြီးများနှင့် နေခဲ့ဖူးသဖြင့် အခမ်းအနားများအား ကမကထလုပ်နိုင်သည့် အရည်အသွေးရှိ၏။ ထို့ကြောင့် အလှူပွဲမှာ စည်ကားသိုက်မြိုက်စွာ ပြီးဆုံးသွား၏။

" ကဲ၊ ဗိုလ်မှူးသက်ဦးရော၊ ဗိုလ်မှူးစိုးတင့်ရော၊ ဗိုလ်မှူးသောင်းတင်ရောပေါ့ဗျာ၊ ခင်ဗျားတို့ သုံးယောက်လုံး အားကိုးရပါတယ်၊ Stage Show ရော၊ အလှူရော ပီပြင်တယ်၊ သကြိန်ကျန်သေးတယ်ဗျာ၊ အဲဒါလေးလဲ လုပ်ကြဦးစို့၊ သကြိန်မတိုင်ခင် တပ်ထိပ်မှာ Canteen လဲ ဖွင့်ချင်တယ်၊ အဖျော်ယမကာလေးလဲ ရောင်းနိုင်တာပေါ့၊ Canteen ရှိတော့ ရဲဘော်တွေ ဟိုဟိုဒီဒီမသွားအောင် ထိန်းလို့ရတာပေါ့၊ Canteen ဖွင့်ဖို့ ခင်ဗျားတို့ သုံးယောက်ထဲက တစ်ယောက်ယောက်ကို တာဝန်ပေးချင်တယ်၊ တပ်ခွဲ(၁)မှူးကြီး လုပ်နိုင်မလား "

တပ်ခွဲ(၁)မှူးမှာ ကျွန်တော်ဖြစ်၏။ Higher Formation Request is Order ဟု ကျွန်တော်တို့ တပ်မတော်တွင် ဆိုစကားရှိ၏။ ထို့အပြင် ယခုပြောင်းရွှေ့ရောက်ရှိလာသည့် ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းက

" ကိုယ့်ညီတို့၊ Commander's Need လူကြီးရဲ့ လိုအပ်ချက်ကို မငြင်းကောင်းဖူး၊ လုပ်ရတယ် "ဟု မကြာခဏ ဩဝါဒပေးဖူး၏။ သူ့ဩဝါဒကို ကျွန်တော် မှတ်သားထားပါ၏။ ထို့ကြောင့် မငြင်းဆန်ဘဲ ချက်ချင်းပင် တပ်ရင်းမှူး၏လိုလားချက်ကို လက်ခံလိုက်ပါသည်။

" ဟုတ်ကဲ့၊ ကျွန်တော်လုပ်ပါ့မယ် "

ထိုကဲ့သို့ အာမခံပြီးနောက် Canteen အား တပ်ထိပ်တွင် ဆူလွယ်နပ်လွယ် သက်ကယ်မိုး၊ ထရံကာ မြေစိုက်လုပ်လိုက်၏။ မကွေးမန္တလေးသွားကားလမ်းမကြီးဘေးတွင် ဖြစ်သည်။ ကျွန်တော့် Canteen



တွင် မနက် မုန့်ဟင်းခါး၊ မုန့်တီ၊ စမူဆာ၊ အီကြာကွေးနှင့် လက်ဖက်ရည်၊ ကော်ဖီများရောင်းသည်။ ထို့အပြင် နွေအခါမို့ အအေးလည်း ရောင်းသည်။ ညနေအချိန်တွင်တော့ စစ်သည်များအကြိုက် အဖျော်ယမကာများ ရောင်းသည်။ အကြွေးပါ ပေးသည်။ အကြွေးရမည်ဆိုက ဆင်တောင်ဝယ်မည့်သူများဖြစ်၍ ကျွန်တော့်ဆိုင်မှာ လူကြိတ်ကြိတ်တိုးနေ၏။

" ဗိုလ်မှူးဆိုင်က လူစည်တယ်နော်၊ ထုတ်ထားတဲ့ ကြိုတင်ငွေ ပြန်သွင်းနိုင်မလား "

တပ်ရေးဗိုလ်ကြီး ဗိုလ်ကြီးညွန့်ဆွေက တစ်နေ့ အစည်းအဝေးတွင် ရယ်ဖြဲဖြဲဖြင့် ထပြော၏။ ကျွန်တော်ကလည်း တပ်ရေးဗိုလ်ကြီးပြောသည်ကို သိပ်ဘဝင်မကျသဖြင့် တပ်မထွက်မီ ပြန်သွင်းပေးခဲ့မည်ဟု အာမခံလိုက်၏။ ပြန်သွင်းရမည့်ငွေက ခြောက်ထောင်ဖြစ်သည်။ ခြောက်ထောင် အသားတင်မြတ်မှ ပြန်သွင်းနိုင်မည်ဖြစ်၏။ ထို့ကြောင့် အမြတ်ရရေးအတွက် အကြံအဖန် လုပ်ရပါတော့သည်။ ကျွန်တော့်ဆိုင်တွင် မန္တလေးမှမှာသည့် စည်ဘီယာ တင်ရောင်း၏။ မကွေးတပ်နယ်မှ ရသည့် အာမိရမ်ကို ပက်ချိန်နှင့်ရောင်း၏။ အားလုံးထဲတွင် ရောင်းအကောင်းဆုံးမှာ တောင်ကြီးမှလာသည့် ရွှေလိမ္မော်၊ မျောက်ညို၊ ရှမ်းမရှူး၊ လောက်စောက်ဒရမ်၊ ရှမ်းအိုးစည်စသည့် ရှမ်းအရက်များပါတည်း။

ရှမ်းအရက်များမှာ အနံ့အရသာ ကောင်းလှပါသည်။ ရေကောင်းသဖြင့် အရက်ကောင်းသည်ဟု ဆိုကြ၏။ ဈေးကလည်း ချိုသည်။ တစ်ပုလင်းမှ တစ်ဆယ်ကျပ်သာသာ ဖြစ်၏။

ထို့ကြောင့် အားပေးသူများလှသည်။ စစ်သည်များသာမက မကွေးမြို့ထဲမှ ဝါသနာရှင်များက

" တောင်ကြီးဘက်က လာတဲ့ အဖျော်ယမကာလေး၊ အားပေးရအောင် သနက(၁) ဘက် သွားကြစို့ဟေ့ "

ဟု ထိုစဉ်က ဆိုခဲ့ကြသည်။

ထိုရှမ်းအရက်များကို သေတ္တာလိုက် ဝယ်ယူခွင့်၊ သယ်ယူခွင့်အား မကွေးယစ်မျိုးသို့ ခွင့်တောင်းရ၏။ ထို့နောက် ကျားခေါင်းလိုင်းကားများနှင့် ပါမစ်ထည့်ပေးပြီး သယ်ရသည်။ တစ်ကြိမ်လျှင် လေးငါးသေတ္တာမှာသည်။ ပက်ချိန်သာမက ပုလင်းလိုက်ပါ ရောင်းသည်။ လိုအပ်လျှင် သေတ္တာလိုက် ရောင်းသည်။ ရုံဖန်ရုံခါ ရောင်းမလောက်၍ ပါမစ်ပေါ်မှ

www.burmeseclassic.com

www.burmeseclassic.com



တစ်ကို အမြီးတပ်၍ သုံးလုပ်လိုက်ရသည့်အခါလည်း ရှိ၏။ ထိုအခါ မြတ်သလား မမေးပါနှင့်။ တစ်လအတွင်း ကြိုတင်ငွေ ခြောက်ထောင်အား ပြန်သွင်းနိုင်သည်။

သကြ်န်ကျတော့ Canteen နှင့်ကပ်၍ မဏ္ဍပ်ထိုးပြီး ရဲမေများက တူညီဝတ်စုံများဖြင့် ကသည်။ သီချင်းကတော့ ထုံးစံအတိုင်း "မြနန္ဒာ ချော မန်းတောင်ရိပ်ခို" ကိုသာ ထပ်ပြန်တလဲလဲ ဆိုကြသည်။ "နှစ်သစ် ချစ်ဦးတို့၊ ရှာပုံတော်မင်းသားကြီးတို့" ဆိုသည့် သီချင်းများက ထိုစဉ်က ဘယ်ရောက်နေမှန်း မသိပါ။ မပေါ်သေးဘူး ထင်ပါသည်။ ရဲဘော်များကလည်း ကက်ဆက်များ ဖွင့်ကြသည်။ တီးတတ် မှုတ်တတ်သည့် သူများက ဂီတာများ၊ မယ်ဒလင်များ တီးခတ်၍ ဆိုကြကကြသည်။

မှတ်မိနေသည့်တစ်ခု ရှိပါသေးသည်။

တပ်ရင်းမှူးကြီးက သကြ်န်အတက်နေ့တွင် စင်ပေါ်တက်ကသည့် ကလေးများအား ဆုချရာ ဆုလိုချင်၍ အသက်ခြောက်နှစ်ခန့်သာရှိသည့် ကျွန်တော့်သမီး အငယ်ဆုံးမလေးက တက်ကသည်။ ထိုအခါ တပ်ရင်းမှူးကြီးက

" သီချင်းဆိုပြီးကရင် ပိုပြီး ဆုချမယ်၊ ဘာသီချင်းရသလဲ "

" အင်းရလေးမှာ မျှာဟဲ့မိုးရတယ် "

ကျွန်တော့်သမီးအငယ်ဆုံးက မဆိုင်းမတွ ပြန်ဖြေ၏။

" ကဲ၊ ဒါဆိုရင် ဆိုပြ "

တပ်ရင်းမှူးကြီးက ငွေတစ်ထောင်ဆုချပြီး ဆိုခိုင်းရာ သမီးငယ်က မဆွံ့စတိုင်ဖမ်း၍ ဟန်နှင့် ပန်နှင့် ဆိုပြလိုက်ရာ အားလုံးက တသောသော ရယ်မောကာ သဘောကျသွား၏။

" ကဲ၊ ဒါပြီးရင် မောင်မြတ်စံနဲ့တွဲပြီး ရိုက်ဆွဲ ကပြစမ်းပါဦး "

မောင်မြတ်စံမှာ ဒုတပ်ရင်းမှူး၏ သားကလေးဖြစ်ပါသည်။ ကျွန်တော့်သမီးကလေးနှင့် သက်တူရွယ်တူ ဖြစ်၏။ ကျောင်းနေဖက်များလည်း ဖြစ်ကြသည်။ နှစ်ယောက်လုံးမှာ ဂျင်းဘောင်းဘီ အပြာလေးများနှင့် ကလေးနှစ်ယောက် တကယ့်လူကြီးစတိုင်တွဲ၍ ရိုက်ဆွဲကာ ကကြရာ ပွဲကြည့်ပရိသတ်မှာ တဝါးဝါးနှင့် ပွဲကျသွားပြန်၏။ ထိုနေ့က တပ်ရင်းမှူးကြီးမှ နောက်ထပ် ငွေသုံးထောင် ဆုချသွားသေး၏။

ယနေ့အချိန်အထိ ကြုံတိုင်း " ခင်ဗျားသမီးလေး၊ သိန္နက(၁) သကြ်န်တုန်းက ရိုက်ဆွဲကတာ သတိရနေသေးတယ်ဗျာ "ဟု မကြာခဏ တပ်ရင်းမှူးကြီး (ယခု မြို့တော်ဝန်၊ ဦးကိုလေး)မှ ကျွန်တော့်အား ပြောတတ်ပါသည်။

ယခု ဤစာရေးနေချိန်တွင်တော့ ထိုသမီးအငယ်ဆုံးမလေးမှာ ကလေးနှစ်ယောက်အမေ ဖြစ်နေပါပြီ ခင်ဗျား။

× × × ×

## မိုင်းယောင်းမှ အိမ်ထောင်ကျလာသူများအကြောင်း

ယခုတစ်ခေါက် မိုင်းယောင်းဒေသစစ်ဆင်ရေးမှ ပြန်အဝင်တွင် မိုင်းယောင်းသူနှစ်ဦးအား အပါခေါ်လာသည့် အရာရှိနှစ်ဦးရှိ၏။ တစ်ဦးမှာ ဗိုလ်မြတ်သာဖြစ်၍ တစ်ဦးမှာ ဗိုလ် ခင်မောင်ဆွေ ဖြစ်သည်။

မိုင်းယောင်းသူများမှာ အသားအရေကောင်းကြ၍ ကျွန်တော်တို့ စစ်သားများ ကြိုက်မည် ဆိုက ကြိုက်လောက်ပါ၏။ "ရေကြည်သောက်ရင် မြင်ရမလောက်ပင်"ဆိုသည်မှာ သူတို့ကို ရည်ညွှန်းနေသည်လား မသိပါ။ [illegible]ကွ ဆိုသည်ကလည်း အသားဖြူသူရှား၍ အသားညိုသူသာ ပေါများသော ဒေသဖြစ်၏။

ဗိုလ်မြတ်သာသည် တပ်ရင်းမှူးနှစ်ဆက်၊ သုံးဆက်ခန့် ရေးဘောက်အရာရှိ လုပ်လာသူဖြစ်၏။ အသက်သုံးဆယ်ကျော်သည့်တိုင် မိန်းမမယူဘဲ ပျော်ပျော်ပါးပါး နေတတ်၏။ ဇာတိမှာ မြေလတ်ပိုင်း ဧရာဝတီမြစ်ဘေး မြို့ကလေးတစ်မြို့မှ ဖြစ်သည်။ ငယ်စဉ်က မန္တလေးတွင် မြင်းလှည်းမောင်းရင်း စာသင်ခဲ့ဖူးသည်ဆို၏။ ထို့နောက် တပ်ထဲ ဝင်ခဲ့သည်။ တပ်ကြပ်ကြီးမှ ဗိုလ်ဖြစ်လာ၏။ ပါးရည်နပ်ရည်ရှိ၍ လူကြီး ရလိုက် သိတတ်သဖြင့် ရေးဘောက်အရာရှိဘဝတွင် မြဲနေသည်။ ကျွန်တော်နှင့်တွေ့ကြတော့ သူနှင့်ကျွန်တော် အသက်ချင်း သိပ်မကွာလှ။ သို့ရာတွင် သူက လူပျိုကြီး၊ ကျွန်တော်က ကလေးလေးယောက်အဖေ၊ [illegible] ကွာခြားဘိ၏။ ကျွန်တော် ထိုတပ်သို့ ရောက်သည့်အချိန်တွင် ဗိုလ်မြတ်သာကား -

" ကိုမြတ်သာ ကိုမြတ်သာ ကိုမြတ်သာ လူပျိုကြီး မြင်းမ ငယ်သို့ "ဟု အတူနေ အဆောင်သား လူပျိုအရာရှိများက သူ့အား စကြ

www.burmeseclassic.com

နောက်ကြနှင့် သူကျော်ကြားနေသည့် ကာလ အခါသမယ ဖြစ်သည်။ သူသည် ပါးရည်နပ်ရည်ရှိယုံသာမက အောက်ခြေမှ ဘဝစလာသူဖြစ်၍ ဘာမဆို အထာပေါက်တာ မြန်လှ၏။ ထို့ကြောင့် သူလူပျိုကြီးဘဝတွင် ကြာရှည်စွာ ရပ်တည်နေသည်ဟုလည်း ဘေးက ပြောကြသည်။ ဟုတ်ပုံရပါသည်။

သို့ရာတွင် မိုင်းယောင်း၌ ဗိုလ်မြတ်သာသည် နှစ်အတော်များများ အောင်ပွဲခံ အလံလွှင့်ထူထားသည့် သူ့လူပျိုကြီးဘဝကို စွန့်လွှတ်လိုက်ရတော့သည်။သူ့ဇနီး နန်းကိုင်စွမ်းက အတော်ချောသည်။ ယဉ်ကျေးသိမ်မွေ့၍ ကြည့်ကောင်းသည်။ အသက်ကလည်း နှစ်ဆယ်သာသာဖြစ်၏။ မိုင်းယောင်းရောက်ခါစက ဗိုလ်မြတ်သာသည် စည်းရုံးရေးဆင်းရင်း၊ နန်းကိုင်စွမ်းတို့အိမ်ကို စားအိမ်သောက်အိမ်အဖြစ် သတ်မှတ်ဝင်ထွက်နေ၏။ ဟိုကလည်း အစ်ကိုမရှိရှာသဖြင့် " ပီရေ- ပီရေ"ဖြင့် အားကိုး၏။ ထိုသို့ နေရာမှ တစ်နေ့တွင် နန်းကိုင်စွမ်း အမေ ရုတ်တရက် သေဆုံးသွားသည်။ ဗိုလ်မြတ်သာမှာ ချက်ချင်း မသာရှင် ဖြစ်သွား၏။ အသုဘပြီးသော် မစွမ်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိသဖြင့် ဗိုလ်မြတ်သာမှာ လူကြီးစုံရာနှင့် နန်းကိုင်စွမ်းအား တောင်းရမ်းလိုက်တော့သည်။

ဗိုလ်ခင်မောင်ဆွေက တစ်မျိုးဖြစ်သည်။ သူက အလုပ်သင်(၇)မှ ဖြစ်၏။ ဗိုလ်ဖြစ်လျှင်ဖြစ်ချင်း သနက(၁)ရောက်လာ၏။ စစ်ဆင်ရေးနှစ်ပတ်တွင် သူလည်း မိုင်းယောင်း၌ မိန်းမရတော့၏။ သူ့ဇနီးလေးကလည်း အလွန် ချောမောလှပပါသည်။ မောင်မမေ့သည့် ဟောင်ကွေ့မှ ဖြစ်၏။ ဟောင်ကွေ့မှထွက်သည့် တုတ်တုတ်ခိုင်ခိုင် ဌက်ပျောသီးကြီးများပမာ သူ့ဇနီးမှာ ဖွံ့ဖြိုး ထွားကြိုင်း၏။ အရာရှိငယ်လေးဘဝနှင့် မိန်းမ မယူစေလိုသဖြင့် ကျွန်တော်က ကျွန်တော့်ငယ်ဘဝကို ပြောပြ၍ ဗိုလ်ခင်နမာင်ဆွေအား မိန်းမ မယူရန် တား၏။ ရောဂါသည်းနေသောကြောင့် ဗိုလ်ခင်မောင်ဆွေအား တား၍ ဆီး၍ မရ။

ဌက်ပျောသီးဓါတ်စာကို တောင့်တနေပြီး " ဘယ်သူဖျက်ဖျက် မပျက်နိုင်ပါဘူးရှင် " ဖြစ်နေ၏။



သူ့ဇနီးအမည်မှာ ဖြူဖြူဆွေ ခေါ် နန်းအင်ဖြစ်သည်။ ဖြူဖြူဆွေမှာ ခင်မောင်ဆွေပေးထားသော နာမည်ဖြစ်၏။ သူ့ဇနီးမှာ သူနှင့် မရမီကတည်းက ကျွန်တော်နှင့် သိနေပါသည်။

" အေး ပြောမရတော့လဲ ယူပေါ့ကွာ "ဟုဆိုကာ မင်္ဂလာဆောင်အတွက် ငွေတစ်ထောင်လား လက်ဖွဲ့လိုက်ပါသည်။

ကျွန်တော်တို့တပ်မှာ မိုင်းယောင်းတွင် ဘက်စုံနာမည်ရ၏။ တည်ဆောက်ရေးများတွင်လည်း ဗျူဟာမှူးက အားကိုးရ၏။ စစ်ဆင်ရေးမှာလည်း အောင်မြင်၏။ စည်းရုံးရေးတွင်လည်း အားကစား၊ ပျော်ပွဲရွှင်ပွဲ စသည်များတွင်ပါမကျန် နှံ့စပ်ပါဝင်၏။ ထိုသို့ အလွန် အလုပ်များနေသည့်ကြားမှ တစ်ဦးပြီးတစ်ဦး အိမ်ထောင်ကျကုန်ကြရာ ဗျူဟာမှူး ဗိုလ်မှူးကြီးရွှေကြူက

" အင်း- သနက(၁)ကတော့ စည်းရုံးရေးကောင်းပါ့ဗျာ၊ မြို့ထဲက မိန်းကလေးအချောအလှတွေလဲ ကုန်ပြီ၊ လမုံး မင်းသမီးတွေလဲ ကုန်သလောက် ဖြစ်ပြီ၊ တို့တောင် ကဖို့ လူ မကျန်တော့ဘူး "ဟု ရယ်မောကာ ပြောဆိုပါတော့သည်။

အရာရှိများသာမက စစ်သည်များကပါ မိုင်းယောင်းတွင် အိမ်ထောင်ကျကြရာ ထိုအခေါက်က တပ်ပြန်ဝင်တော့ မိုင်းယောင်းသူများအတွက် အိမ်ထောင်သည်လိုင်းတောင် သီးသန့်လုပ်ပေးလိုက်ရသည်ထင်ပါ၏။ ဒါလည်း စည်းရုံးရေးတစ်မျိုးပေါ့ ခင်ဗျာ။

× × × ×

**မိုင်းယောင်းမှ ကိုရင်ကလေးများ**

ယခုအခေါက် မိုင်းယောင်းမှအပြန်တွင် တပ်သို့ သတို့သမီးများသာ ပါလာသည်မဟုတ်။ သူတို့၏ ဆွေမျိုးသားချင်းများ တစ်အုပ်တမ ပါလာကြ၏။ ထို့အပြင် သာသနာ့နွယ်ဝင် ရှမ်းကိုရင်ကလေး အပါး (၂၀)ခန့်လည်း လိုက်ပါလာကြ၏။ တပ်ရင်းမှူးကြီးက စည်းရုံးရေးကောင်းသဖြင့် လိုက်ပါလာခြင်းဖြစ်သည်။ စစ်ဆင်ရေးကာလတခုလုံး နီးပါး တပ်ရင်းမှူးကြီး၏စစ်ကြောင်း(၁)က မိုင်းယောင်းမြို့လယ် ဘုန်းကြီးကျောင်းတွင်သာ နေရ၏။ ထိုကျောင်းက ကိုရင်ကလေးများ အများဆုံး

www.burmeseclassic.com

ပါလာကြပါသည်။ မကွေးရောက်တော့ ထိုကိုရင်ကလေးများအား ထေရဝါဒ ဆရာတော်ကြီးများထံအပ်နှံ၍ စာပေများသင်ကြားပေးရ၏။

ကိုရင်လေးများမှာ သူတို့ဆီမှာတော့ မဟာယာန ဆန်ဆန်ပင် နေကြသည်။ စက်ဘီးစီးသည်၊ မြင်းစီးသည်၊ လက်တွင် နာရီပတ်သည်၊ ခြေတွင် ရှူးဖိနပ်စီးသည်၊ သင်္ကြန်ကျရင် ရေပက်သည်။ အဲ- ရည်းစားလည်း ထားသည်ဟု ပြောပါသည်။ ဟုတ်မဟုတ်တော့ အတတ် မပြောရဲပါ။ ရုံဖန်ရံခါ နေ့လွဲညစာ စားသည်၊ ဘော်လုံးကန်ကြသည်။ ရှောင်လင်သိုင်းကားထဲက ဘုန်းကြီးများလို ဖြစ်နေ၏။ ရယ်တော့ ရယ်ရပါသည်။ ဤသို့ ဝိနည်းတော်နှင့် မကိုက်ညီသည်များကို ပြုပြင်ပေးရန် ဆရာတော်ကြီးများကို လျှောက်ထားရသည်။ ကိုယ်တော်လေး သုံးလေးပါးစီအား ကျွန်တော်တို့ အရာရှိများမှ မျှဝေ၍ ပစ္စည်းလေးပါး ဒါယကာ လုပ်ကြရသည်။

ခွဲတမ်းချသောအခါ ကျွန်တော်တို့အိမ်က အသက်(၁၄)နှစ်အရွယ် ကိုရင်ငယ်လေးနှစ်ပါးနှင့် အသက် (၁၈)နှစ်အရွယ် ကိုယ်ရင်ကြီးတစ်ပါး ခွဲတမ်းကျသည်။ ကိုရင်ကြီးမှာ အရပ်အတော်ရှည်၏။ ခြောက်ပေနီးပါး ရှိသည်။ ကိုရင်များ၏ဘွဲ့အမည်များကို ကောင်းစွာ မမှတ်မိ။ အရပ်ရှည် ကိုယ်တော်အား ကိုရင်လောရှည်ဟု အိမ်က အမည်ပေးထားသည်။ ကိုရင်လောရှည်သည် တပ်ထိပ်ဘုန်းကြီး ကျောင်းမှ ညနေတိုင်း အိမ်သို့ကြွလာ၏။ Sparkling ကပ်ခိုင်း၏။ ရေနွေးကြမ်းနှင့် ဂျင်းသုတ်ကို မှန်မှန်ဘုဉ်းပေး၏။ ထို့နောက် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ရှိ သူ့ဒကာမလေးထံ စာမှန်မှန်ရေး၍ မကွေးစာတိုက်မှ ဘန်ကောက်သို့ စာထည့်ခိုင်း၏။ ဓါတ်ပုံပြရာ သူ့ဒကာမလေးမှ အတော် ချောမောလှပါသည်။ အမျိုးတော်သည်ဟုလည်း ဆို၏။ ဒကာကြီးကျွန်တော်နှင့် ဒကာမကြီးကျွန်တော့်ဇနီးတို့ကလည်း ကိုရင်လောရှည်၏ လိုလားချက်များကို မညည်းမညူဖြည့်ဆည်း ပေးရ၏။ ရယ်တော့ အတော်ရယ်ရပါသည်။ ဤဒုက္ခထုပ်များကား ၁၉၈၄-ခုနှစ်၊ ကျွန်တော်သနက(၁)မှ တမခ(၈၈)သို့ စစ်ဦးစီးမှူးဒုတိယတန်းတာဝန်ဖြင့် ပြောင်းရွှေ့ရသည့်အခါမှ လွတ်မြောက်သွားပါတော့သည်။



ကျွန်တော့်နည်းတူ တပ်ရင်းမှူးကြီးသည်လည်း ၁၉၈၄ ခုနှစ်မှာပင် စစ်ဦးစီးမှူး ပထမတန်းတာဝန်ဖြင့် မန္တလေးနန်းတွင်းသို့ ပြောင်းရွှေ့သည်။ ထိုအခါတွင် မိုင်းယောင်းမှ ကိုရင်လေးများအားလုံး မိုင်းယောင်းသို့ ပြန်ကြွသွားကြပါတော့သည်။ ဗမာစာနှင့် ဗမာစကား အတော်တတ်သွားကြ၏။ ယခုအခါတွင်တော့ ထိုကိုယ်တော်လေးများ၊ ဆရာတော်ကြီးများ ဖြစ်၍ ကျောင်းထိုင်နေကြပေရော့မည်။

ဦး- ၅ ကိစ္စများကလည်း အတော်သည်းခံရပါသည်။ ထင်သလို မလွယ်ပါခင်ဗျား။

× × × ×

## မမျှော်လင့်ဘဲ သင်တန်းတက်ရခြင်း

သင်္ကြန်အပြီးတွင် ဗိုလ်မှူးကလေးကျွန်တော်သည် နောက်တစ်ချီ စစ်ဆင်ရေးကို စောင့်မျှော်နေ၏။ ဒီတစ်ခါတော့ ဘယ်ခွင်ဝင်ရမလဲဟု မှန်းကြည့်နေ၏။ မိုင်းဖြတ်လား၊ မိုင်းခတ်လား၊ မိုင်းယမ်းလား၊ ဒါမှမဟုတ် မနေ့တစ်နေ့ကမှ တိုက်သိမ်းထားသည့် ဝမ်ကျင်း၊ ၂န်တောက်ကိုပဲ သွားရမလား။ ဘယ်ကိုပဲဖြစ်ဖြစ် သွားရန် အသင့်ပါပင်။

သို့ရာတွင် ကျွန်တော်ထင်သလို ဖြစ်မလာခဲ့။

" **သနက(၁)မှ ကြည်း-၁၁၂၀၅ မှူးသက်ဦးအား ရင်းမှူးသင်တန်းတက်ရောက်ရန် ရွေးချယ်သည်။ အေ ၃၀ ရက်နောက်ဆုံးထားပြီး တခရသို့ သတင်းပို့ရန်** "

အထက်ပါ ကြေးနန်းအား တကထူးမှ ပို့လာသည်။

" ဟိုက်၊ သင်တန်းတက်ရမယ်ဆိုပါလား "

တပ်က မေလဆန်းမှ ပြန်တက်ရမည်။ ဒီတစ်ခေါက် မိုင်းယောင်းတွင် အထူးပင်ပန်းသွား၍ ကျွန်တော်တို့တပ်အား တပ်မမှ နားရက်တစ်ပတ်ပိုပေးသည်။ ဒါဆို ကျွန်တော်ရှေ့တန်းသို့ မလိုက်နိုင်တော့။ ဗိုလ်မှူးဖြစ်ခါစ အလွန်တက်ကြွနေချိန်မှ ရှေ့တန်း မလိုက်ရဆိုတော့ မပျော်တော့ အရသာဆိုးသွား၏။ ထို့ကြောင့် ကျွန်တော်က ရှေ့တန်းသို့ ပြန်လာခဲ့လိုက်ပါလိုကြောင်း တပ်ရင်းမှူးကြီးအား တင်ပြရာ တပ်ရင်းမှူး [illegible] ပြီး၍

www.burmeseclassic.com

www.burmeseclassic.com



“ အဆင့်မြင့် စစ်ပညာတတ်မှ အဆင့်မြင့် တပ်မှူးကြီးဖြစ်မှာပေါ့ ဗိုလ်မှူးရယ်၊ သင်တန်းသွားမှာသာ သွားမှ်။ တိုက်တာခိုက်တာလဲ သူ အလှည့်နဲ့ သူပေါ့၊ နောက်ဆံတင်းမနေနဲ့၊ လိုတာလေးတွေ ယူသွား။ ငွေလိုရင်လဲ ပြော၊ ပေးခိုင်းလိုက်မယ် ”ဟု ပြောပါတော့သည်။

ကျွန်တော်ကတော့ သင်တန်းကို သိပ်မသွားချင်ပါ။

“ သေတူရှင်ဘက်၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင်၊ အခင်း ကြီးငယ်၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ၊ ညီညာကုန်း၍ ရှုန်းကြလေ ”ဆိုသည့် စာအတိုင်း တပ်နှင့်အတူသာ တိုက်ပွဲ ဝင်ချင်နေပါသည်။

သို့ရာတွင် “သွား- သွား” ဆိုတော့ သွားရပါသည်။ တပ်မထွက်မီ သင်တန်းသို့ တစ်ဦးတည်းထွက်လာရ၍ စိတ်ထဲမှာတော့ သိပ်ဘဝင် မကျပါ။ မည်သို့ဆိုစေ၊ အမိန့်နှင့်တာဝန်ကို ဦးထိပ် ပန်ဆင်ရသည့် စစ်သားဖြစ်၍ ဗထူးသို့ ကျောင်းတက်ရန် ထွက်လာခဲ့ရပါတော့သည် ခင်ဗျား။

× × × ×

ဗထူးတိုက်ခိုက်ရေးကျောင်းဆိုသည်မှာ ကျွန်တော်၏ နေရာ ဟောင်းဖြစ်၍ ကျွန်တော့်အတွက် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာ များနှင့် မြည့်နေပါသည်။ ဗထူးမှ ထွက်လာသည်မှာလည်း သိပ်ပြီး မကြာလှသေးပါ၊ ဆရာသမားများဖြစ်ကြသော ကျောင်းအုပ်ကြီး၊ ဒု ကျောင်းအုပ်ကြီးတို့နှင့် ပြန်တွေ့ရပါဦးမည်။ ရယ်တော့ ရယ်ရပါသည်။

နေရာဟောင်းတွင် သင်တန်းတက်ရင်း ဘာတွေဖြစ်ဦးမလဲ ဆိုသည်ကို ဆက်လက် ဖော်ပြပါဦးမည်ခင်ဗျား။

× × × ×

## အခန်း(၅)
## ကျွန်တော်တက်ခဲ့ရသည့် တပ်ရင်းမှူးသင်တန်း

### သင်တန်းသားကြီး ကျွန်တော်

ကျွန်တော်သည် ၁၉၈၃ ခုနှစ်၊ ဧပြီနောက်ဆုံးပတ်တွင် မကွေး ယနက(၁) တပ်ရင်းဌာနချုပ်မှ တပ်မတော်(ကြည်း) တိုက်ခိုက်ရေး ကျောင်း ဗထူးသို့ သင်တန်းတက်ရန် ထွက်လာခဲ့၏။ နားချိန်ကာလမှာ မှစ်လပင် မပြည့်လိုက်၊ ခဏတာမျှ အိမ်ပြန်ရောက်သည်မှာ အိပ်မက် မှာသာ ဖြစ်၏။

“ ကဲ မေရေ၊ ဗထူးသွားပြီး သင်တန်းသားကြီးလုပ်လိုက် ဦးမယ်၊ မကွေးမှာ နေချင်ပေမယ့်လဲ မနေရဘူး၊ ပေးတဲ့ တာဝန်ပေါ့ ကွာ၊ ဗထူးရောက်တော့လဲ ကိုတင်အောင်နဲ့ မတင်အုံးတို့လို မိတ် ဟောင်း ဆွေဟောင်းတွေနဲ့ ပြန်တွေ့ရတာပေါ့၊ ကလေးတွေလဲ ကျောင်းအပ်ပြီး ဂရုစိုက်ဦးနော်၊ ကိုကတော့ စက်တင်ဘာအတူန် လောက်မှပဲ ပြန်ရောက်တော့မယ် ထင်တယ်၊ သင်တန်းက (၂၂)ပတ် လား မသိဘူး ”

မေ့အား အထက်ပါအတိုင်း မှာခဲ့ရပါသည်။ ကျွန်တော်တို့ စစ်သားတွေမှာ ယခုလိုပင် မိသားစုနဲ့ ခဏပြန်တွေ့လိုက်၊ အချိန်ကြာကြာ ခွဲပေါက်ဖြင့်

www.burmeseclassic.com

" လွမ်းတ ပွဆွေး၊ သူနဲ့ ဝေးသော်၊ ပြည်ထဲရေးနဲ့၊ ဝမ်းရေ တို့ထက်၊ လွမ်းရေး ခက်၏ " ဆိုသော စကားလိုသာ ဖြစ်ပါ၏။

မတတ်နိုင်ပါ။သွားဆိုတော့လည်း သွားလိုက်ရပါသည်။ သင်တန်း ကျောင်းသို့ အချိန်မီရောက်ပါသည်။ သောကြာနေ့ည ဗထူးရောက်၏ စနေ၊ တနင်္ဂနွေ နှစ်ရက် သင်တန်းအတွက် ပြင်ဆင်ချိန် ရသည် တနင်္လာနေ့ ကျောင်းစဖွင့်၏။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ် (၃) ဖြစ်သည်။ သင်တန်းမှူးက ဗိုလ်မှူးစိုးမြင့် ဖြစ်၏။ သူကား ကျွန်တေ ဆရာအရင်းပင်တည်း။

၁၉၇၉ ခုနှစ်က ခလရ(၆၇) မိုင်းရယ်မှဗထူးသို့ ကျွန်တေ ပြောင်းလာစဉ်က ဘုရင့်နောင် ခြေလျင်ဌာနခွဲတွင် နည်းပြအဖြစ် စတ တာဝန်ထမ်းဆောင်ရသည်။ ထိုစဉ်က ဗိုလ်မှူးစိုးမြင့်သည် ခြေလျ တပ်ခွဲမှူး၊ သင်တန်းမှူးဖြစ်၏။ အလွန် စိနိယာ ကျသည်။ နိုင်ငံခြားပြ ဖြစ်၍ စာအသင်အပြလည်း ကောင်း၏။ သံချပ်ကာသင်တန်းကို နိုင်ငံခြာ ၌ လပေါင်းများစွာ သင်ကြားခဲ့ဖူးသည်။ သူ၏ထူးခြားချက်မှာ စာသင်ပြ ၌ ဘယ်ရောညာပါ ကျောက်သင်ပုန်းပေါ်၌ အလျဉ်းသင့်သလို ရေးနိုင်း ရေးတတ်၏။ လက်ရေးနှစ်ခုကလည်း ခပ်ဆင်ဆင်ပင်။ ဉာဏ်ကောင်း နှစ်ရှက်ခပ်ကားကားမို့ သူ့သူငယ်ချင်းများနှင့် သူ့အထက် အရာရှိကြီးမျ က သူ့အား နဂါးစိုးမြင့်ဟု ခေါ်ကြသည်။ ကျွန်တော်သည် ခြေလျင်ဌာန တွင် ဗိုလ်မှူးစိုးမြင့်နှင့်တစ်နှစ်ကျော်၊ နှစ်နှစ်နီးပါး နေခဲ့ရ၏။ သူ့ထံမှ နည်းပြဆရာတစ်ဦးရှိရမည့် အင်္ဂါရပ် များကို လေ့လာခဲ့ရပါသည်။

ထိုစဉ်က ကကကျင့်၏ မူဝါဒ တို့ကျင့်စဉ်တွင်ပါရှိသော

" တျယ်တျယ်ပြန့်ပြန့် စဉ်းစား၊
ခိုင်ခိုင်မာမာ ရပ်တည်၊
မှန်မှန်ကန်ကန် ပြော၊
အင်တိုက် အားတိုက်လုပ်၊
ယဉ်ယဉ်ကျေးကျေး ဆက်ဆံ၊ ရိုးရိုးနေ " စသည်

တို့ကိုပါ ကြားနာ မှတ်သားခဲ့ရ၏။

ကျွန်တော်စာဖတ်ဝါသနာပါမှန်းသိ၍ ဗိုလ်မှူးစိုးမြင့်က သဘော ကျပြီး ကျွန်တော့်ကို နည်းပြကောင်းဖြစ်အောင် ကြပ်မတ်ပြုစု ပျိုးထော ပေးခဲ့၏။ ဖတ်သင့်သည့် စာအုပ်ကောင်းများကို ညွှန်ပြပေးခဲ့၏



ဘုရင့်နောင်တွင် စာများများ ဖတ်ခဲ့ရသည်။ သူ့ကောင်းမှုကြောင့် ကျွန်တော်သည် သင်တန်းနှစ်ခု၊ သုံးခုတွင် နောက်ထိုင် နည်းပြလုပ်ပြီး သောအခါ လေ့ကျင့်ခန်းများကို ကိုယ်တိုင်ကိုင်တွယ် ဆောင်ရွက်နိုင်သည့် အဆင့်မြင့်နည်းပြတစ်ဦး ဖြစ်လာပါသည်။ အာဝဇ္ဇန်းရွှင်ရွှင် အိုက်တင် ကောင်းကောင်းနှင့် ဟောတတ်ပြောတတ်သူ ကျွန်တော့်အား သင်တန်း သားများက "စကားပြောလျှင် ကောလိပ်ဂျင်၊ ဝင်းဦးအသွင် သူ့အိုက်တင်" ဟု နောက်ကြ ပြောင်ကြ စကြ၏။ မည်သို့ပင်ဖြစ်စေ၊ အောင်မြင်သော နည်းပြကောင်းတစ်ယောက် ဖြစ်လာခြင်းအတွက် ဗိုလ်မှူးစိုးမြင့်၏ ကျေးဇူး မကင်းပါ။ ထိုဆရာသမားနှင့် ယခု ပြန်တွေ့ရပါဦးမည်။

အခြားနည်းပြများမှာ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးမြင့်ဆွေ၊ ဗိုလ်ကြီးတင်ငွေစသူတို့ ဖြစ်ကြ၏။

ဗိုလ်ကြီးတင်ငွေနှင့်ပတ်သက်၍လည်း ကျွန်တော့်မှာ ပြောစရာ ရှိနေပါသည်။

ဗိုလ်ကြီးတင်ငွေကား DSA (၁၄)မှဖြစ်ပြီး စစ်တက္ကသိုလ်မှ ဆင်းလျှင်ဆင်းချင်း ခလရ(၆၁)သို့ ရောက်လာ၏။ ထိုတပ်တွင် ကျွန်တော် နှင့် တပ်ခွဲတစ်ခွဲတည်း တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ ထင်ရာ မြင်ရာ စွတ်ရွတ်လုပ်တတ်၍ ကျွန်တော့်အား ဂျောက်ပေါက်တိုးအောင် အတော် လုပ်ခဲ့သူ ဖြစ်၏။ သူ့ကြောင့် တပ်ရင်းမှူးက ဆူသည်ကို ခဏခဏ ခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်၌ ကျွန်တော် တစ်ဆင့်မြင့်ရာထူးဖြင့် တိုက်ခိုက် ရေးကျောင်းမှ တပ်ပြောင်းခါနီးတွင် ခလရ(၁၁)မှ တိုက်ခိုက်ရေးကျောင်း သို့ သူ ပြောင်းရွှေ့ရောက်ရှိလာသည်။ ကျွန်တော်က တပ်ရေးဗိုလ်ကြီး ဖြစ်သည်။ ရောက်ရောက်ချင်း ကျွန်တော့်ထံလာ သတင်းပို့သည့်အခါ သူက

" အစ်ကို၊ ကျွန်တော်အရင်လို မဆိုးတော့ပါဘူး "ဟု ဆို၏။

ကျွန်တော်က ပြုံးရုံသာ ပြုံးပြလိုက်သည်။

သူ့ဇနီးမှာ မုဒုံအနီး ကွမ်တုံရွာမှ ဆရာမလေး မငွေကြည် ဖြစ် သည်။ ကျွန်တော့်တပ်ခွဲတွင်နေစဉ်က မငွေကြည်နှင့် သူ ရသွားခြင်း ဖြစ် သည်။ ခလရ(၆၁)က အရာရှိကတော်များက သူ့ဇနီးအား ကွမ်တုံမှ မငွေကြည်ဟု ခေါ်ကြသည်။ သူသည် တိုက်ခိုက်ရေးကျောင်းတွင် သူ့ဇနီး

www.burmeseclassic.com

www.burmeseclassic.com

အား မြမွန်ငွေဟု မိတ်ဆက်ပေးသည်။ ဒါကို ကျွန်တော်က မသိ ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် သူအိမ်တက်လုပ်၍ မုန့်ဟင်းခါ ကျွေးရာ ဧည့်သည်အချို့ပန်းကန်၌ ဟင်းရည်ကုန်နေသဖြင့်

" မငွေကြိုရေ ဟင်းရည်ကုန်နေပြီဟ "ဟု ကျွန်တော်က အော်ပြီ ပြောလိုက်မိသည်။

" ဟောတော့ သူ့နာမည်က မငွေကြိုလား။ သူ့ယောကျ်ားက ပြောတော့ မြန်မွန်ငွေ ဆို "

ဟု အခြားဗိုလ်ကတော်များက မေးကြ၏။

" ဟုတ်တယ်လေ၊ ခလရ(၆၁)က ကျွန်တော့်တပ်ခွဲမှာ ကိုတင်ငွေ နေတုန်း မငွေကြိုနဲ့ ရကြတာ "ဟု ကျွန်တော်က ဖြေမိသည်။


ထိုအချိန်အခါသမယမှစပြီး ကိုတင်ငွေ၏ဇနီး မမြမွန်ငွေသည် မူရင်းနာမည် မငွေကြို ဘဝသို့ ပြန်လည် ကျရောက်သွားတော့၏။ ယခု ထိုတပည့်ကြီး ကိုတင်ငွေက ကျွန်တော့်ကိုပြန်ပြီး ဆရာလုပ်ပါလိမ့်ဦး မည်။ တစ်ပြန်တစ်လှည့်စီပေါ့ ခင်ဗျာ။

ခြေလျင်ဌာနခွဲမှ နည်းပြများအပြင် အမြောက်သံချပ်ကာ နည်းပြ များ၊ အင်ဂျင်နီယာနည်းပြများ ရှိကြပါသေးသည်။ ဆက်သွယ်ရေး နည်းပြမှာ ကျွန်တော်နှင့် ခလရ(၁၉)တွင် နေခဲ့ဖူးသည့် ချစ်စရာကြီး ခေါ် ဗိုလ်ကြီးသိန်းအောင်ဖြစ်သည်။ သူနှင့် တစ်တပ်တည်း နှစ်ခါဆုံခဲ့ဖူး၍ သူ့ကိုတော့ မမေ့ပါ။ အခြားသူများ၏အမည်များကိုတော့ ကောင်းစွာ မမှတ်မိပါ။

သင်တန်းစဖွင့်သည့်နေ့က သင်တန်းမှူးက ကျွန်တော်တို့နှင့် မိတ်ဆက်စကားပြောရာတွင်

" ခင်ဗျားတို့ သင်တန်းသားက လေးဆယ်ဆိုပေမယ့် ကျွန်တော့် မျက်လုံးထဲတော့ သုံးဆယ့်ခြောက်ယောက်ပဲ မြင်တယ်ဗျာ၊ ဘာဖြစ်လို့လဲ ဆိုတော့ အခု ဒီသင်တန်းမှာပါလာတဲ့ ကိုထွန်းကြည်၊ ကိုကြည်စိုး၊ ကိုမောင်မောင်တင်နဲ့ ကိုသက်ဦးတို့က ကျွန်တော့်ဘုရင့်နောင် ခြေလျင် ဌာနခွဲက မနေ့တစ်နေ့ကမှ ပြောင်းသွားတဲ့သူတွေပဲ "ဟု ဆိုပါတော့၏။

သူပြောမည်ဆိုလည်း ပြောစရာပါပင်။ ကျွန်တော်တို့လေးဦးလုံး သည် ၁၉၈၀-၈၁ ခလောက်ကမှ ဗထူးပါ်ကြိုက်ခိုက်ရေးကျောင်းမှ တစ်ဆင့်မြင့် ရာထူးနှင့် ပြောင်းသွားရာမှ ယခု ပြန်ရောက်လာ၏။ တစ်နှစ်ကျော်ကျော်




...ကက်- ဗထူးဒေသနှင့်ပတ်ဝန်းကျင်ကျေးရွာများတည်နေရာပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



အကြာတွင် ပြန်ရောက်လာခြင်းဖြစ်သည်။ လေးယောက်လုံးမှာလည်း ခြေလျင်ဌာနခွဲမှ ဗိုလ်မှူးစိုးမြင့်၏တပည့်များ ဖြစ်ကြ၏။

ထို့ကြောင့် သင်တန်းမှူးကြီးက ထိုသို့ပြောလိုက်ခြင်းဖြစ်၏။ သင်တန်းမှူးက ထိုသို့ မိတ်ဆက်စကားပြောလိုက်ခြင်းကြောင့် အခြား သင်တန်းသားများက ကျွန်တော်တို့ကို အတော် အထင်ကြီးကြကုန်၏။

" ဒီလူတွေပဲ သင်တန်းမှာ ပထမ၊ ဒုတိယ၊ တတိယရကြမှာပဲ " ဟု ဆိုကြကုန်၏။

သို့ရာတွင် တကယ်တမ်း သင်တန်းတက်လာကြသောအခါ အထင်နဲ့ အမြင်ကွာခြားဘိ၏။ ကျွန်တော်တို့ လေးဦးမှာ Top Ten ခေါ် အပေါ်နံပါတ် (၁၀)အတွင်းဝင်အောင် အသည်းအသန် လုပ်ခဲ့ရပါသည်။ ပထမ၊ ဒုတိယ၊ တတိယနား သီပင် မသီနိုင်ခဲ့ပါ။

## တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

တပ်မတော်(ကြည်း) တိုက်ခိုက်ရေး သင်တန်းကျောင်းသည် ထူးခြားဆန်းသော ဖွဲ့စည်းပုံရှိ၏။ ကျောင်းအုပ်ကြီး၊ ဒု-ကျောင်းအုပ် ကြီးနှင့် နည်းပြချုပ်တို့မှာ Grade One Officer များ ဖြစ်ကြ၏။ Admin : Wing ခေါ် အုပ်ချုပ်မှုဌာနနှင့် Training Wing ခေါ် လေ့ကျင့် ရေးဌာနရှိ၏။ လေ့ကျင့်ရေးဌာနအောက်တွင် ဘုရင့်နောင်ခြေလျင်ဌာနခွဲ၊ ဝတီအမြောက်နှင့် သံချပ်ကာ ယန္တယားဌာနခွဲရှိ၏။ ခြေလျင်ဌာနခွဲမှ ခြေလျင်တပ်ရင်းမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူး သင်တန်း၊ ခြေလျင် တပ်စုမှူး သင်တန်းများ ပို့ချသည်။ [illegible]ဝတီအမြောက်နှင့် သံချပ်ကာ ယန္တယားဌာနခွဲမှ အမြောက်တပ်ခွဲမှူး သင်တန်း၊ အမြောက်တပ်စုမှူး သင်တန်း၊ အမြောက်တပ်ကြပ်ကြီး သင်တန်း၊ သံချပ်ကာတပ်ခွဲမှူး သင်တန်း၊ သံချပ်ကာတပ်စုမှူး သင်တန်း၊ သံချပ်ကာအကြပ်ကြီး သင်တန်းစသည်တို့ ပို့ချသည်။ တစ်နှစ်ပတ်လုံး ကျောင်းကြီးတစ်ကျောင်းလုံးမှာ သင်တန်းပေါင်းများစွာဖြင့် အဆက်မပြတ် လှုပ်ရှားနေ၏။

ထိုသို့သော သင်တန်းများပေးနိုင်ရန်အတွက် တပ်မတော် (ကြည်း)တိုက်ခိုက်ရေးကျောင်းအား လူ (၁၀၀၀)ကျော်ဖြင့် ဖွဲ့စည်းထားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယာဉ်ယန္တယား အမျိုးစုံရှိသည်။ သရုပ်ပြတပ်ခွဲ (၂)ခွဲရှိသည် ဆက်သွယ်ရေး တပ်စုတစ်စုနှင့် အင်ဂျင်နီယာ တပ်စုတစ်စုရှိသည် ကျောင်းဝင်းကြီးမှာ ခြံမရှိ၊ ဝင်းမရှိဘဲ ရပ်ကွက်နှင့် အင်တော ကျော သွား ကားလမ်းမကြီးအား ခွ၍ တည်ထား၏။ အများအားဖြင့် ကားလ အရှေ့ခြမ်းတွင် သင်တန်းနှင့်ဆိုင်သည်များ အားလုံးရှိ၏။ ခြေလျင်တစ် အကူ လက်ရုံးတပ်များ ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် သင်တန်းကျော ကြီးမှာ ဘာသာရပ်ပေါင်းစုံ၊ လူပေါင်းစုံဖြင့် အတော် ရှုပ်ထွေးလှပါသည်။

မည်သို့ဆိုစေ၊ ကျွန်တော်သည် ဗထူးမှထွက်လာပြီး သိပ်မကြာ ဗထူးသို့ ပြန်ရောက်လာ၏။ ဗိုလ်ကြီး တင့်လွင်ဦးအပါအဝင် မိတ်ဟော ဆွေဟောင်းများနှင့်သာမက ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး တန်တာ ဒု-ကျောင်းအုပ်ကြီး ဒုဗိုလ်မှူးကြီးသောင်းစိန်၊ သင်တန်းမှူး ဗိုလ် စိုးမြင့်စသည့် ဆရာသမားများနှင့်ပါ ပြန်လည်ဆုံတွေ့ရပါတော့သည် ရေစက်ဆိုတာ ဒါပဲလားတော့ မသိပါ ခင်ဗျား။

## ကျွန်တော့်သူငယ်ချင်း သင်တန်းသားများအကြောင်း

ထိုစဉ်က သင်တန်းသား (၄၀)တက်ခဲ့ကြ၏။ အားလုံးတိုတော့ မမှတ်မိတော့ပါ၊ (၁၀) ကျော်တော့ မှတ်မိပါသေးသည်။ ပထမဦး မှတ်မိသူများမှာ ကျွန်တော်တို့ ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၃၆) သူငယ်ချင်းများဖြစ်၏။ ထိုသူတို့မှာ ဗိုလ်မှူးတင်ဌေး(ယခု အငြိမ်းစား) ဗိုလ်မှူးလှသိန်း(မေးကောက်)၊ ဗိုလ်မှူးမောင်သိန်း(မျက်မှန်ကြီး)၊ ဗိုလ် သိန်းအောင် (အငြိမ်းစား)၊ ဗိုလ်မှူးမောင်မောင်တင်(သေဆုံး)၊ ဗိုလ် တင်ထွန်း(ယခု အိုးအိမ်ဦးစီးဌာန ဒု-ညွှန်ချုပ်)နှင့် စာရေးသူတို့ စသ တို့ ဖြစ်ကြပါသည်။ ကျွန်တော်တို့အုပ်စုမှာ လူအင်အား အတော့်တ ဆုံးဖြစ်၍ အားလုံး (၇)ယောက်မို့ မင်္ဂလာယူပြီး ကိုယ့်အုပ်စု ကို Lucky Seven ဟု နာမည်ပေးထား၏။

ဒုတိယအများဆုံးမှာ စစ်တက္ကသိုလ်အမှတ်စဉ်(၉)မှ ဖြစ်သ ၄င်းတို့မှာ ဗိုလ်မှူးစိုးမြင့် (ဂန်ချာ)၊ ဗိုလ်မှူးထွန်းရီ (ကွယ်လွန်သူ ( တပ်မမှူး)၊ ဗိုလ်မှူးမောင်ဒွေး(ဒုဗိုလ်မှူးကြီးမောင်ဒွေး၊ သေဆုံး)နှင့် ဗိုလ် နေမျိုး၊ ဗိုလ်မှူးဗိုးဖရက်စန်းဝင်းတို့ ဖြစ်ကြသည်။ ကျန် သင်တန်းသား



ကား ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉)၊ (၃၁)၊ (၃၂)၊ (၃၃)၊ (၃၄)တို့ အထိ ပါဝင်ပြီး စစ်တက္ကသိုလ်အမှတ်စဉ်(၇)မှ (၁၀) အထိ ပါဝင်ကြ၏။ သင်တန်းသားများမှာ ထူးထူးခြားခြား ရဲမှူးနှစ်ဦး ပါဝင်၏။ တစ်ဦး၏ အမည်မှာ စာရေးဆရာအမည်မို့ မှတ်မိသည်။ ရဲမှူး ဝင်းမောင်ထွန်း ဖြစ်၏။ ကျန်တစ်ဦးကိုတော့ မမှတ်မိပါ။

သင်တန်းဖွင့်၍ မကြာမြင့်မီမှာပင် စာမေးပွဲများ စစစ်၏။ အမှတ် စာရင်များ ထွက်လာသောအခါ အမှတ်ကောင်းသူများမှာ ဗိုလ်မှူး ကိုကိုတင့် (OTS - ၃၁)၊ ဗိုလ်မှူးတင်ညွှန့် (DSA- ၈)၊ ဗိုလ်မှူး စိုးမြင့် (DSA- ၉)၊ ဗိုလ်မှူးကြည်စိုး(OTS- ၃၂)၊ ဗိုလ်မှူးစန်းမောင် (DSA- ၁၀) (ယခု ဗိုလ်မှူးကြီးစန်းမောင်၊ အင်းစိန်မှုခင်းတပ်ဖွဲ့၊ ညွှန်ကြားရေးမှူး) နှင့် ကျွန်တော်တို့ အပတ်စဉ်မှ ဗိုလ်မှူးသိန်းအောင်တို့ ဖြစ်ကြသည်။ ကျွန်တော်တို့ တိုက်ခိုက်ရေးကျောင်းမှလာသည့် လေးဦးအနက် ဗိုလ်မှူး ကြည်စိုးသာ အမှတ်ကောင်း၏။ ကျွန်တော်တို့ သုံးဦးက (၁၀)နားပင် မကပ်နိုင်ပါ။ ဗိုလ်မှူးကိုကိုတင့်နှင့် ဗိုလ်မှူးတင်ညွှန့်က သဲသဲမဲမဲ ဟကျက်ကြသူများ ဖြစ်ကြ၏။ စာလည်း အလွန်တော်ကြ၏။ သင်တန်းပြီး သောအခါ ပထမ၊ ဒုတိယ သူတို့နှစ်ဦးပင် ရသွားကြပါသည်။

ဤနေရာတွင် စာအလွန်တော်သည့် ဗိုလ်မှူးကိုကိုတင့် အကြောင်းကို စပ်မိစပ်ရာ ပြောလိုပါသေးသည်။ ဗိုလ်မှူးကိုကိုတင့်မှာ ကျွန်တော်နှင့် တစ်နယ်တည်းသားဖြစ်ပြီး ကျွန်တော် တက္ကသိုလ်ဝင်တန်း အောင်သည့်နှစ်မှာပင် သူ့ကို စသိခဲ့၏။ သူ့ကို ရန်ကုန်တက္ကသိုလ် မရွာဘိုခရိုင် ကျောင်းသူ ကျောင်းသားများအသင်းတွင် မြင်ဖူးခဲ့ခြင်း ဖြစ်သည်။ သူက ရေဦးအနီးက တန့်ဆည်ဇာတိ၊ ရွှေဘိုတွင် ကြီးလာသူ ဖြစ်သည်။ နာမည်ရင်းမှာ ကျော်တင့် ဖြစ်၏။ တက္ကသိုလ်ရောက်တော့ ကိုကိုတင့် ဖြစ်သွားသည်။ လူက ရုပ်ဖြောင့်ဖြောင့်၊ ခပ်ချောချော မင်းသား ဝင်းဦး နာမည်ကြီးနေသည့်ကာလမှာ ဝင်းဦးလို နှုတ်ခမ်းမွေးထား၏။ အသားက ခပ်ဖြူဖြူနှင့် အတော် စမတ်ကျသူဖြစ်သည်။ သူသည် နွေ ကျောင်းပိတ်တိုင်း ရေဦးသို့ရောက်လာ၍ ဝင်းဦး စတိုင်ဂိုက်ဖမ်းကာ ရေဦးသူ ပျိုဖြူချောများအား လာဂေါ်လေ့ရှိ၏။ ရုပ်ကလည်း ခပ်ဖြောင့် ဖြောင့်၊ အဝတ်အစားကလည်း တောက်တောက်ပြောင်ပြောင် သားသား

www.burmeseclassic.com



နားနား တက္ကသိုလ်ကျောင်းသားကလည်း ဖြစ်နေပြန်၍ ရေဦးသူများ သူ့အား အတော် ကြိုက်ကြပါသည်။ ထိုအထဲတွင် ကျွန်တော်နဲ့ ရည် နေသူ မချောလေးလည်း ပါ၏။ ထို့ကြောင့် ထိုစဉ်က ကျွန်တော် သူ့ သိပ်ကြည့်မရခဲ့။

၁၉၆၃ ခုနှစ်၊ မိုးတွင်းကာလ နေ့တစ်နေ့ညနေခင်းတွ ကျွန်တော်နှင့်သူ ရန်ကုန် တက္ကသိုလ်ဝင်းအတွင်းရှိ မန္တလေးဆောင်နော စကြိုလမ်းကလေး၌ နှစ်ယောက်တည်း ဘွားကနဲ သွားတွေ့ကြသည် ကျွန်တော်က အညာသားပီပီ ပုဆိုးတိုတို၊ ပင်နီတိုက်ပုံနှင့် လက်တွ ဖဲထီးအနက်ချိတ်ကာ ရာဘာညှပ်ဖိနပ်ဖြင့် ဗေဒင်ဆရာဂိုက်ဖမ်းထား သူကား ဘောင်းဘီရှည် ဖင်ကျပ် အဖြူ၊ ရှူးဖိနပ် အဖြူ၊ ရှပ်အကျႌလက် အဖြူ၊ နက်ကတိုင်လည်စီးနှင့် အလွန် စမတ်ကျကာ တိမ်လွှာမို့မို့လွ ထဲက မင်းသားဝင်းဦးလေလား ထင်မှတ်မှားရ၏။ သူက မင်းသား ပေါက်နေပြီး ကျွန်တော်ကတော့ လူကြမ်းပေါ့ခင်ဗျာ။

မင်းသားနှင့်လူကြမ်း ရုတ်တရက်အဆုံ၌ လူကြမ်းကျွန်တော် ရှောင်မလွတ်တလွတ် စကြိုလမ်းကလေးတွင် သူ၏ ဘယ်ပခုံးအာ ကျွန်တော်၏ ဘယ်ပခုံးဖြင့် ရုတ်တရက် တိုက်ချလိုက်သည်။ သူ့ညာဘ ရှိ ဇွက်အိုင်အတွင်းသို့ သူ့ခြေတစ်ဖက် ချော်ကျသွား၏။ သူ့ရှူးဖိ အဖြူကလေး ဇွက်ပေသွားသည်။ မကျေမနပ်ဖြင့် ကျွန်တော့်အား လှ ကြည့်၍ "တောက်" တစ်ချက်ပြင်းစွာ ခေါက်လိုက်၏။ ကျွန်တော် လည်း ဤသို့ဖြစ်လာမည်ကို မျှော်လင့်ထားပါသည်။ ထို့ကြောင့် သ တောက်ခေါက်လိုက်သည်နှင့် နောက်ပြန်လှည့်လိုက်၍ ပါလာသ ဖဲထီးအား ပြောင်းပြန်ကိုင်လိုက်ပြီး

" ဟေ့ကောင်၊ ဘာတောက်ခေါက်တာလဲကွ "ဟု Challen တောင်းလိုက်ပါတော့သည်။

ကျွန်တော့်ကို ကြောက်၍ပဲလား၊ ပြောင်းပြန်ကိုင်ထားသ ဖဲထီးကို ကြောက်၍ပဲလား မသိ၊ ဇာတ်လိုက်သည် ဘာမှ မပြောတော့ မကျေမနပ်ဖြင့် ချာကနဲလှည့်ကာ ဆက်ထွက်သွားခဲ့သည်။ ထိုကိစ္စ ထိုနေ့ညနေ၌ ကျွန်မဟာ်နှင့်အတူနေသည့် ရေဦးသား ကိုဘိုကြည် (ယ

...ပ်ရှင် ဦးဆောင်ညွန်ကြားရေးမှူး၊ ဗိုလ်မှူးကြီးဘိုကြည်)အား ပြောပြ၍ ...စ်ယောက်သား တဝါးဝါးတဟားဟား ရယ်မောကြ၏။ ကိုဘိုကြည်က " မင်းကလဲ မင်းကောင်မလေးနဲ့ အဆင်မပြေတာနဲ့ ကုလား မနိုင် ...နိုင်မဲပြီး လုပ်လိုက်တာ မဟုတ်လား "

ဟု မေးပါတော့သည်။

" မဟုတ်ပါဘူးကွာ၊ နွေပေါက်တိုင်း တို့မြို့လာလာပြီး ထောင် ...ထောင် ထောင်ထောင်လုပ်နေလို့ ရွှေဘိုခရိုင်အသင်းမှာလဲ စာစာ စာစာ ...၊ သူ့အသံချည်းပဲကွ၊ အဲဒါကြောင့် နည်းနည်း ပညာပေးလိုက်တာ ...ါကွာ "

" အေးပါကွာ၊ နောက်တော့ မလုပ်ပါနဲ့တော့ "

ကိုဘိုကြည်က အထက်ပါအတိုင်း ပြော၏။

မကြာမြင့်သော ကာလမှာပင် ကိုကျော်တင့်သည် ဓူပစာတန်း ...အောင်၍ ဗိုလ်လောင်း သင်တန်းအမှတ်စဉ်(၃၁)သို့ တက်ရောက်သွား၏။ ...ကျွန်တော်နှင့်ကိုဘိုကြည်က ဘွဲ့ရပြီးမှ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၆)သို့ တက်ကြသည်။ ထိုကာလမှသည် နှစ်ပေါင်းနှစ်ဆယ် ကြာသွား ...သာအခါ သူလည်း ဗိုလ်မှူးဖြစ်၊ ကိုယ်လည်း ဗိုလ်မှူးဖြစ်နှင့် ယခု ...သင်တန်းမှာ ပြန်တွေ့ကြ၏။

ထိုရောအခါတွင် ငယ်စဉ်ကကိစ္စများကို လုံးဝသတိရဟန် မပြုကြ ...တော့ဘဲ ရင်းနှီးစွာ ခေါ်ပြော ဆက်ဆံဖြစ်ကြပါတော့သည်။ ငယ်စဉ်က ...ကိစ္စကို သူလည်း ဘာမှမပြောပါ၊ ကျွန်တော်လည်း စကားစပ်ပြီး လုံးဝ မပြောပါ။ သိတော့ သိနေကြပါသည်။ ဟိုတုန်းကတော့ မရင့်ကျက်သေး ...သည့် ကလေးစိတ်နှင့် လုပ်ခဲ့မိခြင်းဖြစ်၏။ အခုတော့လည်း တပ်မတော် ...တွင် Grade Two Officer များပင် ဖြစ်နေကြပြီမို့ တပ်မတော်သားချင်း ...ရင်းပင်းရမည်ဖြစ်ပါ၏။ ရဲဘော် စိတ်ထားရမည် ဖြစ်ပါ၏။ ဤစာကို ...ရေးရင်း ဗိုလ်မှူးကိုတိုတင့်(ယခု အငြိမ်းစား၊ ဒုဗိုလ်မှူးကြီးကိုကိုတင့်) အား ...မန္တလေးဆောင်နောက်ဘေးက ကိစ္စလေးအတွက် တောင်းပန်လိုက်ပါသည် ...ခင်ဗျား။

www.burmeseclassic.com

www.burmeseclassic.com

အရပ်သားကတည်းက သိသူ နောက်တစ်ယောက်မှာ ဗိုလ်မှူး တင်ထွန်း ဖြစ်သည်။ သူနှင့်ကျွန်တော်မှာ ၁၉၆၄-၆၅ လူငယ်ရေးရာ ညကျောင်းများပေါ်ပေါက်လာချိန်၌ ကြည့်မြင်တိုင်ရှိ ဟုမ်းလမ်းရှိ ဗွာကျုံး အထက်တန်းကျောင်းများ၌ ကျောင်းဆရာအဖြစ် တွေ့ကြသည်။

ထိုစဉ်က ကျွန်တော်တို့သည် အလုပ်လုပ်ရင်း (၁၀)တန်းပြန်ဖြေမည့် ဝန်ထမ်းကျောင်းသားများအား (၁၀)တန်းပြန်ဖြေနိုင်ရန် အခမဲ့ည ကျောင်းဆရာ Volunteer လာလုပ်နေသည့် ကာလဖြစ်၏။ ကျွန်တော်က မြန်မာစာနှင့် ပထဝီသင်သည်။ သူက သမိုင်းသင်သည်။ ကိုတင်ထွန်းသည် ထိုစဉ်က သမိုင်းဘာသာဆိုင်ရာ ဝိဇ္ဇာဂုဏ်ထူးတန်းတက်နေသည့် ကာလ ဖြစ်သည်။ ကျောင်းဆရာချင်းမို့ တွေ့ခါစက ခပ်တည်တည်ပင်။ သိပ် မရင်းနှီးကြ။ ဘာသာတူဆရာ မဟုတ်ကြသဖြင့် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးမှုများကလည်း မရှိ။ အချိန်ပိုင်း နည်းပြဆရာများဖြစ်၍ ကိုယ့် အလှည့်ပြီးရင် ကိုယ်ပြန်ကြေးဖြစ်ရာ စကားလည်း ထွေလီကာလီ မပြောဖြစ်ခဲ့။

သို့ရာတွင် ကိုတင်ထွန်းကိုတော့ သတိထားမိ၏။ သတိထားမိ သည့်အကြောင်းက သူသည် မပြုံးမရယ် ခပ်တည်တည်ဖြင့် မကြာခဏ ဟာသပြက်လုံးများ ထုတ်တတ်၏။ ကျွန်တော့်လိုပင် လူခပ်သေးသေး ဖြစ်ရာ (၁၀)တန်းကျောင်းသားကြီးများ လေးစားရအောင် တိုက်ပုံအကျီ ခပ်ထူထူကို အမြဲ ဝတ်ဆင်ထားသူဖြစ်၏။ ကောလိပ်ဂျင်နေဝင်းလို ကျွဲကော်ကိုင်းနက် မျက်မှန်ကို တပ်ထား၏။ ကျွန်တော်ကလည်း သူ့လို မျက်မှန်နှင့်ဖြစ်၏။ ကျွန်တော်တို့နှစ်ဦးလုံး အသက်ငယ်ငယ်ဖြင့် လူကြီး ဂိုက်ဖမ်းနေကြသူများ ဖြစ်သည်။ ဆိုက်တူဂိုက်တူ လုံးတူဒေါက်တူ သက်တူရွယ်တူများဖြစ်၍ တစ်ခါနှစ်ခါတွေ့ပြီးသော် ခင်သွားကြ၏။

ထို့နောက် တပ်မတော်ထဲဝင်ကြရာ ဗိုလ်သင်တန်းတစ်ပတ်တည်း သွားဆုံနေ၏။ ဗိုလ်သင်တန်းတွင် အဆောင်ချင်း ကပ်နေခဲ့ရ၏။ ကျွန်တော်က တပ်စု(၁)၊ သူက တပ်စု(၂)၊ ယခုလည်း တပ်ရင်းမှူး သင်တန်းတွင် လာဆုံပြန်သည်။

အထက်ပါအတိုင်း အရပ်သားဘဝကသိခဲ့သော သူငယ်ချင်း မိတ်ဆွေနှစ်ယောက် ဤသင်တန်းတွင် ပါလာ၏။



အရပ်သားဘဝကတည်းက သိလာသူတွေဆိုတော့ ငယ်ကျိုး ငယ်နာများပါ သိတာပေါ့ခင်ဗျာ။ ပြောရမည်ဆိုပါက ကမ္ဘာကျော် လက်ရာဆရာကြီး ရွှေဘိုဦးစံတင်အောင်ပြောသည့်အတိုင်းသာ ပြောရပါ တော့မည်။

" ဆရာ့ကို သင်သိသလို သင့်ကိုလဲ ဆရာ သိပါသည် "ပေါ့ ခင်ဗျာ။

## သင်တန်းကာလမှ ထူးခြားဖြစ်စဉ်များ

ကျွန်တော်တို့သင်တန်းမှာ (၅)လတာမျှ ကြာ၏။ သင်ရသည့် ဘာသာရပ်များမှာ ခံခွါတိုက်ချီ စစ်ကဏ္ဍကြီး (၄)ရပ်၊ အထူးစစ်နည်း ဗျူဟာများ၊ အမြောက်ဘာသာရပ်၊ သံချပ်ကာဘာသာရပ်၊ အင်ဂျင်နီယာ ဘာသာရပ်၊ ဆက်သွယ်ရေးဘာသာရပ်နှင့် ကြည်း၊ ရေ၊ လေ ပူးပေါင်း စစ်ဆင်ရေးများ ပါဝင်၏။ ထို့နောက် တိုက်ပွဲသုံးသပ်ချက်များ၊ တပ်မဲ့တပ် ပါ လေ့ကျင့်ခန်းများ၊ Thesis ခေါ် စာတမ်းပြုစုခြင်းများ စသည်တို့ ပါဝင်၏။ ထို့အပြင် မိမိတို့တိုက်ပွဲအတွေ့အကြုံများကိုလည်း တက် ကောက် ဟောပြောရ၏။

ကျွန်တော်သည် စစ်မြေပြင်က ပြန်လာကာစမို့ ထိုသင်တန်း၌ စာသိပ်မကြိုးစားဖြစ်။ ပိုမှန်သာသွားနေ၏။ အမှန်ပြောရပါမူ ရှေ့တန်း တွင် လပေါင်းများစွာ တိုက်ခိုက်ပြီးနေခဲ့ရာမှ မိသားစုနှင့် ခဏသာနေခဲ့ရ ၍ အိမ်ကို လွမ်းနာကျနေ၏။ ထို့ကြောင့် စာ မကြိုးစားဖြစ်သည်လည်း ပါသည်။

သင်တန်းတွင် ထူးခြားဖြစ်စဉ် အတော်များများ ရှိခဲ့၏။ ထို ကထဲမှ ကျွန်တော် မှတ်မိသတိရနေသည်များအား ဖော်ပြပါဦးမည်။

ကျွန်တော်သည် ဗိုလ်မှူးမောင်မောင်တင်နှင့် မကြာခဏ ညစာ စားဖြစ်၏။ သီရိဂေဟာသို့သွား၍ ယမကာလေးများလည်း သောက် ဖြစ်၏။ တစ်ရက်တွင် ကျွန်တော်နှင့် မောင်မောင်တင် သီရိဂေဟာ ဘား ကောင်တာမှထွက်၍ ရေချိန်ကိုက်ကိုက်ဖြင့် ထမင်းစားကြ၏။ ကျွန်တော် တို့ နှစ်ယောက် စကားဖောင်ဖွဲ့၍ ထမင်းစားနေစဉ် ညစာစားရန် ဗိုလ်မှူးမောင်ဒွေး ဝင်လာ၏။ ဗိုလ်မှူးမောင်ဒွေးနှင့် ဗိုလ်မှူးမောင်မောင်

www.burmeseclassic.com

တင်မှာ ထမင်းတစ်စားပွဲတည်း စားရ၏။ အခန်းချင်းလည်း ကပ်နေရ၏။ ထိုအခါ ဗိုလ်မှူးမောင်မောင်တင်က အောက်ပါအတိုင်း ပြောပါတော့သည်။

" ဟေ့ကောင် သက်ဦး၊ မင်းက ငါ့ကို အမှတ်မကောင်းဘူး၊ အမှတ်မကောင်းဘူးလို့ ပြောနေတာ၊ ငါအမှတ်မကောင်းတာ စာကျက်မရလို့ကွ၊ သိလား "

" ဘာဖြစ်လို့ စာကျက်မရတာလဲ။ ရုပ်တွေ များနေလို့လား "

" ထပ်သရီး၊ ဘယ်ကလာ ဟုတ်ရမှာလဲ၊ ငါ့မှာ သင်တန်း လာတက် ပါတယ်ဆိုနေ၊ ငါ နေရတာ သင်တန်းသားအဆောင်မှ မဟုတ်ပဲ "

" နို့၊ မင်းက ဘယ်မှာနေရလို့လဲ "

" မိတ္ထီလာက လက်ဖက်ရည်ဆိုင်တွေ ကြားထဲမှာလေ၊ မနက်ဆို ခေါင်းရင်းခန်းက ဖွင့်ပါပြီဗျာ၊ ဘိဘိစီ ဗွီအိုအေ၊ ညဆို ခြေရင်းခန်းက ဖွင့်ပါပြီဗျာ၊ သတင်းဝေဖန်ချက်နဲ့ သောတရှင်တို့လိုရာ၊ ကိုယ့်လူတွေက ရေဒီယိုပါ အားမရလို့ တစ်ခါတစ်ခါ ကက်ဆက်ပါ အသံကျယ်ကြီးနဲ့ ဖွင့်လိုက်သေးဗျာ၊ ခေါင်းရင်းခန်းက ပိုဆိုးသေး၊ မိတ္ထီလာကားဂိတ်က လက်ဖက်ရည်ဆိုင်တွေ အတိုင်းပဲ "

မောင်မောင်တင်က ထိုစကားကို စပ်ဖြဲဖြဲနှင့် ပြောနေခြင်းဖြစ်၏။ သူသည် အလွန် အနောက်သန်၏။ ဗိုလ်လောင်းဘဝက ကျွန်တော်တို့ ဗိုလ်လောင်းတပ်ခွဲ အငြိမ့်ကတိုင်း လူရွှင်တော်လုပ်ခဲ့၏။ မည်သူ့မျက်နှာမနာပါးမနာ နောက်တတ်၏။ မျက်နှာ အလွန်ပြောင်၏။ ကျွန်တော်သည် တိုက်ခိုက်ရေးကျောင်း၌ သူနှင့် အိမ်နီးချင်းအဖြစ် လပေါင်းများစွာ နေခဲ့၍ သူ့အကြောင်းကို ကောင်းကောင်း သိပါသည်။ သူ စသည် နောက်သည့် ဒဏ်ကိုလည်း ကြိမ်ဖန်များစွာ ခံခဲ့ရဖူးပါသည်။

ယခုလည်း သူသည် သူ့ခေါင်းရင်းအခန်း၌နေသည့် ဗိုလ်မှူးမောင်ဒွေးအား စနေခြင်းဖြစ်၏။ သူတို့နှစ်ယောက်လုံးသည် တစ်နယ်တည်းသားများ ဖြစ်ကြ၏။ ဗိုလ်မှူးမောင်မောင်တင်က မလှိုင်သား၊ ဗိုလ်မှူးမောင်ဒွေးက တောင်သာသားဟု ဆိုသည်။ တစ်နယ်တည်းသားများ ဆိုသော်လည်း လူပုံများကတော့ တခြားစီပင်။ ဗိုလ်မှူးမောင်ဒွေးက သပ်သပ်ခပ်ခပ် နေတတ်၏။ ရုပ် ခပ်ချောချောဖြစ်သည်။ အမျိုးမကာစသည်များ မသောက်တတ်၊ မည်သူ့ကိုမှလည်း မနောက်တတ် မပြောင်တတ်၊ တစ်ကိုယ်တည်း ခပ်တည်တည် နေလေ့ရှိ၏။ ဗိုလ်မှူးမောင်မောင်တင်က နောက်တတ် ပြောင်တတ်၏။ ကျောက်ပေါက်မာ သက်သက်ရှိသည်။ ထို့ကြောင့် သူ့စကားဆုံးသည်နှင့် ဗိုလ်မှူးမောင်ဒွေးက

"ကိုမောင်မောင်တင်၊ မိုးချုပ်မှ လာဖောက်နေပါလား၊ ကျွန်တော်က နေ့ခင်းနေပူမှ ဖောက်တယ်ထင်တာ၊ ခင်ဗျားက ညလဲ ဖောက်တတ်တာပဲ၊ ဖောက်တဲ့သူတွေက ကြောက်ရတယ် ဗျ "

" ဖောက်တဲ့လူထက် ဟိတ်ဟန်များတဲ့သူက ပိုကြောက်ရတယ် "

" ဖောက်တဲ့လူတွေ တပ်ထဲမှာ မထားသင့်ဘူး၊ ဖယ်လိုက်ဖို့ ကောင်းတယ် "

" ဟိတ်ဟန်များတဲ့လူဆို ပိုမထားသင့်သေးတယ်၊ ထုတ်ပစ်လိုက်ရင် ကောင်းမယ် "

ကိုမောင်မောင်တင်၏ စကားဆုံးသည်နှင့် ဗိုလ်မှူးမောင်ဒွေးက ထမင်းစားနေရာမှ "ဝုန်းကနဲ" ထလိုက်ပြီး "မင်း၊ ဘာစကားပြောတာလဲ"ဟု ဆိုကာ မောင်မောင်တင်အား လှမ်းဆွဲလိုက်၏။

" မင်းကတော ဘာပြောတာလဲ "ဟု မောင်မောင်တင်က ပြန်ပြော၍ တစ်ယောက်ကိုတစ်ယောက် ဆွဲကြ၏။

ထိုအခါ ရယ်ဖြဲဖြဲနှင့် သူတို့စကားအခြေအတင် ပြောနေကြသည်ကို ကြည့်ကောင်းကောင်းဖြင့် ကြည့်နေသော ကျွန်တော်လည်း မနေနိုင်တော့ဘဲ

" ဟာ အချင်းချင်းတွေ၊ နောက်တာပဲဗျာ၊ တော်ကြပါတော့ "ဟု ဆိုကာ မောင်မောင်တင်အား " လာပါ သူငယ်ချင်းရာ "ဟု ဆိုပြီး အတင်းဆွဲခေါ်လာခဲ့ပါတော့သည်။

ဗိုလ်မှူးမောင်ဒွေးက သင်တန်းမှူးအား ညတွင်းချင်းသွားတိုင်၏။ ကျွန်တော်မြောက်ပေးသဖြင့် သူနှင့် မောင်မောင်တင် ရန်ဖြစ်ရပါသည်ဟု မပိုဆောင်းထည့်ပေးလိုက်ရာ ကျွန်တော့်မှာ အတော်ပင် ရှင်းယူလိုက်ရပါသည်။ အစားမတော် တစ်လုပ်၊ အသွားမတော် တစ်လှမ်းပေါ့ခင်ဗျာ (ယခုတော့ ထိုသူငယ်ချင်းနှစ်ဦးစလုံး မရှိကြတော့ပါ၊ ကွယ်လွန်သွားကြပါပြီ)



www.burmeseclassic.com

www.burmeseclassic.com


အသွားမတော် တစ်လှမ်း ဆိုသည့်စကားနှင့်ပတ်သက်၍ နောက်ထပ် ဖြစ်စဉ်တစ်ခု ဖော်ပြပါဦးမည်။

ကျွန်တော်တို့ သင်တန်းဖော် OTS (၃၄)မှ ဗိုလ်မှူးအောင်လင်းပါ၏။ သူသည် မိုးဟိန်း(၆) ဘိန်းစစ်ဆင်ရေးဖြင့် Field Promotion ရကာ နာမည်ကြီးနေသူဖြစ်သည်။ အသားညိုသော်လည်း ရုပ်ရည်က သန့်သန့် ပြန့်ပြန့်ဖြစ်၏။ အရက်၊ ဆေးလိပ် သောက်လေ့မရှိ၊ ရှုံးအုပ်အရာခံဗိုလ်မှ ကော်မရှင်ရလာသူ ဖြစ်သည်။ သူ့ကိုယ်သူ အမြဲသတ္တာဘီးကလေး တစ်ချောင်းထုတ်၍ ခဏခဏ ရှုပအွန်နေတတ်သဖြင့် သူ့သူငယ်ချင်းများက သူ့အား ရှုပါလင်းဟု ခေါ်ကြသည်။ သူနှင့် ပတ်သက်၍ မမေ့နိုင်စရာဖြစ်သည့်ကိစ္စမှာ အောက်ပါအတိုင်း ဖြစ်၏။

သင်တန်းတက်ပြီး သုံးလခန့်အကြာတွင် Outdoor Exercise ပြုလုပ်ရန် ကျွန်တော်တို့ သင်တန်းတစ်ခုလုံး ဗထူးမှ ဘော်ဆိုင်းသို့ တစ်ပတ်ကြာ ခရီးထွက်ခဲ့ကြ၏။ ဘော်ဆိုင်းတွင် လေ့ကျင့်ခန်း နောက်ဆုံးနေ့ကပါလာသည့် အကူရဲဘော်များသည် နီးစပ်ရာ ရေတွင်းရေကန်များသို့ အဝတ်များ သွားလျှော်ကြ၏။ မိုးတွင်းဖြစ်၍ ကျွန်တော်တို့ အဝတ်များမှာလည်း လေ့ကျင့်ခန်းပြီးတိုင်း ပေပွသွားရာ ပစ်ထား၍ မရနေ့စဉ် လျှော်ရ၏။

ကျွန်တော်တို့ တည်းနေသည့် ဘုန်းကြီးကျောင်း၏မြောက်ဘက်၌ ရေကန်ကြီးတစ်ကန် ရှိသည်။ ထိုနေ့က ကျွန်တော်တို့သည် ထိုရေကန်နှင့် မနီးမဝေးတွင် လေ့ကျင့်ခန်းများ ပြုလုပ်ကြ၏။ နေ့လယ်သင်တန်းခေတ္တတန်းဖြုတ်ချိန်၌ " အကူရဲဘော်တစ်ယောက် ရေနစ်သွားလို့ဗျို့ " ဟု သရုပ်ပြတပ်ခွဲမှ စစ်သည်တစ်ဦးက ပြေးပြီးလာသတင်းပို့သည်။ သူတပည့်လား၊ ငါ့တပည့်လားဟု စိတ်ပူကာ ကျွန်တော်တို့အားလုံး အပြေးအလွှားသွားကြည့်ကြ၏။ ရေနစ်သူကို သရုပ်ပြတပ်ခွဲမှ ရေကူးကျွမ်းကျင်သူရဲဘော်သုံးလေးဦးက ဆင်းဆယ်နေကြသည်။

ကျွန်တော်တို့ရောက်တော့ ရှာတွေ့ပြီဖြစ်၍ ကုန်းပေါ်သို့ တင်လာ၏။ ရေနစ်သွားသည့်ရဲဘော်မှာ အသားညိုညို၊ ခပ်ပိန်ပိန်နှင့် အသက်နှစ်ဆယ့်ငါးနှစ်ခန့် ဖြစ်သည်။ နာမည်မှာ သိန်းမြင့်လား၊ မြင့်သိန်းလားမမှတ်မိတော့ပါ။ ဗိုလ်မှူးအောင်လင်း၏အကူရဲဘော်ဖြစ်၏။ ကုန်းပေါ်ရှိ




ဗထူးတပ်မြို့နှင့် ဒေသအသီးသီးဆက်သွယ်သည့်လမ်းကြောင်းပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည့် ရေနစ်သည့်ရဲဘော်အား သင်တန်းနှင့် အတူပါလာသည့် ဆေးအရာခံဗိုလ်က စစ်ဆေးကြည့်၏။ ထို့နောက် ခပ်တိုတိုပင် ပြောလိုက်သည်။

" အသက်မရှိတော့ဘူး၊ ဆုံးပြီ "

" ဘယ်လိုဖြစ်ကြတာလဲ "

သင်တန်းမှူးက ဝင်မေး၏။ ထိုအခါ ဘေးနားရှိ စစ်စွပ်ကျယ် လက်ပြတ်နှင့် စစ်သည်တစ်ဦးက အောက်ပါအတိုင်း ပြောပါတော့သည်။

" ကျွန်တော်က ဗိုလ်မှူးမောင်ဒွေးရဲ့ အကူရဲဘော်ပါ၊ သူနဲ့ ကျွန်တော်က တစ်ဆောင်တည်း အတူနေကြတော့ တအားခင်ပါတယ်၊ သူက ဗိုလ်မှူးအောင်လင်းရဲ့ အကူရဲဘော်ပါ၊ နေ့လယ်လောက်က ဗိုလ်မှူးတို့ အဝတ်တွေ လျှော်ရအောင်ဆိုပြီး ကျွန်တော်တို့နှစ်ယောက် ထွက်လာ ပါတယ်၊ ဘုန်းကြီးကျောင်းက ရေတွင်းမှာ လျှော်ဖို့လုပ်တော့ သူက ရေကူးရင်း ရွာထိပ်က ကန်ကြီးမှာ လျှော်မယ်ဆိုပြီး ထွက်လာတာ၊ ကျွန်တော်က ရေမကူးတတ်ဘူး၊ သူက ကူးတတ်တယ်၊ သူအတင်းခေါ်လို့ ကျွန်တော်ပါလာတာပါ၊ ဒီရောက်တော့ ဘာစိတ်ကူးပေါက်သလဲ မသိဘူး၊ လျှော်ထားတဲ့အဝတ်ကို ရေထဲလှမ်းပစ်လိုက်၊ ကူးပြီး ဆယ်လိုက်၊ ပစ်လိုက် ဆယ်လိုက် လုပ်နေတယ်၊ အစ်ကို မလုပ်နဲ့လေဗျာလို့ ပြောတော့ ဟာ-ရပါတယ်ကွာဆိုပြီး ဆက်လုပ်နေတယ်၊ သုံးလေးခါလုပ်ပြီး နောက်ဆုံးအခေါက်မှာ နစ်သွားတာပဲ၊ ပြန်ပေါ်လာသေးတယ်၊ ကျွန်တော့်ကို လက်ပြပြီး ခေါ်တယ်၊ ကျွန်တော်က နောက်နေတယ်ထင်လို့၊ အဲဒါ ပြန်မပေါ်လာတော့မှ ရေနစ်နေလို့ လာကြပါဦးဗျို့လို့ ကျွန်တော်အော်လို့ သရုပ်ပြတပ်ခွဲကရဲဘော်တွေ လာဆယ်လိုက်တာပါ၊ ဘုန်းကြီးကျောင်းမှာ ကျွန်တော်ပြောတဲ့အတိုင်း အဝတ်လျှော်လိုက်ရင် အကောင်းသား၊ မနေနိုင် မထိုင်နိုင် ရွာထိပ်ကကန်ကို လာလျှော်မိလို့ ခုလို သူဆုံးသွားရတယ်"

ဗိုလ်မှူးမောင်ဒွေး၏အကူရဲဘော်က မျက်ရည်ဝိုင်း၍ ပြောလေသည်။

" အင်း၊ သူ့ကံကိုက ဒီမှာ သေရမယ်ဆိုတာ ပါလာပြီးသားပဲ "

သင်တန်းမှူးက ကောက်ချက်ချလိုက်၏။ ထို့နောက် ဗိုလ်မှူးမောင်လင်း၏ဆန္ဒကိုမေးပြီး အလောင်းကို ဗထူးသို့ သင်တန်းကားနှင့် ပြန်ပို့စေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အလောင်းမသယ်မီ ဝါသနာကိုမစွန့်နိုင်သော ကျွန်တော်က မနေနိုင်မထိုင်နိုင်ဖြင့် သေသူ၏လက်ဖဝါးနှစ်ဖက်ကို လှန်ကြည့်လိုက်၏။ ဘေးမှ သူငယ်ချင်းများက

" ဟေ့လူ ဘာလုပ်တာလဲ၊ ဘာတွေ့လို့လဲ "

ဟု ဝိုင်းမေးကြရာ

" အင်း၊ ဒီလက္ခဏာရှင်ကတော့ အသက်ရှည်လမ်းကြောင်းပိတ်ပြီး သေကို သေရမယ် "

" အံမယ် တယ်ဆိုတဲ့စာပါလား၊ ဟောစမ်းပါဦး ဆရာကြီးရဲ့ "

" အင်း၊ ဟောရမယ်ဆိုရင်တော့ သေသူရဲ့ ဘယ်ညာ လက်ဝါးပြင် နှစ်ဖက်စလုံးက နှလုံးလမ်းကြောင်းတွေဟာ အခုအသက်ပိုင်းမှာ ပြတ်နေတယ်၊ တစ်ဖက်တည်းပြတ်ရင် တော်သေးတယ်၊ နှစ်ဖက်စလုံး ပြတ်နေလို့ သေမှာသေချာတယ်၊ နှလုံးသွေးကြော ပြတ်တာတို့၊ အသက်ရှည်လမ်းကြောင်း ပိတ်တာတို့၊ မွန်းကျပ်တာတို့ဆိုတဲ့ ကိစ္စတွေနဲ့ သေကို သေရမယ်၊ မယုံရင် ကြည့်လေ "

ကျွန်တော်ပြောသဖြင့် သင်တန်းသား အတော်များများက သေသူ၏ လက်ဝါးပြင်ကို ဖြန့်ကြည့်ကြသည်။

ထို့နောက် "ဟိုက်၊ ဟုတ်တယ်ဟ"ဟု ဆိုကြကုန်၏။

ဤသို့ လက္ခဏာအဟောကောင်းသဖြင့် ကျွန်တော့်မှာ သင်တန်းပြီးဆုံးသည်အထိ မြေပုံကြည့်သည့် မှန်ဘီလူးကလေးတကိုင်ကိုင်ဖြင့် သင်တန်းသားတစ်ပိုင်း၊ လက္ခဏာဆရာတစ်ပိုင်း လုပ်လိုက်ရပါသေးသည်။

နောက်ထပ်ပြောစရာ တစ်ခုရှိပါသေးသည်။

သင်တန်းပြီးခါနီးကာလများ၌ အားလပ်ချိန်များတွင် ကျွန်တော်တို့သည် အပျင်းပြေ စကားဝိုင်းဖွဲ့ကြ၏။ Scrabble ကစားကြ၏။ အပျင်းပြေဆိုသော်လည်း အလကားကြေးတော့ မဟုတ်၊ One Bottle ကြေး၊ နည်းနည်းကြေးကြီးသွားက One Table ကြေးဖြစ်သည်။ အများဆုံး ကစားကြသူများမှာ ကျွန်တော်၊ ဗိုလ်မှူးမောင်မောင်တင်၊ ဗိုလ်မှူးထွန်းကြည်၊ ဗိုလ်မှူးတင်ထွန်း၊ ဗိုလ်မှူးစိုးမြင့်၊ ဗိုလ်မှူး ဦးဖရက်စန်းလင်း၊ ဗိုလ်မှူးသိန်းနိုင်၊ ဗိုလ်မှူးတင်မောင်ဝင်းစသူများ ဖြစ်ကြ၏။ ရံဖန်ရံခါတွင်



ဗိုလ်မှူးစန်းမောင်လည်း ပါ၏။ ထိုသို့ ကစားရင်း လက်လှည့် မျက်လှည့် ပဉ္စလက်များအကြောင်း ဆွေးနွေးဖြစ်ကြ ပါတော့သည်။

ထိုအခါ ဗိုလ်မှူးတင်ဒွေးက သူ BADT တွင်နေခဲ့စဉ်က ရဲဘော်သစ်တစ်ဦးရှိကြောင်း၊ ထိုရဲဘော်သည် အဝေးမှ ပစ္စည်းအမျိုးစုံကို သူ့အတတ်ပညာဖြင့် ခေါ်ယူပြနိုင်ကြောင်း၊ တပ်တွင် ကြာကြာထားမရ၍ ထုတ်ပစ်လိုက်ရကြောင်း ပြောပါတော့သည်။ ဗိုလ်မှူးတင်ဒွေးကိုယ်တိုင်ပင် မျက်လှည့်ကို အလွန် ဝါသနာပါ၏။ ဗိုလ်လောင်းဘဝမှာကတည်းက ဝတ်ရုံနက်အရှည်ကြီးဝတ်ကာ မျက်လှည့်ဆရာကြီး အန်ကယ်ပီကင်း အမည်ဖြင့် ကျောင်းကပွဲများတွင် မျက်လှည့်ပြလေ့ရှိ၏။ ဆရာကြီး အန်ကယ်ပီကင်းဟုဆိုက သိသူများလှ၏။ ယခုလည်း သူ့ဆွေးနွေးမှုအား ကျွန်တော်တို့က အထူးတလည် စိတ်ဝင်စားသွားသည်။

" ဘာဖြစ်လို့ အဲ့ဒီရဲဘော်ကို ထုတ်ပစ်လိုက်ရတာလဲ၊ ဘယ်လို ထူးခြားဖြစ်စဉ်တွေ တွေ့လို့လဲ "

ကျွန်တော်တို့ကမေးရာ သူက အောက်ပါအတိုင်း ပြောပါတော့သည်။

"တစ်နေ့တော့ ကျွန်တော်နဲ့ ကျွန်တော့်သင်တန်းမှူး နှစ်ယောက်တည်း ဒီရဲဘော်ကို သင်တန်းမှူးအိမ်ခေါ်လိုက်တယ်၊ သင်တန်းမှူးက ဒီရဲဘော်ရဲ့ပညာကို မယုံဘူး၊ ဒါကြောင့် ဒီရဲဘော်အိမ်ကို ရောက်လာတော့ မင်း ပစ္စည်းတွေခေါ်ပြလို့ ရတယ်ဆိုတာ ဟုတ်သလား၊ ရရင် ခေါ်ပြစမ်းပါ၊ ငါက သိပ်မယုံဘူးလို့ ပြောတယ် "

" ရဲဘော်လေးက ရပါတယ်၊ ဗိုလ်ကြီးအိမ်အပေါ်ထပ်က သတိရတဲ့ဟာ တစ်ခုခုကို ပြောပါ၊ အိမ်အပေါ်ကနေ အောက်ကို ရောက်အောင် ခေါ်ပေးပါ့မယ်လို့ ပြောပါတယ် "

" သင်တန်းမှူးက အဲဒါဆိုရင် ငါစားနေကြ အိမ်အပေါ်ထပ်က ကွမ်းအစ်ကို ရအောင် ခေါ်ပေးကွာလို့ပြောတော့ ရဲဘော်လေးက ဟော့- အိမ်ပေါ်က ကွမ်းအစ် အောက်ကို ဆင်းခဲ့စမ်း လို့ ပြောလိုက်တယ် "

ထိုအခါ ကျွန်တော်တို့က " အဲဒီတော့ တကယ်ကော ဆင်းလာခဲ့ရောလားဗျာ "ဟု ဝိုင်းမေးလိုက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



“ ဟာ ဘာပြောကောင်းမလဲ၊ ကောင်လေးပြောပြီးတာနဲ့ ကွမ်းအစ်ကြီးက တကယ်ကိုပဲ ဒုံး၊ ဒုံး၊ ဒုံး၊ ဒုံးနဲ့ လှေကားထစ်အတိုင်း ဆင်းလာတယ်ဗျာ၊ ကွမ်းအစ်က ကြေးကွမ်းအစ်ကြီးဆိုတော့ အသံ သိပ်မြည်တာပေါ့ ”

“ အဲဒါနဲ့ သင်တန်းမှူးက ဟိတ်ကောင်- ဟိတ်ကောင်၊ မင်းဟာ ကြီးတော်တော့လို့ လန့်ဖျပ်ပြီး ပြောတယ်၊ အဲဒီကျမှ ရဲဘော်လေးက ဟော့ ကွမ်းအစ်ရပ်လို့ အော်လိုက်တာနဲ့၊ ကွမ်းအစ်ကြီးကလဲ ဒိုင်းဆိုပြီး လှေကားပေါ်မှာ ရပ်သွားတော့တာပါပဲဗျာ ”

ကျွန်တော်တို့တစ်တွေလည်း အပြောကောင်းလှသည့် ဗိုလ်မှူးတင်ဌေးကို ငေးကြည့်နေရ ပါသည်။ ဗိုလ်မှူးတင်ဌေးက ဆက်ပြောပြန်၏။

“ ဒီကောင်လေး တပ်ကထွက်မသွားခင် သူ့ဆီက ပညာလေး နည်းနည်းရလိုက်သေးတယ် ”

“ ဟာ ဘာပညာလဲ လုပ်စမ်းပါဦး ”

“ ဂဏန်းတွေနဲ့ ပတ်သက်တာပါပဲ ”

“ ခုရော ရသေးလား ”

“ ရပါသေးတယ် ”

“ စမ်းကြည့်လို့ ရမလား ”

“ တစ်ခါနှစ်ခါတော့ အစမ်းခံနိုင်ပါတယ်၊ ခဏခဏတော့ အစမ်းမခံနိုင်ဘူး ”

“ ဒါဆိုရင် လုပ်လေဗျာ၊ ကြည့်ရအောင်၊ ပြီးတော့ One Table ပေါ့ ”

နောက်တစ်နေ့ နေ့လယ်တန်းဖြုတ်ချိန်တွင် ဗိုလ်မှူးတင်ဌေးက စမ်းသပ်ပွဲကြီးအား ပြုလုပ်ပါတော့သည်။

ပြုလုပ်ပုံမှာ သူက သူ့လက်ရေးဖြင့် တစ်မှကိုးအထိ ဂဏန်းတစ်လုံးချင်းအား စာရွက်တစ်ရွက်စီပေါ်တွင် ရေးလိုက်၏။ ထို့နောက် ထိုစာရွက်များအား စားပွဲခုံတစ်ခုပေါ်တွင် မှောက်ထားစေသည်။ သူက ထိုစားပွဲခုံကို ကျောပေးကာ (၁၀)ပေခန့်အကွာမှ ရပ်နေ၏။ မည်သူမဆို ကြိုက်သည့် စာရွက်တစ်ရွက်ကို ကိုင်ပါ၊ စာရွက်ပေါ်တွင် ဘာဂဏန်း



ရေးထားသည်ကို သူပြောနိုင်သည်ဟု ဆို၏။ သင်တန်းတစ်ဖွဲ့လုံးက ထိုစာရွက်ရွေးရန်အတွက် ကျွန်တော့်ကို တာဝန်ပေးလိုက်သည်။

ကျွန်တော်က စာရွက်တစ်ရွက်ကို ရွေးလိုက်၏။ ဗိုလ်မှူးတင်ဌေးက နှစ်ဟု ဖြေလိုက်သည်။ မှန်သွား၏။ နောက်တစ်ရွက် ရွေးလိုက်ပြန်သည်။ ကိုးဟု ဖြေလိုက်ရာ မှန်ပြန်၏။ နောက်တစ်ကြိမ်တွင် ကျွန်တော်က ခြောက်ကိုရွေးလိုက်ရာ သူက မှန်အောင် ဖြေနိုင်ပြန်၏။ အခြားသင်တန်းသားတစ်ဦးက စာရွက်နှစ်ရွက်ကို ရွေးပြီးယူလိုက်ရာ ပထမက ငါး၊ ဒုတိယက ခုနစ်ဟုဖြေရာ မှန်သွားပြန်၏။ ထိုအခါ အားလုံးက လက်ခုပ်တီးပြီး ဩဘာပေးကြ၏။

ဗိုလ်မှူးတင်ဌေးက “ ဒီလောက်ပဲ ရမယ်၊ ခင်ဗျားတို့ဟာက များနေပြီ ”ဟု ပြော၍ ပွဲသိမ်းလိုက်ရပါတော့သည်။

ကျောင်းမဆင်းမီ နောက်တစ်ကြိမ် စမ်းသပ်ကြည့်ပြန်တော့လည်း မှန်ပြန်၏။ သူက နှစ်ကြိမ်ထက် ပိုမစမ်းပါနှင့်ဆို၍ မစမ်းဖြစ်တော့ပါ။ ပြီးတော့ သူ့အား အားလုံးက စုပြီး One Table ပေးလိုက်ရပါသည်။ သူမည်ကဲ့သို့ သင်ကြားခဲ့သည်ကို မည်သူကိုမျှ ပြောမပြခဲ့ပါ။ ထိုကိစ္စကို ယနေ့ထက်တိုင် အမှတ်ရနေမိပါသေးသည်။ မကြာသေးမီက ဗိုလ်မှူးတင်ဌေး တပ်မှအငြိမ်းစားယူပြီး မြို့တော်ခန်းမရှိ ကျွန်တော့်ထံ ရောက်လာပါသေးသည်။ သူလာသည့်နေ့က ဧည့်သည်များ များနေ၍ ထိုကိစ္စကို မမေးဖြစ်ပါ။ နောင်ကြုံလျှင်တော့ မေးရပါဦးမည်။ သိရင် ကိုယ်လည်း အပျင်းပြေ၊ မျက်လှည့်ပြကြည့်ရတာပေါ့ခင်ဗျာ။

## သင်တန်းမှ ဆင်းကြပြီ

ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ်(၃)ကား ၁၉၈၃ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ပြီးဆုံးပါတော့သည်။ သင်တန်းကာလအတွင်း၌ ကျွန်တော်သည် ကျောင်းအုပ်ကြီး၊ ဒု-ကျောင်းအုပ်ကြီးတို့နှင့် နှစ်ကြိမ် သုံးကြိမ်လောက်သာ တွေ့ဖြစ်၏။ ကျောင်းဆင်းသည့်နေ့က ဒု-ကျောင်းအုပ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



" ဟော့ကောင် မင်းကို ကျောင်းအုပ်ကြီးက မေးနေတယ်၊ ဗိုလ်သက်ဦးဆိုတဲ့ကောင် သင်တန်းပြီးသွားပြီ၊ ကျုပ်ဆီတောင် လာမသွားဘူးလို့ ပြောနေတယ် "ဟု ဆိုပါတော့သည်။

ထိုစဉ်က သင်တန်းသားများသည် သင်တန်းကျောင်းမှ အရာရှိများထံ မသွားရဟု ကျောင်းမှအမိန့်ထုတ်ထားရာ ကျွန်တော်လည်း ကျောင်းအုပ်ကြီးအိမ်ကို မသွားဖြစ်ခဲ့ပါ။ ဒု ကျောင်းအုပ်ကြီး စကားကြားမှ ကိုယ့်မသိတတ်မှုအတွက် စိတ်မကောင်းဖြစ်ရပါတော့သည်။ မည်သို့ဆိုစေ တပ်ရင်းမှူး သင်တန်းတက်လိုက်ရသဖြင့် ဗျူဟာအဆင့်၊ တပ်မအဆင့် တပ်များကို ကိုင်တွယ်တိုက်ခိုက်ရန်အတွက် အဆင့်မြင့်စစ်ပညာကို သင်လိုက်နိုင်ပါတော့သည်။ သင်တန်းတက်လိုက်ရ၍ စစ်ပညာတစ်ဆင့်မြင့်လာရုံသာမက မိတ်ဆွေများပါ တိုးပွါးသွားသဖြင့် တစ်နည်းတစ်ဖုံ ကျေနပ်ရပါ၏။

သင်တန်းပြီးသည့်နေ့က ကျွန်တော်သည် ရထားစီးရန် ဝရမ်းပါသော်လည်း အိမ်သို့ တစ်ရက်ကြိုတင်ရောက်ချင်သဖြင့် ရထားမစီးဘဲ တောင်ကြီးတက်၍ ကျားခေါင်းကားဖြင့် မကွေးသို့ပြန်ပါသည်။ အရေးထဲတွင် အတူပါလာသူ အကူရဲဘော်သန်းဇော်က ဖောက်သွားပြီး သံချပ်ကာတပ်ခွဲမှ တပ်ကြပ်ကြီးတစ်ဦးသမီးနှင့် ထွက်ပြေးမည်လုပ်နေသည်။ သူ့ကိစ္စ လိုက်ဖြေရှင်းနေရသဖြင့် တောင်ကြီးသို့ မိုးချုပ်မှ ရောက်ပါသည်။ တောင်ကြီးရောက်တော့ ညအတော်မှောင်ပြီ၊ လိုင်းကားများ မရှိတော့၊ တပ်ကိုလည်း ပြန်ချင်လှပြီ၊ ဘယ်လိုမှ မရသည့်အဆုံး တောင်ကြီးမှ မိတ္ထီလာသို့ အရေးပေါ် လူသေအလောင်းပို့သော စင်းလုံးငှား ဒေါ့ချ်ကား တစ်စီးအား သွားတွေ့ရာ တောင်းတောင်းပန်ပန် တား၍ လိုက်စီးရပါတော့သည်။

ကားပေါ်တွင် ကျွန်တော်၊ ကျွန်တော့်အကူရဲဘော်၊ အလောင်းရှင်နှင့် ကားသမား လေးဦးသာ ပါ၏။ ကျွန်တော်က ကိုယ့်အတွေးနဲ့ ကိုယ်၊ ကျွန်တော့်အကူရဲဘော်ကလည်း သူ့ခံစားချက် နဲ့သူ၊ မသာရှင်ကလည်း သူ့အပူနဲ့သူ၊ ကားသမားကလည်း သူ့ဒုက္ခနဲ့သူမို့ အတော်တော့ ရယ်ရပါသည်။

ကျွန်တော်သည် တောင်ကြီးတွင် ကားမထွက်မီ သုစာစာရင်း ရမ်နှစ်ပက်၊ သုံးပက် သောက်ခဲ့၏။ လမ်း၌ လူသေသေတ္တာကိုမှီကာ



တစ်လမ်းလုံး ငိုက်၍လိုက်ခဲ့၏။ မနက်(၄)နာရီခန့်တွင် မိတ္ထီလာသို့ ရောက်ပါသည်။ မိတ္ထီလာတွင် ကျားခေါင်းလိုင်းကား ပြောင်းစီး၏။ မကွေးမနက(၁)ရှိအိမ်သို့ မနက် (၇)နာရီသာသာခန့်တွင် ရောက်သွား၏။ အကူရဲဘော်အား ထမ်းလာသည့်သေတ္တာကို အိမ်ရှေ့ချခိုင်းပြီး အဆောင်ပြန်ခိုင်းလိုက်သည်။

ထို့နောက် ကျွန်တော်လည်း ကျောပိုးအိတ်လွယ်ပြီး အိမ်ထဲသို့ ဝင်လိုက်ရာ ဈေးဝယ်ရန် အိမ်တွင်းမှ ခြင်းတောင်းကိုင်ထွက်လာသည့် ဇနီးနှင့် ရုတ်တရက် တွေ့ကြသည်။

" ဟယ် ကို၊ ပြောတော့ ဒီနေ့မှ ရထားစီးပြီး နက်ဖြန် တနင်္ဂနွေ နေ့မှ ပြန်ရောက်မယ်ဆို "

စနေနေ့ မနက်အစောကြီး ပြန်ရောက်လာသည့် ကျွန်တော့်ကို ဇနီးသည် မေက တအံ့တသြဖြင့် မေး၏။

" အို ရထားစောင့်နေရင် ကြာလို့ကွာ၊ ရထားဝရမ်းက ကနေ့ ညနေမှ စီးရမှာ၊ မစောင့်နိုင်တော့လို့ မနေ့က သောကြာမှာ တောင်ကြီး တက်ပြီး လိုင်းကားစီးတာ၊ မမှီလိုက်လို့ နိဗ္ဗာန်ယာဉ်ကြုံနဲ့ မနည်း တောင်းပန်ပြီး လိုက်ခဲ့ရတယ် မေရေ "

ကျွန်တော်က ဖြစ်ပျက်ပုံအလုံးစုံအား နတ်သံနှောကာ ပြောလိုက်ရ၏။

" အမလေး၊ ဖြစ်မှဖြစ်ရလေတယ် ကိုရယ်၊ မေကလဲ ကို နက်ဖြန် ပြန်ရောက်မှာမို့ ချက်ဖို့ပြုတ်ဖို့ ဈေးဝယ်ထွက်မလို့၊ ခုတော့လဲ အတော်ပဲ စပ်မြန်မြန်ဈေးဝယ်ပြီး ခပ်မြန်မြန် ပြန်ခဲ့မယ်လေ "

" သားတို့၊ သမီးတို့၊ နုတို့၊ ငယ်တို့ရေ အဖေကြီး ပြန်ရောက်လာပြီဟေ့ "

မေ့အော်သံဆုံးသည်နှင့် အိမ်တွင်းမှ ကလေးများ ပြေးထွက်လာကြ၏။

" ဟေး၊ တို့အဖေကြီး ပြန်ရောက်လာပြီဟေ့ "

ကလေးများက ကျွန်တော့်အား ဝိုင်းဖက်ကြ၊ ပွေ့ကြ၊ သေတ္တာဆွဲသူ ဆွဲ၊ အိတ်ဆွဲသူ ဆွဲနှင့် လုပ်ကြ၏။ သင်တန်းမှာ ငါးလသာမျှ ခွဲခွာခဲ့ရသမျှ မေနဲ့ကလေးတွေ ပြန်တွေ့လိုက်ရတော့ ပို၍ဆိမ်းပန်း သည့် လန်းရွှင်သွားရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"သားတို့ ရုပ်ရည်၊ သီတာမည်သား
ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျတ
မိဘတို့ ဝမ်း၊ ငြိမ်းစတမ်းတည့် "ဆို မဟုတ်ပါလား ခင်ဗျာ။
ကျွန်တော်တို့ စစ်သားတွေရဲ့ ဘဝဆိုတာ ဒီလိုပါပဲလေ။

× × × ×



## အခန်း(၆)
## နောက်ထပ်တစ်ကြိမ် ရှေ့တန်းသို့

### ကျိုင်းတုံသို့ လစာပို့ သွားရခြင်း

တပ်ရင်းမှူးသင်တန်းမှဆင်းတော့ တပ်ရင်းဌာနချုပ်တွင် သုံးလေးငါးရက် နားလိုက်ရ၏။ မိုးမကုန့်တကုန်ဆိုသော်လည်း မကွေးက မြေလတ်ဒေသဖြစ်၍ သိပ်ပြီး မစွတ်စိုလှ။ ခြောက်ခြောက် သွေ့သွေ့ပင် မြင်၏။ မိသားစုနှင့် မြသလွန်ဘုရားသွားဖူးခြင်း၊ ဧရာဝတီမြစ်သို့ ရေသွားခြင်း၊ ရုပ်ရှင်အတူကြည့်ခြင်း စသည်များပြုလုပ်ကာ စိတ်အပန်းဖြေရ၏။ မိသားစုနှင့် ခွဲနေရတာကြာပြီဖြစ်၍ ကြုံကြိုက်သည့်အခါ Relax ဖြစ်အောင် လုပ်ရပါသည်။ အဖေ၊ အမေနှင့်အတူ သွားနေရ၍ ကလေးများကလည်း "မိုးမိုးရေ၊ ပါးပါးရေ"နှင့် အတော်ပျော်ကြ၏။

" မှူးသက်ဦး၊ ရင်းမှူးသင်တန်းမှ ပြန်လည်ရောက်ရှိကြောင်း သိရ၊ လစာပို့ ရတ သို့ တက်လာရန်နှင့် စစ်သည်များအတွက် တပ်စုချေး သမမှ ကျပ်ငွေခြောက်သိန်းပါ တစ်ပါတည်းယူဆောင်လာရန် "

ကျွန်တော် ဗထူးမှတပ်ပြန်ရောက်တော့ သင်တန်းပြီးဆုံး၍ တပ်ပြန်ရောက်ပြီ ဖြစ်ကြောင်း၊ ရှေ့တန်းရှိ တပ်ရင်းမှူးထံ တင်ပြလိုက်ရာ ..ကနေ့မှ အထက်ပါအကိုင်း ကြေးနန်း ပြန်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



" ကဲ သူငယ်ချင်း ကိုသက်ဦး၊ ရှေ့တန်းကို လစာပို့တဲ့ဗျာ၊ တပ်ရင်းမှူးကြီးဆီက ကြေးနန်းဝင်လာတယ် "

နောက်တန်းမှူး ဗိုလ်မှူးစိုးတင့်က ကြေးနန်းရောက်ရောက်ချင်း လာပြော၏။ မိသားစုနှင့် တစ်ပတ်ခန့်နားနေပြီးဖြစ်၍ အတော် စိတ်လက်ပေါ့ပါးနေပါသည်။ ဘယ်သွားရ၊ သွားရ သိပ်ပြဿနာ မရှိပါ။

" ရပါတယ်ဗျာ၊ သွားတာပေါ့ "

ကျွန်တော့်တပ်ခွဲမှ လစာကြပ် တပ်ကြပ်ကဲကြီးနှင့်အတူ လစာပေးတက်ခဲ့၏၊ မကွေးမှ တောင်ကြီးရပခသို့ ကားဖြင့် ရပခမှ ဟဲဟိုးကျိုင်းတုံလေယာဉ်လက်မှတ်ယူပြီး ကျိုင်းတုံသို့ ခရီးဆက်ရ၏။ အောက်တိုဘာ ဒုတိယပတ်တွင် ကျိုင်းတုံသို့ ရောက်၏။

" ဗိုလ်မှူးသက်ဦးရောက်လာတာ အတော်ဘဲဗျာ၊ ကျွန်တော်တို့လဲ မကြာခင် ပြန်ဆင်းရတော့မယ်၊ ဒီတစ်ခေါက်တော့ ရဲဘော်တွေက အချိန်နည်းနည်းရလို့ ပစ္စည်းလေးတွေ ဝယ်ချင်ကြတယ်၊ ဒါကြောင့် တပ်စုစျေးသမက ငွေမှာလိုက်တာ၊ ပစ္စည်းလေးတွေ ဝယ်တာက တပ်ပြန်ရောက်တော့ သီတင်းကျွတ်ကန်တော့ရတာပေါ့ဗျာ "

ကျွန်တော်ရောက်ရှိကြောင်း Arrival Report လုပ်သည့်အခါ တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောပါတော့သည်။

ကျိုင်းတုံတွင် ဗိုလ်မြတ်သာတို့၊ ဗိုလ်စိုးညွန့်တို့၊ ဗိုလ်ကြီးသူရခင်မောင်လတ်တို့တစ်တွေနှင့် ကွာကွာမားမား(သွားသွားလာလာ) ... လေးရက်လုပ်ပြီးသော် မကွေးကိုပြန်ခဲ့၏။ မပြန်မီ တစ်ရက်မှာ ယမ်းလေး လမုံးလေးတစ်ပွဲတော့ ပြေး ကလိုက်သေး၏။ စိတ်ပြေ လက် ပျောက်ပေါ့ ခင်ဗျာ။

" ဗိုလ်မှူးသက်ဦးရေ ဒီတစ်ခေါက်တပ်ဝင်ရင်တော့ Stage Show ကောင်းကောင်းတွေ လုပ်ပါဦးဗျာ၊ ဒီအပတ်လဲ တပ်က မိုင်းယန်နဲ့ မိုင်းညှင်း၊ မိုင်းခတ်ခွင်တွေ ဝင်ခဲ့ရတာဆိုတော့ သိပ်မချောင်ဘူးဗျ အတော်ပန်းသွားတယ်၊ ယမ်းကောင်ထိုးဖောက်တာလဲ အတော်လုပ်လိုက်ရတယ်၊ ကိုမြတ်လတို့အဖွဲ့တွေတော့ အတော် အထိနာသွားတယ် မနည်းလိုက်ပြီး ဆွဲထုတ်လိုက်ရတယ် "



" တပ်အဝင် မုခ်ဦးလေးလဲ ပြင်လိုက်ပါဦး၊ စုချေးသမငွေနဲ့ ပစ္စည်းလေးတွေဝယ်တာ အဆင်ပြေရင်လဲ ဒါ့ထက်ပိုပြီး စိုစိုပြေပြေဖြစ်မှာပေါ့ဗျာ "

ပြန်ရန်လေယာဉ်ကွင်းဆင်းမည့်နေ့တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း မှာလိုက်ပါသည်။

" အစ်ကိုကြီးရေ၊ ကျွန်တော်တို့အတွက်ကတော့ မင်းသမီး လှလှလေးတွေပါတဲ့ မန္တလေး အငြိမ့်လေးပေါ့ဗျာ "

အိမ်ထောင်မကျသေးသည့် ဗိုလ်ကြီးသူရခင်မောင်လတ်တို့ လူပျိုဟရာရှိအုပ်စုက မှာကြ၏။ ကျွန်တော် သဘောပေါက်စွာ ခေါင်းညိတ်ပြလိုက်၏။

× × × ×

မကွေးသို့ အောက်တိုဘာလမကုန်မီ ပြန်ရောက်သည်။

" ကဲ ကိုစိုးတင့်ရေ၊ တပ်ရင်းမှူးကြီးကတော့ တပ်အဝင်မုခ်ဦးကို ပုအောင်ပြင်တဲ့ဗျာ၊ ခင်ဗျားနဲ့ကျွန်တော် မုခ်ဦးလဲ ပြင်၊ လမ်းလဲ ပြင်၊ ဖျော်ဖြေရေးပွဲကွင်းလဲ ပြင်ပြီး အတတ်နိုင်ဆုံး အခင်းအကျင်းကောင်းအောင် လုပ်ကြတာပေါ့ "

တပ်ရောက်တော့ ဗိုလ်မှူးစိုးတင့်နှင့်ညှိနှိုင်း၍ တပ်ရင်းမှူးကြီး မှာသည်များကို ပြင်ရပါသည်။ အောက်တိုဘာအကုန် နိုဝင်ဘာလဆန်းတွင် သနက(၁)တပ်ရင်းကြီး ကျိုင်းတုံမှ ပြန်ဆင်းလာ၏။ တစ်တပ်လုံးက ဒီတစ်ခေါက်တော့ လူသုံးပစ္စည်းတွေ အများကြီးဝယ်လာကြမည် ဟု သိထားကြ၍ မျှော်တလင့်လင့် ဖြစ်နေကြ၏။ သုံးချင်၊ စွဲချင်နေကြ၏။ ကျွန်တော့်ကလေးများအတွက်လည်း သူငယ်ချင်းဗိုလ်မှူးသောင်းတင်နှင့် အောက်ကောက်စက်ဘီးတစ်စီး မှာထား၏။

" ကလင်၊ ကလင်၊ ကလင် "

" ဗိုလ်မှူးရေ၊ တောင်ကြီးက ဖုန်းလာနေတယ် "

တပ်ရေးဗိုလ်ကြီးကပြောသဖြင့် ဘာများပါလိမ့်ဆိုပြီး ဖုန်းကောက်ကိုင်လိုက်သည်။

" အစ်ကိုကြီးလား "

တစ်ဖက်မှ ဗိုလ်စိုးညွန့်အသံ။

" အင်း၊ ဟုတ်ပါတယ် "

www.burmeseclassic.com

www.burmeseclassic.com



" အစ်ကိုကြီးရေ အစ်ကိုကြီးလာပို့တဲ့ငွေတွေနဲ့ ဝယ်ခဲ့တဲ့ ပစ္စည်းတွေ အားလုံး အသိမ်းခံရတယ်ဗျာ "

" ဟေ၊ ဘယ်လိုဖြစ်တာလဲ "

" နောက်မှ ပြောမယ်၊ ကျွန်တော်တို့ အခုတောင်ကြီးက ထွက်မယ်၊ ထုံးစံအတိုင်း ရေနံချောင်းအထွက်က သဘက်ခါလာကြိုပါ "

" အေး၊ အေး၊ လာကြိုပါ့မယ် "

ကျွန်တော် အတော် စိတ်မကောင်းဖြစ်သွား၏။ စုချေးက ခြောက်သိန်း၊ လစာငွေတွေက တစ်သိန်းကျော် နှစ်သိန်း၊ အားလုံး ဆယ်သိန်းနီးပါး ရှိ၏။ သွားပါပြီ၊ Stage Show လုပ်ဖို့၊ အငြိမ့်ငှားဖို့ လုပ်ထားတာလေးတွေ။

မှာကြားသည့်ရက်တွင် ကျွန်တော်တို့ အရာရှိများ၊ ရေနံချောင်းအထွက်မှနေပြီး တပ်ကို သွားစောင့်ကြ၏။ ညနေတွင် တပ်ဝင်လာသည်။

" တပ်ရင်းမှူးကြီး၊ ဘယ်လိုတွေ ဖြစ်ခဲ့တာလဲခင်ဗျာ "

" မပြောပါနဲ့တော့ဗျာ၊ ခင်ဗျားလာပို့တဲ့ငွေလေးနဲ့ ဝယ်လိုက်တာတွေ ကုန်ခဲ့ပြီ "

ဟုသာ ပြောပါတော့သည်။

တပ်ရင်းမှူးကြီး မျက်စိ မျက်နှာမကောင်း၍ ဆက်မမေးတော့ပါ။ ရဲဘော်များ အားလုံးလည်း မျက်နှာ မသာမယာနှင့် ဖြစ်နေကြ၏။ နောက်မှ ဖြစ်ကြောင်းရယ်ကုန်စင်အား ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းနှင့် အိုင်... ဗိုလ်စိုးညွန့်တို့မှ ပြောပြ၍ သိရပါတော့သည်။ ထိုအခါကျမှ

" သြော်၊ ဒီလိုကိုး "ဟု သဘောပေါက်ရတော့၏။

တပ်ပြန်ရောက်သည့်အခါ တပ်ရင်းမှူးကြီးက စစ်သည်များ စိတ်ဓါတ် မကျစေရန် ချက်ချင်း မန္တလေးအငြိမ့် ငှားခိုင်း၏။ အငြိမ့်နှစ်ရက်သုံးရက် ကပေး၏။ အားကစားပွဲများ ပြုလုပ်ပေး၏။ စစ်သည်နှင့် မိသားစုများအတွက် ပုဂံ၊ ညောင်ဦးသို့ ဘုရားဖူးကားများစီစဉ်ပေးပြီး ဘုရားဖူးသွားစေ၏။ စိတ်အပြောင်းအလဲအတော်ဖြစ်သွားမှ Refi... သင်တန်း ပြုလုပ်စေပါသည်။ ထုံးစံအတိုင်း ကျွန်တော်ပင် သင်တန်းမှူး လုပ်ရ၏။



နောက်ဆုံး တပ်ထွက်ခါနီး တစ်ပတ်အလို၌ နောက်ထပ်စိတ်ဓါတ်တက်ကြွစေရန်အတွက် Stage Show လုပ်ပါသည်။ ဒီတစ်ခါတော့ ဗိတ္ထီလာလေတပ်မှ အဆိုတော် တပ်ကြပ်ကြီးညွန့်ခင် (ဗိုလ်မှူးညွန့်ခင်) ဦးဆောင်သည့် ဝေဟင်စစ်သည် တီးဝိုင်းကို ငှားဖြစ်ပါသည်။ ဝေဟင်စစ်သည်၏အစွမ်းကြောင့် အားလုံး တက်တက်ကြွကြွပြန်ဖြစ်သွားမှ ခရီးပြန်ထွက်ခဲ့ကြ၏။ ဒီတစ်ခါတော့ ဝမ်းကျင်း၊ ဆန်တောက်ဆိုပဲ။

× × × ×

**...ရှ့တန်းသို့ ပြန်တက်ရာဝယ်**

ပစ္စည်းများ ပြန်မရသော်လည်း တပ်ရင်းမှူးကြီး၏ အစီအမံ...ကောင်းမှုကြောင့် စစ်သည်များမှာ ယခင်အတိုင်းပင်အချိန်စေ့၍ ရှေ့တန်း...တက်ရသည့်အခါ တက်တက်ကြွကြွဖြစ်နေ၏။

ကျိုင်းတုံရှိ တပ်မမှူးအသစ်ကလည်း အခြေအနေလှမ်းမေး၏။ ...စ်ရုံးရှိ လူကြီးများကလည်း မေးကြ၏။

" အခုအခု အားလုံးကောင်း၊ တိုက်ပွဲဝင်ရန် အသင့်၊ ...စစ်သည်များ ယခင်ကကဲ့သို့ပင် စိတ်ဓါတ်တက်ကြွလျက် ရှိ "ဟု ...ကျွန်တော်တို့က ပြန်တင်ပြလိုက်မှ လူကြီးများက စိတ်အေးသွားကြ၏။

၁၉၈၄ ခုနှစ်ဆန်းစတွင် ရှေ့တန်းသို့ ပြန်တက်ခဲ့ကြ၏။ ရပခ...တောင်ကြီးတွင် ခဏသာ ဝင်သတင်းပို့ရ၍ ဆက်ထွက်ခဲ့ကြရသည်။ ...ဆင်းတုန်းကပါလာသည့် ပစ္စည်းများမှာ ရပခတွင် အသိမ်းခံခဲ့ရခြင်း ...ဖြစ်ရာ ယခုပြန်အတက်၌ သက်ဆိုင်ရာသို့ အခွန်အခပေးဆောင်စေပြီး ...သိမ်းထားသည့်ပစ္စည်းများအား ပြန်ပေးမည်ဟု ရပခမှ ပြောလိုက်သည်။ ...နည်းတော့ တော်သွားသေးသည်ဟု ဆိုရပါမည်။

တပ်အတက်မှာ ထုံးစံအတိုင်း သာစည်တစ်ည၊ ဟိုပုန်းတစ်ည၊ ...ဟိန်းတစ်ည အိပ်ရ၏။ မိုင်းပြင်းရောက်တော့ ကွန်ဗိုင်ကွင်းမှာ ...လိုက်ရသည်။ နောက်နေ့ကျတော့ ကားပေါ်မှဆင်းပြီး အရှေ့မြောက်...လာသည့် လားဟူသောင်းကျန်းသူ အဲဗွီအဖွဲ့ကို ခြေလျင် လိုက်...ရပါတော့သည်။ စစ်ကြောင်း(၁)နှင့် စစ်ကြောင်း(၂) နှစ်စုခွဲ၍ ...စဆင်ရာ အချိန် တစ်ပတ်ကျော် ကြာသွား၏။ စစ်ကြောင်း(၁)မှ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်တပ်ခွဲနှင့် ရန်သူနှစ်ကြိမ်ခန့် ထိတွေ့မှုဖြစ်လိုက်သည်။ ဒါ အဖွဲ့ကလည်း ဝိတ်ဆို့ထားသည့်ကြားမှပင် နမ့်မှိုင်ပန်စကိုင်ခွင်သို့ ဖောက်ထွက်သွား၏။ တံတာရွာရှိ ဗျူဟာကုန်းအနီးမှ ကပ်ဖြတ်သွားခြ ဖြစ်သည်။ "ရွှေသမင် ဘယ်က ထွက်၊ မင်းကြီးတာက ထွက်" ဖြစ်သွား (၎င်းအကြောင်းအား "သေကံမရောက်၊ သက်မပျောက်" စာအုပ်တွ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

ကျိုင်းတုံသို့ရောက်သော်တပ်မမှူးအသစ်နှင့် တွေ့ရ၏။ တပ်မ အယောင်းက အနောက်တောင်တိုင်းသို့ တိုင်းမှူးဖြင့် ပြောင်းသွာ ဖြစ်၏။ တပ်မမှူးအသစ်က ကျွန်တော့်ကို မြင်လျှင် မြင်ချင်းပင်

" ဩော် အေး၊ ဗိုလ်သက်ဦးလဲ ပါလာတာကိုး၊ ဒါပေါ့ကွာ၊ အ ယောက်အတွက် တစ်ယောက်က ကူရတာပေါ့ "ဟု ပြောပါတော့သည် ကျွန်တော်က

" ရပါတယ် တပ်မမှူးခင်ဗျာ၊ ကျွန်တော် ရှေ့တန်းမှာ ပိုပေ ပါတယ် "

ဟု ပြန်ပြောလိုက်၏။

" အင်း ကောင်းပါတယ်၊ ကောင်းပါတယ် "

တပ်မမှူးက ဆို၏။

ကိစ္စမှာ တခြားမဟုတ်ပါ။ ကျွန်တော်သည် တရားဝင်ဌာန တပ်ခွဲမှူးဖြစ်၏။ လုပ်ငန်းသဘောအရ တပ်ရင်းဌာနချုပ်တွင် တာ ထမ်းဆောင်ရမည့်သူ ဖြစ်သည်။ သို့ရာတွင် ကျွန်တော်၏သူငယ် ဗိုလ်မှူးစိုးတင့်ဒဏ်ရာရ၍ ဆေးနားပေးထားသဖြင့် သူ့အား နောက် တွင်ထားပြီး သူ့အစား လိုက်ခဲ့ရခြင်းဖြစ်၏။ တပ်မမှူးက ၎င်းသည် ဆိုလိုခြင်း ဖြစ်၏။

ထို့နောက် တပ်မမှူးက ကျွန်တော်တို့ကို ယခုသွားရမ ဝမ်ကျင်း၊ ဆန်တောက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရှင်း ပြောကြားပါတော့သည်။

" အေး မင်းတို့ အခုသွားရမယ့် ဝမ်ကျင်း၊ ဆန်တောက်ဟာ ဗျူဟာအရ အရေးကြီးတယ်ကွ၊ ဘယ်လိုမှ ရန်သူ့လက် ပြန်ပါသွား မရဘူး၊ အရင်တုန်းက တို့ကျိုင်းတုံတစ်ပိုင်းမှာ အမြဲလို ...



ဖြစ်နေတာ၊ ရန်သူ့ Base က ဝမ်ကျင်း ဆန်တောက်ပဲ၊ ဒီနေရာက အနောက်ဘက်ဆင်းရင် ကျိုင်းတုံပြန့်၊ မြောက်ဘက်ဆင်းရင် မိုင်းယမ်း ပြန့်၊ တောင်ဘက်ဆင်းရင် မိုင်းယောင်းပြန့်ဆိုတော့ ဖိုခနောင့်ဆိုင်သုံးခု ကြားမှာ ဒီကောင်တွေ ခွထိုင်ပြီး တို့ကို ဒုက္ခပေးနေတာ၊ ဒါကြောင့် ၁၉၈၃ မှာ တို့လူကြီးတွေက ဒါကို သုံးသပ်ပြီး မဟာဗျူဟာအရ အရေးပါ တဲ့ ဒီဒေသကို အတင်းတိုက်ပြီး သိမ်းထားတာ၊ ပေးလိုက်ရတဲ့ တန်ဖိုး ကလဲ မနည်းဘူးကွ၊ အတော်ရင်းလိုက်ရတယ်၊ မင်းတို့ သိပါတယ်လေ "

" ဝမ်ကျင်း၊ ဆန်တောက်လဲသိမ်းပြီးရော ပြန့်အစပ်မှာရှိတဲ့ ရန်သူတွေ မနေနိုင်တော့ဘူး၊ သူတို့ရဲ့ အခိုင်အမာခြေကုပ်ကြီး လွတ်ပြီး လက်နက်ချတဲ့သူတွေ ချ၊ အရှေ့ဘက် နယ်စပ်ပြေးတဲ့သူတွေ ပြေးပဲ၊ အဲ- နယ်စပ်နဲ့ မင်းတို့ စခန်းထိုင်မယ့်နေရာကြားမှာတော့ ဒီကောင်တွေ ရှိသေးတယ်၊ အခြေအနေပေးရင် မင်းတို့ကို လာတိုက်လိမ့်မယ်၊ ပေါ့ပေါ့ဆဆ နေလို့တော့ မရဘူး၊ မိုင်းကတော့ သုံးတယ်၊ ဆွဲမိုင်း နင်းမိုင်း အမျိုးစုံပဲ၊ အဲဒါ သတိထား၊ မရောက်ဖူးသေးပဲနဲ့ ရဲဘော်တွေ ဟိုဟိုဒီဒီ အရမ်းမသွားစေနဲ့၊ မိုင်းထိနေဦးမယ်၊ လူနာသယ်ဖို့ သိပ်မလွယ်ဘူး၊ အဲဒီဘက်က အုပ်ချုပ်မှုလုပ်ရတာ ခက်တယ်၊ ချောင်းပစ်တာလဲ အမြဲ လိုလို ရှိတယ်၊ ဒီကောင်တွေက ပြောက်ကျားစစ်နည်းဗျူဟာနဲ့ သမား ရိုးကျစစ်နည်းဗျူဟာ နှစ်မျိုးလုံး သုံးတတ်တယ် "

" နောက်ပြီးတော့ ဟိုမှာ လူ လုံးဝမရှိဘူး၊ ဒါကြောင့် အစား အသောက်ကတော့ ရိက္ခာ Dumping လုပ်ပေးထားပါတယ်၊ အသား ရိက္ခာအတွက်ကတော့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်အကောင်လိုက်လိုတဲ့အခါ မောင်းတင်ပေးမယ်၊ မင်းတို့လဲ မွေးနိုင်ရင် မွေးပေါ့ကွာ၊ အသီးအနှံ ပင်လေးတွေ စင်တင်သီးနှံစတဲ့ဟာတွေ ရာသီအလိုက် စိုက်ကွာ၊ တို့ ရှေ့တန်းတပ်မကလဲ မျိုးစေ့တွေ ပေးလိုက်ဦးမယ်၊ နောက်ဆုံး ထပ်မှာ ချင်တာကတော့ မိုင်းအထူး သတိထားဖို့ပဲကွ၊ မင်းတို့နဲ့ လဲမယ့် တပ်ရင်းက မိုင်းအကြိမ်သုံးဆယ်ကျော် ထိသွားပြီးပြီ၊ တစ်ဝက်လောက် အဖိတ်အစင် ရှိတယ်၊ အေး ဒါပဲ "

တပ်မမှူးက စိတ်မချသဖြင့် တော်တော် ပြည့်ပြည့်စုံစုံ မှာ၏။ ကျွန်တော်တို့တပ်ရင်းက မိုင်းအတွေ့အကြုံများနေသည်။ အတို ကာ၏၊

www.burmeseclassic.com

www.burmeseclassic.com

အရှည် တစ်တွေ ဖြစ်ရပေါင်းများနေသဖြင့် မိုင်းအကြောင်း ကောင်းကောင်း သိနေသည်။ ခရီးထွက်လာသည့်နေ့က အားလုံး မိုင်းရှာသည့်စူးကိုယ်စီနှင့် ဖြစ်၏။ ကျွန်တော်ကိုယ်တိုင်ပင် မိုင်းရှာစူးကိုင်လာမိရာ ရုပ်ရှင်ထဲက ခေါမ သူရဲကောင်းလိုလို၊ ဆေတန်နတ်ဆိုးလိုလို ပုံစံပေါက်နေသဖြင့် ကိုယ့်ဖာသာကိုယ် ပြန်စဉ်းစားမိပြီး ပြုံးရပါသေးသည်။

ကျိုင်းတုံမှ နှစ်ရက်သွားသော် ဝမ်ကျင်း၊ ဆန်တောက်အဝ ဝမ်တဲကြိုးတံတားသို့ ရောက်၏။ ဝမ်တဲကြိုးတံတားမှ စစ်ကြောင်း(၁) ဌာနချုပ်ရှိရာ ပွိုင့်-၅၉၉၃ သို့ တစ်နေကုန် တက်ရပါသည်။ ပွိုင့်-၅၉၉၃ ရောက်သော် ရတာခမရ(၁၀၈)မှ စောင့်ကြိုနေ၏။ တပ်ရင်းမှူးကား ကျွန်တော့်တပ်ရင်းမှူးနှင့် တစ်ပတ်တည်းဆင်းသည့် ဒုဗိုလ်မှူးကြီးကျော်စိန်ပင်တည်း။

" ဟာ ဦးကိုလေးလာဗျာ သူငယ်ချင်းကြီး၊ ခင်ဗျားကို စောင့်နေတာ ကြာပြီဗျို့ "

ထိုအခါ ကျွန်တော့်တပ်ရင်းမှူးက နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

" သူငယ်ချင်းကြီး မျှော်နေမယ်ဆိုတာ သိပါတယ်၊ ဒါကြောင့်ဘယ်မှ မနားဘူး၊ အမိန့်ရကတည်းက တစ်ခါထဲ တက်လာခဲ့တာ "

ကျွန်တော်၏တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြန်ပြော၏။ ထို့နောက် တပ်ရင်းမှူးနှစ်ယောက် နယ်မြေအခြေအနေ၊ ရန်သူ့အခြေအနေတို့ကို ဆွေးနွေးကြသည်။ ထိုကိစ္စများသာမက ဗိုလ်သင်တန်းတစ်ပတ်တည်းဆင်းဖြစ်၍ သူတို့စစ်တပ်ထဲ အတူဝင်သည်မှ ယခုအချိန်ထိ ရှေးဟောင်းနှောင်းဖြစ်များကို အတော်ပြောဖြစ်ကြသည်။ ခမရ(၁၀၈)တပ်ရင်းမှူးကြီးမှ ကျွန်တော်တို့အား နေ့လယ်စာဖြင့် ဧည့်ခံ၏။ ညနေစောင်းသော် မိုင်းအထူးသတိပြုရန် မှာကြားတာ နှုတ်ဆက်၍ ပြန်လည်ထွက်ခွါသွားပါသည်။ပြန်မဆင်းမီ သူ၏အလွန် အစွမ်းထက် လှပါသည်ဆိုရသော အဆောင်လက်ဖွဲ့များ မီးမကူးဘူးဟု ဆိုသည့် ချိုးအမြှေးတစ်လုံးနှင့် ကျည်မထွက်ဘူးဆိုသော ခါတ်လုံးများ ကို ထုတ်ပြသွားပါသေးသည်။ ကျွန်တော်တို့ကလည်း

" တပ်ရင်းမှူးကြီး၊ ဒါကြောင့် အန္တရာယ်ကင်းနေတာ ထင်တယ် "

ဟု ပြောလိုက်ကြသေး၏။ လက်ဖွဲ့နှင့် အမြှေးပေါကြောင့်လားတော့ မသိ၊ သူ့တပ်ရင်းက မိုင်းတော့ အကြိမ်ကြိမ်သုံးဆယ်မျှ နင်းသွား၏။



ဤသို့ဖြင့် ဖေဖော်ဝါရီလဆန်းတွင် ကျွန်တော်တို့ တပ်ရင်းတစ်ရင်းလုံးသည် လူမနီး၊ သူမနီး တောကြီးမျက်မည်း ဝမ်ကျင်း ဆန်တောက်ဒေသသို့ ရောက်သွားပါတော့သည်။ စစ်ကြောင်း(၁)နှင့် တပ်ခွဲသုံးခွဲက ပွိုင့်-၅၉၉၃၊ စစ်ကြောင်း(၂)နှင့် တပ်ခွဲနှစ်ခွဲက ပွိုင့်-၄၆၆၄ တို့တွင် အခြေပြုရ၏။

## ကုန်လွန်ခဲသော နေ့ရက်များ

ဝမ်ကျင်း၊ ဆန်တောက်ဒေသကား ရှမ်းပြည်နယ်အရှေ့ပိုင်း၏ အစွန်ဆုံးကျသည့် ဒေသများတွင် ပါဝင်၏။ ဗကပတို့ နှစ်ပေါင်းများစွာကြီးစိုးခဲ့သည့် တိုင်းလွှယ် ခေါ် တောင်ပေါ်ရှမ်းတို့ ဒေသဖြစ်၏။ ထိုကိုင်းလွှယ်များက ရှေးမြန်မာများနှင့် အလွန်တူ၏။ အသားညို၏။ ရိုးသားအေးချမ်းစွာ တောင်ယာလုပ်ကိုင်စားသောက်ကြသူများဖြစ်၏။ ရှေးကျသော ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ထိုဒေသကို ဘာသာမဲ့ ဗကပများဝင်ရောက်လာသောအခါ ၎င်းတို့၏ရွာများကိုပစ်ပြီး ထွက်ပြေးတိမ်းရှောင်သွားကြကုန်၏။ ထို့ကြောင့် ကျွန်တော်တို့ရောက်သည့်အခါ ထိုဒေသများမှာ လူမဆိုထားဘိ၊ ခွေးတစ်ကောင် ကြောင်တစ်မြီးမှပင် မရှိပါချေ။

" အင်း၊ လူမရောက် မြင့်မိုရ်တောင်ဆိုတာ ဒါဘဲထင်ပါရဲ့ "

ဟု စဉ်းစားမိပါသေးသည်။

တောင်ကြောများမှာ တောင်မြောက်တန်းနေ၏။ ကျွန်တော်တို့ စစ်ကြောင်း အခြေပြုထားသည့် ပန်ယွန်းတောင်ကြောကြီးမှာ တောင်ပေါ်အမြဲစိမ်းသစ်တောများတွင် ပေါက်ရောက်တတ်သည့် သစ်ယားပင်၊ တောင်တမာနှင့်အချို့နေရာများ၌ ထင်းရှူးပင်ကြီးများပါ ပေါက်ရောက်ဖုံးလွှမ်းနေ၏။ ရာသီဥတုကလည်း ဆောင်းမကုန်သေးသမို့ အလွန်အေးချမ်းလှ၏။ နေ့တာတို၍ ညတာရှည်၏။ ဆီးနှင်းများကား မိုးပေါက်ကြီးများပမာ နေ့ရော ညပါ တဖြောက်ဖြောက် ကျနေတတ်၏။ နေကိုလည်း မမြင်ရ။ ရံဖန်ရံခါ သုံးလေးရက် နေလုံး ပျောက်ကွယ်နေတတ်၏။ တောင်ဖြတ်များကလည်း အလွန်ကိုက်၏။ ရက်သတ္တ တစ်ပတ်ခန့်ကြာလာသောအခါ ထိုဆိုးဝါးပြင်းထန်သော ရာသီဥတုဒဏ်ကို အတော်ပင် စိတ်ပျက်မိပါသည်။ ထို့ကြောင့် ရှေးစာဆိုကြီး လက်ဝဲသုန္ဒရ၏ ကဗျာတစ်ပုဒ်ကိုလည်း ပြေး၍ သတိရမိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

" သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်တ
မိုးလောက် ပြင်းထန်၊ သွန်းချပြန်သော်
ယုဂံ ထင်ရှား၊ တောင်တော်ဖျားက
ရထားယာဉ်သာ၊ နေစကြာလည်း
ရောင်ဝါ မထွန်း၊ ချမ်းရှာလွန်း၍
တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု
စေ့ရေ လှည့်လည်၊ တလျက်မည်သည်
နေခြည်ဖြာမှ နွေးသောကြောင့်။ "

ကျွန်တော်တို့သည် တစ်နေ့တစ်နေ့ ခံစစ်ပြင်ရင်းဖြင့်သာ အချိန်ကုန်ရ၏။ ပါလာသည့် သစ်စေ့များကိုလည်း စားပင်ကလေးများ စိုက်ကြ၏။ ဆန်အိတ်ဖောက်သည့် ကြွက်များကို လိုက်သတ်ကြ၏။ ကြွက်ဝမ်းဖြူများပေါလှ၍ ကြွက်များကိုမသတ်၍ မရပါ။ ကြွက်တွေကြောင့် ဆန်ရှားပြီး ထိုဒေသမှာ ဝမ်းကျဉ်းဆန်မလောက် ဖြစ်နေပါသည်။ ထိုအလုပ်များမှလွဲ၍ မယ်မယ်ရရအလုပ်မရှိပါ။ တစ်ရက်တွင် စစ်ကြောင်း (၁)ရှိ အိုင်အို ဗိုလ်စိုးညွန့်မှ ကျွန်တော့်အား လာခေါ်သည်။


" အစ်ကိုကြီး၊ စစ်တုရင်ထိုးတတ်သလား "

" ဟေ ဘာဖြစ်လို့လဲ "

" စစ်ကြောင်း(၁)ရုံးမှာတော့ တပ်ရင်းမှူးကြီးနဲ့ ဗိုလ်ကြီးဇော်ဌေးတို့ စစ်တုရင် သဲသဲမဲမဲ ထိုးနေကြတယ်၊ အဲဒါ အစ်ကိုကြီးလဲ ထိုးတတ်ရင် ထိုးရအောင် လာခေါ်တာပါ "

ကျွန်တော်သည် လေးငါးဆယ်နှစ်သား အရွယ်ကပင် မြန်မာစစ်တုရင်ကို ဦးလေးနှင့်ဘကြီးများသင်ပေး၍ ထိုးတတ်လာ၏။ သို့ရာတွင် အင်္ဂလိပ်စစ်တုရင်ကိုတော့ တပ်ထဲရောက်မှ စတတ်လာသည်။ စနစ်တကျ ထိုးတတ်အောင် နည်းပြသွားသူကား စစ်တက္ကသိုလ် အပတ်စဉ် (၁၃)မှ ကိုအောင်မြင့်ဆွေ (ယခု ဒုဗိုလ်မှူးကြီးအောင်မြင့်ဆွေ)ဖြစ်၏။ ၁၉၇၁ ခုနှစ်လောက်က ကျွန်တော် စစ်တုရင်စထိုးတော့ သူနှင့် တစ်ပတ်ခန့် နေ့စဉ် ထိုးဖူး၏။ ယောင်လို့ပင် သရေ မကျခဲ့ဘူးပါ၊ သူကချည်းသာ နိုင်၏။ ထိုအခါ

ဝမ်းကျဉ်းဆန်တောင်ဒေသပြမြေပုံ


www.burmeseclassic.com

www.burmeseclassic.com



“ ဗိုလ်ကြီးက စစ်တုရင် သိပ်ကောင်းတယ်ဗျာ၊ ကျွန်တော့်ကို ပြောပြပါဦး၊ ကျွန်တော် ဘာတွေ မှားနေသလဲ၊ ဘာတွေ လိုနေသလဲ ”ဟု ကျွန်တော်က ပြောမိပါသည်။

“ အကုန်မှားပြီး အကုန် လိုနေပါတယ် ”

“ ပြုပြင်ပေးပါဦး ”

“ ကျွန်တော်တော့ မပြုပြင်တတ်ဘူး၊ ဒီစာအုပ်တွေ ဖတ်ပါ ”ဟု ဆိုကာ အင်္ဂလိပ်၊ မြန်မာ စစ်တုရင်စာအုပ် (၇)အုပ်ထုတ်ပေးပါသည်။

ကျွန်တော်သည် ထိုစာအုပ်(၇)အုပ်ကို ဖတ်၍ စစ်တုရင်ထိုးနည်းကို သဲသဲမဲမဲလေ့ကျင့်ရာ ထမင်းမေ့၊ ဟင်းမေ့ဖြစ်ပြီး နောက်ဆုံး၌ မိန်းမကိုပင် မေ့တော့မလိုလိုဖြစ်၍ မိန်းမနှင့်ပင် စကားများရပါတော့သည်။ ထိုစာအုပ်တွေ အကျိုးကြောင့် နောင်တွင် ဗိုလ်ကြီး အောင်မြင့်ဆွေကိုယ်တိုင်ပင် ကျွန်တော့်အား လွယ်လွယ်နှင့် မနိုင်တော့ပါ။ ကျွန်တော်လည်း ရောက်လေရာရာမှာ စစ်တုရင် ထိုးပါတော့သည်။ သူပေးသည့် စာအုပ်များတွင် ဆရာဒေါ်ဆင်၊ လောကဓံဦးထွန်းလှ၊ ဦးတင်စွမ်းနှင့် ဆတ်သွားကုန်း မောင်မောင်အေးတို့၏ မြန်မာလို စာအုပ်များသာမက ကာပါဘလင်ကာ၊ အလက်ဇန္ဒား အလီခိုင်၊ ကက်စပါရော့ စသူတို့၏ အင်္ဂလိပ်စာအုပ်များပါ ပါဝင်ပါသည်။ ထိုစာအုပ်များကျေးဇူးကြောင့် စစ်တုရင်ကို အဖွင့်ပိုင်း၊ အလယ်ပိုင်း အဆင့်နည်းဗျူဟာနှင့် ပွဲသိမ်းကစားနည်းများကို စနစ်တကျ တတ်လာပါတော့သည်။

သို့ရာတွင် ၁၉၇၆-ခုနှစ်၌ ခလရ(၆၇) မိုင်းရယ်သို့ ရောက်သွားရာ မိုင်းရယ်တပ်က Scrabble အလွန်ကစားကြသဖြင့် စစ်တုရင် ဘဝသမားမှ Scrabble ဘဝသမားသို့ တစ်ဖန် ကူးပြောင်းသွားပြန်၏။ တိုက်ခိုက်ရေးကျောင်းရောက်တော့ ထိုနှစ်ခုစလုံးအား လှည့်မကြည့်ဖြစ်တော့ပါ။ မေ့ထားလိုက်မိပါတော့သည်။ ယခုတော့ အချိန်တွေကကုန်ခဲလှသည့်အခါတွင် စစ်တုရင်ကစားရန် လာခေါ်နေသဖြင့် အစွမ်းအစတော့ ပြရပေဦးတော့မည်။

ကျွန်တော်က စဉ်းစားခန်းကို ရပ်၍ အချိုရှာ သကြားတွေ့သကဲ့သို့ ...

www.burmeseclassic.com



" အင်း၊ နည်းနည်းပါးပါးတော့ ထိုးတတ်ပါတယ်၊ ထိုးကြည့်တာ ပေါ့ "

ဟု ပြန်ပြောလိုက်ပြီး ဗိုလ်စိုးညွန့်နှင့် လိုက်ခဲ့၏။ ထိုနေ့က ကျွန်တော်သာမက တပ်ခွဲ(၃) တပ်ခွဲမှူး ဗိုလ်ကြီးဌေးလွင်လည်း ရောက်နေ၏။ လေးဦးပတ်လည် ကစားကြရာ ကျွန်တော်က ဗိုလ်ကြီးဌေးလွင်ကို နိုင်၍ ဗိုလ်ကြီးဇော်ဌေးနှင့် တပ်ရင်းမှူးကြီးကို သရေကျ၏။ ထိုအခါ ဗိုလ်ကြီးဇော်ဌေးက

" အား လား၊ ခွဲ(၁)မှူးကြီးကလဲ ဘယ်ဆိုးလို့လဲ၊ စစ်တုရင် ကောင်းကောင်း ထိုးတတ်တာပဲ "ဟု ဆိုလိုက်၏။

" တပ်ရင်းမှူးကြီးလဲ တော်တော်ကောင်းပါတယ် "

" ဗိုလ်ကြီးဇော်ဌေးလဲ ကောင်းတာပါပဲ "

" ကောင်းမှာပေါ့။ ဗိုလ်ကြီးဇော်ဌေးက မကွေးကောလိပ် လက်ရွေးစင်ပဲ၊ တပ်ရင်းမှူးကြီးကလဲ ရန်ကုန်တိုင်းလက်ရွေးစင်ပဲ "

အထက်ပါအတိုင်း စစ်တုရင်ပွဲအား ဝိုင်းကြည့်နေကြသည့် ဗိုလ်စိုးညွန့်၊ ဗိုလ်စိုးဝင်း၊ ဗိုလ်စိုးလွင်စသူများက တစ်ယောက်တစ်ပေါက် ပြောကြ၏။ တပ်ရင်းမှူးကြီးကမူ ဘာမှ မပြော၊ ခပ်ပြုံးပြုံးပင်။

" အစ်ကိုကြီးက ချိုနေတာ၊ ပြိုင်ပွဲဝင် လက်ပဲ "ဟု ဗိုလ်ကြီးဇော်ဌေးက ပြောလာ၏။ ထိုအခါကျမှ ကျွန်တော်ကလည်း ကိုယ့်ကိုကိုယ် ဖော် မသူတော် ခုနစ်ပါးလုပ်လိုက်ပါတော့သည်။

" ကိုယ်က ရပခ လက်ရွေးစင်လေ "

ဤသို့ဖြင့် ကျွန်တော်တို့တစ်တွေ စစ်တုရင်အကြိတ်အနယ် ပြိုင်ပွဲများအား ရက်ပေါင်းများစွာ ဆင်နွှဲကြပါတော့သည်။ မကြာမီ ဆောင်းကျွတ်သွားပါတော့သည်။

## စစ်ကြောင်း(၁)မှ စစ်ကြောင်း(၂)သို့

ဆောင်းကုန်၍ ဆီးနှင်းများ တဖြည်းဖြည်းပါးသွားသည်။ ရာသီဥတုက ပိုမို ပွင့်လင်းလာ၏။ ရွက်ဝါလေးတွေ ကြွေစပြုကာ ဆောင်းမှ နွေသို့ တိုင်ခဲ့ချေပြီ။ တဖြည်းဖြည်း သကြန်ကာလနှင့် နီးလာ၏။ တစ်နေ့တွင် မမျှော်လင့်ဘဲ ဒုတပ်မမှူးနှင့် တပ်ရင်းတစ်ရင်း တက်လာ သည်။ ဖမ္မေ့ပဟက်မှ ကော်(၈၁၅) ရင်း(၇) ဌာချုပ်ရှိသည့် ဝမ်ယမ်း နောင်ခမ်းကို



ဒုတပ်မမှူးဦးစီးသော ကျွန်တော်တို့တပ်ရင်းနှစ်ရင်း အတူသွားရောက် ထိုးဖောက်တိုက်ခိုက်ကြသည်။ သေနတ် (၄)လက်ရ၍ အောင်ပွဲခံပြန်ခဲ့ကြ ရ၏။ စစ်ဆင်ရေးအပြီးတွင် ဒုတပ်မမှူးနှင့် ထိုတပ်ရင်း ပြန်ဆင်းသွား၏။ ထိုတပ်နှင့်အတူ တပ်ပြောင်းမိန့် ထွက်ထားသည်။ ဗိုလ်မှူးသောင်းတင်နှင့် သင်တန်းတက်ရမည့် ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းတို့ လိုက်ပါ သွားကြ၏။ ထို့ကြောင့် ကျွန်တော့်အား ပို့ဌ-၄၆၆၄ ရှိ စစ်ကြောင်း(၂)သို့ စစ်ကြောင်းမှူးတာဝန်ယူရန် စေလွှတ်ခံရပါတော့သည်။

" ကဲ ဗိုလ်မှူးသက်ဦးရေ၊ ခင်ဗျား ပို့ဌ-၄၆၆၄ မှာ စစ်ကြောင်း (၂)မှူး ခဏသွားလုပ်ဗျာ၊ ဒုတပ်ရင်းမှူး ဗိုလ်မှူးစံသိန်းက သင်တန်း တက်ရဦးမယ် "

တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောလွှတ်လိုက်၏။ ထို့ကြောင့် ပို့ဌ-၄၆၆၄ သို့ ရွှေ့ခဲ့ရာတွင် ပို့ဌ-၅၉၉၃ တွင် စစ်တုရင် ထိုးကာ အချိန်ဖြုန်းခဲ့သော ကျွန်တော်သည် ပို့ဌ-၄၆၆၄ ရောက်တော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်နေ၏။ စစ်တုရင် ကစားမည့်သူက လည်း မရှိတော့ပါ၊ ယောင်ချာချာဖြင့် ထိုစခန်းတွင် ရက်သတ္တတစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်ခန့်သာ နေလိုက်ရ၏။

**" စက(၂) ၄နခအား ပို့ဌ-၄၆၆၄ မှ ဝမ်ထလုံးသို့ ပြောင်း ရွှေ့ရန်နှင့် ဝမ်ထလုံးခံစစ် ပိုမိုခိုင်မာအောင် တည်ဆောက်ရန် "**

အထက်ပါကြေးနန်းအား စစ်ကြောင်း(၁)မှ ပို့လာ၍ ဝမ်ထလုံး သို့ ပြောင်းခဲ့ရပြန်၏။ ဝမ်ထလုံးကား ပို့ဌ-၄၆၆၄ ထက် မြောက်ဘက် ပိုကျ၏။ ဝမ်ထလုံးအောက်ခြေတွင် ဟိုပတ်စခန်းဟောင်းရှိသည်။ ဟိုပတ် စခန်းအား မကြာသေးမီက ကယားသနက(၁) စစ်ကြောင်း(၂) အခြေပြု ထားစဉ် ဗကပအင်အား (၈၀၀)ခန့်က လာတိုက်သွားဖူးသည်။ ကယား (၀)မှ စစ်သည်များနှင့် ခေါင်းဆောင်နှစ်ဦးက တစ်နေကုန် ကြံ့ကြံ့ခိုင်ခိုင် ၍ စခန်းမရဘဲ ရန်သူများ အကျအဆုံးများစွာဖြင့် ပြန်ဆုတ်သွားရသည်။ ထိုအရာရှိနှစ်ဦးကား ယခု အလုပ်သမားဝန်ကြီး၊ ဗိုလ်ချုပ်တင်ဌေးနှင့် ရပ်ရင်ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဘိုကြည်တို့ ဖြစ်ကြပါသည်။

" ဝမ်ထလုံးနဲ့ ဟိုပတ်ကို လူကြီးတွေ စိတ်ဝင်စားတယ်၊ ဗိုလ်မှူး မပြဦး မပေါ့နဲ့နော်၊ ခံစစ်တော့ ခိုင်မာအောင် နေ့စဉ်ပြင်ပါဗျာ "

တပ်ရင်းမှူးကြီးမှ အထက်ပါအတိုင်း မှာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် ဝမ်ထလုံးသို့ရောက်သည့်အခါ အတူနေသည့် ဗိုလ်သောင်းစိန်၊ ဗိုလ်စိုးလွင်တို့နှင့်အတူ နေ့စဉ် စခန်းခံစစ်ခိုင်မာသည်ထက် ခိုင်မာအောင် ပြင်ဆင်ပါသည်။ ခံစစ်ပြင်ခြင်းမှလွဲ၍ အခြားအလုပ်လည်း မရှိပါ။ တစ်ပတ်တစ်ခါ တပ်တွင်း ဆွေးနွေးပွဲလေးတော့ လုပ်ဖြစ်ပါသည်။ ရက်အနည်းငယ်ကြာသော် ပျင်းလာသည်။ ဘာမှ ကြံရာမရသဖြင့် နောက်ဆုံးတော့ စာအုပ်တစ်အုပ်ထုတ်ကာ ပါလာသည့် အင်္ဂလိပ်အဘိဓာန်ကိုလှန်၍ တစ်နေ့လျှင် အင်္ဂလိပ်စာလုံးသုံးလုံးရအောင် ကျက်သည်။

နောင် အရှိန်ရလာသည့်အခါ ငါးလုံးကျက်သည်။ ထို အလေ့အကျင့်အား စခန်းထိန်း တာဝန်ထမ်းဆောင်တိုင်း မပြတ်ကျင့်သုံးခဲ့ရာ နည်းဗျူဟာမှူးဘဝတိုင် ဆယ်နှစ်ကျော် ကြာခဲ့၏။ ထိုအလေ့အကျင့်ကြောင့် အင်္ဂလိပ်ဝေါဟာရ ထောင်ချီ တိုးတက်လာ၍ အင်္ဂလိပ်စာကိုအတော်ပင် ဖတ်နိုင်သွားပါတော့သည်။ တက္ကသိုလ်မှ ထွက်ခါစကအင်္ဂလိပ်စာအုပ်များ ဖတ်ဖို့ဝေးစွ၊ အလွန်လွယ်သည့် အင်္ဂလိပ်စာစောင်ကလေးများကိုပင် မဖတ်နိုင်ခဲ့ပါ။

ထို့အပြင် ကက်ဆက်တစ်လုံးဝယ်၍ သီချင်းခွေ (၁၀)ခွေခန့် ပျင်းပျင်းရှိတိုင်း ဖွင့်နားထောင်ရာ ရက်ပေါင်းအတော်ကြာ ညောင်းသွားသည့်အခါ ထိုသီချင်းများအားလုံး အလွတ်ရသွားပါတော့သည်။ မှတ်မိသလောက် ထိုသီချင်းခွေများမှာ မာမာအေး၊ တင်တင်မြ၊ ဖြူသီ၊ ကိုအံ့ကြီး၊ တွံတေးသိန်းတန်၊ မောင်မောင်ညွန့်စသည်တို့သာ ဖြစ်ကြပါသည်။ ဤသို့ဖြင့် စာကျက်လိုက် သီချင်းနားထောင်လိုက်လုပ်နေရာ မိုးဦးကျလာ၏။ စခန်းပတ်ဝန်းကျင်ရှိ ဝါးရုံတောများကြားမှ ပုစဉ်းရင်ကွဲများ၏ တဂျီဂျီအော်သံကို ကြားရ၏။ မေမှ ဇွန်သို့ ကူးပြောင်းခဲ့ချေပြီ။

" မနက်ဖြန်နံနက်တွင် နဗဟာမှူးအား လုံလောက်သော အစောင့်အရှောက်ဖြင့် ဝမ်တဲသို့သွားရောက်ကြိုခေါ်ပြီး စစ်ကြောင်း (၁)သို့ လိုက်လံပို့ဆောင်ပေးရန် "

စစ်ကြောင်း(၁)မှ ကြေးနန်းရရှိသည်။ ထို့ကြောင့် နည်းဗျူဟာမှူးအား ဝမ်ထလုံးမှ ဝမ်တဲသို့ ဆင်းကြိုရပါသည်။ ထိုနေ့ နေ့လယ်တွင် ဝမ်တဲသို့ ရောက်သွား၏။ နည်းဗျူဟာမှူးမှာ ဗိုလ်မှူးကြီးအောင်ဖုန်း (ယခု



သစ်တောရေးရာဝန်ကြီး) ဖြစ်၏။ သူက ကျွန်တော့်အား တွေ့လျှင်တွေ့ချင်းပင်

" ဟေ့ ဂရိတ်သက်ဦး၊ မပြောင်းသေးဘူးလား "ဟုမေးရာ ကျွန်တော်က အလွန် အံ့အားသင့်သွား၏။

" ဘယ်လဲ ဗျူဟာမှူးကြီး "

" တပ်မ(၈၈)ကိုလေ၊ မင်း ဂျီတူးနဲ့ ပြောင်းရတယ် "

" ကျွန်တော်မသိသေးပါဘူး ဗျူဟာမှူးကြီး "

" အေး၊ တပ်မက ကြေးနန်းမပို့သေးလို့ ဖြစ်ပါလိမ့်မယ်၊ ငါပြန်သွားရင် ပို့ခိုင်းလိုက်မယ် "

ဗိုလ်မှူးကြီးအောင်ဖုန်းမှာ ကျွန်တော်တို့ ရှေ့တန်းသနက(၁) မျက်နှာစုံညီ အစည်းအဝေးသို့ လာခြင်းဖြစ်ပါသည်။ ပို့ဌ-၁၉၉၃ တွင် တစ်ညအိပ်၍ မျက်နှာစုံညီ အစည်းအဝေးလုပ်ကာ ပြန်သွား၏။ ပြန်အဆင်းတွင်

" ဦးကိုလေး၊ ခင်ဗျားတပည့် မောင်သက်ဦး တပ်မကို ဂျီတူးနဲ့ ပြောင်းရတယ်၊ ကျွန်တော် ဒီကပြန်ရင် ကြေးနန်းပို့ခိုင်းလိုက်မယ်၊ ပြီတော့ ခင်ဗျားလဲ ပြောင်းရမယ်လို့ ကြားတယ်နော် "ဟု ပြောကာ ပြန်သွားပါတော့သည်။

ကျွန်တော်လည်း နည်းဗျူဟာမှူးအား ဝမ်တဲသို့ ပြန်လိုက်ပို့လိုက်၏။ ဝမ်တဲတွင် နည်းဗျူဟာမှူးအား ရှေ့တန်းတပ်မမှ လမ်းကြမ်းသုံး နှစ်ဆန်း ယာဉ်ကလေးတစ်စီးက လာစောင့်နေ၏။ ဗျူဟာမှူး ပို့ပြီးအပြန် ဝမ်တဲရှိ ကျိုင်းတုံမှလာရောင်းသည့် စုံစီနဖာဈေးတန်းကလေးသို့ ဝင်လိုက်မိ၏။ မမျှော်လင့်သူ တစ်ဦးနှင့် သွားတွေ့သည်။

" အလိုလို မနန်းပန်ပါလား "

မတွေ့ရတာ ကြာပြီဖြစ်သည့် ညိုပြာညက်ကလေးကို ပြန်တွေ့လိုက်ရ၏။စိတ်လှုပ်ရှားသလိုလိုတော့ အနည်းငယ်ဖြစ်သွားသည်။ တောင်ပေါ်တွင် နားလာတာကြာပြီ၊ လူမနီးသူမနီး နေရ၏။ ယခု မနန်းပန်ကို တွေ့တော့ လူက အလိုလိုနှုတ်ဆက်ဖြစ်သွားသည်။

" ဟယ် ဗိုလ်မှူး၊ တောင်ပေါ်မှာလား "

" ဟုတ်တယ်၊ မနန်းပန်က ဘာလာလုပ်တာလဲ "

" ကျွန်မက ဈေးလာရောင်းတာလေ "

www.burmeseclassic.com

www.burmeseclassic.com

ညိုပြာညက်ကလေးက မျက်လွှာချကာ မပွင့်တပွင့် ဆို၏။

“ ဗိုလ်မှူး၊ အခုပြန်တော့မှာလား ”

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

သူမက စီးကရက် တစ်ကာတွန့် လက်ဆောင်ပေးသည်။ ကျွန်တော် မယူရက်ပါ၊ မယူပါရစေနဲ့ အတင်းငြင်းလိုက်သည်။ ထို့နောက် သူမရောင်းသည့် ပစ္စည်းများအားလုံးနီးပါး ဝယ်နိုင်သမျှ အကုန်ဝယ်၍ တောင်ပေါ်ပြန်တက်ခဲ့၏။ ကျွန်တော်တို့ တောင်ပေါ်ပြန်တက်တော့ သူမ လက်ပြ၍ ကျန်ခဲ့သည်။ နေရစ်ခဲ့ပေဦးတော့ ညိုပြာညက်ကလေးရေ၊

“ ဩော်၊ သံယောဇဉ်ဆိုတာတော့ အခက်သားလားခင်ဗျာ ”


× × × ×

## သနက(၁)မှ ပြောင်းရပါပြီ

ဗိုလ်မှူးကြီးအောင်ဖုန်း ပြန်သွားပြီးနောက် တစ်ပတ်အတွင်း ကျွန်တော် စစ်ဦးစီးမှူး ဒုတိယတန်းတာဝန်ဖြင့် တပ်မ(၈၈)သို့ ပြောင်းရကြောင်း ကြေးနန်းရောက်လာ၏။ ကျွန်တော့်ကို တပ်ခွဲမှူး ဗိုလ်မှူးအသစ် ဗိုလ်ကြီးတင်ရွှေ (ယခု အငြိမ်းစား၊ ဒုဗိုလ်မှူးကြီးတင်ရွှေ)က လာလဲမည် ဟု ဆိုသည်။

ကျွန်တော်သည် ဗိုလ်မှူးဖြစ်သည်အထိ တိုင်း တပ်မများနှင့် **Static Unit** အခြေစိုက်တပ်များတွင် မနေဖူးသေးပါ၊ ထို့အပြင် အရက်သောက်တတ်သူလည်း ဖြစ်၏။ ယခု ပြောင်းရမည်ဆိုတော့ တပ်မမှူးက အရက်နှင့်ဆေးလိပ် လုံးဝမသောက်။ ထို့ကြောင့် အရက် မသောက်ဖို့တော့ လို၏။ အရက်က အတော်ခက်သည်။ အရက် မသောက်တတ်သူက အရက်နံ့ကို ချက်ချင်းရသည်။

ထို့အပြင် အရက်သောက်၍ ဂျီကျသည်များကို သည်းမခံနိုင်ကြသူများဖြစ်၏။ ကျွန်တော်သည် တပ်မမှူးအသစ်ကို သူ ဒုတပ်မမှူး ဘဝကပင် သိလာခဲ့သူဖြစ်ရာ အရက်ဆက်သောက်နေပါက ဒုက္ခရောက်သွားနိုင်ကြောင်း ကောင်းစွာ သဘောပေါက်၏။ ထို့ကြောင့် အရက်ဖြတ်ရန် ကြိုးစား အားထုတ်ရပါတော့သည်။





၁၉၈၄-၈၅ ခုနှစ် စာရေးသူ (ဂျီ-2) တာဝန်ထမ်းဆောင်စဉ်က ရှေ့တန်းအမှတ်(၈၈)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲခဲ့ရသည့် သံလွင် အရှေ့ခြမ်း ကျိုင်းတုံ ဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com






ကျိုင်းတုံအရှေ့ခြမ်း ဝမ်ကျင်း၊ ဆန်တောက်ဒေသပြ မြေပုံ။
(၂၉) ပုံ

ကျွန်တော့်အရက်ဖြတ်နည်းမှာ ညနေအရက်သောက်ချိန်ကျလျှင် ကပျာကယာ ထမင်းစားလိုက်၏။ ညတွင် အာနာပါန ငါးမိနစ် ဆယ်မိနစ် လုပ်လိုက်၏။ ဤသို့ဖြင့် နှစ်ပတ်ခန့် ကြိုးစားလိုက်ရာ လုံးဝ အရက်ဖြတ် သွားပါတော့သည်။ ကျွန်တော့်စစ်ကြောင်းမှ အရာရှိ၊ အရာခံ၊အကြပ် တပ်သားများက ဆယ်နှစ်ကျော် အရက်သောက်လာသည့် ကျွန်တော့်ကို ကြည့်ကာ အရက်ဖြတ်သွားသဖြင့် အံ့သြနေကြ၏။

ဇူလိုင်ပထမပတ်တွင် ရှေ့တန်းသို့ ဗိုလ်ကြီးတင်ရွှေ ရောက်လာ သည်။ ထိုအခါ တပ်ရင်းမှူးကြီးမှ ကျွန်တော့်အား ညစာ နှုတ်ဆက်ပွဲလေး ပွဲ-၅၉၉၃ တွင် လုပ်ပေးသည်။

" ဗိုလ်မှူးသက်ဦး၊ တပ်မ ရောက်သွားတော့ တပ်ရင်းအတွက် ကောင်းတာပေါ့၊ ဒီမှာနေသွားတဲ့ သုံးနှစ်လောက် ကာလအတွင်းမှာ ကြိုးကြိုးစားစား တာဝန်ထမ်းဆောင်တာကို အသိအမှတ်ပြုပါတယ်၊ ဂုဏ် လဲ ပြုပါတယ် "

နှုတ်ဆက်ပွဲတွင် တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ချီးကျူး စကားဆို၏။ ကျွန်တော့်မှာ ကျေးဇူးတင် ဝမ်းသာရပါသည်။ နောက်နေ့ တွင် တပ်မသို့သတင်းပို့ရန် ထွက်ခဲ့ပါတော့သည်။ ကျွန်တော်၏ တပ် ပြောင်းမိန့်မှာ မတ်လကုန်ကတည်းက ထွက်နေခြင်းဖြစ်၏။ တပ်မမှ လူစားလဲပေးမည့်သူ မရှိ၍ ခေတ္တဆိုင်းထားပေးရာ ယခုကဲ့သို့ ကြန့်ကြာ သွားခြင်းဖြစ်သည်။ သုံးလကျော် ကြာသွား၏။

ယခုကဲ့သို့ အဖြစ်မျိုးမှာ ၁၉၇၂ ခုနှစ် ခလရ(၁၉)မှ စပြောင်းစဉ် ကတည်းက ဖြစ်ခဲ့သည်။ ၁၉၇၆ ခုနှစ်က ခလရ(၆၁)မှ ခလရ(၆၇)သို့ ပြောင်းခဲ့စဉ်ကလည်း ဖြစ်ခဲ့ဖူးပါသည်။ တစ်ဖန် ၁၉၈၁-ခုနှစ်၊ တိုက်ခိုက် ရေးကျောင်းမှ သနက(၁)သို့ တစ်ဆင့်မြင့်ရာထူးဖြင့် ပြောင်းရွှေ့စဉ်က လည်း ကြုံတွေ့ခဲ့ဖူးပါသည်။ တပ်ပြောင်းတိုင်း ဤကဲ့သို့ ဖြစ်ခဲ့သည်မှာ သုံးလေးကြိမ်ရှိသွားသဖြင့် ဖြစ်စဉ်ခြင်းတူနေ၍ ကိုယ့်ဟာကိုယ် ပြုံးမိ ပါသေးသည်။ ကျွန်တော့်ကုသိုလ်ကံ ဇာတာကိုက ဒီလိုပဲ ပါလာသည် ထင်ပါ၏။

ဇူလိုင် ဒုတိယပတ်တွင် တပ်မသို့ ရောက်ရှိ သတင်းပို့နိုင် ခဲ့သည်။ သတင်းပို့သည့်နေ့က တွေ့လျှင်တွေ့ချင်းပင် တပ်မမှူး မျက်နှာကြောတင်းတင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

" ဟော့၊ မင်းအရက် သောက်တတ်တယ်ဆို "ဟု မေးပါတော့သည်။

" အခု မသောက်တော့ပါဘူးခင်ဗျာ "

" ဘာဖြစ်လို့လဲကွ "

" ကျွန်တော် တပ်မမှူးကိုကြောက်လို့ အရက်ဖြတ်လိုက်ပါပြီ ခင်ဗျ "

ကျွန်တော်၏တင်ပြချက်အား တပ်မမှူးက သဘောကျသွားလေလား မသိ။ တင်းထားသော မျက်နှာကိုလျော့၍ အနည်းငယ် ပြုံးလိုက်သည်။

" မင်း အခုရှေ့တန်းမှာ ဘယ်လောက်ကြာခဲ့သလဲ "

" ခုနစ်လလောက် ရှိပါပြီခင်ဗျာ "

" အေး၊ ဒါဆိုရင်လဲ မနက်ဖြန် မကွေးပြန်တော့၊ ဟိုမှာ ဆယ်ရက်နေ၊ မင်းတပ်ကနေ တပ်မကို အပြီးပြောင်းလာခဲ့တော့၊ ငါ့အိမ်အထွက်မှာ အိမ်တစ်လုံးလွတ်နေတယ်၊ မင်းမိသားစုကို အဲဒီမှာနေခိုင်း၊ မင်း ဘာပြောစရာရှိသေးလဲ "

" ဘာမှ ပြောစရာ မရှိပါဘူးခင်ဗျာ "

" ကောင်းပြီ၊ ဒါဆိုရင်လဲ မင်းပြန်လာမှ ကိုအောင်လတ်နဲ့ ဂျီတူး တာဝန်လဲတာပေါ့၊ မနက်ဖြန် တစ်ခါတည်း သွားပေတော့ "ဟု ရှုတ်မိန့်ပေးပါတော့သည်။

အရက်ဖြတ်လိုက်သည့်အကျိုးကိုချက်ချင်းခံစားရပြီ ထင်ပါသည်။ တပ်မမှူးက ကျွန်တော့်ကို မကွေးသို့ ပြန်လွှတ်လိုက်၏။ ဤသို့ဖြင့် မောင်သက်ဦးတစ်ယောက် သေနတ်ကိုင်သည့် စစ်သားဘဝမှ တုတ်ထောက်သည့် စစ်သားဘဝသို့ ကျရောက်သွားပါပြီ ခင်ဗျား။

တပ်မှာ မအူမလည်နဲ့ ဘာများဖြစ်ဦးမလဲ မသိပါ။

× × × ×



အခန်း(၇)

ဂျီတူး ခေါ် စစ်ဦးစီးမှူး ဒုတိယတန်း တာဝန်ထမ်းဆောင်စဉ်က

ကွေးမသို့ အိမ်ပြောင်းပြီ

ရှေ့တန်းတပ်မကျိုင်းတုံမှ မကွေးသို့ ပြန်ရောက်ပြီး နောက်နေ့ ...ပင် သနက(၁)မှ တပ်မ(၈၈)သို့ ပြောင်းလိုက်ပါတော့သည်။ ထိုစဉ်က ...မ၌ ဌာနချုပ်တပ်ခွဲမှူးမှာ ဗိုလ်မှူးသိန်းအောင် ဖြစ်သည်။ စီနီယာ ...တော်ကျနေသူဖြစ်၏။ လက်ရှိ ဂျီတူး ဗိုလ်မှူးအောင်လတ်သို့ တာဝန် ...က ကောင်းစီသို့ ပြောင်းမည်ဖြစ်သည်။ မကွေးတိုင်းကောင့်စီသို့လား ...သိ၊ ကောင်းစွာ မမှတ်မိတော့ပါ။ ကျွန်တော်တို့မိသားစုသည် တပ်မမှူး ...လိုက်သည့် အိမ်သို့ ပြောင်းခြင်းဖြစ်၏။ အိမ်မှာ တစ်ထပ်သစ်သား ...ိမ် ဖြစ်သည်။ နေရာကား တပ်မမှူး အိမ်အဝမှာပင်။

" ကိုရေ ဒီအိမ်က သရဲခြောက်တယ်တဲ့၊ ဒါ့ကြောင့် ဘယ်သူမှ ...နေကြတာဆိုပြီး အိမ်နီးချင်းတွေက လာပြောနေကြတယ်၊ အရင်က ...ပ်မ ဆေးမှူးတွေကိုပေးတဲ့ အိမ်ဆိုပဲ၊ ရက်ပိုင်းလောက်နေပြီးတော့ ...နေသူတွေအားလုံး ဆင်းပြေးကြတယ်လို့ ပြောတာပဲ၊ သရဲက ဘယ်လို ...ခြောက်တယ် မသိဘူး "

" သရဲခြောက်ခြောက် မခြောက်ခြောက် ကိုတို့က စစ်သားပဲ၊ ...မှ နေရမှာပေါ့ "

www.burmeseclassic.com

www.burmeseclassic.com



“ မေကလဲ နေမှာပါကိုရဲ့ မကြောက်ပါဘူး၊ ဒုဗိုလ်ကတော် ဘဝကတည်းက လူကြီးတွေ ပေးတဲ့အိမ်တွေမှာပဲ နေခဲ့ရတာ၊ ဒါမျိုးတွေ ရိုးနေပြီ၊ ရွှတ်တာ ဖတ်တာတွေလဲ လုပ်ရမှာပေါ့ ”

ကျွန်တော့်ဇနီးသည်ကား သနက(၁)တွင် ခမ္ဘစကြာဝတ်အသင်း၌ အတွင်းရေးမှူးလုပ်လာ၍ ပရိတ်ကြီး(၁၁)သုတ် အလွတ်ရသည်။ မကွေးမှ ဘုန်းကြီးများနှင့်လည်း ရင်းနှီးနေပြီဖြစ်၍ ကျွန်တော်ရှေ့တန်းသို့ မပြန်မီ ပင် ဘုန်းကြီး(၅)ပါးပင့်ကာ အိမ်တက်ပရိတ်နာ လုပ်လိုက်၏။ တစ်ရက် နှစ်ရက်အတွင်း တပ်မ၌ နေသာကျသွားပါပြီ၊ ယခင်ကတည်းက ဤနေရာများသို့ ဝင်ထွက်သွားလာနေရာ ကျွန်တော်တို့ သနက(၁)နှင့် ဤတပ်မ (၈၈) ကယား(၁)တို့ကား ဆွေမျိုးရင်းခြာလို ဖြစ်နေကြ၏။ တပ်မ(၈၈)နှင့် ကယား(၁)မှာ တပ်ဝန်း တစ်ခုတည်း ဖြစ်၏။ ခြံစည်းရိုး ကန့်မထားပါ။ လမ်းဟိုဘက်ခြမ်း ဒီဘက်ခြမ်းသာ ခွဲခြားထား၏။ သနက(၁)၊ ကယား(၁)နှင့် တမခ(၈၈)တို့သည် မကွေးမှ မန္တလေးအထွက် မြို့အရှေ့မြောက်ဘက်တွင် ရှိ၏။ တပ်သုံးတပ်ကြားတွင် မကွေးလေယာဉ်ကွင်းလည်း ရှိသည်။ ဂေါက်ကွင်းလည်း ရှိသည်။ ကျွန်တော်တို့ တပ်သုံးတပ်ကား လေယာဉ်ကွင်း၏ ဟိုဘက် ဒီဘက် ထိပ်တွင် တည်ရှိနေကြ၏။

ထို့ကြောင့် တပ်မ(၈၈)၏ ကွပ်ကဲမှုအောက် တပ်ရင်းဆယ်ရင်း အနက်၊ ကယား(၁)နှင့် သနက(၁)သည်ကား တပ်မဌာနချုပ်နှင့် အရင်းနှီးဆုံး ပါတည်း။

ဇူလိုင်လကုန်တွင် ကျွန်တော်ရှေ့တန်းသို့ ပြန်တက်ခဲ့၏။ မပြန်မီ မေ့အား အောက်ပါအတိုင်း မှာခဲ့သည်။

“ မေရေ၊ တပ်မမှူးက လည်တာပတ်တာ မကြိုက်ဘူးနော်၊ ဟိုဟို ဒီဒီ သိပ်မသွားနဲ့၊ သွားစရာရှိရင် သူ့အိမ်ကိုပဲ သွား ”

“ စိတ်ချပါ ကိုရယ်၊ မေ အဆင်ပြေအောင် နေတတ်ပါတယ် ”

“ အေးကွာ၊ တပ်မမှူးကြီးက ကိုနဲ့စတွေ့တဲ့ နေ့က ဘယ်သူက ဘာပြောထားလဲတော့ မသိဘူး၊ ဟော့ကောင် မင်းမိန်းမလည်တာ ပတ်တာ ပါသနာပါပါတယ်လို့ ကြားတယ်၊ အဲဒါမျိုး ငါမကြိုက်ဘူး၊ မင်းမိန်းမကို ပြောထားလို့ ပြောတယ်၊ လူကြီးမကြိုက်တာဆိုတော့လဲ မလုပ်အောင် ဂရုစိုက်ရမှာပေါ့ကွာ၊ ဟိုက စစ်သားတွေပဲ ”



“ စစ်တပ်ထဲရောက်နေတာ ဆယ့်လေးငါးခြောက်နှစ် ရှိပြီ၊ တပ်ရင်းလဲ ငါးရင်း ခြောက်ရင်း ပြောင်းပြီးပြီ၊ စိတ်ချပြီး သွားစမ်းပါ၊ အားလုံး အဆင်ပြေသွားမှာပါ၊ မေ့အတွက် ကို စိတ်မပူစေရပါဘူး ”

ဇနီးသည်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်မှ ကျွန်တော်လည်း ဟင်းကနဲက သက်ပြင်း ချလိုက်နိုင်ပါတော့သည်။ တပ်မမှူးက ကျွန်တော်ရောက်ကတည်းက မျက်နှာကြော တင်းထားတော့ ကိုယ်ဖက်က အစစအရာရာ လိုက်လျောညီထွေဖြစ်အောင် ကြိုးစား ပြင်ဆင်ရမှာပေါ့ခင်ဗျာ။

## ကျွန်တော် ဂျီတူး

ကျိုင်းတုံပြန်ရောက်တော့ လက်ရှိဂျီတူး ဗိုလ်မှူးအောင်လတ်နှင့် တာဝန်လွှဲရ၏။ ဗိုလ်မှူးအောင်လတ်ကား ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၀)မှ ဖြစ်သည်။ ဂန္ဓာလရာဇ် သွေးပါ၏။ အရွယ်လည်း အနည်းငယ် ငယ်နေပြီ ထင်၏။ ထို့ကြောင့် သူ့အား သွက်သွက် လတ်လတ် ဖျတ်ဖျတ်လတ်လတ် လုပ်ရသည့် ဂျီတူးခေါ် စစ်ဦးစီးမှူး ဒုတိယတန်းကစား အခြားသူနှင့် ပို၍သင့်လျော်မည်ထင်သည့် တပ်မဌာနချုပ် တပ်ခွဲမှူးတာဝန် ပေးသည်ထင်၏။ အတိအကျတော့ ကျွန်တော် မပြောနိုင်ပါ။

ထိုစဉ်က အရွယ်ရနေသည့် Grade(2) Major များအား လူကြီးများက နယ်ဘက်သို့ တော်တော်များများ ပြောင်းရွှေ့ပေးလိုက်သည်။ သူတို့နေရာတွင် အသက်ငယ်သေးသည့် အရာရှိများအား အစားထိုး ခန့်အပ်လိုက်၏။ တပ်မ(၈၈)၌ ကျွန်တော်နှင့်အတူ တပ်မသို့ ဗျူဟာညှိနှိုင်း ကွပ်ကဲရေးမှူးအဖြစ် ဗိုလ်မှူးခပ်ငယ်ငယ် သုံးဦးရောက်လာ၏။ ၎င်းတို့မှာ ဗိုလ်မှူးစိုးမြင့် (ဂန်ဂျာ)၊ ဗိုလ်မှူးလှမောင် (ယခု အငြိမ်းစား)နှင့် ဗိုလ်မှူးဖိုးချို (ယခု ဗိုလ်မှူးကြီး ဖိုးချို၊ စစ်သံမှူး) တို့ ဖြစ်ကြ၏။

ဂျီတူးတာဝန်လဲရာတွင် ကျွန်တော်က ဗိုလ်မှူးအောင်လတ်ကို မေးမိသည်။

“ ကဲ အစ်ကိုကြီး ဂျီတူးဆိုတာ ဘာလဲ၊ ဘာတွေလုပ်ရလဲ၊ ကျွန်တော်က ဘာတွေ လုပ်ရမှာလဲ၊ အဲဒါတွေ ပြောပါဦး ”

www.burmeseclassic.com

www.burmeseclassic.com

" ဂျီတူးဆိုတာကတော့ General Staff Officer Two လေ၊ အတိုကောက်တော့ ဂျီတူးပေါ့၊ စစ်ဦးစီးမှူး ဒုတိယတန်း စစ်ဆင်ရေး ထောက်လှမ်းရေး၊ လေ့ကျင့်ရေး အဲ အဓိက ကတော့ စစ်ဆင်ရေးပေါ့ "

" နယ်မြေ ပြောပါဦး"

" နယ်မြေက သံလွင် အရှေ့ခြမ်း တစ်ခုလုံးလေ၊ မြောက်ဘက်ကို မိုင်းပေါက် အထိ၊ တောင်ဘက်ကတော့ ရှားတောအရှေ့ခြမ်း ရှမ်း-ကယား နယ်စပ်အထိပေါ့၊ ကိုယ်တို့ ကွပ်ကဲမှုအောက်မှာ ဗျူဟာလေးခုရှိတယ်၊ ရပခ က ကျိုင်းတုံဗျူဟာ၊ ကိုယ်တို့တပ်မက မိုင်းခတ် တစ်ဗျူဟာ၊ မိုင်းယောင်း တစ်ဗျူဟာ၊ မိုင်းဖြတ်မှာက တပ်မ(၆၆)က ဗျူဟာတစ်ခု ရှိတယ် "

" ရန်သူ့အခြေအနေကို ပြောပါဦး "

" ရန်သူကတော့ ဗကပရယ်၊ လွယ်မော် ရယ်၊ အဲဗွီရဲ့ လားဟူ အဖွဲ့ရယ်၊ အဓိကကတော့ အဲဒီ(၃)ဖွဲ့ပါပဲ၊ အဲဒီအထဲမှာ အစွာဆုံး ကတော့ ဗကပ ကော်(၈၁၅) ဖြစ်တယ်၊ တိုက်ကွက်တွေလဲ အများကြီး ဖော်နိုင်တယ်၊ ၁၉၈၀ ခုနှစ် မိုင်းယောင်းကို တိုက်သွားတာလဲ သူတို့ပဲ၊ မိုင်းယမ်းဘက်မှာက တပ်မဟာ(၇၆၈) ရှိတယ်၊ လွယ်မော်တွေကတော့ မိုင်းဟန်၊ ပုံပါကျင်ရဲ့ အနောက်ဘက်ခြမ်း မုံးကျွတ်တို့ ညေဝတီ ဆန်ဆု တို့မှာ အနေများတယ်၊ လာရှိုး အရှေ့ခြမ်း မုံးယော်၊ မုံးကျက်၊ နောင်လိုင်၊ ပါဖန်ဘက်က နေပြီးတော့ သံလွင်ဖြတ်ပြီး တောင်ဘက် ဆင်းတတ်တယ်၊ သူတို့ကတော့ ဖြတ်သွားဖြတ်လာပါပဲ၊ အဲဗွီရဲ့ လားဟူအဖွဲ့ကတော့ မိုင်းပြင်းတောင်ခြမ်း မိုင်းပုကြီးခွင်မှာ အဓိက လှုပ်ရှားတယ် "

" ကျွန်တော်က Staff မလုပ်ဖူးတော့ စိတ်ပူတယ် အစ်ကိုကြီး ရာ၊ တပ်မှူးကလဲ တော်တော် စေ့စေ့စပ်စပ်နဲ့ အသေးစိတ် လိုက်တတ် တဲ့ သူဆိုတော့ တာဝန်မကျေပွန် မှာ စိုးတယ်၊ ဒါကြောင့် အစ်ကိုကြီးကို လိုတာလေးတွေ မေးရတာပါ "

" သိပ်စိတ်မပူပါနဲ့လေ၊ ကိုယ့်လူက ဖျတ်လတ်ပါတယ်၊ ငယ်လဲ ငယ်သေးတာပဲ ၊ အဆင်ပြေသွားမှာပါ "

" Briefing ကရော "



" Briefing က ပုံမှန် မနက်(၈)နာရီပဲ၊ တုတ်ထောက်နိုင်အောင် မနက် (၆)နာရီလောက်က မြေပုံတင်ရတယ်၊ ရန်သူ့ သတင်းနဲ့၊ တပ်တည်၊ တပ်လှုပ် အဓိကပါ ၊ ထူးခြား ဖြစ်စဉ်တွေတော့ ပြောရတာပေါ့၊ ကျိုင်းတုံ ဗျူဟာက သူတို့ဟာ သူတို့တင်တယ်၊ ကိုယ်လူကလဲ အရင်က Briefing တွေ တက်ဖူးရဲ့သားနဲ့ ဒါလောက်ဆို ရလောက်ပါပြီ ဖြစ်သွားမှာပါ "

" ဟုတ်ကဲ့ပါ အစ်ကိုကြီးရယ်၊ စိတ်ပူလို့ မေးရတာပါ "

ဤသို့ဖြင့် ၁၉၈၄ ခုနှစ် ဩဂုတ်လဆန်းတွင် ဂျီတူးတာဝန်ကို စတင် ထမ်းဆောင်ရပါတော့သည်။ ကျွန်တော်နှင့်အတူ ထိုစဉ်က စစ်ဦးစီး ဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အရာရှိများမှာ G(3) စစ်ဆင်ရေး ဗိုလ်ကြီးမင်းဆွေ (ယခု ဗိုလ်မှူးကြီးမင်းဆွေ၊ မြန်မာ့မီးရထား)၊ G(3) ထောက်လှမ်းရေးဗိုလ်ကြီးရာလျံမုန်း (ယခု ဒုရဲမှူးကြီး ရာလျံမုန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့) G(3) တာဝန်နှင့် လေ့ကျင့်ရေးဗိုလ်ကြီး အောင်မင်း (ယခု ကွယ်လွန်) တို့ဖြစ်ကြ၏။ အကူ G(3) မှာ ကချင်(၅)မှ ဗိုလ်မြင့်ဦး (ယခု ဒုဗိုလ်မှူးကြီးမြင့်ဦး၊ ကွယ်လွန်) ဖြစ်သည်။ ရုံးအုပ်ချုပ်မှာ ဆရာကြီးစံလှိုင် (ယခု ဗိုလ်ကြီးစံလှိုင်)၊ ရုံးအုပ်မှာ ဆရာကြီးထွန်းတင် (ယခု အရာခံ ဗိုလ် ထွန်းတင်)တို့ဖြစ်ကြ၏။

ကျိုင်းတုံဗျူဟာတွင် ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးစိုးမြင့် (ယခု အငြိမ်းစား၊ ဗိုလ်ချုပ်စိုးမြင့်) ဗျူဟာဂျီတူးမှာ ဗိုလ်မှူးမျိုးအောင် (ယခု ဒု-ဗိုလ်မှူးကြီးမျိုးအောင်)၊ G(3) များမှာ ဗိုလ်ကြီး စောလှထွန်း (ယခု ဒု-ဗိုလ်မှူးကြီး စောလှထွန်း၊ နယ်စပ်ကုန်သွယ်ရေး) နှင့် ဗိုလ်ကြီး စိုးနိုင် (ယခု ဗိုလ်မှူးချုပ်စိုးနိုင်) တို့ဖြစ်ကြ၏။ မှတ်မိသလောက် ဖော်ပြခြင်း ဖြစ်ပါသည်။ နှစ်တွေလည်း အတော်ကြာနေပြီဖြစ်၍ မမှတ်မိသည်များ လည်း ရှိပါ၏။ ရေးရင်းရေးရင်း ပေါ်လာသည်များလည်း ရှိ၏။ မှတ်တမ်း မှတ်ရာများ ဟိုပြောင်းဒီပြောင်း၍ ပျောက်သည်ပျောက်၊ အသိမ်းလွန်၍ ရှာမရသည်များလည်း ရှိပါသည်။ ရေးပြီးမှ ပြန်ရှာတွေ့သည်များလည်း ရှိပါ၏။

ထားပါတော့ခင်ဗျာ။

ထိုစဉ်က ကျိုင်းတုံဒေသအခြေအနေများကို ပုံဖော်အောင် သတိ ရသလောက် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။ စစ်ဦးစီးမှူး ဒုတိယတန်း

www.burmeseclassic.com

www.burmeseclassic.com

ခေါ် ဂျီတူးလည်း ဖြစ်ပါပြီ၊ ထိုဂျီတူး တစ်ဦး အလုပ်လုပ်ရသည်များကို ဆက်လက်တင်ပြပါမည်။

**ဂျီတူးတစ်ဦး၏ နိစ္စဓူဝ တာဝန်များ**

ကျွန်တော့်တပ်မမှူးက ဆေးလိပ်မသောက်၊ အရက်မသောက် လုပ်ငန်းနှင့် ပတ်သက်၍ စေ့စပ်သေချာ၏။ သဘောထားတင်းမာ၏။

ထို့ကြောင့် " တာဝန်လဲပြီဟေ့ " ဆိုကတည်းက ကျွန်တော်မှာ အလုပ်ကို ကြိုးစားရပါတော့သည်။ မနက်(၅)နာရီထိုးလျှင် အိပ်ယာမှ ထရသည်။ ဗျူဟာ(၄)ခုလုံးအတွက်ထားရှိသည့် စက်များမှ နယ်မြေအခြေအနေကို မေးရသည်။ ကျွန်တော့်ဆီတွင် ထိုစဉ်က ဆက်သွယ်ရေးစက်လည်း အမျိုးစုံရှိ၏။ ICOM ခေါ် လက်လျှောက် စကားပြောစက်ရှိသည်။ TRA (၉၀၆)စက်၊ 120 စက်နှင့် ဆက်သွယ်ရေးတပ်ခွဲမှ ကျွန်တော်ပင် အမျိုးအမည်မသိသော စက်များ ရှိနေ၏။ ICOM မှာ Motorola ဆင့်ကမ်း စကားပြောစက်ဖြစ်သည်။ တောင်ထိပ်ကြီးများ ပေါ်တွင် Relay Slation တင်၍ ပြောရခြင်း ဖြစ်သည်။ ဂျီတူး၊ ဂျီးသရီးနှင့် PSO များက ထိုစက်များကို ကိုင်၍ RT ဖြင့် ပြောကြ ရသည်။

ထိုစက်ပေါင်းစုံက ရရှိသည့် သတင်းများကို မနက် (၆)နာရီခွဲ (၇)နာရီခန့်၌ တပ်မမှူးနေသည့် အိမ်ကလေးသို့သွားရောက်၍ ဦးစွာ ကြိုတင်ပြထားရ၏။ ထို့နောက် စစ်ဆင်ရေး အစည်းအဝေးပြုလုပ်ရန် ပြင်ဆင်ရသည်။ (၈)နာရီတွင် စစ်ဆင်ရေး အစည်းအဝေး စသည်။ ထိုအစည်းအဝေးကို တပ်မမှူး၊ ဒု-တပ်မမှူးနှင့် ကျိုင်းတုံ ဗျူဟာမှူးတို့ ဦးစီးဆောင်ရွက်သည်။ အစည်းအဝေးတက်ရောက်သူများမှာ ကျိုင်းတုံ တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ကျိုင်းတုံ အရန် တပ်ရင်းမှူးများနှင့် ရှေ့တန်းတပ်မနှင့် ကျိုင်းတုံဗျူဟာမှ ဦးစီးအရာရှိများ၊ ထို့အပြင် တပ်မ ဆက်သွယ်ရေး တပ်ခွဲမှူး၊ အင်ဂျင်နီယာ တပ်ခွဲမှူး၊ အမြောက်တပ်ခွဲမှူးနှင့် တပ်မဆေးမှူးတို့လည်း ထိုအစည်းအဝေးသို့ တက်ကြ၏။

ထိုအစည်းအဝေးတွင် စစ်ဦးစီးမှူး တတိယတန်းများမှ တုတ်ထောက် ရှင်းလင်းတင်ပြသည်များကို တပ်မမှူးမှ လိုအပ်သည့် ညွှန်ကြားချက်များ ပေးပါသည်။ ထိုစဉ်က ကျိုင်းတုံဒေသတွင် ခမ်မက် အပေါ်



ထူပြောနေသေး၍ ထူးခြားဖြစ်စဉ် မဖြစ်သည့်နေ့ မရှိသလောက် ပင်ဖြစ်၏။ စစ်နယ်ဝှန်းကြီးတစ်ခုလုံး နေ့စဉ်တိုက်ပွဲ မဖြစ်ပါဘူး ဆိုသည့်တောင် တစ်ဦးစ နှစ်ဦးစ မိုင်းတော့ ထိလိုက်သေး၏။ ရောက်ကာစ တစ်လ၊ နှစ်လမှာ လုပ်ငန်းတစ်ခုလုံး In picture မဖြစ်သေး၍ ကျွန်တော့်မှာ ကိုယ့်လုပ်ငန်းတွင် ရပ်တည်နိုင်အောင် အသည်းအသန် ကြိုးစားခဲ့ရပါသည်။

" ဗိုလ်မှူးရေ တပ်မမှူးက ဗိုလ်မှူးဒီပြောင်းဖို့ အမိန့်ထွက်တော့ ပြောတယ် "

" ဒီကောင်က ဘယ်လိုလုပ်ပြီးတော့ အူကြောင်ကြောင်နဲ့ တပ်မဌာနချုပ် ရောက်လာလဲ မသိဘူး၊ အရက်လဲ သောက်တတ်တယ်၊ စကားကလဲ အတော်များတယ်လို့ ကြားတယ်၊ လုပ်တာကိုင်တာကို ကြည့်ဦးမယ်၊ ဒီမှာမဟန်ရင် ဗျူဟာတွေပဲ ပို့လိုက်မယ်၊ ဗျူဟာတွေက ကောင်းတဲ့လူ တစ်ယောက်ကို ပြန်ခေါ်လိုက်မယ်လို့ ပြောတယ်၊ ဒါ့ကြောင့် ဗိုလ်မှူး အလုပ်တော့ ကြိုးစားနော်၊ အရက်လဲ ပြန်မသောက်လိုက်နဲ့ဦး"

ကျွန်တော်ရောက်စက တပ်မတွင် PSO (၂)ယောက်ရှိ၏။ တစ်ယောက်ကား ဗိုလ်ကြီးလွန်းမောင် (ယခု ဗိုလ်ချုပ်လွန်းမောင်) ဖြစ်ပြီး၊ တစ်ယောက်ကား ဗိုလ်ကြီးတင်ဖေ ဖြစ်၏။ ဗိုလ်ကြီးတင်ဖေသည် သနက (၁) အိုင်အိုမှ တပ်မသို့ ပြောင်းရွှေ့သွားသူ ဖြစ်သည်။ သနက(၁) တွင် ကျွန်တော်နှင့် နှစ်နှစ်ခွဲခန့်အတူနေဖူး၍ သံယောဇဉ် ရှိ၏။ အထက်ပါစကားကို သူက ကျွန်တော့်အား ဂျီတူးတာဝန်ထမ်းဆောင်ခါစ ရက်ပိုင်းအနည်းငယ်အတွင်းမှာပင် တိတ်တဆိတ် လာရောက်ပြောဆိုခြင်း ဖြစ်ပါသည်။

ကိုယ်ညံ့လို့ တာဝန်အလဲခံလိုက်ရတယ် ဆိုလို့ကတော့ ရှက်စရာကောင်းလှပါ၏။ အလဲမခံနိုင်ပါ။ အစကတည်းက နှစ်ပေါင်းများစွာ သောက်လာခဲ့သည့် အရက်ကိုတောင် ဖြတ်လာခဲ့ပြီ ဖြစ်ပါသည်။ ဤတာဝန်ကို ကျေပွန်အောင်နှင့် တပ်မမှူး၏ ကျေနပ်မှုရအောင် အစွမ်းကုန် ကြိုးစားမည်ဟု ကျွန်တော်က သန္နိဋ္ဌာန်ချထား၏။ ထို့ကြောင့်

" စိတ်ချပါ ကိုယ့်ညီရာ၊ ကိုယ်အစွမ်းကုန် ကြိုးစားပါမည် " ဟု ကက် ပေးလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်၏ကတိအတိုင်း ကျွန်တော်သည် အရက်မသောက်၊ ဆေးလိပ်မသောက်ဘဲ မနက်စောစော အိပ်ရာထ၊ ည(၁၂)နာရီထိုးမှ အိပ်ရာဝင်ကာ ဂျူတီတာဝန်ကို အားကြိုးမာန်တက် ထမ်းဆောင်ခဲ့ပါသည်။ သို့ရာတွင် တပ်မမှူး၏ မျက်နှာသာပေးခံရခြင်းတော့ မရရှိသေးပါ။ တပ်မမှူးက ကျွန်တော့်အား စကားပြောလျှင် ခပ်တည်တည် ခပ်တင်းတင်းသာ ပြောလေ့ရှိပါ၏။ ကျွန်တော်တို့ စစ်ဦးစီးဌာနမှာ နံနက်မိုးလင်းကတည်းက ညမိုးချုပ်သည်အထိ အားရသည်၊ နားရသည်မရှိပါ။ သံလွင်အရှေ့ခြမ်းတစ်ခုလုံး တာဝန်ယူထားရသည်ဖြစ်သဖြင့် ဂျင်ခြေလည်အောင် အလုပ်များလှပါ၏။ အလုပ်နှင့်လက် ပြတ်သည်အချိန်ဟူ၍ မရှိပါ။ ည (၁၁)နာရီ ဆက်သွယ်ရေးစက်များ နောက်ဆုံးခေါ်ပြီးချိန်အထိ စောင့်ရ၏။ ထိုအခြေအနေကို မအိပ်မီ တပ်မမှူးအား သတင်းပို့ပြီးမှ အိပ်ရ၏။ ထိုအချိန်တွင် ည(၁၂)နာရီထိုးပါပြီ။ ကျွန်တော်တို့ စစ်ဦးစီးဌာနတစ်ခုလုံးမှာ ဤနည်းနှင်နှင်သာ ဖြစ်ပါတော့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ဗိုလ်ကြီးမင်းဆွေ၊ ဗိုလ်ကြီးရာလျံမုံးတို့နှင့် စပ်မိစပ်ရာ ပြောကြရာတွင်

" အစ်ကိုကြီးရေ၊ ကျွန်တော်တို့ စစ်ဦးစီးဌာနက ဒီအဘနဲ့ကတော့ သိပ်မချောင်ဘူးနော်၊ ဒါပေမယ့် ကြိုးစားရတာပဲ၊ ဂျီမှာ နေဖူးမှ တပ်မှာ ကွန်မင်ဒါကောင်းဖြစ်တယ်လို့ ပြောကြားတာပဲ "

" အေးပါကွာ၊ ကိုယ်လဲ ကြိုးစားပါတယ် "

ကျွန်တော်က ပြောမိ၏။

ကျွန်တော်တို့နှင့် ဆန့်ကျင်သည့် အဖွဲ့ကား တပ်မရေးထောက်ဌာနဖြစ်သည်။ ထိုစဉ်က DQ ခေါ် ရေးထောက်ဗိုလ်မှူးမှာ ကျွန်တော်တို့ သနက(၁)ကပင် ပြောင်းရွှေ့သွား သည့် ဗိုလ်မှူးသိန်းကြည် ဖြစ်ပါသည်။ သူ့အောက်က ဦးစီးအရာရှိ နှစ်ဦးမှာ ဗိုလ်ကြီးစန်းအောင်နှင့် ဗိုလ်ကြီးစန်းလွင်တို့ ဖြစ်ကြ၏။ သူတို့တစ်တွေတာဝန်ကား ရှေ့တန်းတပ်မ၏ ရေးထောက်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ပေးရခြင်း ဖြစ်သည်။ သူတို့ကား ကျွန်တော်တို့လောက် အလုပ်မများ၊ ထို့အပြင် ယာဉ်တန်း အတက်အဆင်းနှင့် လေယာဉ်နေရာများကိုပါ ထိန်းချုပ်ခွင့် ရရှိထားရာ မျက်နှာပွင့်လှချေ၏။ သူတို့ရုံးကို ကြည့်လိုက်လျှင် အမြဲတမ်း လူပြည့်ကျပ်



နေသည်။ အနုအလှလေးတွေနှင့် သမုဒယကလေးတွေလည်းပါ၏။ မော်တော် ဆိုင်ကယ်သံ တညံညံနှင့် ဖြစ်၏။ ကျွန်တော်တို့ ရုံးဘက် ကိုတော့ ဘယ်သူမှ မလာပါ။ ရှေ့တန်းအတက်အဆင်း လုပ်နေသော မလာ မဖြစ်သည့် တပ်ရင်းမှူးများသာ လာလေ့လာထ ရှိပါသည်။

ကျွန်တော်တို့ စစ်ဦးစီးဌာနမှ အရာရှိများကို ကျိုင်းတုံမြို့ကား မသိကြပါ။ သူတို့ ရေးထောက်ဌာနမှ အရာရှိများကိုတော့ အားလုံးနီးပါး သိကြပါ၏။ ကျွန်တော်တို့သာ နေ့ည ရုံးတက်ရ၏။ သူတို့တစ်တွေကား နေ့လယ်စားပြီးသည်နောက် လေကလေး တချွန်ချွန်နှင့် နေ့စဉ် ပုံမှန်ဂေါက်ကွင်းသွား ဂေါက်သီးရိုက်လေ့ရှိပါသည်။ ကျွန်တော်တို့ကား ဂေါက်သီးရိုက်ဖို့ ဝေးစွ၊ ဂေါက်ကွင်းကိုပင် မရောက်ဖူးကြပါ။ ဂျူတီ တာဝန်ထမ်းဆောင်နေသည့် ကာလတစ်လျှောက်လုံး အရေးကြီးကိစ္စ သတင်းပို့ရန် ဂေါက်ကွင်းရောက်နေသည့် တပ်မမှူးထံသို့ နှစ်ကြိမ်လိုက်သွားဖူး၍ ဂေါက်ကွင်းကို ထိုနှစ်ကြိမ်သာ ရောက်ဘူးခဲ့ပါသည်။

တပ်မသို့ ရောက်ပြီး (၃)လခန့်အကြာ၌ တပ်မမှူးသည် ကျွန်တော့်ကို အောက်ပါ အတိုင်းခေါ် ပြော၏။

" မင်းကို ငါကြည့်နေတာ မင်းက အလုပ်တော့ လုပ်ပါတယ်၊ ဒါပေမယ့် ငါ အားမရသေးဘူး၊ မကျေနပ်သေးဘူး၊ မင်း G(3) တွေကို သိပ်မှိုခိုလွန်းတယ် "

တပ်မမှူးစကားကြောင့် ကျွန်တော့်မှာ အတော် ကသိကအောင့်ဖြစ်သွား၏။

" အင်း၊ ဒီလောက်လုပ်တာတောင် မကျေနပ်သေးဘူး ဆိုပါလား၊ ဘာလုပ်ရမှာပါလိမ့်"

ကျွန်တော် ထိုနေ့က တစ်ညလုံးစဉ်းစားပြီး ကောင်းကောင်း အိပ်မပျော်ပါ။ တပ်မမှူးကျေနပ်အောင် အစွမ်းအစပြမှ ရချေတော့မည်။ နောက်နေ့မနက်တွင် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ G(3) များကို ခေါ် လိုက်ပြီး

" ကဲ၊ ကိုမင်းဆွေနှင့် ကိုရာ ရေ၊ တပ်မမှူးကြီးကတော့ ငါ့ကို အားမရဘူးတဲ့၊ မကျေနပ်သေးဘူးတဲ့၊ အဲဒါအလုပ်ပြမှ ရတော့မယ်၊ ဒါကြောင့် ဒီနေ့မနက်ကစပြီ Briefing ဖရချင်း ရန်သူ့သတင်းနဲ့ ကူးကြား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စဉ် တုတ်ထောက်တာကို ကိုယ်လုပ်တော့မယ်၊ ကိုရာက လိုတာလေးပဲ လုပ်ပေးပါတော့၊ တပ်တည် တပ်လှုပ်တော့ ကိုမင်းဆွေပဲ လုပ်မြဲတိုင်း လုပ်ပါ ”

ထိုနေ့မှစ၍ နေ့စဉ် စစ်ဆင်ရေးအစည်းအဝေးအစဉ် ကျွန်တော် ကိုယ်တိုင် တုတ်ထွက်ထောက်ပါတော့သည်။ ထောက်လေ့ ထောက်ထ မရှိ၍ အစပိုင်းရက်များက ပုံမလာ ပန်းမလာ ဖြစ်နေ၏။ ထိုအခါ တပ်မမှူးက

“ ဟော့ ဂျီတူး၊ မင်း ဖင်ပေးမထောက်နဲ့ ” ဟု လှမ်းပြောပါသည်။

နေ့စဉ် ထူးခြားဖြစ်စဉ်နှင့် ရန်သူ့သတင်းအား တုတ်ထောက် နေရခြင်းကြောင့် ရန်သူဖွဲ့စည်းပုံကို မြေပုံပေါ်တော့ အတော်ကျေညက် သွားသည်။ ထို့အပြင် တုတ်ထွက်ထောက်သည့် အကျင့်လည်း ရသွား၍ နောင်အခါ ဤကိစ္စများအတွက် တပ်မမှူးအား ကျေးဇူးတင်မိပါသေး သည်။

ကျွန်တော်တို့ တပ်မမှ ဒု-တပ်မမှူးကား စကားအတော်နည်း၏။ ထွေလီကာလီ သိပ်ပြောလေ့ပြောထ မရှိ။ သို့ရာတွင် ကျွန်တော် တုတ် ထွက်ထောက်တော့ အတော်အံ့ဩနေ၏။

“ မင်းတို့ဆရာတပည့်က ဘယ်လိုဖြစ်ကြတာလဲ ဂျီတူးရယ် ” ဟု အသံဝါကြီးဖြင့် မေး၏။

ကျွန်တော်က အကျိုးအကြောင်း ရှင်းပြသောအခါ ဒု-တပ်မမှူးက ပြုံးလေသည်။ နှစ်လကျော်ခန့် တုတ်ထောက်၍ အရှိန်ရသည့်အခါမှ တစ် ရက်တွင် တပ်မမှူးက ကျွန်တော်အား

“ ကဲ ဂျီတူး၊ မင်းဒီရောက်နေတာ ဘယ်နှစ်လ ရှိပြီလဲ ”

“ ငါးလနီးပါး ရှိပါပြီ ခင်ဗျာ ”

“ အင်း၊ Staff တွေကို လေးလတစ်ခါ မကွေးပြန်လွှတ်တယ်၊ ဆယ်ရက် အနားပေးတယ်၊ မင်းဒီမှာ လေးလကျော်ပြီဆိုတော့ မကွေး ပြန်ချင်ရင် ပြန်၊ ပြန်မယ်ဆိုရင် မနက်ဖြန် ပြန်ကွာ”ဟု ပြောပါတော့သည်။

ဤသို့ဖြင့်တပ်မမှူးကြီးက ကျွန်တော့်လုပ်ဆောင်ချက်ကို အထိုက် အလျောက် ကျေနပ်သွားသည် ထင်ပါ၏။ မကွေးသို့ အနားပြန် ပြန်လွှတ် လိုက်ပါတော့သည်။



တစ်ဆင့်တော့ ဖြတ်ကျော်သွားပြီပေါ့ခင်ဗျာ။

### ကျွန်တော်နှင့်မော်တော်ဆိုင်ကယ်

ကျွန်တော်သည် စာရေးဆရာကြီး မြသန်းတင့်၏ ခရီးသွား ဆောင်းပါးစာအုပ်ကြီးတစ်အုပ် ဖတ်ဖူး၏။ ထိုစာအုပ်ကြီးအမည်မှာ “ ငွေသောင်ယံ၊ မေရီပိုပေး ဟွန်ဒါ ယဉ်ကျေးမှုနှင့် အီကွေဘာ ညများ ” ဟူ၍ ဖြစ်၏။

ဆရာကြီးမြသန်းတင့်သည် တစ်ခါက မြန်မာနိုင်ငံတောင်ဖျားသို့ ခရီးထွက်သွား၏။ ထိုဒေသရှိ မြို့များသို့ ရောက်သည့်အခါ တွေ့ရှိရသည် များကို ခရီးသွားဆောင်းပါး ရေးသွားခဲ့လေသည်။ ၁၉၇၀ - ၈၀ ကြားတွင် ဖြစ်မည်ထင်ပါ၏။ ထိုအချိန်က ထားဝယ်၊ မြိတ်၊ ကော့သောင်း အစရှိသည့် ဒေသများ၌ ဟွန်ဒါမော်တော်ဆိုင်ကယ်များကို ကြီးကြီးငယ်ငယ် ရွယ်ရွယ် လတ်လတ် အားလုံး စီးကြသည်ဆို၏။ ထိုမြို့များကို ရောင်စုံဟွန်ဒါ မော်တော်ဆိုင်ကယ်များက ဖုံးလွှမ်းနေ၏။ လူတွေက ဘယ်သွားသွား ဘာလုပ်လုပ် ဆီစားသက်သာပြီး စီးနင်း၍ လွယ်ကူသော ဟွန်ဒါ မော်တော်ဆိုင်ကယ်ကလေးများကို အသုံးပြုကြ၏။ ဝယ်၍လည်း အလွန် လွယ်၏။ ဘယ်နေရာကြည့်ကြည့်၊ ဟွန်ဒါ မော်တော်ဆိုင်ကယ်လှိုင်းများ ကို ရှောင်မရဟုဆို၏။ ထို့ကြောင့် ဟွန်ဒါယဉ်ကျေးမှုဟု အမည်တပ် ခဲ့၏။

၁၉၈၄ ခုနှစ်က ကျွန်တော်နေခဲ့သော ကျိုင်းတုံမြို့သည် လည်း ဟွန်ဒါယဉ်ကျေးမှုနှင့် ယာမာဟာ ယဉ်ကျေးမှုများ ရှိပေသည်။ မြို့တွင်း ကျင် ဟွန်ဒါမော်တော်ဆိုင်ကယ်လေးများ မင်းမူနေ၏။ ကျိုင်းတုံ၊ တာချီ လိတ် ခရီးကြမ်းအတွက်ကား ယာမာဟာ ဒီတီများက ခရီးသည် ဆွဲနေ ကြသည်။ ဤသို့ မော်တော်ဆိုင်ကယ်များနှင့် လှုပ်ရှားနေကြရာ ကျွန်တော်တို့ တပ်မတစ်ခုလုံးရှိ ရုံးအဖွဲ့ဝင်များလည်း အားလုံးလိုလို ဆိုင်ကယ်များနှင့် ပါတည်း။

ပထမရက်တွင် ကျွန်တော်သည် ရုံးအုပ် ဆရာထွန်းတင် မောင်းနှင် သိန်းဝင်း ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်ကလေးတွင် ထိုင်၍ ...ရေး ခလေတန်ရေးလုပ်နေ၏။ လက်ဖက်ရည်ဆိုင်ကလေးမှာ နေ့လယ် ...နားဖြတ်ချိန်တွင် ရှေ့တန်းတပ်မမှ စစ်သည်များ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



သောက်နိုင်ရန် အလွန်ချိုသာသော နှုန်းနှင့် ရောင်းချဖွင့်လှစ်ပေးနေခြင်း ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားဘဝက ရေကျော်မောင်အေးကဖီးတွင် ညညသွားထိုင်တတ်ခဲ့သူ ကျွန်တော်သည် ယခုဂျီတူးဘဝတွင်လည်း ညနေ နှစ်နာရီ သုံးနာရီ ရုံးမှအချိန် အနည်းငယ်အားသည်နှင့် ဒေါ်သိန်းဝင်း လက်ဖက်ရည်ဆိုင်သို့သွား၍ ခေတ္တခဏ ထိုင်တတ်၏။ လက်ဖက်ရည် သောက်တတ်၏။ ဟိုသတင်း ဒီသတင်းလေးများ မေးမြန်း ရယူတတ်၏။ စစ်ဆင်ရေးသာမက ထောက်လှမ်းရေးကိုပါ တာဝန်ယူထားရ၍ ရန်သူ့ သတင်း၊ မိမိသတင်း အားလုံးရရန် လို၏။

တစ်ခုသော နေ့လယ်တွင် ဆရာထွန်းတင်က မော်တော် ဆိုင်ကယ်နှင့် အပြင်မှ ပြန်ရောက်လာသည်။ လက်ဖက်ရည်ဆိုင်အတွက် ပစ္စည်းများ ဝယ်လာ၏။ ထို့နောက် လက်ဖက်ရည်ဆိုင်တွင် ရောက်နေသော ကျွန်တော်နှင့်အတူ လက်ဖက်ရည်သောက်ကြသည်။ ထို့နောက် ကျွန်တော့်အား အောက်ပါအတိုင်း မေးပါတော့သည်။

" ဗိုလ်မှူး၊ ဆိုင်ကယ်နဲ့ မြို့ထဲလေးဘာလေး မသွားဘူးလား "

" ကျုပ်မှ ဆိုင်ကယ်မစီးတတ်တာဗျာ"

" ဟာ ဗိုလ်မှူးက တကယ် ဆိုင်ကယ်မစီးတတ်ဘူးလား "

" မစီးတတ်ဘူးဗျာ ၊ သင်ပေးစမ်းပါဦး "

" ဒါဖြင့် စက်ဘီးကော စီးတတ်လား "

" စက်ဘီးတော့ ရှစ်နှစ် ကိုးနှစ်လောက်ကတည်းက စီးတတ် တယ်ဗျာ "

" ဒါဆိုရင် လွယ်လွယ်လေးပါ၊ စက်ဘီးစီးသလိုပါပဲ ၊ ဘာမှ မခက်ပါဘူး၊ ဆိုင်ကယ်ပေါ် တက်ထိုင်၊ စက်နှိုးလိုက်၊ ပြီးတော့ ဂီယာထိုး၊ ပြီးရင် ညာဘက်လက်ကိုင်မှာ လီဗာလေးကို အသာလေးလှည့်လိုက်ရင် ဆိုင်ကယ်စီးတာပါပဲ " ဟု ဆရာကြီးထွန်းတင်က ပြောပါတော့သည်။

ထို့နောက် သူ့ဟွန်ဒါ ဆိုင်ကယ် ရှူပါကတ် အနီကလေးအား လက်ဖက်ရည်ဆိုင်ကို ပတ်၍ စီးပြ၏။ ဆိုင်ကယ်ပေါ်မှ ဆင်း၍ " ကဲ ဗိုလ်မှူး စီးချင်စီးလို့ရပြီ၊ စီးကြည့်ပါ " ဟု ပြောပြန်သည်။

ထိုအချိန်က ကျိုင်းတုံမြို့တွင်း၌ ကျားမ မရွေး ဆိုင်ကယ်စီးနေကြသူများကို အလွန်အားကျနေသည့် ကျွန်တော်က မဆိုင်းမတွပင် ဆရာထွန်းတင်၏ ဆိုင်ကယ်အနီကလေးပေါ်သို့ တက်ခွပြီး စက်နှိုးကာ ဂီယာ



ထိုး ထွက်လိုက်၏။ လက်ဖက်ရည်ဆိုင်ကလေးရှေ့မှထွက်လာရာ ကိုက်(၅၀) ခန့်အကွာ၌ ဗျူဟာကုန်းသို့ တက်လာသည့် လမ်းမကြီးကွေ့သို့ ရောက် ၏။ ကျွန်တော်သည် လမ်းမကြီးအရောက်တွင် ဆိုင်ကယ်အား နားမလည် ပါးမလည်ဖြင့် လီဗာတင်၍ ကွေ့လိုက်ရာ အရှိန်လွန်ပြီး လမ်းဘယ်ဘက် မြောင်းထဲ ထိုးကျကာ ဂျိန်းကနဲ အသံမြည်သွား၏။ ထိုအခါ လက်ဖက် ရည်ဆိုင်ထဲမှ ဆရာထွန်းတင်နှင့် ရဲဘော်သုံးလေးဦး ပြေးလာကြ၏။ ကျွန်တော်က လမ်းဘေးမြောင်းထဲမှ ကုန်းရုန်း ထလိုက်သည်။ မြောင်းမှာ လေးငါးပေခန့်နက်၍ အတော်ကလေး အီသွားသည်။ ဆရာထွန်းတင်နှင့် ရဲဘော်များက ဆိုင်ကယ်ကို လမ်းမပေါ်သို့ ဆွဲတင်ကြ၏။ ဆရာ ထွန်းတင်က

" ဗိုလ်မှူး၊ အတော်နာသွားသလား "ဟု မေးပါတော့သည်။ အတော်တော့ နာသွားပါသည်။ သို့ရာတွင် နာတယ်ဟု ပြော၍ မဖြစ်။ မချိသွားဖြဲ ရယ်ကျဲကျဲနှင့်

" ဟဲ ဟဲ၊ မနာပါဘူးဗျာ " ဟု ပြောလိုက်ရ၏။

ဤသို့ဖြင့် ကျွန်တော်သည် အားလပ်ချိန်များတွင် ဟိုလူ့ ဆိုင်ကယ် တက်ခွလိုက်၊ ဒီလူ့ဆိုင်ကယ် တက်ခွလိုက်နှင့် ဂျီတူး လုပ်သက် လေးငါးခြောက်လအတွင်း ဆိုင်ကယ် စီးတတ်သွား ပါတော့သည်။

ဆိုင်ကယ်နှင့်ပတ်သက်၍ မှတ်မိနေသည်များ ရှိပါသေးသည်။ ၎င်းတို့အနက်မှ တစ်ခုကို ဖော်ပြလိုပါသေးသည်။

၁၉၈၅ ခုနှစ်၊ ဇန်နဝါရီလ၏ အေးချမ်းသော ညတစ်ညတွင် ဖြစ်၏။ ကျိုင်းတုံတွင် တပ်မမှူး မရှိ၊ ရန်ကုန်သို့ လေးလပတ်သွားတက် နေ၏။ ဒု-တပ်မမှူးသာ ရှိသည်။ လေယာဉ်ကွင်းအနီးရှိ အမှတ်(၄) ချင်းသေနတ်ကိုင်တပ်ရင်းမှ ကျွန်တော့်အား ညစာ ထမင်းစားဖိတ်၍ သွားစားသည်။ ဖိတ်ကြားသူ အရာရှိများက ညစာတွင် ဝီစကီပါ ထည့် ထားသည်။ ကျွန်တော့်အား ဝီစကီတိုက်၏။ ကျွန်တော်က မသောက်ပါ ဟုဆိုကာ ငြင်း၏။

" ဟာ၊ ဂျီတူးကြီးကလဲ တပ်မမှူးကြီးကို တအားကြောက်နေ ပုံပဲ၊ တပ်မမှူးကြီး လေးလပတ်သွားတာ မနေ့ကမှ၊ ဘာကြာသေးလို့လဲ၊ (၁၀)ရက်လောက်တော့ နေရဦးမှာပဲ၊ တစ်ခါတစ်လေပါ အာမ

www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ပါဘူး၊ နည်းနည်းတော့ ချီးမြှင့်ပါဦး ” ဟု ထမင်းကျွေးသည့် အရာရှိ သုံးလေးဦးက ဝိုင်းပြောကြသည်။

နောက်ဆုံးတော့ အားနာပါးနာနှင့် သောက်လိုက်မိ၏။ ထိုည ထမင်းဝိုင်းမှ ဆိုင်ကယ်စီး ပြန်ထွက်လာတော့ ည(၁၁)နာရီထိုးပြီ။ (၆)လ ခန့် လုံးဝအရက်ပြတ်နေရာမှ ပြန်သောက်လိုက်မိ၏။ အကျိုးပေးပါသည်။

ဝီစကီကလေး ခပ်ထွေထွေဖြင့် လေယာဉ်ကွင်းလမ်းအတိုင်း ပြန်ခဲ့ရာ ဆန်ဂိုထောင်များအလွန် ဓမ္မာဒယကုန်းအတက်၌ ဆိုင်ကယ် နှေးသွား၏။ ထို့ကြောင့် ဂီယာချိန်း၍ လီဗာကို မြှင့်တင်လိုက်သည် ဆိုင်ကယ်က ဝူးကနဲ ဆောင့်ထွက်သွား၏။ ထိုအခါ ဘယ်လိုက ဘယ် ဖြစ်သွားသည်မသိ။ ပေါင်အောက်မှ ဆိုင်ကယ်သည် လက်မှ လွတ်ထွ သွားပြီး ဘယ်ဘက် တောင်နံရံသို့ ဝင်တိုက်ကာ ရပ်သွား၏။

ကျွန်တော်မှုကား ပတ်လက်လန်ကာ ဗုန်းကနဲမြည်၍ ကတ္တ လမ်းမပေါ်သို့ အလျားလိုက် ကျသွား၏။ တော်တော်နှင့် ပြန်မထနိုင်ပါ ညဉ့်နက် သန်းခေါင်ဖြစ်၍ လာပြီး ကူကယ်မည့်သူလည်း မရှိပါ ကံကောင်း၍ မျက်နှာတော့ မခိုက်မိ။ ကျောနှင့် ကတ္တရာလမ်း ဝုန်းက ကျသွား၍ အဆုပ်များ ကွာသွားသည် ထင်ရ၏။ (၁၀)မိနစ် (၁၅)မိ ခန့် ကြာသည်အထိ ပြန်မထနိုင်သေးပါ။ အပေါ်က Field Jack ဝတ်လာ၍သာ တော်သေးသည်။ လူးလဲကုန်းရုန်းထပြီး တောင်နံရံတွ မှီနေသော မော်တော်ဆိုင်ကယ်အား အသာတွန်းပြီး ပြန်ယူရ၏။ စ လုံးဝစီး၍ မရတော့ပါ။ ဗျူဟာကုန်းသို့ရောက်ရန် (၂)မိုင်ခန့် ကျန်ပါသေး သည်။ ထို(၂)မိုင်ခန့်အား တစ်ကိုယ်လုံး နာနေသည့်ကြားမှ ဆိုင်က တွန်း၍ ပြန်ခဲ့ရပါသည်။

အိပ်ဆောင်ရောက်တော့ ည(၂)နာရီ ထိုးပြီ။ မူးတာတွေလ ဘယ်ရောက်ကုန်မှန်း မသိ။ အားလုံး ပြယ်လွင့်သွား၏။ ဆိုင်ကယ် မနက်မှ ပြင်ယူရသည်။ ထိုနေ့ညမှာ တနင်္ဂနွေနေ့ညဖြစ်၍ နောက် တနင်္လာမနက်တွင် Briefing ၌ထွက်၍ တုတ်ထောက်ရပါသေးသည် အသက်ရှူလိုက်တိုင်း၊ စကားပြောလိုက်တိုင်း ရင်ထဲမှ အောင့်၍နေ ကိုယ့်အပြစ်နှင့်ကိုယ်မို့သာ ဘယ်သူမှမပြောဘဲ အောင့်အည်းသည နေရပါသည်။ တစ်ပတ်လောက် ခံလိုက်ရ၏။



ထိုအချိန်မှ စ၍ ဒု-တပ်ရင်းမှူး အမိန့်ထွက်ပြီး တပ်ပြောင်းချိန် အထိ သုရာမေရယ မဇ္ဇပမာဒ ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိ ယာမိ လုပ်လိုက်ရပါတော့သည်ခင်ဗျား။

## ကျိုင်းတုံဒေသမှ ဗျူဟာနယ်မြေများ

ကျိုင်းတုံ ဒေသကြီးတစ်ခုလုံးအား ရပခ ခေါ် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်က ကွပ်ကဲ၏။ ကျိုင်းတုံ၌ အခြေချစစ်ဗျူဟာ တစ်ခု ရှေးအခါ ကပင် ထားရှိသည်။ ၁၉၇၀ ခုနှစ်နောက်ပိုင်း၌ သံလွင် အရှေ့ခြမ်းဒေသ များ၌ နယ်စပ်ဒေသ ဗကပများ ထိုးဖောက်လာကြ၏။ ထိုအခါ ကျိုင်းတုံ သို့ တပ်မတစ်ခု ပို့လာရတော့သည်။ ရှေ့တန်းတပ်မ ဌာနချုပ်အား ကျိုင်းတုံတွင် အခြေချစေပြီး မိုင်းခတ်နှင့် မိုင်းယောင်းတွင် နည်းဗျူဟာ တစ်ခုစီ ချထား၏။

ဗကပတို့၏ ထိုးဖောက်မှုသည် ၁၉၈၀ ခုနှစ် ကာလများ၌ ထိုင်း၊ မြန်မာနယ်စပ်သို့တိုင် ရောက်ရှိလာ၏၊ ထို့ကြောင့် မိုင်းဖြတ်တွင်လည်း နည်းဗျူဟာတစ်ခု ချထားရပြန်သည်။ ကျွန်တော်တို့တပ်မမှ မဟုတ်ဘဲ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၅၅) ခြေမြန် တပ်မ ဌာနချုပ်တို့မှ နည်းဗျူဟာများ ဖြစ်ကြသည်။ ကျွန်တော် ဂျီတူးတာဝန် ထမ်းဆောင်နေချိန်တွင် တပ်မ(၆၆)မှ နည်းဗျူဟာတစ်ခု တာဝန်ယူနေချိန် ဖြစ်၏။

ထိုစဉ်က ကျိုင်းတုံ ဗျူဟာအောက်၌ တပ်ရင်း(၅)ရင်းခန့် ရှိ၏။ ထိုတပ်ရင်းများမှာ မိုင်းတုံ၊ မိုင်းဆတ်၊ မိုင်းပြင်း၊ ကျိုင်းတုံနှင့် တာလေ တို့တွင် ရှိနေ၏။ များသောအားဖြင့် Garrison Duty စခန်းထိန်း တာဝန်ယူကြသည် များပါ၏။ မြောက်ဘက်တွင် မိုင်းခတ်ဗျူဟာ ရှိ၏။ မိုင်းခတ်ဗျူဟာက မိုင်းခတ်၊ မိုင်းယန်း၊ ယောင်ခေါက်၊ ပန်မကောက် ဒေသများကို တာဝန်ယူရ၏။ အရှေ့ဘက်တွင် မိုင်းယောင်းဗျူဟာ ရှိသည်။ မိုင်းယောင်းဗျူဟာက မိုင်းယု၊ မိုင်းလွေ၊ မိုင်းယောင်းဒေသများကို တာဝန်ယူရ၏။ တောင်ဘက်တွင် မိုင်းဖြတ်ဗျူဟာ ရှိသည်။ မိုင်းဖြတ် ဗျူဟာက ပါလွှိုင်၊ ကျိုင်းလတ်၊ မိုင်းခုတ်၊ မိုင်းနင်းဒေသများကို တာဝန်ယူ ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က နည်းဗျူဟာမှူးများမှာ ကျွန်တော်တို့တပ်မ (၈၈)တွင် ဗိုလ်မှူးကြီးရွှေကြူ၊ ဗိုလ်မှူးကြီးတင်ထွဋ်၊ ဗိုလ်မှူးကြီးအောင်ဖုန်းတို့ ဖြစ်ကြ၏။ ကျွန်တော် ဂျီတူးဖြစ်ပြီး မကြာမီတွင် ဗိုလ်မှူးကြီးအောင်ဖုန်းက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းသွားသည်။ ထိုအခါ ဗိုလ်မှူးကြီးမြင့်ဝေ ရောက်လာသည်။ မကြာမီပင် ဗိုလ်မှူးကြီးရွှေကြူ ပြောင်း၍ ဗိုလ်မှူးကြီးစောခင်စိုး ရောက်လာ၏။ နောက်ဆုံးပြောင်းသူမှာ ဗိုလ်မှူးကြီးတင်ထွဋ် ဖြစ်၍ ထိုအခါ ဗိုလ်မှူးကြီးစောရွှေ ရောက်လာပြန်သည်။ ရပခ ကျိုင်းတုံဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့်ကား ကျွန်တော်ပြောင်းသည်အထိ ရှိနေပါသေးသည်။

ကျွန်တော်သည် မိုင်းယောင်းဒေသတွင် လပေါင်း အတော်ကြာအောင်နေဖူး၍ နယ်မြေ ကျွမ်းကျင်ပါသည်။ အလားတူပင် မိုင်းဖြတ်ဒေသတွင်လည်း စစ်ဆင်ရေးဝင်ခဲ့ဖူး၍ နယ်မြေ ကျွမ်းကျင်ပါသည်။ သို့ရာတွင် အခြားနေရာများသို့ကား ကောင်းစွာ မရောက်ဖူးသေးပါ။ ထို့ကြောင့် အခြေအနေပေးလျှင် ပေးသလို ကားကြုံများ၊ ရဟတ်ယာဉ်ကြုံများနှင့် နယ်မြေအခြေအနေကိုသိရန် မကြာခဏ လိုက်ကြည့်ရပါသည်။ လူကြီးများက ညွှန်ကြား၍တော့ မဟုတ်ပါ။ ကိုယ့်ဟာကိုယ် သိအောင် ကြိုးစားခြင်းသာ ဖြစ်ပါသည်။ တပ်မသို့ ရောက်ခါစက ရဟတ်ယာဉ်လည်း တစ်ခါမျှ မစီးဖူးသေးပါ။

တစ်ရက်တွင် ရဟတ်ယာဉ်မောင်းသည့် Pilot ဗိုလ်ကြီးလှထွန်းနှင့် စကားစပ်မိသည်။ သူက

" အစ်ကို ရဟတ်ယာဉ်စီးဖူးလား "


" တစ်ခါမှ မစီးဖူးဘူးကွ "

" ဂျီတူးကြီး ဖြစ်နေပြီး တကယ်ပဲ တစ်ခါမှ မစီးဖူးသေးဘူးလား "

" တကယ်ပါ ကိုယ့်ညီရာ၊ တကယ်ကို မစီးဖူးသေးတာပါ "

" ကဲ အဲဒါဆိုရင်လဲ ကနေ့ညနေ Flight Test လုပ်ရင် အစ်ကို လိုက်ခဲ့ဗျာ " ဟု ခေါ်ပါတော့သည်။

ထိုနေ့ညနေ Flight Test လုပ်ရာတွင် ဗိုလ်ကြီးလှထွန်းနှင့်အတူ ကျွန်တော် လိုက်ပါသွား၏။ သူ့ဘေးမှ ခုံတွင် ဝင်ထိုင်လိုက်သည်။ ဗိုလ်ကြီးလှထွန်းက DSA အပတ်စဉ်(၁၈)မှ ဖြစ်သည်ထင်၏။ ကောင်းစွာ




ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော ခြေမြန်တပ်မများ၏ ကွပ်ကဲမှုဌာနချုပ်နေရာများပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိတော့ပါ။ သူကား အလွန်ရယ်ရသည်။ လေယာဉ်ပေါ် တက်ပြီး ထွက်ခါနီး၌ စက်ခန်းအတွင်းရှိ ဘုရားပုံအား ကန်တော့ပြီး ဘာတွေ ရွတ်မှန်း မသိ၊ တတွတ်တွတ်နှင့် ရွတ်၏။ ပြီးမှ လေယာဉ်မောင်းပါ တော့သည်။ ကျွန်တော်က

" ဟေ့ ကိုလှထွန်း ခုနက တွတ်တွတ်တွတ်တွတ်နဲ့ ဘာတွေ ရွတ်နေတာလဲ "

" ဗေဒင်ဆရာက ရဟတ်ယာဉ်ပျက်ကျပြီး သေမယ်လို့ ဟော ထားလို့ အစ်ကိုရေ၊ ရတဲ့ ပရိတ်ကလေး ရွတ်နေတာ"

" ဪ၊ ဟော် ဟော် "

ကျွန်တော်က ပြုံးလိုက်မိ၏။

ကျိုင်းတုံကိုပတ်၍ ရဟတ်ယာဉ် စမ်းနေစဉ်မှာပင် ဂျီသရီးများက စက်ဖြင့် ကျွန်တော့်အား တကြော်ကြော် ခေါ်နေကြ၏။ တပ်မမှူးက ကျွန်တော့်ကို တွေ့လိုသည်ဆို၏။ ဗိုလ်ကြီးလှထွန်းနှင့် ယခုမှ ရဟတ် ယာဉ်က စီးဖူးခါစပင် ရှိသေးသည်။ ဘာအရသာကိုမှ ကောင်းစွာ မသိသေး၊ သူပြောသည့် ရယ်စရာများကို နားထောင်ရယုံမျှသာ ရှိသေး သည်။ ဖင်ပင် မနွေးသေးပါ၊ တပ်မမှူးက ခေါ်နေပြီဖြစ်၏။ ထို့ကြောင့် ကွင်းကို ခပ်မြန်မြန်ပင် ပြန်ဆင်းလာရ၏။

ရုံးပြန်ရောက်ပြီး တပ်မမှူးသို့ သတင်းပို့သည့်အခါ

" ဟေ့ ဂျီတူး၊ မင်း ဘယ်တွေ လျှောက်သွားနေတာလဲ "

" ကျွန်တော် ရဟတ်ယာဉ် မစီးဖူးလို့ ဗိုလ်ကြီးလှထွန်း Flight Test လုပ်တုန်း ကြုံလို့ လိုက်စီးနေတာပါ "

" ဟေ၊ မောင်ရင်က ရဟတ်ယာဉ် တစ်ခါမှ မစီးဖူးဘူးလား"

" တစ်ခါမှ မစီးဖူးလို့ လိုက်စီးကြည့်တာပါ ခင်ဗျာ "

ထိုအခါ တပ်မမှူးက

" မောင်ရင် အဲဒီကောင်နဲ့ လျှောက်လိုက်မနေနဲ့၊ အဲဒီကောင်က မျက်နှာရူး၊ မောင်ရင် လိုက်ချင်ရင် နောက်ကိုယ်သွားရင် ခေါ်မယ် " ဟု ပြောပါတော့သည်။ တပ်မမှူးက မြစ်ကြီးနားဘက်မှ ပြောင်းလာသူ ဖြစ်သည်။ ထိုစဉ်ကတည်းက ဗိုလ်ကြီးလှထွန်းနှင့် သိလာသည် ဆို၏။

www.burmeseclassic.com

ဗိုလ်ကြီးလှထွန်းနှင့် ရဟတ်ယာဉ် လိုက်စီးကြည့်ပြီးသည့်နောက် တွင်ကား တပ်မမှူး ရှေ့တန်းစခန်းများကိုစစ်တိုင်း ကျွန်တော် လိုက်ပါ သွားရရာ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းဆတ်၊ တာလေနှင့် လွယ်မီးတောင်ထိ စခန်းများအပါအဝင် ရှေ့တန်းတပ်မ နယ်မြေတစ်ခုလုံးသို့ ရောက်ရှိ သွားပါတော့သည် ခင်ဗျား။

( ကျွန်တော်အား ရဟတ်ယာဉ် ပထမဦးဆုံးစီးခိုင်းသည့် ဗိုလ်ကြီး လှထွန်းသည် လွန်ခဲ့သည့်နှစ်အနည်းငယ်က မိတ္ထီလာအနီးတွင် ရဟတ်ယာဉ်ပျက်ကျ၍ပင် သေဆုံးသွားခဲ့သည်ဟု သိရပါသည်။ )

× × × ×



# ဂီ * ၈၁၉၀

## အခန်း(၈)
## တပ်မ (၈၈)အကြောင်း သိကောင်းစရာများ

၁၉၈၄ ခုနှစ်၊ ဩဂုတ်လတွင် ကျွန်တော်သည် ဂျီတူး ခေါ် မ်ဦးစီးမှူး ဒုတိယတန်း တာဝန်အား တပ်မ(၈၈)၌ တာဝန်ထမ်းဆောင် ရ၏။ ထိုအခါ တပ်မမှူးက အောက်ပါအတိုင်း ဩဝါဒပေးပါတော့သည်။

" မင်းက ဂျီတူးဆိုတော့ တပ်မမှူးကိုယ်စား စစ်ဆင်ရေး၊ ထောက်လှမ်းရေး၊ လေ့ကျင့်ရေးသုံးခုလုံးအတွက် တာဝန်ရှိတယ်၊ နောက် ပြီးတော့ တို့တပ်မမှာ မှတ်တမ်းမှတ်ရာတွေ ထိန်းသိမ်းတာ အားနည်း တယ်၊ ဆရာကြီးစံလှိုင်နဲ့ညှိပြီး မှတ်တမ်းမှတ်ရာတွေလဲ ထိန်းသိမ်းကွာ၊ တပ်မသမိုင်းလဲ ပြုစုဖို့ နည်းနည်းပြန် ကြည့်စမ်းပါဦး၊ တို့တပ်မက အစဉ်အလာကောင်းတဲ့ တပ်မကွ "

ကျွန်တော်သည် သမိုင်းဆရာတစ်ဦးတော့ မဟုတ်ပါ။ သို့ရာတွင် တက္ကသိုလ်ကျောင်းသားဘဝက သမိုင်းဘာသာရပ်အား ဘွဲ့ရသည်အထိ ယူလာခဲ့သည်။ ထို့ကြောင့် သမိုင်းကို အတန်ငယ်တော့ တီးမိ ခေါက်မိ မိ၏။ တပ်မမှူး၏ဩဝါဒကြောင့် ကျွန်တော်တို့၏ အမှတ်(၈၈) ခြေမြန် တပ်မ၏သမိုင်းအား လက်လှမ်းမီသလောက် လေ့လာရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## တပ်မများ၏သမိုင်းအစ

ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)သည် မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော ပြည်တွင်း သောင်းကျန်းမှုများအား အမြစ်ပြတ် ချေမှုန်းနိုင်ရေးကို ဦးတည်ကာ လက်ရှိ တပ်မတော်အား ခေတ်မီတိုးတက်၍ ခိုင်မာ တောင့်တင်းသော တပ်မတော်အဖြစ်သို့ ရောက်ရှိစေပြီး အပြည်ပြည်ဆိုင်ရာ တပ်မတော်များ နှင့် ရင်ဘောင်တန်းလာနိုင်စေရန်နှင့် အနာဂတ် ပြည်ပကျူးကျော်မှုများ ပေါ်ပေါက်လာပါက ရင်ဆိုင် တိုက်ပွဲဆင်နွှဲလျက် ကိုယ့်မြေကိုယ့်ရေအား တစ်လက်မမျှ အကျူးကျော်မခံ တွန်းလှန် ကာကွယ်သွားမည့် တပ်မတော် ကြီးကို ဖွဲ့စည်းတည်ဆောက်ရန် မဟာဗျူဟာရည်မှန်းချက် ထားရှိခဲ့၏။

အဆိုပါရည်မှန်းချက်အား အကောင်အထည်ဖော်သည့် အ… ဖြင့် ၁၉၆၆ ခုနှစ်တွင် ခြေမြန်တပ်မဌာနချုပ်များအား စတင် ဖွင့်လှစ်ရ… ဆောင်ရွက်ခဲ့၏။ ၁၉၆၆ ခုနှစ်၊ ဇွန်လ (၆)ရက်နေ့တွင် အမှတ်(၇… ခြေမြန်တပ်မဌာနချုပ်အား မှော်ဘီတွင် စတင် ဖွင့်လှစ်ဖွဲ့စည်းခဲ့သည် အလားတူပင် ၁၉၆၇ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် အမှတ်(၈၈) ခြေမြ… တပ်မဌာနချုပ်အား မကွေးမြို့၌ ဖွဲ့စည်း ဖွင့်လှစ်ပေးခဲ့ပြန်၏။ ထို… တပ်မများ စတင်ဖွဲ့စည်းချိန်နှင့် ကျွန်တော်တို့ တပ်ထဲဝင်ချိန်နှင့် သွ… တိုက်ဆိုင်နေသဖြင့် ထိုစဉ်က ကျွန်တော်တို့ ဗိုလ်လောင်းသင်တ… အမှတ်စဉ်(၃၆)မှ ကြည်းတပ်လျှောက်ထားသည့် ဗိုလ်လောင်းတော်တေ… များများက ဗိုလ်သင်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင်ရှိ အမှတ်(၇… ခြေမြန်တပ်မဌာနချုပ်ကြီးအား ကြည့်၍ အလွန်အားကျစွာ

"တို့တော့ ကျောင်းဆင်းရင် တပ်မ သွားမယ်ဟေ့"

ဟု မကြွးကြော်ကြ၏။ ထိုသူများထဲတွင် ကျွန်တော်လည်း ပါ… သည်။ တပ်မများမှာ စဖွင့်ကတည်းက အထက်ပါအတိုင်း ဆွဲဆောင်… ကောင်းလှပါ၏။

၁၉၆၈ ခုနှစ်၊ မေလတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်အ… မိတ္ထီလာမြို့၌ ဆက်လက်၍ ဖွဲ့စည်း ဖွင့်လှစ်ပေးခဲ့ပြန်သည်။ ခြေမြန်တပ်… ဌာနချုပ်(၃)ခုအား ဖွဲ့စည်းပြီးချိန်မှစ၍ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း… ၏ စစ်ဆင်ရေး ဗိမ်ဗျူဟာများနှင့်အညီ တပ်မများ၏ ရွှေ့ပြောင်းလှုပ်… စစ်ကစားနိုင်မှုစွမ်းအားကို အပြည့်အဝ အသုံးချခဲ့ရာ ပြည်တွ…



သောင်းကျန်းသူများအနေဖြင့် တောကြိုအုံကြား နယ်စွန် နယ်ဖျားသို့ တိုင်အောင် ပြေးလွှားပုန်းအောင်းရသောဘဝသို့ ကျရောက်သွားကြ ပါတော့သည်။

တိုက်ခိုက်ရေး စွမ်းရည်ပြည့်ဝသော မိမိတပ်မများသည် တပ် မတော်၏ စည်းကမ်းအစဉ်အလာတို့ကို စနစ်တကျလိုက်နာလျက် "အောင်ပွဲသည်သာ အဓိက"၊ "ပင်ပန်း ဆင်းရဲမှုသည် သာမည"၊ "တိုက်ဖွဲ့တိုင်းမှာအောင်ပွဲရ"ဟူသော ပြည်သူ့တပ်မတော် သားကောင်း တို့၏ စိတ်ဓါတ်ဖြင့် စစ်ဆင်ရေးတိုင်းတွင် အောင်မြင်မှုရခဲ့သည်ချည်း သာ ဖြစ်ပါ၏။

ဥပမာ ပြပါမည်။

အမှတ်(၈၈)ခြေမြန်တပ်မသည် စတင်ဖွဲ့စည်းပြီး သုံးလအကြာ ၁၉၆၇ ခုနှစ်၊ ဩဂုတ်လတွင် ပထမဆုံး ဆင်နွှဲခဲ့ရသော အင်းလေးဒေသရှိ ဗကပများ ချေမှုန်းရေး (ဂဠုန်စစ်ဆင်ရေး)တွင် ဗ. က. ပ ဗဟို ကော်မတီ ဝင် ဗိုလ်ပုနှင့် ငါးယောက်အား အသေရရှိခဲ့ပြီး လက်နက် ခဲယမ်းများ ဖမ်းဆီးရမိခဲ့ပါသည်။ ၁၉၆၈ ခုနှစ်တွင် မြစ်ဝကျွန်းပေါ်ဒေသအား မိုးဟိန်း စစ်ဆင်ရေးဖြင့် ဝင်ရောက်ခဲ့ပြန်ရာ အနှစ်နှစ် အလလက အခြေခံ နယ်မြေတည်ဆောက်ကာ ကျင်လည်လှုပ်ရှားနေကြသော KNDO သောင်းကျန်းသူများအား အမြစ်ပြတ်ချေမှုန်းနိုင်ခဲ့ပြန်၏။ မြစ်ဝကျွန်းပေါ် ဒေသတစ်ခုလုံး "ပြည်သူတို့၏ ပြည်သူ့စစ်" အောင်ပွဲများအား ဖော် ဆောင်ရာ၌ အဓိက အခန်းမှ ပါဝင်ခဲ့ပြန်ပါသည်။

## လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်

ဤနေရာတွင်ကြားဖြတ်၍ ကျွန်တော် မှတ်မိသိရှိထားသည့် ထူးဆန်းသည့် ကိစ္စလေးတစ်ခုအား တင်ပြလိုပါသေးသည်။ ဖြစ်စဉ်မှာ ဂဠုန်စစ်ဆင်ရေးတွင်ကျဆုံးသွားသော ဗကပ ဗဟိုကော်မတီဝင်၊ ရှမ်း ပြည်နယ် တိုင်းကော်မတီနှင့် စည်းရုံးရေးတာဝန်ခံ ဗိုလ်ပု ခေါ် ဦးကေ… ညွန့်နှင့်ပတ်သက်သော ကိစ္စပင် ဖြစ်၏။

ဗိုလ်ပုအား ၁၉၆၇ ခုနှစ်၊ ဩဂုတ်လ (၂၂)ရက်နေ့တွင် ခလရ(၇) ၄ …င်းဒေသ၌ အသေဖမ်းဆီးရမိခဲ့ပါသည်။ ဗိုလ်ပုနှင့်အတူ ရန်ကုန်ပါးဦး

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံး၍ လက်နက်ငယ်နှစ်လက်နှင့် စာရွက်စာတမ်း အများအပြား ဖမ်းဆီးရမိ၏။ ဗိုလ်ပုအလောင်းအား စစ်ဆေးရာတွင် မမျှော်လင့်ဘဲ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ ဓါတ်ပုံတစ်ပုံသွားတွေ့သည်။ ထိုဓါတ်ပုံကား မြန်မာ့တပ်မတော်(လေ)မှ အကြပ်တစ်ဦး၏ လေတပ်ဝတ်စုံနှင့် ရိုက်ထားသည့် ဓါတ်ပုံပင်တည်း။

" ဟ၊ ဒီကောင်က ကျွန်တော်တို့ ဗိုလ်လောင်း အပတ်စဉ်တကောင်ပဲ "

ထိုဓါတ်ပုံကို တွေ့သွားသည့် အရာရှိငယ်တစ်ဦးက ပြောသည်။ ထိုအခါ အားလုံးက အံ့အားသင့်ကုန်ကြ၏။ မည်သူကမှလည်း ထိန်ချန်မထားရဲ။ ထို့ကြောင့် ဆင့်ကဲဆင့်ကဲ တင်ပြကြသည်။ နောက်ဆုံးတော့ အပေါ်အထိ ရောက်သွား၏။ ထိုအချိန်၌ ဓါတ်ပုံပါ စစ်သည်မှာ တပ်မတော်(ကြည်း)တွင် ပြန်တမ်းဝင်အရာရှိဖြစ်နေပြီး စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်နေ၏။လူကြီးများက သူ့ကိုခေါ်တွေ့သည်။ အကျိုးအကြောင်းမေးသည်။ ထိုအခါ ထိုအရာရှိက အောက်ပါအတိုင်း ရှင်းလင်းတင်ပြပါသည်။

" ဟုတ်ပါတယ်၊ ဗိုလ်ပုက ကျွန်တော့်အဖေပါပဲ၊ ဒါပေမယ့် ကျွန်တော့်အဖေနဲ့ အမေက ဒုတိယကမ္ဘာစစ်အတွင်းမှာ အိမ်ထောင်ကျပြီး ကျွန်တော့်ကို မွေးတယ်၊ အဖေက တော်လှန်ရေးမှာပါနေတော့ ကျွန်တော့်ကို ပြန်မကြည့်နိုင်ဘူး၊ ဒါကြောင့် ကျွန်တော့်အဒေါ်နဲ့ ဦးကြီးကို အပြီးမွေးစားဖို့ ပေးလိုက်တယ်၊ ၁၉၄၅ လောက်က ဖြစ်မယ်၊ အဲဒီတုန်းက ကျွန်တော် နှစ်နှစ်သား သုံးနှစ်သားပေါ့၊ ဘာမှ ကောင်းကောင်း မမှတ်မိဘူး၊ ကျောင်းနေတော့ အဒေါ်နဲ့ ဦးကြီးက တရားဝင် အဖေအမေ ဖြစ်သွားတယ်၊ ကျွန်တော့်ကိုလဲ တရားဝင်သား အဖြစ် စာချုပ် စာတမ်းနဲ့ မွေးစားထားတယ်"

" ၁၉၆၃ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်တော့ မဒညတကိုယ်စားလှယ်တွေနဲ့အတူ ဗိုလ်ပု ပါလာတယ်၊ အဲဒီအချိန်မှာ ကျွန်တော်က လေတပ်ထဲရောက်နေပြီ၊ အဖေက ရန်ကုန်ရောက်တော့ ကျွန်တော့် မွေးစားအဖေနဲ့ အမေကို လာတွေ့တယ်၊ ကျွန်တော့်သား ဘယ်မှာလဲလို့လဲ မေးတယ်၊ မင်းသား အဲဒီမှာလေဆိုပြီးတော့ မွေးစားအဖေနဲ့ အမေက နံရံမှာချိတ်ထားတဲ့ လေတပ်ဝတ်စုံနဲ့ ကျွန်တော့်ဓါတ်ပုံကို ထိုးပြလိုက်



တယ်၊ အဲဒီတော့ ကျွန်တော့် အဖေကလဲ အဲဒီဓါတ်ပုံကို ဖြုတ်ယူသွားသတဲ့"

" ဒါလဲ နောက်ကျမှ ကျွန်တော့် မွေးစားအဖေနဲ့ အမေပြောလို့သိတာပါ၊ ကျွန်တော်တို့ချင်း တစ်ခါမှ မတွေ့ဖူးပါဘူး၊ သားအဖဆိုပေမယ့် သူ့လဲ သူယုံကြည်တာသူလုပ်၊ ကျွန်တော်လဲ ကျွန်တော့်ယုံကြည်ချက်အတိုင်း လေတပ်ကနေ OTT အောင်ပြီး ကြည်းတပ်မှာ အခုအချိန်အထိ ပေးတဲ့တာဝန်ကို ထမ်းဆောင်နေပါတယ်ခင်ဗျာ "ဟု ရှင်းလင်း တင်ပြပါသည်။

တင်ပြချက်များ မှန်ကန်နေသဖြင့် လူကြီးများက ထိုအရာရှိအားယုံကြည်စွာဖြင့် ဆက်လက်ပြီး တပ်မတော်တွင် တာဝန်ပေးအပ်ခဲ့၏။ ကျွန်တော်သည် ထိုအရာရှိနှင့်အတူ (၃)နှစ်ခန့် တစ်တပ်တည်းအတူ နေခဲ့ဖူးပါသည်။ မမေးရက်၊ မပြောရက်သဖြင့် သူနှင့် အလွန်ခင်မင်သော်လည်း ယနေ့အချိန်အထိ သူ့အား ထိုကိစ္စကို တစ်လုံး တစ်ပါဒမျှ ပြောဆိုမေးမြန်းခြင်း မပြုခဲ့ပါ။ ယခုမှသာ ဖော်ကောင်လုပ်လိုက်ရပါသည်။

လောကကြီးတွင် တကယ့်အဖြစ်အပျက်များသည် **"စိတ်ကူးယဉ်ထက် ပိုမိုဆန်းကြယ်၏"** ဟူသော အချက်ကို ဤကိစ္စကပင် သက်သေပြနေသည် ထင်ပါ၏။ (ဤကိစ္စကို ဖော်ကောင် လုပ်မိသည့်အတွက် ကာယကံရှင်အရာရှိက ကျွန်တော့်အား ခွင့်လွှတ်ပါရန် အလေးအနက်တောင်းပန်လိုက်ပါသည် ခင်ဗျား)

**တပ်မ (၈၈)၏ တပ်မှူးကြီးများ**

ကျွန်တော်နေခဲ့သည့် တပ်မ (၈၈) ခေါ် အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်ကို ၁၉၆၇ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် မကွေးမြို့၌ စတင်ဖွဲ့စည်းခဲ့ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုစဉ်က တပ်မများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ကြောင်းလည်း လေ့လာသိရှိခဲ့ရ၏။

- **သမားရိုးကျ စစ်ပွဲအတွက်ဖြစ်စေ၊ ပြည်သူ့စစ်ဆင်နွှဲရေး**

www.burmeseclassic.com

www.burmeseclassic.com



အတွက်ဖြစ်စေ၊ လက်အောက်ခံ တိုက်ခိုက်ရေး တပ်ရင်း၊ တပ်ဖွဲ့များအား ဦးစီးကွပ်ကဲကြီးကြပ်၍ စစ်ဆင်မှုပြုရန်၊

- ပြည်ထောင်စုအတွင်း ပြည်တွင်း ငြိမ်ဝပ်ပိပြားရေးနှင့် စပ်လျဉ်း၍ အခြား လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးတွဲ တာဝန်ထမ်းဆောင်ရန်၊

- ငြိမ်အေးကာလတွင် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များ အား ဦးစီးကွပ်ကဲမှုပြုရန်၊

ဤကဲ့သို့သော ရည်ရွယ်ချက်များဖြင့် တပ်မများအား ဖွဲ့စည်းခဲ့ခြင်း ဖြစ်၏။ တပ်မ(၈၈)၏ ပထမဆုံး တပ်မမှူးမှာ ဗိုလ်မှူးကြီးသန်းတင် (ယခု အငြိမ်းစား၊ ဗိုလ်မှူးချုပ်သန်းတင်) ဖြစ်၏။ ကျွန်တော် လက်လှမ်းမီသရွေ့ ဗိုလ်မှူးကြီးသန်းတင်မှသည် အဆက်အဆက် တပ်မမှူးများအား တင်ပြရမည်ဆိုပါက အောက်ပါအတိုင်း ဖြစ်၏။

ဗိုလ်မှူးကြီးသန်းတင်၊ ဗိုလ်မှူးကြီးအေးကို၊ ဗိုလ်မှူးကြီးလှထွန်း၊ ဗိုလ်မှူးကြီးမျိုးအောင်၊ ဗိုလ်မှူးကြီးထွန်းကြည်၊ ဗိုလ်မှူးကြီးလှဦး၊ ဗိုလ်မှူးကြီးခင်ကျော်ညို၊ ဗိုလ်မှူးကြီးမြင့်လွင်၊ ဗိုလ်မှူးကြီးထွန်းခင်၊ ဗိုလ်မှူးကြီးသန်းရွှေ၊ ဗိုလ်မှူးကြီးထွန်းကြည်၊ ဗိုလ်မှူးကြီးသိန်းဟန်၊ ဗိုလ်မှူးကြီးလှမြင့်ဆွေ၊ ဗိုလ်မှူးကြီးကြည်အောင်၊ ဗိုလ်မှူးကြီးထွန်းရီတို့ ဖြစ်ပါသည်။

အထက်ပါ တပ်မှူးကြီးများအနက် တတိယမြောက် တပ်မမှူးဖြစ်သော ဗိုလ်မှူးကြီးလှထွန်းမှသည် ကျွန်တော်နှင့် သင်တန်းအကြိမ်ကြိမ်တက်ခဲ့သည့် ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီးထွန်းရီ(ကွယ်လွန်)အထိ အားလုံးကိုသိပါသည်။ အကုန်လုံးနှင့် သိပ်ရင်းနှီးမှုတော့ မရှိပါ။ ဗိုလ်မှူးကြီးလှထွန်းအား ကျွန်တော် ဗိုလ်လောင်းဘဝက ဗိုလ်သင်တန်းကျောင်းသို့ မကြာခဏ လာတတ်သဖြင့် သိနေခြင်းဖြစ်ပါသည်။ ထိုစဉ်က ဗိုလ်မှူးကြီးလှထွန်းနှင့် ဗိုလ်မှူးကြီးဇေယျကျော်ထင် သူရမင်းမောင်တို့မှာ ဗိုလ်သင်တန်းကျောင်းအုပ်ကြီး တာဝန်လဲပြီးခါစ အချိန် ဖြစ်၏။

ဗိုလ်မှူးကြီးမျိုးအောင်ကိုမူကား ရတခတွင် တိုင်းမှူးဘဝနှင့် တွေ့ဖူး မြင်ဖူးခြင်းဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် အမှတ်(၆၁) ခြေလျင်တပ်ရင်း ကျောက်တစ်လုံးတွင် တာဝန် ထမ်းဆောင်စဉ်ကာလ ဖြစ်၏။ ဗိုလ်မှူးကြီးမျိုးအောင်အား ထားဝယ်မျိုးအောင်ဟုလည်း ခေါ်ကြ



သည်။ ဗိုလ်မှူးကြီးထွန်းကြည်ကိုလည်း ရတခတွင် တိုင်းမှူးဘဝ၌ တွေ့ဖူး မြင်ဖူးခြင်းဖြစ်၏။ အသားညိုညိုဖြင့် စစ်သားရုပ်အလွန်ပေါက်၍ အားနှင့်မာန်နှင့် စကားပြောလေ့ရှိ၏။

၁၉၇၅ ခုနှစ်က ကျွန်တော်သည် အမှတ်(၆၁) ခြေလျင်တပ်ရင်း၊ စစ်ကြောင်း(၂)နှင့် လှိုင်းဘွဲ့မြောက်ခြမ်း ပိန္နဲတော၊ ကြာအင်းမှသည် ရှမ်းရွာသစ်အထိ စစ်ဆင်ရေးဝင်ရောက်ခဲ့ရာ၌ ကေအင်န်ယူများဖြင့် ပွဲပေါင်းအတော်များများ ထွေးလုံး ရစ်ပတ် သတ်ပုတ်ခဲ့ရ၏။ ပွဲက အတော် ကြမ်းသည်။ ကျွန်တော်တို့သာမက ခလရ(၃၂)မှ ဗိုလ်မှူးအမ်အဗိုး ခေါင်းဆောင်သော စစ်ကြောင်းတစ်ကြောင်း၊ ခလရ(၂၈)မှ ဗိုလ်မှူးညွန့်မောင် ခေါင်းဆောင်သော စစ်ကြောင်း တစ်ကြောင်း၊ စစ်ကြောင်း (၃)ကြောင်း ထိုခွင်ထဲ၌ ပတ်မွှေကြသည်။ ကျွန်တော်တို့က စစ်ကြောင်း (၃)ကြောင်းထိုးသလို ရန်သူကလည်း မောင်ထွန်း၊ ဂျော်နီ၊ ကျော်တုတ်၊ သာဆဲစသော တိုက်ခိုက်ရေးတပ်မှူးများနှင့် စစ်ကြောင်း (၃)ကြောင်းဖြင့်က ကျွန်တော်တို့အားပြန်တိုက်သည်။ သူ့ဘက်ကိုယ့်ဘက် အထိအခိုက် အရှအနာ အတော်များသည်။ ထိုအခါ တိုင်းမှူး ဗိုလ်မှူးကြီး ထွန်းကြည် လှိုင်းဘွဲ့သို့ ရောက်လာ၏။ လှိုင်းဘွဲ့ ခလရ(၂၈) တပ်ရင်း စခန်းမှ၌ ကျွန်တော်တို့ တိုက်ခိုက်ရေးတပ်များအား စုစည်း၍ အောက်ပါအတိုင်း တွေ့ဆုံဩဝါဒ ပေးတော့သည်။

“ ဟေ့၊ စစ်တိုက်တယ်ဆိုတာ ကြောက်နေလို့ မရဘူးကွ၊ ကြောက်ရင် မင်းတို့ရှုံးမှာပဲ၊ နည်းနည်းလေး ထိမိခိုက်မိတာနဲ့ သွေးကြောင်ပြီး စစ်မြေပြင်ကို စွန့်ခွါချင်တဲ့သူတွေ ငါမကြိုက်ဘူး၊ ဟော ဒီမှာ ကြည့်စမ်း၊ ငါ့လက်မှာ ဒဏ်ရာတွေကွ၊ တပ်ခွဲမှူးဘဝတုန်းက အဲဒီဒဏ်ရာတွေနဲ့ ငါစစ်မြေပြင်မှာ စစ်ဆက်တိုက်ခဲ့တယ်၊ အောင်ပွဲရမှ ဆေးရုံရောက်တယ်၊ မင်းတို့ မကြောက်နဲ့၊ မကြောင်နဲ့၊ လိုတာအကုန် ငါ ပံ့ပိုးပေးမယ် အောင်ပွဲရအောင် တိုက်ကြ ”

ကျွန်တော်သည် ဗိုလ်မှူးကြီးထွန်းကြည်အား ထိုတစ်ကြိမ်တည်းဖြင့် ကောင်းကောင်း မှတ်မိသွား၏။

ထိုစဉ်က လှိုင်းဘွဲ့ရှိ ခလရ(၂၈)တပ်ရင်းမှူးမှာ ဒုဗိုလ်မှူးကြီးမြတ်သင်းဖြစ်ပါသည်။ ဒုဗိုလ်မှူးကြီးမြတ်သင်းနှင့် ... ၁၉၈၈ နှစ်ဆန်း၌ ပြန်ဆုံ၏။ သူက ကျင့်ဂျီးမီး၊ ကျွန်တော်က

www.burmeseclassic.com



ခလရ(၇၁) မှ ဒုတပ်ရင်းမှူးရာထူးဖြင့် ကကကျင့်သို့ တွဲရသည်။ မော်ဘီ O.T.S တွင်နေပြီး သင်ခန်းစာများ ပြုစုရ၏။ စာတွေ ရေးရသည်။ ကျင့်ဂျီဝမ်းကြီး၏ ရှည်လျားထွေပြားသော သြဝါဒများကို နာယူရသည်။ ကျွန်တော်နှင့်အတူ O.T.Sတွင် တွဲနေကြသူများမှာ ဒုဗိုလ်မှူးကြီးလှသိန်း၊ ဗိုလ်မှူးသီဟသူရ သူရစစ်မောင်၊ ဗိုလ်မှူးမင်းလှအောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူးခင်မောင်ဝင်း၊ ဗိုလ်မှူးကိုကိုထွေးတို့ ဖြစ်၏။

ထိုအတူ တွဲနေခဲ့သူများအနက် ဗိုလ်မှူးစစ်မောင်က တိုင်းမှူးဖြစ်၍ မကြာခင်က ကွယ်လွန်ခဲ့ပါသည်။ ဗိုလ်မှူးအောင်ကြည်က ယခု D.M.T ဖြစ်နေပါပြီ။ ဒုဗိုလ်မှူးကြီးလှသိန်းက ဘဏ်ညွှန်ချုပ်လား ဖြစ်နေပါသည်။ ဗိုလ်မှူးမင်းလှအောင်က စီးပွားကူးသန်း ဝန်ကြီးဌာနတွင် ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်၍ ဗိုလ်မှူးကိုကိုထွေးက မြန်မာ့အသံရောက်နေ ပါသည်။ ကျွန်တော်တို့သည် ကျင့် ဂျီဝမ်းကြီး၏ သြဝါဒများ နာယူ၍ သင်ခန်းစာများကို ဖွဲ့ကာနွဲ့ကာ ဖြစ်စဉ် အကြောင်းအရာ ဖွင့်ရသည်။

ထို့နောက် လိုလားချက်များ ရေးရသည်။ စစ်ရေး သုံးသပ်ပြရသည်။ ကကကျင့်တွင် (၄)လကျော် တွဲလိုက်ရပါသည်။ ထိုကဲ့သို့ အတွဲကောင်း၊ အရေးကောင်းလို့လားတော့ မသိပါ။ နောင် (၇)နှစ်ခန့်အကြာတွင် ကျွန်တော် စာရေးဖြစ်ပါတော့သည်။

ထိုကိစ္စကို အလျဉ်းသင့်သည့်အခါ သီးခြားစာတစ်ပုဒ်ရေးပါဦးမည်။ ယခုတော့ တပ်မ (၈၈)မှ တပ်မှူးများအကြောင်း ပြန်ဆက်ပါမည်။

ဗိုလ်မှူးကြီးလှဦးကိုမူကား ကျွန်တော် တိုက်ခိုက်ရေးကျောင်းရောက်မှ ရ. ပ. ခ တိုင်းမှူးအဖြစ် စတင်တွေ့ဖူးခြင်းဖြစ်၏။ ရုပ်ချောချောမို့ ရွေးက ဗိုလ်အောင်ဒင် ဇာတ်ကားထဲမှ ရုပ်ရှင်မင်းသားကြီးခင်မောင်ရင်လား ထင်ရ၏။ စကားပြောလည်း ကောင်းသည်။ ကျွန်တော်တပ်မ(၈၈) ဂျီတူးဖြစ်တော့ ဗိုလ်မှူးကြီးလှဦးက ဗိုလ်ချုပ်အဆင့်ဖြင့် ကာစထမှူး ဖြစ်နေသည်။ ကျိုင်းတုံသို့ မကြာမကြာ လာတတ်သည်။ ထိုအခါ ဗိုလ်ချုပ်လှဦး၏ Briefing တက်ရသည်။ ဗဟုသုတ ပြည့်သဖြင့် နားထောင်၍ ကောင်းလှ၏။

ဗိုလ်မှူးကြီးခင်ကျော်ညိုကိုမူကား ကျွန်တော် အရာရှိငယ်ဘဝ ရ. တ. ခတွင် တွေ့ခဲ့ဖူးခြင်း ဖြစ်၏။ ခင်ကျော်ညိုဆိုသည့်အတိုင်း အသား



မာနည်းငယ် ညိုသည်။ စကားကို ခပ်သွက်သွက် ပြောတတ်သည်။ ထိုစဉ်က ရာထူးက ဂျီဝမ်းဖြစ်သော်လည်း အသက်က အတော်ငယ်သေးပုံရ၏။ လေးဆယ်သာသာ ဖြစ်မည်ထင်သည်။ နောင်တွင် ပါတီသို့ ရောက်သွားကြောင်း သိရပါသည်။

ဗိုလ်မှူးကြီးမြင့်လွင်ကိုမူကား ၁၉၉၀ ခုနှစ်များ နောက်ပိုင်းမှ ကျွန်တော်နှင့် သိရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချိန်၌ ဗိုလ်မှူးကြီးမြင့်လွင်သည် စီးပွားရေးလုပ်ငန်းများကို ဖောက်ချလုပ်ကိုင်နေပြီဖြစ်၏။ အရာရှိကို စိတ်ဝင်စားတတ်၏။ အရေးအချွတ် ဝါသနာပါ၏။ စီးပွားရေးလုပ်၍ နေလို့လားတော့ မပြောတတ်၊ အပြောအဆို အဆက်အဆံ၌ အတော်လေး ရည်ရည်မွန်မွန် ရှိသည်ကို တွေ့ရပါသည်။ ဗိုလ်မှူးကြီး ထွန်းခင်ကိုမူကား ကျွန်တော်တိုက်ခိုက်ရေးကျောင်း တပ်ရေးဗိုလ်ကြီး တာဝန်ထမ်းဆောင်နေစဉ် ဗထူးတပ်နယ်မှူးအဖြစ် စတင် သိရပါသည်။

ထိုစဉ်က ဗိုလ်မှူးကြီးထွန်းခင်သည် ဗထူးရှိ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဖြစ်၏။ ကျွန်တော်၏ ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးတန်ကာဒို့ချ်ဖြစ်သည်။ နှစ်ယောက်လုံးသည် တပ်မ(၈၈)မှ ပြောင်းလာကြသူများဖြစ်ပြီး တပ်နယ်အစည်းအဝေးများ၌ မကြာခဏ ငြင်းကြ ခုံကြ၏။ ထိုသို့ ငြင်းခုံကြပြီး ကျွန်တော်နှင့် ဗိုလ်မှူးကြီးတန်ကာဒို့ချ် ဆရာတပည့်နှစ်ယောက်တွားအတူစီးပြီး ပြန်လာကြရာ၌ ကျွန်တော့်ဆရာ ဗိုလ်မှူးကြီးတန်ကာဒို့ချ်ကတစ်ရက်တွင် လွှတ်ကနဲ အောက်ပါအတိုင်း ပြောလိုက်၏။

“ ဒီ ချင်းအဘိုးကြီးနဲ့ ပြောရတာ မလွယ်ဘူးကွ ”

“ ဘယ် ချင်းအဘိုးကြီးလဲ ၊ ကျောင်းအုပ်ကြီးခင်ဗျား ”

“ ဟ၊ ခုနက ချင်းအဘိုးကြီးလေကွာ”

“ ဘယ်သူလဲ ကျောင်းအုပ်ကြီး”

“ ဟ၊ မင်းက ခပ်အအကောင်ပဲ၊ တပ်နယ်မှူးကို ပြောတာကွ၊ တပ်နယ်မှူးကိုပြောတာ ”

ကျွန်တော် ဘာမှ ဆက်မပြောရဲတော့ပါ။ ဗိုလ်မှူးကြီးထွန်းခင်ကို ဘာကြောင့် ချင်းအဘိုးကြီးဟု ပြောသည်ကို ကျွန်တော်ကောင်းကောင်း မသိပါ။ ထိုအရာရှိကြီး နှစ်ယောက်ကြားတွင် ကျွန်တော် တစ်နှစ်ခန့် တပ်ရေးဗိုလ်ကြီး လုပ်ခဲ့ရ၏။ ကျွန်တော်သည် ကျောင်းအုပ်ချုပ်ကဂိရေး ရုံး၌ ထစ်ကနဲဆို တပ်နယ်မှ ကျွန်တော့်အား တယ်လီဖုန်းဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



တပ်နယ်ကိစ္စများကို ခိုင်း၏။ ခိုင်းသမျှ သပွန်ပေါင်းစုံ အကုန်လုပ်ပေးရ၏။ ခိုင်းတိုင်းလုပ်ရမည်လားဆိုပြီး တစ်ခါတစ်ခါ ကျွန်တော့်ကျောင်းအုပ်ကြီးက ကျွန်တော့်အား ဆူ၏။ ကျွန်တော့်မှာ ကြားညပ်ပြီး ထိုတစ်နှစ်ကျော် ကာလအား အတော်ပင် ကြိုးစားဖြတ်သန်းခဲ့ရ၏။

ဗိုလ်မှူးကြီးထွန်းခင်ပြီးနောက် တပ်မမှူးမှာ ဗိုလ်မှူးကြီးသန်းရွှေဖြစ်၏။ ဗိုလ်မှူးကြီးသန်းရွှေကား ယခု တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဖြစ်ပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မှူးတာဝန်ထမ်းဆောင်စဉ်ကျွန်တော်သည်တိုက်ခိုက်ရေးကျောင်းမှ သ. န. က (၁)သို့ တပ်ခွဲမှူး(ဗိုလ်မှူး) တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရ သည်။ ဗိုလ်ချုပ်မှူးကြီး ကွပ်ကဲမှုအောက်တွင် သုံးနှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နောက်တပ်မမှူးအသစ်လဲပြီးသည့် ထိုကာလ၌ ကျွန်တော် ဂျီတူးဖြစ်လာ၏။ ၁၉၈၅ ခုနှစ်၌ ကျွန်တော်သည် ဂျီတူးမှ ခလရ(၇၁)တွင် ဒု-တပ်ရင်းမှူးဖြစ်လာ၏။ ကျွန်တော့်တပ်မမှူးက န. မ. ခ တိုင်းမှူးဖြစ်သွားသည်။ တပ်မ(၈၈)တပ်မမှူးမှာ ထိုစဉ်က တပ်မ(၈၈) ဒု-တပ်မမှူးဖြစ်သော ဗိုလ်မှူးကြီးသိန်းဟန် ဖြစ်လာသည်။ ဗိုလ်မှူးကြီးသိန်းဟန်သည်လည်း အတော်ထူးခြားသည့် အရာရှိကြီးဖြစ်သည်။ တပ်ရင်းမှူးဘဝမှ တပ်မမှူးဖြစ်သည်အထိ ကျိုင်းတုံတွင် ဆယ်စုနှစ်တစ်ခုခန့် နေသွားရ၏။

ဗိုလ်မှူးကြီးသိန်းဟန်ကား ၁၉၇၀ ပြည့်နှစ်၊ အောက်တိုဘာလက ရှမ်းပြည်နယ်အရှေ့မြောက် ကွမ်းလုံဒေသတွင် ဖြစ်ပွါးခဲ့သည့် နားလယ်နှင့် ဂျုံးဂျုံးဂျက်စခန်း(ပွိုင့်-၄၀၇၇)များ တိုက်ပွဲတွင် မိမိထက် အင်အားသာလွန်သည့် ရန်သူဗကပများမှ လာရောက်တိုက်ခိုက်သည်ကို ကြံ့ကြံ့ခံ၍ အောင်မြင်စွာ တွန်းလှန်နိုင်သောကြောင့် တပ်မတော်တွင် ဂျုံးဂျုံးဂျက်သိန်းဟန်ဟု နာမည်ကြီးသူဖြစ်၏။ ထိုတိုက်ပွဲများတွင် ရန်သူ့ထံမှ အလောင်း၊ လက်နက်များစွာ သိမ်းဆည်းရမိခဲ့ပြီး ရန်သူ့ တပ်မဟာတစ်ခုကို ဖွဲ့စည်းပုံပျက်သွားအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် တိုက်ပွဲဝင်ခဲ့သည့် ဗိုလ်မှူးကြီးသိန်းဟန်သည် ဗိုလ်ကြီးဘဝမှ လျင်မြန်စွာField Promotion များ ရလာသူဖြစ်ပါသည်။ စကားအလွန်နည်း၏။ တုတ်တုတ်ခိုင်ခိုင်နှင့် အလွန်အပင်ပန်းခံနိုင်ပြီး စစ်သားပီသသူဖြစ်၏။ ကျွန်တော်က ဂျီတူး၊



ဗိုလ်မှူးကြီးသိန်းဟန်က ဒုတပ်မမှူးဘဝတွင် ကျွန်တော်သည် Paper works များအား ကုန်းရုန်း၍ ရေးချွတ်နေ လေ့ရှိရာ

" ဟေ့ ဂျီတူး၊ မောင်ရင် စာတွေချည်းပဲ ဖိရေးမနေနဲ့၊ အချိန်ရတဲ့အခါ ကိုယ့် ကွပ်ကဲမှုအောက်က မြေပြင်တွေကိုလဲ ရောက်ဖူးအောင် သွားကြည့်ဦး၊ မြေပြင်မရောက်ဖူးဘဲ စစ်ဆင်ရေးစီမံချက်တွေ မောင်ရင် ရေးရေးနေတာ သဘာဝမကျဘူး "ဟု သတိပေးတတ်၏။

တပ်မမှူးက စစ်ဆင်ရေးစီမံချက်များအား မကြာခဏ ကျွန်တော့်ကို ရေးခိုင်းတတ်ပါသည်။ ကျွန်တော်က မြေပုံကိုသာကြည့်ကာ ရေးလေ့ရေးထ ရှိ၏။ ထို့ကြောင့် ဒုတပ်မမှူးက ကျွန်တော့်ကို သတိပေးခြင်းဖြစ်မည်။ ထို့ပြင် ဒုတပ်မမှူးက တပ်မမှူးလေးလပတ် အစည်းအဝေး တက်ချိန်များတွင် ကျွန်တော့်အား သူနှင့်အတူ ထမင်းစားရန် ခေါ်တတ်၏။ ကျွန်တော်က " အလုပ်များ၍ မစားပါရစေ နဲ့ " ဟုပြောသောအခါ

" ကျိုင်းတုံမြို့ကြီး မီးမလောင်သေးပါဘူး၊ လာစမ်းပါ ဂျီတူးရဲ့ "

ဟု ပြောတတ်၏။ ဒုတပ်မမှူးသည် အလွန်အပင်ပန်းခံနိုင်ပြီး ဘရေးဟယ်၊ အကြောင်းဟယ်ဖြစ်လာပါက လွန်စွာ တည်ငြိမ်ခေါင်းအေးသူ ဖြစ်ပါသည်။ ကျိုင်းတုံတွင် အနေကြာ၍ ဒုတပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်အား ကျိုင်းတုံမြို့မှ ချစ်ခင်သူ ပေါလှ၏။

၎င်းနောက် တပ်မမှူးများမှာ ဗိုလ်မှူးကြီးလှမြင့်ဆွေ၊ ဗိုလ်မှူးကြီးကြည်အောင်နှင့် စောစောက ကျွန်တော်တင်ပြခဲ့သည့် ဗိုလ်မှူးကြီးထွန်းရီတို့ဖြစ်ကြ၏။ ထို့နောက် တပ်မမှူးများကိုကား ကျွန်တော် မသိတော့ပါ။ မည်သို့ပင်ဖြစ်စေတပ်မ(၈၈)ကား အစဉ်အလာကြီးမားသည့် တပ်မဖြစ်၏။ စစ်ဆင်ရေးများ မြောက်မြားစွာတွင် ပါဝင်ဆင်နွှဲခဲ့၏။ အစဉ်အလာ ကောင်းများလည်း ရှိ၏။ ကျွန်တော်တို့တပ်မ၏ အစဉ်အလာကောင်း (၈)ချက် ရှိသည်။ မှတ်မိသိရှိသလောက် ဖော်ပြပါမည်။ ၎င်းတို့မှာ

- လုံခြုံရေးသည် အဓိက ၊
- မသေချာတာ မလုပ်နဲ့၊ သေချာမှလုပ်၊ လုပ်ရင်လည်း ပြင်းပြင်းထန်ထန်လုပ်၊
- အုပ်ချုပ် ထောက်ပံ့မှုစနစ်နဲ့ တပ်များ သတ်သာ ချောင်ချိမှုကို ရှေ့ရှုဆောင်ရွက်၊

www.burmeseclassic.com

www.burmeseclassic.com





ရဲဘော်ရဲဘက် စိတ်မွေး၊ ကိုယ်တိုင်ဦးဆောင်မှုကိုပေး၊ ဘယ်တော့မှ အညှဲ့မခံရ၊

- မလိုလားအပ်တဲ့ ဆုံးရှုံးမှု၊ ထိခိုက်မှု၊ ဒဏ်ရာရရှိမှု မဖြစ်စေရ၊

- ခရီးအစမှ အဆုံး၊တာဝန်အစမှအဆုံး အောင်မြင်မှုရအောင် ဆောင်ရွက်၊

- ပြည်သူလူထု ကြည်ညိုလေးစားမှုခံရတဲ့ တပ်မတော် ဖြစ်အောင် ပြုကျင့်သွား၊

- ရဲရင့်တဲ့လုပ်ဆောင်ချက်သည်သာ အအောင်မြင်ဆုံး ။

စသည်တို့ ဖြစ်ပါသည် ခင်ဗျား။

## တပ်မ(၈၈) ကွပ်ကဲမှုအောက်မှ တပ်ရင်းများအကြောင်း

တပ်မများ၏ ဖွဲ့စည်းပုံတွင် ခြေလျင်တပ်ရင်း (၁၀) ရင်းပါဝင်၏။ တပ်မ(၈၈) စတင်ဖွဲ့စည်းစဉ်က အောက်ပါ တပ်ရင်းများနှင့်ဖွဲ့စည်းခဲ့သည်ဟူ၍ မှတ်တမ်း မှတ်ရာများအရ သိရှိခဲ့ပါသည်။ စတင် ဖွဲ့စည်းစဉ်က ပါဝင်ခဲ့သောတပ်များမှာ

- အမှတ်(၁)ရှမ်းသေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း
- အမှတ်(၄)ကချင်သေနတ်ကိုင်တပ်ရင်း
- အမှတ်(၃)ခြေလျင်တပ်ရင်း
- အမှတ်(၄)ခြေလျင်တပ်ရင်း
- အမှတ်(၆)ခြေလျင်တပ်ရင်း
- အမှတ်(၇)ခြေလျင်တပ်ရင်း
- အမှတ်(၁၁) ခြေလျင်တပ်ရင်း
- အမှတ်(၁၀၃)ခြေမြန်တပ်ရင်း
- အမှတ်(၁၀၉)ခြေမြန်တပ်ရင်းတို့ ဖြစ်ကြပါသည်။

ထိုသို့ တပ်ရင်းများဖြင့်ဖွဲ့စည်းခဲ့ရာ အချို့တပ်များသည် မော်တီ တပ်နယ်တွင် ရှိ၏။ အချို့က ရန်ကုန်တွင် ရှိသည်။ အချို့က မိတ္ထီလာ တပ်နယ်တွင် ရှိသည်။ အချို့ကား ရန်ကုန်၊ မန္တလေးကားလမ်းမကြီး တစ်လျှောက် ပဲခူးရိုးမအရှေ့တွင် ရှိနေ၏။ အချို့ကား ရိုးမအနောက် ရောက်နေပြန်သည်။ တပ်ရင်းတစ်ရင်းက မန္တလေးအနီး ပုသိမ်ကြီးမြို့နယ် တွင် ရှိနေသည်။ ဤသို့ဖြင့် တပ်များမှာ ပြန့်ကျဲနေ၏။ ထို့ကြောင့် ၁၉၈၉ ခုနှစ်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ အောက်ပါ လမ်းညွှန် ချက်အရ တပ်ရင်းများကို ပြန်လည်စုဖွဲ့ခဲ့သည်။ ထိုလမ်းညွှန်ချက်ကား

" ခြေမြန်တပ်မဌာနချုပ်များ၏ ကွပ်ကဲမှုအောက် တပ်ရင်း များသည် ကွပ်ကဲမှုအရ တပ်မဌာနချုပ်များနှင့် လည်းကောင်း၊ ဟုပ်ချုပ် ထောက်ပံ့မှုအရ တိုင်းစစ်ဌာနချုပ်များနှင့်လည်းကောင်း ဝေးကွာလျက် ပြန့်ကျဲနေသဖြင့် တပ်ရင်းများအား စွမ်းရည်(၃)ရပ် တိုးတက်အောင် ဆောင်ရွက်ရာ၌ ခက်ခဲမှုများဖြစ်ပေါ်လျက် ရှိ ပါသည်။ ၎င်းအခက် အခဲများအား ဖြေရှင်းနိုင်ရန်နှင့် တပ်ရင်းများ အား စွမ်းရည်(၃)ရပ် တိုးတက်မှုမြန်ဆန်လာစေရန်အတွက် လုပ်ငန်း များ အလွယ်တကူ ဆောင်ရွက်နိုင်စေရန် တပ်မဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း များအား ပြန်လည်စုဖွဲ့ရန် "ဟူ၍ ဖြစ်၏။

ကျွန်တော် ဂျီတူးဖြစ်လာသည့် ၁၉၈၄ ခုနှစ်က တပ်မ(၈၈) ကွပ်ကဲမှုအောက်တွင် အောက်ပါ တပ်ရင်းများဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရ၏။ ၎င်းတပ်ရင်းများမှာ

- အမှတ်(၁) ကယားသေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ချင်းသေနတ်ကိုင်တပ်ရင်း
- အမှတ်(၁) ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၂)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၆)ဗမာ့သေနတ်ကိုင်တပ်ရင်း
- အမှတ်(၁)ခြေလျင်တပ်ရင်း
- အမှတ်(၅)ခြေလျင်တပ်ရင်း
- အမှတ်(၁၁)ခြေလျင်တပ်ရင်း

www.burmeseclassic.com

www.burmeseclassic.com

- အမှတ်(၁၄)ခြေလျင်တပ်ရင်း

အမှတ်(၁၀၈) ခြေမြန်တပ်ရင်းတို့ ဖြစ်ကြ၏။ ၎င်းတပ်ရင်းများကိုပင် နီးစပ်ရာ တပ်မများသို့ ၁၉၈၉ ခုနှစ်၌ ပြန်လည်ပြောင်းလဲဖွဲ့စည်းခဲ့ပြန်ပါသည်။ နောက်ထပ်ပြုပြင် ပြောင်းလဲမှုကိုမူ ကျွန်တော် မသိတော့ပါ။

**ထိုစဉ်က တပ်ရင်းမှူးများ**

ကျွန်တော် ဂျီတူးတာဝန်ထမ်းဆောင်စဉ်က တပ်ရင်းမှူးများမှာ

- သနက (၁)တွင် ဒုတိယဗိုလ်မှူးကြီးကိုလေး
- ကယား (၁)တွင် ဒုတိယဗိုလ်မှူးကြီးအောင်နွယ်
- ချင်း (၁)တွင် ဒုတိယဗိုလ်မှူးကြီးတင်ထွဋ်
- သနက (၆)တွင် ဒုတိယဗိုလ်မှူးကြီးကက်စိန်
- ခလရ (၅) တွင် ဒုတိယဗိုလ်မှူးကြီးစိုးတင့်
- ခလရ (၁) တွင် ဒုတိယဗိုလ်မှူးကြီးစောမောင်
- ခလရ (၁၄)တွင် ဒုတိယဗိုလ်မှူးကြီးကျော်ဝေ
- သနက (၂) တွင် ဒုတိယဗိုလ်မှူးကြီးတင်ဝင်း
- ခလရ(၁၁) တွင် ဒုတိယဗိုလ်မှူးကြီးမောင်မော်
- ခမရ (၁၀၈)တွင် ဒုတိယဗိုလ်မှူးကြီးကျော်စိန်တို့ ဖြစ်ကြသည်။

ထိုတပ်ရင်းမှူးကြီးများနှင့်ပက်သက်၍ ကျွန်တော့်တွင် ပြောစရာများ အများကြီး ရှိပါသည်။ ပြောစရာအများဆုံးက သနက(၁) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကိုလေး ဖြစ်မည် ထင်ပါသည်။ မပြော၍လည်း မရပါ။ ဒုတိယဗိုလ်မှူးကြီးကိုလေးကား ယခုကျွန်တော်၏ အကြီးအကဲ မြို့တော်ဝန် ဦးကိုလေး ဖြစ်ပါသည်ခင်ဗျား။

ဒုတိယပြောစရာအများဆုံးရှိသူကား ချင်း(၁)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွဋ် ဖြစ်၏။ ဒုတိယဗိုလ်မှူးကြီးတင်ထွဋ်နှင့် ကျွန်တော်သည် ၁၉၉၂ ခုနှစ်မှစ၍ အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မ



မှူးနှင့် နည်းဗျူဟာမှူးဟူသော တာဝန်များဖြင့် သုံးနှစ်ခန့် အတူနေဖူးသူ ဖြစ်၏။

ယခုအခါ ထိုချင်း(၁) တပ်ရင်းမှူးကြီးမှာ လျှပ်စစ်စွမ်းအားဝန်ကြီး ဖြစ်၍ နေပါပြီ။ ကျွန်တော်နှင့် မကြာခဏတွေ့တတ်၏။ လွန်ခဲ့သည့် လအနည်းငယ်က ကျွန်တော်ရှိရာ ဥတိုစိုက်ကွင်းသို့ ရောက်လာသည်။ ညအိပ်သည်။ ထို့နောက်

" ဟေ့ ကိုသက်ဦး၊ လျှပ်စစ်မီးလာရဲ့လား၊ ဒီနားတစ်ဝိုက်က ရွာတွေက ဘာများပြောသေးလဲ "

ဟု မေး၏။

ထိုအခါ ကျွန်တော်က

" ဗိုလ်ချုပ် ခင်ဗျား၊ ရွာတွေက ဗိုလ်ချုပ် မီးကို အတော် သဘောကျကြပါတယ် "

" ဘာဖြစ်လို့လဲဗျ "

" ဗိုလ်ချုပ် မီးက သိပ်သဘောကောင်းတယ်၊ ခဏခဏ မီးလာလာနေတယ်လို့ ပြောကြတယ်"

ကျွန်တော်၏အထက်ပါအတိုင်း ပြောကြားချက်အား နားထောင်ပြီး ဗိုလ်ချုပ်တင်ထွဋ်က

" ခင်ဗျားက အကောင်းမှတ်လို့ နားထောင်နေတာဗျာ၊ အတော်နောက်တဲ့လူ " ဟု ဆိုပါတော့သည်။ ထိုနေ့က ရှေးဟောင်းနှောင်းဖြစ်များ ပြော၍ ညဦးနက်မှ အိပ်ရာဝင်မိကြ၏။

အလားတူပင် ခလရ(၁)တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး စောမောင်သည်လည်း ဗိုလ်ကြီးဘဝက ကျွန်တော်နှင့် ခလရ (၆၇) မိုင်းရယ်၌ သုံးနှစ်ခန့် အတူနေခဲ့ဖူးသူဖြစ်၏။ ထို့အတူ သနက(၆) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကက်စိန်နှင့်လည်းတပ်မ(၇၇)တွင် ပြန်ဆုံ၏။ ကျွန်တော်က ခလရ(၆) တပ်ရင်းမှူး ၊ ဗိုလ်မှူးကြီးကက်စိန်က တပ်မမှူးဖြစ်၏။ ကျွန်တော့်တပ်က တပ်မတစ်ခုလုံးတွင် စွမ်းရည်(၃)ရပ် ပထမရသည့်အကြောင့် ကျွန်တော့်အား တစ်ဆင့်မြင့် ရာထူး ထောက်ခံပေးခဲ့သည်။ ကျွန်တော် ဂျီဝမ်း ဖြစ်လာ၏။ ထို့နောက် ဗျူဟာမှူးပါ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးကြီးကက်စိန်နှင့် ပြောစရာကျန်ပါသေးသည်။ ၁၉၉၅ ခုနှစ် နှစ်ဆန်းကာလက ဖြစ်၏။ ကျွန်တော်သည် တပ်မ(၃၃)တွင် နည်းဗျူဟာမှူးတာဝန်နှင့် သထုံ၊ ဖါပွန်ယာဉ်တန်း တာဝန်ယူနေရသည်။

ထိုအချိန်တွင် DKBA များပေါ်လာပြီး ကေအင်န်ယူမှ ခွဲထွက်၍ ကေအင်န်ယူဝဟို မာနယ်ပလောအား တိုက်ကြသည်။ တပ်မ (၆၆)မှ ဝင်ကူသည်။ တိုက်ပွဲကို ခွေးအိပ်တောင် ခေါ် ပွိုင့်-၄၀၄၄ ပေါ်မှနေ၍ ရတခတိုင်းမှူးက ကွပ်ကဲသည်။ မာနယ်ပလော သိမ်းမိခါနီး၌ ရှေ့တန်း တပ်မ(၃၃)မှ နည်းဗျူဟာတစ်ခုနှင့် တပ်ရင်း(၂)ရင်း စစ်ကူတောင်းရာ ကျသောင်းဆိပ်ရှိ ကျွန်တော်၏နည်းဗျူဟာ (၃၃၁)၊ ခလရ(၄)၊ ခမရ (၁၁၆)တို့ စစ်ကူလိုက်ရသည်။ ခွေးအိပ်တောင်တွင် တစ်ညအိပ်၍ တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်နှင့်တွေ့ပြီး နောက်နေ့တွင် သံလွင်ကမ်းနဖူးရှိ မဲပသို့ ဆက် ချီတက်ရ၏။ DKBA နှင့် ကျွန်ပော်တို့ တပ်များက မာနယ်ပလောကို ရလိုက်ကြသည်။ တိုင်းမှူး ဗိုလ်ချုပ်ကက်စိန်က ကျွန်တော့်အား စစ်ကူအချိန်မီလာ၍ ကျေးဇူးတင်ကြောင်း ပြောပါ၏။ တိုင်းမှူးနှင့်အတူ ကကသံညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလွန်းသီပါ ရှိနေ၏။

ထိုစဉ်က တိုက်ပွဲဝင်တပ်များ ခွေးအိပ်တောင်အထိ ချီတက်လာနိုင်အောင် ကျွန်တော်တို့ တပ်မ(၃၃)က ကျိုက်ကော်၊ သိမ်ဆိပ်မှသည် ဆင်စွယ်တောင်သီးလုံးအထိ လမ်းဖောက်ပေးခဲ့ရ၏။ လမ်းလုံခြုံရေးပါ လုပ်ပေးခဲ့ရ၏။ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများပြည့်စုံအောင် ဖြည့်ဆည်း ပေးခဲ့ရ၏။ သို့ရာတွင် ရတခမှ ထိုတိုက်ပွဲနှင့်ပတ်သက်ပြီး မှတ်တမ်း စာအုပ်ထွက်လာသောအခါ မှတ်တမ်းတွင် ကျွန်တော်တို့ တပ်မ(၃၃) မပါလာတော့။ ထိုကိစ္စအတွက် အတော် စိတ်မကောင်းဖြစ်မိပါသည်။ မနေ့တစ်နေ့က ကျန်းမာရေးဝန်ကြီးဖြစ်နေသော ဗိုလ်ချုပ်ကက်စိန်အား ထိုအကြောင်းကို စကားစပ်မိရင်း တင်ပြရာ

"အေးကွာ၊ ကိုယ်တို့ နည်းနည်းလိုသွားတယ် " ဟု ဗိုလ်ချုပ်က စိတ်မကောင်းစွာ ပြောရှာပါသည်။ သို့ရာတွင် ကိစ္စကတော့ ပြီးသွားပါပြီ ထားပါတော့ ခင်ဗျာ။

ခလရ(၁၄) တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးကျော်ဝေနှင့်လည်း ပြောစရာ အများကြီး ရှိနေပါသည်။ ဗိုလ်မှူးကြီးကျော်ဝေအား ၁၉၈၈



ခုနှစ်လောက်ကတည်းက ကျွန်တော် သိခဲ့သည်။ ဗထူးတွင် ဥစ္စာ လာ တက်ရင်း တပ်နယ်ဈေးအနီးရှိ ကျွန်တော့်အိမ်ကလေးတွင် ဗိုလ်ချုပ် အေးကျော်နှင့် မကြာမကြာ ထမင်းလာစား၍ ရင်းနှီးနေ၏။

အခုတော့ ဗိုလ်မှူးကြီးဘဝနှင့် အငြိမ်းစားယူသွားပြီ ဖြစ်၏။ မကြာသေးမီက ဘုန်းကြီးဝတ်၏။ ဘုန်းကြီးဝတ်ဖြင့် မြို့တော်ခန်းမရှိ ကျွန်တော့်ထံ ကြွလာ၍ ဆရာတော်ဘုရားအား အဖျော်ရည် ကပ်လိုက်ရ ပါသေးသည်။ အခြားတပ်ရင်းမှူးများနှင့်လည်း ပြောစရာများ ရှိနေပါ သေးသည်။ ခလရ(၁၁) တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးမောင်မောင်ကား တစ်ခြားသူ မဟုတ်ပါ။ ယနေ့ နာမည်ကြီးနေသည့် T.V ဖန်သားပြင် ပေါ်တွင် မကြာခဏမြင်နေရသည့် ကြော်ငြာမင်းသမီးလေး ခိုင်သင်းကြည် ၏အဖေ ဖြစ်၏။ ဤသို့ ပြောမည်ဆိုက ပြောစရာများကား ဆုံးမည် မထင်ပါ။ အလျှင်းသင့်လျှင် သင့်သလို သီးခြားဖော်ပြပေးပါမည်။

အခုရေးသားဖော်ပြသည်ကား ထိုစဉ်က ကြုံခဲ့ရသည့် တပ်ရင်းမှူး များအကြောင်း တစေ့တစောင်းမျှသာ ဖြစ်ပါသည်ခင်ဗျား။

## တပ်မ(၈၈)ပါဝင်ခဲ့သော စစ်ဆင်ရေးများ

အစဉ်အလာကြီးသော အမှတ်(၈၈)ခြေမြန်တပ်မသည် စဖွဲ့ပြီ းကတည်းက စစ်ဆင်ရေးကြီးများကို အဆက်မပြတ် ဆင်နွှဲခဲ့၏။ ငှူးနစ်စစ်ဆင်ရေးဖြင့် အင်းဒေးသို့ ဝင်သည်။ ဗကပ ဗဟိုကော်မတီဝင် ဗိုလ်ပုကို ရလိုက်၏။ မော်နိုင်စစ်ဆင်ရေးဖြင့် ပဲခူးရိုးမကို ဝင်သည်။ ထို့နောက် နေလ စစ်ဆင်ရေး၊ သမိုဒ္ဒရမ်း စစ်ဆင်ရေး၊ တေဇနှင့်သီဟ စစ်ဆင်ရေး၊ ဖွဲ့သတ္တိ စစ်ဆင်ရေး၊ ပေးလွှင် စစ်ဆင်ရေး၊ သူရိန် စစ်ဆင် ရေး၊ အောင်သီဟစစ်ဆင်ရေး၊ နေမင်းရောင် စစ်ဆင်ရေး၊ လေးမာန် အောင် စစ်ဆင်ရေး၊ မင်းရန်အောင် စစ်ဆင်ရေး၊ မိုးဟိန်း စစ်ဆင်ရေး စသဖြင့်သည်ဖြင့် များလှချေ၏။

ထိုစစ်ဆင်ရေးများထဲမှ ထူးခြားသည်များကို အနည်းငယ် ကောက်နုတ် တင်ပြရပါက ၁၉၆၇ ခုနှစ်တွင် အင်းဒေးသို့ ဗကပ ဗဟို ကော်မတီဝင် ဗိုလ်ပုကို အသေရခဲ့ပိုက်၏။ မော်နိုင်စစ်ဆင်ရေးတွင် ဗကပ ဗဟိုကော်မတီဝင် ဒေါက်တာအောင်မြင့် (သခင်သန်းထွန်း၏ ယောက်ဖ)

www.burmeseclassic.com

www.burmeseclassic.com



အား အသေရမိခဲ့၏။ ၁၉၆၉ ခုနှစ်က မြစ်ဝကျွန်းပေါ်တွင် ပြုလုပ်သည့် မိုးဟိန်းစစ်ဆင်ရေးတွင် နာမည်ကြီး KPGF ဒု-တပ်ရင်းမှူးသန်းရှိန်အား အသေရမိခဲ့၏။

တစ်ဖန် ၁၉၇၀ ခုနှစ် အောင်သီဟ စစ်ဆင်ရေး၌ နားလယ်နှင့် ရျူးရျူးဂျက်တိုက်ပွဲများကို တိုက်ခိုက်နိုင်ခဲ့၏။ ဤကဲ့သို့ တိုက်ပွဲများသာမက ၁၉၈၀ ခုနှစ်က ပြုလုပ်ခဲ့သော မင်းရန်အောင် စစ်ဆင်ရေး၌ ဗကပတို့၏ ရောင်ခေါက်၊ ပန်မကောက် စခန်းများကိုပါ ပြောင်မြောက်စွာ တိုက်ခိုက် သိမ်းပိုက်ရယူနိုင်ခဲ့၏။

ကျွန်တော် ဂျီတူးဖြစ်သည့်အချိန်တွင်ကား လေးမာန်အောင် စစ်ဆင်ရေးကာလ ဖြစ်သည်။ ထိုကာလတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဖြစ်သော ဘိန်းစစ်ဆင်ရေးများအနက် မိုးဟိန်း စစ်ဆင်ရေးအဆင့် (၉)အား ဆောင်ရွက်ခဲ့ရ၏။ မူးယစ်ဆေးဝါးနှင့် ပက်သက်၍ကား ပြောစရာများ အများကြီးရှိပါသည်။ အလျဉ်းသင့်သလို ဖော်ပြသွားပါမည်။

တပ်မ(၈၈)သည်ကား တကယ့်သမိုင်းဝင် တိုက်ပွဲကြီးများကို ဆင်နွှဲခဲ့ရသည့် သက်တမ်းအရင့်ဆုံးသော တပ်မဖြစ်၏။ သံလွင် အရှေ့ခြမ်း ကျိုင်းတုံဒေသတွင် နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်ဆင်ရေးကြီးမြောက်မြားစွာကို ဆင်နွှဲခဲ့ရ၏။ အိမ်နီးချင်း နိုင်ငံသုံးခုနှင့် ဆက်စပ်နေသော သံလွင်အရှေ့ခြမ်းဒေသကြီးအား နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းထားနိုင်ခဲ့၏။ ထိုတပ်မတွင် ကျွန်တော်သည် ဂျီတူး ခေါ် စစ်ဦးစီးမှူး(ဒုတိယတန်း)တာဝန်အား ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းအတွက် ယနေ့အချိန်အထိ ကျေနပ် ဂုဏ်ယူနေမိပါသည် ခင်ဗျား ။

**နေပြောင်းရွှေ့သွားကြသော အရာရှိကြီးနှစ်ဦး**

ကျွန်တော် ဂျီတူး တာဝန်ထမ်းဆောင်သည့် ၁၉၈၄ ခုနှစ် ဩဂုတ်လ၌ သနက(၁) တပ်ရင်းတစ်ရင်းလုံး မိုင်းယောင်းသို့ ပြန်တက်ရသည်။ သနက(၁)ကလည်း မိုင်းယောင်းနှင့် အကျွမ်းဝင်ပါသည်။ ယခု တပ်ရင်းမှူး လက်ထက်တွင် မိုင်းယောင်းသို့ သုံးခါ ဝင်ရ၏။ မိုင်းယောင်းကား တစ်ခါဆို တစ်ခါမှန်း သိသာလှ၏။ ဝင်လိုက်တိုင်း Casuality အနည်းနှင့်



အများရှိ၏။ ကျွန်တော် သနက(၁) စပြောင်းရတော့ တပ်အဝင်ဆောင်ရှိ အိပ်ဆောင်များတွင် ရှေ့တန်းမှ ထိခိုက်ဒဏ်ရာ ရထားသည့် Disable ခွမ်းမသန်စစ်သည်များ အိပ်ဆောင်တစ်လုံးစာ တွေ့ရ၏။ လူ (၄၀)ခန့် ရှိမည် ထင်ပါသည်။ သူတို့ကို တွေ့ပြီး

“ ဟာ၊ တပ်မ(၈၈)က မလွယ်ပါလား ” ဟု တွေးကာ အတော် ငြိမ်သွား၏။ သနက(၁) မရောက်မီက ကျွန်တော်ခြေလျင်တပ် သုံးတပ် နေခဲ့ဖူးပါသည်။ ယခုလောက်များပြားသော Disable များကို မတွေ့ဖူးခဲ့။ ဤသည်မှာ ထိုစဉ်က သံလွင်အရှေ့ခြမ်း ကျိုင်းတုံဒေသ၏ စစ်ရေးအခြေအနေကို ညွှန်းဆိုနေခြင်းဖြစ်ပါ၏။

ဤကဲ့သို့သော တပ်မ (၈၈)အောက်ရှိ တပ်များ၌ တပ်ရင်းမှူး လုပ်ရသည်မှာ တယ် မလွယ်လှပါ။ စစ်ဆင်ရေးအပတ်တိုင်း မတိုက်ရ မခိုက်ရသည့်အကြိမ် မရှိသလောက်ပင် ဖြစ်ချေ၏။ ယခု တပ်ရင်းမှူးကြီးမှာ တပ်ရင်းမှူးဖြစ်ဖြစ်ခြင်း မိုင်းယောင်းသို့ စစ်ဆင်ရေးဝင်ရ၏။ ယခု ခြောက်ကြိမ်မြောက်တွင်လည်း မိုင်းယောင်းသို့ ရောက်နေပြန်သည်။ ထိုအချိန်တွင် စစ်ရုံးမှ “ သနက(၁) တပ်ရင်းမှူး ကြည်း-၈၆၇၉ ဒုဗိုလ်မှူးကြီးကိုလေးအား နမခသို့ စစ်ဦးစီးမှူး ပထမတန်းအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည် ” ဟု ကြေးနန်းပို့လာ၏။

ကျွန်တော် အတော် ဝမ်းသာသွားသည်။ တပ်ရင်းမှူးကြီးမှာ မှန်ခဲ့သည့် တစ်လ နှစ်လကတည်းက “ ဂျီဝမ်း ထွက်တော့မယ်၊ ဂျီဝမ်း ထွက်တော့မယ် ” ဟု တပ်မတွင် နာမည်ကြီးနေ၏။ သို့ရာတွင် အမိန့်က ထွက်ချင်းထွက်မလာ။ ယခုမှ ထွက်လာ၏။ ကိုယ့်တပ်ရင်းမှူး ဖြစ်သဖြင့် ဝမ်းသာရုံသာမက ဂုဏ်လည်း ယူမိ၏။

ထို့အပြင် စစ်မြေပြင်၌လည်း ကြာကြာ မနေစေလိုတော့ပါ။ လူ့ကံဆိုသည်မှာ ပြော၍မရ။ ဘာမဟုတ်တာလေးနဲ့လည်း စစ်မြေပြင်တွင် ဒုက္ခရောက်သွား နိုင်၏။ သို့ဖြစ်၍ တပ်မမှူးအား တင်ပြပြီး တပ်ရင်းမှူး အသစ်မရောက်မီမှာပင် ဒု-တပ်ရင်းမှူးအား တာဝန်လွှဲစေ၍ ရဟတ်ယာဉ်ကို မိုင်းယောင်းသို့ပို့လွှတ်ကာ တပ်ရင်းမှူးကြီးအား ပြန်ခေါ် ရပါတော့သည်။ မိုးထဲလေထဲတွင် သနက(၁) တပ်ရင်းမှူးကြီးနှင့်အတူ

www.burmeseclassic.com



မိုင်းယောင်းဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ဖုန်းလည်း ရဟတ်ယာဉ်ဖြ
ဖြန့်ပါလာ၏။ လွန်ခဲ့သည့် တစ်လနှစ်လက ဝမ်တျင်း၊ ဆန်တောက်၌

" ဗျို့ ဦးကိုလေး၊ ခင်ဗျား ပြောင်းရမယ် ကြားတယ် "
ပြောခဲ့သည့် ဗိုလ်မှူးကြီးအောင်ဖုန်းမှာ ယခုအခါ သူပါတစ်ပါတ
ပြောင်းသွားရ၏။ ဗိုလ်မှူးကြီးအောင်ဖုန်းနေရာတွင် ဗိုလ်မှူးကြီးမြင့်
ရောက်လာသည်။ ဗိုလ်မှူးကြီးမြင့်ဝေအား မိုင်းယောင်းသို့ ရဟတ်ယာ
ဖြင့်ပို့ပေးပြီး အပြန်တွင် ဗိုလ်မှူးကြီးအောင်ဖုန်းနှင့် ဗိုလ်မှူးကြီးတို့
တို့အား ပြန်ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ဗိုလ်မှူးကြီးအောင်ဖုန်းက
ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာန(Nation
Housing Board) သို့ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွေ့
ဖြစ်သည်။

ထိုစဉ်က ဆောက်လုပ်ရေးဝန်ကြီးမှာ ဗိုလ်မှူးချုပ်လှထွန်းဖြစ်
ဗိုလ်မှူးချုပ်လှထွန်းကား ၁၉၆၄-၆၅ ခုနှစ်၌ မှော်ဘီဗိုလ်သင်တန်းကျော
စဖွင့်ခါစက O.T.S ကျောင်းအုပ်ကြီး ဖြစ်သည်။ ဗိုလ်မှူးကြီးအောင်ဖု
က ထိုကျောင်းတွင် ကျောင်းအုပ်ကြီးနှင့် အတူ နေခဲ့ဖူး၏။ ထို့ကြေ
ဝန်ကြီးက ငယ်သံယောဇဉ်နှင့် လှမ်းခေါ်လိုက်ခြင်းဖြစ်မည် ထင်၏။ ထို
က ရဟတ်ယာဉ်ဆိုက်တော့ ဗျူဟာမှူးနှင့် တပ်ရင်းမှူးတို့ကို ကျိုင်း
ညှော်ရှိရှိသောအိမ်နီကြီးတွင် နေရာချထားပေးရပါသည်။ ညှော်ရိပ်သ
အိမ်နီကြီး၌ ဒု-တပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်နေ၏။ ထိုညက ပြောင်း
သွားသူ အရာရှိကြီးနှစ်ဦးအတွက် ဒု-တပ်မမှူးဦးစီးပြီး နှုတ်ဆက်ဂုဏ်
ထမင်းစားပွဲကလေး ထိုည၌ လုပ်ပေးသည်။ ထိုထမင်းစားပွဲ၌ ဗိုလ်မှူး
အောင်ဖုန်းက

" ဟေ့ ဂရိတ်သက်ဦး၊ ငါတော့ နယ်ဘက်ပြောင်းပြီ၊ ဦးကိုလေး
မင်းတို့ကတော့ တပ်ထဲမှာ ဆက်လုပ်ကြဦးပေါ့ကွာ " ဟု စိတ်မကော
သည့်ပုံဖြင့် ပြောရာ ကျွန်တော်တို့က

" ဟာ အဘဖုန်းက ဝန်ကြီးဖြစ်မှာပါ " ဟု ပြောကြ၏။

" ဟုတ်တယ်၊ ကိုဖုန်းက ဝန်ကြီးဖြစ်မှာ" ဟု ကျွန်တော့်တပ်
မှူးကလည်း ဝင်ပြော၏။ အခုတော့လည်း ဗိုလ်မှူးကြီးအောင်ဖုန်း တကယ
ပင် ဝန်ကြီးဖြစ်နေပါပြီ။



နောက်တစ်နေ့တွင် ကျွန်တော်လည်း ကျိုင်းတုံလေဆိပ်သို့
တပ်ရင်းမှူးနှင့် ဗျူဟာမှူးအား လိုက်ပို့ပြီး နှုတ်ဆက်ဂါရဝပြုလိုက်ပါသည်။
ဤသို့ဖြင့် ကျွန်တော်နှင့်အလွန်ရင်းနှီးသော အရာရှိကြီးနှစ်ဦး တပ်မ
(၈၈)က အပြီးအပိုင် ပြောင်းသွားကြပါတော့သည်။ ထိုသို့ ပြောင်းသွားမှ
ထိုအရာရှိကြီးများကို သတိရမိ၏။ အထူးသဖြင့် ကျွန်တော့်တပ်ရင်းမှူးကြီး
ကို ပိုသတိရ၏။

၁၉၈၂ ခုနှစ် မိုင်းယောင်းသို့ ကျွန်တော်တို့ စစ်ဆင်ရေး
...င်ရောက်စဉ် တာဝန်ထမ်းဆောင်ရာ၌ ပင်ပန်းလွန်းလှသဖြင့် တစ်ခါ
...စ်ရံတွင်

" ဘာလုပ်ရ လုပ်ရ လုပ်ရပါတယ်၊ သေလဲ ကိစ္စမရှိပါဘူး၊
...သွားတာပဲ "

ဟု ကျွန်တော်က ပြောတတ်၏။ ထိုသို့ ပြောသည့် အကြိမ်
...နည်းငယ် များလာသည့်အခါ၌ တပ်ရင်းမှူးကြီးက ကျွန်တော့်ကို
...တစ်ရက်တွင် အောက်ပါအတိုင်း ပြန်ပြော၏။

" ဗိုလ်မှူးသက်ဦး၊ ခင်ဗျား အလုပ်တွေကို စွတ်ရွတ်မလုပ်ပါနဲ့၊
...င်ဗျားလုပ်ရဲမှန်း သိပါတယ်၊ သေလဲ ပြီးတာပါပဲဆိုပြီး လက်လွှတ်
...မယ်လဲ မပြောပါနဲ့ဗျာ၊ ခင်ဗျားက လူကြီးဗျ၊ သေလို့ မဖြစ်ဘူး၊ ခင်ဗျား
...ယသွားတော့လဲ ကိစ္စတွေအားလုံးက ပြီးမှာ မဟုတ်ဘူး "

ကျွန်တော်တွင် ရံဖန်ရံခါ၌ ဖြစ်ချင်ရာဖြစ်ဆိုပြီး စွတ်ရွတ်
...လုပ်တတ်သည့် ဉာဉ်ဆိုးကလေး ရှိ၏။ တပ်ရင်းမှူးကြီးက နိုင်းနှိုင်းချိန်ချိန်
...လုပ်တတ်၏။ သွေးအေး၏။ ကျွန်တော်က သွေးပူ၏။ စိတ် မရှည်တတ်။
...ထို့ကြောင့် တပ်ရင်းမှူးကြီးက ကျွန်တော်ကို ထိန်းထိန်းသိမ်းသိမ်းနှင့်
...တာဝန်ပေးအပ်တာ လက်တွဲခေါ်လာသဖြင့် ကျွန်တော် မသေမပျောက်၊
...ကျိုးမပဲ့ဘဲ ယခုလို ဦးစီးအရာရှိ ဖြစ်လာခဲ့ခြင်းဖြစ်၏။ ဒါတွေကို
...တွေးမိပြီး ကျွန်တော့်တပ်ရင်းမှူးကြီးနှင့် ဗိုလ်သင်တန်းကျောင်းတုန်းက
...ည်ပြုဖြစ်ခဲ့ဖူးသော ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ဖုန်းတို့အား လေယာဉ်
...ထွက်သည့်နေ့က ဂါရဝပြုရင်း "ဘုန်းကြီးလို့ အသက်ရှည်ပါစေ၊ အေး
...ချမ်းသာတွေ ဝေးကွာကြပါစေ" ဟု မေတ္တာပို့လိုက်မိပါသည်။

ဒိပုဂ္ဂိုလ်ကြီးတွေနဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်တော့ ပြန်ဆုံကြဦး
...မှာ ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## Bell ရဟတ်ယာဉ်မှူးများနှင့် ကျွန်တော်

ကျိုင်းတုံ ရှေ့တန်း တပ်မ(၈၈)တွင် Bell ရဟတ်ယာဉ်အု
တစ်ခု ထားရှိ၏။ ထို လေတပ်ဆွယ်မှာ အဓိကအားဖြင့် လူနာကော
အတွက် ဖြစ်၏။ ကျိုင်းတုံ၏ အရပ်ရှစ်မျက်နှာအားလုံး တောတောင်
ဖုံးနေသည်။ ကားလမ်းများကလည်း သိပ်ကောင်းလှသည် မဟုတ်။ နွေ
လို အပစ်အခတ်များကလည်း ရှိနေရာ ထိခိုက်ဒဏ်ရာရသူမျာ
သယ်ဆောင်ရာ၌ ရဟတ်ယာဉ်သည်ကား အသုံးအဝင်ဆုံးပါတည်း။

ထို့ကြောင့် ကျိုင်းတုံတွင် ရဟတ်ယာဉ်များ ထားရ၏။ ကျွန်တေ
သည် ဂျီတူးတာဝန် တစ်နှစ်ခန့် ထမ်းဆောင်ခဲ့ရာ၌ ရဟတ်ယာဉ်
လေးငါးဦးကို မှတ်မိနေ၏။ ၎င်းတို့မှာ ဗိုလ်ကြီးလှထွန်း၊ ဗိုလ်
ဘုန်းကျော်ရွှေ၊ ဗိုလ်ကြီးခင်မောင်ကျော်နှင့် ဗိုလ်ကြီးတင်ဝင်း တို့ဖြစ်
ကျန် ရဟတ်ယာဉ်မှူးများလည်း ရှိပါသည်။ ကောင်းစွာ မမှတ်မိတော့
ထူးခြား ထင်ရှားသူများကိုသာ မှတ်မိခြင်းဖြစ်၏။ ယခု ကျွန်တော်မှ
သည့် လေးဦးအနက် ဗိုလ်ကြီးလှထွန်းနှင့် ဗိုလ်ကြီးတင်ဝင်းတို့
ကွယ်လွန်သွားကြပါပြီ။ နှစ်ဦးစလုံးလည်း ရဟတ်ယာဉ်ပျက်ကျ၍ သေ
သွားကြခြင်းဖြစ်၏။ ဗိုလ်ကြီးလှထွန်းက ရဟတ်ယာဉ်မောင်းလျှင် အေ
ရဲ၏။ ဗိုလ်ကြီးတင်ဝင်းကတော့ အတော်စိုးရိမ်တတ်၏။ ထိုစိုးရိမ်
သော ဗိုလ်ကြီးတင်ဝင်းသည် လေတပ်တွင် တဖြည်းဖြည်း ရာထူးများတ
လာပြီး သက္ကရာဇ် ၂၀၀၁ ခုနှစ်စက အတွင်းရေးမှူး(၂) ဒုဝ
ဗိုလ်ချုပ်ကြီးတင်ဦးနှင့်အတူ တရုတ်လှေ့ရွာအနီး သံလွင်မြစ်အတွင်
ရဟတ်ယာဉ်ပျက်ကျရာ၌ ပါဝင်သွားခဲ့၏။

သူနှင့်ပတ်သက်ပြီး ကျွန်တော် ဂျီတူးဘဝက မှတ်မိနေတာ
တစ်ခုရှိ၏။ ၁၉၈၅ ခုနှစ်စ ဆောင်းနှောင်းကာလ နေ့တစ်နေ့ဖြစ်
ကျိုင်းတုံအနောက်ဘက် ဖာယမ်းကြောကြီးကား နှင်းမြူများဖြင့် ဖိ
နေသည်။ ညက တိုက်ပွဲဖြစ်သဖြင့် ခလရ(၄၃) မိုင်းပြင်းမှ စစ်သည် သ
အပြင်းအထန် ဒဏ်ရာ ရထားသည်။ ဂျီသရီး ဗိုလ်ကြီးမင်းဆွေက

“ ဂျီတူးကြီး ခင်ဗျား၊ မိုင်းပြင်းက လူနာတွေ သွားကော
ရမယ်၊ အဘက ရဟတ်ယာဉ်နဲ့ အမြန်သွား ကောက်ခိုင်းနေတယ်၊



လဲ ရဟတ်ယာဉ်သုံးခွင့် တောင်းထားပြီးပြီ၊ ခွင့်ပြုချက် ရထားပြီ၊ Pilot တွေခေါ်လိုက်ရမလား ” ဟု ပြောလာ၏။

“ ခေါ်လိုက်လေ ”

ခဏအကြာတွင် ရဟတ်ယာဉ်မှူး ဗိုလ်ကြီးတင်ဝင်း ရောက်လာသည်။ ဗိုလ်ကြီးမင်းဆွေက မိုင်းပြင်းသို့ လူနာကောက်သွားရန် အကျိုးအကြောင်း ရှင်းပြပါတော့သည်။ ဗိုလ်ကြီး တင်ဝင်းက ဘာမှ ပြန်မပြောစဉ်းစားနေ၏။ ပြီးတော့ မိုင်းပြင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်ပြီး

“ နှင်းမကွဲသေးဘူး ထင်တယ်၊ မိုင်းပြင်းက ရာသီဥတုအခြေအနေတောင်းပြီး ကောင်းတယ် ဆိုရင် သွားပါ့မယ် ” ဟုဆို၏။

ထိုအချိန်က မနက်(၈)နာရီ ဖြစ်သည်။ (၉)နာရီတွင် မိုင်းပြင်းကပ်က ရာသီဥတု Clear ပေး၏။ ဗိုလ်ကြီးတင်ဝင်း ချက်ချင်း ရဟတ်ယာဉ်မောင်းကာ ထွက်သွားသည်။ ကျွန်တော်နှင့် ဗိုလ်ကြီးမင်းဆွေ၊ ဗိုလ်ကြီးရာလျှံမှုန်းတို့က ရဟတ်ယာဉ်ကွင်းသို့ လိုက်ပို့ကြ၏။ ကွင်းနှင့် ကျွန်တော်တို့ရုံးမှာ ကိုက်လေးရာ ငါးရာလောက်သာ ဝေး၏။ ကျွန်တော်တို့ ရုံးပြန် ရောက်၍ ခဏအကြာတွင် ရဟတ်ယာဉ်သံ ပြန်ကြားရ၏။

“ ဟာ- ကိုတင်ဝင်း ပြန်လာတာ မြန်လှချည်လား ”

ကျွန်တော်တို့ ဦးစီးအရာရှိများ ကွင်းသို့ ပြေးဆင်းသွားကြသည်။ ရဟတ်ယာဉ် ပြန်ဆင်းချလာ၏။ ဘာလူနာမှ ပါမလာ။

“ မိုင်းပြင်းနားရောက်တော့ မမျှော်လင့်ဘဲ မိုးတွေရွာနေတယ်၊ ဆင်းမရနိုင်ဘူး၊ တိမ်ကလဲ မကွဲဘူး၊ မိုးရောတိမ်ပါ ရောနေတယ်၊ အဲဒါကြောင့် ပြန်လာတာပါ ” ဟု ပြော၏။ ကျွန်တော်တို့ ဘာပြောရမှန်းမသိဖြစ်နေ၏။ မိုင်းပြင်းတပ်ကမူ ရဟတ်ယာဉ်လာဖို့သာ ထပ်ခါ တလဲလဲ လှမ်းပြောနေသည်။

“ နောက်တစ်ကြိမ် ကြိုးစားကြည့်ပါအုံး ကိုတင်ဝင်းရယ် ” ဟု ကျွန်တော်တို့အားလုံး သူ့ကို ဝိုင်း၍ Request လုပ်ကြသည်။ သူ့မျက်နှာပေါ်တွင် စိုးရိမ်မှု အရိပ်အယောင်များကို အထင်းသား မြင်နေရ၏။ သို့ရာတွင် မတတ်နိုင်ပါ။ သူ့တာဝန်နှင့်သူ ၊ ကိုယ့်တာဝန်နှင့် ကိုယ်ဖြစ်၏။ ကျွန်တော်တို့ တပ်မမှူးကလည်း

www.burmeseclassic.com

www.burmeseclassic.com

" အဲဒီလူနာတွေ ဒီနေ့ မရရအောင် ကျိုင်းတုံကိုသယ်၊ လိုတာတွေ လုပ်ပေးပြီးရင်း ကနေ့ညနေ လေယာဉ်နဲ့ ရန်ကုန် - မင်္ဂလာဒုံဆက်ပို့နိုင်အောင် မင်းတို့ လုပ်ကြ " ဟု အပြတ် အမိန့်ပေးထားရာ ကျွန်တော်တို့မှာ ကိုယ့် Commander ၏ အမိန့်အား မဖြစ်ဖြစ်အောင် လုပ်ရပါတော့သည်။

အားလုံး၏ Request တောင်းဆိုမှုကြောင့် ဗိုလ်ကြီးတင်ဝင်း ဒုတိယ အခေါက် တက်သွားသည်။ ကျွန်တော်တို့လည်း တထိတ်ထိတ်နှင့် စောင့်နေ၏။ ဒီတစ်ခါတော့ အတော်ကြာသွားသည်။ နာရီဝက်ကျော်ကျော်အကြာတွင် မိုင်းပြင်းတပ်မှ ရဟတ်ယာဉ်ဆင်းလာကြောင်း သတင်းပို့၍ ကျွန်တော်တို့ ဝမ်းသာသွားကြ၏။ နောက်ထပ် တစ်နာရီခန့်အကြာတွင်ကား ဗိုလ်ကြီးတင်ဝင်း မောင်းသော ရဟတ်ယာဉ်သည် လူနာများတင်ဆောင်၍ ကျိုင်းတုံသို့ ပြန်ရောက်လာ၏။ သူ ရဟတ်ယာဉ်ပေါ်မှ ဆင်းလာသည့်အခါ ကျွန်တော်တို့တစ်တွေက

" ကွန်ကရက်ကျူလေးရှင်း ကိုတင်ဝင်း " ဟုဆိုကာ ဝမ်းသာအားရ လက်ဆွဲ နှုတ်ဆက်လိုက်ကြသည်။ သူက ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ ပြန်ပြုံးပြ၏။ ယခုနှစ်စ စစ်ရုံးတွင် အစည်းအဝေး တစ်ခုတက်ရင်း သူနဲ့ပြန်တွေ့ရာ ကိုတင်ဝင်းမှာ တပ်မတော်(လေ)တွင် စစ်ဦးစီး ဗိုလ်မှူးကြီးဖြစ်နေပါပြီ။ သူနှင့် ကျိုင်းတုံတွင် ထိုလူနာကောက်သည့် ကိစ္စပြန်ပြော၍ ရယ်မော မိကြပါသေးသည်။ သူက

" ရဟတ်ယာဉ်မောင်းရင် မတော်တဆလေးတွေက မမျှော်လင့်ဘဲ ဖြစ်တတ်တယ် အစ်ကိုကြီးရ၊ ရာသီဥတုဆိုတာ အစိုးရတာ မဟုတ်ဘူးလေတို့၊ မိုးတို့၊ နှင်းတို့၊ တိမ်တို့၊ တောတို့၊ တောင်တို့ ဆိုတာ ကိုယ်နိုင်တဲ့ဟာတွေ မဟုတ်ဘူးလေ၊ အဲဒီသဘာဝ အန္တရယ်တွေနဲ့ ရင်ဆိုင်တဲ့အခါ သတိတရား အမြဲထားရတာပေါ့ အစ်ကိုကြီးရာ " ဟု ကျွန်တော့်အား ပြောသွားပါသည်။

( ယခုတော့ ဗိုလ်မှူးကြီးတင်ဝင်းသည် သူပြောခဲ့သည့် ထိုသဘာဝတရားများကြောင့်ပင် ကွယ်လွန်သွားခဲ့ပါပြီ ခင်ဗျား)

× × × ×



အခန်း(၉)

## ကျိုင်းတုံဒေသနှင့် ဆက်စပ်နေသော ဘိန်းနှင့် မူးယစ်ဆေးဝါးများ

**စိတ်မဝိလိုက်သော ဘိန်းတန်း**

၁၉၈၄ ခုနှစ်ကုန်ခါနီး ကာလဖြစ်၏။ တစ်ရက်တွင် စစ်ရုံးမှ ကျွန်တော့်အား R.T ဖြင့် လှမ်းပြောသည်။ ပြောသူမှာ

(ကစထဂျီတူး ဗိုလ်မှူးစိန်ဝင်းအောင် ဖြစ်မည်ထင်သည်။ ဗိုလ်မှူးစိန်ဝင်းအောင်မှာ ယခု တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဖြစ်ပါသည်။)

" ကိုသက်ဦး၊ ခင်ဗျားတို့ဆီက ဂျီသရီး တစ်ယောက် ဒီနေ့ လေယာဉ်နဲ့ ရန်ကုန် လွှတ်ပေးလိုက်ပါဗျာ၊ အရေးကြီး စာတစ်စောင် ဒီက ခင်ဗျားတို့ ရှေ့တန်းတပ်မကို ပေးပို့ဘို့ ရှိတယ် "

ကျွန်တော်တို့က ဂျီသရီး ထောက်လှမ်းရေး ဗိုလ်ကြီး ရာလျံမုန်းအား ညနေလေယာဉ်ဖြင့် ရန်ကုန်သို့ လွှတ်လိုက်၏။ နောက်နေ့တွင် ဗိုလ်ကြီးရာလျံမုန်း ပြန်လာ၏။ စာတစ်စောင် ပါလာသည်။ စာပါအကြောင်းအရာမှာ "ရက်အနည်းငယ်အတွင်း ပန်ယန်း၊ ပန်ဆန်းမှ ဗဟိုဘိန်းယာန်းတစ်ခု တာကော်၊ မိုင်းပြင်းနှင့် ကျိုင်းတုံကြားမှ ပြည်ထောင်စုကားလမ်းကို ဖြတ်၍ နယ်စပ်သို့ ဆင်းရန်ရှိကြောင်း၊ ထိုဘိန်းတန်းအား

www.burmeseclassic.com

www.burmeseclassic.com



လွတ် မသွားအောင် ပိတ်ဆို့ချေမှုန်းရန် ဖြစ်ကြောင်း ပါရှိသည်။ ထိုအခါ တပ်မမှူးက ထိုစာကို ဖတ်ပြီးနောက် အောက်ပါအတိုင်း ညွှန်ကြား၏ -

" ကဲ၊ ဂျီတူး နဲ့ ဂျီသရီးတွေ မင်းတို့ ဒီကိစ္စကို ကျိုင်းတုံ ဗျူဟာမှူးနဲ့ ဒု-တပ်မမှူးကို ပြော၊ ဗျူဟာမှူးကို မိုင်းပြင်းဘက်သွား ထိုင်ခိုင်း၊ နှစ်စကလဲ ပိတ်ဆို့ရေးလုပ်တာ တုံတာမှာ တစ်ခါ လွတ်သွားဖူးတယ်၊ ဒီတစ်ခါ မလွတ်စေနဲ့လို့ပြော၊ ပိတ်ဆို့ရေးကတော့ တာကော်- မိုင်းပြင်း- ကျိုင်းတုံ တစ်ကြောင်း၊ ကျိုင်းတုံ- မိုင်းဖြတ်- တာချီလိတ်တစ်ကြောင်း ပိတ်ထားမယ်၊ တာဆန်း- မိုင်းတုံ- မိုင်းဆက်ကြားမှာလဲ တစ်ကြောင်း ပိတ်ထား၊ နှစ်ထပ်ပိတ်ထားတဲ့ သဘောပေါ့ကွာ၊ ပိတ်တဲ့ တပ်တွေကိုတော့ ဒု-တပ်မမှူး လိုက်စစ်လိမ့်မယ်၊ မင်းတို့ကတော့ အရင် ဖြတ်သွားဖူးတဲ့ လမ်းကြောင်းတွေရှာပြီး မြေပုံတင်ထား၊ အရေးပေါ် Briefing လုပ်ဖို့ ပြင်လိုက်၊ ရှင်းစရာ၊ လင်းစရာတွေ ဂျီတူးက ရှင်းပြ "

ထိုနေ့ညနေတွင် ဘိန်းတန်းပိတ်ဆို့ရေးအတွက် တပ်မမှူး၊ ဒု-တပ်မမှူး၊ ကျိုင်းတုံ ဗျူဟာမှူးနှင့် ဦးစီးအရာရှိများအားလုံး စစ်ဆင်ရေး ခန်းမ၌ Briefing ပြုလုပ်ပါသည်။ ကျွန်တော်က ယခင် ရန်သူအတက် အဆင်း လမ်းကြောင်းများအား တုတ်ထောက်ရှင်းပြရ၏။ ယခု ဖြစ်နိုင်ချေ ရှိသည်များကိုလည်း တင်ပြရ၏။ ထို့နောက် တပ်မမှူးက

" ပိတ်ဆို့ရေးကိုတော့ ကနေ့ စလုပ်ပေတော့၊ သူတိုပြောတဲ့ ယ ရက်က နောက်ထပ် သုံးလေးရက်ပဲ ကျန်တော့တယ် " ဟု ဆို၏။ ကျွန်တော်တို့လည်း တပ်မ(၈၈) လက်အောက်ခံ တပ်များနှင့် ကျိုင်းတုံ ဗျူဟာကွပ်ကဲမှုအောက်ရှိ ရပခတပ်များကို ထုတ်နုတ်၍ ပိတ်ဆို့ရေးကို ထိုနေ့ညနေမှာပင် အမြန်ဆောင်ရွက်ကြ၏။ နောက်တစ်နေ့ အစည်း အဝေးတွင်

" ကဲ ဂျီတူး၊ ပိတ်ဆို့ရေးကိုတော့ စိနေအောင် ချထား၊ မိုင်းခတ်နဲ့ မိုင်းဖြတ်ဗျူဟာတွေကိုလဲ လဝ-၁ နဲ့ ဒီကိစ္စကို လှမ်းပြောထား၊ တပ်ပိတ်တဲ့ နေရာတွေကို ခုဝင်လာတဲ့ တပ်မ(၅၅) တပ်ရင်းနှစ်ရင်းကို တာဝန် ပေးလိုက်၊ ကိုဂန်နီးဟန်ကတော့ အဲဒါတွေကို နည်းနည်းလိုက်စစ်ပေးဗျာ

တပ်မမှူးက ဒု-တပ်မမှူးဘက် လှည့်ပြောလိုက်၏။ ဒု-တပ်မမှူး က



" ဟုတ်ကဲ့ပါ " ဟု ဖြေကြား၏။

ကျွန်တော်တို့သည် နှစ်ရက်ခန့်ကြာအောင် ပိတ်ဆို့ရေး လုပ် လျက်ရှိရာ သုံးရက်မြောက်နေ့၌ မိုင်းပြင်းအနီးတွင် ပိတ်ဆို့ထားသည့် တပ်မ(၅၅)မှ ခမရ(၁၉)နှင့် ရန်သူ ရှေ့ပြေးတစ်ဖွဲ့ ပစ်ခတ်မှုဖြစ်၏။ ရန်သူ နောက်ပြန်ဆုတ်သွားသည်။ ကျွန်တော်လည်း စိုးရိမ်သဖြင့် မြို့ပြင် ထွက်ကြည့်မိ၏။ ထိုအခါ မမျှော်လင့်သည့် ကိစ္စတစ်ခုကို သွားတွေ့သည်။ ထိုကိစ္စမှာ တစ်ခြားမဟုတ်ပါ။ ကျိုင်းတုံအနောက်ဘက် အစွန်ဆုံးရပ်ကွက် နှင့် တစ်မိုင်ကျော် နှစ်မိုင်ခန့်ဝေးသည့် မြို့အထွက် ကျိုင်းဖောင်းတံတား ကြားတွင် မည်သည့်တပ်မှ မရှိသေးခြင်းပါတည်း။

" ဟော့ ကိုမင်းဆွေတို့ ကိုရာတို့၊ ကိုဝေလင်းတို့ မြို့အထွက်နဲ့ ကျိုင်းဖောင်းတံတားကြားမှာ ဘာတပ်မှ မရှိဘူးကွ၊ ဘယ်လိုလုပ်ကြမလဲ "

" သစ်တစ်ပင်မှာ ခလရ(၁၁)က ခွဲရုံး နှစ်စုရှိတယ် အစ်ကိုကြီး၊ အဲဒါပဲ ထုတ်ပြီး ပိတ်လိုက်ကြတာပေါ့၊ ပြီးမှပဲ အဘကို ပြောလိုက် ကြတာပေါ့ "

ခလရ(၅)မှ အသစ်ရောက်လာသည့် ဂျီသရီး ဗိုလ်ကြီးဝေလွင်က ဝင်ပြော လိုက်သည်။

" အေးကွာ၊ တပ်မမှူးကို မြန်မြန်တင်ပြပြီး မြန်မြန်ပိတ်လိုက်တာ ကောင်းပါတယ် "

ကျွန်တော်မှ တပ်မမှူးအား ချက်ချင်းသွားတွေ့တင်ပြရာ ခွင့်ပြုချက် ရရှိ၏။ ခလရ(၁၁)မှ တပ်ခွဲမှူး ဗိုလ်ကြီး သန်းဆွေကို ချက်ချင်းခေါ်သည်။ ထိုနေ့ညနေတွင် မြို့အပြင်နှင့် ကျိုင်းဖောင်း တံတားကြား နေရာယူခိုင်း လိုက်၏။ ဗိုလ်ကြီးသန်းဆွေသည် O.T.S အပတ်စဉ် (၃၉)မှ ဆင်းသည် ဟု ထင်၏။ အသက်အတန်ငယ် ရနေပြီဖြစ်သည်။

" ကဲ ဗိုလ်ကြီးသန်းဆွေရေ၊ ကျွန်တော်တို့ တပ်တွေမရှိတော့လို့ မင်းဗျားတို့ အရံထားတဲ့ ခွဲရုံးနှစ်စုကို လွှတ်လိုက်ရတာပါဗျာ၊ ဘိန်းအဖွဲ့ တွေကတော့ ဖြတ်ဖို့ကြိုးစားနေပြီ၊ မနေ့ညက မိုင်းပြင်းနားမှာ ပစ်ခတ်မှု ဖြစ်တယ်၊ နောက်ကြောင်းပြန်လှည့်သွားတယ်၊ ဒီကောင်တွေ လာဦးမှာပဲ "

" ပိတ်ဆို့ရေး အတွေ့အကြုံတွေ ကျွန်တော်မှာ အများကြီး ရှိပါတယ်၊ စိတ်ချပါ " ဟု ဗိုလ်ကြီးသန်းဆွေက ခပ်အေးအေးပင်ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်သူလည်း ယုံကြည်မှု အပြည့် ရှိသည်ဟု ထင်ပါသည်။ ထို့နောက် နှစ်ရက်ခန့်ကြာသွားသည်။ ကစထမှလည်း "ဘာထူးလဲ၊ ဘာထူးလဲ" မေးနေ၏။ မိုင်းပြင်းအနီး ပစ်ခတ်မှု ဖြစ်သည်မှလွဲ၍ ကျွန်တော်တို့လည်း ဘာမှ မပြောနိုင်ပါ။

ခြောက်ရက်မြောက်နေ့တွင်တော့ ထူးခြားမှုရှိ၏။ ထိုထူးခြားမှုကား တစ်ခြား မဟုတ်ပါ။ ထိုနေ့က မနက်(၇)နာရီခန့်တွင် ကျိုင်းတုံမြို့ အနောက်တောင်ဘက်မှ "အုံးကနဲ၊ အုံးကနဲ" မိုင်းနှစ်လုံး ဆက်တိုက် ပေါက်ကွဲသွား၏။ မိုင်းသံမှာ ကျယ်လောင်လှ၏။ ထို့ကြောင့် မြို့နှင့် သိပ်ဝေးမည် မထင်။

"ဟ ဘာတွေ ဖြစ်ကုန်ပြီလဲဟ၊ မေးကြစမ်းပါဦး"

ကျွန်တော်တို့က ဟိုဟိုဒီဒီ လျှောက်မေးနေသည်။ ကျိုင်းတုံ လေဆိပ်အနီးရှိ ချင်း(၄)မှ တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီး မောင်အောင် (ယခု ဒု-ဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန) ရောက်လာ၏။ အသက်ခြောက်ဆယ်ကျော် ခုနှစ်ဆယ်ခန့်ရှိ အဘိုးကြီးတစ်ဦးပါ ပါလာ၏။

"ကိုသက်ဦးရေ ဘိန်းတန်းတော့ ဖြစ်သွားပြီဗျာ၊ ဒီအဘိုးကြီး ကိုယ်တိုင်လိုက်ပို့လိုက်ရတာ၊ မိုင်းကတော့ သူတို့သွားတဲ့ လမ်းမှာ နောက်က တပ်တွေ မလိုက်နိုင်အောင် ထောင်သွားတာ၊ အဲဒါတောင်ပေါ် တက်တဲ့လူတွေ နင်းလို့ အခုနှစ်ယောက် ဆေးရုံပို့လိုက်ရပြီ"

"ဘယ်နားက ဖြတ်သွားတာလဲ တပ်ရင်းမှူးကြီး"


"မြို့အထွက် မဲဇလီတောကလေးက ဖြတ်သွားတာ"

"ဘယ်အချိန်လောက်က ထင်လဲ"

"ဒီအဘိုးကြီးက အဲဒီလမ်းနားက အိမ်ကပဲ၊ ညက သူ့ဝင်းမဖြို လမ်းမေးပြီး ဖြတ်သွားတာ၊ မနက်(၄)နာရီလောက်က ဖြစ်မယ်၊ သူ့ကို ဒီမနက် တောင်ပေါ်ရောက်မှ ပြန်လွှတ်လိုက်တယ်"

"ဟ အဲဒါဆိုရင် ဗိုလ်ကြီးသန်းဆွေကို ပေးထားတဲ့နေရာ ဖြစ်တာပေါ့၊ ဒုက္ခပဲဟေ့"

ကျွန်တော်တို့လည်း ချင်း(၄)တပ်ရင်းမှူးနှင့်အတူ တပ်မမှူး ရှိသည့်အိမ်ကလေးသို့ အမြန်သွား တင်ပြလိုက်သည်။ တပ်မမှူးက ဗိုလ်ကြီး




ပန်ယန်း၊ ပန်ဆန်းမှ ဘိန်းတန်းများ ထိုင်း၊ မြန်မာနယ်စပ်သို့ ဆင်းတတ်သည့် လမ်းကြောင်းများပြ မြေပုံ။

www.burmeseclassic.com

www.burmeseclassic.com


သန်းဆွေကို ချက်ချင်း ခေါ်ခိုင်းလိုက်သည်။ ဗိုလ်ကြီးသန်းဆွေ ရောက်လာသည်။

" ကိုယ့်လူ၊ မောင်ရင့်အိပ်ရာဘေးက ဘိန်းတန်းဖြတ်သွားပြီ၊ ယူ ချက်ချင်း နောက်က လိုက်၊ မမိမချင်းလိုက်၊ မမိရင်တော့ မောင်ရင် အပြုတ်ပဲ "

အတွေ့အကြုံများသည်ဆိုသော ဗိုလ်ကြီးသန်းဆွေသည်"ဟုတ်ကဲ့ခင်ဗျ၊ ဟုတ်ကဲ့ခင်ဗျ "ဟုသာ ပြောနိုင်ပါတော့သည်။ ထို့ နောက် လျင်မြန်စွာ ထွက်ခွာသွား၏။ သူ့ခွဲရုံးနှစ်စုမှာ ကျောပိုးအိတ်ပင် ပါမသွားပါ။ မနက်(၉)နာရီတွင် ရပခတိုင်းမှူးမှ ကျွန်တော်တို့ တပ်မှူး အား စကားပြောလိုသည်ဟုဆိုကာ R.T ဖြင့် ပြောကြ၏။ အပြီးသတ်၌ တိုင်းမှူးက

" အင်း၊ တပ်မှူး ခင်ဗျားမိတ်ဆွေတွေက ကျိုင်းတုံမြို့ထဲဝင်ပြီး Breakfast တောင် စားသွားသေးတာကိုးဗျ "ဟု ရယ်မော နောက်ပြောင်လိုက်ရာ ကျွန်တော်တပ်မှူးမှာ အလွန် အခံရခက်သွား၏။ ရန်သူက မိုင်းလျှံခွင်ဘက်ကို ဦးတည်သွားနေသည်။ ထိုခွင်အတွင်းရှိ ချင်း(၄) စစ်ကြောင်း(၂)အား စောင့်ကြိုတိုက်ခိုက်ရန် လှမ်းပြောရ၏။ ခလရ(၁၁) ကိုလည်း အတင်း တရကြမ်း နောက်ကလိုက်စေသည်။ အရေးထဲတွင် ကစထက ကြေးနန်းဝင်လာ၏။

" **နတ်ဖြန် ကစထမှူးနှင့်အဖွဲ့ ဘိန်းတန်းပိတ်ဆို့ရေး စဆရ ကွပ်ကဲရန် ကျိုင်းတုံသို့ လာမည်၊ တပ်မှူးကိုယ်တိုင် လေဆိပ်သို့ လာရောက်ကြိုဆိုရန်နှင့် ပိတ်ဆို့ရေးအစီအမံများ ရှင်းလင်းတင်ပြရန်** " ဟု ပါရှိသည်။

ကျွန်တော်တို့ လုပ်တာကိုင်တာ မသေချာသဖြင့် ကစထမှူးကြီး ကိုယ်တိုင် လာရောက် အနီးကပ်ကြီးကြပ်မည် ဖြစ်သည်။ တပ်မှူးက တော့ စိတ်မသက်မသာ ဖြစ်နေ၏။

" ဟေ ကိုတူး၊ တပ်တွေကို ငြိမ်မနေစေနဲ့၊ လှုပ်ရှားခိုင်း၊ သတင်းပေါ်အောင် ဖော်ခိုင်း၊ ချင်း(၄)စစ်ကြောင်း(၂)ကိုလည်း ရအောင် လုပ်၊ အောင်မြင်ရင် စစ်ကြောင်းမှူးနဲ့အဖွဲ့ကို Field Promotion တင်ပေးမယ်

www.burmeseclassic.com



လို့ ကိုအောင်ကို ပြောလိုက်" ဟု ဆိုပါတော့သည်။ ကိုအောင်မှာ ချင်း(၄) တပ်ရင်းမှူး ဒု-ဗိုလ်မှူးကြီးမောင်အောင် ဖြစ်ပါသည်။

ကျွန်တော်တို့လည်း ထိုနေ့က ည(၁)နာရီထိုးသည့်အထိ မအိပ်ဘဲ ဆက်သွယ်ရေးစက်များ ဘေးထိုင်၍ တပ်အသီးသီးသို့ "ဘာထူးလဲ၊ ဘာထူးလဲ" ဟု တမေးတည်း မေးကြ၏။ (၁)နာရီထိုးပြီးချိန် တွင် ဘာမှ မထူးသဖြင့် စိတ်လျှော့ပြီး အိပ်ယာဝင်လိုက်ကြပါတော့သည်။ နောက်တစ်နေ့ မိုးလင်းသွား၏။ ကျွန်တော်သည် မနက်(၅) နာရီသာသာတွင် ထုံးစံအတိုင်း အိပ်ယာမှ ကမန်းကတန်းထပြီး မျက်နှာသစ်ကာ ရုံးသို့ ပြေးလာ၏။ ရုံးတွင် ဗိုလ်ကြီးမင်းဆွေက ကျွန်တော့်အရင် ရောက်နေသည်။ ကျွန်တော် တွေ့လျှင်တွေ့ချင်း ဗိုလ်ကြီးမင်းဆွေက ပြုံးစစဖြင့်

" မင်္ဂလာပါ အစ်ကိုကြီး၊ ညက ဘိန်းတန်းကြီးကိုတော့ တွယ်လိုက်နိုင်ပြီဗျာ "

" ဟေး၊ ဘယ်သူက တွယ်လိုက်တာလဲ၊ ဘယ်နားမှာ တွယ်လိုက်တာလဲ "

" ဟဲ ဟဲ ဟဲ၊ ဦးအောင်ရဲ့ စစ်ကြောင်း(၂)ကြီးက မိုင်းလျှံခွင်ထဲမှာ တွယ်လိုက်နိုင်တာ၊ စစ်ကြောင်းမှူးက ဗိုလ်မှူးအောင်သန်းလေ၊ ချောင်းဘေးမှာ ဒီကောင်တွေ မောပြီးအိပ်နေတုန်း ဝင်ချလိုက်တာ၊ သေနတ်(၇)လက်နဲ့ ဘိန်းထုပ် (၄၀)ကျန်ခဲ့တယ်၊ အခုပဲ အဲဒီကြေးနန်းကို ကျွန်တော် ရထားတယ်၊ ဗိုလ်မှူးအောင်သန်းက သူ့တပ်ရင်းမှူးကြီးဆီလဲ ပို့ထားတယ်"

" ဟာ တော်သေးတာပေါ့ကွာ၊ ကိုအောင်သန်းကယ်လိုက်လို့ပေါ့၊ နို့မို့ဆိုရင်တော့ တို့တစ်တွေကွဲပြီကွ၊ ကဲ မြေပုံတင်ကွာ၊ တပ်မမှူးကြီးကို သွားပြောရအောင်၊ ကိုအောင်သန်းတို့က ဘာဆက်လုပ်မှာတဲ့လဲ "

" သူတို့က ကနေ့မနက်အထိ ပတ်ဝန်းကျင်ကောက်သင်းကောက် ရှင်းပြီး ရန်သူ့နောက် ဆက်လိုက်မယ် ပြောပါတယ် "

" ကောင်းပါတယ်၊ လုပ်ပေးစမ်းပါဦး၊ ကိုအောင်သန်းကို အထူး ကျေးဇူးတင်ပါတယ်လို့လဲ ပြောလိုက်စမ်းပါ၊ ဘိန်းထုပ်တွေကကော ဘိန်းဖြူတွေလား၊ ဘိန်းညိုတွေလား"

" အမှုန့်ကတော့ အမှုန့်ပဲ၊ နည်းနည်းဝါတယ်လို့ ပြောတယ်"



ထို့နောက် ကျွန်တော်တို့လည်း ဝမ်းသာအားရနှင့် တပ်မမှူးကြီးကိုလည်း မြေပုံနှင့်တကွ ရှင်းလင်းတင်ပြကြသည်။ တပ်မမှူးကြီးက

" ချင်း(၄)ကို ဂုဏ်ပြုကြေးနန်း ချက်ချင်းထုတ်ပေးလိုက်၊ တပ်ရင်းမှူး ရောက်ရင်လဲ ရှင်းနိုင်ဖို့ ဒီဖြစ်စဉ်ကို သပ်သပ်ရပ်ရပ် မြေပုံတင်ထား၊ လေဆိပ်တော့ ကိုယ့်နဲ့ဗိုလ်ရာပဲ သွားကြိုကြမယ်၊ ဗိုလ်မင်းဆွေနဲ့ ဂျီဈူးကတော့ စောင့်ကျန်ခဲ့ "

ထိုနေ့ နေ့လယ်တွင် ကစထမှူး ဗိုလ်ချုပ်လှဦး ရောက်လာ၏။ ဂျီဝမ်းမှာ ဗိုလ်မှူးကြီးအောင်နွယ်ထင်ပါသည်။ P.S.O မှာ ဗိုလ်ကြီးစောလှမင်း (ယခု ဗိုလ်မှူးချုပ် စောလှမင်း) ထင်ပါ၏။

ကစထမှူးကြီးက အလောင်း၊ လက်နက်နှင့် ဘိန်းထုပ်များ ထိုက်ထိုက်တန်တန်ရလိုက်သဖြင့် အပြစ်တင်ခြင်း မပြုတော့ပါ။ ကံကောင်းထောက်မစွာဖြင့် ကစထမှူးကြီး ကျိုင်းတုံတွင် ရှိနေသည့် လေးငါးရက်အတွင်းတွင်လည်း ထိုအဖွဲ့နှင့် ပိတ်ဆို့ရေးတပ်များ ကြုံကြား ကြုံကြား တိုက်ပွဲများဖြစ်ပြီး သေနတ် တစ်လက်နှစ်လက် နှင့် ဘိန်းထုပ် နှစ်ထုပ်စ သုံးထုပ်စ ရနေပါသည်။ လူကွဲသွားသည့် တစ်ဦးစ နှစ်ဦးစကလည်း နီးစပ်ရာ တပ်စခန်းများတွင် လက်နက်ချကြ၏။ ဤသို့ဖြင့် တစ်ပတ်ခန့်အကြာတွင် ကစထမှူးကြီး ရန်ကုန်သို့ ပြန်သွားသည်။

ဆင်းသွားသည့် ဘိန်းတန်းအဖွဲ့လည်း လက်ကျန်ဘိန်းကလေးများအား နယ်စပ်တွင် ရောင်းချသွားပြီး ပြန်တက်သွားပြီဟု သတင်းရပါသည်။ အပြန်တွင်လည်း ၎င်းတို့အား တတ်နိုင်သလောက် ချေမှုန်းနိုင်ရန် ကစထမှူးက မှာကြားသွား၏။ အပြန်တွင်တော့ ဘာသံမှ မကြားရတော့ပါ။ ဘယ်က ဖြတ်ပြန်သွားသည်လည်း မသိပါ။ ရက်ပေါင်းအတော်ကြာမှ မိုင်းယောင်းဘက်အထိ တက်သွားပြီး တာချီလိတ်၊ မြန်မာနယ်စပ်အနီးမှ ပန်ယန်း၊ ပန်ဆန်း ပြန်တက်သွားကြောင်း သိရပါသည်။ ထိုအခါကျမှ အပြန်မှာ မမိလိုက်တာ ဒါကြောင့်ကိုးဟု တွေးတော်မိပါသည်။

ဤသည်မှာ ကျိုင်းတုံဒေသတွင် ဘိန်းအရောင်းအဝယ်လုပ်နေကြသည့် ဗကပများအား ချေမှုန်းသည့် ဘိန်းစစ်ဆင်ရေး တစ်ပိုင်းတစ်ပိုင်းကို တင်ပြလိုက်ရခြင်း ဖြစ်ပါ၏။ ( ဘိန်းတန်းအား ချေမှုန်းလိုက်

www.burmeseclassic.com



သည့် ဗိုလ်မှူးအောင်သန်းမှာ ထိုကိစ္စအပြီး မကြာမီပင် Field Promotion ဖြင့် ဒု-တပ်ရင်းမှူး ဖြစ်သွား၏။ ယခု ဗိုလ်မှူးကြီးဖြစ်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ဥက္ကဋ္ဌ လုပ်နေပါသည်)

ထိုကိစ္စနှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ်က ကျွန်တော်ဖတ်လိုက်ရသည့် စာအုပ်တစ်အုပ်မှ အောက်ပါ စာပိုဒ်အချို့ကို စာရှုသူများ ဆက်စပ်စဉ်းစားနိုင်ရန် ကောက်နုတ်တင်ပြလိုက်ပါသည်။

ဗကပတို့သည် တပ်မ(၄၈)နှင့် တပ်မ(၆၈)မှ တပ်ရင်းများကို ထုတ်နှုတ်ကာ ဘိန်းစိမ်းနှင့် ဘိန်းဝါများကို ထိုင်း၊ မြန်မာနယ်စပ်သို့ သယ်ယူရောင်းချလေ့ရှိကြသည်။ နှစ်စဉ် ဒီဇင်ဘာလနှင့် နှစ်ဆန်းစ ဧပြီလကြား၊ ထိုဘိန်းရောင်းတပ်ဖွဲ့များ မထွက်ခွါမီ ရက်ပိုင်းသည် ပန်ဆန်းဈေးကွက်၌ ဘိန်းဈေးအတက်ဆုံးအချိန် ဖြစ်လေသည်။ တပ်ဖွဲ့များ ထွက်ခွါသွားသည်နှင့် ဘိန်းဈေးသည်လည်း ရုတ်တရက် ထိုးဆင်းကျသွားသည်။

၁၉၈၂ ခုနှစ် နှစ်ဦးပိုင်းတွင် ဗကပဗဟိုမှ ကောင်းလျှံဦးစီးသော ဘိန်းသယ်အဖွဲ့များသည် တပ်မ(၄၈)မှ ထုတ်နှုတ်အင်အားတစ်ရင်းဖြင့် ထိုင်းနယ်စပ်သို့ ဆင်းခဲ့သည်။ ကောင်းလျှံသည် တပ်မ (၄၈) စစ်ဦးစီးဌာန လက်အောက်ခံ စစ်ဆင်ရေးဌာနမှူးဖြစ်၏။ သူသည် ဗိုလ်နေ့ဆိုင်း၏ ဒုတိယသမီး မာလူ၏ ခင်ပွန်းလည်းဖြစ်၏။ ပန်ဖိန်းစခန်းမှ ချက်လုပ်သော ဗဟို၏ဘိန်းဝါနှင့် (၅၁)အဖွဲ့၏ ဘိန်းစိမ်းများကို ထိုင်းနယ်စပ်သို့ သယ်ပို့ရောင်းချရန် ညွှန်ကြားချက်အရ တပ်မ(၄၈) တပ်မမှူးဇော်မိုင်က ထိုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ရခြင်း ဖြစ်လေသည်။ ကောင်းလျှံတို့အဖွဲ့သည် ဗဟိုမှ တာဝန်ပေးအပ်သော ဘိန်းများသာမက မိမိတို့ပိုင် ဘိန်းများနှင့် နီးစပ်ရာ အခြားတစ်ဦးချင်းတို့၏ ကိုယ်ပိုင်ဘိန်းများကိုလည်း တစ်ပါတည်းပင် သယ်ဆောင်သွားခဲ့ကြ၏။

ပန်မကောက်တောင်ကြောကြီးကို တွေ့ပတ်ကျော်ဖြတ်ကာ ကျိုင်းတုံ၊ တုံတာကားလမ်းကို ကူး၍ တာလမ်းတောင်ဘက် မိုင်းပူကြီးခွင်ထဲသို့ ဆင်းခဲ့ကြ၏။ ထိုခွင်ရှိ လားဟူတပ်ပေါင်းစု အကူအညီဖြင့် နမ့်ဆင်ချောင်းကို ဆက်လက်ဖြတ်ကျော်ကြ၏။ ထိုင်းနယ်စပ်သို့ ရောက်သောအခါ ဘိန်းစိမ်းနှင့်ဘိန်းဝါများကို လက်နက်ကိုင် သောင်းကျန်းသူများထံ ရောင်းချခဲ့ကြ၏။ ထိုင်း၊ မြန်မာနယ်စပ်မှ ဘိန်းကုန်သည်ကြီးများကလည်း ဗကပတပ်မှူးများနှင့် ကေဒါများကို ချစ်ကြည်ရင်းနှီးစွာ ဧည့်ခံပြုစုခဲ့ကြလေသည်။ ပြန်တက်လာသောအခါ ထိုင်းမှ နာရီများ၊ ကက်ဆက်နှင့် ရေဒီယိုများ၊ ဘတ်ဆွဲကြိုးကုံးနှင့် ရွှေချောင်းများကို အပြန်ကုန်အဖြစ် သယ်ဆောင်ခဲ့ကြသည်။ နောင်အခါတွင် အမေရိကန်ဒေါ်လာကို အပြန်ကုန်အဖြစ် သယ်ယူလေ့ရှိ၏။



တပ်မ(၆၈)သည်လည်း ၎င်း၏လက်အောက်ခံ ၀၈၆၊ ၀၈၇၊ ၀၈၉ တပ်ရင်းများကို ၉၇၂ လားဟူ တပ်ပေါင်းစုနှင့်တွဲဖက်ကာ လွယ်မော်အဖွဲ့များ တပ်စွဲထားရာ ထိုင်း၊ မြန်မာနယ်စပ်မှ လွယ်လန်းတောင်ကြောပေါ်ရှိ ဘိန်းချက်စခန်းများကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ သို့နှင့် ဟိုကာတောင်မှ ဆင်းကာ ပန်မကောက်မှ မိုင်းပုကြီးဒေသနှင့် နမ့်ဆင်ချောင်းကိုဖြတ်လျက် ထိုင်းနယ်စပ်အထိ ရှည်လျားသော ဘိန်းလမ်းမကြီးသည် ဗကပဗဟိုအတွက် ချောမွေ့ဖြောင့်ဖြူးစွာ တံခါးပွင့်သွားခဲ့လေသည်။

၁၉၈၄ ခုနှစ်တွင် တပ်မ(၄၈)မှ စစ်ဆင်ရေးမှူး ကျန်းယင်ကျီနှင့် လဖွန်ထန်တို့ဦးစီးသော ဘိန်းသယ်တပ်ဖွဲ့များ ထိုင်းနယ်စပ်သို့ ဆင်းကြပြန်သည်။ သူတို့သည် မိုင်းယမ်းခွင်ကိုဖြတ်ကာ ကျိုင်းတုံအနောက်ခြမ်းမှတစ်ဆင့် မဲဆိုင်ဘက်သို့ ဦးတည်ထွက်ခွာသွားကြ၏။ ကျိုင်းတုံအနောက်ခြမ်းခွင်ထဲတွင် တပ်မတော် စစ်ကြောင်းများ၏ လိုက်လံတိုက်ခိုက်မှုကြောင့် လမ်းဖြတ်တိုက်ပွဲများ ဖြစ်ပွားပြီး ဘိန်းဝါအထုပ် (၄၀)ကျော် ဆုံးရှုံးခဲ့ရသည်။

ဘိန်းအမြောက်အများကို တောတွင်းလမ်းမှ လက်နက်ကိုင် တပ်ဖွဲ့များနှင့် သယ်ဆောင် ရောင်းချသည်သာမက မိုင်းခတ်ဒေသမှ တစ်ဆင့် ကျိုင်းတုံ၊ တာချီလိတ်၊ ပြည်ထောင်စုကားလမ်းကြောင်းမှလည်း နည်းမျိုးစုံဖြင့် မှောင်ခိုတင်ပို့ခဲ့ကြလေသည်။

အထက်ပါ စာပိုဒ်များမှာ "ဗကပတို့ ထုတ်လုပ်သော လေယာဉ်ပျံများ"ဆောင်းပါးမှ ကောက်နှုတ် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ စာပါ အကြောင်းအရာများအရ ကျွန်တော်တို့ ၁၉၈၄ ခုနှစ်က

www.burmeseclassic.com



ပိတ်ဆို့တိုက်ခိုက်ခဲ့သော ဘိန်းတန်းကား ဗကပဗဟို၏ ဘိန်းတန်းဖြစ်ကြောင်း ထင်ရှားလှပါ၏။ ထို့အပြင် ကျွန်တော်တို့ မြန်မာ့တပ်မတော်မှ ဘိန်းတိုက်ဖျက်ရေးအတွက် မည်မျှအလေးထားကြောင်းကိုပါ သက်သေပြနိုင်ခဲ့ပါသည်။

### ဆုံးရှုံးသွားသော သေနတ်တစ်လက်

ထိုကိစ္စဖြစ်ပြီး သိပ်မကြာ၊ မိုင်းပြင်းတပ်က မိုင်းပုလေးခွင်ဘက်တွင် စစ်ကြောင်းတစ်ခုထိုးရာ မမျှော်လင့်ဘဲ လားဟူသောင်းကျန်းသူများနှင့် တိုက်ပွဲဖြစ်ပွားပြီး (၇၅)မီလီမီတာ နောက်ပွင့်တစ်လက် ဆုံးရှုံးသွား၏။ တပ်မမှူးက အကြီးအကျယ် ဒေါသပုန်ထသွားသည်။

" ဟော့ ဂျီတူး၊ တပ်ရင်းမှူးကို ကျိုင်းတုံလှမ်းခေါ်လိုက်၊ ဘယ်လိုဖြစ်တာလဲဆိုတာ သူ့ကိုယ်တိုင် လာရှင်းခိုင်း"

တပ်ရင်းမှူးမှာ ဒု-ဗိုလ်မှူးကြီးမင်းဟန် ဖြစ်ပါသည်။ မျက်နှာမသာမယာဖြင့် ကျိုင်းတုံသို့ ရောက်လာသည်။ ဖြစ်စဉ်ကို ရှင်းပြသည်။ ဖြစ်စဉ်အကျဉ်းမှာ အောက်ပါအတိုင်း ဖြစ်၏။

မိုင်းပုလေးခွင်ဘက်တွင် လားဟူသောင်းကျန်းသူ အဲပွိအဖွဲ့ သတင်းရသည်။ ထို့ကြောင့် ငါးစု စစ်ကြောင်းဖွဲ့၍ ရှင်းခိုင်းလိုက်သည်။ ရန်သူရှိသည့် တောင်ကုန်းကို အနည်းငယ်ပစ်ခတ်မှုဖြစ်ပြီး သိမ်းလိုက်နိုင်၏။ ရန်သူတပ်စု တစ်စုခန့်သာ ရှိသည်။ ထို့ကြောင့် စစ်ကြောင်းမှူးက ခွဲရုံးနှစ်စုစီကို ခပ်လှမ်းလှမ်းတွင် ဖြန့်ထား၍ စစ်ကြောင်းရုံးနှင့်တပ်စုတစ်စု တိုက်ပွဲဖြစ်ရာ တောင်ကြောပေါ်တွင် အခြေပြုထားသည်။ နောက်တစ်နေ့ အာရုဏ်ဦးတွင် ရန်သူက လှုပ်ရှားပြီး အင်အား (၁၀၀)ကျော်ခန့်ဖြင့် တောင်ကြောကို ဝင်တိုက်ရာ စစ်ကြောင်းရုံးနှင့် စစ်ကြောင်း လုံခြုံရေး တပ်စု အတိုက်ခံရ၏။ အငိုက်မိသွားသဖြင့် ခွဲရုံးနှင့်အဖွဲ့မှ (၁၂)ဦး ကျဆုံး၍ (၇၅)မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီး ရန်သူနောက်ပါ သွား၏။ မြေအနေအထားအရ ဖြန့်ခွဲထားသည့် တပ်စုနှစ်စုမှာလည်း ထိထိရောက်ရောက် ဘာမှ ပြန်မလုပ်နိုင်ကြ။ ရန်သူက (၆၀)မီလီမီတာ စိန်ပြောင်းများနှင့် လည်းကောင်း R.P.G များဖြင့်လည်းကောင်း၊ အပေါ်စီးမှ တရစပ် ပစ်ခတ်သဖြင့် မိမိတပ်များ ခွာစစ်ဆင်ခဲ့ရကြောင်း သိရပါသည်။



တပ်မမှူးကမူ လားဟူသောင်းကျန်းသူများ နောက်သို့ လက်နက်ကြီး ပါသွားရကောင်းမလားဟုဆိုကာ တဖျစ်တောက်တောက်ဖြင့် ပြော၍ မဆုံးတော့၊ (၇၅)မီလီမီတာ နောက်ပွင့်ရိုင်ဖယ်သာမက စက်လက်နက် တစ်လက်နှင့် (၃. ၅)လောင်ချာ တစ်လက်ပါ အဆစ်ပါသွားသေးသည်။ ထိုကိစ္စနှင့်စပ်လျဉ်းပြီး စစ်ဆင်ရေးအစည်းအဝေး၌ တပ်မမှူးမှ အောက်ပါအတိုင်း ညွှန်ကြားပါတော့သည်။

" ကဲ ကိုစိုးမြင့် ခင်ဗျားဗျူဟာက တပ်ပဲ၊ ခင်ဗျားကိုယ်တိုင် မိုင်းပြင်းလိုက်သွား၊ ဆုံးသွားတဲ့သေနတ်တွေ မရမချင်း ပြန်မလာနဲ့၊ ကိုယ့်သေနတ်ပြန်ရရင်ရ၊ မရရင် ဒီသေနတ်နဲ့ညီတဲ့ သေနတ် အစားလိုချင်တယ်၊ ဒါပဲ " ဟု ဆိုပါတော့သည်။

ကျိုင်းတုံဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့် (ယခု အငြိမ်းစား ဗိုလ်ချုပ်စိုးမြင့်) က " ဟုတ်ကဲ့" ဟု တစ်လုံးတည်းသာ ပြန်ပြော၏။

" တပ်တွေတော့ ခင်ဗျားကြိုက်သလိုသာ ထုတ်တော့ဗျာ၊ လိုတာကောင်းပါ၊ ဒီမိုင်းပုလေး မိုင်းပုကြီးခွင်ကတော့ အလစ်ပေးလို့ မရဘူး၊ လိုတပ်ရင် ဖြုတ်လေးဖြုတ်လုပ်ဗျာ၊ ကျွန်တော်ကတော့ ဒီကိစ္စအတွက် ...မကျေနပ်ဘူး"

ထိုလားဟူသောင်းကျန်းသူ ချေမှုန်းရေးစစ်ဆင်ရေးမှာ တစ်လခန့်ကြာသွား၏။ တပ်မ (၈၈)မှ တပ်ရင်းများ၊ ရပခကျိုင်းတုံဗျူဟာမှ တပ်များ ...အသုံးကာ တိုက်ပွဲခွင်အား ကွက်ပြည့်နင်း ရှင်းပါတော့သည်။ တပ်အင်အားများများသုံးသဖြင့် ရန်သူ ကြာကြာမခံနိုင်ပါ။ သူတို့၏ နည်းနာအတိုင်း သူစုကိုယ်ခွဲ၊ သူခွဲကိုယ်စု ဆောင်ပုဒ်အရ အစုငယ်ကလေးများ ...ကာ ထွက်ခွာသွားကြ၏။

ထို (၇၅)မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးမှာ ရက်ပိုင်းအတွင်း ...ပင် ပန်ဆန်းသို့ ရောက်သွားကြောင်း သတင်းရပါသည်။ မည်သို့ပင် ...ဝေ၊ ကျွန်တော်တို့တပ်တွေသည် မလျှော့သော ဇွဲလုံ့လဖြင့် ထိုခွင် ...တွင်းရှိ ရွာသိမ် ရွာငယ်နှင့် တောင်ယာတဲများမကျန် တောင်တော ...ပြောင်အားလုံး လိုက်လံ ရှင်းလင်းကြ၏။

နောက်ဆုံး၌ ရန်သူမှာ တိုက်ပွဲဖြစ်တိုင်း အထိနာပြီး ထိုခွင်မှ ...ိုင် ထွက်ခွာသွားကြရပါသည်။ ၎င်းတို့၏ အခြေစိုက်မြေကို ...စွန့်လွှတ်သွားရ၏။ ဖွက်ထားသည့် လက်နက်တိုက်များကိုပင်

www.burmeseclassic.com



မသယ်နိုင်ဘဲ ပစ်ပြေးသွားကြ၏။ ကျွန်တော်တို့တပ်များမှ ကွက်ပြည့်နစ်၊ ရှင်းလင်းကြရာတွင် ကံကောင်းထောက်မစွာဖြင့် ရန်သူ့လက်နက်တိုက် အား တွေ့ရှိ၍ (၅၇)မီလီမီတာ နောက်ပွင့်ရိုင်ဖယ် တစ်လက်နှင့် (၆၀) မီလီမီတာ စိန်ပြောင်းတစ်လက်အား ၎င်းတို့၏ ကျည်ဆန်များ၊ ဗုံးသီးများ နှင့်အတူ သိမ်းဆည်းရမိ၏။

ထိုအခါကျမှ ကျွန်တော်တို့တစ်တွေမှာလည်း ပြုံးနိုင်ကြပါတော့ သည်။ (၇၅)ဆုံး၍ (၅၇)ပြန်ရတော့ နည်းနည်းသေးသွားသည်။ ထို့ ကြောင့် (၆၀)ပါ ပေါင်းလိုက်ပါမှ သရေလောက် ကျသွား၏။ ဖြစ်စဉ် အတော်များများတွင်လည်း ရန်သူဆယ်လေးငါးဦးကျဆုံးသွား၍ လက်နက် ငယ် ဆယ်လက်ခန့် ပြန်ရလိုက်ရာ တိုက်ပွဲစဉ် တစ်ခုလုံး ပြန်သုံးသပ်ပါက သိပ်ပြီး မကွာလှပါ။ သူမသာ ကိုယ်မသာ ဖြစ်ပါ၏။ တစ်လကျော်ကြာပြီး ထိုလက်နက်များ ပြန်ရသည့် အခါ ရပခနှင့် ကစထမှ ထိုကိစ္စအတွက် ကျေနပ်မှုရှိကြောင်း ကြေးနန်းဝင်လာမှ ထိုစစ်ဆင်ရေးကို ရပ်လိုက်ပါ တော့သည်။ ကျွန်တော်တို့ တပ်မ(၈၈)သည်ကား “ တို့မထိနဲ့ ထိရင် မီးပွင့်သွားမယ် ” ဟု ရန်သူများ၏ စိတ်ထဲတွင် ထင်မြင်လာအောင် စွမ်းဆောင်နိုင်သည့် တပ်မဖြစ်ကြောင်းကို ထိုဖြစ်စဉ်များက သက်သေပြ နေပါသည်။

ဤနေရာတွင် ကျွန်တော်လေ့လာခဲ့ဖူးသော ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ အဆိုအမိန့်တစ်ခုအား ကိုးကား ဖော်ပြလိုပါသော သည်။ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီက

“ စစ်ပွဲဟူသည် နှစ်ဘက်သော တပ်မှူးများ၏
ခိုင်မြဲသော၊ ပြင်းပြသော အောင်စိတ်သာ
ဖြစ်သောကြောင့်၊ စစ်ပွဲတစ်ခု၌ အခြေအနေသည်
မိမိလည်း မနိုင်၊ သူလည်းမရှုံးဖြစ်နေချိန်တွင်
အနိုင်မခံ အရှုံးမပေးသော
အောင်စိတ်သာလွန် ပြင်းထန်သည့်
စစ်ဗိုလ်ချုပ်ကြီးကသာ အနိုင်ရစမြဲဖြစ်သည် ” ဟု ဆို၏။

ကျွန်တော်တို့သည်း ပြင်းပြသော အောင်စိတ်ဖြင့် ထိုကိစ္စ ဆောင်ရွက်ခဲ့သဖြင့် ရန်သူ့ထံမှ ထိုလက်နက်များ အားပြန်ရလိုက်ခြင်း ဖြစ်၏။



ကျွန်တော်၏ စစ်သားဘဝနောက်ပိုင်း ဖြစ်စဉ်များတွင်လည်း ဤစိတ်ဓါတ်က ကျွန်တော့်ကို တပ်မှူးကောင်း တစ်ယောက်ဖြစ်အောင် ပျိုးထောင်ပေးခဲ့ပါသည်ခင်ဗျား။

× × × ×

## ကျွန်တော်နှင့် မိုးဟိန်းစစ်ဆင်ရေး အဆင့်(၉)

အမှတ် (၈၈)၊ ခြေမြန်တပ်မဌာနချုပ်သည် ၁၉၆၇ ခုနှစ် စဖွင့်ပြီး ကတည်းက ကျွန်တော်ရောက်ရှိသွားသည့် ၁၉၈၄ ခုနှစ်အထိ၊ စစ်ဆင် ရေးများကို အဆက်မပြတ်ဆင်နွှဲခဲ့ရ၏။ မြန်မာနိုင်ငံနေရာအနှံ့ သွားခဲ့ ရ၏။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးရိုးမ၊ မြစ်ဝကျွန်းပေါ်နှင့် သံလွင် အရှေ့ခြမ်းစသည်ဖြင့် အလွန်စုံပါသည်။ ထိုစစ်ဆင်ရေးများထဲတွင် ရှမ်း ပြည်နယ် အရှေ့ပိုင်း၌ ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်ကာလများအထိ ဆောင်ရွက်ခဲ့သော မိုးဟိန်းစစ်ဆင်ရေးများကား မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ရွက်ခဲ့သည့် ဘိန်းစစ်ဆင်ရေးများ ပါတည်း။

“ ဟေ့ ဂျီတူး၊ ဒို့တပ်မမှာ မှတ်တမ်းမှတ်ရာတွေ ထိန်းသိမ်းတာ အားနည်းတယ်၊ ဆရာကြီးစံလှိုင်နဲ့ ညှိပြီး မှတ်တမ်းမှတ်ရာတွေ ထိန်း သိမ်းကွာ ”

ကျွန်တော်ရောက်ခါစ တပ်မမှူးက ကျွန်တော့်အား အထက်ပါ အတိုင်း ပြောဘူး၏။

ကျွန်တော်သည် တပ်မ (၈၈)သမိုင်းနှင့် ပါဝင်ခဲ့ရသော စစ်ဆင် ရေးများကို လေ့လာရင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် မိုးဟိန်းစစ်ဆင်ရေးများကိုပါ လေ့လာမိပါတော့သည်။ ကျွန်တော်ကိုယ်တိုင်လည်း ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ၌ မိုးဟိန်းစစ်ဆင် ရေး အဆင့်(၉) စီမံချက်အား ရေးဆွဲခဲ့ရသည်။ စီမံချက်မရေးဆွဲမီ မိုးဟိန်း စစ်ဆင်ရေး အဆင့်(၁)မှ (၈)အထိ လေ့လာထားမိသဖြင့် စီမံချက် ရေးဆွဲရာ၌ အထောက်အကူဖြစ်ပါ၏။

ထို့အပြင် မြေပြင်အခြေအနေသိအောင် စစ်ဆင်ရေးမစမီ ထို ဒေသသို့ လေကြောင်းမှ ပျံသန်းကင်းထောက်ခြင်း (Air reccee) ပြုလုပ်

www.burmeseclassic.com


www.burmeseclassic.com

ရာ၌ လိုက်ပါသွားခဲ့၏။ ထို့နောက် စီမံချက်ရေးဆွဲပြီး မိုးဟိန်းအဆင့်(၉) စစ်ဆင်ရေးအား မိုင်းကွမ်း၊ မိုင်းတွမ်းနှင့် လော်လိုချိုင်ဒေသများတွ ဆောင်ရွက်ခဲ့သည်။ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးမြင့်ဝေ ဦးဆောင်သေ နည်းဗျူဟာ(၈၈၃)မှ တပ်ရင်းသုံးရင်းပါဝင်၍ ဒုတပ်မမှူး ဗိုလ်မှူးကြီ သိန်းဟန်ခေါင်းဆောင်သော လှုပ်ရှားတပ်မ(၈၈) လိုက်ပါပြီး အနီးက ကြီးကြပ် ကွပ်ကဲခဲ့ပါသည်။ ရန်သူ့စခန်းနှစ်ခုအား သိမ်းဆည်းရရှိ ရန်သူနှစ်ဆယ်ယောက်ကျဆုံးကာ ဘိန်းချက်ကိရိယာများ၊ ပစ္စည်းပစ္စ များ၊ အတော်များများ သိမ်းဆည်းရမိပါသည်။

မိမိဘက်မှ နှစ်ဦးကျဆုံး၍ သုံးဦးဒဏ်ရာရခဲ့ပါသည်။ စစ်ဆင်ရေး ကာလမှာ ၁၉၈၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်မှ မတ်လ (၂၃)ရ နေ့အထိ တစ်လနီးပါး ကြာမြင့်သွား၏။ မိုးဟိန်းအဆင့်(၉)မှာ အခြ မိုးဟိန်းစစ်ဆင်ရေးများလို မျှော်မှန်းထားသလောက် အလေ်ာင်းလက်န ပစ္စည်း မရရှိခဲ့ပါ။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ပြန်စဉ်းစားကြည့်မိသည ကျွန်တော်တို့သည် နွေပေါက်တိုင်း ဤကဲ့သို့ စစ်ဆင်ရေးများ လုပ်ဆေ လုပ်ထရှိ၏။ စစ်ဆင်ရေးကာလများမှာ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ စသည့် ပွင့်လင်းရာသီများတွင် ဖြစ်တတ်၏။ ထို့ကြောင့် ရန်သူကလည ရိပ်မိပုံရသည်။ အထူးသဖြင့် ကျွန်တော်တို့ လေကြောင်းမှ နှစ်ခါ၊ သုံး ကင်းထောက်ပြီဆိုကတည်းက သဘောပေါက်စွာဖြင့် ၎င်းတို့၏ အရေ ကြီးသည့် ပစ္စည်းများကို ကြိုရွှေ့ထားသည် ထင်၏။ ထို့ကြောင့် ရန်ေ ထံမှ တန်ဖိုးကြီးမားသော ပစ္စည်းများ ဘာမှ မယ်မယ်ရရ သိမ်းဆည ရမိခြင်း မရှိခဲ့ပါ။

စစ်အောင်ရသော အကြောင်းတရားများထဲတွင် Element o surprise (ခေါ်) "အငိုက်ဖမ်းခြင်း"သည် အရေးပါလှသော အကြော တရား ဖြစ်၏။ အောင်ပွဲရရန်အတွက် "ရန်သူကို မမျှော်လင့် အချိန်မှာ မမျှော်လင့်တဲ့ အင်အားနဲ့၊ မမျှော်လင့်တဲ့ လမ်းကြော က မမျှော်လင့်တဲ့ နည်းကို သုံးပြီး အငိုက်ဖမ်းတိုက်ခိုက်ရန်" စစ်ပညာရှင်တစ်ဦးက ဆိုထား ခဲ့သည်ကို မှတ်သားမိခဲ့ဘူးပါသည်။





ထိုင်း -မြန်မာ-လာအို သုံးနိုင်ငံ ဆက်စပ်ဒေသနှင့်မဲခေါင်မြစ်အား ဗဟိုပြုထားသည့် ရွှေကြိဂံနယ်မြေ အကြမ်းဖျဉ်းပြ မြေပုံ

www.burmeseclassic.com

www.burmeseclassic.com






၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ ဆောင်ရွက်ခဲ့သော မိုးဟိန်းစစ်ဆင်ရေးများ ဆင်နွှဲရာ ဒေသပြ မြေပုံ။

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော် မှတ်မိ သတိရနေသည့် ကိစ္စလေးတစ်ခုကို တင်ပြပါမည်။

၁၉၉၂ ခုနှစ်က ဖြစ်၏။ ကျွန်တော်သည် အမှတ်(၃၃) ခြေမြန်တပ်မဟာနချုပ်တွင် နည်းဗျူဟာမှူးတာဝန်ဖြင့် KNU ဗဟို မာနယ်ပလော်အား တိုက်ခိုက်ရန် တပ်ရင်းနှစ်ရင်းဖြင့် ချီတက်သွားသည်။ မဲသဝေါ လမ်းခွဲရှိ ပွိုင့်-၉၆၂ သို့ အရောက်တွင် တပ်မ(၄၄)ကွပ်ကဲမှုအောက်မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းအောင် (ယခု အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး)နှင့် တွေ့သည်။ သူနှင့် ကျွန်တော်ကား ဗိုလ်သင်တန်း တစ်ပတ်ထဲဆင်း၊ တပ်စုတစ်စုထဲ၊ အဆောင်တစ်ဆောင်ထဲ နေခဲ့ကြသူများ ဖြစ်၏။ နှစ်ယောက်သား တွေ့ကြသောအခါတွင် ရန်သူ့အခြေအနေ၊ နယ်မြေအခြေအနေများကို ဆွေးနွေးဖြစ်ကြပါတော့သည်။ ထိုအခါ သူက အောက်ပါအတိုင်း စပြော၏။

" ရှေ့မှာ ဘိန စခန်းကုန်းရှိတယ်၊ သူငယ်ချင်းရဲ့ အခိုင်အမာ ခြေကုပ်စခန်းကိုတော့ ဘိနနားတစ်ဝိုက်ကို ရွေးပေါ့၊ ဘိနက သိပ်ပေါ်လွင် လွန်းတယ်၊ ကိုယ်လဲ အဲ့ဒီစခန်းကို အငိုက်ဖမ်းပြီး တိုက်ယူထားရတာ "

" တိုက်ရတာ ကြာလား "

" မကြာပါဘူး "

" ဟုတ်ရဲ့လား "

" ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ "

" ဒီမလာခင် ဘားအံတပ်မ အစည်းအဝေး Briefing မှာ သူငယ်ချင်း၊ ၁၂၀-စိန်ပြောင်းကြီး ကျည်တွေသုံးတာ သိပ်များတယ်၊ ဒီစခန်းကို တိုက်တာလဲ ရက်တွေ သိပ်ဆွဲပြီး သတ်မှတ်ရက်ထက် အတော် နောက်ကျမှ တိုက်တယ်လို့ သူငယ်ချင်းတပ်မမှူးကြီးက ပြောတယ် "

" အချိန်မယူလို့ မရဘူးလေ၊ ခွေးအိပ်တောင်ဘက်မှာ တပ်မ (၆၆)က KNU ဗဟိုကို ထိုးစစ်ဆင်နေပြီ၊ အဲဒီတော့ ဒီတောင်ဘက်မှာလဲ ကိုယ်တို့ ထိုးစစ်တွေလာမယ်လို့ ရန်သူ့ဗဟိုက မျှော်မှန်းထားပြီးသားပဲ၊ ရန်သူက ထပ်ဆောင်းအင်အားနဲ့ ဘိနကို အခိုင်အမာလုပ်ထားတာ၊ ဘိနက ရန်သူ့ဗဟိုရဲ့ တောင်ဘက်က အဓိက အကျဆုံး ခံစစ်စခန်းကြီးပဲ၊ သူငယ်ချင်း ကိုယ်ပြောတာ မယုံရင် ဘိနရောက်ရင် ကြည့်ပေါ့၊ ကိုယ်ကို့

www.burmeseclassic.com

www.burmeseclassic.com

လာမယ့်လမ်းတွေကို မျှော်မှန်းပြီးတော့ သစ်ပင်တွေ အကုန်ရှင်းထားပြီ၊ သတ်ကွင်းတွေ လုပ်ထားတယ်၊ မိုင်းတွေ ထောင်ထားတယ်၊ ဒါကြောင့် ဘယ်လိုမှ အငိုက်မရနိုင်ဘူး။ သူက လုံးဝမျှော်လင့် ထားပြီး ညတိုင်း မိုးလင်းအထိ Stand to တပ်အသင့် နေရာယူထား တယ် "

" ဒါဆိုရင် သူငယ်ချင်းက ဘယ်လိုတိုက်သလဲ "

ထိုအခါ ဗိုလ်မှူးကြီးသိန်းအောင်က ကျွန်တော့်အား အင်္ဂလိပ် စစ်စာအုပ်ထုတ်ပြ၏။ စာရေးဆရာအမည်တော့ မမှတ်မိတော့ပါ။ ထို စာအုပ်ထဲ၌ Element of surprise ခေါ် အငိုက်ဖမ်းတိုက်ခိုက်ခြင်းကို ဖော်ပြထား၏။

စာပါ အနှစ်ချုပ်မှာ " တိုက်စစ်တွင် ရန်သူက မိမိလာတိုက် တော့မည်ကို သိနေပြီဆိုပါက အငိုက်မရနိုင်တော့။ ထို့ကြောင့် ရန်သူ ဘယ်လိုမှ ထင်မထားသည့်အချိန်တွင် ထင်မထားသည် နေရာ မှ အမိကတိုက်ရန်၊ ထိုအခါ တစ်စုံတစ်ရာသော အငိုက်ကို ရနိုင်၏" ဟု ပါရှိသည်။

" ကိုယ် အဲဒီလိုပဲ တိုက်ခဲ့တယ် သူငယ်ချင်း "

" ဖြစ်စဉ်လေး ပြောပါဦး "

" ဒီကောင်တွေက ကိုယ်တို့ တိုက်တော့မယ်ဆိုတာ သိနေတယ်၊ လမ်းကြောင်းကတော့ သူငယ်ချင်းမြင်တဲ့ အတိုင်းပဲ၊ တောင်ဘက် တည့်တည့်ပေါ့၊ ဒါကြောင့် သူတို့စခန်းတောင်ဘက်ခြမ်း ကိုက်တစ်ထောင်၊ နှစ်ထောင်ကို အပြောင်ရှင်းထားတယ်၊ မိုင်းကွင်းတွေလဲ ခင်းထားတယ်၊ တောင်ဘက်လမ်းကြောင်းအတိုင်း တိုက်ရင် အားလုံး ကိုယ့်လူတွေ အတုံးအရုံးနဲ့ သေကုန်ကြမှာပဲ၊ မတိုက်ခင် နှစ်ပတ်လောက် ကတည်းက သူတို့ ဘီနစခန်းကို မနက်အရုဏ်ဦးမှာ တိုက်မယ်ဆိုပြီး ICOM လမ်း လျှောက်စကားပြောစက်ကနေ သူတို့ကြားအောင် ကိုယ့်လူအချင်းချင်းကို နေ့တိုင်း ပြောခိုင်းထားတယ်၊ နေ့တိုင်း နောက်နေ့မနက် တိုက်မယ်၊ နောက်နေ့မနက် တိုက်မယ်ဆိုပြီး ကိုယ့်လူတွေကလဲ ပြောကြတယ်၊ တကယ်ကျတော့ မတိုက်ဘူး၊ သူတို့စခန်းတောင်ဘက် ကိုက် တစ်ထောင် နှစ်ထောင်တောစပ်ကနေပြီး ပို့ဂွ-၅ တို့ စက်လတ်တို့နဲ့ နည်းနည်း နည်းနည်း သွားပစ်ပေးနေတယ်၊ ကိုယ်တို့ပြောတာတွေ အဟုတ်မှတ်ပြီး



ရန်သူက နေ့တိုင်း ညခုနှစ်နာရီ ရှစ်နာရီကနေ မနက်ငါးနာရီအထိ စခန်း မှာ တပ်အသင့်နေရာယူထားတယ်၊ ဘာမှ မဖြစ်တော့မှ မနက် ခြောက် နာရီကျော် ခုနှစ်နာရီခွဲလောက်ကျရင် သောင်းရင်းမြစ်ဘေးမှာရှိတဲ့ သူတို့ အိမ်ထောင် သည်လိုင်း၊ Family Line ကို ပြန်တတ်တယ်၊ ဒါကို ကိုယ်က သိထားတယ် "

" ဟ သူတို့မှာ အိမ်ထောင်သည်လိုင်း ရှိသေးလို့လား "

" ရှိတယ်လေ သူငယ်ချင်းရဲ့၊ ဘီနက မာနယ်ပလောနဲ့ ဘာမှ ဝေးတော့တာမှ မဟုတ်ဘဲ၊ ဒါကြောင့် အိမ်ကလေး အလုံးနှစ်ဆယ်ကျော် လောက်ရှိတဲ့ အိမ်ထောင်သည်လိုင်း သောင်းရင်းမြစ် ဒီဘက်ကမ်းမှာ ရှိနေ တယ်၊ သူငယ်ချင်း ဟိုရောက်ရင် တွေ့မှာပါ၊ ကိုယ်က ဒါတွေကို သတင်း ရထားတယ် "

" အင်း၊ အဲဒါဆိုရင် တိုက်တာတွေ ပြောပါဦး "

" နှစ်ပတ်ကျော် ကြာပြီး ယ ရက်ရောက်တဲ့နေ့မှာ ကိုယ့်ဆီက ၁၂၀ မီလီမီတာ စိန်ပြောင်းကြီးနှစ်လက်ကို ဒီကောင်တွေ လုံးဝ ထင် မထားတဲ့ ဘီနစခန်းအနောက်ဘက် တောထဲမှာ လျှို့ဝှက်ပြီး ဆင်လိုက် တယ်၊ တပ်ကိုလဲ အဲ့ဒီအနောက်ဘက်က တောတိုးပြီး နေရာယူခိုင်းထား တယ်၊ တိုက်ပွဲချိန် န နာရီကို မနက် (၈)နာရီ သတ်မှတ်တယ်၊ အဲဒီ အချိန်မှာ ဒီကောင်တွေ အတော်များများဟာ စခန်းပေါ်မှာ မရှိတော့ဘူး၊ အိမ်ပြန်ကုန်ကြပြီ၊ စခန်းမှာတော့ အစောင့်နည်းနည်းဘဲ ကျန်တယ်၊ တော်တော်များများက စခန်းနဲ့ ကိုက်တစ်ထောင်ကျော်ဝေးတဲ့သောင်းရင်း မြစ်နားက သူတို့အိမ်တွေကို ရောက်နေတယ်၊ န နာရီမှာ ကိုယ်က စိန်ပြောင်းကြီးနှစ်လက်ကို တရစပ် မိုးမွန်အောင် ပစ်ခိုင်းလိုက်တယ်၊ လက်နက်ကြီးကို တစ်နာရီလောက်ကြာအောင် တရစပ်ပစ်လိုက်တော့ ဒီကောင်တွေ လုံးဝအငိုက်မိသွားပြီး စခန်းကို ဘယ်သူမှ ပြန်တက် မလာ နိုင်တော့ဘူး၊ အတော်များများက မိန်းမတွေ ကလေးတွေ ခေါ်၊ ရှော ပစ္စည်းသယ်ပြီး ဟိုဘက်ကမ်းကူးပြေးကြတယ်၊ စခန်းပေါ်ကျန်ခဲ့တဲ့ လေး ငါးဆယ်ယောက်ကိုတော့ ကိုယ့်စစ်ကြောင်းက လက်နက်ငယ် ပစ်အားနဲ့ ဖိပြီး ဖြန့်တက်ပစ်ရှင်းလုပ်လိုက်တာနဲ့ပဲ ပွဲပြီး သွားတယ်၊ နှစ်ယောက် သုံးယောက်သေကျန်ပြီး သေနတ်ကလေးတစ်လက် နှစ်လက်တော့ ကျန် ခဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တကယ်တော့ လက်နက်ကြီးပစ်အားကြောင့် ရှော့ခ် Shock ဖြစ်ပြီး ကြောက်ပြီးတော့ ဆင်းပြေးတာပါပဲ "

ဗိုလ်မှူးကြီးသိန်းအောင်က သူ မည်သို့မည်ပုံ ဘိနစခန်းကို အောင်မြင်စွာ တိုက်ခိုက်သိမ်းပိုက်ခဲ့သည့်ကို ကျွန်တော့်အား ရှင်းလင်း ပြောကြားပါသည်။

ထိုအခါကျမှ ကျွန်တော်လည်း " ဩော် ဖြစ်စဉ်က ဒီလိုကိုး "ဟု သဘော ပေါက် ရပါတော့သည်။

ထို့ကြောင့် မိုးဟိန်းအဆင့်(၉)၌ လုံလောက်သော အင်္ဂါ မရရှိသဖြင့် ထင်သလောက်အောင်မြင်မှု မရခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော် ထင်မိပါသည်။

## မိုးဟိန်း စစ်ဆင်ရေးများ

မိုးဟိန်းအမည်ပေးထားသော ဘိန်းစစ်ဆင်ရေးများအား သံလွင် အရှေ့ခြမ်းဒေသများတွင် ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ၊ (၁၂)ကြိမ် တိုင်အောင် ဆောင်ရွက်ခဲ့၏။ စစ်ဆင်ရေးအားလုံးကို ထိုင်း၊ မြန်မာ နယ်စပ်နှင့်မဝေးလှသော မိုင်းတုံ၊ မိုင်းဆတ်မြို့နယ်အတွင်းမှာသာ ဆောင် ရွက်ခဲ့ရခြင်း ဖြစ်၏။

ဤသည်ကလည်း မဆန်းလှပါ။ ရှမ်းပြည်နယ်တစ်ခုလုံးမှ ထွက်ရှိ သော ဘိန်းများကို လက်နက်ကိုင် ဘိန်းသူပုန်တို့က စုဆောင်း၍ ထိုင်း၊ မြန်မာနယ်စပ်အနီးရှိ ဘိန်းကုန်သည်များသို့ ရောင်းချပြီး၊ ၎င်းတို့လိုသော လက်နက်၊ ခဲယမ်းမီးကျောက်၊ ဆက်သွယ်ရေးစက်နှင့် လူသုံးပစ္စည်းများ ဝယ်ယူလေ့ရှိကြသည်။ ဘိန်းသည် လက်နက်ကိုင် သောင်းကျန်းသူတို့ အတွက် အလွန်ငွေရလွယ်သော ပစ္စည်းဖြစ်သည်။ ရှမ်းပြည်နယ်ရှိ ရေမြေ တောတောင်သဘာဝကလည်း ဘိန်းစိုက်ပျိုးမှု အလွန်ဖြစ်ထွန်းသည့် အခြေအနေဖြစ်၏။ ဘိန်းပင်များသည် ပေ လေး ငါးထောင်မြင့်မားသော ကျောက်တောင်များပေါ်တွင် လွယ်ကူစွာ စိုက်ပျိုး၍ ရ၏။ အေးသော ရာသီဥတုကို ကြိုက်၏။ ပူနွေးသော ရာသီတွင် အစေးခြစ်ရ၏။

ကျွန်ုပ်သော်သည် ပေ ငါးထောင်ကျော် ခြောက်ထောင်မြင့်သည့် တောင်များဝိုင်းရံနေသော ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးအရှေ့ခြမ်း



နောင်လိုင်၊ ပါဖန်ဒေသတွင်း လပေါင်းအတော်ကြာ နေခဲ့ဖူးပါသည်။ ကျွန်တော်နေခဲ့သည့် နောင်လိုင်တပ်စခန်း ပတ်ဝန်းကျင်တွင် သီတင်း ကျွတ်၊ တန်ဆောင်မုန်းဆို ရွာသူ ရွာသားများက ဘိန်းစိုက်ကြ၏။ စိုက်ပြီး လေးငါးလအကြာ ဖေဖော်ဝါရီ၊ မတ်လတွင် ရွာသူ ရွာသားများ ပျော်ပျော် ပါးပါး ဘိန်းအစေးခြစ်ကြ၏။ စိုက်ပြီး နှစ်လ၊ သုံးလအကြာတွင် အဖြူ ရောင်၊ ပန်းရောင်၊ ခရမ်းရောင် ဘိန်းပွင့်များ ပွင့်လာသည်။ အချိန်ကျ လျှင် ဘိန်းပွင့်မှ ပွင့်ချပ်များကြွေကာအတွင်းမှ ဘိန်းသီးများ ထွက်လာ၏။ နွေဦးပေါက်လျှင် ဘိန်းသီးများ ရင့်မှည့်လာသည်။ ရင့်မှည့်လာသော ဘဲဥပုံ ဘိန်းသီးများကို အပင်တွင်ထားကာ သုံးမြှောင့် ဓါးကလေးဖြင့် ခွဲရသည်။ ထွက်လာသော အစေးအား ခွက်ဖြင့်ခြစ်ယူရ၏။

ထို့နောက် အိုးတွင် ထည့်၍ ရေဖြင့် ကျိုချက်လိုက်သည့်အခါ ဘိန်းမည်းဖြစ်၍ လာလေသည်။ ကျွန်တော်နေခဲ့သည့် နောင်လိုင်ရွာသူ ရွာသားများကား ဘိန်းတောင်သူများသာ ဖြစ်ကြ၏။ ဘာ့ကြောင့် သူတို့ ပေါ်မစိုက်ဘဲ ဘိန်းစိုက်ရခြင်းကို မေးသောအခါ သူတို့က အောက်ပါ အတိုင်း ဖြေလေသည်။

" ကျွန်တော်တို့ ဒေသက ဗိုလ်ကြီးမြင်တဲ့အတိုင်း စပါးကောင်း ကောင်း စိုက်လို့ မရဘူး၊ ကျောက်တောင်တွေချည်းပဲ၊ စိုက်ရင်လဲ ဒီမှာ တောင်ယာစပါးပဲ စိုက်လို့ရတယ်၊ တောင်ယာစပါး ငါးဧကစိုက်တာနဲ့ ဘိန်း တစ်ဧကစိုက်တာ ဝင်ငွေကျတော့ သွားတူတယ်၊ ဘိန်းစိုက်ရတာက စပါးစိုက်ရတာထက် ပိုလွယ်တယ်၊ ဒါ့ကြောင့် ဘိန်းစိုက်ပြီး ရောင်းလို့ ရတဲ့ငွေနဲ့ ကျွန်တော်တို့ မြို့သွားပြီး ဆန်ဝယ်စားတယ်လေ "

သူတို့ပြောသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဘိန်းစိမ်းမှ မော်ဖိန်း ချက်လုပ်ရသည်။ မော်ဖိန်းဖြစ်သည့်အခါမှ ၎င်းကို ဟီးရိုးအင်း ခေါ် ဘိန်းဖြူချက်၍ ရသည်။ ဘိန်းဖြူသည်ကား ယနေ့ကမ္ဘာ့ပေါ်တွင် နာမည် အကြီးဆုံး မူးယစ်ဆေးဝါးဖြစ်၏။ ဈေးအကြီးဆုံးလည်း ဖြစ်၏။ ဘိန်းဖြူ သည် ဘိန်းမှ ထုတ်လုပ်သည့် မော်ဖိန်းနှင့် အက်ဆစ်တစ်မျိုး ဖြစ်သည့် အက်ဆီတစ်အင် ဟိုက်ဒရိုက် (Acetic - Anhydride) ကို ဓါတုဗေဒ နည်းအရ ဖြပ်ပေါင်းထားခြင်း ဖြစ်သည်။ ဘိန်းဖြူထုတ်လုပ်ရာတွင် အခြေခံကျသော ပစ္စည်းသည် မော်ဖိန်းပင် ဖြစ်၏။ ဘိန်းဖြူသည်

www.burmeseclassic.com

www.burmeseclassic.com



မော်ဖိန်းကဲ့သို့ပင် အကိုက်အခဲ နာကျင်မှုဝေဒနာနှင့် အညောင်းအညာကိုသာမက ပူပင်သောကကိုပါ ပျောက်စေသော သတ္တိရှိသည်ဟု ဆိုကြသည်။

သို့ရာတွင် ဘိန်းဖြူသည် မော်ဖိန်းထက် အဆပေါင်းများစွာ အာနိသင် ရှိ၏။ အစွဲလည်း မြန်သည်ဟု ဆို၏။ ဘိန်းဖြူသုံးစွဲမှုများလာလျှင် သုံးစွဲသူသည် မသုံးဘဲ မနေနိုင်အောင် ဖြစ်လာ၏။ ဘိန်းဖြူစွဲနေရာမှ ရုတ်တရက်ဖြတ်လိုက်ပါက ပို၍အံလေတက်ခြင်း၊ ချွေးပြန်တာ အသက်ရှူ ကျပ်ခြင်း၊ အလွန်အကျွံသုံးစွဲမိပါက အာရုံကြောများ ဆိုင်းသွားကာ မိနစ်ပိုင်းအတွင်းမှာပင် အသက်ဆုံးရှုံးသွားနိုင်သည်။ ဘိန်းဖြူစွဲသူတစ်ဦးသည် ပုံမှန်လူမှုရေးဆိုင်ရာ အသိဉာဏ်များ ထုံထိုင်းသွားပြီး ရာဂစိတ် လုံးဝမရှိတော့။ ဘိန်းဖြူသုံးစွဲရန် ငွေကြေးရရှိရေးအတွက် ခိုးဝှက်မှု၊ ဖောက်ထွင်းမှု၊ လုယက် အလစ်သုတ်မှုများအပြင် ပြည့်တန်ဆာအမှုများအထိ ကျူးလွန်ကြလေသည်။

ဤကဲ့သို့ မူးယစ်ဆေးဝါး အန္တရာယ်ဆိုးကြီးကြောင့် မြန်မာနိုင်ငံမှာသာမက ကမ္ဘာပေါ်ရှိ လူသားများ အတိဒုက္ခရောက်ခဲ့ရသည်။ ထိုအန္တရာယ်ဆိုးကို ပပျောက်စေရေးအတွက် ကျွန်တော်တို့အနေဖြင့် မိုးဟိန်းစစ်ဆင်ရေးများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ၏။ မိုးဟိန်းစစ်ဆင်ရေးအဆင့် (၁)မှ (၁၂)အထိ ဆောင်ရွက်ခဲ့ရာ၌ ကျွန်တော်တို့ တပ်မတော်အနေဖြင့် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ရပါသည်။

ထိုမိုးဟိန်းစစ်ဆင်ရေးများတွင် ရန်သူ၊ မိမိ ထိခိုက်ဒဏ်ရာ ရရှိမှုများအား သိရှိနိုင်ရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

**ဆုံးရှုံးမှု**

| | |
|---|---|
| မိမိ | (၇၅)ဦး ကျ |
| | (၅၀၇)ဦး ဒဏ်ရာ |
| ရန်သူ | (၂၆၄)ဦး ကျ |
| | (၆)ဦး ဒဏ်ရာ |

**သိမ်းဆည်းရမိ**

| | |
|---|---|
| လက်နက်မျိုးစုံ | (၃၁၆)လက် |
| ဘိန်းဖြူ | (၆၆. ၈)Kg |
| ဘိန်းစိမ်း | (၁၆၇၃. ၂၆၄) Kg |
| ဘိန်းညို | (၈၀. ၅) Kg |
| ဘိန်းဆီ | (၂၃) ဂါလံ |
| ဘိန်းရည် | (၃၂၄)ဂါလံ |
| ဓါတုဗေဒပစ္စည်း | (၂၄) မျိုး |
| ဘိန်းချက်စက်ရုံ | (၄) ခု |
| တဲ | (၁၀)လုံး |
| လူနေတန်းလျား | (၆၀)လုံး |
| အက်ဆစ် | (၆၃)ပုလင်း |
| အီသာ | (၁၇၄)လီတာ |
| ဓါတုဆေးရည် | (၅၄၀)ဂါလံ |



အထက်ဖော်ပြပါ စာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် မိုးဟိန်းစစ်ဆင်ရေးများတွင် ကျွန်တော်တို့ တပ်မတော်မှ ရာနှင့်ချီ၍ ထိခိုက်ဒဏ်ရာရကြသည်ကို တွေ့နိုင်ပါသည် ခင်ဗျား။

**ဘိန်းအကြောင်း သိကောင်းစရာ**

ကျွန်တော်၏ စစ်သားဘဝ အနှစ်သုံးဆယ်နီးပါးတွင် တစ်ဝက်ခန့်အား ကရင်ပြည်နယ်တွင်လည်းကောင်း၊ ကျန်တစ်ဝက်ခန့်အား ရှမ်းပြည်နယ်တွင်လည်းကောင်း ကုန်ဆုံးခဲ့ရ၏။ ကရင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ရစဉ်က ဘိန်းကို မတွေ့မိခဲ့သော်လည်း ရှမ်းပြည်နယ်တွင်တော့ နေရာအနှံ့တွေ့ခဲ့မိ၏။ ဘာကြောင့်များ ရှမ်းပြည်နယ်မှာ ဘိန်းတွေ တွေ့နေရပါသလဲဆိုသည်ကို အစောပိုင်းက ကျွန်တော် နားမလည်ခဲ့ပါ။

ပြီးခဲ့သည့် သက္ကရာဇ် ၂၀၀၁ ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့တွင် ကျင်းပသည့် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် ဖွင့်ပွဲအခမ်းအနားသို့ ကျွန်တော် တက်ရောက်ခဲ့ရပါသည်။ ထိုအခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ပြောကြားသည့်မိန့်ခွန်းတွင် အောက်ပါအတိုင်း ပါရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



" ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဘိန်းစိုက်ပျိုး ထုတ်လုပ်မှုကို ကိုလိုနီနယ်ချဲ့တို့က စတင် မျိုးစေ့ချပေးခဲ့ပြီး မသမာသူတို့က နိုင်ငံရေး ပရောဂယှက်နွယ်ကာ ပိုမိုနက်ရှိုင်း ကျယ်ပြန့်အောင် ဖန်တီးတဲ့ ဖြစ်ရပ်မှန်တွေနဲ့ မြန်မာနိုင်ငံအစိုးရအဆက်ဆက်ရဲ့ ဦးဆောင်မှုဖြင့် ပြည်သူများရဲ့ မူးယစ်ဆေးဝါးအရိပ်မည်းကြီး ထာဝရကွယ်ပျောက်သွားေ ရအောင် အသက်သွေး ချွေး မြောက်မြားစွာ ရင်းနှီးပြီး စဉ်ဆက်မပြတ် ဆန့်ကျင်တိုက်ဖျက်ခဲ့မှု သမိုင်းဖြစ်ရပ်မှန်တွေကို ဒီပြတိုက်ကြီးအတွင်းမှာ ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှား ကမ္ဘည်း မှတ်တမ်းရေးထိုးထား နိုင်တော့မှာလဲ ဖြစ်ပါတယ် "

ကျွန်တော်သည် မူးယစ်ဆေးဝါးပြတိုက်ဖွင့်ပွဲမှ အပြန်တွင် ဘိန်း အကြောင်း သိကောင်းစရာများကို လက်လှမ်းမီသလောက် လေ့လာမိ၏။ မြန်မာနိုင်ငံသို့ ဘိန်းရောက်လာရခြင်း အကြောင်းကိုလည်း ရှာမိသည်၊ ကျွန်တော် လေ့လာထားသည်များမှ အချို့ကို ထုတ်နှုတ်တင်ပြလိုပါသည်။

ဘိန်းဟူသော ဝတ္ထုပစ္စည်းသည် မြန်မာနိုင်ငံ၏ ပစ္စည်းမဟုတ်၊ မြန်မာနိုင်ငံ တိုင်းရင်းသားတို့၏ စကားဝေါဟာရလည်း မဟုတ်၊ ဥရော တိုက် မြေထဲပင်လယ်ဒေသနှင့် အာရှမိုင်းနားဒေသမှ အိန္ဒိယကိုဖြတ်၍ မြန်မာနိုင်ငံသို့ ပင်လယ်ခရီးဖြင့် ရောက်ရှိလာခဲ့သော ပစ္စည်းဖြစ်သည်။

ဘိန်းကို မူရင်းဒေသတွင် အိဖွန် ဟုခေါ်သည်။ ပါဠိဘာသာ အိဟိဖန ဟုခေါ်၏။ သက္ကတရိုက်ဘာသာဖြင့် အိဖေန ဟုခေါ်တွင် ြ သည်။ အိန္ဒိယဘာသာနှင့်ကား အဖိန်း ဟုခေါ်၍ မွန်၊ မြန်မာတို့က ဘိန်း ဟုခေါ်ကြသည်။

ဘိန်း၏ မူလဒေသသည် ဥရောပအရှေ့ပိုင်း မြေထဲပင်လ ဒေသဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပါပြီ။ ပညာရှင်တို့အဆိုအရ ကျော ခေတ် သစ်ကာလကပင် မြေထဲပင်လယ်ဒေသကို ဝိုင်းရံထားသ တောင်ကုန်းများတွင် ဘိန်းပင်များ သဘာဝအလျောက် ပေါ ရောက်ခဲ့သည်ဟု ဆို၏။ ခရစ်တော် မပေါ်မီ အနှစ်တစ်ဖဲထောင် ကပင် ဆေးကုသည့် သမားတော်များက ဘိန်းကို အဖိုးတန်ဆေး တစ်ရပ်အနေနှင့် သုံးစွဲခဲ့ကြသည်။ ဂရိနှင့် ရောမခေတ်တို့တွ လည်း ဆေးဝါးအဖြစ် သုံးစွဲခဲ့ကြသည်။ ခရစ်တော်ပေါ်ပြီး နှစ်ပေါ တစ်ထောင်အတွင်းမှာပင် ဘိန်းသည် မူရင်းဒေသဖြစ်သော မြေ



ပင်လယ်ဝန်းကျင်ဒေသမှ အရှေ့ဘက် အိန္ဒိယနှင့် တရုတ်ပြည်အထိ ပြန့်ပွါးသွားခဲ့သည်။ တရုတ်ပြည် ယူနန်နယ်မှတစ်ဆင့် ရွှေတြိဂံ နယ်မြေသို့ ရောက်လာသည်ဟုလည်း ဆိုကြ၏။

## မြန်မာနိုင်ငံသို့ ဘိန်းရောက်ရှိလာခြင်း

သမိုင်းအထောက်အထားများအရ (၁၆)ရာစုခန့်ကတည်းက ဝတ်ချ်နှင့် ရောမကုန်သည်များသည် ဘိန်းကို အိန္ဒိယနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်သွင်း ဖြန့်ဖြူးခဲ့ကြ၏။ တောင်ငူခေတ်၊ ခရစ်သက္ကရာဇ် ၁၅၁၅ ခုနှစ်တွင် နိုင်ငံခြားသား ပေါ်တူဂီများ မြန်မာနိုင်ငံ မုတ္တမသို့ ရောက်ရှိ အခြေစိုက်နေထိုင်ခဲ့ကြသည်။ ၎င်းတို့နှင့်အတူ ဘိန်းပါလာ၏။ ၁၅၈၀ ခုနှစ်တွင် အီတလီနိုင်ငံ၊ ဗင်းနစ်မြို့သား ဆီဇာဖရက်ဒရစ်ဆိုသူ မြန်မာနိုင်ငံသို့ အလည်လာရာ ပဲခူးတွင် ဘိန်းအရောင်းအဝယ်လုပ်ခဲ့ ကြောင်း မှတ်တမ်းများအရ သိရသည်။

၁၆၁၃ ခုနှစ်၌ ဒတ်ချ်ကုမ္ပဏီတစ်ခု၏ မှတ်တမ်းအရ မလက္ကာမြို့တော်တွင် ဘိန်းပေါင် ၂၀၀-ကို နှစ်စဉ် အရောင်းအဝယ်ဖြစ်ကြောင်း၊ ထိုဘိန်းကို ယိုးဒယား(ထိုင်း)နှင့် မြန်မာနိုင်ငံ၊ ပဲခူးတိုင်းသို့ အဆင့်ဆင့် ယူဆောင်၍ ရောင်းချရာ အမြတ်အစွန်းများစွာ ရခဲ့ကြောင်း တွေ့ရှိရ သည်ဟု ဆိုသည်။

ခရစ်သက္ကရာဇ် ၁၈၂၄ ခုနှစ်တွင် မြန်မာတို့ ဆုံးရှုံးသွားသော ရခိုင်နှင့် တနင်္သာရီဒေသတွင် အင်္ဂလိပ် ကိုလိုနီနယ်ချဲ့တို့က လိုင်စင်ရ ဘိန်းခန်းများ ဖွင့်လှစ်ခဲ့ကြောင်း တွေ့ရသည်။ ယဉ်ကျေးမှု အစဉ်အလာကြီးမားသော မြန်မာတိုင်းရင်းသားများ၏ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် စွမ်းရည်များအား ရိုက်ချိုးဖျက်ဆီးရန်နှင့် ကိုလိုနီနယ်ချဲ့တို့၏ ကိုလိုနီ ယန္တရား သက်ဆိုးရှည်စေရန်အတွက် "ဘိန်း"တည်းဟူသော မူးယစ်ဆေးဝါးကို မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်သုံးစွဲစေခြင်းဖြင့် နည်းမျိုးစုံအသုံးချစီမံခဲ့ကြောင်း တွေ့ရသည်။

ဤသို့ဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်စပ်ဒေသများ နှင့် ကိုလိုနီနယ်ချဲ့တို့၏ ပယောဂကြောင့် ဘိန်းစိုက်ပျိုး ထုတ်လုပ်မှု သည် အမြစ်တွယ် ရှင်သန်ပေါက်ဖွားလာခဲ့၏။ ဘိန်းနှင့် ဆက်နွယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာသော ဆိုးကျိုးများကို တိုင်းရင်းသားပြည်သူများ နှစ်ပေါင်း တစ်ရာကျော် ခါးသီးစွာ တွေ့ကြုံခံစားခဲ့ရပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ ဘိန်းစိုက်ပျိုး ထုတ်လုပ်ခဲ့မှုနှင့်ပတ်သက်၍ Alfred W.Macoy ရေးသားပြီး ဦးတင်မောင်ရင်(မဟာဝိဇ္ဇာ) မြန်မာဘာသာပြန်ခဲ့သော Heroin Politics in Southeast Asia ရွှေတြိဂံနယ်မြေက ဘိန်းဖြူသံသရာစာအုပ်၌ အောက်ပါအတိုင်း ဖော်ပြထား၏။

" အရှေ့တောင်အာရှဒေသတွင် ဘိန်းစိုက်ပျိုးရေး၊ ဘိန်းဖြူထုတ်လုပ်ရေး၊ ကြီးထွားလာရေးကို အမေရိကန် နိုင်ငံခြားရေးဝါဒကပင် အားပေးခဲ့သည်။ ၁၉၅၀ ခန့်မှစ၍ မြန်မာပြည်ရောက် ကူမင်တန်တပ်ပြေးများကို အမေရိကန်က ထောက်ခံခဲ့သည်။ စစ်ရေးမကျွမ်းကျင်သော ကူမင်တန်တို့သည် ရှမ်းပြည်ဒေသမှ ဘိန်းအထွက်တိုးရေးကို ကြိုးပမ်းကာ ၎င်းတို့ကမူ ဘိန်းမှောင်ခိုလုပ်ငန်းကို လက်ဝါးကြီးအုပ် လုပ်ကိုင်ကြလေသည်။ လာအိုတွင် ဘိန်းဖြူထုတ်လုပ်ကာ ဘိန်းဖြူမှောင်ခိုလုပ်နေကြသည့် မြို့ခေါင်းဆောင်များကိုပင် တပ်မှူးများခန့်ကာ ကြေးစားတပ်ဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည်။ မှောင်ခိုထိပ်သီးများဖြင့် ဖွဲ့စည်းထားသည့် အစိုးရဝန်ကြီးများနှင့် အရာရှိကြီးများကိုယ်တိုင် ဘိန်းမှောင်ခိုလုပ်နေသည့် တောင်ဗီယက်နမ် အစိုးရ၊ လာအိုလက်ယာ အစိုးရနှင့် ယိုးယားအစိုးရတို့ကို C.I.A က ထောက်ခံအားပေးခဲ့သည်။ ရှမ်းပြည်နယ်မှ တစ်ဆင့် ယူနန်နယ်အတွင်း၌ သူလျှိုလုပ်ငန်း လုပ်ဆောင်ရာတွင် C.I.A သည် ရှမ်းသူပုန်များကို တစ်စိတ်တစ်ဒေသ အားကိုးခဲ့သည်။ ထိုရှမ်းတို့က ဘိန်းမှောင်ခိုလုပ်သည်။ C.I.A က ထိုသူပုန်တို့ကို အားပေးသည်။ C.I.A က ထောက်ခံထားသည့် လာအိုမှ စစ်အရာရှိတို့က လက်နက်များကို မြန်မာပြည်သို့ မှောင်ခိုသွင်းသည်။ ရှမ်းပြည်နယ်မှ သောင်းကျန်းသူတို့က ဘိန်းနှင့် လက်နက် အလဲအလှယ် လုပ်ကြသည်။

ဤတွင် ရှမ်းပြည်၌ ဆူပူမှုသက်ဆိုး ရှည်လာသည်။ C.I.A တို့ ရှမ်းပြည်နယ်ကို တံခါးမရှိ၊ ဓါးမရှိဝင်ရောက်ကာ ယူနန်နယ်တွင် သူလျှိုလုပ်ကြသည်။ ဆူပူမှု သက်ဆိုးရှည်နေသည့်အတွက်လည်း ရှမ်းပြည်နယ်တွင် ဘိန်းစိုက်ပျိုးမှု၊ မှောင်ခိုမှုတို့ တိုးပွါးလာသည်။ ၁၉၆၉ ခုနှစ်တွင် ရွှေတြိဂံနယ်မြေဟု ခေါ်တွင်သည့် မြန်မာ၊ လာအို၊ ယိုးဒယား သုံးပွင့်ဆိုင် နယ်နမိတ်ဆုံရာ ဒေသတွင် ဘိန်းစိုက်မျိုးရှိသာ မကတော့ဘဲ ဘိန်းဖြူချက်စက်ရုံများပါ မှိုလိုပေါက်လာသည့် ဘိန်းဖြူကို အကန့်အသတ်မရှိ ထုတ်လုပ်လာခဲ့သည်။ C.I.A က ထောက်ခံထားသည့် လာအို၊ ယိုးဒယားနှင့် တောင်ဗီယက်နမ် နိုင်ငံတို့မှ ထိပ်တန်းအရာရှိကြီးများက နိုင်ငံတကာမူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းတွင် အင်တိုက် အားတိုက် ပါလာကြသည်။ ဘိန်းမှောင်ခိုလုပ်ငန်းကို C.I.A က လက်ပိုက်ကြည့်ရုံသာမက မှောင်ခိုဘိန်းများကိုပင် C.I.A လေယာဉ်များဖြင့် သယ်ဆောင်ပေးခဲ့သေးသည်။ ထို့ကြောင့် ဘိန်းဖြူရောဂါသည် C.I.A ၏ စစ်အေးနည်းဗျူဟာ၌ တစ်စိတ်တစ်ဒေသအားဖြင့် တာဝန်ရှိပေသည်။ "

အထက်ပါ ဖော်ပြချက်များမှာ ၁၉၅၀ ခုနှစ်မှ ၁၉၇၀ ခုနှစ်အတွင်း အနှစ်နှစ်ဆယ်စာ မြန်မာနိုင်ငံ၌ အဘယ့်ကြောင့် ဘိန်းစိုက်ပျိုးမှုကြီးထွားခြင်းကို ရှင်းလင်းဖော်ပြထားသည့် ဖော်ပြချက်ဖြစ်သည်။

ကျွန်တော်တို့ မိုးဟိန်းစစ်ဆင်ရေးများလုပ်ခဲ့ရသော ကျိုင်းတုံဒေသကား တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် ဆက်စပ်နေသည်။ တရုတ်ပြည်မှမြစ်ဖျားခံလာသည့် မဲခေါင်မြစ်ကို ဗဟိုပြုထားသော ထိုင်း၊ မြန်မာ၊ လာအို သုံးနိုင်ငံဆက်စပ်ရာ ဒေသများကို ရွှေတြိဂံနယ်မြေဟု ခေါ်၏။ ၁၉၅၀ နောက်ပိုင်းတွင် ထိုရွှေတြိဂံနယ်မြေ၌ ဘိန်းများကို တိုးချဲ့စိုက်ပျိုးလာသည်။ နှစ်စဉ်ရွှေတြိဂံနယ်မြေရှိ ဘိန်းတောင်သူတို့သည် ဘိန်းတန်ချိန်တစ်ထောင်ခန့် ထုတ်လုပ်ရာ တစ်ကမ္ဘာလုံးရှိ ဥပဒေမဲ့ ဘိန်းထုတ်လုပ်မှု၏ ၇၀ ရာနှုန်းခန့်ရှိသည်ဟု စာရေးဆရာ အယ်ဖရက်ဒဗလျူမက်ကွိုင်းက ဆို၏။

စာရေးဆရာက အောက်ပါအတိုင်း ပြောပြန်ပါသည် ။

" ကမ္ဘာပေါ်တွင်သုံးစွဲနေသည့် ဥပဒေမဲ့ဘိန်းများသည် အရှေ့ဘက်ကျက် အန်နာတိုလျ ကုန်းမြင့်(တူရကီ)မှ လာအိုမြောက်ပိုင်း အထိ ကီလိုမီတာပေါင်း ၄၅၀၀-ခန့် ရှည်လျားသည့် နယ်မြေအတွင်းရှိ တောင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ဒေသများတွင် စိုက်ပျိုးခြင်းဖြစ်သည်။ နိုင်ငံ (၈)နိုင်ငံမှ များစွာသော တောင်တန်းသားလူမျိုးစုတို့သည် နှစ်စဉ် ဘိန်းတန်ချိန် ၁၄၀၀-ခန့် ထုတ်လုပ်ခဲ့ရာ ၎င်းတို့သည် ဘိန်းအဖြစ်လည်းကောင်း၊ ဘိန်းဖြူအဖြစ်ဖြင့်လည်းကောင်း ကမ္ဘာအရပ်ရပ်ရှိ ဘိန်းစားတို့ထံသို့ ရောက်ရှိခဲ့လေသည်။ ထိုဘိန်းများအနက်မှ အနည်းအကျဉ်းသာလျှင် တူရကီ၊ အီရန်နှင့် အိန္ဒိယရှိ ဆေးဝါးချက်စက်ရုံများသို့ ရောင်းချရန်ဖြစ်ပြီး အများအပြားသည် ဘိန်းမှောင်ခိုရောင်းချကြခြင်း ဖြစ်သည်။ ထိုဘိန်းများအနက်မှ အရှေ့တောင်အာရှဘိန်းသည် နိုင်ငံတကာဥပဒေမဲ့ ဘိန်းမှောင်ခို ရောင်းဝယ်ရေးအတွက် ပင်မအခြေအမြစ်ပင် ဖြစ်လေသည် ”

အရှေ့တောင်အာရှ ဘိန်းဆိုသည်မှာ အစောပိုင်းတကျွန်တော်တင်ပြခဲ့သည့် ရွှေတြိဂံနယ်မြေက ဘိန်းကို ဆိုလိုခြင်းဖြစ်ပါ၏။

ဤမျှဆိုလျှင် ကျွန်တော်တာဝန်ကျခဲ့သော ကျိုင်းတုံဒေသနှင့် ဘိန်းအကြောင်း တစေ့တစောင်းတော့ သိလောက်ပြီ ထင်ပါ၏။

ရေးလက်စနှင့် ဘိန်းမှ ဘိန်းဖြူချက်လုပ်နည်းကို ဆက်လက်ဖော်ပြလိုပါသေးသည်။

## ဘိန်းပင်၊ ဘိန်းသီးမှ ဘိန်းဖြူသို့

ဘိန်းတောင်သူတို့သည် နှစ်စဉ် ဘိန်းစိုက်ပျိုးရန် ပြုပြင်ထားသည့် မြေကွက်တွင် စက်တင်ဘာလ၊ အောက်တိုဘာလများ၌ ဘိန်းစေ့များကို ကြဲဖြန့်စိုက်ပျိုးကြသည်။ အပင်ရင့်လာချိန်တွင် အမြင့် (၃)ပေမှ (၄)ပေရှိသော ပင်မနှင့် ဘေးဖြာထွက်သည့် အခက်အလက်များရှိသော အပင်ဖြစ်လာသည့် စိုက်ပျိုးပြီး သုံးလခန့်ကြာသောအခါတွင် ဘိန်းပင်များတွင် လှပသော အဖြူရောင်၊ ခရမ်းရောင်၊ ပန်းရောင်အပွင့်များ ပွင့်လာသည်။ ထို့နောက် ပွင့်ချပ်များ တဖြည်းဖြည်း ကြွေကျသွားသောအခါ အတွင်းမှ ဘဲဥပုံရှိသော ဘိန်းသီးများပေါ်လာသည်။ ပွင့်ဖတ်များကြွေသွားသည်နှင့် တစ်ပြိုင်နက် ဘိန်းသီးထဲတွင် အဖြူရောင်အစေးများရှိနေပြီ ဖြစ်သည်။ ထိုအစေးများပင် ဘိန်းဖြစ်ပေသည်။

ဘိန်းတောင်သူတို့က ထိုဘိန်းသီးများကို သုံးမြောင့်ခါးကစော ဖြင့် အရာပေးထားကာ စိမ့်ထွက်လာသည့် ဘိန်းစေးကို မကုန်မချ



ခြစ်ယူရသည်။ ဘိန်းစေးများအပေါ်တွင် ခဲသွားသည်နှင့်တစ်ပြိုင်နက် အဖြူရောင်အစေးသည် ညိုမည်းမည်းအရောင် ဖြစ်သွားသည်။ ထိုအရာကိုပင် ဘိန်းစိမ်းဟု ခေါ်ပေသည်။

ဘိန်းရောင်းသူတို့သည် ဘိန်းစိမ်းကို ရှေးဦးစွာ မော်ဖိန်းဖြစ်အောင် ချက်လုပ်သန့်စင်ပြီးမှ သယ်ဆောင်လေ့ရှိရာ မော်ဖိန်းကို ဘိန်းခင်းအနီးမှပင် ထုတ်လုပ်လေ့ရှိသည်။ အရှေ့အလယ်ပိုင်းဒေသမှ ဘိန်းချက်သူများနှင့် အရှေ့တောင်အာရှမှ ဘိန်းချက်သူတို့သည် တစ်ဦးနှင့် တစ်ဦး၊ မိုင်ပေါင်းများစွာ ဝေးကွာကြသော်လည်း မော်ဖိန်းထုတ်လုပ်နည်းမှာ အတူတူလိုပင် ဖြစ်သည်။ ဘိန်းချက်သူသည် ရှေးဦးစွာ သံစည်အိုးထဲတွင် ရေထည့်၍ ထင်းမီးဖြင့် ကျိုသည်။ လက်ညှိုးဖြင့် ရေနွေးကို စမ်းကြည့်၍ အပူချိန် သင့်ပြီထင်သောအခါ ဘိန်းစိမ်းများကို ရေနွေးအိုးထဲသို့ လောင်းထည့်ကာ ရေနွေးအိုးထဲတွင် ဘိန်းစိမ်းပျော်ဝင်သွားသည်အထိ ယောင်းမဖြင့် မွှေရသည်။ ရေနွေးတွင် ဘိန်းစိမ်းပျော်ဝင်သွားသည့်အခါ အငွေ့တထောင်းထောင်း ထွက်နေစဉ်တွင် ဘိန်းဖျော်ရည်ထဲသို့ မဖောက်ထုံးကို လောင်းထည့်လိုက်သည်။

ထိုအခါ ဘိန်းဖျော်ရည်ထဲမှ အညစ်အကြေးများ အောက်သို့ အနည်ထိုင်ကျသွားပြီး အဖြူရောင်ဘိန်းဆီသည် အပေါ်ယံတွင် ဝေ့၍ တက်လာသည်။ ထိုဝေ့တက်လာသည့် ဘိန်းဆီအရည်ကို ခပ်ယူပြီး ထိုအရည်ကို ဖလန်ထည်စဖြင့် အမှိုက်သရိုက်များ စစ်ထုတ်ရသည်။ အမှိုက်သရိုက် စင်သွားသည့်ဖျော်ရည်ကို သံစည်အိုးတစ်လုံးတွင် ထည့်ကာ ဒုတိယအကြိမ်ဆက်လက်၍ ကျိုပြန်သည်။ ဒုတိယအကြိမ် ကျိုရာတွင် ဖျော်ရည်ထဲ ဓာတ်သာအပြင်းစားကို ထည့်ပေးပြီး သမအောင် မွှေသည်။ အတော်ကြာကြာ မွှေလိုက်သော် မော်ဖိန်းသည် ခဲလာကာ အောက်သို့ အနည်ထိုင်ကျသွားသည်။ ထိုအခါ ဖျော်ရည်ကို အိုးမှထုတ်၍ ဒုတိယအကြိမ် ဖလန်ထည်စဖြင့် ရေကို ညှစ်ထုတ်လိုက်သောအခါ အဖြူရောင်မော်ဖိန်းသည် အဝတ်ထဲတွင် အခဲလိုက် ကျန်ရစ်ခဲ့လေသည်။

ထိုအခဲကို အအေးခံကာ ခြောက်သွေ့အောင် ထားလိုက်သောအခါ မူလက ကျိုချက်သည့်ဘိန်းစိမ်း (၁၀)ကီလိုသည် မော်ဖိန်း (၁)ကီလို ထွက်လာ၏။ မော်ဖိန်းကို ဘိန်းဖြူချက်ရုံသို့ ပို့၍ နံပါတ်(၄) အဆင့် ဘိန်းဖြူများ ချက်လုပ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်ဖိန်းမှ ဘိန်းဖြူနံပါတ် (၄) ထုတ်လုပ်ရာတွင် အဆင့် (၅) ဆင့်ရှိသည် ။

ပထမဆင့်။ ဘိန်းဖြူအစစ် ၁၀ ကီလိုထုတ်ရန် (အများအားဖြင့် ဘိန်းချက်စက်ရုံတိုင်းတွင် နေ့စဉ်ဘိန်းဖြူ ၁၀ ကီလိုသာ ထုတ်လုပ်သည်)။ မော်ဖိန်း ၁၀ ကီလိုနှင့် အက်ဆီတစ် အင်ဟိုက်ဒရိုက် (Acetic- Anhydride) ၁၀ ကီလိုကို ဖန်အိုးတွင်ဖြစ်စေ၊ ကြွေရည်သုတ်အိုးတွင် ဖြစ်စေ ထည့်၍ ကြိုသည်။ အပူချိန် ဖာရင်ဟိုက် ၁၈၅ဒီဂရီတိတိဖြင့် (၆)နာရီကြာအောင် ကြိုလိုက်သောအခါ မော်ဖိန်းနှင့် အက်ဆစ်တို့ ဒြပ်ပေါင်းသွားကာ မသန့်စင်သေးသော ဒိုင်ဆက်တိုင်းမော်ဖိန်း (Diacetyl morphine) ခေါ် ဟီးရိုးအင်း ဒြပ်ပေါင်းရလာသည်။

ဒုတိယအဆင့်။ ထိုဒြပ်ပေါင်းမှ အညစ်အကြေးများစင်သွားစေရန် ရေနှင့် မေ့ဆေး (Chloroform) ဖျော်ရည်ဖြင့် ချွတ်ရသည်။ အညစ်အကြေးများ ထွက်သွားသောအခါ အဆင့်မြင့်သော ဒိုင်ဆက်တိုင်းမော်ဖိန်း ရလာသည်။

တတိယအဆင့်။ သန့်စင်ပြီးသော ဒိုင်ဆက်တိုင်းမော်ဖိန်းဖျော်ရည်ထဲသို့ ဆိုဒီယမ်ကာဗွန်နိတ်(Sodium Corbonate)ထည့်၍ မွှေလိုက်သော အခါ ဟီးရိုးအင်းဓါတ်မှုံများသည် အခဲဖြစ်၍ အနည်ထိုင်ကာ အောက်သို့ ကျသွားသည်။

စတုတ္ထအဆင့်။ ဟီးရိုးအင်းအခဲကို ဆိုဒီယမ်ကာဗွန်နိတ် ဖျော်ရည်မှ စစ်ထုတ်ယူပြီးနောက် အရက်ပြန် ဖျော်ရည်ထဲတွင်ထည့်ကာ မီးသွေးမီးဖြင့် ပြန်ချက်ရသည်။ အရက်ပျံများအငွေ့ဖြစ်ကာ ပျံတက်သွားသောအခါ သန့်စင်သည့် ဟီးရိုးအင်း အခဲကလေး ကျန်ရစ်ခဲ့ပေသည်။



ပဥ္စမအဆင့်။ ထိုအဆင့်သည် ဘိန်းသမားတို့ တန်ဖိုးထားသည့် ပေါင်ဒါကဲ့သို့ မှုန့်နေသော ဘိန်းဖြူနံပါတ်(၄) အဖြူမှုန့်များကို ထုတ်လုပ်သည့်အဆင့် ဖြစ်သည်။

ထိုအဆင့်တွင် ထုတ်လုပ်သူသည် ကျွမ်းကျင်မှုသာမက သတိရှိရန်လည်း အလွန်လိုပေသည်။ အထက်က သန့်စင်ပြီးသား ဟီးရိုးအင်းအခဲကလေးများကို ဖန်ဘူးထဲတွင်ထည့်ကာ အရက်ပျံဖြင့် ဖျော်ရသည်။ ထိုသို့ ဖျော်ပြီးနောက် ထိုဖျော်ရည်ကို အီသာနှင့် ဟိုက်ထရို ကလိုရစ်အက်စစ် ဖျော်ရည်နှင့် ရောစပ်လိုက်သောအခါ သေးငယ်သော အဖြူရောင် အဖတ်ကလေးများ ဖြစ်သည်။ ထို အဖတ်ကလေးများကို စစ်ယူပြီး ခြောက်သွေ့သွားစေရန် ဓါတုဗေဒနည်းဖြင့် အပူပေးလိုက်သောအခါ ဘိန်းအစစ် ရှစ်ဆယ်ရာနှုန်းမှ ကိုးဆယ်ရာနှုန်းပါရှိသော ဘိန်းဖြူနံပါတ်(၄) အဖြူမှုန့်များ ဖြစ်လာလေသည်။

ဤသည်မှာ လူသားမျိုးနွယ်ကို လူညွန့်တုံးစေသော ကြောက်မက်ဖွယ် မူးယစ်ဆေးဝါးဖြစ်သည့် ဘိန်းဖြူအဆင့်ဆင့် ထုတ်လုပ်ပုံပင်ဖြစ်ပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျွန်တော်တို့ တပ်မ (၈၈) အပါအဝင် မြန်မာ့တပ်မတော်သည် ရန်ကြီးအောင်၊ ဘုရင့်နောင်၊ မဲခေါင်၊ မိုးဟိန်းစစ်ဆင်ရေးများကို တပ်မတော်သားများ၏ အသက်ပေါင်း များစွာ စတေးပြီး အဆက်မပြတ်ဆင်နွှဲခဲ့သည်။ မဲလုံး၊ ပေါက်မန်း၊ နှင်းပန်း၊ တောင်ထိပ်ပန်း၊ ဟေမာန်ဦး၊ ငရဲပန်းစသည့် ဘိန်းတိုက်ဖျက်ရေး စစ်ဆင်ရေးများတွင်လည်း ဘိန်းခင်းများကို ဖျက်ဆီးနိုင်ခဲ့သည်သာမက တောင်ရန်ရှင်း စစ်ဆင်ရေးဖြင့်လည်း ဝေဟင်မှလေယာဉ်ဖြင့် ဆေးဖြန်းကာ ဘိန်းခင်းများကို ဖျက်ဆီးခဲ့သည်။ ကျိုင်းတုံဒေသသာမက ရှမ်းပြည်တစ်နယ်လုံး အစွန်အဖျားတွင် ထိုကဲ့သို့ စစ်ဆင်ရေးကြီးများဆင်နွှဲရာ၌ တပ်မတော်သားပေါင်းများစွာ၏ အသက် စတေးခဲ့ရရုံသာမက ရာနှင့်ချီပြီး ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ရ၍ Disable မစွမ်းမသန်ဘဝ ကျရောက်ခဲ့ရပါ၏။

www.burmeseclassic.com



ဘိန်းစစ်ဆင်ရေးများကား မလုပ်၍ မဖြစ်ပါ။ ဘိန်းစွဲသူများ မတိုးပွါးအောင် မတားဆီး၍မရပါ။ ဘိန်းဖြူစွဲသွားသူသည် လူ့လောကတွင် အသုံးမဝင်တော့၊ အားလုံး၏ အန္တရာယ်ဖြစ်သွား၏။ ...ပတ်ဝန်းကျင်ရှိသူအားလုံးကို ဒုက္ခပေး၏။ အန္တရာယ်ပေး၏။

ကျွန်တော့်တွင် အလွန်ခင်သော ငယ်သူငယ်ချင်းတစ်ယောက်ရှိ၏။ မန္တလေးတွင် နေသည်။ သား နှစ်ယောက်၊ သမီး နှစ်ယောက်ရှိသည်။ လွန်ခဲ့သည့် ခြောက်နှစ်ခန့်က မန္တလေးတွင် သူနှင့်ပြန်တွေ့ရ... အရင်က စီးပွါးရေးအခြေအနေ အလွန်ကောင်းသော ကျွန်တော့် သူငယ်ချင်းမှာ များစွာ ချွတ်ခြုံကျသွား၏။ စိတ်မကောင်းခြင်းကြီးစွာဖြင့် သူ့အိမ်ကို လိုက်သွားရာ သူ့အိမ်အောက်ထပ်၌ ခေါင်းတုံးရိပ်ထားသော သူ့သားနှစ်ယောက်အား ငုတ်တုတ်ထိုင်နေကြသည်ကို တွေ့ရသည်။ ကျွန်တော်နှင့် အလွန်ခင်သော်လည်း သူတို့နှစ်ဦးက ကျွန်တော့်ကို နှုတ်မဆက်ကြ ပြုံးကြောင်ကြောင်ဖြင့် ကြည့်နေကြသည်။ ဘာဖြစ်တာပါလိမ့်။ ကျွန်တော်က မသိ၊ အပြန်လမ်းတွင်မှ အတူပါလာသည့် ဇနီးသည် မေက ကျွန်တော့်အား တိုးတိုးတိတ်တိတ်လေး လက်ကုတ်ပြီး

" ကို က ဘာသိလို့လဲ၊ သူ့သားနှစ်ယောက်က ဆေးစွဲနေတာလေ၊ သူတို့ ဒုက္ခပေးလို့ ကို့သူငယ်ချင်း ဖြူကာ ပျာကာ ကျသွားတာပေါ့ စောစောက ကို့ကို ပြုံးကြောင်ကြောင်နဲ့ ကြည့်နေတာ၊ အဲဒါသူတို့ ဆေးထုနေတာတဲ့ ကိုရေ၊ ဆေးချလိုက်မှ ကောင်းသွားမယ်တဲ့ "

" ဆေးဆိုတာ ဘာကို ပြောတာလဲ "

" ဒုံးဝေးရန်ကော ကိုရယ်၊ ဆေးဆိုတာ ဘိန်းဖြူ ဘိန်းဖြူကို ပြောတာ "

" ဪ ဒီလိုလား "

" ဆေးမလုပ်ရရင် တုတ်တစ်ပြက် ဓါးတစ်ပြက်နဲ့ သူတို့အဖေ အမေ ကိုတောင် ရန်လုပ်သတဲ့ "

" အဲဒါ မေ့ကို ဘယ်သူက ပြောတာလဲ "

" သူတို့ အမေကိုယ်တိုင် ပြောတာပဲလေ "

ကျွန်တော်လည်း တည့်တည့်ကြီးပြောလိုက်မှ သဘောပေါက်ပါတော့သည်၊



ထိုသူငယ်ချင်း၏ သားနှစ်ယောက်သည် ဆေးဘိုးတောင်း၍ မရ...က အဖေနှင့်အမေကို ရန်လုပ်၏။ အိမ်မှပစ္စည်းများကို ခိုး၍ ရောင်းချ...၏။ အဖေ၊ အမေထံတွင် တောင်း၍ မရက အစ်မနှင့် ညီမထံတွင် ...တောင်း၏။ ဆေးဖြတ်သော်လည်း ပြတ်လိုက်၊ ပြန်သုံးလိုက် ဖြစ်နေသည်။ ...သို့ဖြင့် သံသရာလည်နေသည်။ မကြာသေးမီက ကျွန်တော့်သူငယ်ချင်း ...ဝင်မှ ကျွတ်သွားပြီဟု ကြားရ၏။ သူ့သား နှစ်ယောက်လုံး ဆေးပြတ်...ပြီး ဘုန်းကြီး အပြီးဝတ်သွားပြီဟု ဆိုပါသည်။ တော်သေးတာပေါ့...ဗျာ။

## ...နောက်ဆုံးအခေါက် ကျိုင်းတုံရောက်ခဲ့စဉ်က

၁၉၉၉ ခုနှစ်၊ သင်္ကြန်အပြီးတွင် လုပ်ငန်းတာဝန်ဖြင့် ကျွန်တော် ...ကျိုင်းတုံရောက်သွား၏။ တြိဂံတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ် ...ပိန်းစိန်၏စီစဉ်ပေးမှုဖြင့် တရုတ်၊ မြန်မာနယ်စပ် မိုင်းလားသို့ ရောက်၏။ ...မိုင်း၊ မြန်မာနယ်စပ် တာချီလိတ်၊ မယ်ဆိုင်သို့ ရောက်သည်။ ထိုမှ ...မာအို၊ မြန်မာနယ်စပ် မိုင်းဖုံးကို ရောက်ပြန်သည်။ ရွှေတြိဂံဟိုတယ်ကို ...ဝင်ခဲ့ရ၏။ မဲခေါင်တစ်ဖက်ကမ်းရှိ လာအိုရွာကလေးများသို့လည်း ရောက်...၏။ ထိုဒေသတစ်ဝိုက်မှာ လမ်းများကောင်းမွန်၍ အိမ်များမှာလည်း ...ခွပ်မိုး၊ ပျဉ်ထောင်ဖြင့် သပ်သပ်ရပ်ရပ်ဖြစ်သည်။ အချို့ အုတ်တိုက် ...ကလေးများ ဖြစ်၏။ လယ်ယာ၊ ဥယျာဉ်၊ မြေကောင်းကောင်း မတွေ့ရ...ဘဲ အဆင့်အတန်းမြင့်မြင့် နေနိုင်ကြ၍ အံ့ဩမိ၏။

" ဟ၊ ဒီနားက ရွာတွေက တော်တော် သားနားတယ်နော်၊ ဘာ...တွေများ လုပ်ကြလဲ မသိဘူး "

" ရာဘနဲ့ ရာမလေ "

လိုက်ပို့ပေးသည့် ဒေသခံတစ်ဦးက ဖြေ၏။

" ဘာလဲဗျ၊ ရာဘနဲ့ ရာမဆိုတာ "

" စိတ်ကြွဆေးတွေလေ၊ ရာဆိုတာ ဆေး၊ မ ဆိုတာ မြင်း၊ မြင်းဆေးပေါ့၊ ရာဆိုတာ ဆေး၊ ဘ ဆိုတာ စိတ်ကြွ စိတ်ရူးဖြစ်ပြီး ရူးစေ...တယ်၊ စိတ်ကြွဆေးပေါ့၊ အဲဒါကြောင့် ရာဘခေါ်တာ၊ ဒီက တိုင်းရင်းသား ...တွေရဲ့ စကားပါ၊ ဒီဆေးတွေက ဘိန်းဖြူလို အမှုန့် မဟုတ်ဘူး၊ ဆေးပြား

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ဘိန်းဖြူထက် သယ်ရတာ ပိုလွယ်တယ်၊ ဈေးလဲ အများကြီး သက်သာတယ်၊ ဒါကြောင့် ဆေးသမားတွေက ပိုကြိုက်ကြတယ် ”

ကျွန်တော်သည် ရွှေတြိဂံမှပြန်ရောက်ပြီး ထိုရာဘ ရာမဆေးများ အကြောင်း လေ့လာမိ၏။ ၎င်းတို့မှာ အမ်ဖီတမင်းနှင့် မီသမ်ဖီတမင်း ဆေးပြားများ ဖြစ်ကြ၏။ ဆေးပြားများကို ရေနှင့်ဖျော်ပြီး အကြောထဲ ထိုးသွင်းရသည်ဟု ဆိုသည်။ ဘိန်းဖြူချက်လုပ်ရာတွင်ပါသော ဓါတုဗေဒ ပစ္စည်းများလည်း ၎င်းဆေးပြားများပြုလုပ်ရာတွင် ပါသည်ဟုဆို၏။ သို့ရာ တွင် ဘိန်းဖြူလောက် ငွေကုန်ကြေးကျ မများ၊ အတော်ပင် ဈေးသက်သာ သည်ဟု သိရသည်။ ပြီးခဲ့သည့် လများက ထိုရာဘ၊ ရာမဆေးများနှင့် ထိုင်း၊ မြန်မာနယ်စပ်ဒေသများအကြောင်း သတင်းစာ၊ ဂျာနယ်မဂ္ဂဇင်းများ နှင့် ရုပ်မြင်သံကြား MEDIA များတွင် မကြာခဏ လာနေသဖြင့် စာရှုသူများ ထိုဆေးများကိစ္စကို အတော်ပင် သိထားပြီး ဖြစ်မည်ဟု ထင်ပါသည်။

မည်သို့ဆိုစေ ထိုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မြန်မာ့ တပ်မတော်က စစ်ဆင်ရေးများဖြင့် ဆောင်ရွက်နေသည်သာမက နိုင်ငံ တော် အစိုးရမှလည်း ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်းရေးဆွဲချမှတ်ကာ နိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်း၍ တက်ကြွစွာ အကောင် အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုက်ရပါသည် ခင်ဗျား။

× × × ×



## အခန်း(၁၀)

## အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာ တွေ့ရပါသည်

### ဘုန်းကြီးအမှု ရှာပတ်လာတော့

ကျွန်တော်သည် ၁၉၇၈ ခုနှစ်၊ မတ်လက နောင်လိုင်၊ ပါဖန် တိုက်ပွဲကြီး၌ ပါဝင်တိုက်ခိုက်ခဲ့၏။ တိုက်ပွဲကာလအတွင်း တပ်မ(၆၆)မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးဘုန်းမြင့်၏ ကွပ်ကဲမှုအောက်တွင် နေခဲ့ ရသည်။

တစ်ရက်တွင် ရမခမှ ဆုံကွေ့ရှိ ရှေ့တန်းဗျူဟာသို့ ကားသုံးစီး တိုက်စာ ကျည်ဆန်များ လာပို့၏။ ဗျူဟာဂျီတူး ဗိုလ်မှူးထွန်းမြင့်ဦးမှ ထိုကျည်ဆန်များကို ကျွန်တော့်အား လက်ခံလိုက်စမ်းပါဟု ပြောရာ ကျွန်တော်က မအူမလည်ဖြင့် လက်ခံလိုက်ရသည်။ ထိုကျည်ဆန်များ အားလုံး ထိုတိုက်ပွဲစဉ်ကြီး၌ သုံးပစ်လိုက်ကြ၏။ မည်သည့်တပ်တွေကို မည်မျှထုတ်ပေးပြီး မည်သူက မည်မျှသုံးလိုက်ကြသည်ကို ကျွန်တော် မသိပါ။ ကျွန်တော်သည် ထိုဗျူဟာမှ ဦးစီးအရာရှိလည်း မဟုတ်ပါ။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ကွပ်ကဲမှုအောက်ရှိ ခလရ(၆၇) မိုင်း နယ်မှသာ ဖြစ်ပါသည်။

တိုက်ပွဲပြီးတော့ ကျွန်တော်လည်း ကိုယ့်တပ်ကိုယ် ပြန်ခဲ့၏။ ဗျူဟာလည်း သူတို့ တပ်မဌာနချုပ်ရှိရာ ပြည်သို့ ပြန်သွား၏။ သို့ရာတွင် ၁၉၈၂ ခုနှစ်၌ သနက(၁)သို့ ရောက်နေသည့် ကျွန်တော့်ဆီကို

www.burmeseclassic.com

www.burmeseclassic.com



တပ်မ(၆၆)မှ စာလာ၏။ ထိုစာ၌ "ထိုကျည်ဆန်တွေ မည်သည့်တပ်တွေကို ထုတ်ပေးခဲ့သလဲ၊ ဖြေရှင်း တင်ပြပါ" ဟု ဆိုလာသည်။

ထိုစာရောက်စဉ်က ထိုနည်းဗျူဟာ(၆၆၂)အား ဗိုလ်မှူးကြီး အောင်ကိုးက တာဝန်ယူထားသဖြင့် ဗိုလ်မှူးကြီးအောင်ကိုး၏ ဝင်ရောက် ဖေးမမှုကြောင့် ထိုကိစ္စမှာ ခေတ္တ ဆိုင်းငံ့သွား၏။ ကျွန်တော်သည် တိုက်ခိုက်ရေးကျောင်းတွင် ဗိုလ်မှူးကြီးအောင်ကိုးနှင့် နှစ်နှစ်ခန့် နေခဲ့သူ ဖြစ်၍ ဗိုလ်မှူးကြီးအောင်ကိုးက တတ်နိုင်သမျှ ထိုကိစ္စကို ဝင်ထိန်း လိုက်ခြင်းဖြစ်၏။ ကျွန်တော် ဗိုလ်မှူးဖြစ်လာခဲ့သည်။ သို့ရာတွင် ၁၉၈၄ ခုနှစ်တွင် ဗိုလ်မှူးကြီးအောင်ကိုးသည် တပ်မ(၆၆)ဗျူဟာမှူးမှ တပ်မတော် ထောက်လှမ်းရေး၊ ညွှန်ကြားရေးမှူးဖြစ်သွား၏။ ထိုအခါ တပ်မ(၆၆)မှ ကျွန်တော်ရောက်နေသည့် တပ်မ(၈၈)သို့ အောက်ပါအတိုင်း ကြေးနန်းပို့ လာပြန်ပါတော့သည်။

" ၇၈ မတ် နောင်လိုင်၊ ပါဖန်တိုက်ပွဲစဉ်အတွင်း နဗဟ (၆၆၃)အတွက် ရမခမှ ပေးပို့သည့် ကျည်များကိစ္စအတွက် ထိုစဉ်က ခလရ(၆၇) မှ ဗကသက်ဦး(ယခု တမခ(၈၈)မှ စစ်ဦးစီးမှူး(၃) မှ သက်ဦးတွင် တာဝန်ရှိ၊ ဤ ကန် ရလျှင်ရချင်း ၄င်းကိစ္စအား တပ်မ ဌနခ သို့ လာရောက်ရှင်းလင်းရန်၊ မရှင်းနိုင်ပါက ကကထူးသို့ တင်ပြ၍ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိသာပါရန်

ကျွန်တော်သည် အထက်ပါကြေးနန်းအား ဖတ်၍ အတော် ခေါင်းနပမ်း ကြီးသွား၏။ တပ်မမှူးက ကျွန်တော့်ကို အခုမှ လိုက်လို လျော့လျော့ဖြစ်လာခါစ ရှိသေးသည်။ ပြဿနာက ပေါ်လာ၏။ ဘာလုပ်ရမှန်း ၍ ဘာကိုင်ရမှန်း မသိ၊ တပ်မမှူးငြိုငြင်သွားမှာလည်း စိုး၏။ နောက်ဆုံး တော့ အရဲစွန့်ကာ တပ်မမှူးကို ဖြစ်စဉ်တင်ပြရပါတော့သည်။ ထိုအခါ တပ်မမှူးက

" မောင်ရင့်ကို သီးခြားတော့ ခွင့်မပေးနိုင်ဘူး၊ ရှေ့အပတ် အနား ပြန်ရင် ရန်ကုန်ဘက်က လှည့်ပြန်ပြီး သွားရှင်းပါ "

ဟု ဆိုပါတော့သည်။

ကျွန်တော်လည်း ဘာမှ မပြောသာတော့ပါ။ ကံအားလျော်စွာ ထိုအချိန်တွင် ကျွန်တော့်ဇနီးအား တပ်မမှူးက ပထမဆုံးအကြိမ် ကျိုင်းတုံ



လာခွင့်ပြုထားရာ ဇနီးသည်နှင့် ကျိုင်းတုံတွင် လေးငါးရက်နေပြီး ထို မပြီးပြတ်သေးသည့် ကိစ္စဆောင်ရွက်ရန်အတွက် အခါတိုင်းလို ဟဲဟိုးသို့ လေယာဉ်မစီးတော့ဘဲ ရန်ကုန်သို့ တိုက်ရိုက်လေယာဉ် စီးလိုက်ရ၏။ နောက်နေ့တွင် ကားဖြင့် ပြည်သို့ ထွက်ခဲ့သည်။ ပြည်ရောက်သော် လေးကျွန်းဆိပ်မီးရှိ ခလရ(၁၄)တွင် တည်းခိုလိုက်၏။ ခလရ(၁၄)၌ နောက်တန်းမှူးလုပ်နေသူကား တခြားသူ မဟုတ်ပါ၊ ကျွန်တော်တို့ သနက(၁)မှ ဗိုလ်မှူးဖြစ်၍ ပြောင်းသွားသည့် ကျွန်တော့် သူငယ်ချင်း ဗိုလ်မှူးသောင်းတင် ပင်တည်း။

" ဟ ငါ့သူငယ်ချင်း မောင်သက်ဦးလေး ဘာတွေများ ဖြစ်လာခဲ့ သလဲ၊ မလာစဖူး အလာထူးတယ်ကွာ "

" ဘာဖြစ်ရမှာလဲ၊ နောင်လိုင် ပါဖန်တုန်းက ခဲယမ်းကိစ္စ မပြတ်လို့ဗျာ၊ အဲဒီကိစ္စက ဘုန်းကြီးအမှုရှုပ်နေတယ်၊ အဲဒါ လာရှင်း ရတာ "

" ဘယ်လို ဖြစ်တာလဲ၊ ဖြစ်စဉ်လေး ပြောပါဦး "

ထိုအခါ ကျွန်တော်က ဖြစ်ကြောင်းရယ်ကုန်စင်ကို ဗိုလ်မှူး သောင်းတင်အား ပြောပြလိုက်၏။

" သိပ်စိတ်မပူပါနဲ့ သူငယ်ချင်းရာ၊ ကိုယ်တို့လဲ ဝိုင်းကူညီပါမယ်၊ မင်းဟာ လက်နက်ကြီး ကျည်ဆန်တွေက များနေတော့ ဘယ်သူမှလဲ အလွဲသုံးစားလုပ်လို့ မရပါဘူး၊ တိုက်ပွဲမှာ သုံးပစ်လိုက်ကြတာ ဖြစ်မှာပါ၊ မြေစာတွေ ရှာရင် ပြန်တွေ့မှာပါ "

" အေးကွာ၊ အဲလိုပဲ အောက်မေ့ရတာပဲ၊ ကိုယ်ကလဲ အဲဒီတုန်း က မအူမလည်နဲ့၊ တိုက်ပွဲကာလမှာ အရေးပေါ်ဆိုတော့ ဗျူဟာရှိတူးကြီး က လက်ခံလိုက်စမ်းပါဆိုတာနဲ့ သူတို့ကိုယ်စား လက်မှတ်သွားထိုးမိ လိုက်တာကိုး၊ သင်ခန်းစာပေါ့ကွာ "

နောက်နေ့ မနက်စောစောတွင် ခလရ(၁၄)ဧည့်ရိပ်သာမှ တပ်မ (၆၆) ဌာနချုပ်သို့ ထွက်ခဲ့၏။ သိပ်မဝေးလှသဖြင့် မိနစ်အနည်းငယ် အကြာ ရောက်သွား၏။ ထိုနေ့က စနေနေ့ဖြစ်၍ တပ်မရုံးတွင် မည်သူမျှ မရှိ။ ကံအားလျော်စွာ ကျွန်တော့်မိတ်ဟောင်းဆွေဟောင်း တစ်ဦးနှင့် တွေ့၏။ သူကား ဗိုလ်ကြီးမောင်မောင်တင ဖြစ်သည်။ သူက ကျွန်တော့်ကို တွေ့လျှင် တွေ့ချင်း

www.burmeseclassic.com

www.burmeseclassic.com

" ဟာ ဗိုလ်မှူးသက်ဦး၊ မတွေ့ကြတာ ကြာပြီနော်၊ ရုံးပိတ်ရက် ကြီးမှာ ဘာလာလုပ်တာလဲ "

ဟု တအံ့တသြနှင့် မေးလေသည်။

ကျွန်တော်နှင့် ဗိုလ်ကြီးမောင်မောင်တင်သည် ၁၉၇၂ ခုနှစ် အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် အတူနေခဲ့ဖူး၏။ သူက ခလရ(၃၁)၊ သံဖြူဇရပ်မှ အိုင်အို ခေါ် ထောက်လှမ်းရေးအရာရှိဖြစ်သည်။ ကျွန်တော်က ခလရ(၆၁)၊ ကျောက်တစ်လုံးတွင် အိုင်အိုလုပ်လိုက်၊ အေကြူလုပ်လိုက်၊ တပ်ခွဲမှူးလုပ်လိုက်နှင့်နေခဲ့ရာ သူနှင့် များစွာ ခင်မင်ခဲ့၏။ ရတခ၌ အစည်းအဝေးများ မကြာခဏ အတူတက်ခဲ့ဖူး၏။ မော်လမြိုင်၊ သံဖြူဇရပ်၊ ရေး ရထားလမ်းတွင် မကြာခဏ ရထားအတူ စီးခဲ့ကြဖူး၏။ သူက ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄၂)မှ ဖြစ်သည်။

ယခု တပ်မ(၆၆)၌ ခဲယမ်းနှင့် ကြီးကြပ်ကန့်သတ်ပစ္စည်းများ ထိန်းသိမ်းရသည့် ဦး(၃)ကိုင်သော ဦးစီးအရာရှိဖြစ်သည်။ ထို့ကြောင့် ကျွန်တော့်အတွက် အတော်ဟန်ကျသွား၏။ ကျွန်တော့်ကိစ္စကို သူသိ သွားသည့်အခါ

" ဟာ ဗိုလ်မှူးရာ သိပ်မပူနေပါနဲ့၊ အဲ့ဒီအမှုက ကျွန်တော်ဆီ မှာပါ၊ တကယ်တော့ ဗိုလ်မှူးကြီးထွန်းမြင့်ဦးနဲ့ ဗိုလ်မှူးတင်လှတို့ ရှင်းရမယ့်ဟာပါ၊ ဗိုလ်မှူးက နေရင်းထိုင်ရင်း ဝင်ပါနေတာ၊ အဲဒီတုန်းက ခဲယမ်းတွေ ပြန့်ဝေထုတ်ပေးတာတဲ့၊ ပြေစာတော်တော်များများ ပြန် ရထားလို့ ကျွန်တော် သိမ်းထားတယ်၊ မနေ့က ဗိုလ်မှူးတင်လှမေးလို့ တောင် ကျွန်တော်ပြလိုက်သေးတယ် "

" နို့ နေစမ်းပါဦး၊ ဗိုလ်မှူးတင်လှတို့ ဗိုလ်မှူးကြီးထွန်းမြင့်ဦး တို့ကော ခေါ်ထားသလား "

" ခေါ်ရတာပေါ့၊ သူတို့က တာဝန်အရှိဆုံးပဲ "

" အခုရော သူတို့ဘယ်သွားကြသလဲ "

" ဟဲ ဟဲ၊ ဗိုလ်မှူးကြီးထွန်းမြင့်ဦးက တပ်ရင်းမှူးမို့ သူ့တပ်ခဏ ပြန်သွားတယ်၊ ဗိုလ်မှူး တင်လှကတော့ အရင်အိမ်ထောင်ဆုံးသွားလို့ နောက်အိမ်ထောင်ပြုထားတာ ဘာကြာသေးလို့လဲဗျာ၊ အသစ်ကလေးပေါ့၊ အသက်လဲ အတော်ငယ်သေးတဲ့၊ ရုံးပိတ်ရက်မို့ အသစ်ကလေးဆီကို ပြန်နေ တယ်လေ၊ တနင်္လာနေ့တော့ ပြန်လာပါလိမ့်မယ် "



" ဒါဆိုရင် ကိုမောင်မောင်တင်ရယ်၊ ကျွန်တော့်ကို အဲဒီကိစ္စနဲ့ ပတ်သက်တဲ့ ဖိုင်လေးပြလို့ မရဘူးလားဗျာ "

" ဟ ရတာပေါ့၊ ရပါတယ်၊ ကြည့်ပါ "

ဗိုလ်ကြီးမောင်မောင်တင်က ပြောပြောဆိုဆိုဖြင့် သူ့ဗီရိုအတွင်း မှ အမှုတွဲဖိုင်ကို ကျွန်တော့်အား ထုတ်ပြပါတော့သည်။ ထိုအခါ ၁၉၇၈ ခုနှစ်၊ မတ်လ၊ ဒုတိယပတ်အတွင်းက ထိုခဲယမ်း ကားသုံးစီးတိုက်စာ ကျွန်တော်လက်ခံထားသည့် ပြေစာနှင့် ဗိုလ်ကြီးတင်လှက ကွပ်ကဲမှု အောက် တပ်အသီးသီးသို့ ပြန်ထုတ်ပေးထားသည့် ပြေစာများကို တွေ့ရ ပါတော့သည်။ ထုတ်ပေးထားသည့်တပ်များမှာ ခလရ(၇၆)၊ ခလရ(၇၈)၊ ခလရ(၈၀)၊ ခမရ(၁၀၄)တို့ အများဆုံးပါဝင်၏။ စာရင်းများကို ပြန်ပေါင်း ကြည့်ရာ သိပ်ကွာခြားချက် မရှိ၊ အခြေအနေကောင်းနေ၏။

" အမယ်လေး၊ ကံကောင်းလို့ဗျာ၊ ဒီဖိုင်ကြီးလာတွေ့လို့၊ မတွေ့ ရင်တော့ မောင်သက်ဦး တစ်ယောက် မအူမလည်နဲ့ ဘယ်လောက်များ ဆက်ခံစားနေရဦးမလဲ မသိပါ "

ကျွန်တော်သည် ထိုနေ့က ဝမ်းမြောက်ဝမ်းသာဖြင့် ခလရ(၁၄) ဧည့်ရိပ်သာသို့ ပြန်လာခဲ့၏။ ရိပ်သာပြန်ရောက်တော့

" မေရေ ကံကောင်းလို့ဟေ့၊ ဗိုလ်မှူးတင်လှတို့ မရှိတုန်း သူတို့ ဖွက်ထားတဲ့ ဖိုင်ကြီးတွေ့ခဲ့တယ်၊ အဲဒီ ထုတ်ပေးထားတဲ့ ခဲယမ်းစာရင်း တွေ ကိုယ်ကူးခဲ့တယ်၊ နောက် တို့နဲ့နေခဲ့ဖူးတဲ့ ကိုမောင်မောင်တင်ကြီးက အဲ့ဒီအမှုကိုင်တာ၊ သူကလဲ ပြလို့ပေါ့၊ နို့မို့ဆိုရင်တော့ တော်တော် ခံနေရဦးမယ်၊ အခုတော့ ဘုရား မတာပဲ "

အတူပါလာသူ ဇနီးသည်အား အားပါးတရပြောမိပါတော့သည်။

နောက်တစ်နေ့ တနင်္ဂနွေနေ့၌ ကျွန်တော်သည် စိတ်အေး လက် အေးဖြစ်သွားပြီး ဗိုလ်မှူးသောင်းတင်၊ ဗိုလ်မှူးခင်မောင်တင့်တို့ မိသားစု နှင့်အတူ ပြည်မြို့ပတ်ဝန်းကျင်ရှိဘုရားများကို စိတ်လွတ် ကိုယ်လွတ် ဖူးမျှော်လိုက်ပါသည်။ ဗိုလ်မှူးသောင်းတင်နှင့် ဗိုလ်မှူး ခင်မောင်တင့်တို့ ကား ကျွန်တော်နှင့် ဗိုလ်သင်တန်းတစ်ပတ်တည်း ဆင်းဖြစ်ကြ၏။ သူတို့နှစ်ဦးသည် သမီးယောက်ဖလည်း တော်ကြသည်။ ဗိုလ်မှူးခင်မောင် တင့်၏ ညီမနှင့် ဗိုလ်မှူးသောင်းတင်က ဇနီးမောင်နှံဖြစ်၏။ ကိုယ်ပိုင်း ယောက်ဖ နှစ်ယောက်က ယခု တစ်တပ်ထဲ လာဆုံနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ကျွန်တော်လည်း ပြည်ရွှေဆံတော် ဘုရားကြီးကို ဖူးမျှော်ဖူးပါတော့သည်။ နောက်တစ်နေ့တနင်းလာနေ့တွင် ဒုဗိုလ်မှူးကြီး ထွန်းမြင့်ဦး၊ ဗိုလ်မှူးတင်လှနှင့် ကျွန်တော်တို့သုံးယောက် ပထမဆုံး အကြိမ် စတွေ့ကြ၏။ ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်း ဗိုလ်မှူးတင်လှက

“ ဟော့ ကိုသက်ဦး၊ မောင်ရင်လက်ခံထားတဲ့ ခဲယမ်းကိစ္စတွေ ပြတ်အောင် ရှင်းရမယ်နော်၊ မပြတ်လို့တော့ မရဘူး ”ဟု ခပ်တည်တည်ဖြင့် ကျွန်တော့်အား ပြောပါတော့သည်။ တပ်ရင်းမှူးဖြစ်နေသည့် ဗိုလ်မှူးကြီးထွန်းမြင့်ဦးကလည်း

“ အေးကွာ၊ ကိုယ်လဲ အားတာ မဟုတ်ဖူး၊ တပ်နားတုန်းခဏ ပြေးလာရတာ၊ ကိုသက်ဦး မောင်ရင်လက်ခံခဲ့တဲ့ ခဲယမ်းကိစ္စပြီးအောင် ရှင်းပေးခဲ့ပါ ”

ဟု ဝင်ပြော၏။

ထိုအခါ ကျွန်တော်က အသာအယာ ပြုံးလိုက်ပါသည်။

“ ဗိုလ်မှူးရယ်၊ ကိစ္စက ပြီးနေပါပြီ၊ ခဲယမ်းထုတ်ပေးထားတဲ့ ပြေစာတွေ ဗိုလ်ကြီး မောင်မောင်တင်ဆီမှာ ကျွန်တော်တွေ့ထားပြီးပြီ၊ ထုတ်ပေးထားတဲ့လက်မှတ်က ဗိုလ်မှူးလက်မှတ်နဲ့ဘဲလေ၊ ပေါင်းကြည့်တော့ စာရင်း သိပ်မကွာပါဘူး၊ အနည်းအကျဉ်းလောက်တော့ ဗိုလ်ကြီး မောင်မောင်တင်တို့ တပ်မဌာနချုပ်က တာဝန်ယူမယ် ပြောပါတယ်၊ အဲဒီပြေစာတွေ အကုန်လုံး အစ်ကိုကြီးတို့ မရှိတုန်း ကျွန်တော်မိတ္တူကူး ယူထားပြီးပြီ ”

ကျွန်တော်က ခပ်တင်းတင်း ပြန်ပြောလိုက်၏။

ထိုအခါ ပုဂ္ဂိုလ်ကြီးနှစ်ယောက် အငိုက်မိသွားပုံရသည်။ ထိုဖိုင်ကြီးကို ကျွန်တော် တွေ့လိမ့်မည်ဟု ထင်ပုံ မရ၊ ယခု ကျွန်တော် တွေ့သွားပြီး ပြေစာတွေကို မိတ္တူကူးယူထားသည်ဟု ပြောသောအခါ သူတို့နှစ်ဦး လေသံပျော့သွား၏။

“ ဩော် ကိုယ့်ညီက တွေ့ပြီးပြီကိုး၊ ဒါဆိုရင်လဲ နည်းနည်းပါးပါး လိုတာလေးတော့ အဆင်ပြေအောင် ညှိပေးပါ၊ ကိုယ့်ညီလဲ တပ်မကျိုတူးပဲ၊ ညီလေးတို့ တပ်မအချင်းချင်း ညှိပေးရင် အဆင်ပြေသွားမှာပါ ”

“ ရပါတယ်၊ တပ်မနှစ်ခု ညှိလိုက်ပါ့မယ်၊ ဒီခုလောက် ပြန်တွေ့ထားတော့ အားလုံးနီးပါး ပြန်တွေ့သလောက် ဖြစ်နေပြီ ”



ကျွန်တော်တို့ စကားဝိုင်းဘေးတွင်ရှိနေသည့် ဗိုလ်ကြီး မောင်မောင်တင်က ဝင်ပြောလိုက်သည်။ အမှုတွဲမှာ သူကိုင်သဖြင့် ကျွန်တော်တို့ သုံးယောက်လုံးအတွက် အဆင်ပြေသွားပါတော့သည်။ ထိုစဉ်က တပ်မ(၆၆)မှ ဗျူဟာတစ်ခုနှင့် တပ်ရင်းသုံးရင်းသည် ကျွန်တော်တို့ တပ်မ(၈၈) ကွပ်ကဲမှုအောက် မိုင်းဖြတ်တွင် တာဝန်ကျနေ၏။ သို့ဖြစ်၍ ဦး(၃) ကိစ္စများ အထိုက်အလျောက် ညှိနှိုင်း၍ ရပါသည်။ ထို့ကြောင့် ဗိုလ်မှူးထင်လှက ပြောလိုက်ခြင်းဖြစ်၏။

“ကဲ ဒါဆိုရင်တော့ အားလုံးကင်းရှင်းကြောင်းကိုတော့ ကြေးနန်း ထုတ်ပေးပါဦးဗျာ၊ တပ်မ (၆၆)က ဒီခဲယမ်းကိစ္စက ကြေးနန်းတွေ တစ်စောင်ပြီး တစ်စောင်လာနေတာ ကျွန်တော့်အတွက် ကသိကအောက် ဖြစ်နေတယ်၊ တပ်မမှူးကလဲ ဒီကို သိပ်ပြီး လွှတ်ချင်တာ မဟုတ်ဘူး ”

ကျွန်တော်က အထက်ပါအတိုင်း ပြောလိုက်မိ၏။ အားလုံး၏ စောင့်မကြည့်ရှုမှု၊ ဗိုလ်ကြီးမောင်မောင်တင်၏ ကူညီမှုဖြင့် ကျွန်တော်သည် အဆိုပါ ဘုန်းကြီးအမှုရှာလာပတ်သည့် ခဲယမ်းအမှုကြီးမှ အထက်ပါ အတိုင်း ကွင်းလုံးကျွတ် လွတ်မြောက်လာခဲ့ရပါသည်ခင်ဗျား။

အရာရှိငယ်များ သင်ခန်းစာ ယူနိုင်ကြပါကုန်။

## ကျိုင်းတုံလေဆိပ်က ပေါက်ကွဲမှုကြီး

အချိန်ကား ၁၉၈၅ ခုနှစ်၊ နွေနေ့ တစ်နေ့ဖြစ်၏။ တပ်မမှူးသည် ရန်ကုန်စစ်ရုံးမှ အရေးတကြီးလှမ်းခေါ်သဖြင့် ရန်ကုန်သို့ ထွက်သွားသည်။ ရှေ့တန်းတပ်မတာဝန်အား ဒုတပ်မမှူးသို့ လွှဲခဲ့သည်။ ဒုတပ်မမှူးသို့ တာဝန်လွှဲခဲ့သည်ဆိုသော်လည်း ခရီးထွက်သွားတိုင်း ကျွန်တော့်အား မှာစရာရှိသည်များကို အသေးစိတ်မှာလေ့ရှိ၏။ ထို့အပြင် ပြန်လာသည့် အခါများ၌လည်း လေဆိပ်မှာပင် သူမှာခဲ့သည်များကို လုပ်မလုပ် မေးလေ့ရှိ၏။ ယခု တစ်ခေါက်တွင်မူ ဘာမှ ထူးထူးခြားခြား မှာမသွားပါ။ လေယာဉ်ပေါ် တက်ခါနီးမှ

“ ဟော့ ကျိုတူး ငါမရှိတုန်း မင်းတို့ ကြောင်မရှိ ကြွက်မြူး လာမနေနဲ့ ”

ဟု ပြောသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တပ်မမှူးစကားကြောင့် ကျွန်တော့်မှာ ငိုရမလို၊ ရယ်ရ မလို ဖြစ်သွား၏။ တပ်မမှူးက ကြောင်မရှိ ကြွက်မြူးဆိုတာ ဘာကို ရည်ညွှန်းပါလိမ့်။ ဒုတပ်မမှူးက ဗွီဒီယိုအတော် ဝါသနာပါ၏။ တပ်မမှူး မရှိသည့်ရက်များတွင် မိုးစင်စင်လင်းသည်အထိ ဗွီဒီယိုကြည့်တတ်၏။ ထိုအခါများတွင် အဖော်အလျော့အဖြစ် ကျွန်တော့်အား ခေါ်လေ့ရှိသည်။ ကျွန်တော်နှင့် ဒုတပ်မမှူး၏ ဇနီးသည်လည်း တက္ကသိုလ်ကျောင်းသားဘဝက ရန်ကုန်ဘီအိုစီကောလိပ်၌ ကျောင်းနေဘက်သူငယ်ချင်း ဖြစ်ခဲ့ဖူးသည်။

ထို့ကြောင့် ကျွန်တော်နှင့် ဒုတပ်မမှူးတို့တွင် ပြောစရာအကြောင်းအရာများ အတော်ရှိနေပါသည်။ ထို့ကြောင့် တပ်မမှူးမရှိသည့်နေ့များ၌ ကျွန်တော်သည် ဒုတပ်မမှူးနှင့်အတူ ဗွီဒီယိုကြည့်ဖြစ်၏။ ညအတော်များများ မိုးလင်းသွားသည်။ ကြောင်မရှိ ကြွက်မြူးဆိုသည်မှာ ထိုကိစ္စကိုများ တပ်မမှူးက ရည်ညွှန်းလေသလားတော့ မသိပါ။

တပ်မမှူးက ကြောင်မရှိ ကြွက်မြူးမလုပ်နှင့်ဆိုပါမှ ယခုတစ်ခေါက်တွင် ပြဿနာပေါ်တော့၏။ တပ်မမှူး ရန်ကုန်ထွက်သွားပြီး သုံးရက်မြောက် နေ့တွင်ဖြစ်၏။ ရန်ကုန်စစ်ရုံးမှ ကျွန်တော့်အား ဆက်သွယ်ရေးစက်ဖြင့် စကားပြောလိုသည်ဆို၍ စက်ခန်းအတွင်းသို့ သွားလိုက်ရသည်။ စက်ခန်းမှာ ကျွန်တော့်ရုံးခန်းနှင့် ကပ်လျက်အခန်းဖြစ်၏။

" ယက္ခမှ ယက္ခ ယက္ခ၊ ဒီက အသံကောင်းလား၊ ဒါပဲ "

" ယက္ခမှ ယက္ခ ယက္ခ၊ အသံကောင်းပါတယ် ခင်ဗျာ၊ ပြောပါ၊ ဒါပဲ "

" ယက္ခမှ ယက္ခလေ၊ ကျိုင်းတုံလေဆိပ် မီးလောင်နေတယ်ဆိုတာ ဟုတ်သလား၊ ဒါပဲ "

" ယက္ခမှ ယက္ခ မဟုတ်ပါဘူး၊ အဲဒီသတင်းကို ဘယ်က ရပါသလဲခင်ဗျာ၊ ဒါပဲ "

" ယက္ခမှ ယက္ခ ပြန်ကြည့်ပါဦး၊ အဲ့ဒီသတင်းကို ကကလေ က ရတယ်၊ အသေးစိတ် အခြေအနေ သိလိုတယ်၊ လေဆိပ်ကို သွားကြည့်ပါ၊ ဒါပဲ "

" ကောင်းပါပြီ ခင်ဗျာ၊ အခုသွားကြည့်ပါ့မယ်၊ ဒါပဲ "



" ယက္ခမှ ယက္ခ၊ ကြည့်ပြီးရင် အခြေအနေပြန်လည် သတင်းပို့ပါ၊ ဒါဘဲ "

" ယက္ခမှ ယက္ခ ကိုးခြောက်ပါ ခင်ဗျာ၊ ဒါဘဲ "

ကျွန်တော်သည် ရုံးဘေးတွင် အသင့်ထိုးထားသည့် နစ်ဆန်းကယ်ရီယာကားလေးဖြင့် လေဆိပ်သို့ အပြေးထွက်ခဲ့၏။ လေဆိပ်ရောက်တော့ ကျိုင်းတုံလေဆိပ်တစ်ခုလုံး "အုမ်း၊ ဒိုင်း" သံ ဆူညံ၍ ပြေးကြလွှားကြဖြင့် ရှုန်းရင်းဆန်ခတ်ဖြစ်နေ၏။ လေဆိပ်အနီး ယမ်းတိုက်တစ်ခုမှ ကျည်ဆန်များ၊ ခဲယမ်းများ "အုမ်းကနဲ၊ အုမ်းကနဲ" တစ်လုံးပြီး တစ်လုံး ထပေါက်နေသည်။ လေဆိပ်၌ ချင်း(၄)မှ တပ်ရင်းမှူး နှင့် အရာရှိများကို တွေ့ရ၏။

" ဟ ဘယ်လိုတွေ ဖြစ်နေကြတာလဲ "

" ဘာဖြစ်ရမှာလဲ၊ ဟိုမှာ ကာစတန်က ကိုလှဝေလေ၊ ကလေးတွေနဲ့ ဆော့ပြီး မီးပန်း ဝင်လွှတ်တာ၊ မီးပန်းက ဟောဟိုက အခုကျည်ဆန်တွေ ပေါက်ကွဲနေတဲ့ ဘန်ကာပေါ်ကျပြီး ဘန်ကာပေါ်က သစ်တုံးတွေ မီးလောင်တယ်၊ သစ်တုံးတွေအောက်မှာ ၇၆ အမြောက်ကျည်ဆန်တွေ ရှိတယ်၊ အခု အဲ့ဒါတွေ မီးကူးပြီး ထပေါက်နေတာ "

ကျွန်တော့်အား ချင်း(၄)မှ ထောက်လှမ်းရေးအရာရှိကြီး ဗိုလ်ကြီး ထိန်လင်းမှ ဆီးပြောသည်။

" အေးကွာ၊ ကိုယ်လဲ စစ်ရုံးကပြောလို့ လာပြေးကြည့်တာ၊ ဥတို့လဲ ကကလေ က ပြောလို့ သိတာတဲ့၊ ကိုယ်လူတို့ကလဲ ချက်ချင်း တပ်မကို အကြောင်းကြားဖို့ ကောင်းတယ်ကွာ၊ စစ်ရုံးက ပြောမှ သိရတယ်ဆိုတော့ ကိုယ့်ညံ့ရာ ကျတာပေါ့ "

ကျွန်တော်က ဗိုလ်ကြီးထိန်လင်းကို မကျေမနပ်ဖြင့် ပြောလိုက်မိ၏။

" ချာတာလေယာဉ်ပျံ ကော အခုဘယ်မှာလဲ "

ထိုနေ့မနက်က ချာတာလေယာဉ်ပျံ ရန်ကုန်မှ ကျိုင်းတုံသို့ ပစ္စည်းများပို့ရင်း ရောက်နေသည်။ ညနေမှ ပြန်မည်။ ဒီက ပစ္စည်းနှင့် ခရီးသည်များ ပြန်ထည့်ပေးရဦးမည်။ ယခု လေယာဉ်ပျံတွင် မတွေ့၍ ပေးနေရသည်။

www.burmeseclassic.com



"ဟိုမှာလေ၊ ဒီက ခဲယမ်းတွေ ပေါက်ကတည်းက သူထိမှာ စိုးလို့ အပေါ်ပျံတက် ပြေးသွားတာ၊ ကကလေကို သတင်းပို့တာလဲ၊ ဖ… ချာတာလေယာဉ်ပျံကပဲ"

ဗိုလ်ကြီးထိန်လင်းက အထက်ပါအတိုင်း ပြန်ပြော၏။ ပေါက်ကွဲမှုမှာ မရပ်ပါ၊ တဒိန်းဒိန်း၊ တဒိုင်းဒိုင်းဖြင့် အဆက်မပြတ် ပေါက်ကွဲနေ၏။ ကျွန်တော်က အိုင်ကွန်စကားပြောစက်မှတစ်ဆင့် ဒုတပ်မမှူးနှင့် ဗျူဟာမှူးတို့အား လေဆိပ်အခြေအနေကို လှမ်းသတင်းပို့လိုက်ရ၏။ ချက်ချင်းပင် ဒုတပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်နှင့် ဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့်တို့ ရောက်လာသည်။ မီးသတ်ကားများလည်း ရောက်လာ၏။ တဒိန်းဒိန်း တဒိုင်းဒိုင်းမို့ ပေါက်ကွဲနေသည့် နေရာအနီးသို့ မည်သူမှ မကပ်ရဲသော်လည်း ဒုတပ်မမှူးနှင့် ဗျူဟာမှူးက ရဲဝံ့စွာ ကပ်သွားကြ၏။ ထို့နောက် ထိုနေရာအား မီးသတ်ရဲဘော်များ၊ ချင်း(၄)မှ စစ်သည်များဖြင့် အားလုံးဝိုင်း၍ စွန့်စားငြိမ်းသတ်ရာ နေ့ခင်းလောက်တွင် မီးလောင်နေသော ဘန်ကာများ လုံးဝ မီးငြိမ်းသွားတော့၏။ ၇၆ မီလီမီတာ အမြောက်ကျည်ဆန် အတော်များများ ဆုံးရှုံးသွား၏။

ကျွန်တော်သည် ဂျီတူးဆိုသော်လည်း ထိုကိုင်းအံရဲ အမြောက်ကျည်ဆန်များ ချင်း(၄)တွင် ထားကြောင်း၊ ထိုသို့ ထားရာ၌ လေဆိပ် မနီးမဝေး ဘန်ကာများအောက်တွင် ထည့်ထားကြောင်း လုံးဝ မသိပါ။ ယခုဖြစ်စဉ် ဖြစ်ပွါးမှသာ သိရခြင်းဖြစ်၏။ မီးငြိမ်းသတ်ပြီး ရှေ့တန်းတပ်မရုံးသို့ ပြန်ရောက်သည့်အခါ ဖြစ်စဉ်တစ်ခုလုံးအား အစီရင်ခံစာ ရေးသား၍ ရပခ၊ ကစထ နှင့် ကာကြည်းသို့ တင်ပြရပါတော့သည်။

နောက်နေ့ တပ်မမှူး ရန်ကုန်မှ ပြန်ရောက်သည့်အခါ ကျွန်တော့်ကို ထိပ်ဆုံးမှထား၍ ဆူပါတော့သည်။

"မောင်ရင်တို့ ကိုယ် မရှိတော့တာနဲ့ အိုးနင်းခွက်နင်းပဲ အတော်ရှက်စရာ ကောင်းတယ်၊ ဒီလောက် နွှေပေါက်ပြီး နေပူနေတာ ဒီကျည်ဆန်တွေ လုံလုံခြုံခြုံရှိ မရှိ မောင်ရင် သွားမစစ်ဘူးလား"

"အဲဒီကျည်ဆန်တွေ အဲဒီမှာရှိတာ ကျွန်တော်လုံးလုံး မသိပါ ခင်ဗျာ"

"ဟာ မောင်ရင် မသိဘူးလား၊ ဗိုလ်အောင်မင်းက မပြော[redacted] လား"



"ဗိုလ်ကြီးအောင်မင်းကလဲ မပြောပါဘူး၊ ဗိုလ်ကြီးထိန်လင်းကလဲ မပြောပါဘူး"

"အေး ကောင်းရောကွာ၊ စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့၊ တာဝန်ရှိတဲ့ လူတွေ အရေးယူ၊ လုံးဝ ခွင့်မလွှတ်နဲ့"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ဟုတ်ကဲ့ပါ"

တပ်မမှူးက ဒုတပ်မမှူးနှင့်ဗျူဟာမှူးရှေ့၌ ကျွန်တော့်ကို ဖိဆူ၏။ မိတ္တူပေးနေသလားတော့ မသိပါ၊ ကျွန်တော်သည် ထို မီးလောင်မှုအတွက် ရဲစခန်းတွင်လည်း အမှုဖွင့်လိုက်၏။ ထိုအခါ ရဲက ကိုလှဝေအား အရေးယူပါလေတော့သည်။ ကိုလှဝေမှာ Custom ခေါ် အကောက်ခွန် ဦးစီးဌာနမှ ဖြစ်၏။ ကျိုင်းတုံမြို့သည် ထိုစဉ်က ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းသော လူသုံးအိမ်သုံးပစ္စည်းများ သိုလှောင် ဖြန့်ဖြူးရောင်းချရာ အဓိက မြို့ကြီးနှစ်မြို့၊ သုံးမြို့တွင် ပါဝင်၏။

ထို့ကြောင့် အကောက်ခွန်ရုံး ဖွင့်ထား၏။ လုပ်ငန်းသဘောသဘာဝအရ ထိုစဉ်က အကောက်ခွန်ရုံးမှာ အမြဲတမ်းလူစည်ကားနေသည်။ ကြည့်လိုက်လျှင် သူတို့ရုံးတွင် အကောက်ခွန်မဲ့ သိမ်းဆည်းမိသည့် ပစ္စည်းများကလည်း အမြဲလိုလို ပြည့်လျှံနေတတ်၏။ ထိုရုံးက အကောက်ခွန် အမှုထမ်းများကိုလည်း ကျိုင်းတုံတစ်မြို့လုံးက သိကြ၏။ ကျွေးချင်၊ မွေးချင်၊ ပေးချင်၊ ကမ်းချင်နေကြ၏။ အကောက်ခွန် ဝန်ထမ်းများ အလွန်မျက်နှာပွင့်သည့် အခါသမယ ဖြစ်၏။ လေဆိပ်တွင်လည်း သူတို့တစ်တွေ အထူးပင် မျက်နှာပွင့်ကြပါသည်။ ကိုလှဝေသည် ထိုဌာနမှ သုံးရစ်ရထားသည့် အကောက်ခွန် အကြပ်ကြီးဖြစ်သည်။ ပျော်ပျော်ပါးပါး စားစားသောက်သောက် နေတတ်၏။ ကျွန်တော်နှင့်လည်း ခင်ပါသည်။ သို့ရာတွင် ထိုကိစ္စဖြစ်တော့ ကိုလှဝေ အရေးယူခံရသည်။ Suspension ခေါ် ရာထူးချခြင်း ခံရ၏။ သူ့ အမှုတွင် ကျွန်တော်မှာ အရေးကြီးသက်သေဖြစ်နေ၍ ရဲသို့ နှစ်ခါ၊ သုံးခါ ထွက်ဆိုချက် ပေးရသည်။ အမြောက်ကျည်ဆန်များမှာ တန်ဖိုးကြီးမား လှ၍ ဆုံးရှုံးမှု မနည်းပါ။

ထို့ကြောင့် ကိုလှဝေကိုသာမက လေဆိပ်လုံခြုံရေးတာဝန်ကျသည့် တပ်နှင့် ရဲမှ တာဝန်ရှိသူများကိုပါ တပ်မမှူးက အရေးယူစေပါသည်။ သုံးလေးငါးလကြာမှ အမှုပြီးပြတ်သွားတော့၏။ အမှုဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝေ ရာထူးမှ ပြုတ်သွားသည်။ လေဆိပ်လုံခြုံရေး တာဝန်ယူနေသော တပ်နှင့်ရဲများ သတိပေး ဆုံးမခံကြရသည်။ ရာထူးမှပြုတ်ပြီး မကြာမီတွင် ကိုလှဝေတစ်ယောက် စိတ်ဓါတ်ကျကာ ကွယ်လွန်သွားသည်ဟု ကြား သိရ၏။

" ကိုလှဝေက ကလေးလိုပဲ၊ ဘာမှ အလေးအနက်မရှိဘူး ခပ်ပေါ့ပေါ့ပဲ၊ အဲ့ဒီနေ့က ကိုကြင့်ခိုင်တို့နဲ့ ဈေးတန်းမှာ ဘီယာ သောက်နေရင်း ကလေးတွေ မီးရှူးမီးပန်း ပစ်ဖေါက်ကစားတာ မြင်တော့ သူ ရောရောင်ပေါ်ကြောင်နဲ့ ကလေးသွားလုပ်ပြီး မီးပန်းလွှတ်လိုက်တာ ငါးပါးမှောက်တော့တာပဲ၊ နည်းနည်းလဲ မူးပေါက်နေပုံရတယ် "

ကျွန်တော့်အား ထိုနေ့ကလေဆိပ်သို့ရောက်နေသည့် ကျွန်တော့်မိတ်ဆွေ တရားရေးဝန်ထမ်း ကိုလှမောင်က ပြောပါသည်။

" တကယ်တော့ ဗိုလ်မှူးရေ၊ ကိုလှဝေကို ဖျက်တာ အရက်ပဲ၊ မူးနေတော့ အမှားအမှန် မစဉ်းစားနိုင်တော့ဘူးပေါ့ဗျာ၊ ကျွန်တော်တို့ သူ့အမှုကို စစ်ရတယ်၊ ကျွန်တော်နဲ့လဲ ခင်ပါတယ်၊ အမှုပြီးတော့ သူ တော်တော်ပိန်သွားတယ် "

ကိုလှမောင်က အထက်ပါအတိုင်း ဖြည့်စွက်ပြောကြားပါသည်။

ဤသို့ဖြင့် ကျိုင်းတုံလေဆိပ်တွင် မမျှော်လင့်ဘဲ ခဲယမ်း ပေါက်ကွဲ၍ မီးလောင်ခဲ့မှုကြီး၌ ကျွန်တော့်မိတ်ဆွေ ကိုလှဝေတစ်ယောက် ဇာတ်သိမ်းမကောင်းပုံကို သတိတရ ဖော်ပြလိုက်ရပါသည်။ လူ့ဘဝ ဆိုသည်မှာ အလွန်အခြေအနေကောင်းနေရာမှ ကံဆိုးမိုးမှောင်ကျ လာသည့်အခါ ယခုကဲ့သို့ မမျှော်လင့်ပဲ ရုတ်ခြည်းပြောင်းလဲ သွားတတ်ပါ၏။

### မှောင်ခို အဖမ်းကောင်းလို့

ကျိုင်းတုံမြို့သည် ထိုင်းနိုင်ငံမှ တင်သွင်းသည့် ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးရောင်းချရာ မြန်မာနိုင်ငံ၏ အဓိကမြို့ကြီး သုံးလေး မြို့တွင် ပါဝင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျိုင်းတုံသည် ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ ချင်ရိုင်းမြို့နှင့် သိပ်မဝေးလှ။ ကျိုင်းတုံနှင့် တာချီလိတ်သည် မိုင်ပေါင်း (၁၀၀)ခန့်ရှိ၍ တာချီလိတ်နှင့်ချင်ရိုင်းသည် ကီလိုမီတာ (၉၀) ခန့် ဝေးသည်။ ထို့ကြောင့် ကျိုင်းတုံမှ ချင်ရိုင်းသို့ မိုင်ပေါင်း (၁၅၀)ခန့် ရှိသည်။ ထို့အပြင် ချင်ရိုင်းမှ ထိုင်းနိုင်ငံ တောင်ဘက်ရှိ မြို့တော်



ဘန်ကောက်အထိ အဝေးပြေးလမ်းမကြီးမှာ အလွန်ကောင်းလှသည်။ တစ်ရက်တည်းနှင့် ဘန်ကောက်သို့တိုင် ခရီးပေါက်သည်ဟု သိရ၏။

ထို့ကြောင့် ထိုစဉ်က ထိုလမ်းကြောင်းမှ လူသုံးအိမ်သုံး ပစ္စည်းများ မြန်မာနိုင်ငံသို့ အတော်ဝင်၏။ ပစ္စည်းသယ်သူများကလည်း မော်တော်ကားများ၌ ပစ္စည်းများကို မတန်တဆ အလွန်အကျွံတင်ကာ သယ်ကြ၏။ ဂျစ်ကားများကိုပင် ဘော်ဒီအိမ်အား သံမဏိပြားများဖြင့် ကာရံ၍ လေးထောင့်သေတ္တာကြီးပုံလုပ်ကာ ပစ္စည်းသယ်ကြသည်။ ထိုကားကို ဂျစ်ဘီလူးဟု ခေါ်၏။ ဂျစ်ဘီလူးသည် သာမန်ဂျစ်ကား သုံးစီးစာခန့် သယ်နိုင်၏။ ထိုသို့ ဝန်လေးသော ကားများကြောင့် ကျိုင်းတုံနှင့် တာချီလိတ်ကြားရှိ တံတားများ ကျိုးကုန်ကြ၏။ အထူးသဖြင့် ကျိုင်းတုံနှင့် မိုင်းဖြတ်ကြားတွင် ပို၍ ကျိုး၏။ တံတားများကျိုးက ပြန်လည်ပြုပြင်ရ၍ တပ်အတက်အဆင်း အလဲအလှယ်ပြုလုပ်ရာ၌ အချိန်မကိုက်တော့၊ သတ်မှတ်ရက်မဝင်တော့ တံတားများ ခဏခဏ ပျက်၍ ပြင်ရသည်ကို ကျိုင်းတုံ ဆလကမှ တာဝန်ခံအရာရှိ ဦးသန့်ဇင်ကလည်း အတော်ညည်းရှာ၏။

ထိုကိစ္စနှင့်ပတ်သက်၍ တစ်ရက်တွင် တပ်မမှူးက နေ့စဉ်စစ်ဆင်ရေးအစည်းအဝေး Briefing ၌ အောက်ပါအတိုင်း ပြောပါသည်။

" တာချီလိတ်သွားခွင့်ပေးတဲ့ ကားတွေ သိပ်ကုန်ချိန်များတယ်၊ ရေးထောက်ဌာနက အလွယ်တကူ ခွင့်မပြုပါနဲ့၊ စစ်ဦးစီးဌာနကလဲ စခန်းတွေကို ဒီကိစ္စနဲ့ပတ်သက်ပြီး အခြေအနေ သတင်းပို့ခိုင်းပါ၊ Over Weight တန်ပိုကားတွေဆို တားခိုင်း၊ တံတားတွေ အလွယ်တကူဖြတ်ခွင့်မပေးနဲ့ "

ကုန်ကားများ တာချီလိတ် အတက်အဆင်းခွင့်ပြုချက်ကို ရေးထောက်ဌာနမှ ခွင့်ပြုခြင်းဖြစ်၏။ ကျွန်တော်တို့ စစ်ဦးစီးဌာနမှ ထိုကိစ္စများကို မကိုင်ရပါ။ ထိုနှစ်က မိုးတွင်းတွင် မိုးအလွန် သည်းထန်ရှာ၏။ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် လမ်းနေရာအတော်များများ ပြိုကုန်၏။ တံတားများ ပျက်စီးကြ၏။ ဩဂုတ်လတစ်ရက်၌ လမ်းခကီး တံတားကြီးတစ်ချောင်း ကျိုးသွားလေသည်။ ကျိုးရသည်မှာ မိုးကြောင့် မဟုတ်။ တာချီလိတ်ဘက်မှ မတန်တဆ ပစ္စည်းတင်လာသည့်

www.burmeseclassic.com

www.burmeseclassic.com





တုန့်တင်ကားများကြောင့် ဖြစ်၏။ ထိုအချိန်တွင် မိုင်းယောင်းသို့ တစ်ဝါ ချိန်နှင့်ရသည်း သွားတိုက်ဆိုင်နေရာ တပ်အရွှေ့အပြောင်း နှောင့်နှေး သွားခဲ့၏။ ထိုအခါ တပ်မမှူးမှ အလွန် စိတ်ဆိုးသွားလေသည်။

" ရေးထောက်ဌာနက တာချီလိတ် အတက်အဆင်းကား အရမ်းခွင့်မပြုပါနဲ့ ပြောထားတာ၊ ပြောစကား နားမထောင်ဘူး၊ အ ယမ်းခနားက တံတားကြီးကျိုးသွားပြီ၊ ဦးသန့်ဇင်လူတွေ အရေးပေ သွားပြင်နေရတယ်၊ သူတို့ဟာသူတို့ စီးပွါးရှာလုပ်တာ အကြော မဟုတ်ဘူး၊ တို့စစ်ရေးကိစ္စတွေ နှောင့်နှေးတယ်၊ ဟေ့ ဂျိုတူး မင်းရဲ့ ကားတွေ သွားဖမ်းစမ်း "

တပ်မမှူးက အထက်ပါအတိုင်းပြောပြီး အစည်းအဝေးခန်းမှ ထ ထွက်သွား၏။ ကျွန်တော်သည် ဘာမပြော၊ ညာမပြောနှင့် စစ်ဦးစီးဌာန ဆရာကြီးတစ်ယောက်အား ဆိုင်ကယ်ဖြင့် ခေါ်ကာ လုံခြုံရေးတပ် တာဘိုင်တစ်လက်ကို စလွယ်သိုင်း၍ ကားဖမ်းရန် ထွက်ခဲ့ ပါတော့သည်။ ဆိုင်ကယ်နှင့်ဖြစ်၍ ယမ်းခသို့ တစ်နာရီသာသာဖြင့် ရောက်သွား၏။ တံတားကြီးအနီး တောထဲတွင် တာချီလိတ်မှ ပစ္စည်းတင်လာသော ကား (၅)စီးအား သွားတွေ့၏။ သူတို့ကြောင့် တံတားကျိုးရခြင်းဖြစ်၏။ တံတား ကတော့ မြှင့်ပြီး နေပြီ။ သို့ရာတွင် လွယ်လွယ် ကူကူနှင့် လွှတ်၍ မဖြစ် ထို့ကြောင့် ကားဆရာများအား " ဟေ့ လူတွေ လိုက်ခဲ့ကြ "ဟု ခေါ် လာ၏။ ထိုနေ့ ညနေစောင်း၌ ကျိုင်းတုံသို့ ပြန်ရောက်လာ၏။ ကား ငါးစီးအား တပ်မရုံး ဘေးတွင် ထိုးထားလိုက်၏။ ထို့နောက် ယမ်းခအနီး Over Weight ကားတွေကို ကျွန်တော် ကိုယ်တိုင် ဖမ်းခေါ်လာကြောင်း တပ်မမှူးအား သွားသတင်းပို့လိုက်ရာ တပ်မမှူးက

" ဟေ မင်းကိုယ်တိုင် သွားဖမ်းတာလား "

" ဟုတ်ပါတယ် ခင်ဗျာ "

" အောင်မယ်လေး ဂျိုတူးရယ်၊ ငါက စိတ်ဆိုးလို့ ပြောတာ မင်းက လူငယ်တွေ မခိုင်းပဲ မင်းကိုယ်တိုင် တကယ်သွားလုပ်တာကိုး "

ဟု တအံ့တသြဘဲ ဆိုပါတော့သည်။

" အေး၊ ခဏထားလိုက်အုံး၊ မင်းခေါ်လာတဲ့ ကားတွေကိစ္စ စဉ်းစားဦးမယ် "ဟု မျက်နှာထားတည်တည်ဖြင့် ပြောလိုက်ရာ ကျွန်တော်

လည်း အကြောင်းကျားဖြင့် ရုံးသို့ ပြန်ခဲ့၏။ ကျွန်တော့် စစ်ဦးစီးရုံးမှ ဗိုလ်ကြီးမင်းဆွေ၊ ဗိုလ်ကြီးရာဇလျံမှုန်းနှင့် ဆရာကြီးစံလှိုင်တို့ အား ကိုအဖြစ်အပျက်ကို ပြောပြရာ ၄င်းတို့က တဟားဟား ရယ်မောကြပြီး

" အစ်ကိုကြီးက ရွှေဖျင်းညီနောင်ကို ရွှေဖော့လုံးနဲ့ရိုက်ပြီး နည်း နည်း ဆုံးမစမ်းပါလို့ အနော်ရထာက ကျန်စစ်သားကို ခိုင်းလိုက်တာ ကျန်စစ်သားက ရွှေဖော့လုံးနဲ့ မရိုက်ဘဲ ဝါးရင်းတုတ်နဲ့ လည်မျိုကို ရိုက် က်သလို လုပ်တာကိုး "

ဟု ဝိုင်းပြောကြပါတော့သည်။

နောက်နေ့၌ ပစ္စည်းပိုင်ရှင်များ တစ်ဦးပြီး တစ်ဦး၊ စစ်ဦးစီးရုံးသို့ က်လာ၏။ ထိုအခါ စစ်ဦးစီးရုံးတွင် အရပ်သူအရပ်သားများ ကြိတ် ဟ် တိုးနေကြ၏။ ကျွန်တော်တို့ရုံးကို မရောက်ဖူးသူ အတော် များများ ောက်လာကြ၏။ ထိုကိစ္စကို ထိုင်ရှင်းနေရသဖြင့် ကိုယ်မှုလတာဝန် သည့် လုပ်ငန်းများအတော်ပင် လစ်ဟင်းကုန်ပါသည်။ ထို့ကြောင့်ပင် း်စီးဌာနမှ အရာရှိများက

" ဗိုလ်မှူးရေ ဗိုလ်မှူးဆွဲလိုက်တဲ့ ကျားမြီးကတော့ မလွယ်ဘူး "

ဟု ဆိုကြကုန်၏။ ဤကိစ္စတစ်ခုတည်းနှင့်ပင် ကျိုင်းတုံတစ်မြို့လုံး က ကျွန်တော်တို့ စစ်ဦးစီးဌာနကို ကောင်းကောင်းကြီး သိသွားပါတော့ ည်။ ထိုဇာတ်လမ်းတွင် ကျွန်တော်က အမိကဲ ဇာတ်လိုက်ကြီးပေါ့ ဗျာ။

သုံးရက်မြောက်သည့်နေ့၌ တပ်မမှူးက ကျွန်တော်ဖမ်းလာသည့် ကားငါးစီးအား အကောက်ခွန်ဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက်ပါတော့ သည်။ ထိုအခါမှ ထိုကိစ္စ ပြီးပြတ်သွားတော့၏။ ထိုကိစ္စပြီးသွားသည့် ါ ကျွန်တော်နှင့် ကျွန်တော်တို့ စစ်ဦးစီးဌာနအား ရေးထောက် ဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ကပါ တိုင်ပင်ဖော်တိုင်ပင်ဖက် လုပ်၍ လုပ်ငန်းကိစ္စများ လာရောက်ညှိနှိုင်းပါတော့သည်။ စစ်ဦးစီးဌာန စည်ကား လာ၏။ ဌာနရဲ့ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများက ကျွန်တော်တို့ ဌာနကြီး လစ ကားလာသည်ကို ကြည့်၍

" တို့ ကားကြီး၊ မှောင်ခိုအဖမ်းကောင်းလို့ တို့ဌာနကြီး လူစည် ယ်တော့ "

www.burmeseclassic.com

www.burmeseclassic.com



ဟု ရယ်မောနောက်ပြောင်ကာ ပြောဆိုကြပါတော့သည်။ လူငြေ
လာတော့လည်း အပျင်းပြေသွားတာပေါ့ ခင်ဗျာ။



**...ပ်မမှ ပြောင်းရပြီ**

ကျွန်တော်သည် ၁၉၈၄ ခုနှစ်၊ ဩဂုတ်လ၌ ဂျိုတူးတာဝန် စတင်ထမ်းဆောင်၏။ ထမ်းဆောင်ကာစ ကာလတွင် အခြေအနေအရပ်ရပ်ကို မှန်းဆပြီး

" ကျွန်တော်တော့ ဒီရာထူးမှာ တစ်နှစ်လောက်ပဲ ကြာမယ်ထင်တယ် "ဟု ကျွန်တော်တို့ ဌာနမှ လုပ်ဖော်ကိုင်ဖက်များကို ပြောမိ၏။

" ဟာ မဟုတ်ပါဘူး၊ ဂျိုတူးတို့ ဂျိုသရီးတို့ ဆိုတာ နှစ်နှစ်သုံးနှစ်လုပ်ရတဲ့ နေရာတွေပဲ "

သူတို့က ပြန်ပြောကြသည်။

" ဘာဖြစ်လို့လဲဗျ "

" ဘာဖြစ်ရမလဲ ဗိုလ်မှူးရဲ့၊ အရင်လူတွေ အားလုံး နှစ်နှစ် သုံးနှစ် လုပ်သွားကြတာ ဗိုလ်မှူးကျမှ တစ်နှစ်တည်းနဲ့ ပြောင်းရမယ်ဆိုတာ ဟုတ်ပါ့မလား "

" အင်း၊ ကြည့်ဦးမယ်လေ "

ကျွန်တော်၏စကား မှန်သွားသည်။ ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်း၌ ကျွန်တော့်တပ်ပြောင်းမိန့် ထွက်လာ၏။ အမှတ်(၇၁)၊ ခြေလျင်

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်းသို့ ဒုတပ်ရင်းမှူးတာဝန်ဖြင့် ရာထူးတစ်ဆင့်မြင့်ကာ ပြောင်း ခြင်း ဖြစ်သည်။

ဤနေရာတွင် မှတ်မိနေသည့် ရယ်စရာကိစ္စလေးတစ်ခု ပြောလို ပါသေးသည်။ ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးစိုးမြင့်နှင့်ပတ်သက် ဖြစ်၏။ သူသည် ကျွန်တော်နှင့် သင်တန်းနှစ်ခု၊ သုံးခု အတူတူတက်ဖူး ယခု တပ်မတစ်ခုထဲတွင် အတူတာဝန်ထမ်းဆောင်ရင်း အိမ်နီးချင်းလာ နေ၏။ ၁၉၈၅ ခုနှစ်၊ မိုးဦးကျစတွင် ဗျူဟာမှူးအသစ် ဗိုလ်မှူးကြီး စောခင်စိုးအား ကျိုင်းတုံမှမိုင်းယောင်းသို့ ရဟတ်ယာဉ်ဖြင့်ပို့ရာ ဗျူဟာ ဂျီတူး သူ့ကိုပါ လိုက်သွားရန် စီစဉ်ထား၏။ သူက -

“ သူငယ်ချင်း၊ ကိုယ် မလိုက်လို့ မရဘူးလား ”

“ ဗျူဟာမှူးက မိုင်းယောင်းကို တစ်ခါမှ ရောက်ဖူးသေးတာ မဟုတ်ဘူး၊ သူငယ်ချင်းက ဗျူဟာဂျီတူးပဲ၊ လိုက်မသွားလို့ ဘယ်ရမလဲ ”

သူက မလိုက်ရဖို့ အကြိမ်ကြိမ်ပြော၏။ ရဟတ်ယာဉ် မနိုင်ဘူးဟု ဆိုကာ ဆင်းနေခဲ့ဖို့ ကြိုးစား၏။ ကျွန်တော်က ခွင့်မပြုနိုင်ပါ၊ တပ်မှူး၏ နှုတ်မိန့်အရ မလိုက်မဖြစ် လိုက်ရမည်ဆိုကာ သူ့ကို ရဟတ်ယာဉ်ပေါ် အတင်းတင်ကာ လွှတ်လိုက်ရပါတော့သည်။ သူ မလိုက်လိုသည်မှာ မြန်မာပြည်သိန်းတန်၏ L.P.J တီးဝိုင်း ကျိုင်းတုံတွင် ရောက်ရှိ ဖျော်ဖြေ နေရာ ထိုအဖွဲ့တွင် သူ့မိတ်ဆွေ အဆိုတော်များပါလာသဖြင့် ထိုအဖွဲ့ တစ်ညနှစ်ည တွေ့ဆုံ အားပေးလို၍ဖြစ်သည်ဟု ဆိုပါသည်။ ကျွန်တော် က ရဟတ်ယာဉ်ပေါ် အတင်းတင်ပေးလိုက်ရာ ကိုစိုးမြင့်က စိတ်ဆိုး ကျွန်တော့်အား စကားမပြောတော့ပါ။ အတော် မကျေနပ်ဖြစ်သွားသည် ထင်ပါ၏။ ဂျီတူးချင်း စက်ပြောစရာရှိ၍ ခေါ်လျှင်လည်း သူ စက်ပေါ် တက်မလာပါ။ ဂျီသရီးတစ်ဦးဦးကိုသာ တင်ပေးပါတော့သည်။ ကျွန်တော် လည်း ကိုယ့်အကြောင်းနဲ့ကိုယ်မို့ သူ့ကို ဘာမှ မပြောတော့ပါ။

ထိုနှစ် ဩဂုတ်လ၌ သူ ကယားပြည်နယ်ဘက်က တပ်ရင်း တစ်ရင်းသို့ ဒုတပ်ရင်းမှူးရာထူးဖြင့် ပြောင်းမိန့်ထွက်လာ၏။ တစ်ဆင့်မြင့် ၍ ရာထူးတက်ပြီး ပြောင်းရခြင်းဖြစ်ပါသည်။ ထိုအခါ ကျွန်တော်က ဝမ်းသာအားရဖြင့် သူ့အား စက်ပေါ်တက်ရန် ခေါ်၏။ ကော်တော် တက်မလာပါ၊ နောက်ဆုံးတော့ သူ့ကိုယ်ရေး ကိုယ်တာနှင့် ပတ်သက်



ဖလွန်အရေးကြီးသည့်ကိစ္စ ပြောစရာရှိပါသည်။ နောက် စကား မပြော ချင်နေပါ။ ဒီတစ်ခါတော့ ပြောဖြစ်အောင် ပြောပါရစေဆိုမှ သူ စက်ပေါ်တက်လာ၏။

“ သူငယ်ချင်း၊ ကိုယ့်ကို စကားမပြောချင်တော့ဘူးလား၊ မပြော ချင်လဲ နေပါ၊ ရပါတယ်၊ အခု သူငယ်ချင်း ဒုတပ်ရင်းမှူးနဲ့ ပြောင်းရပြီ၊ နက်ဖြန် ရဟတ်ယာဉ်အကြုံရှိတယ်၊ အဲဒါနဲ့ ကျိုင်းတုံပြန် လိုက်ခဲ့ပါ၊ ဒါပါပဲ ”

ဟုပြောကာ ကျွန်တော် စက်ပေါ်မှ ဆင်းခဲ့၏။ နောက်နေ့ ကျိုင်းတုံပြန်ရောက်တော့ ဒုတပ်ရင်းမှူး အသစ်စက်စက်ကြီးက ကျွန်တော့် အား ညစာထမင်းကျွေး၍ စကားမပြောသည့်ကိစ္စကို တောင်းပန်ကာ ကျေအေးသွားပါတော့သည် ခင်ဗျား။

သူ တပ်ပြောင်းမိန့်ထွက်ပြီးနောက်လမှာ ကျွန်တော်လည်း တပ် ပြောင်းမိန့် ထွက်လာ၏။ ကျွန်တော်တပ်ပြောင်းမိန့်ထွက်သည့် ကာလမှာ အဓိကပုဂ္ဂိုလ် ခရီးစဉ်ရှိနေ၍ တပ်ပြောင်းရန် တစ်လကျော်ခန့် နှောင့်နှေး သွား၏။ ခရီးစဉ်ပြီးသွားသောအခါ ကျွန်တော်က ဒုတပ်ရင်းမှူး ရာထူးမို့ အေးအေးဆေးဆေး လုပ်နေ၏။ ချက်ချင်း မပြောင်းလိုသေး၊ ကျိုင်းတုံတွင် နေလိုက်ချင် သေး၏။ သို့ရာတွင် ကျွန်တော့်တပ်မမှူးက

“ မင်း တပ်ပြောင်းမိန့်ထွက်တာ တစ်လကျော် နှစ်လရှိပြီ၊ ကိစ္စ တွေလဲ ပြီးပြီ၊ အချိန်ဆွဲ မနေနဲ့တော့၊ သွားစရာရှိတာ သွား ”

ဟု ဆိုပြီး အဓိပတိပုဂ္ဂိုလ်ကြီး၏ ခရီးစဉ်အပြီးတွင် ကျွန်တော့် အား မကွေးတပ်မ ဌာနချုပ်သို့ ပြန်လည် စေလွှတ်လိုက်ပါတော့သည်။

ကျွန်တော့်နေရာသို့ ကျွန်တော့်သူငယ်ချင်း ခလရ(၁၄)မှ ဗိုလ်မှူး သောင်းတင် ရောက်လာသည်။ အချင်းချင်းမို့ တာဝန်လွှဲရသည်မှာ တစ် ရက်၊ နှစ်ရက်သာ ကြာပါသည်။ ဘာမှ အခက်အခဲ မရှိပါ။ သို့ဖြစ်၍ တပ်ပြောင်းမိန့်ထွက်ကြောင်း သိသဖြင့် ကျိုင်းတုံသို့ လိုက်လာသော ကျွန်တော့် ဇနီးနှင့်အတူ တပ်မမှူးအား ကန်တော့ပြီး ၁၉၈၅ ခုနှစ်၊ အောက်တိုဘာလတွင် ကျိုင်းတုံမှ မကွေးသို့ ပြန်လည်ထွက်ခွာလာခဲ့ ပါတော့သည်။

မောင်သက်ဦးတစ်ယောက် ဒုတပ်ရင်းမှူးတော့ ဖြစ်သွားပြန်ပြီပေါ့ ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

## ဒုတပ်ရင်းမှူးဖြစ်သွားသည့် ကျွန်တော်

**မကွေးမှ အောင်လံသို့**

ရှေ့တန်းတပ်မ(၈၈) ကျိုင်းတုံမှ ပြန်ရောက်ပြီးနောက် လေး(ပါ) ရက် မကွေးတွင်နေပြီး ကလေးများကျောင်းနှုတ်၍ အောင်လံသို့ ပြောင်း ခဲ့၏။ မကွေးမှ အောင်လံသို့ သွားရာ၌ လမ်းမှာ ကတ္တရာလမ်းမို့ အတော် ကောင်းသည်။ မကွေးမှ တောင်တွင်းကြီး မိုင်(၅၀)ကျော် ဝေး၍ တောင်တွင်းကြီးမှ အောင်လံသို့ မိုင်(၆၀)ခန့် ဝေး၏။

မကွေးသည် ဧရာဝတီမြစ်အရှေ့ဘက် မြစ်ကမ်းနဖူးပေါ်တွင် ရှိသည်။ အောင်လံသည်လည်း အလားတူပင် ဧရာဝတီမြစ်၏ အရှေ့ဘက် မြစ်ကမ်းနဖူးပေါ်တွင် ရှိ၏။ သစ်ကြီး ဝါးကြီးများဖြင့် စိမ်းစိမ်းစိုစိုဖြင့် ရှေးဟောင်း မြို့တစ်မြို့ဖြစ်၍ သူ့နည်းသူ့ဟန်နှင့် လူစည်ကားသော မြို့ ဖြစ်၏။ ရန်ကုန်၊ ပြည်၊ မန္တလေး အဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိ၍ သွားရေးလာရေးလည်း အဆင်ပြေသည်။

ထိုစဉ်က အောင်လံသို့ ယခုကဲ့သို့ မီးရထားလမ်း မပေါက် သေးပါ။ ရထားစီးလိုက အောင်လံ၏တောင်ဘက် မိုင်(၅၀)ကျော် ဝေး သော ပြည်မြို့သို့သွား၍ ရထားစီးရပါသည်။ ဒုတပ်ရင်းမှူးမို့ ဝီလီဂျစ် ကားလေးတစ်စီးနှင့် Grade(2) အိမ်လေး တစ်လုံးရ၏။ အိမ်မှာ ပဲခေါင်း



မသာလည်း နေ၍ ဖြစ်ပါသည်။ ဤနေရာသည် ယခင်က စစ်ရဲတပ်ရင်း များ နေသွားသော နေရာဖြစ်ပြီး နောင်အခါမှ တပ်မတော်မှ လွှဲပြောင်း ရယူထားသည်ဟု သိရ၏။

ထို့ပြင် ကျွန်တော်ရောက်သွားသည့် ခလရ(၇၁)သည် ယခင်က သစ်တောလုံခြုံရေး တပ်ရင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး နေရာအနှံ့ သွားနေရသည်။ မကြာသေးမီကမှ တပ်ကို စုစုစည်းစည်းလုပ်၍ အခြား တပ်များနည်းတူ စစ်ဆင်ရေးထွက်စေ၏။

ထိုတပ်သို့ ရောက်လျှင်ရောက်ချင်း ထူးဆန်းတာလေးတစ်ခုကို တွေ့ရသည်။ ထိုကိစ္စမှာ ကျွန်တော့်အား မည်သူကမျှ ဗိုလ်မှူးဟု မခေါ် ကြပါ။ အားလုံးလိုလိုကပင် "ဗိုလ်မှူး တူးအိုင်စီ၊ ဗိုလ်မှူး တူးအိုင်စီ" ဟု ရှည်လျားထွေပြားစွာ ခေါ်ကြ၏။

တူးအိုင်စီဆိုသည်မှာ Second in command (2IC) တပ်ရင်း တွင် ဒုတိယရာထူး အကြီးဆုံးဟု အဓိပ္ပါယ်ရပါသည်။ တပ်ရင်းမှူးကြီး ကိုယ်တိုင်ပင် ကျွန်တော့်အား

"ဗိုလ်မှူး တူးအိုင်စီ "ဟု ခေါ်၏။

အကြောင်းသော်ကား ယခင်ဒုတပ်ရင်းမှူးက သူသည် သာမန် တပ်ခွဲမှူး ဗိုလ်မှူး မဟုတ်။ တပ်ရင်း၏ ဒုတိယတာဝန်အရှိဆုံး ဗိုလ်မှူး (ဝါ) ဒုတပ်ရင်းမှူးဖြစ်၏။ ထို့ကြောင့် သူ့အား ဂုဏ်ပုဒ်အရ ခေါ်ပေးပါဟု အစည်းအဝေးတစ်ခုတွင် တရားဝင်တင်ပြရာ တပ်ရင်းမှူးကြီးက လက်ခံ ၏။ (ကျွန်တော့်အရင် ဒုတပ်ရင်းမှူးမှာ မကြာမီက ကွယ်လွန်သွားခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် အတွင်းရေးမှူး လုပ် သွားသည့် ဒု-ဗိုလ်မှူးကြီး ကျော်ဝင်း ဖြစ်ပါသည်)

တပ်ရင်းမှူးကြီးကား အင်္ဂလိပ်စကားကျွမ်းကျင်သည့် တောင်ပေါ် တိုင်းရင်းသားဖြစ်ရာ အင်္ဂလိပ်အခေါ်အဝေါ်နှင့်ညှပ်၍ ဒုတပ်ရင်းမှူးအား

" ဗိုလ်မှူး တူးအိုင်စီ "ဟု သူက စ၍ ခေါ်၏။ တပ်ရင်းမှူး၏ အခေါ်အဝေါ်အတိုင်းဒုတပ်ရင်းမှူးအား တပ်ရင်းတစ်ရင်းလုံးက "ဗိုလ်မှူး တူးအိုင်စီ" ဟု လိုက်၍ ခေါ်ကြကုန်၏။ ဤတွင် ထိုတပ်ရင်း၌ "ဗိုလ်မှူး တူးအိုင်စီ" အခေါ်အဝေါ် မြဲမြဲတွင်ကျယ်သွား၏။ ရယ်စရာ ရယ်ရ သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် မကွေးမှ အောင်လံသို့ တပ်မမှပေးလိုက်သည့် စစ်ကားတစ်စီးဖြင့် ပြောင်းလာခဲ့ခြင်းဖြစ်သည်။ ပစ္စည်းများများစားစား မရှိ၍ ကားတစ်စီးဖြင့်ပင် လုံလောက်ပါ၏။ ကျိုင်းတုံဒေသ၌ သုံးလေးနှစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း ကိုယ်ပိုင်ပစ္စည်းကတော့ ကားတစ်စီးစာ ဖြင့်ပင် လုံလောက်နေပါသေးသည်။ ကျွန်တော်ရောက်တော့ အောင်လံ တပ်တွင် ဌာနချုပ်တပ်ခွဲမှူးမှာ ဗိုလ်မှူးထင်အောင်ဖြစ်၍ တပ်ရေးဗိုလ်ကြီး မှာ ဗိုလ်ကြီးသန်းထွန်း ဖြစ်ပြီး တပ်ထောက်ဗိုလ်ကြီးမှာ ဗိုလ်ကြီး အောင်သန်း ဖြစ်သည်။ တပ်ရင်းဌာနချုပ်တွင် တစ်ရက်၊ နှစ်ရက်နေ၍ ရန်ကုန်စစ်ရုံးသို့ ပြည်မှမီးရထားစီးပြီး သွားသတင်းပို့လိုက်ပါသည်။ စစ်ရုံး က အရာရှိကြီးများ ကတော့ ဘာမှ အထူးအထွေ မပြောလိုက်ကြပါ။

" ဗိုလ်မှူးရေ .ခလရ(၇၁)က မိုးမိတ်၊ မဘိမ်းဒေသမှာ စခန်း ထိန်း တာဝန်ပဲ၊ Garrison Duty ပေါ့၊ နမခ ကွပ်ကဲမှုအောက်က တပ် တွေ တော်တော်များများကတော့ စစ်ဆင်ရေး Operation ရယ်လို့ မရှိပါဘူး၊ အထိုင်တွေချည်း ပါပဲ၊ ဗိုလ်မှူး ဟိုမှာ ရေ-၃ မစပ်အောင် နေရင်ပြီးတာပါပဲ၊ ဦး-၅ လေး များများလုပ်ပေါ့ဗျာ "

စစ်ရုံးမှ သိကျွမ်းနေသော အရာရှိငယ်များက အထက်ပါအတိုင်း မှာကြသည်။ သို့ရာတွင် ကျွန်တော် တပ်ပြောင်းမိန့်ထွက်တော့ ဒုတပ်မ မှူး ဗိုလ်မှူးကြီးသိန်းဟန်က အောက်ပါအတိုင်း ပြော၏။

" အောင်မယ် ဂျီတူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စစ်တိုက်မယ့် စိတ် မကူးဘူး၊ ချောင်တဲ့ တပ်ကို ရွေးပြောင်းသွားတယ်၊ ကိုယ့်လူလိုပဲ (၈၇) ပခုက္ကူမှာ ကိုယ့်တပည့် တင်ထွန်းဆိုတာ ရှိတယ်၊ ဒုတပ်ရင်းမှူး မောင်ရင်တို့ မိုးမိတ်၊ မဘိမ်းကျရင် တွေ့ကြမှာပါ၊ မှတ်သွားပေါ့ "

ဒုတပ်မမှူးပြောသည့် ဗိုလ်မှူးတင်ထွန်းမှာ နောင်တွင် ကျွန်တော် နှင့် အလွန်ခင်မင်သွားပြီး ၁၉၉၄ ခုနှစ်၌ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးဖြစ်သွားသည့် ဗိုလ်မှူးချုပ်တင်ထွန်း ဖြစ်ပါသည်။ (ယခု တော့ သံအမတ်ကြီး ဦးတင်ထွန်းပေါ့ ခင်ဗျာ)

ရန်ကုန်မှပြန်ရောက်ပြီးတော့ တပ်မှ စီစဉ်ပေးသည့် နှစ်ဆ... ကယ်ရီယာကားတစ်စီးဖြင့် အောင်လံမှ မိုးမိတ်သို့ ထွက်ခွါခဲ့ပါတော့ သည်။



**...မိတ် ဆိုသည်မှာ**

အောင်လံမှ တောင်တွင်းကြီး၊ မကွေး၊ ဝွေးချို၊ ကျောက်ပန်း ...တောင်း။ မိတ္ထီလာကို ဖြတ်၍ ထိုနေ့ညနေတွင် မန္တလေးသို့ ရောက်၏။ ...လေးအရောက်တွင် နမခ၌ စစ်ဦးစီးဌာနသို့ ဝင်ရောက် သတင်းပို့ ...။ ဂျီဝမ်းမှာ ဒုဗိုလ်မှူးကြီးစောအေးကို ဖြစ်၏။ တိုင်းမှူးမှာ ဗိုလ်မှူး ... သန်းညွန့် ဖြစ်၏။ တိုင်းမှူးနှင့် မတွေ့ရပါ။

ဂျီဝမ်းကြီးကမူ " ဘာမှ အထူးပြောစရာ မရှိပါဘူး၊ အေးအေး ...ဆေးပါ။ ဒုတပ်ရင်းမှူး သွားစရာရှိတာ သွားလိုက်ပါ " ဟု မှာ၏။

ကျွန်တော်သည် ထိုနေ့က အင်အားဖြည့် စစ်သည်များလည်း ပါလာ၍ မန္တလေးကျုံးထောင့်ရှိ သုမဂ္ဂဇရပ်တွင် ညအိပ်လိုက်ပါတော့ ...။ သုမဂ္ဂဇရပ်များမှာ လေဟာပြင်မို့ လေကလေး တဖြူးဖြူးဖြင့် ...ပ်လို့ အတော်ကောင်းပါသည်။ မနက်မိုးလင်းသော် မန္တလေးမှ ...ခဲ့၏။ မန္တလေးမှ မတ္တရာကို ဖြတ်၍ နေ့လယ်လောက်တွင် သပိတ် ...း လမ်းခွဲ ဝါးဖြူတောင်သို့ ရောက်၏။ လမ်းခရီးတစ်လျှောက်၌ ရွှေတူး ...ကြသည့် ရွှေတူးသမား တော်တော်များများကို တွေ့ရသည်။ နွယ်ရုံ ... ဈာကလေးကား ရွှေသမားများနှင့် အထူးစည်ကားနေသည်ကို ...ရ၏။ လမ်းခရီးမှာ ဧရာဝတီမြစ်နှင့် အပြိုင်ဖြစ်သော်လည်း မြောက် ...သို့ ရောက်လေ တောင်ထူသော နေရာများလေ ဖြစ်လာသည်။ ...လယ်စာအား ရွှေညောင်ပင်တွင် စားဖြစ်၏။

ရွှေညောင်ပင်၏ထမင်းဆိုင်များကား အတော်ကောင်း၏။ ဂျီသား၊ ...တ်သား၊ မျောက်သားစသည့် တောတွင်း အကောင်ပလောင်များ၏ ...သားများသာမက ဝါးပိုးမျှစ်ကို အမျိုးမျိုးလုပ်ထားသည့် မျှစ်ဟင်းလျာ ...လည်း ရသည်။ ထို့ကြောင့် စား၍ ကောင်းလှ၏။ ရွှေညောင်ပင်မှ ...မင်းစားပြီး ထွက်သော် ကြပ်ပြင်သို့ ရောက်သည်။ ကြပ်ပြင်ပြီးသော် ...ည်ကျော် မိုးကုတ်သို့ ရောက်ပါတော့သည်။ စာရေးဆရာကြီး ဦး ...ဝင်း၏ အညိုတို့ မိုးကုတ်ပေါ့ ခင်ဗျာ။

မိုးကုတ်သည်ကား ပြန်ဟဒိုင်ဝ်၏ ကမ္ဘာကျော်ပတ္တမြားများ ထွက် ... ကြီးဖြစ်၏။ ဟိုယခင် ရှေးမြန်မာမင်းများလက်ထက်မှသည် ယနေ့ ...ကို ရွှေတွင်း၊ ငွေတွင်း၊ ... ကြောင့် ကမ္ဘာကျော်သော မိုးကုတ်ဖြစ်သည်။ မိုးကုတ်ကား

www.burmeseclassic.com



တောင်များ ဝန်းရံ၍ ဒယ်အိုးထဲတွင် လူတွေ စုနေသလို ဖြစ်နေ၏ ... မန္တလေးတွင် ပူသော်လည်း မိုးကုတ်ရောက်တော့ ရာသီဥတုက အေးလ... ၏။ မိုးကုတ်တွင် ခဏနားပြီး အထူးအထွေ လုပ်စရာ ကိုင်စရာ မရှိသဖြ... မြောက်ဘက် မိုးမိတ်သို့ ဆက်လက်ထွက်ခွါခဲ့၏။ မိုးကုတ်မှ ထွက်လ... ထွက်ချင်း နာမည်ကျော် ကြေးနီတောင်ကြီးကို ကွေ့ပတ်တက်ရသည်။

ကြေးနီတောင်ကြီးကား ပေ(၇၀၀၀)ကျော် မြင့်၏။ ကျွန်တော်... နှစ်ဆန်းစစ်ကားကလေးမှာ ခပ်ဟောင်းဟောင်းမို့ ကြေးနီတောင်ကြီး... တဟဲဟဲ၊ တရှဲရှဲမြည်ကာ အတော်တက်ရ၏။ ညနေစောင်းသော် ကြေး... တောင် မြောက်ဘက်ခြမ်းသို့ ဆင်းသက်ပြီး နာရီဝက်ခန့်အကြာ... ကျွန်တော်ရောက်လိုသော မိုးမိတ်သို့ ရောက်ပါတော့သည်။ မြို့ နယ... နိမိတ် ဝင်လျှင်ဝင်ချင်း မိုးမိတ်လေယာဉ်ကွင်းကို တွေ့ရ၏။ အကော... ချည်း ရှိသေးသည်။ သို့ရာတွင် လေယာဉ် မဆင်းတော့ပါ။

မိုးမိတ် လေယာဉ်ကွင်းနှင့်ပတ်သက်၍ မှတ်မိနေတာလေးတစ်ခု... ပါသေးသည်။ ၁၉၇၇ ခုနှစ်၊ သင်္ကြန်ကာလက မိုးမိတ်အား ကျွန်ုပ်မ... ဦးစီးသော ဗကပများက ဝင်တိုက်ကြ၏။ ခလရ(၁၂)မှ တပ်ရင်းမှူး... စစ်ကြောင်း(၁)သည် မိုးမိတ်မြို့တွင်းရှိ ဟော်ကုန်းစခန်းမှ ခုခံကြ... အင်အားမမျှ၍ လည်းကောင်း၊ အဝိုက်မိသွား၍ လည်းကောင်း စခ... ကျသွားသည်။ ထိုအခြေအနေကို ရတာ ခလရ(၁၂)မှ ပြည့်ပြည့်စုံ... သတင်း မပို့နိုင်ခဲ့။ သို့ရာတွင် မိုးမိတ်လေယာဉ်ကွင်းရှိ လေ... ဆက်သွယ်ရေးမျှော်စင်မှနေပြီး မိုးမိတ်ကို ရန်သူဝင်တိုက်၍ ကျဆုံးသွား... ဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ ထိုအခါကျမှ မိုးမိတ်ကျဆုံးကြော... တာဝန်ရှိသူများက သိကြရတော့သည်။ ထိုတိုက်ပွဲဖြစ်ချိန်တွင် ကျွန်တော်... သည် ခလရ(၆၇) မှ တပ်ရေးဗိုလ်ကြီးတာဝန်ဖြင့် လားရှိုး ရမခ၌ အစည်း... အဝေးဘက်ရောက်နေချိန် ဖြစ်၏။

ထို့ကြောင့် ထိုဖြစ်စဉ်ကို သိလိုက်ရသည်။ ယခုမြို့အဝင်... မိုးမိတ်လေယာဉ်ကွင်းကို တွေ့လိုက်ရာ ထိုဖြစ်စဉ်ကို ပြေး၍ အမှတ်... လိုက်မိပါသည်။ မိုးမိတ်ကား မိုးကုတ်လို မဟုတ်၊ ပြန့်ပြောကွင် ကျ... သော မြို့ဖြစ်၏။ လေယာဉ်ကွင်းကို ကျော်ပြီး နမ့်မိတ်ချောင်းကို ဖြတ်... မြို့တွင်းသို့ ဝင်၏။ ခလရ(၇၁)မှ တပ်ရင်းမှူး၏ စစ်ကြောင်း(၁)က... ဟော်ကုန်းစခန်းတွင် ရှိသည်။ ကျွန်တော်ရောက်ရှိ သ... ပို့ခဲ...



တပ်ရင်းမှူးကို မတွေ့ရ။ ထောက်လှမ်းရေးမှူး ဗိုလ်မင်းတင်ကိုသာ တွေ့ရသည်။

“ ကိုယ်က ဗိုလ်မှူးသက်ဦးပါ၊ ဒီတပ်ကို ပြောင်းလာတဲ့ ဒုတပ်ရင်းမှူး အသစ်ပါ ”

“ ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော်က ဗိုလ်မင်းတင်ပါ၊ အိုင်အိုပါ၊ တပ်ရင်းမှူးကြီး ဂေါက်သီး သွားကစားနေပါတယ်၊ ခဏနေရင် ပြန်လာပါလိမ့်မယ်၊ ဒုတပ်ရင်းမှူး ခဏစောင့်ပါ ခင်ဗျာ ”

လမ်းတွင် မြို့အထွက် လေယာဉ်ကွင်းနှင့် တစ်ဖက်တစ်ချက်၌ ဂေါက်ကွင်းကို တွေ့ခဲ့ရ၏။ တပ်ရင်းမှူး ဂေါက်သီးရိုက်နေသည်ကို မသိပါ။ ဂေါက်ကစားနေသူများကိုတော့ မြင်ခဲ့ပါသည်။ ညနေ(၆)နာရီတွင် တပ်ရင်းမှူးပြန်လာသည်။ တပ်ရင်းမှူးကား အရပ်ရှည်ရှည် ပိန်ပိန် ခါးကိုင်းကိုင်း ဖြစ်၏။ အသက် အတော်ကြီးပေသည်။ ခြောက်ဆယ်ခန့် ရှိမည်ထင်၏။ လူမျိုးကား လူရှိုင်းဖြစ်ပြီး အမည်မှာ ဒုဗိုလ်မှူးကြီးဇာခူးမာ ဖြစ်၏။ ဂေါက်ကွင်းမှ ရောက်လျှင်ရောက်ချင်း ကျွန်တော်က ဒုတပ်ရင်းမှူး ဖြစ်ကြောင်း သတင်းပို့လိုက်ရာ တပ်ရင်းမှူးက

“ အား ဗိုလ်မှူးတူးအိုင်စီ ရောက်လာပြီးကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ခင်ဗျားကို ကျွန်တော် မျှော်နေတာ ကြာပြီ၊ မိုးမိတ်က အေးအေးဆေးဆေးပါပဲ၊ ခင်ဗျား ကျွန်တော်နဲ့ ခဏတဖြုတ်နေဦးပေါ့ ”

ဟု ပြောပါသည်။ ထိုနေ့ည ညစာစားသည့်အခါ တပ်ရင်းမှူးက ထမင်းပွဲပြင်ဆင်ပြီးချိန်၌

“ ဗိုလ်မှူးတူးအိုင်စီ လာလေ၊ ရမ်သောက်မယ် ”ဟု ခေါ်ပါတော့သည်။

ကျွန်တော်သည် ဂျီတူးဘဝ၌ အရက်လုံးဝမသောက်ခဲ့ပါ၊ အရက်ကြိုက်သော်လည်း တပ်မမှူး မကြိုက်မှန်း သိ၍ မသောက်ပဲ နေခဲ့၏။ ယခုတပ်ရင်းမှူးက ရမ်သောက်ဖို့ခေါ်တော့ ညိုမြလုပ် မနေတော့ပဲ တစ်ခါတည်း ဝင်၍ ထိုင်လိုက်ပါတော့သည်။ ဤတွင် တစ်နှစ်ကျော်ခန့် ယမကာရှောင်ခဲ့သော ကျွန်ုပ်မတော်မောင်သက်ဦးတစ်ယောက် ယမကာဖြင့် ပြန်လည် အကြောင်းဆက် ပေါင်းဖက်သွားပါတော့သည် ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်တော်နှင့် လပ်ကီးဆဲဗင်းများ**

ကျွန်တော်သည် Lucky Seven ခေါ် ဗိုလ်သင်တန်း အမှတ်စဉ်(၇)မှ အရာရှိကြီးများနှင့် အလွန် အကျိုးပေးပါသည်။ ကြည့်ပါ။

ကျွန်တော်၏ တတိယမြောက် တပ်ရင်းမှူး ဗိုလ်မှူးဘသိန်း(ယခု အငြိမ်းစား ဗိုလ်မှူးချုပ်) သည် ဗိုလ်သင်တန်း အမှတ်စဉ် (၇)မှ ဖြစ်သည်။ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် ဆေးပြင်းလိပ် သောက်သည်။ စကားနည်းသည်။ ကိုယ်ကျင့်တရား ကောင်း၏။ စိတ်ကောင်း သဘောကောင်းရှိ၏။ မည်သည့်ကိစ္စမဆို အေးအေးဆေးဆေးနှင့် ချင့်ချင့် ချိန်ချိန် လုပ်တတ်၏။ ကျွန်တော် အိမ်ထောင်ကျစက လက်ထပ်ခွင့်ကိစ္စနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းများသွားရာ တပ်ရင်းမှူးက စိတ်ဆိုးသွားကာ လက်ထပ်ခွင့်ကို ဆိုင်းငံ့ထားခဲ့၏။ နောက်တော့ ခွင့်လွှတ်၍ လက်ထပ်ခွင့်ပေးလိုက်သည်။ ကျွန်တော် ကျန်းမာရေးမကောင်းသည့်အခါ တပ်ရင်းဌာနချုပ်သို့ ခေါ်ထား၍ ပေါ့ပေါ့ပါးပါး တာဝန်များသာ ပေး၏။ တတ်နိုင်သလောက် စောင့်ရှောက်သည်။ ဒါတွေကို အသက်ကြီးလာ၍ ကျွန်တော်တပ်ရင်းမှူးဖြစ်ချိန်တွင် ပြန်လည်စဉ်းစားပြီး ကျေးဇူးတင်မိ ပါသည်။

ကျွန်တော်၏ ပထမဆုံး ဒုတပ်ရင်းမှူးမှာ ဗိုလ်မှူးလဆန်းတူ ဖြစ်၏။ သူ့နောက် ဒုတပ်ရင်းမှူးကား ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇)မှ ဗိုလ်မှူးစံလှဘော် ဖြစ်သည်။ တပ်ရင်းမှူး ဗိုလ်မှူးဘသိန်းနှင့် ဒု တပ်ရင်းမှူး ဗိုလ်မှူးစံလှဘော်တို့မှာ တစ်ပတ်တည်းဆင်းများ ဖြစ်ကြ၏။ ဒုတပ်ရင်းမှူးက ဖာပွန်တွင် မိသားစုခေါ်မထား၊ တစ်ကိုယ်တည်း လူပျိုကြီး လုပ်နေသည်။ နောက်တော့ ရတခသို့ D.Q ရာထူးဖြင့် ပြောင်းသွားပါသည်။

နောက်တစ်ယောက်မှာ ခလရ(၆၁) တပ်ရင်းမှူး ဗိုလ်မှူးစိန်ဝင်း ဖြစ်၏။ သူလည်း Lucky Seven အဖွဲ့မှပင်ဖြစ်၍ အသားညိုညိုနှင့် တကယ့်စစ်သားကြီးဖြစ်သည်။ သို့ရာတွင် သူ့အား အရက်က ဖျက်သည်။ တပည့်များက ဒုက္ခပေး၏။ ထို့ကြောင့် သူ့ခမျာ ရာထူးမတက်ဘဲ ထိုတပ်မှ အခြားတပ်သို့ Demotionဖြင့် ပြောင်းသွားရသည်။ သူက တပည့်များကို အလွန်ယုံ၏။ နောက်တပ်ဌာနချုပ်အား သူအလွန်ယုံသည့်



တပည့်များနှင့် လွှတ်ထား၏။ တပည့်များက ထင်ရာစိုင်းကြ၏။ တစ်ခါက လည်း တိုင်းစစ်ဌာနချုပ်နှင့်ကပ်နေရာ တိုင်ဖို့ မခက်ခဲလှ။ ထို့ကြောင့် ပစ်စာ၊ တိုင်စာများ ပလူပျံနေသည်။ ဌက်ခါးလေးတွေ အခါခါနားရှုပ်စရာ ဖြစ်နေသည်။ နောက်ဆုံး ကကစစ် က ဝင်စစ်၏။ ရှေ့တန်းတွင် စစ်ရေးကလည်း မအောင်မြင်၊ နောက်တန်းအုပ်ချုပ်မှုကလည်း ဌက်ခါးများပျံသဖြင့် တပ်ရင်းမှူးကြီးမှာ ထိုဒဏ်များကို စုခံသွားရရှာ၏။

ထို တပ်ရင်းမှူးကြီးနှင့်ပတ်သက်ပြီး မှတ်မိနေသည့် ကိစ္စလေး တစ်ခု ရှိပါသေးသည်။ ၁၉၇၃-ခုနှစ် ဆန်းစက ဖြစ်၏။ ရတခတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ နှင့် ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းနောင်တို့ ခလရ (၆၁) စစ်ကြောင်း (၁)ဌာနချုပ်ရှိရာ ရေမြို့ မီးသတ်ကုန်းသို့ လာစစ်၏။ တပ်ရင်းမှူးက တိုင်းမှူးနှင့် ဗျူဟာမှူးအား Briefing လုပ်ပြီး နယ်မြေ အခြေအနေရှင်းပြနေစဉ် "ဒိုင်းကနဲ" ဆိုပြီး အနီးရှိ ကင်းသမားရဲဘော်က ကျည်ထွက်သွား၏။ ကျည်ဆန်က "ဗိုကနဲ" မည်ပြီး ကျွန်တော်တို့ အစည်းအဝေးလုပ်နေသည့် ရုံးဘေးက ဖြတ်သွားသည်။ ထိုအခါ တိုင်းမှူးက

"ဗိုလ်မှူးစိန်ဝင်း၊ မင်းတပ်က အရည်အချင်းတွေ ပြနေတာ၊ မင်းမရှက်ဘူးလား" ဟု ဆို၏။ တပ်ရင်းမှူးက မျက်နှာငယ်လေးဖြင့်

"ရှက်ပါတယ် ခင်ဗျာ" ဟု ပြန်ပြောသည်။

ထိုစဉ်က ကျွန်တော်သည် ရှေ့တန်းတွင် ရေးထောက်အရာရှိ လုပ်နေရာ တပ်ရင်းမှူးကြီးကိုကြည့်လျက် များစွာသနားပြီး စိတ်ထိခိုက်မိပါသည်။ လူကြီးနားတွင် လက်ရွေးစင် လူကောင်းသူကောင်းများ မထားမိခြင်းကြောင့် ယခုကဲ့သို့ အပြောခံရခြင်း ဖြစ်၏။ သင်ခန်းစာလည်း ရတော်ရလိုက်ပါ၏။ (ယခုတော့ ဗိုလ်မှူးစိန်ဝင်း ကွယ်လွန်ခဲ့ပါပြီ )

အခြားတစ်ယောက်မှာ ခလရ(၆၇) မိုင်းရယ်တပ်ရင်းမှူးဖြစ်သည့် ဗိုလ်မှူးကြီးသန်းဌေး ဖြစ်သည်။ သူသည်လည်း Lucky Seven အပတ်စဉ်မှပင် ဖြစ်သည်။ ငယ်စဉ်က ဘော်လုံးကန် အလွန်ကောင်းသည် ဟု ဆိုသည်။ အရပ်ခပ်ပြတ်ပြတ်ဖြင့် အလွန်အပြေးသန်၍ မာကြောသည်ဟု ပြောကြ၏။ သံဂေါ်လီလေး လိမ့်နေသလို ပြေးတတ်သဖြင့်လည်း သံဂေါ်လီဟု ဗိုလ်မှူးကြီး၏ သူငယ်ချင်းများနှင့် ဆရာသမားများက နာမည်ပြောင်ပေးထားသည်ဟု သိရပါသည်။ ဗိုလ်မှူးကြီးသန်းဌေး

www.burmeseclassic.com

www.burmeseclassic.com

ကား အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကျန်းမာရေး အလွန် လိုက်စား၏။ ထို့ကြောင့် ယနေ့ထက်တိုင် ကျန်းမာအသက်ရှည်လျက် ဂေါက်သီး များမှန်မှန် ကစားနိုင်နေသေးသည်ကို တွေ့ရပါသည်။ Paper Works ခေါ် ရုံးလုပ်ငန်းများတွင်လည်း တော်ပါသည်။

နောက်တစ်ယောက်က ကျွန်တော့်အား ပညာများစွာ ပေးသွားသူ၊ ဗိုလ်မှူးကြီးတန်ကာဒို့(ချ်) ဖြစ်သည်။ သူသည် ရှားရှားပါးပါး ဂေါ်ရခါး လူမျိုးဖြစ်၏။ ကလကတ္တား ယူနီဗာစီတီမှ အိုင်အေအောင်လာပြီး မြန်မာ့တပ်မတော်သို့ ဝင်ရောက်လာသည်ဟု ဆိုသည်။ လုပ်ငန်းနှင့် မှတ်သက်၍ မာန်ရှိသည်။ တိုက်ခိုက်ရေးကျောင်းတွင် သူကျောင်းအုပ်ကြီး လုပ်နေစဉ်က ပြင်ပလေ့ကျင့်ခန်း Out door exercise တစ်ခုသို့ တစ်နေ့၌ သူလိုက်စစ်၏။ ထိုသင်တန်းမှာ တပ်ခွဲမှူးသင်တန်းဖြစ်သည်။ ကျောင်းအုပ်ကြီးသည် လေ့ကျင့်ခန်းစစ်ရင်း လယ်ကွင်းထဲရှိ လေးထောင့် စင် တစ်ခုပေါ်၌ ကောက်ရိုးများ စုပုံထားသည်ကို ကြည့်ပြီး ဘာစိတ်ကူး ရသည် မသိ၊ အနီးရှိ သင်တန်းသားတစ်ဦးအား အောက်ပါအတိုင်း မေးပါတော့သည်။

" ဟေ့ ကျောင်းသား၊ ဟိုဟာ ဘာလဲ "

" ကုလားဖျင်းပါ ကျောင်းအုပ်ကြီး "

" ကျောင်းသား ဘာပြောတာလဲ၊ ကုလား မဖျင်းလို့ ကာနယ် ဖြစ်နေတာ၊ အဲဒါကုလားဖျင်း မဟုတ်ဘူး၊ ကောက်ရိုးစင်၊ ကောက်ရိုးစင် "

ကျောင်းအုပ်ကြီးက မြန်မာစကားကို ဂေါ်ရခါးလေဖြင့် ပြောလိုက်ရာ သင်တန်းတစ်ခုလုံး ရယ်စရာမပါဘဲ ဝါးကနဲ ပွဲကျသွားကြ၏။ ထို့နောက် သင်တန်းသားများသည် အချင်းချင်း မကြာခဏ "ဟို့ ကျောင်းသား၊ ဟိုဟာ ဘာလဲ"ဟု လစ်ရင်လစ်သလို စကြ နောက်ကြ ပြောင်ကြပါတော့သည်။ ဤကိစ္စမှာ ကျောင်းအုပ်ကြီးပြောင်းသွားသည်ထိ ဗထူးတပ်နယ်တွင် ပြောစမှတ်ပြု ကျန်ခဲ့ပါသည်။

နောက်ဆုံးတစ်ယောက်မှာကား ယခု ကျွန်တော်၏တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဇာခူးမာပင် ဖြစ်၏။ သူသည်လည်း ကလကတ္တားမှ ဆယ် တန်း အောင်၍ မြန်မာ့တပ်မတော်သို့ ဝင်ရောက်လာသူဖြစ်၏။ ဇာတိမှာ ချင်းတောင်နှင့်ကပ်လျက် မီဇိုရမ်ပြည်နယ်မှ ဟုဆို၏။ ထိုနယ်သူ နယ်သား



အတော်များများသည် ရှေးယခင်ကပင် မြန်မာ့တပ်မတော်သို့ ဝင်ရောက် အမှုထမ်းလေ့ရှိကြသည်။ လူရှိုင်းများနှင့်အတူ ဂေါ်ရခါးများလည်း မြန်မာ့ တပ်မတော်သို့ ဝင်ရောက်အမှုထမ်းသူ အတော်များများရှိ၏။ ဂေါ်ရခါး များထဲတွင် ဗိုလ်မှူးကြီးတန်ကာဒို့(ချ်)နာမည်ကြီးသလို လူရှိုင်းများထဲတွင် လည်း ဗိုလ်မှူးကြီးဇာခူးမာ အတော် နာမည်ကြီး၏။ နာမည်ကြီးလည်း ကြီးလောက်စရာပေတည်း။

ဗိုလ်မှူးကြီးဇာခူးမာသည် တပ်မတော်တွင် တပ်ရင်းမှူးတာဝန် အား ဆယ့်ငါးနှစ်ကျော် ထမ်းဆောင်သွားသူဖြစ်၏။ ကျွန်တော်နှင့် သုံးနှစ် ခန့် အတူနေလိုက်ရရာ တပ်ရင်းမှူးနှင့်ပတ်သက်ပြီး ပြောစရာ၊ ဆိုစရာ များ အတော်ရှိနေပါသည်။ ထိုအထဲမှ မမေ့နိုင်သော ရယ်စရာလေး တစ်ခုကို ဦးစွာပြောလိုပါသည်။

ကျွန်တော်ရောက်ပြီး တစ်လကျော်၊ နှစ်လခန့်အကြာ၌ ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးမင်းတပ်ကို လာစစ်၏။ ဗိုလ်မှူးကြီးမျိုးမင်းသည် ဗိုလ်မှူးကြီး ဇာခူးမာ ခလရ(၇၁) တပ်ရင်းမှူး ဖြစ်ကာစက သူ့တပ်၌ ဗိုလ်ကြီးဘဝနှင့် အတူနေသွားခဲ့ဖူးသည်။ ထို့ကြောင့် ပုဂ္ဂိုလ်ချင်း အတော်ရင်းနှီးသည်။ ဗိုလ်မှူးကြီးမျိုးမင်းက ခပ်တည်တည်ဖြင့် စတတ်၊ နောက်တတ်သည်။ ထိုသို့ စတိုင်း နောက်တိုင်း တပ်ရင်းမှူးကြီးကလည်း "ဗျူဟာမှူးကွာ၊ မင်း ကွာ၊ ငါ့ကို အဲဒီလို မပြောပါနဲ့ကွာ"ဟု ပြန် ပြောတတ်သည်။ စစ်ဆင်ရေး အစည်းအဝေးတိုင်းတွင်လည်း တုတ်ထောက် ရှင်းပြရာ၌ "မင်း၊ ငါ"နှင့် ပြောတတ်သည်။ ဒုတပ်ရင်းမှူး ကျွန်တော့်ကို လည်း "မင်း၊ ငါ"နှင့် ပြောလိုက်၊ "ခင်ဗျား၊ ကျွန်တော်" နှင့်ပြောလိုက် လုပ်တတ်၏။ ရံဖန်ရံခါ လည်း ဗိုလ်မှူး တူးအိုင်စီဟု မခေါ်ဘဲ "ဟေ့- သက်ဦး"ဟု ခေါ်တတ်၏။ ကျွန်တော်တို့ အားလုံးကတော့ တပ်ရင်းမှူးကြီး၏ မတတ်တတတ်၊ မပီ တပီ ဗမာစကားပြောပုံကိုကြည့်ပြီး သဘောကျနေကြ၏။

ထိုနေ့က မိုးမိတ်တွင် နေ့လယ်စာစားပြီး ဗျူဟာမှူးသည် မန္တလေးသို့ ပြန်လည်ထွက်ခွါသွားသည်။ သိပ်မကြာမီတွင်ပင် စစ်ကြောင်း ရုံးသို့ တယ်လီဖုန်းလာသည်။ တယ်လီဖုန်းမှာ အဝေးပြော Trunk Call ဖြစ်၏။ တပ်ရင်းမှူးကြီးနာမည်နှင့် လာ၍ တပ်ရင်းမှူးနှင့် ပြောချင်သည်

www.burmeseclassic.com

www.burmeseclassic.com


ဟု ဆို၏။ တပ်ရင်းမှူးကြီးက ဖုန်းကောက်ကိုင်၍ စကားပြော၏။ ဟိုဘက်က ဘာပြောမှန်း မသိ၊ တပ်ရင်းမှူးကြီးကတော့

" ဟေ့ ခင်ဗျားတို့၊ ကျွန်တော်ပြောတာ ကြားလား၊ အဲဒါတွေ မလုပ်နဲ့၊ ခင်ဗျားတို့ ကျွန်တော်ပြောတာ ကြားတယ်နော်၊ ခင်ဗျားတို့ ကျွန်တော်ခိုင်းတဲ့အတိုင်း လုပ်နော်၊ ခင်ဗျားတို့ ကြားတယ်နော် "

တပ်ရင်းမှူးကြီးက "ခင်ဗျားနဲ့ ကျွန်တော်ချင်း" ထပ်နေအောင် ပြောနေ၏။ ဗျူဟာမှူးနှင့် ကျွန်တော့်ကို "မင်းနဲ့ငါ"ဟု ပြောနေသော တပ်ရင်းမှူးကြီးသည် ဘယ်သူတွေကိုများ ဒါလောက် ရိုရိုသေသေ ခင်ဗျား ကျွန်တော်တွေနဲ့များ ပြောနေတာပါလိမ့်၊ ကျွန်တော် အလွန် စိတ်ဝင်စားသွားသည်။ ထို့ကြောင့် မနီးမဝေးရှိ အိုင်အို ဗိုလ်မင်းတင်အား

" ဟေ့ ကိုမင်းတင်၊ မင်းဘိုးတော်ကြီးက ဘယ်သူ့ကိုများ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ပြောနေတာလဲကွ၊ ရိုသေလှချည်လား "

ထိုအခါ ဗိုလ်မင်းတင်က ရယ်ကျဲကျဲဖြင့် ပြုံး၍

" ဒုတပ်ရင်းမှူး၊ အဲဒါ ရန်ကုန်က သူ့သားတွေကို လှမ်းပြောနေတာလေ "

ဟု ပြန်ပြောပါတော့သည်။

ထိုရောအခါ၌ ကျွန်တော်သည် အံ့အားသင့်သွားပြီး တပ်ရင်းမှူးကြီး ကွယ်ရာ၌ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်လိုက်မိပါတော့သည် ခင်ဗျား။

## မိုးမိတ်မြို့မှာ နှစ်လအကြာ

ကျွန်တော်သည် မိုးမိတ်မြို့သို့ နိုဝင်ဘာလဆန်းတွင် စတင်ရောက်ရှိသည်။ ဘာမှ မယ်မယ်ရရ အလုပ်မရှိပါ။ တပ်ဖြန့်ခွဲပုံမှာ မိုးမိတ်တွင် စစ်ကြောင်း(၁)နှင့် တပ်ခွဲတစ်ခွဲရှိသည်။ မြို့လုံခြုံရေးဖြစ်၏။ ကျန်တပ်ခွဲမှ တပ်စုများမှာ မိုးဟောက်တစ်စု၊ မိုးဘုံပန်ပတ်တွင် တစ်စု၊ မိုးလိုတွင် တစ်စုရှိသည်။ စစ်ကြောင်း(၂)မှာ မဘိန်းတွင် ရှိသည်။ စစ်ကြောင်းရုံးနှင့် တပ်ခွဲတစ်ခွဲ မဘိန်းမြို့ပေါ်တွင်ရှိပြီး တပ်ခွဲတစ်ခွဲမှာ ခေါ်တောရမ်းဘိုနှင့် ရွှေလီမြစ်ရိုး လှုပ်ရှားဖြစ်သည်။ စစ်ကြောင်း(၁) ဌာနချုပ်တွင် တပ်ရင်းမှူးရှိ၍ စစ်ကြောင်း(၂)တွင် ဗိုလ်ကြီးဌေးညွန့်(ယခု ဗိုလ်မှူးဌေးညွန့်၊ မြို့တော်စည်ပင်) ရှိ၏။

ကျွန်တော့်အား တပ်ရင်းမှူးမှ မလွှတ်သေး၍ မဘိန်းစစ်ကြောင်း(၂)သို့ မသွားရသေးပါ။ မိုးမိတ်တွင် စားလိုက်သောက်လိုက်၊ မြို့ပေါ်ရှိ ...များ သွားလိုက်၊ တပ်ရင်းမှူးဂေါက်ရိုက်စဉ် လိုက်သွားကြည့်လိုက်နှင့် ...ချိန်ကုန်နေ၏။ တပ်ရင်းမှူးကြီး မြို့ပေါ် အစည်းအဝေးများတက်လျှင် လိုက်တက်ရသည်။ ရောက်ခါစက ဆောင်းတွင်းမို့ နိုင်လွန်ဂျက်ကော့ ...ကိုအစိမ်းဝတ်၍ အစည်းအဝေးတက်ရာ ကျွန်တော့်အား နောက်...ပြောင်းလာသည့် ရေးတောက်အရာရှိ ထင်ကြသည်။ ထိုစဉ်က ရေး...ယာက် ခေါ် အေကြူးလုပ်နေသည့် ဗိုလ်ကြီးဘုန်းဇော်ရွှေသည် ဖခင်...နေမကောင်းသဖြင့် မေမြို့သို့ ခွင့်ပြန်နေသော ကာလဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်ကို သူ့ကိုယ်စား ခဏလုပ်နေသည့် ...အရာရှိဟု ယူဆကြ၏။ မိုးမိတ်ရောက်စက ကျွန်တော်သည် ကိုယ်...အလေးချိန် ပေါင် ၁၁၀-သာသာ သာ ရှိသည်။ လူက သေးသေး...ကွေးကွေးမို့ အသက်ကြီးသည်ဟု သိပ်မထင်ရ။

ထိုကိစ္စနှင့်ပတ်သက်၍ ပြောစရာလေး ရှိပါသေးသည်။ မိုးမိတ်...ကြောင်းရုံးသို့ ကျွန်တော်ရောက်ပြီး နှစ်ပတ်ခန့်အကြာတွင် ဖြစ်၏။ ...ညနေတွင် ကျွန်တော်သည် တပ်ရင်းမှူးကြီး ဂေါက်သီးရိုက်ရာတွင် လိုက်ပါမသွားဘဲ စခန်းတွင်းရှိ မန်ကျည်းပင်ကြီးအောက် တန်းလျားရှည် ...ပေါ်၌ တစ်ဦးတည်းထိုင်နေသည်။ ထိုစဉ် ဒိုင်နာ့ကားပြာတစ်စီး စခန်း...ကွင်းသို့ ရုတ်တရက် ထိုးဆိုက်လာ၏။ ကားခေါင်းခန်းထဲမှ ရုပ် ခပ်ဖြောင့်...ဖြောင့် သားသားနားနား အသက်နှစ်ဆယ်ကျော် အရပ်ဝတ်ဖြင့် လူရွယ်တစ်ဦး ဆင်းလာ၏။ ထိုအခါ ကင်းသမား ရဲဘော်မှ "ဟာ ဗိုလ်ကြီးဘုန်း...ပြန်လာပြီ"ဟု ဆိုလိုက်သည်။ ဤသည်ကား ခွင့်သွား နေသည့် ဗိုလ်ကြီးဘုန်းဇော်ရွှေဖြစ်ပေလိမ့်မည်ဟု ကျွန်တော် တွက်လိုက်မိသည်။ သူသည် ကားပေါ်မှ ဆင်းလျှင်ဆင်းချင်းပင် မကျည်းပင်အောက်ထိုင်နေသည့် ကျွန်တော့်အား အလေးပြုလိုက်ကာ

" ဟာ အစ်ကိုကြီး ရောက်နေတာကြာပြီလား၊ ဘယ်နှစ်ရက်...ဘက် ရှိပြီလဲ၊ ကျွန်တော်လဲ အဖေနေမကောင်းလို့ မေမြို့ကို ခွင့်ပြန်...ကာ အစ်ကိုကြီးရဲ့ "

ဝယ်ပေါင်းကြီးဇော်ပုံစံ ရင်းနှီးစွာ ပြောဆိုသည်။ ကျွန်တော်က ...ပြောသည်ကို နားထောင်၍ ပြုံးလိုက်ပြီး

www.burmeseclassic.com



" အေးကွာ၊ တစ်ပတ်ကျော် နှစ်ပတ်လောက် ရှိနေပါပြီ "

ဟု ပြန်ပြောလိုက်၏။

သူက

" အစ်ကိုကြီးရေ ကျွန်တော်လဲ ပြန်လာကာစဆိုတော့ စကား မပြောနိုင်သေးဘူး၊ ညကျမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့ "

ဟုဆိုကာ အထုပ်အပိုးများဆွဲ၍ စစ်ကြောင်းရုံးအတွင်းသို့ ကမန်းကတန်း ဝင်ရောက်သွားပါတော့သည်။

ထိုနေ့ညနေ ထမင်းဝိုင်းမှာ တပ်ရင်းမှူးက မဘိန်းမှ သူ့မွေးစား သမီးများရောက်နေသဖြင့် စကားကောင်းနေ၍ ခါတိုင်းထက် နည်းနည်း နောက်ကျသွား၏။ ထမင်းဝိုင်းတွင် တပ်ရင်းမှူးနှင့် တပ်ခွဲမှူး ဗိုလ်ကြီး မောင်ဝင်း၊ တပ်စုမှူး ဗိုလ်လှရွှေ၊ ဗိုလ်အုံးထွေး၊ ဗိုလ်မောင်မြင့်၊ ရုံးအဖွဲ့မှ ဗိုလ်မင်းတင်နှင့် ဗိုလ်ဘုန်းဇော်ရွှေတို့ ဖြစ်ကြ၏။ လူစုံသည့်အခါ တပ်ရင်းမှူးနှင့် ကျွန်တော်က ထွက်လာပြီး ကျွန်တော်သည် ဒုတပ်ရင်းမှူး ဖြစ်သဖြင့် တပ်ရင်းမှူး၏ ညာဘက်ဘေး၌ ဝင်ထိုင်လိုက်သည်။ တပ်ရင်း မှူးက ကျွန်တော့်အား

" ဗိုလ်မှူး တူးအိုင်စီ၊ ဒီနေ့ နည်းနည်း ပိုအေးတယ်ကွ၊ မိုးလဲ ရွာချင်နေတယ်၊ ရမ်သောက်လို့ ကောင်းမယ်ဟေ့ "

ဟု ပြောပါတော့သည်။ ထိုအခါ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် အတန်း အစွန်ဆုံးခုံတွင်ထိုင်နေသော ဗိုလ်ဘုန်းဇော်ရွှေက အံ့ဩသော မျက်နှာဖြင့် ကျွန်တော့်အားလှမ်းကြည့်ပြီး ဘာမှတော့ မပြောပါ၊ စကား တပြောပြောနှင့် စားကြသောက်ကြရာ ည (၉)နာရီတွင် ထမင်းဝိုင်းပြီးသွား ၏။ ကျွန်တော်တို့လည်း တန်းဖြုတ်ပြီး အသီးသီး အိပ်ရာ ဝင်ကြပါသည်။

ကျွန်တော် အိပ်ရာပေါ်လှဲလိုက်သည်နှင့် ကျီကနဲမြည်၍ ကျွန်တော့်အခန်း တံခါးပွင့်သွားသည်။ ဗိုလ်ဘုန်းဇော်ရွှေနှင့် ဗိုလ်ကြီး မောင်ဝင်းတို့ ဝင်လာကြသည်။ ဗိုလ်ဘုန်းဇော်ရွှေက ကျွန်တော့်ကို အလေးပြုလိုက်ပြီး

" ခွင့်လွှတ်ပါ ဒုတပ်ရင်းမှူး၊ ကျွန်တော်က ဒုတပ်ရင်းမှူးကို အမှ ပြောင်းလာတဲ့ ဗိုလ်ကြီးစိုးသိန်း အောက်မေ့မိလိုက်လို့ပါ၊ ဒုတပ်ရင်းမှူးက တော်တော် အရွယ်တင်တယ်ခင်ဗျ၊ ညနေက အစ်ကိုကြီး ခေါ်လိုက်မိတာ စိတ်မရှိပါနဲ့ ခင်ဗျာ "



ဟု ပြောလိုက်၏။

ကျွန်တော်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်ပါသည်။ အတူ ပါလာ သည့် ဗိုလ်ကြီးမောင်ဝင်းက

" အောင်မယ်၊ မင်းက ဒုတပ်ရင်းမှူးကို အစ်ကိုကြီးခေါ်မိလို့ လာတောင်းပန်နေတာပေါ့လေ၊ ဟော့ကောင်ရေ၊ ဒုတပ်ရင်းမှူးက မင်း အဲလိုအစ်ကိုကြီး ခေါ်တာကို စိတ်မဆိုးဘဲ တအား ကျေနပ်နေတာဟ၊ သိပြီလား "

ဟု တဟားဟားရယ်မောကာ ဝင်ပြောပါသည်။

ထိုအခါ ကျွန်တော်တို့ သုံးယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူ ရယ်မောလိုက်မိကြပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် ရှေ့တန်းခလရ(၇၁) စစ်ကြောင်းဌာနချုပ်ရှိ အရာရှိ အရာခံ အကြပ်တပ်သားများဖြင့် မကြာမီပင် ရင်းနှီးကျွမ်းဝင်သွားပါတော့ သည်။

ထိုနေ့က အတူလိုက်ပါလာသည့် တပ်ခွဲ(၅)၊ တပ်ခွဲမှူး ဗိုလ်ကြီး မောင်ဝင်းသည် တိုက်ရည် ခိုက်ရည်ကြောင့် တပ်ကြပ်ကြီးမှ ဗိုလ်ဖြစ်လာ သူ ဖြစ်သည်။ ကြွမ်းကြွမ်းတမ်းတမ်းနှင့် အပင်ပန်း အလွန်ခံနိုင်၏။ သူ့ကို ရှမ်းဘော်များက ကွယ်ရာတွင် ပူကျယ်ဟု ခေါ်ကြသည်။ ထိုသို့ခေါ်သံကို ကျွန်တော်ကြားသောအခါ

" ဟေ့ မင်းတို့က ကိုမောင်ဝင်းကို ဘာလို့ ပူကျယ်လို့ ခေါ်တာ လဲ၊ သူက သူကြီးမို့ လား "

ရှမ်းပြည်နယ်တွင် ပူကျယ်ဆိုသည်မှာ သူကြီးကို ခေါ်ခြင်း ဖြစ်ပါသည်။

" ပူကျယ် မဟုတ်ပါဘူး ခင်ဗျာ၊ ပူကျဲပါ "

" ဘာလဲကွ၊ ပူကျဲဆိုတာ "

" ဪ ပူကျဲဆိုတာ ဗိုလ်ကြီးမောင်ဝင်းက သွားကလဲ ကျဲတယ် ခင်ဗျ၊ ဗိုက်ကလဲ ခပ်ပူပူမို့ပါ "

ဗိုလ်ကြီးမောင်ဝင်းကား အသားညိုညို ထောင်ထောင် မောင်း မောင်း၊ ခပ်ဝဝ ဗိုက်ပူပူနှင့် အပေါ်သွားနှစ်ချောင်းမှာ ထင်သာမြင်သာ ဟောင်း ကျဲနေသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ပြောတာကို နားထောင်ပြီး ကျွန်တော့်မှာ "ဩော် ဒီလိုကိုး" ဟုဆိုကာ အတော်ပင် ရယ်မောရပါသေးသည်။ ကျွန်တော် မိုးမိတ်ရောက်ပြီး တစ်လကျော် နှစ်လခန့်အကြာ ဒီဇင်ဘာလ၌ တပ်မ(၈၈) တပ်မမှူး ဗိုလ်မှူးကြီးထွန်းကြည် မန္တလေးသို့ ပြောင်းရွှေ့ရောက်ရှိပြီး နမ၌ တိုင်းမှူးဖြစ်လာသည်။

"ကျွန်တော် ဘယ်ရောက်နေသလဲ" မေးသည်။ မိုးမိတ်တွင် ကြောင်း တာဝန်ရှိသူများက ဖြေ၏။ မိုးမိတ်တွင် "ဘယ်လောက် ကြာ လဲ"ဟု မေးပြန်သည်။ နှစ်လခန့် ရှိနေပြီဖြစ်ကြောင်းသိသောအခါ

"တပ်ရင်းမှူးနဲ့ ဒုတပ်ရင်းမှူး၊ စစ်ကြောင်း(၁)မှာ နှစ်ယောက် အတူနေတာ ဘာကိစ္စလဲ၊ ပြောစရာရှိရင် လေးငါးရက်အတူနေပြီး တော် ပေါ့၊ ဒုတပ်ရင်းမှူးကို အခုချက်ချင်း စစ်ကြောင်း (၂)ရှိတဲ့ မဘိန်း လွှတ်ဖို့ အမိန့်ထုတ်"ဟု နမခ စစ်ဆင်ရေးအစည်းအဝေးတွင် ညွှန်ကြား ပါတော့သည်။

ထိုအမိန့်ရသည့်အခါ တပ်ရင်းမှူးက

"ဗိုလ်မှူး တူးအိုင်စီ၊ ခင်ဗျားကို နမခက မဘိန်းလွှတ်တဲ့ ဒါဆိုလဲ သွားလိုက်ပေါ့၊ ကျွန်တော်က ခင်ဗျား ဒီမှာနေတုန်း အေးအေး ဆေးဆေးနဲ့ ကျွန်တော်မရှိတဲ့အခါ ဒီက စစ်ကြောင်းကို ကိုင်လို့ရအောင် ခေါ်ထားတာပါ၊ အခုတော့ မဘိန်း သွားလိုက်ပါတော့ဗျာ"

ဟုပြောလာ၏။

ကျွန်တော်က "ဟုတ်ကဲ့ပါ" ဟုသာ ပြော၍ နောက်တစ်နေ့တွင် တစ်ခါမှ မရောက်ဖူးသေးသော မဘိန်းသို့ ပျော်ရွှင်စွာ ထွက်ခွာ ပါတော့သည်။

နေရာအသစ်ကလေးတစ်ခုတော့ ရောက်ရပြန်ပြီပေါ့ ခင်ဗျာ။

## မဘိန်း ဆိုသည်ကား

မိုးမိတ်မှ မဘိန်းသို့ (၃၆)မိုင်ဝေးပြီး ကားလမ်းရှိသည်။ သို့ တွင် လမ်းတစ်ဝက်ပြစ်ဆုံ၌ ကူးတို့လှေ စီးရသည်။ ကားလမ်းအား ရွှေ မြစ်က ခြားထားသည်။ တရုတ်ပြည်မှ မြစ်ဖျားခံလာသော ရွှေလီမြစ်သည် မြောက်မှ တောင်သို့ စီးဆင်းလာ၏။ ပြန့်မော်နိုင်ငံတွင် ပူနာလုံ၊ နမ့်ခမ်း ဖြတ်၍ မိုးမိတ်အနီးသို့ ရောက်လာသည်။ မိုးမိတ် အနီးသို့ရောက်သော



အခါ ကြေးနီတောင်တန်းကြီးကြောင့်လားတော့ မသိ၊ တောင်မှ မြောက်သို့ ပြန်စီးသွား၏။ အင်းရွာအနီးတွင် ဧရာဝတီမြစ်ထဲသို့ စီးဝင်သွားလေတော့သည်။

မိုးမိတ်မှ မဘိန်းသို့သွားရာတွင် မြစ်ဆုံအား ကူးတို့နှင့် ဖြတ်ပြီး မဘိန်းသို့ ကားဆက်စီးရသည်။ ဂဝံကျောက်ခင်းလမ်းဖြစ်၍ မိုးမိတ်၊ မိုးကုတ်လမ်းကဲ့သို့ ကတ္တရာလမ်း မဟုတ်။ သို့ရာတွင် မြေပြင်မှာ ဖတော်ပြန့်ပြူးသဖြင့် ကားမောင်း၍ ကောင်းပါသည်။ လမ်းလည်း ကောင်း၏။ မိုး သိပ်မရွာသဖြင့် လမ်းအပျက်အစီးများ သိပ်မရှိပါ။ ကား ဖသွားအလာလည်း အလွန်နည်းပါသည်။ မဘိန်းကား မြို့ငယ်ကလေး မျှသာ ဖြစ်သည်။ ကျွန်တော်ရောက်တော့ ဗိုလ်ကြီးဌေးညွန့်က ဆီးကြို နေ၏။ သူက ရောက်လျှင်ရောက်ချင်းပင်

"ဒုတပ်ရင်းမှူး၊ မဘိန်းက အေးအေးဆေးဆေးပါခင်ဗျာ၊ ဒီက တာဝန်ရှိတဲ့လူတွေနဲ့ ကျွန်တော် မိတ်ဆက်ပေးမယ်၊ ဒီမှာအထိုင် တစ်ခွဲ၊ လှုပ်ရှား တစ်ခွဲပါ၊ ရန်သူ မရှိပါဘူး၊ သစ်ထုတ်လုပ်ရေးကို လုံခြုံရေး ပေးရတဲ့ အလုပ်ပဲ ရှိပါတယ်"

ဟု ပြောပါတော့သည်။

စခန်းမှာ မြို့အရှေ့ ထိပ်ကုန်းကလေးပေါ်တွင်ရှိ၍ အချက်အချာ ကျ၏။ နေရာအတော် ကောင်းပါသည်။ စခန်း၏တောင်ဘက်တည့်တည့် ကိုက် (၅၀၀)ခန့်အကွာတွင် ကုန်းခါးရွာရှိ၍ အိမ်ခြေလေးငါးဆယ်ရှိ၏။ စခန်း၏အရှေ့ဘက် နှစ်မိုင်ကျော် သုံးမိုင်ခန့်အကွာ၌ အိမ်ခြေ သုံးရာ ခန့်ရှိသော နမ့်ပုံးပုံးရွာကြီးရှိ၏။ စခန်းအနောက်ဘက်တွင်ကား မဘိန်းမြို့ ကလေးရှိ၏။ အိမ်ခြေ ငါးရာကျော်၊ ခြောက်ရာရှိသည်။ ရွှေလီမြစ်ကမ်း ဘေးတွင် ဖြစ်၏။ မဘိန်းရောက်ပြီး နောက်တစ်နေ့တွင် မြို့ပေါ်မှ ပါတီ၊ မကောင်စီ၊ ဌာနဆိုင်ရာများနှင့် မိတ်ဆက်ပြီး အာလာပသလ္လာပ ပြောဖြစ် ကြသည်။

"နေပါဦးဗျာ၊ ဒီမြို့ကလေးက မဘိန်းလို့ခေါ်တာ ဘာအဓိပ္ပာယ် လဲ၊ ဘာစကားလဲ"

"ရှမ်းစကားပါ ဒုတပ်ရင်းမှူး၊ မဘိန်း မဟုတ်ပါဘူး မန့်ပြိန်း ပါ၊ မန့်ဆိုတာက ရွာ၊ ပြိန်းဆိုတာက ညီညာပြန့်ပြူးတဲ့ နေရာလေး၊ ညီညာပြန့်ပြူးတဲ့နေရာမှာ တည်ထားတဲ့ ရွာ ကလေးပေါ့ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com

" ဩော် ဟော် ဟော်၊ ဒါနဲ့ နမ့်ပုံးပုံး ဆိုတာကရောဗျာ "

" အဲဒါလဲ ရှမ်းစကားပဲ၊ နမ့်ဆိုတာ ရေ၊ ပုံးပုံးက မြည်သံစွဲစကားလုံးပါ၊ ဝုန်းဝုန်းပေါ့၊ ရေတွေတဝုန်းဝုန်းကျနေတဲ့ နေရာလို့ ဆိုလိုပါတယ် "

" ကုန်းခါးဆိုတာကရော ခင်ဗျာ "

" ကုန်းကတော့ ဗမာစကားနဲ့ ရှမ်းစကား အတူတူပါပဲ၊ ကုန်းမြင့်ကုန်းကမူကို ကုန်းလို့ ခေါ်တာပါပဲ၊ ခါးဆိုတာကတော့ သက်ကယ်၊ အဲဒီတော့ သက်ကယ်ပေါက်တဲ့ ကုန်းပေါ့၊ အများကြီးပါပဲ ဒုတပ်ရင်းမှူးကြီးရယ်၊ ဒီနေရာတွေဟာ ဟိုတုန်းက ရှမ်းနဲ့ဗမာတွေ သွေးနှောတဲ့နေရာတွေပဲ၊ ရှမ်းစကားနဲ့ ဗမာစကားရောနေတဲ့ နေရာတွေပဲ၊ ခိုတာတို့ ဝိုင်းလုံဆိုတာတွေလဲ ရှမ်းစကားတွေပဲ၊ ခိုဆိုတာ တံတား၊ တာဆိုတာ ဆိပ်ကမ်း၊ ခိုတာဆိုတာ တံတားရှိတဲ့ ဆိပ်ကမ်းပေါ့၊ ဝိုင်းလုံ ဆိုတာ ဝိုင်းက ဝိန်း၊ ဝိန်းဆိုတာ မြို့၊ လုံဆိုတာ ကြီးတာ၊ ဒီတော့ ဝိန်းလုံဆိုတာ မြို့ကြီးပေါ့၊ ကာလရွေ့လျားတော့ ရှမ်းစကားတွေ ဗမာသံပေါက်ပြီး မန်ပြိန်းက မဘိန်းဖြစ်တယ်၊ ဝိန်းလုံက ဝိုင်းလုံဖြစ်တယ်၊ နမ့်ဝုန်းဝုန်းက နမ့်ပုန်းပုန်းဖြစ်သွားတယ်၊ မိုးမိတ် ဘက်မှာလဲ ဒါမျိုးတွေ ရှိတာပဲ၊ နှင်းထောက်တို့ မိုးဘုံတို့ မန်ပတ်တို့ဆိုတာ ရှမ်းရွာတွေပေါ့၊ ဒါတွေက ဒုတပ်ရင်းမှူးစိတ်ဝင်စားလို့ လေ့လာရင် အများကြီးပေါ့ခင်ဗျာ "


ထိုနေ့က မိတ်ဆက်တွေ့ဆုံပွဲ၌ အထက်ပါအတိုင်း မြို့ခံများက ပြောကြဆိုကြသည်။ ကျွန်တော်သည် မဘိန်းအား အတော်စိတ်ဝင်စား၍ ဗိုလ်ကြီးဌေးညွန့်အား မဘိန်းရာဇဝင်ကို အားတဲ့အခါ လေ့လာလိုကြောင်း ပြောသည်။ ထိုအခါ ဗိုလ်ကြီးဌေးညွန့်က

" ဒီဒေသက စိတ်ဝင်စားစရာတွေ အလွန်ပေါပါတယ်၊ သာလဲ သာယာတယ်၊ သံယဇာတနဲ့ စပါးဆန်ရေလဲ ပေါတယ်၊ သောင်းကျန်းသူ မရှိဘူး၊ အဲ မိန်းကလေးတွေလဲ ပေါတယ်၊ ဒုတပ်ရင်းမှူးရဲ့ ဒါကြောင့် ရဲဘော်တွေလဲ ခဏခဏ အိမ်ထောင်ကျကြတယ်၊ ဒါနဲ့ပတ်သက်ပြီး စာဆိုတောင် ရှိတယ် "

ထိုစာဆို ဆိုသည်ကို ကျွန်တော် စိတ်ဝင်စားသွား၏။


" ဘယ်လို စာဆိုလဲဗျာ၊ လုပ်စမ်းပါဦး "

" မယားလို မိုးလိုသွား



www.burmeseclassic.com





မိုးကုတ် ၊ မိုးမိတ် နှင့် မဘိမ်း ဒေသပြ မြေပုံ

မရသာ လဝါသွား
လဝါမှာ ရှား၊ ကုန်းခါးသွား
မရတဲ့ အဆုံး၊ နမ့်ပုံးပုံး
ပွဲသိမ်းတော့ မဘိန်း "တဲ့၊ ဒုတပ်ရင်းမှူးရဲ့ "

" အဓိပ္ပါယ် ရှင်းစမ်းပါဦးဗျာ "

" အဓိပ္ပါယ်ကတော့ အဲဒီစာဆိုမှာပါတဲ့အတိုင်းပါပဲ "

" မိန်းမလိုချင်ရင် မိုးမိတ်မြို့ အရှေ့မြောက်ဘက် မိုင်သုံးဆယ်အကွာလောက်မှာရှိတဲ့ မိုးလိုမှာ သွားရှာ၊ ပေါတယ်၊ အဲဒီမှာ မရရင် မဘိန်းအရှေ့ဘက် ရှစ်မိုင်အကွာလောက်က လဝါရွာသွားပါ၊ ရပါလိမ့်မယ်၊ လဝါမှာ မရရင်တော့ မဘိန်းအထွက်က ကုန်းခါးရွာသွားပါ၊ ရနိုင်ပါတယ်၊ အဲဒီမှာ ဘယ်လိုမှ မရနိုင်တော့ရင် မဘိန်းအရှေ့ သုံးမိုင်လောက်အကွာမှာရှိတဲ့ ဗန်းမော် ကားလမ်းမကြီးပေါ်က နမ့်ပုံးပုံးရွာကြီးကို သွားပါ၊ သေချာပေါက် ရပါလိမ့်မယ်၊ နောက်ဆုံး ဘယ်မှာမှ မစွံတော့ရင် ပွဲသိမ်းပြီး မဘိန်း ပင်လိုက်ပါ၊ တကယ်ပဲ မိန်းမရပါလိမ့်မယ်၊ အဲဒီလို ဆိုလိုတာပါပဲ၊ ...ကပ်ရင်းမှူးရယ် "

ကျွန်တော်သည် အထက်ပါအတိုင်း ဗိုလ်ကြီးဌေးညွန့်စကားကို ကြားမိသောအခါ တဟားဟား ရယ်မောမိပါတော့သည်။

" ကိုဌေးညွန့်တို့ မိုးမိတ်၊ မဘိန်းက ဒီလောက်တောင်ပဲလားဗျာ"

"ဟုတ်ပါတယ် ဒုတပ်ရင်းမှူးတပ်ရင်းမှူးကြီးကတောင် ကျွန်တော့်ကို ပြောဌေးညွန့်၊ မင်း ရဲဘော်တွေကို မိန်းမတွေ လျှောက် ပေးစားမနေနဲ့၊ လိုင်းထဲမှာ အိမ်ခန်း မရှိတော့ဘူးလို့ မှာလိုက်ပါသေးတယ် "

ဗိုလ်ကြီးဌေးညွန့်က အထက်ပါအတိုင်း ပြော၏။

မဘိန်းဆိုသည်ကား ထိုကဲ့သို့သော နေရာပင် ဖြစ်၏။ ကျွန်တော်နှင့် တာဝန်လဲပြီး တစ်ပတ်ခန့်ကြာသောအခါ ဗိုလ်ကြီး ဌေးညွန့်သည် မိုးမိတ်သို့ ပြန်လည်ထွက်ခွါ၍ အောင်လံ တပ်ရင်းဌာနချုပ်သို့ ဆက်လက်ထွက်ခွါသွားပါသည်။ ကျွန်တော်မှုကား မဘိန်းတွင် စစ်ကြောင်း(၂)မှူး တာဝန်ထမ်းဆောင်ရင်း လအနည်းငယ် ကြာသွားပါသည်။ အရှုပ်အထွေး ...လာက်မရှိလှဘဲ စခန်းခံစစ်ပြင်ဆင်ရင်း ရှေ့လိမြစ်ရိုးတစ်လျှောက် ကျော့ဖြင့် ...ကြမြေအခြေအနေ လေ့လာခြင်း၊ ခေါ်တောရမ်းဘိုသို့ ခရီးလှည့်လည်

www.burmeseclassic.com



သွားလာခြင်း၊ အားလပ်ချိန်များတွင် အင်္ဂလိပ်စာလုံးများ ကျက်ရင်း မဘိန်းမြို့ပေါ်မှ ဝါသနာရှင်များနှင့် Scrabble များ ကစားခြင်းဖြင့် အချိန်ကို ကုန်လွန်စေရပါသည်။ ရံဖန်ရံခါ မြို့ပေါ်က အရာရှိများက တပ်စခန်းသို့ ဖိတ်ကြားပြီး ညစာကျွေးခြင်း၊ Video ပြသခြင်း စသည့် ဤ ၅ ကိစ္စများဖြင့် ရင်းနှီးအောင် ဆောင်ရွက်ရပါသည်။

ထိုတပ်ကား ကျွန်တော်၏စစ်သားဘဝ တစ်သက်တာတွ အသက်သာဆုံးတပ်ဟု ဆိုရပါမည်။ တစ်နှစ်ကျော် ဖြတ်ထားခဲ့သေ ယမကာလေးကလည်း တစ်နေ့လျှင် တစ်ပက်၊ နှစ်ပက်ခန့် သောက်သ နေ၍ ကိုယ်အလေးချိန်များလည်း တိုးလာ၏။ ဂျီတူးဘဝက ပေါင်(၁၁၀ သာရှိသော ကျွန်တော်သည် ယခု ဒုတပ်ရင်းမှူးဖြစ်လာသောအခါ လ အနည်းငယ်အတွင်း ပေါင်(၁၂၀) အနီးသို့ ချဉ်းကပ်လာ၏။ ဒါတွေ သိလို့လား မသိ။ ဒုတပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်က ကျွန်တော် တပ်ရင်းမှူးရာထူးဖြင့် တပ်ပြောင်းတော့

" အောင်မယ် ဂျီတူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ စစ်တိုက်မယ် မကြ ဘူး၊ သက်သာတဲ့ တပ်ကို တောင်းပြောင်းသွားတယ် "ဟု ပြောပါတေ သည်။

တကယ်တော့ ကျွန်တော် ဘယ်တပ်မှ တောင်းမပြောင်းပါ တောင်းလည်း အထက်ဌာနမှ ပေးချင်မှ ပေးမှာပါ။ လူကြီးများ၏ အစီအစဉ်ဖြင့် သင့်တော်သော တပ်သို့ စေလွှတ်ခြင်းသာ ဖြစ်ပါမည် မည်သို့ပင်ဖြစ်စေ မိုးမိတ်၊ မဘိန်းကား ကျွန်တော့်အတွက် စာဖက်ချိ တွေးချိန်ရ၍ စစ်သားဘဝ အနှစ်သုံးဆယ်ကာလတွင် အလွန်သက်တော သက်သာနိုင်သော အချိန်ကာလဟု ဆိုချင်ပါတော့သည်။ သို့ရာတွ ကျွန်တော့်လက္ခဏာ ဇာတာအရ ထိုကာလလေးမှာ ဘာမျှမကြာ တစ်ခဏ တာသာ ဖြစ်ပါသည်။ ဒါတောင် ပစ်ရ ခတ်ရတာလေး ရှိလိုက်ပါသေ သည်။ ဆက်လက် ဖော်ပြသွားပါမည် ခင်ဗျား။

## မဘိန်းမြို့မှာ ခဏတာ

ကျွန်တော်သည် မဘိန်းစခန်းတွင် ကြာကြာမနေလိုက်ရ၊ တပ်ရင်း မှူးအား နယကက ခေါ်၍ မိုးမိတ်သို့ စစ်ကြောင်း (၁)မှူး နှစ်ကြိမ်ဖြေရာ



ပြန်လုပ်လိုက်ရ၏။ မိုးမိတ်၊ မဘိန်း၏ ဆောင်းကာလကား မခေလှပါ။ ဆောင်းတွင်းမိုးပါ ရွာ၏။ ထို့ကြောင့် အေးချမ်းလှသည်။ မီးပါ လှုံကြ ရ၏။

စစ်ဆင်ရေးကိစ္စမှာကား ရန်သူ မရှိ၍ သိပ်ပြီး မပင်ပန်းလှ၊ အဓိကမှာ စခန်းခံစစ်များ ခိုင်မာအောင် တည်ဆောက်ရခြင်း ဖြစ်၏။ ရန်သူကား ဗကပ မြစ်ဖျားတိုင်းအဖွဲ့များနှင့် KIA အဖျားအနားများသာ ဖြစ်သည်။ မန်တုံတစ်ဝိုက်၌မူ ပလောင် သောင်းကျန်းသူများ ရှိ၏။ သို့ရာတွင် သူတို့တစ်တွေကား မြို့ကြီးပြကြီးနား မကပ်နိုင်ကြ၊ ထို့ကြောင့် မိုးမိတ်၊ မဘိန်းကား လုံခြုံနေ၏။ ဖေဖော်ဝါရီ ပထမပတ်တွင် စစ်ဗျူဟာ မှူးနှင့် တပ်ရင်းမှူးတို့ မဘိန်းသို့ ရောက်လာသည်။

ကျွန်တော့်အား "စခန်းမှာပင် စောင့်နေပါ၊ မြစ်ဆုံသို့ လာမကြို ပါနှင့်"ဟု အကြောင်းကြား သဖြင့် စခန်းမှုပင် စောင့်နေရသည်။

" ဟား မောင်သက်ဦးလေး၊ အောင်မယ်လေး ကိုယ့်လူက ဒီရောက် မှ ကာကိုး "

ခရီးရောက်မဆိုက် ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ခင်(ယခု သာသ နာရေးဝန်ကြီး ဦးအောင်ခင်)က အထက်ပါအတိုင်း ပြောလိုက်သည်။

" တူးအိုင်စီနဲ့ ဗျူဟာမှူးနဲ့ သိကြတာကိုး "တပ်ရင်းမှူးက ပြော သည်။

" သိတာပေါ့ဗျာ၊ သူ့ ဘယ်မေ့လို့ ရမလဲ၊ သူနဲ့ ပြောရမယ့်ဟာ တွေ အများကြီးရှိတယ်၊ ဟိုတုန်းက ရတခ အဖွဲ့တွေလေ "

ဗျူဟာမှူးက ဆိုသောအခါ ကျွန်တော်က ပြုံးလိုက်မိ၏။

" ခင်ဗျားက ဗျူဟာမှူး မမေ့အောင် ဘာများလုပ်ထားလို့လဲ "

တပ်ရင်းမှူးက ကျွန်တော့်ကို လှမ်းမေး၏။ ကျွန်တော်က ပြန် မဖြေဖြစ်၊ ဗျူဟာမှူးကပင်

" ဇာတ်လမ်းစုံတော့ တပ်ရင်းမှူးကြီးရဲ့ တူးအိုင်စီလေးကိုသာ မေးကြည့်လိုက်ပါတော့ဗျာ "

ခပ်ပြုံးပြုံးနှင့်ပင် ဗျူဟာမှူးက ပြောပြန်၏။

ထိုနေ့ညက ညစာကို မဘိန်းမြို့လမ်းဆုံရှိ ဆလကကလပ်တဲတွင် ဗျူဟာမှူးနှင့်အဖွဲ့ စားကြရင်း ကျွန်တော်က တပ်ရင်းမှူးအား ဗျူဟာမှူး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျွန်တော်ကြုံခဲ့ရသည့် ပြန်မပြောချင်သော ဇာတ်လမ်းကို အောက်ပါ အတိုင်း ပြန်ပြောရပါတော့သည်။

× × × ×

၁၉၇၅ ခုနှစ် နှစ်ကုန်ခါနီးကာလ၊ အရှေ့တောင်တိုင်း စစ်ဌာန ချုပ်နယ်မြေ၊ ဖာပွန်ဒေသ။

ကျွန်တော်သည် ခလရ(၆၁) စစ်ကြောင်း(၂)နှင့်အတူ ကတိုင်တီ သို့ ရောက်နေ၏။ စစ်ကြောင်းမှူးကား ဗိုလ်မှူးစံကြည် ဖြစ်သည်။ ရွှေ တွင် သာဆဲ၏ ကေအင်န်ယူစစ်ကြောင်း(၃) နှင့် တိုက်ပွဲဖြစ်ပွါးပြီး ရွှေ နားနေချိန်ဖြစ်၏။ ဗျူဟာမှ ကြေးနန်းဝင်လာသည်။


" ရတ ခလရ(၆၁) စက(၂)နှင့် တိုက်ပွဲဖြစ်ပွားသော ကေ အင်န်ယူ စစ်ကြောင်း(၃) သာဆဲနှင့်အဖွဲ့များ ဝါးဒူးနှင့် ဝါးသိုး ဒေသသို့ ပြန်လည်ခိုအောင်းလျက်ရှိ၊ ဤ ကန ရလျှင်ရချင်း ရတ ခလရ(၆၁) စက(၂)သည် ဝါးသိုးခိုသို့ ချီတက်၍ ကန ပါ ဦးတည် ရန်သူအား ရှာဖွေ ရှင်းလင်းရန် "

" ကဲ ကိုသက်ဦးရေ၊ လုပ်လိုက်ကြဦးတာပေါ့ဗျာ "

တက်ကြွနေသော စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်က ပြော၏။ ကတိုင်တီ၊ ကညင်ဒုံ၊ ကဟီလူ၊ ရေပူ၊ ဝါးသိုးခို၊ ဝါးဒူးစသည်တို့ကား သာဆဲ၏စားကျက်များဖြစ်၏။ သာဆဲက ကမမောင်း အုံးတော ကျောင်းနေသွားသည့် လေးဖိုးထ သား။ ထို့ကြောင့် ဒီနားက ခွါလေ့ ခွါ မရှိ၊ သူ့တာဝန်က ဖာပွန်၊ ကမမောင်း ကားလမ်းကို နှောင့်ယှက်ဖျက် တိုက်ခိုက်ရန် ဖြစ်၏။ သူ့အား ကေအင်န်ယူဗဟိုက တိုက်ရိုက်ပံ့ပိုး သည်။ ရွှေရေးတိုက်ပွဲတွင် အထိနာသွားသဖြင့် သူ့ဗဟိုမှ သူ့ စစ်ကြောင်း သို့ လူ၊ လက်နက် ထပ်ဆောင်းပေးကာ နောက်ထပ် တိုက်ကွက်များ ဖော်ရန် ညွှန်ကြားထားသည်ဟု သိရ၏။

ကျွန်တော်တို့သည် နောက်တစ်နေ့နံနက်တွင် ကတိုင်တီမှ ထွက ခဲ့၏။ ကညင်ဒုံနှင့် ကဟီလူကြိုးဝိုင်းကို ဖြတ်ရှင်းပြီး ရေပူစခန်းကို လိုက်သည်။ ရေပူတွင် ခလရ(၁၉)မှ တပ်စုတစ်စု စခန်းထိုင်နေသည်။

" ဘယ်လိုလဲ စခန်းမှူး ဘာသတင်းတွေ ကြားသလဲ "




မိုးမိတ်- မဘိမ်း ဒေသပြ မြေပုံ

တစ်လက္မ ၄ မိုင်စကေး

www.burmeseclassic.com

www.burmeseclassic.com



ရေပူစခန်းမှူးမှာ တစ်ဘားနှင့် ဒုဗိုလ်ကလေးဖြစ်၏။ အမည်တော့ ကောင်းစွာ မမှတ်မိတော့ပါ။

“ ဟာ တပ်ခွဲမှူး ငပွေးတွေကတော့ ခြေချင်း လိမ်နေတာပဲ၊ ဘာတွေမှန်းတော့ မသိဘူး၊ ကျွန်တော်တောင် မျက်စိရှုပ်နေပြီ၊ ညနေက သတင်းရတာကတော့ တောင်ဘက်ကလဲ အဖွဲ့ကြီးတစ်ဖွဲ့ ရေပူဘက်ကို တက်လာနေတယ် ပြောတယ်၊ သာဆဲ စစ်ကြောင်းလားတော့ မသိဘူး ”

အရာရှိကလေးမှာ အတော်ငယ်သေးသဖြင့် အတွေ့အကြုံနုနယ်လှ၏။ ရန်သူ့ဖွဲ့စည်းပုံကိုလည်း ကောင်းစွာ မသိသေး။ ထို့ကြောင့် ရေပူရွာမှ မိတ်ဟောင်း ဆွေဟောင်းများကိုခေါ်ပြီး မေးရပါတော့သည်။ မှန်သည်။ ရန်သူ ဒီနားတွင် ရှိနေတာ သေချာနေသည်။ ဝါးသိုးခိုတွင်လည်း အင်အားအတော်များများ ရှိသည်ဟု ပြော၏။ သတိထားသွားမှ ရမည် ထင်၏။

ထို့ကြောင့် ညစာကို အပြီးချက်စားလိုက်၏။ လိုလိုမယ်မယ် နောက်တစ်နေ့အတွက် မနက်စာပါ ချက်လိုက်သည်။ ည (၇)နာရီတွင် ဆက်ထွက်ရန် အသင့်ဖြစ်၏။ ဗျူဟာကလည်း နောက်တစ်နေ့ မကူးခင် ဝါးသိုးခိုကုန်းအား အပြီးသိမ်းရန် ညွှန်ကြား၏။ ရေပူမှ ထွက်ချိန်တွင် စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်က ဝါးသိုးခိုတောင်ကုန်းအား ရှင်းလင်းပေးရန် ကျွန်တော့်တပ်ခွဲကိုပင် တာဝန်ပေး၏။ ကျွန်တော်သည် ဗိုလ်သင်တန်းဆင်းခါစက ဤဒေသ၌ နှစ်အတန်ကြာအောင် နေခဲ့ဖူး၍ ဖြစ်သည်။ ဝါးသိုးခိုနှင့် ရေပူ မဝေးလှ၊ လေးငါးမိုင်သာ ရှိ၍ ယနေ့ည (၁၂)နာရီ မထိုးမီ အပြီးသိမ်းမည်ဟု ကျွန်တော်က စီမံထား၏။

ထိုနေ့က လဆုတ်ပက္ခမို့ ညမှာ ပိန်းပိတ်အောင် မှောင်နေ၏။ ကျွန်တော်တို့သည် ကားလမ်းကို ကပ်မြောင်း၍ လိုက်လာကြသည်။ ပွိုင့်တပ်စုအား ကျွန်တော်၏တစ်ဦးတည်းသော တပ်စုမှူး ဗိုလ်မြင့်သိန်းက ဦးဆောင်လာ၏။ ပွိုင့်တပ်စိတ်မှူးမှာ တပ်ကြပ်စိန်ထွန်း ဖြစ်သည်။ သူက တပ်ခွဲ လစာကြပ်လုပ်နေရသည်မှာ ကြာပြီဖြစ်၍ စစ်တိုက်ချင်လှချည်ရဲ့ ဆိုပြီး ယခုအပတ်မှ အတင်းတောင်း၍ ရှေ့တန်းလိုက်လာခြင်းဖြစ်၏။ လူက ဖြူဖြူချောချော ပြုံးပြုံး ပြုံးပြုံးနှင့် အလွန် စိတ်ကောင်းသဘော ကောင်းသည်။ ကျွန်တော်နှင့် အတူနေလာသည်မှာ နှစ်နှစ် သုံးနှစ်ရှိပြီ။ [illegible]သဘောကောင်းလှသဖြင့် လူချစ်လူခင် အလွန်များ၏။ ကျွန်တော်တို့

www.burmeseclassic.com



ခလရ(၆၁) စစ်ကြောင်း(၂)နှင့်အတူ (၂၀၂) ကွန်မန်ဒိုတပ်ဖွဲ့ကြီးကလည်း နောက်မှပါလာသည်။ ထိုတပ်ဖွဲ့ကြီးက ကမမောင်းမှတစ်ဆင့် မော်လမြိုင်သို့ ပြန်မည် ဖြစ်သည်။ ကျွန်တော်တို့စစ်ကြောင်း နှစ်ခုပေါင်းက ... နှစ်ရာကျော်၊ သုံးရာဖြစ်၍ သာဆဲတို့ကို မှုစရာ မလိုပါ။ တလှုပ်လှုပ် တရွရွ ချီတက်လာရာ ညနေ (၉)နာရီထိုးသော် ဝါးသိုးခိုကုန်း အခြေသို့ ကပ်မိသည်။

" တပ်ခွဲမှူး၊ ရှေ့မှာ လူသံတွေ ကြားတယ်၊ တဒုံးဒုံး တဒုတ်ဒုတ် နဲ့ ကျင်းတွေလဲ တူးနေကြတယ်၊ ဘာဆက်လုပ်ရမလဲ "

တပ်စုမှူး ဗိုလ်မြင့်သိန်းက မေး၏။

" ကျင်း မက လို့၊ ရေတွင်း တူးတူးဗျာ၊ ဒီကုန်း သိမ်းဖို့လာတာ ဘာလုပ်ရမလဲ၊ ချကြတာပေါ့၊ ခင်ဗျား ပွိုင့်မှာ ခွဲရုံးက စက်လတ်နဲ့ ၇၉ နှစ်လက်ယူသွား၊ ကျွန်တော်က ၃. ၅ နဲ့ ကပ်လိုက်ခဲ့မယ်၊ တဖြည်းဖြည်း တိုးပြီး အနီးကပ်တိုက်ကြတာပေါ့ဗျာ "

ပွိုင့်မှ ကျွန်တော်တို့တပ်ခွဲသည် ဝါးသိုးခိုကုန်းပတ်လည်ရှိ ခြုံများကို တိုး၍ ကုန်းပေါ်သို့ တွားတက်သွားကြ၏။ ကျွန်တော်သည် ပွိုင့်တပ်စိတ်နှင့် မလှမ်းမကမ်းတွင် ပါသွားသည်။ ပွိုင့်တပ်စိတ် ကုန်းပေါ် ရောက်သည်နှင့်

" ဒိုင်း၊ ဒိုင်း၊ ဒိုင်း "

ရန်သူ့ဘက်မှ သေနတ်သံ သုံးချက်ထွက်လာသည်။

" ဟာ ပစ်ပြီဟေ့၊ ဘာဖြစ်တာလဲ၊ မေးစမ်း "

ကျွန်တော်၏ စကားမဆုံးခင် ဗိုလ်မြင့်သိန်းခေါ်သွားသော ခွဲရုံး စက်လတ်မှ တဝေါဝေါနှင့် ပစ်ပါတော့သည်။ ကိုက် သုံးဆယ်သာသာ သာ ဝေးကွာသည်မို့ ကျွန်တော်က ရှေ့သို့ အပြေး တက်သွား၏။ လဲနေသူ တစ်ဦးအား ခလုတ်တိုက်လိုက်မိ၏။ မီးထိုးကြည့်လိုက်သည်။

" ဟာ ဆရာစိန်ထွန်းပါလား "

ပွိုင့်တပ်စိတ်မှူး ဆရာစိန်ထွန်းကား သွေးအိုင်ထဲတွင် လဲပြီး အသက်ပျောက်နေချေပြီ။ ကိုယ့်ဘက်က အားထားရသူတစ်ဦး ကျသွားသည်။ ရန်သူကို ပြတ်ပြတ်သားသား တိုက်မှ ရမည်။

" ဟေ့ကောင်တွေ၊ ဆရာစိန်ထွန်းကျသွားပြီ၊ ပစ်စမ်းကွာ "



" ဟောဟိုမှာ မီးရောင်မြင်တယ်၊ အဲဒီ နေရာကို ၇၉ နဲ့ ပစ်ကွာ "

ကျွန်တော်၏ စကားဆုံးသည်နှင့် ၇၉ သုံးလေးလုံးက "ဝုန်းကနဲ၊ ဝုန်းကနဲ"ထွက်သွား၏။ တောင်ကုန်းပေါ်မှ လူများမှာ ရုတ်ရုတ်သဲသဲနှင့် ပြေးကြ၊ လွှားကြပြီး ဆူညံနေ၏။ အသံတွေက ဗမာစကားပြောသံ ဖြစ်နေသည်။ ကျွန်တော့်တပ်ခွဲကလည်း ဗမာလို ဆဲဆို အော်ဟစ်နေကြသည်။ ထိုအခါ တစ်ဖက်မှ

" ငါတို့ ၁၀၁ ပါဟေ့၊ ငါတို့ ၁၀၁ ပါဟ "

ကျယ်လောင်စွာ အော်ဟစ်ကြပါသည်။

" ဘာ ခုမှ ၁၀၁ လဲကွ၊ ပစ်သာ ပစ် "

ကေအင်န်ယူတွင်လည်း ၁၀၁ တပ်ဖွဲ့ရှိ၍ ကျွန်တော်က အပစ်ခိုင်းလိုက်၏။ ကျွန်တော့် စကားဆုံးသည်နှင့် ပွိုင့်တပ်စုမှ မိုးမွှန်အောင် ရစပ်ပစ်ကြပါသည်။ ထိုအခါ တစ်ဖက်မှ

" ငါတို့ ၁၀၁ ကွန်မန်ဒိုတပ်ဖွဲ့ကြီးနဲ့ ကချင်(၂) စစ်ကြောင်းဟေ့၊ လူမှားနေပြီ၊ လူမှားနေပြီ "

ဟု အားလုံး ဝိုင်းအော်ကြပါသည်။ နောက်မှတက်လာသည့် စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်လည်း ရောက်လာ၍ ကျွန်တော်က အပစ်ရပ်ခိုင်းလိုက်သည်။

" ကချင်(၂) စစ်ကြောင်းတဲ့ဟေ့၊ အားလုံး အပစ်ရပ်ဟေ့၊ အားလုံး အပစ်ရပ် "

ထွေးလုံးရစ်ပတ်ဖြစ်နေရာမှ အပစ်ရပ်၍ မီးထိုးကြည့်လိုက်ရာ ကျွန်တော်တို့သည် ကချင်(၂)စစ်ကြောင်း၏ အလယ်တည်တည့်သို့ လာတိုးမိခြင်းဖြစ်၏။ မီးရောင်အောက်တွင် ၁၀၁ကွန်မန်ဒိုတပ်ဖွဲ့မှ ကျွန်တော်သိသော ခလရ(၂၄)မှ တပ်စုမှူး ဗိုလ်သန်းထွန်းကို သွား တွေ့၏။

" ဟေ့ ကိုသန်းထွန်း၊ ကိုယ့်လူတို့က ဘယ်လိုလုပ် ဒီရောက် လာသလဲ "

" စစ်ကြောင်းမှူးက ဂါးဒူး မနေဘဲ ဂါးသိုးခိုသွားမယ်ဆိုပြီး ထွက်လာကြတာ၊ ကံကောင်း လို့ သေမကျန်တယ် အစ်ကိုရာ "

" မင်းဆီကသာ မသေတာ၊ ငါ့ဆီကတော့ တစ်ယောက်ကျသွားပြီ "

www.burmeseclassic.com

www.burmeseclassic.com




ကျွန်တော်က မကျေမနပ်နှင့် ပြောမိ၏။ မှားတော့ မှားတာပါ သူတို့ စစ်ကြောင်းကပဲ မှားတာလား၊ ဗျူဟာကပဲ မှားတာလားတော့ မသိ ကျွန်တော်တို့ကတော့ ညွှန်ကြားချက်အရ ကိုယ့်ရည်မှန်းချက်နှင့် ကိုယ် ချီတက်လာခြင်းဖြစ်၏။ ကျွန်တော်တို့ စကားပြောနေစဉ် ဟိုမှ မီး မီးရောင်များ လက်လာ၏။ ရဲဘော်တစ်ဦး ရောက်လာသည်။

" ဗိုလ်ကြီး၊ စစ်ကြောင်းမှူးကြီးတို့အဖွဲ့ ထိသွားပြီ "

ကျွန်တော်နှင့် ကိုသန်းထွန်းတို့က ထိုနေရာသို့ ထွက်ခဲ့၏။ ကျွန်တော့်စစ်ကြောင်းမှူး ဗိုလ်မှူးစံကြည်ပါ လိုက်ပါလာသည်။ ဝါးသို့ ကုန်းကားလမ်းနံဘေးရှိ ကြီးမားလှသော ညောင်ပင်ကြီးအောက်တွင် မီးများလင်း၍ အလုပ်ရှုပ်နေကြသည်။ ကျွန်တော့်ခွဲရုံးမှ ပစ်လိုက်သော ၇၉ တစ်လုံးကျရောက်ပေါက်ကွဲ၍ ကချင်(၂) စစ်ကြောင်းမှ ငါးဦးထိ သွားသည်။ ရုံးအဖွဲ့ဝင် သုံးဦး၊ ကချင်(၂) စစ်ကြောင်းမှူး ဗိုလ်ကြီးသာဒွန်း နှင့် ၁၀၀ ကွန်မန်ဒိုတပ်ဖွဲ့မှူးကြီးတို့ ဖြစ်၏။ ၁၀၀ ကွန်မန်ဒိုတပ်ဖွဲ့ကြီးမှူး မှာ တခြားသူ မဟုတ်ပါ။ ယခု ကျွန်တော်၏ဗျူဟာမှူး ဗိုလ်မှူးကြီး အောင်ခင် ပါတည်း။

ထိုစဉ်က ဗိုလ်မှူးကြီးအောင်ခင်မှာ ယာယီတပ်ခွဲမှူး ဗိုလ်မှူး ဖြစ် ၏။ ကျွန်တော်တို့ ရောက်သွားတော့ သူ့ဒဏ်ရာက ဗိုက်ထိထားပြီး အတော်ပြင်း၏။ စကားကောင်းစွာ မပြောနိုင်တော့ပါ။ မှားပစ်သည် ဖြစ်စဉ်ကို ညတွင်းချင်း ဗျူဟာကို တင်ပြ၍ ရဟတ်ယာဉ် တောင်းရသည်။ နောက်နေ့ နံနက်စောစောတွင် ရဟတ်ယာဉ်ရောက်လာ၏။ ဗိုလ်ကြီး အောင်ခင်က ဒဏ်ရာပြင်းထန်သည့်ကြားမှ ကျွန်တော်တို့အား ပြုံး၍ နှုတ်ဆက်သွားသေးသည်။ ဗိုလ်ကြီးအောင်ခင်နှင့်အတူ လက်မှန်သွား သည့် ဗိုလ်ကြီးသာဒွန်းလည်း ရဟတ်ယာဉ်နှင့် ပြန်ပါသွားသည်။ ကချင် (၂) စစ်ကြောင်းမှူးတာဝန်ကို ဗိုလ်မှူးအတာက ရဟတ်ယာဉ်နှင့် လိုက်ပါ လာ၍ တာဝန်လဲယူလိုက်သည်။

ထိုမှ ကျွန်တော်တို့ စစ်ကြောင်းသည် ကမမောင်း၊ ရင်းပိုင်၊ ငှက်ပျောကော၊ ကြာအင်း၊ ပိန္နဲတော၊ လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ ရေပူ၊ ဒေါ်လန် ကျုံဒိုးစသည့် ဒေါနတောင်အနောက်ခြမ်း၌ လေးလကြာ လှည့်လည် လှုပ်ရှား တိုက်ခိုက်ပြီးနောက် ၁၉၇၆ ခုနှစ်၊ ဧပြီလ သင်္ကြန်တွင်း စစ်ကြောင်းတစ်ခုလုံး တပ်ရင်းသို့ ပြန်ဝင်ရ၏။ ထိုအချင်းချင်းမှားပစ်သည်




www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြောင့် ဗျူဟာမှ ဦးစီးအရာရှိများနှင့် ဗိုလ်ကြီးသာဒွန်းတို့ အရေးယူ ခံကြရသည်။

ထိုမှ ၁၉၈၀ ခုနှစ်၌ ကျွန်တော်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီး ကျောင်းတွင် တပ်ရေး ဗိုလ်ကြီးလုပ်နေ၏။ တပ်နယ်ဈေးအနီးတွင် နေစရာ အိမ်ရသည်။ စစ်ဦးစီး တက္ကသိုလ်နှင့် ကျွန်တော့်အိမ်က ကပ်နေသည်။ ကျွန်တော့် တပ်ခွဲမှူး ဟောင်း ဒုဗိုလ်မှူးကြီးအေးကျော် စစ်ဦးစီးတက္ကသိုလ်တွင် သင်တန်း လာတက်သည်။ ကျွန်တော်မှ အိမ်သို့ ထမင်းဖိတ်ကျွေး၏။ ထိုအခါ သူ့သူငယ်ချင်းများပါ ပါလာကြ၏။ ဒုဗိုလ်မှူးကြီးသိန်းထူး၊ ဒုဗိုလ်မှူးကြီး အောင်ခင်၊ ဒုဗိုလ်မှူးကြီးကျော်ဝေ စသူတို့ ဖြစ်ကြသည်။ ကျွန်တော်က ဗိုလ်မှူးကြီးအောင်ခင်အား တွေ့လျှင်တွေ့ချင်း

" ဟာ ဗိုလ်မှူးကြီး၊ နေကောင်းတယ်နော် "

" အောင်မယ်၊ နေကောင်းလို့ ကျောင်းလာတက်တာပေါ့ဟ၊ မောင်ရင်က ပစ်တုန်းက ပစ်ခဲ့ပြီး အခုမှ နေကောင်းရဲ့လား၊ ဘာလားနဲ့ လုပ်မနေစမ်းပါနဲ့ "

ဗိုလ်မှူးကြီးအေးကျော်က ရယ်ရွှန်းပတ်ရွှန်းနှင့် ပြော၏။ ဗိုလ်မှူး ကြီးအောင်ခင်ကမူ ပြုံးယုံသာ ပြုံးနေ၏။ ကျွန်တော်တို့ ပစ်လိုက်သော ၇၉-ပုံးသီးအစကြောင့် သူ့မှာ ဆေးရုံအတော်ကြာအောင် တက်လိုက်ရ သည်ဟု ဆို၏။ ကျွန်တော်သည် ၁၉၇၅ ခုနှစ်မှ ဖြစ်စဉ်များကို တောက်မေ့ သတိရ၍ ထိုစဉ်က ထိုအရာရှိကြီးများအား မကြာခဏ ထမင်းများ ဖိတ်ကျွေးပြီး ရှေးဟောင်းနှောင်းဖြစ်များ ပြောရပါသေးသည်။ ထိုသို့ ပြုစုလိုက်ရမှ စိတ်လက်ပေါ့ပါးသွား၏။ သို့မဟုတ်ပါက Guilty Concious ဖြစ်နေပါဦးမည်။

ဤသည်ကား ကျွန်တော်နှင့် ဗိုလ်မှူးကြီးအောင်ခင် ဆုံခဲ့ရသော ဇာတ်လမ်းပါတည်း။

× × × ×

ကျွန်တော်က အထက်ပါအတိုင်း ဇာတ်လမ်းကို ပြောပြရာ ကျွန်ုပ်တော်၏တပ်ရင်းမှူးက လက်ပါးနှစ်ဖက်ကို တဖြန်းဖြန်းတီးကာ

" ဟူးအိုင်စီက မေဟ်မေဟ် ယပ်ယ်သံပြောင်တာပဲ "

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ တဝါးဝါး ရယ်ပါတော့သည်။ ဗျူဟာမှူး ဗိုလ်မှူး...
အောင်ခင်ကမူ ဘာမှ မပြော်ပါ။

နောက်တစ်နေ့တွင် တပ်ရင်းမှူးနှင့် ဗျူဟာမှူးတို့ မဘိန်း...
ပြန်လည်ထွက်ခွါသွားကြသည်။ ကျွန်တော့် မဘိန်းစခန်းမှ ခံစစ်များ...
စစ်ဆေးရာ ကောင်းမွန်ကြောင်း ပြောကြားသွားပါတော့သည်။

ဒါလေးတွေက စစ်သားဘဝအမှတ်တရပေါ့ ခင်ဗျာ။

## လူကြီးလို မနေမိလို့

ကျွန်တော် ခလရ(၇၁)သို့ ရောက်သည့်အခါတွင် ထိုတပ်...
တပ်ခွဲမှူး ဗိုလ်မှူး နှစ်ယောက်ရှိ၏။ တစ်ယောက်မှာ ဗိုလ်မှူးထင်အော...
ဖြစ်၍ တစ်ယောက်မှာ ဗိုလ်ကြီးဌေးညွန့် ဖြစ်၏။ ကျွန်တော်ရောက်ပြီ...
သိပ်မကြာမီတွင် O.T.S (၄၃)မှ ဗိုလ်ကြီးသက်ညွန့်ဆိုသူ ရောက်လာ၏...
ဗိုလ်ကြီးသက်ညွန့်ကား ကွယ်လွန်သူ ဒုဗိုလ်မှူးကြီးမောင်မောင်ကလေး၏...
သား ဖြစ်သည်။ ငယ်နာမည်မှာ ဆန်နီ ဖြစ်၏။

ထို့ကြောင့် သူ့အား ဆန်နီမောင်မောင်ကလေးဟု ခေါ်ကြသည်...
သူသည် ကျွန်တော် မဘိန်းရောက်တော့ မဘိန်းရှိ လှုပ်ရှားတပ်ခွဲကို ...
ကိုင်ရသည်။ သူ့တပ်ခွဲမှာ ခေါ်တောရမ်းဘို၊ လဝါ၊ ရွှေလီမြစ်...
စသည်တို့သို့ သွားလာလှုပ်ရှားရ၏။ တပ်သို့ သူရောက်သည်မှာ ၁၉၈...
ခုနှစ်၊ ဒီဇင်ဘာလဖြစ်၏။ မဘိန်းသို့ ကျွန်တော်နှင့် ရှေ့ဆင့် နောက်ဆ...
ရောက်လာကြသည်။ သူသည် ရုပ်ရည် အတော်ချောမော၏။ သူ့ ရုပ်ရည်...
မှာ ယနေ့နာမည်ကျော် ရုပ်ရှင်မင်းသားရန်အောင် လိုလို၊ ကိုကိုလ...
မောင် လိုလိုဖြစ်၏။ သူ့ကို ၁၉၈၀ ခုနှစ်လောက်က တိုက်ခိုက်ရေး...
ကျောင်းတွင် သင်တန်းသားအဖြစ် ကျွန်တော် စတင်သိခဲ့သည်။ ထိုစဉ်က...
ကျွန်တော်က နည်းပြဖြစ်၏။ သိပ်ဟောင်း ကျွမ်းဟောင်းမို့ အတော်...
ခင်မိ၏။ သူသည် စကားကို အဆက်မပြတ် ပြောနိုင်၏။ အပြောင်အပြက်...
ဝါသနာပါ၏။ အလည်အပတ် ဝါသနာပါ၏။ အစအနောက် သန်၏။

ဗျူဟာမှူး ပြန်သွားပြီးနောက်ရက်၌ ဗိုလ်ကြီးသက်ညွန့်က လဝါ...
ရောက်နေရာမှ မဘိန်းသို့ သူ့တပ်ခွဲ ခေတ္တပြန်ဝင်လိုကြောင်း ကျွန်တော်...
ထံ ခွင့်တောင်းရာ ကျွန်တော်က ခွင့်ပြုလိုက်သည်။ ရောက်သည့်နေ့...



...ညစာအတူ စားပြီးသော် သူက အေးအေးမနေပါ၊ ကျွန်တော့်အား အဖော်...
...ခိုင်း၏။

" အစ်ကိုကြီး၊ ဆေးရုံသွားရအောင် "

" ဘာသွားလုပ်မှာလဲ၊ ညကြီးကို "

" ဆေးသွားတောင်းမယ်လေ "

" ဘာဆေးလဲ "

" ရဲဘော်တွေအတွက် အားဆေး၊ ဝမ်းပိတ်ဆေးနဲ့ ငှက်ဖျား...
...ကာကွယ်ဆေးလေး ဘာလေးပေါ့၊ တပ်ခွဲမှာ ဆေးလိုနေတယ် အစ်ကိုကြီး
...ရ "

" ဟ ကိုယ့်လူကလဲ၊ ကိုယ်တို့ တစ်ခါမှ သွားဖူးတာမှ မဟုတ်ဘဲ"

" လာပါအစ်ကိုကြီးရဲ့၊ ဆရာမလေးတွေနဲ့ ကျွန်တော် ခင်ပါ...
...တယ်၊ ဆရာဝန်ကြီး ဒေါက်တာဝင်းတင့်နဲ့လဲ ကျွန်တော်ရင်းနှီးပါတယ် "

ဗိုလ်ကြီးသက်ညွန့်အတင်းခေါ်သဖြင့် ကျွန်တော်လည်း မအူ...
...မှလည်ဖြင့် ဆေးရုံသို့ ထွက်ခဲ့၏။ တပ်စိတ်တစ်စိတ်ပါလာသည်။ အရာရှိ...
...ငယ်လေးတစ်ဦးကိုလည်း ခေါ်လာခဲ့၏။ ဆေးရုံမှာ စခန်းနှင့် ကိုက်...
...တစ်ထောင်ခန့်သာ ဝေး၏။ ထိုနေ့ညက လကလည်း ထိန်ထိန်သာ...
...နေသဖြင့် ကျွန်တော်တို့တစ်တွေက ကိုယ့်ကိုကိုယ် ကာလသားစတိုင်...
...မိမ်း၍ ထွက်လာကြသည်။ ဗိုလ်ကြီးသက်ညွန့်က ဘယ်က ရလာမှန်း...
...မသိသော ဂစ်တာတစ်လက်ကို တဒေါင်ဒေါင်ခေါက်၍ လာ၏။ "ဆရာမ"
...သီချင်းကိုပါ ဆိုလိုက်သေးသည်။ ဆေးရုံသို့ ရောက်သော် ဆရာမလေး...
...များနေသည့် တန်းလျားသို့ တန်းသွားပြီး ဗိုလ်ကြီးသက်ညွန့်က

" ချိုရေ ကိုယ်လာပြီ "ဟု ဆိုသည်။

" ဟော့ မင်း ဘယ်သူ့ခေါ်နေတာလဲ "

" ခင်ချိုထိုက်လေ အစ်ကိုကြီးရဲ့၊ ကျွန်တော့်ဘော်ဒါ ဆရာမလေး
...ပါ "

ဗိုလ်ကြီးသက်ညွန့်က နှုတ်သွက်လျှာသွက်မို့ ကျွန်တော့်ထက်...
...မဘိန်းတွင် အသိမိတ်ဆွေ အလွန်ပေါ၏။ ကျွန်တော်က ခပ်တင်းတင်း...
...နေသူမို့ ဘယ်သူနဲ့မှ သိပ်ပြီး ခင်လှချည်ရဲ့ မဟုတ်။ ဆရာမလေးများက
...တံခါးဖွင့်ပေးသည်။ ဘက်ထရီဖန်ချောင်းနှင့် စာဖတ်နေကြ၏။ အလယ်မှ

www.burmeseclassic.com

www.burmeseclassic.com

ကုလားမင်းသမီး ဇီးနတ်အမန်ပုံပေါက်နေသည့် ဆရာမလေးသ
လက်ထဲတွင် လက္ခဏာ စာအုပ်တစ်အုပ်ကိုင်ထား၏။

" အံ့မယ်၊ ချိုက လက္ခဏာတွေ ဘာတွေကို လေ့လာလို့ပါလား

ဗိုလ်ကြီးသက်ညွှန့်က စကားတွေ အဆက်မပြတ် ပြောသည
ကျွန်တော်ကတော့ တစ်ခါမှ မရောက်ဖူးသဖြင့် သူတို့ပြောတာသ
နားထောင်နေသည်။ ထို့နောက် အားလုံး ရောက်တတ်ရာရာများ ပြော
၏။ ဆေးတော့ မတောင်းဖြစ်သေး၊ ထိုကုလားမင်းသမီးပုံနေသည့် ဆရ
လေးမှာ နှာတံ ပေါ်ပေါ်၊ မျက်လုံးပြူးပြူး၊ အသားညို စိမ့်စိမ့်ဖြင့် ကိုယ်
ကိုယ်ပေါက် အချိုးအဆက်ကျနပြီး အတော်လှ၏။ အသက်ကလ
နှစ်ဆယ့်ငါးနှစ်ထက် ပိုအံ့ မထင်ပါ။ သူ့ကိုယ်သူ ပွဲနေ ပွဲထိုင်သွားမ
ဟန် ပြင်ဆင်ထား၏။ နားတွင် နားသံသီးလုံးလေး ဝတ်ဆင်ထား
ခေါင်းလှုပ်လိုက်တိုင်း နားသံသီးလေးတခါခါနှင့် ဖြစ်နေ၏။ စကားပြေ
လျှင်လည်း သူမက မျက်လုံးလေးကို မှေးကာ၊ စင်းကာ ပြောတတ်
ကိုသက်ညွှန့်ကို စကားပြောသော်လည်း ထိုဆရာမကလေးက ကျွန်တေ
ကိုတော့ စကားမပြောပါ။

ထို့ကြောင့် ကျွန်တော်လည်း ယောင်ချာချာဖြင့် သူတို့ပြော
တွေကိုသာ နားထောင်နေရ၏။ စကားဝိုင်း တစ်နာရီကျော်သွားသည့်အ
လက္ခဏာအကြောင်းသို့ ရောက်သွား၏။ ခင်ချိုထိုက်က လက္ခဏာ
သူမ မယုံကြည်၍ ယခုလေ့လာဖတ်ရှုနေကြောင်း ပြော၏။ ထိုအ
ဗေဒင် လက္ခဏာပညာကို အသည်းအသန်လိုက်စားနေသည့် ကျွန်တေ
က ဗေဒင်လက္ခဏာဆိုသည်မှာ ဘုရားမပွင့်မီ ရှေးပဝေသဏီကတည်း
ရှိသော ပညာဖြစ်သည်။ မယုံကြည်၍ မရကြောင်းပြောကြရာ အငြ
အခုံဖြစ်ပြီး ကျွန်တော်နဲ့ စကားများကြပါတော့သည်။ ငြင်းရင်း ခုံရ
အရှိန်ပြင်းလာသောအခါ ကျွန်တော်က

" တဲ့ အဲဒါဆိုရင် ပေးစမ်း၊ မင်း လက်ကို ကိုယ်ကြည့်မ
မင်းကို ကိုယ်ဟောပြမယ် "

ဟု ပြော၍ ခင်ချိုထိုက်၏ လက္ခဏာအား ကြည့်ရန် လက်
လှမ်းဆွဲလိုက်သည်။

" ရှင် ကျွန်မလက် မကိုင်နဲ့၊ မထိနဲ့၊ ကျွန်မကို ဘာအောက်
လို့လဲ "



သူမက မျက်နှာထိ မျက်နှာထားဖြင့် ဆို၏။ ကျွန်တော့် လက်ကို လည်း ပုတ်ထုတ်လိုက်သည်။ ရုတ်တရက်မို့ ကျွန်တော်က အတော် အံ့အားသင့်သွား၏။ အားလုံးရှေ့ဖြစ်၍ အနည်းငယ်လည်း ရှက်သွား၏။ သို့ရာတွင် ကိုယ့်ကိုကိုယ် ထိန်းလိုက်ပြီး

" မင်းကို ဘာအောက်မေ့ရမှာလဲ၊ ဆေးရုံက ဆရာမလို့ပဲ အောက်မေ့ရမှာပေါ့၊ မင်း စကားပြောတာလဲ ကြီးကျယ်လှချည်လား "

ခပ်အေးအေးဖြင့်ပင် ပြန်ပြောလိုက်သည်။

" ကြီးကျယ်မှာပေါ့၊ ရှင်တို့ ညမိုးချုပ်မှ လာပြီး ဟိုပြောဒီပြောနဲ့ လက်ကိုင်တာ ကျွန်မ မကျေနပ်ဘူး၊ ဆရာဝန်ကြီးကို တိုင်မယ် "

ကျွန်တော်သည် စောစောပိုင်းက ဒေါသမထွက်ခဲ့ပါ၊ ဆရာဝန်ကြီးတိုင်မယ်ဆိုမှ ရုတ်တရက် ဒေါသက ပေါက်ကွဲသွားသည်။

" ဆရာဝန်တိုင်ရအောင် တို့က ဘာလုပ်မိလို့လဲ၊ အားလုံးရှေ့မှာ လက်ကိုင်တာ ဘာဖြစ်လဲ၊ မင်းတိုင်ချင် တိုင်ပါ "

" ဟေ့ ကိုသက်ညွှန့်၊ မင်းလုပ်တာနဲ့ ငါပါ သိက္ခာကျတယ်၊ မင်းဟာမင်း မင်းဆရာမကို ခင်ချင်သလိုသာ ခင်၊ ငါကတော့ ဆောရီးပဲ ကွာ၊ သွားမယ်ဟေ့ "

" ဟေ့ ခင်ချိုထိုက်၊ မင်းသွားတိုင်ချင်ရင် မင်းဆရာဝန်ကို အခု သွားတိုင်တော့လေ "

ကျွန်တော်လည်း ဒေါပွပွနှင့်ပြောကာ ထပြန်ခဲ့၏။ ထိုသို့ ပြောလိုက်မှ ကုလားမင်းသမီးလေးက ကုလားကားထဲကအတိုင်း ရှိုက်ကြီး တငင် ငိုကြွေးပါတော့သည်။ ရှပ်ရှင်ရိုက်နေသလား အောက်မေ့ရ၏။ ထို့နောက် သူမက ပြောလိုက်သေး၏။

" ဟင်း သူတို့ကလဲ လာ စ သေးတယ်၊ လက်လဲ ကိုင်သေး တယ်၊ ပြီးတော့ ယောကျ်ားတန်မယ့်နဲ့ သူတို့ကပဲ စိတ်ဆိုးရတယ် ရှိသေးတယ်၊ လုံးဝ မကျေနပ်ဘူး "

ထိုစကားကိုကြားသည့်အခါဒေါသမပြေနိုင်သေးသော ကျွန်တော် ကလည်း

" မကျေနပ် လဲသေလိုက်လေ "

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ဆောင့်ဆောင့် ဆောင့်ဆောင့်နှင့် စခန်းသို့ ပြန်လာခဲ့ပါသည်။ ထိုညက တလူးလူး တလိမ့်လိမ့်နှင့် ကောင်းစွာ အိပ်မပျော်ပါ။ စဉ်းစားရင်း၊ စဉ်းစားရင်း အတော်ရှက်မိ ပါသည်။ ကိုယ့်ထက် အသက် ဆယ့်လေးငါးနှစ်လောက် ငယ်သည့် မိန်းကလေးနှင့် ယခုလို ရန်ဖြစ်လိုက်မိသည့်အတွက် ကိုယ့်ကိုကိုယ်လည်း ခွင့်မလွှတ်နိုင်ပါ။ စဉ်းစားလိုက်တိုင်း ရှိုက်ကြီးတငင် ငိုနေသော ဆရာမလေး၏ မျက်နှာကို သာ မြင်မိပါ၏။

ထိုအခါ "ဒီဆရာမလေးနဲ့ ရန်ဖြစ်မိတာ၊ ငါတော့ မှားပြီ"ဟု နောင်တ ရမိ၏။

စိတ်ဆိုးနေသဖြင့် ဗိုလ်ကြီးသက်ညွန့်အား ထိုနေ့က ညတွင်း ချင်းပင် လဝါသို့ ပြန်သွားခိုင်းလိုက်သည်။ နောက်တစ်နေ့ မိုးလင်းသည့် အခါ ဆေးရုံမှ ဆရာဝန်ကြီးအပါအဝင် ဌာနဆိုင်ရာ လူကြီးများအား ညက အဖြစ်အပျက်ပြောပြ၍ ကျွန်တော်က တောင်းပန်လိုက်ပါသည်။ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းတင့်က

" ဆရာမလေး ခင်ချိုထိုက်က ကလေးလိုပဲ ဗိုလ်မှူးရဲ့၊ သူက အချော့ကြိုက်၊ ဗိုလ်ကြီးသက်ညွန့်နဲ့တော့ လိုက်ပါတယ်၊ ဗိုလ်မှူးကတော့ ခပ်တည်တည်ဆိုတော့ သူနဲ့ ဘယ် အဆင်ပြေမလဲ၊ သူက လှလဲ လှတော့ နဲနဲတော့ မာန်ရှိတာပေါ့၊ ကျွန်တော်ကြည့်ပြီး ပြောလိုက် ပါမယ်၊ ဗိုလ်မှူး စိတ်မကောင်းမဖြစ်ပါနဲ့ "

ဆရာဝန်ကြီးက စိတ်မကောင်းမဖြစ်ပါနဲ့ ဆိုသော်လည်း ကျွန်တော့်မှာ စိတ်တော့ ကသိကအောင့် ဖြစ်ရပါသည်။ လူကြီးက လူကြီးလို မနေမိဘဲ ကာလသားလုပ်လိုက်မိသဖြင့် ချောက်ပေါက်တိုးရ ပါတော့သည်။ ယခု ဤစာရေးရင်း ထိုကိစ္စများကို ပြန်တွေး၊ ပြန် စဉ်းစား၍ ဆရာမလေး မခင်ချိုထိုက်အား လှချင်းတွေ့ပြီး ခွင့်လွှတ်ဖို့ ပြောချင် ပါသေးသည်။

( သို့ရာတွင် ဆရာမလေး မခင်ချိုထိုက်တစ်ယောက် မကြာသေး မီက သေဆုံးသွားသည်ဟု မိတ်ဆွေများပြောပြ၍ သိရပါသည်ခင်ဗျား။ )

× × × ×



**မဘိန်းမှသည် အောင်လံသို့**

မခင်ချိုထိုက်နှင့် စကားများပြီး တစ်ရက် နှစ်ရက်အကြာတွင် ဗိုလ်ကြီးဌေးညွန့်ရောက်လာ၍ ကျွန်တော့်အား တာဝန်လာလဲ၏။ ရှေ့တန်း တွင် လေးလကြာ၍ တပ်ရင်းမှူးမှ အနားပြန်ရန် ခွင့်ပြုလိုက်သည်။ နောက်တန်းပြန်မည့် တပ်ခွဲနှင့် တစ်ပါတည်းလိုက်ပါရန် ဖြစ်သည်။ ထိုနေ့ ကား ၁၉၈၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့ဖြစ်သည်။ တာဝန်လွှဲ၍ မိုးမိတ်သို့ ထွက်ခွါရာ နေမဝင်မီ ရောက်၏။ (၁၀)ရက်နေ့တွင် မိုးမိတ်မှ ထွက်ရာ မန္တလေးသို့ ညနေတွင် ရောက်သည်။ အနားပြန် တပ်ခွဲပါလာ၍ သုဓမ္မာဇရပ်များ၌ ညအိပ်လိုက်ရသည်။ နောက်နေ့တွင် မန္တလေးမှ ထွက်၍ ည (၉)နာရီတွင် အောင်လံသို့ ရောက်သည်။ တပ်ပြောင်း လာခါစက တပ်ရင်းတွင် တစ်ရက်၊ နှစ်ရက်သာ နေရ၍ ယခုအခေါက်၌ တပ်ရင်းမှူးက တပ်ရင်းတွင် နှစ်ပတ်၊ သုံးပတ် နေပါဟု ဆို၏။

အောင်လံရောက်မှ အောင်လံအကြောင်းကို အနည်းအကျဉ်း သိပါသည်။ ထိုစဉ်က အောင်လံကောင်စီဥက္ကဋ္ဌမှာ ဗိုလ်မှူးအောင်သော်ဦး ဖြစ်သည်။ ပွင့်ပွင့်လင်းလင်းနှင့် စိတ်ကောင်း သဘောကောင်းရှိသည်။ တစ်ခေါက် အောင်လံ ရောက်သည့်အခါတွင် မြို့ပေါ်ရှိ ဌာနဆိုင်ရာ များနှင့်တွေ့ဆုံ၍ မိတ်ဆက်စကား ပြောကြားရ၏။ ရုံးပြင်ကန္တားများကို သွားရ၏။ တပ်ဘေးတွင် ဖောက်ထားသည့် ဂေါက်ကွင်းလေးတွင် မတတ် တတတ်နှင့် ဂေါက်သီးဝင်ရိုက်ရ၏။

ထိုစဉ်က အောင်လံကို အောင်လံဟုမခေါ်၊ မြေထဲဟုခေါ်သည်။ အင်္ဂလိပ်- မြန်မာ ဒုတိယစစ်ပွဲ ကာလအပြီးတွင် အင်္ဂလိပ်တို့ဘက်မှ အင်္ဂလိပ်- မြန်မာ နယ်ခြားကျောက်တိုင်များစိုက်ထူရန် မဒရပ် တိုင်းရင်း သားတပ်မကြီးမှ စစ်ထောက်ချုပ်ဖြစ်သူ ဗိုလ်မှူးဂရန့်အာလံ (Major Grant Allan) အား တာဝန်ပေးခဲ့၏။ အင်္ဂလိပ်တို့က သူ့ကို ဂုဏ်ပြု၍ မြေထဲမြို့အား အာလံ (Allan) ဟု ခေါ်သည်။ သို့ရာတွင် ၁၉၅၈-ခုနှစ်၌ နိုင်ငံတော်မှ တာဝန်ရှိသူများက အာလံကို အောင်လံဟု ပြောင်းလဲ ခေါ်တွင် စေသည်။ ၁၉၆၂-ခုနှစ် နောက်ပိုင်း၌ အောင်လံမှသည် မြေယဲဟု ပြန်ပြောင်းသည်။ မကြာသေးမီကမှ အောင်လံဟု ပြန်ခေါ် ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်လံမြို့ရှိ ရှေးမီ နောက်မီ လူကြီးများအား အောင်လံသမိုင်းကို ကျွန်တော်က မေး၏။ ထိုအခါ သူတို့က အောက်ပါအတိုင်း ပြောကြသည်။

" ဗိုလ်မှူး မောင်ပေါက်ကျိုင်းရဲ့သား စူဠာသမ္ဘဝ၊ မဟာသမ္ဘဝကို သိတယ် မဟုတ်လား"

" ဟုတ်ကဲ့၊ သိပါတယ် "

" သူတို့ကို စန္ဒမုခိ ဘီလူးမလေးက မျက်စိကုပေးပြီးတော့ မျက်စိ စကုတဲ့နေရာကို စကု၊ မျက်စိ စလင်းတဲ့နေရာကို စလင်းလို့ ပြောတယ်၊ ပါးစပ်ရာဇဝင်ပေါ့ ဗိုလ်မှူးရယ် "

" တဖြည်းဖြည်း မျက်စိကုပြီးလင်းလာတော့ ဧရာဝတီမြစ်အတိုင်း ဆင်းလာပြီး အောင်လံမြို့နေရာကိုရောက်တဲ့အခါ ကမ်းပေါ်တက် ကြည့်တယ်၊ မွေးကတည်းက မျက်စိမမြင်ရှာတဲ့ ညီအစ်ကိုနှစ်ယောက်က လောကကြီးကို မြင်လျှင်မြင်ချင်း ဘီလူးမလေးက ဒါက မိုး၊ ဒါက မြေလို့ ပြောတော့ ညီအစ်ကိုနှစ်ယောက်က၊ ဟာ မိုးက အဖုံး၊ မြေက အထဲ ပါလားလို ဆိုသတဲ့၊ အဲဒါနဲ့ ဗိုလ်မှူးရေ ဒီနေရာမှာ မိုးဘုံး မြေထဲဆိုတာ ဖြစ်လာတာပဲ၊ မိုးဘုံးရွာက ရှေ့နားမှာလေ "

" တကယ်တော့ မြေထဲက အောင်လံနဲ့ တစ်မြို့ထဲလို့သာ ပြောနေကြတာ၊ တစ်မြို့စီလို့လဲ ပြောလို့ ရတယ်၊ မြောက်ဘက်က မြေထဲမြို့ဟောင်း တောင်ဘက်က မြေထဲမြို့သစ်၊ မြေထဲ မြို့သစ်ဟာ (Major Grant Allan) တည်ခဲ့တဲ့ အောင်လံလေ၊ ဒီမြေထဲမြို့ဟောင်းကို တကောင်းခေတ်က သုနန္ဒာမင်းတည်ခဲ့တယ်လို့ ပြောတယ်၊ အင်းဝခေတ်မှာ မင်းရဲကျော်စွာက ခံတပ်မြို့လုပ်ခဲ့တယ်လို့ ဆိုတယ်၊ ကျွန်တော်တို့ အောင်လံမြို့က ပြောမယ်ဆိုရင်တော့ ရာဇဝင်သမိုင်းနဲ့ရော အမျိုးသားရေး ဇာတိမာန်နဲ့ပါဆိုင်တဲ့ အချက်အလက်တွေ အများကြီးပဲ ရှိပါတယ်၊ ကုန်းလမ်းရော ရေလမ်းပါ သွားလို့လာလို့ ကောင်းတယ်၊ ဆီတို့ ပဲတို့ ဝါတို့လဲ ထွက်တယ်၊ လေ့လာကြည့်ပေါ့ ဗိုလ်မှူးရယ်၊ နောက်တော့ ဗိုလ်မှူး အများကြီး သိသွားမှာပါ "

ကျွန်တော်သည် မြို့ခံလူကြီးများဖြင့် ဆွေးနွေးမှတ်သားပြီး အောင်လံတွင် နှစ်ပတ်ကျော် သုံးပတ်ခန့် ကြာခဲ့၏။ မြစ်အနောက်ဘက် ...လ်တောင်သို့လည်း ရောက်သွား၏။ ယခုတစ်ခေါက် အနားပြန်ကာလ ...တပ်တွင် သုံးပတ်ခန့်နေလိုက်ရ၍ တစ်သက်နှင့်တစ်ကိုယ် အတော်နား ...ရသော အချိန်ဖြစ်သည်။ အောင်လံကား အနည်းငယ် ပူသည်မှ ...၍ နေလို့ထိုင်လို့ အလွန်ကောင်းပါသည်။

မတ်လဆန်းတွင် ရွှေတန်းသို့ ပြန်တက်ခဲ့သည်။ ကျွန်တော် ...ပြန်ရောက်တော့ တပ်ရင်းမှူးမှာ တရားမဝင် ငွေစက္ကူလဲလှယ်ရေး ...များဖြင့် ခရီးထွက်နေသဖြင့် မိုးမိတ်တွင် မရှိပါ။ နမခသို့ ရောက် ...သည်။ ကျွန်တော်လည်း ထိုငွေစက္ကူကိစ္စများဖြင့် မသိန်းသို့ တစ်ပတ် ... သွားနေရသည်။ အလုပ်မရှိဘူးဆိုသော်လည်း အုပ်ချုပ်မှုကိစ္စများက ...တော်များလှချေ၏။ ငွေစက္ကူကိစ္စကြောင့် အလုပ်က နည်းနည်း ပိုရှုပ် ...သည်။ ငွေစက္ကူကိစ္စနှင့် တပ်ရင်းမှူး နမခသို့ ဆင်းနေချိန်တွင် ...ခြားဖြစ်စဉ် တစ်ခု မမျှော်လင့်ဘဲ ဖြစ်ပွါးပါတော့သည်။

ကျွန်တော့် လက္ခဏာကြောင့်ပဲ ဖြစ်မည် ထင်ပါ၏။

### ...ဟုံ၊ မန်ပတ်မှ သေနတ်သံများ

၁၉၈၆ ခုနှစ် မတ်လလယ်ကာလ ဖြစ်၏။ တပေါင်းလဆန်း (၈)ရက်ဖြစ်မည် ထင်သည်။ ထိုနေ့က ကျွန်တော်သည် ပါတီကောင်စီ ...ဖွဲ့များအား စခန်းသို့ ထမင်းခေါ်ကျွေး၍ ည(၁၁)နာရီမှ ပွဲသိမ်း ...လိုက်သည်။ ထို့နောက် အိပ်ယာဝင်လိုက်သည်။ ညအတော်နက်ပြီမို့ ...တ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေ၏။ ထိုအချိန်တွင် တိတ်ဆိတ်ခြင်း ...ကို ဖြိုခွင်းလိုက်သော အသံများ ပေါ်ထွက်လာ၏။

" ဒိုင်း ဒိုင်း ဒိုင်း၊ ဒက် ဒက် ဒက် "

" ဖောင်း ဂျိမ်း၊ ဖောင်း ဂျိမ်း "

လက်နက်ငယ်သံများ ပါတည်း။

" ဟော့ ဗိုလ်ဘုန်း၊ ဒီနေ့မှ ထူးထူးခြားခြား လက်နက်ငယ်သံတွေ ...ဟ၊ ဒက်ဖွင့်ပြီး မေးစမ်းပါဦး၊ ဘာဖြစ်သလဲ မသိဘူး၊ ဘယ်ဘက်က ...သလဲ "

ကျွန်တော်က ထောက်လှမ်းရေးအရာရှိ ဗိုလ်ဘုန်းဇော်ရွှေအား ...သည်။

www.burmeseclassic.com

www.burmeseclassic.com



" ဒုတပ်ရင်းမှူး၊ အရှေ့ဘက်ကဆိုတော့ မိုးဘုံ၊ မန်ပတ်ဘက် ဖြစ်မယ်၊ အဲဒီမှာ ကိုအောင်မြင့်နဲ့ ခွဲရုံးတစ်စုရှိတယ် "

" ဒိန်း ဒိန်း၊ ဒက် ဒက် ဒက် "

သေနတ်သံများက ရပ်မသွား။

" ဟော့ ကိုဘုန်း၊ အသံတွေက မရပ်သေးဘူးကွ၊ ဆရာကြီး သန်းထွန်းနဲ့ ကွန်မန်ဒိုတစ်စုရှိတယ် မဟုတ်လား၊ ဗိုင်နာနဲ့ နိုင်သလော တင်ပြီး လိုက်သွားခိုင်းကွာ၊ စက်ဆက်သွယ်ဖို့လဲ ပြော၊ ၆၀ တစ်လက် ထည့်ပေးလိုက် "

စစ်ကြောင်းရုံးတွင် အရံထားရှိသော ကွန်မန်ဒိုတစ်စုအား ဗိုင် ကားဖြင့် တင်လွှတ်လိုက်၏။ စက်အဆက်အသွယ်က မနက် (၄)နာ ထိုးပြီးမှ ရသည်။ ညက မိုးဘုံ၊ မန်ပတ်ကို ပလောင်သောင်းကျန်း အင်အား (၆၀)ခန့်မှ ဝင်ဆက်ကြေးတောင်းသည်။ သတင်းရ၍ စခန်း ဗိုလ်ကြီးအောင်မြင့်နှင့် တပ်စိတ်နှစ်စိတ်က ဆင်းရှင်းရာ ရွာလယ်ခေါင် လရောင် မလင်းတလင်းတွင် တိုက်ပွဲဖြစ်ကြသည်။ ရန်သူများ အရှေ့ မြောက်ဘက်မှ ဝင်ရောက်လာခြင်းဖြစ်၏။

ပလောင်သောင်းကျန်သူများသည် မြောက်ဘက်ရေပုံးတုံးကြီး အရှေ့ဘက် ငွေ့ါစဘစ်ဘက်တွင် နေတတ်၏။ အိုက်မုံ့တို့၊ ကျော်ရင်တို့ ခေါင်းဆောင်ကြသည်။ စက်အဆက်အသွယ်ရ၍ အခြေအနေမေးသော အခါ မိမိဘက်မှ အထိအခိုက် မရှိ၊ ရန်သူ့ဘက်မှ တစ်လောင် တစ်လက်ကျန်ခဲ့ကြောင်း သိရ၏။ မှောင်ခိုများကို ကာဘိုင်လွယ်၍ လိုက် ဖမ်းခဲ့ဖူးသော ကျွန်တော်သည် သေနတ်သံကြားသည့်အခါ မနေနိုင် မိုးလင်းလျှင်လင်းချင်း နောက်ထပ် ဗိုင်နာကားတစ်စီးဖြင့် ၆၀ မမ စိန်ပြောင်း တစ်လက်ယူသွားပြီး တပ်စိတ်တစ်စိတ်တင်၍ မိုးဘုံ၊ မန်ပတ် သို့ နောက်မှ လိုက်သွား၏။

မိုးဘုံ၊ မန်ပတ်၌ ဗိုလ်ကြီးအောင်မြင့်နှင့် ဆရာကြီးသန်းထွန်းအား ရန်သူ့ထံမှ ရ ထားသည့် M-16 သေနတ်တကားကားဖြင့် တွေ့ရသည်။

" ဗိုလ်မှူး ကူးအိုင်စီ ခင်ဗျား၊ ရန်သူတွေတော့ ပွဲဖျက် ပြေးပါပြီ၊ ဒီကိုင်းတောထဲမှာ သွေးကွက်တွေတွေ့လို့ အခု ကျွန်တော် လိုက်ရှင်း မလို့ပါ "



ရွာဘေးမှ ကိုင်းတောကြီးအား ပြ၍ ဗိုလ်ကြီးအောင်မြင့်က ပြော၏။

" အေး၊ ဒါဆိုရင်လဲ လုပ်လေကွာ "

" ရန်သူက ဒီနေ့ မနက်ပိုင်းမှ တချို့ဆုတ်သွားတာ "

" ဒါဆိုလဲ အဲဒီဘက်ကို စိန်ပြောင်းနဲ့ လိုက်ပစ်ရအောင် "

ကျွန်တော်က ပါလာသည့် စိန်ပြောင်းနှင့် ဗိုလ်ကြီးအောင်မြင့် ပြောသည့်ဘက်ကို လေးငါးချက်ခန့် ပစ်ခိုင်းလိုက်သည်။ ၆၀ မမ စိန်ပြောင်းများ "အုမ်းကနဲ၊ အုမ်းကနဲ" သုံးလေးလုံးခန့် ပေါက်ကွဲ သွားသည်။ ကျွန်တော်၏ရည်ရွယ်ချက်မှာ ရန်သူကို ကြောက်သွားအောင် အင်အား ပြခြင်း (Show of Force) လုပ်လိုက်ခြင်းသာ ဖြစ်ပါသည်။ အထိ နာသွားရုံသာမက လက်နက်ကြီးဖြင့်ပါ နောက်မှ ပစ်ခတ်ခြင်း ခံလိုက်ရပါက ဤဒေသတွင်းသို့ ရန်သူ နောက်ဝင်ရဲမည် မဟုတ်ပါ။ ကျွန်တော်တို့ ၆၀ မမ စိန်ပြောင်းတစ်လက်နှင့် အလုပ်ရှုပ်နေချိန်တွင် ဆရာကြီးသန်းထွန်း၏ ကွန်မန်ဒိုတပ်စုမှ

" ရန်သူ တစ်ယောက် ရပြီ "

ဟု လှမ်းအော်၏။

သူတို့ အသံကြား၍ ကျွန်တော်က လိုက်သွားကြည့်သည်။ ကိုင်းတောအလယ်၌ ပေါင်သေနတ်မှန်ထားသော ပလောင်သောင်းကျန်း သူ တစ်ဦးအား တွေ့ရ၏။ M-16 သေနတ်တစ်လက်ဖြင့် သွေးလွန်၍ သအံ့ မူးမူးဖြစ်နေသည်ကို တွေ့ရ၏။ အသက်ငင်နေသည်။ ကျွန်တော် တို့ စစ်သည်များက သူ့အား အပြင်သို့ ထုတ်သယ်လာစဉ်မှာပင် သေဆုံး သွား၏။ ရန်သူနှစ်ယောက် သေဆုံး၍ သေနတ်နှစ်လက်ရလိုက် သည်နှင့် စစ်သည်များမှာ သွေးကြွသွားကြ၏။ ကွန်မန်ဒိုတပ်စု ခေါင်းဆောင် တက်ကြွပ်ကြီးသန်းထွန်းသည် လုပ်ရဲကိုင်ရဲရှိ၏။ စစ်ရေးအတွေ့အကြုံ လည်း ရှိ၏။ သို့ရာတွင် အတန်းစာတော့ များများမသင်ဘူး ရှာခဲ့၊ သူက ရန်သူ့ အလောင်းများကို မြင်သည်နှင့်

" သူ့ပုန်ရင်ခွဲပြီး အသည်းစားမယ်ဟော့၊ ရဲဘော်တွေ မင်းတို့ ...ကြမလား "

" စားမယ်၊ စားမယ် "

www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်များက အော်ကြသည်။

ကျွန်တော်သည် ဆရာကြီးသန်းထွန်းကိုကြည့်ပြီး ရှုတ်တ... စိတ်ဆိုးသွား၏။

" ဟေ့ ဆရာကြီးသန်းထွန်း၊ ခင်ဗျား ဘာတွေ လျှောက်လ... နေတာလဲ၊ ပါးစပ်ထဲ တွေ့တာတွေ လျှောက်ပြောမနေနဲ့၊ ကိုယ်... ဒုက္ခရောက်သွားမယ်၊ ရန်သူဆိုပေမယ့် သူတို့လဲ လူပဲ၊ ကောင်းကော... သဂြိုလ်ရမယ်၊ ထင်ရာ မြင်ရာလုပ်လို့ မရဘူး၊ ဗိုလ်ကြီးအောင်မြင့် ... ကောင်းကောင်း သဂြိုဟ်ကွာ၊ ပိုက်ဆံကုန်တာ တို့စစ်ကြောင်းမှ... သဂြိုဟ်စားရိတ်ပေးမယ်၊ ထင်ရာ မြင်ရာ မလုပ်ရဘူး၊ လုပ်လို့လဲ မရ... မင်းတို့ သင်တန်းတွေ တက်တဲ့အခါမှာ ဂျီနီဗာ ကွန်ဗင်းရှင်းဆို... ရှိတယ်၊ အဲဒါတွေလဲ ဖတ်ကြည့်ကြဦး "

ကျွန်တော်က စစ်သွေးကြွနေသည့် တပ်ကြပ်ကြီးသန်းထွန်း... တိုက်ပွဲဝင်စစ်သည်များအား မဖြစ်သင့်တာ မဖြစ်ရအောင် ဆုံးမ တား... လိုက်ရပါသည်။ ထိုနေ့ နေ့လယ် မိုးမိတ်သို့ ပြန်ရောက်သည့်အ... မိုးမိတ်မြို့မှ တာဝန်ရှိသူများက စစ်ကြောင်းရုံးမှ လာကြိုနေကြ၏။ ပါ... ယူနစ်ဥက္ကဋ္ဌ ဦးခင်အောင်က

" ကွန်ကရက်ကျူလေးရှင်း ဒုတပ်ရင်းမှူး၊ ဒုတပ်ရင်းမှူးတာ လု... က နွဲ့နွဲ့လေးနဲ့ အတော် လုပ်ရဲ ကိုင်ရဲတာပဲ "ဟု ဆီးပြော၏။

ကောင်စီမှ လုံခြုံစည်းကမ်းကိုင်သည့် ဦးဘိုလေးမှလည်း -

" ဒုတပ်ရင်းမှူးရေ၊ ဒီမှာ သေနတ်သံ မကြားရတာ ကိုးနှစ်နီး... ရှိပြီဗျို့၊ ခင်ဗျား ရောက်လာမှပဲ သေနတ်သံကြားရတော့တယ် " ... ဖြည့်စွက်ပြောကြား၏။

ကျွန်တော့်လက္ခဏာတွင်ပါသည့်အင်္ဂါဂြိုဟ်ခုံပေါ်မှ စတားကြေ... များလားတော့ မသိပါ။ ထိုစတားကလည်း အခက်သားလား။ ရန်... ချင်၏။ တစ်ခါ တစ်ခါကျတော့ ကောင်မလေးတွေနဲ့ပင် ရန်ဖြစ်ချင်နေ... အရှက်ကွဲလုလု နီးနီးလည်း ဖြစ်ခဲ့ရပါသေးသည်။ လက္ခဏာအရ စတ... ဆိုတာကတော့ ကောင်းတာရော ဆိုးတာရော အကျိုးပေးပါသ... ခင်ဗျား။

× × × ×



## အခန်း(၁၂)
## ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်

**သင်တန်းသား ဖြစ်ရပြန်ပါပြီ**

၁၉၈၆ ခုနှစ် သင်္ကြန်ပြီးခါစ ကာလဖြစ်၏။ မြန်မာသက္ကရာဇ် ၁၃၄၈ ခုနှစ်၊ တန်ခူး လပြည့်ကျော် (၁)ရက်နေ့။

ကျွန်တော်သည် မဘိန်းစစ်ကြောင်းသို့ ရောက်ရှိ စခန်းထိုင်နေ၏။ စစ်ကြောင်းရုံး၌ တပည့်ကျော် သန်းထွန်းအောင် (ယခု ဗိုလ်ကြီးသန်းထွန်းအောင်)က ကြေးနန်းတစ်စောင် လာပြသည်။

" ခလရ(၇၁)မှ ကြည်း-၁၁၂၀၅ မှူးသက်ဦးအား ဥစတ အထူး သင်တန်းအမှတ်စဉ် (၂/၈၆) တက်ရောက်ရန် ရွေးချယ်၊ မေ (၁၇) နောက်ဆုံးထား၍ ဥစတ သို့ သတင်းပို့ရန် "

ကကထူးမှ စာအမှတ်အား ညွှန်း၍ နမခမှ ကြေးနန်းပို့လာသည်။

ဩော် သင်တန်းတက်ရဦးမှာပါလား။

ကျွန်တော်သည် တပ်မတော်တွင် သင်တန်းပေါင်း အတော်များများ တက်ခဲ့ဖူးသူဖြစ်၏။ ဤစစ်ဦးစီးတက္ကသိုလ်မှာ အဆင့်အမြင့်ဆုံး သင်တန်းကြီးဖြစ်၏။ အရာရှိကြီးများ မလွှဲမသွေတက်ရမည့် သင်တန်းလည်း ဖြစ်၏။ ထို့ကြောင့် ထိုကြေးနန်းကို ဖတ်၍ ကျွန်တော်များစွာ ဝမ်းသာသွားပါသည်။ အဆင့်မြင့် သင်တန်းကြီးတွေတက်ပြီးမှ အဆင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com

တပ်မှူးကြီးတွေ ဖြစ်ကြမှာပါ။ ဗထူးတွင် စစ်ကျောင်းနည်းပြ လုပ်ခဲ့ဖူးသူမို့ ထိုသင်တန်းကြီး မည်မျှအရေးပါကြောင်းကို ကျွန်တော်ကောင်းကောင်း သိပါသည်။

" ကဲ ဒီသင်တန်းတော့ အစွမ်းကုန် ကြိုးစားလိုက်မယ်၊ နောက်ဆုံးပိတ် အိတ်နဲ့ လွယ်ပေါ့ "

မောင်သက်ဦးတစ်ယောက် စစ်ဦးစီးတက္ကသိုလ်တွေ ဘာတွေတောင် တက်ရပါဦးမည်။ သင်တန်းတွင် မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်တွေ့ရဦးမည် ထင်ပါသည်။ ဘယ်သူတွေနှင့် တွေ့၍ ဘာဖြစ်ဦးမည်ဆိုတာကတော့ မသိသေးပါခင်ဗျား။

### ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်

စစ်ဦးစီးတက္ကသိုလ် ခေါ် Command and General Staff College ကား ကျွန်တော်တို့ တပ်မတော်တွင် ၁၉၉၀ ခုနှစ်လောက်ထိ အမြင့်ဆုံး စစ်ကျောင်းကြီးဖြစ်၏။ ၁၉၉၀ နောက်ပိုင်းတွင်ကား National Defence College ခေါ် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ပေါ်လာသည်။ ထိုကာလမတိုင်ခင်အထိ စစ်ဦးစီးတက္ကသိုလ်သည်သာလျှင် အဆင့်အမြင့်ဆုံး စစ်ကျောင်းကြီးပါတည်း။

ကျွန်တော်သည် ၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဗထူး တိုက်ခိုက်ရေးကျောင်းတွင် နေခဲ့ရသည်။ ဗထူးတွင် စစ်ကျောင်းကြီးများစွာ ရှိ၏။ ဉစတ၊ တခရ၊ ကသက၊ တဗက စသည်ဖြင့် စုံလှ၏။ တခရ တွင် နည်းပြလုပ်ခဲ့ဖူးသည့်အတွက် စစ်ကျောင်းကြီးများ၏ သဘောသဘာဝနှင့် အထာကိုလည်း အတန်ငယ် တီးမိခေါက်မိ ရှိ၏။ ဉစတ က ဟင်္သာရုပ်၊ တခရ က ဓါး၊ ကသက က ဆီမီးခွက် စသည်ဖြင့် ပခုံးတံဆိပ်များ ရှိသည်။ သူ့အဆင့်အတန်းနှင့်သူ သင်တန်းသားများက ထိုတံဆိပ်များကို ကြောက်ကြ၏။

ကြောက်ပေမပေါ့ ခင်ဗျာ။

ထိုတံဆိပ်ရှိသည့် နေရာများတွင် သင်တန်းများတက်ကြရ၍ စစ်သင်တန်းများ၏ တုံးစံအကိုင်း အလွန်ပင်ပန်းကြ၏။ ထို့ကြောင့် ဗထူးတွင် သင်တန်းတက်ပါ။ နှင်ပါတက်ဖူးသူတိုင်း ပယူးသွားရမှာ



ကြောက်ကြ၏။ ခြေလျင်တပ်စုမှူးသင်တန်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်း၊ ခြေလျင်တပ်ရင်းမှူး သင်တန်းတို့ကို တိုက်ခိုက်ရေးကျောင်းတွင် တက်ရ၏။ စစ်ဦးစီးတက္ကသိုလ်ကို ဉစတ တွင် တက်ရ၏။ မည်သည့် သင်တန်းမှ မချောင်ပါ။

သင်တန်းများမှာ ကျွန်တော်တို့ငယ်ငယ်က ဗိုလ်သင်တန်း တက်ရသလိုပင် ပင်ပန်းလှ၏။ နည်းပြရော သင်တန်းသားပါ မသက်သာကြပါ။

စစ်ဦးစီးတက္ကသိုလ်မှာ အဆင့်မြင့်စစ်သင်တန်းကြီးဖြစ်၍ အချိန်လည်း ကြာညောင်းလှ၏။ ကိုးလ ဆယ်လ တက်ကြရသည်။ ကျွန်တော်တို့ တက်ရမည့်ကာလရောက်တော့ သင်တန်းသားများ အထူးများပြားနေ၏။ ရဲဘော်များအပြောနှင့် ပြောမည်ဆိုက တက်ရမည့်သူတွေ ဂျမ်း Jam ဖြစ်နေသည်။ ထို့ကြောင့် သင်တန်းကာလကို တိုလိုက်သည်။ အထူး(၁)နှင့် အထူး(၂)ဟူ၍ ဖွင့်လိုက်၏။ ကျွန်တော်သည် ၁၉၈၆ ခုနှစ်စစ်တွင် အထူး(၂)ကို တက်ရန် ရွေးချယ်ခံရသည်။ သင်တန်းက စာတွေအလွန်များ၍ ဖိစီးမှု အလွန်များ၏။ စာကျက်ရင်း ကျက်ရင်း ပေါက်ကြွက်သွားသူများပင် ရှိသည်။ အချို့က စာအကြည့်လွန်သွားပြီး ပေါက်ကြွက်၍ ကျောင်းဘေးက ဓါတ်တိုင်ကို ဖက်တက်၏။

(မယုံ မရှိပါနှင့်၊ ဓါတ်တိုင်ဖက်တက်သူ ကာယကံရှင်များ ယခုထက်တိုင် အသက်ထင်ရှား ရှိနေပါ၍ အမည်ကို မဖော်ပြဝံ့ပါ)။

သင်တန်းတက်နေရင်း အချို့ဆို ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးသွားသည်။ အချို့ကား နှလုံးရောဂါဖြင့် ကွယ်လွန်ကြသည်လည်း ရှိ၏။ ထိုကျောင်းကြီးက အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် သင်သည်။ အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မှ တက်၍ ရသည်။ စာလိုက်နိုင်သည်၊ ရွတ်ရက်ဒွတ်ဒက် နည်းနည်းပါးပါး မလုပ်တတ်သူများအဖို့ကတော့ မလွယ်ရှေးချ မလွယ်ပါ။ ကျွန်တော်သည်ပင်လျှင် တိုက်ခိုက်ရေးကျောင်းတွင် နည်းပြလုပ်ခဲ့ဘူး၍ အတော်ခံသာ သွားသည်။

ထို့ပြင် ကွယ်လွန်သူ ဗိုလ်မှူးကြီးမောင်မောင်ထွန်း ကျေးဇူးကြောင့် အင်္ဂလိပ်စာကလေး အနည်းအကျဉ်း ဖတ်မှတ်ကျက် လုပ်လာခဲ့၍ အင်္ဂလိပ်စာ အခက်အခဲကို ကျော်လွှားနိုင်ခဲ့၏။ ထို့သို့ မဟုတ်ပါက

www.burmeseclassic.com

www.burmeseclassic.com



မောင်သက်ဦးတစ်ယောက် ဓါတ်တိုင်များ ဖက်တက်နေဦးမည်လား မဆိုနိုင်ပါ ခင်ဗျား။

## သင်တန်းသို့ ရောက်ရှိခြင်း

ဥစတ သို့ သင်တန်းတက်ရန်အတွက် ၁၉၈၆ ခုနှစ်၊ မေလ ပထမပတ်၌ ရှေ့တန်းမှ တပ်ရင်းသို့ ပြန်ခဲ့သည်။ တပ်ရင်းတွင် နှစ်ရက် သုံးရက်နေပြီး လိုအပ်သည်များပြင်ဆင်၍ မေလ ဒုတိယပတ်၌ ရန်ကုန်မြို့ တစ်ဆင့် ဗထူးသို့ ထွက်ခဲ့၏။ မေလ (၁၄)ရက်တွင် ဥစတ သို့ ရောက်ရှိ သတင်းပို့နိုင်ခဲ့သည်။ သင်တန်းသား လေးဆယ်ဖြစ်၏။ ဟော်စတယ်ဆောင်၌ တစ်ယောက် တစ်ခန်းစီ ရကြသည်။ မေလ (၁၉)ရက်၊ တနင်းလာနေ့တွင် သင်တန်းဖွင့်သည်။ ထိုစဉ်က သင်တန်းသားများမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

ဒုဗိုလ်မှူးကြီးသာဝင်း (ယခု အငြိမ်းစား ဗိုလ်မှူးကြီး)၊ ဒုဗိုလ်မှူးကြီး ငွေကျင်ပေါ (ယခု အငြိမ်းစား ဗိုလ်မှူးကြီး)၊ ဒုဗိုလ်မှူးကြီးတင်စိုး (ယခု သံအမတ်ကြီး(အငြိမ်းစား) ဗိုလ်မှူးချုပ်)၊ ဒုဗိုလ်မှူးကြီးမောင်ဌေး၊ ဒု ဗိုလ်မှူးကြီးသန်းဌေး (ယခု အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီးစိန်အုံး (ယခု အငြိမ်းစား)၊ ဒုဗိုလ်မှူးကြီးမြင့်ဟန် (ယခု အငြိမ်းစား)၊ ဗိုလ်မှူးအောင်ဆန်း (ယခု ဗိုလ်မှူးကြီး အောင်ဆန်း၊ မြန်မာ့ဦးပိုင်)၊ ဗိုလ်မှူးသိုက်ထွန်း (ယခု ဗိုလ်မှူးကြီးသိုက်ထွန်း၊ ဒုဝန်ကြီး၊ သစ်တောရေးရာ ဝန်ကြီးဌာန)၊ ဗိုလ်မှူး မျိုးဝင်း (ယခု ဒုဗိုလ်မှူးကြီးမျိုးဝင်း၊ အငြိမ်းစား)၊ ဗိုလ်မှူးစောဝင်း၊ ဗိုလ်မှူး သူရ (ယခု ဒုဗိုလ်မှူးကြီးသူရိန်၊ အငြိမ်းစား)၊ ဗိုလ်မှူးသန်းတင် (ယခု ဒုဗိုလ်မှူးကြီးသန်းတင်၊ အငြိမ်းစား)၊ ဗိုလ်မှူးဝင်းလွင် (ယခု အငြိမ်းစား)၊ ဗိုလ်မှူးတင်ညွန့်၊ ဗိုလ်မှူးတင်စိုး (ယခု ဒုဗိုလ်မှူးကြီးတင်စိုး၊ အငြိမ်းစား)၊ ဗိုလ်မှူးပြည့်စုံ (ယခု ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဝန်ကြီး၊ စီးပွါးကူးသန်း)၊ ဗိုလ်မှူး တင်ထွန်း (ဒုဗိုလ်မှူးကြီးတင်ထွန်း၊ အငြိမ်းစား)၊ ဗိုလ်မှူးသိန်းထွန်း၊ ဗိုလ်မှူးမောင်မောင်အေး(ကျဆုံး)၊ ဗိုလ်မှူးစိန်ဝင်း (ဒု ဗိုလ်မှူးကြီးစိန်ဝင်း၊ အငြိမ်းစား)၊ ဗိုလ်မှူးမြင့်အောင် (ဒုဗိုလ်မှူးကြီးမြင့်အောင်၊ ဥစတ)၊ ဗိုလ်မှူး ထွန်းရီ (ကွယ်လွန်သူ တပ်မ(၈၈)၊ တပ်မမှူး)၊ ဗိုလ်မှူးနေမျိုး၊ ဗိုလ်မှူး သိန်းလှိုင် (ယခု ဒုဗိုလ်မှူးကြီးသိန်းလှိုင်၊ စီးပွါးကူးသန်း)၊ ဗိုလ်မှူးစိုးမြင့် (ဂန်ချော)၊ ဗိုလ်မှူးတင်မောင်ဝင်း (ယခု ဒုဗိုလ်မှူးကြီးတင်မောင်ဝင်း၊



ဒယက၊ မင်းဘူး)၊ ဗိုလ်မှူးဝင်းမြိုင် (ယခု ရဲမှူးချုပ်ဝင်းမြိုင်၊ မန္တလေး ရဲသိပ္ပံ)၊ ဗိုလ်မှူးသိန်းလှိုင်တို့သည်ကား ကြည်း တပ်မှ ဖြစ်ကြ၏။

ရေတပ်မှ ဗိုလ်မှူးထိန်ဝင်း (ယခု ဒုဗိုလ်မှူးကြီးထိန်ဝင်း)နှင့် ဗိုလ်မှူးတင်ဦး (ယခု ဗိုလ်မှူးကြီးတင်ဦး၊ အငြိမ်းစား)တို့ ဖြစ်ကြသည်။ လေတပ်မှ ဗိုလ်မှူးဝင်းနိုင်နှင့် ဗိုလ်မှူးမြသန်းတို့ ဖြစ်ကြ၏။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုရဲမှူးကြီးလှမောင် တစ်ဦးတည်းလာတက်သည်။ သူသည် ရုပ်ရှင်ထဲမှ လူရွှင်တော် သာဂေါင်ကြီးနှင့် အလွန်တူ၏။

ထို့ကြောင့် သင်တန်းသားများက သူ့ကို သာဂေါင်ကြီးထက် အသက်ကလည်း ငယ်၊ ကိုယ်လုံးကိုယ်ထည်ကလည်း ပိုသေးသဖြင့် သာဂေါင်လေးဟု ခေါ်ကြကုန်၏။ ထို့အတူ ယခုစီးပွါးကူးသန်း ရောက်နေသည့် ဒုဗိုလ်မှူးကြီးသိန်းလှိုင်အားလည်း ရုပ်ရှင်ထဲမှ ကလေးဖာတ်လိုက် အောင်ထွန်းလေးနှင့် အလွန်တူ၍ သူ့ကိုတော့ အောင်ထွန်းကြီးဟု ခေါ်ကြ၏။

နောက်ဆုံးအုပ်စုမှာ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၆)မှ အရာရှိများ ဖြစ်ကြသည်။ ကျွန်တော်တို့အားလုံး ခြောက်ယောက်ဖြစ်၏။ ထိုသူများကား ဗိုလ်မှူးစိုးဝင်း (ယခု ဝန်ချုပ်စိုးဝင်း)၊ ဗိုလ်မှူးစိုးလွင် (ဗိုလ်မှူး သူရစိုးလွင်၊ ကျဆုံး)၊ ဗိုလ်မှူးမြင့်ဇော် (ယခု ဗိုလ်မှူးကြီးမြင့်ဇော်၊ အငြိမ်းစား)၊ ဗိုလ်မှူးတင်အောင်နိုင် (ယခု ဒု ဗိုလ်မှူးကြီးတင်အောင်နိုင်၊ နယ်စပ်စည်ပင်)၊ ဗိုလ်မှူးမောင်မောင်စိုး(အငြိမ်းစား) နှင့် စာရေးသူတို့ ဖြစ်ကြပါသည်။

ထိုစဉ်က ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးဉာဏ်မြင့် ဖြစ်၏။ ဒုကျောင်းအုပ်ကြီးမှာ ဒုဗိုလ်မှူးကြီးတင်ဦး ဖြစ်သည်။ နည်းပြချုပ်ကား ဒုဗိုလ်မှူးကြီးမြင့်သိန်း ဖြစ်၏။ ခြေလျင်နည်းပြများကား ဗိုလ်မှူးဝင်းအောင်၊ ဗိုလ်မှူးမောင်မောင်ခင်၊ ဗိုလ်မှူးသိန်းထွန်း၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူး ကျော်ညွန့်တို့ဖြစ်ပြီး အမြောက်နည်းပြမှာ ဗိုလ်မှူးစိုးလွင်၊ သံချပ်ကာ နည်းပြမှာ ဗိုလ်မှူးညွန့်ဝင်း၊ အင်ဂျင်နီယာနည်းပြမှာ ဗိုလ်မှူးစန်းအောင်၊ ဆက်သွယ်ရေးနည်းပြမှာ ဗိုလ်မှူးတင်လှိုင် တို့ ဖြစ်ကြ၏။

ကျွန်တော်သည် နည်းပြအားလုံးနီးပါးနှင့် ခင်၏။ ကျောင်းအုပ်ကြီးနှင့်လည်း ကပ်ချင်းကပ်ချင်းကဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လေးဆယ်အနက် သုံးဆယ်ခန့်နှင့် သိ၏။ အချို့ဆိုလျှင် တစ်တပ်တည်း ပင် နေခဲ့ဖူး၏။

သင်တန်းသား အတော်များများကလည်း လူတော်များ ဖြစ်ကြသည်။ ဗိုလ်မှူးစိုးဝင်း၊ ဗိုလ်မှူးစိုးလွင်၊ ဗိုလ်မှူးမြင့်အောင်၊ ဗိုလ်မှူးစိန်ဝင်း၊ ဗိုလ်မှူးတင်အောင်နိုင်၊ ဗိုလ်မှူးစိုးမြင့်၊ ဗိုလ်မှူးပြည့်စုံ၊ ဗိုလ်မှူးတင်ဦး(ရေ) စသူတို့ကား စာအလွန်တော်၏။ သင်တန်းတိုင်းတွင် ပထမ၊ ဒုတိယ ရလာကြသူများ ဖြစ်ကြ၏။ သင်တန်းသားများသည် အထူး ၂/၈၆ နှင့် သင်တန်း စဖွင့်ပြီဟေ့ဆိုကတည်းက ခြေတကြွကြွဖြင့် မာရသွန် အပြေး သမားများလို တာထွက်ကောင်းရန် ပြင်ဆင်နေကြ၏။ ကျွန်တော်သည် ကား စာတော်သူ မဟုတ်။ ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၃၆)တွင် နောက်ဆုံးပိတ် ဆယ်ယောက် လွတ်ရုံသာသာလေး ဖြစ်၏။

သို့ရာတွင် ဤသင်တန်းသည်ကား ကျွန်တော့်အတွက် နောက် ဆုံး သင်တန်းဖြစ်မည်။ သင်တန်းအမှတ်ကောင်းပါက တပ်မတော်တွင် ရှေ့အလားအလာ ကောင်းမည်။ ထို့ကြောင့် အစွမ်းရှိသမျှတော့ ကြိုးစား လိုက်မည်ဟု ဆုံးဖြတ်ထား၏။ ထို့ကြောင့် ကျွန်တော်သည်လည်း စာတော်သူ လေးငါးဆယ်ဦး၏ အရိပ်အခြည်ကိုကြည့်၍ လှုပ်ရှားနေရ၏။ ကိုယ်ကလည်း ဟိုတုန်းကလိုတော့ မညံ့တော့ပါ။ တိုက်ခိုက်ရေးကျောင်း တွင် နည်းပြ လုပ်ထားခဲ့ဖူးသူဖြစ်၍ လေ့လာထားသည်များကတော့ အတော်များများ ရှိနေပါသည်။ ထို့ကြောင့် အတတ်နိုင်ဆုံး ခပ်ကွင်း ပြင်ထားပါတော့သည်။

### တိုက်ပွဲ အတွေ့အကြုံ စာတမ်းများ

သင်တန်းစဖွင့်သည့်နေ့တွင် နည်းပြချုပ် ဒုဗိုလ်မှူးကြီးမြင့်သိန်း က အောက်ပါအတိုင်း ပြောတော့သည်။

" ကဲ သင်တန်းသားအရာရှိများ ခင်ဗျာ၊ သင်တန်းသားများရဲ့ စစ်ရေးအတွေ့အကြုံနဲ့ စစ်ရေး သုံးသပ်ချက်တွေကို ကျွန်တော်တို့ ကျောင်းက သိလိုပါတယ်၊ ဒါကြောင့် တစ်ပတ်အတွင်း သင်တန်းသားများ အားလုံး ကိုယ့်ရဲ့ တိုက်ပွဲအတွေ့အကြုံတွေထဲက သင့်တော်တာ တစ်ခု ရေးပြီး စာတမ်းတစ်စောင် တင်သွင်းပေးပါ၊ စာတမ်းရှင်တွေက အဲလို... ကျယ်လဲ ဟောဖို့ ပြောဖို့ ပြင်ထားပေးပါ၊ ဒီစာတမ်းဟာ သင်တန်းသားများ



ကို ကျွန်တော်တို့ကျောင်းကြီးက ပဏာမအနေနဲ့ အကဲဖြတ်ခြင်းပဲ ဖြစ် ပါတယ် ခင်ဗျား "

ထိုအခါ သင်တန်းသားအသီးသီးက တိုက်ပွဲအတွေ့အကြုံများကို တကုတ်ကုတ်ဖြင့် ရေးကြ၏။ ရေတို့ လေတို့ကလည်း သူတို့ကြုံခဲ့ဖူး သည့် ဖြစ်စဉ်များကို ရှာကြံရေးကြသည်။ သာဂေါင်လေး ခေါ် ဒုရဲမှူးကြီး လှမောင်ကလည်း သူကြုံခဲ့တာတွေကို ရေးသည်။ အခြေစိုက် တပ်များ ဖြစ်သော ဆက်သွယ်ရေးမှ ဗိုလ်မှူးသူရ၊ ထောက်ပို့မှ ဗိုလ်မှူးသန်းတင်၊ ...ချုပ်ကာမှ ဗိုလ်မှူးတင်ထွန်း၊ သူတို့တစ်တွေကလည်း အရာရှိငယ်ဘဝမှ တိုက်ပွဲများကို ပြန်လည်ဖော်ထုတ် ရေးသားကြသည်။

အများအားဖြင့် သင်တန်းသားများသည် ထိုစဉ်က နာမည်ကြီး နေသည့် ဗကပနှင့် တိုက်သော တိုက်ပွဲများ၊ ကေအင်န်ယူနှင့် တိုက်သော တိုက်ပွဲများကို ရေးကြ၏။ ကျွန်တော်ကတော့ ဤတိုက်ပွဲအတွေ့အကြုံ စာတမ်းမှာ ကျောင်းသားများကို ပညာစမ်းခြင်းသာ ဖြစ်သည်။ ထို့ကြောင့် ကြီးကြီးကျယ်ကျယ် သိပ်မရေး၊ ပေါ့ပေါ့ပါးပါးနှင့် ခပ်မြန်မြန်ပြီးသွားစေရန် ...မှာအာငယ်လမ်းစဉ်ကို လိုက်လိုက်၏။ ၁၉၇၈ ခုနှစ်၊ မိုးတွင်းကာလ ...လာရ(၆၇) မိုင်းရယ်တွင်နေခဲ့စဉ်က ကြုံခဲ့သည့် တိုက်ပွဲလေးတစ်ပွဲကို ရေးလိုက်ပါသည်။

ထိုတိုက်ပွဲကား လားရှိုး၊ မိုင်းရယ် ကားလမ်းပေါ်ရှိ နမ့်ပေါင် ...ခန်းအရှေ့ဘက်နားက နားလင်းဆိုသော ရွာကလေးတွင် ဖြစ်ပွါးခဲ့ သည့် နားလင်းတိုက်ပွဲပါတည်း။

### နားလင်း တိုက်ပွဲဆိုသည်ကား

အချိန်ကား ၁၉၇၈ ခုနှစ်၊ မိုးတွင်းကာလ ဖြစ်သည်။

ကျွန်တော်သည် တပ်ခွဲမှူးသင်တန်းဆင်းပြီး တပ်ရင်းဌာနချုပ်၊ ...လရ(၆၇) မိုင်းရယ်သို့ ပြန်ခဲ့၏။ တပ်သို့အပြန် အရေးထဲ အရှေ့ မြောက်တိုင်း စစ်ဌာနချုပ်၌ တိုင်းမှူးရုံး တက်လိုက်ရသေးသည်။ အဖြစ်မှာ ...၇၈ ခုနှစ်၊ နွေဦးကာလက နောင်လိုင်၊ ပါဖန်ဒေသကို ဗကပများ ...ရောက်တိုက်ခိုက်ရာ၌ နောင်လိုင်၊ ပါဖန်နှင့် ပွိုင့်-၆၀၄၁ စခန်းများ ...ခဲ့သည်။ ပွိုင့်-၆၀၄၁ ရှိ ဗိုလ်မှူးသိန်းထွန်းတင်က သူ့စခန်းကို ...တန်ကြာအောင် ရန်သူအား ခုခံပြီး ထိန်းထားနိုင်ခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



နောင်လိုင် စခန်းမှာမူကား တစ်မနက်တည်းနှင့် ကျသွားသည်။ ဤကိစ္စ... လူကြီးများက လုံးဝ မကျေနပ်။

" နောင်လိုင်စခန်း နာရီပိုင်းနဲ့ကျသွားတာ၊ ခံစစ် မကောင်းလို့... ဒါကြောင့် ဒီမှာနေသွားတဲ့ အရာရှိတွေကို ခံစစ်ကောင်းကောင်း မလ... တာ အရေးယူရမယ်၊ ဘယ်သူတွေနေသွားလဲ ပြန်ကြည့်၊ ကျသွား... ကောင်က နေတာ နှစ်ပတ်တောင် မပြည့်သေးဘူးလို့ ပြောတယ် "

အထက်ပါ စကားကို တိုက်ပွဲစဉ်များပြီးဆုံးသည့်အခါ တိုက်... ဒေသများကို လိုက်လံကြည့်ရှုသည့် ကစထမှူး ဒုဗိုလ်ချုပ်ကြီးထွန်းရီ... ပြောဆိုခြင်းဖြစ်သည်။

ကျွန်တော်သည် နောင်လိုင်တပ်စခန်းကို ၁၉၇၈ ခုနှစ်၊ ဖေဖော်... ဝါရီနောက်ဆုံးပတ်၌ ခလရ(၃၃) တန့်ယန်းမှ ဗိုလ်ကြီးသောင်းထွန်း... လွှဲခဲ့ရသည်။ နောင်လိုင်စခန်း၌ ၁၉၇၇ နှစ်ကုန်မှ ၁၉၇၈ နှစ်ဆန်းအ... နှစ်လကျော် သုံးလနေခဲ့ရသည်။ ထို့ကြောင့် စခန်းမကျမီ နောက်ဆုံးနေ... သည့် ကျွန်တော့်ကို ရမခ က တိုင်းမှူးရုံး တင်ပါတော့သည်။ တိုင်းမှူး... သတိပေးဆုံးမမှုကို ကျွန်တော်ခံရသည်။

ထို့ကြောင့် စိတ်ပျက်ပျက်နှင့် တပ်ကို ပြန်ခဲ့၏။ တပ်ပြ... ရောက်သော် စစ်ဆင်ရေးလုပ်စရာ ရှိသည်ဆိုပြီး ကျွန်တော့်အား တပ်ခွဲမှူး... မရှိသေးသည့် တိုက်ပွဲဝင်မည့် တပ်ခွဲ(၂) သို့ပို့၍ တပ်ခွဲမှူးတာဝ... ပေးသည်။ တပ်ခွဲ(၂)ကို တိုက်ပွဲဝင် လေ့ကျင့်ရေးသင်တန်းများ ပြုလု... စေသည်။ကျွန်တော်နှင့်အတူ တပ်စုမှူးမှာ ဗိုလ်ကျော်ဌေးဖြစ်၏။ သူလည်း... ခေသူ မဟုတ်ပါ။ မကြာသေးမီ ရက်များအတွင်းကပင် သူသည်... ကျွန်တော်ကဲ့သို့ပင် ရမခ တိုင်းမှူးရုံး တက်ထားရသူဖြစ်သည်။ သူ့... ကတော့ စစ်သည်များကို ကိုယ်ထိလက်ရောက် ထိုးကြိတ်ဆုံး... ဖြစ်သည်။ သူက ဆုံးမရာတွင် ပါးစပ်သာမက လက်ပါ ပါတတ်၏... ထို့ကြောင့် တပ်ရင်းမှူးက သူ့ကို ပြန်ပြီး သတိပေးဆုံးမထားရသည်... တပ်ရင်းမှူးမှ သူ့အား တစ်ခါမက ဆုံးမခဲ့သော်လည်း အရှိန်မသတ်... သဖြင့် အရှိန်လွန်ကာ သူတိုင်းမှူးရုံး သို့ တက်ရတော့၏။ တိုင်းမှူးက

" မင်း နောက်တစ်ခါ ဒီအမှုမျိုး ကျူးလွန်ရင်တော့ မင်းရှေ့နေ... ကိုပါ ထိခိုက်လိမ့်မယ်၊ ကြပ်ကြပ် သတိထားပါ " ဟု မှာလိုက်သည်။



" ကဲ ခင်ဗျားတို့ တိုင်းပြန်ကြီးနှစ်ယောက်ပေါင်းပြီး ရန်သူကို လောင်းကျော်အောင် ချကြပေတော့ဗျာ "

ကျွန်တော်နှင့် ဗိုလ်ကျော်ဌေးအား တပ်ခွဲ(၂)သို့ တာဝန်ချထားစဉ် တပ်ရင်းမှူးက အထက်ပါအတိုင်း ပြော၏။

ကျွန်တော်တို့နှစ်ယောက်၏ အကုသိုလ်ကား တယ်မသေးပါ။ တပ်ခွဲကိုင်ပြီး လေ့ကျင့်ရေးလုပ်နေစဉ် တပ်သားလှဝေ ရေနစ်သေဆုံးသွား၏။ တပ်ရင်းမှူး၏ ဩဘာပေးခြင်း ခံရပြန်သည်။ ကျွန်တော်တို့နှစ်ယောက်မှာ Misfortune never come alone ဆိုသည့် အင်္ဂလိပ်စကားအတိုင်း အကုသိုလ်က တစ်ခုတည်းမလာဘဲ အဖော်အပေါင်းကို ခေါင်းမြီးခြုံပြီး ခေါ်လာသည်ကို ခံနေရ၏။

ထို့ကြောင့် တစ်ခုပြီးတစ်ခု ပြဿနာနှင့် ရင်ဆိုင်ရသည်။

" ကိုကျော်ဌေးရေ တို့နှစ်ယောက်ကတော့ ကံတူအကျိုးပေးပဲကွာ၊ ဒီစစ်ဆင်ရေးမှာ သေမြေကြီး၊ ရှင်ရွှေထီး ပြတ်ပြတ်သားသား မလုပ်ရင်တော့ တို့အတွက် ရှေ့အလားအလာ မကောင်းတော့ဘူး၊ အကြောင်းဆိုးသွားမယ် ထင်တယ် "

" ချကြတာပေါ့ အစ်ကိုရာ၊ စစ်သားပဲ၊ သေတစ်နေ့ မွေးတစ်နေ့ပေါ့ "

ဗိုလ်ကျော်ဌေးက ပေါက်ခေါင်း၊ ပေါင်းတလည်သားမို့ ဇာတိပြသည် ထင်၏။ ခပ်မိုက်မိုက်ပင် ဖြစ်သည်။ လုပ်ရဲကိုင်ရဲ အလွန်ရှိ၏။ ကျွန်တော်ကလည်း ရွှေဘိုနယ်သား ဦးအောင်ဇေယျ ဇာတိသားမို့ ခပ်ညံ့ညံ့တော့ မဟုတ်။ ထို့ကြောင့် နှစ်ယောက်သား တိုက်ပွဲဝင်ရန် တာစူထားကြ၏။

၁၉၇၈ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့ညတွင် ရမခတန့်ယန်းဗျူဟာမှ စစ်ဆင်ရေးကို စတင်သည်။ စစ်ဆင်ရေးအမည်မှာ အောင်ကျော်မိုး ဖြစ်၏။ ယ ရက်တွင် ကျွန်တော်တို့ တပ်များသည် လွယ်မော်ဌာနချုပ်ရှိရာ မုန်းတောင်၊ မုန်းမခွင်အား တပ်ခွဲရှစ်ခွဲဖြင့် ပိုက်စိပ်တိုက် ရှင်းလင်းသည်။ တပ်ရင်းနှစ်ရင်းစာခန့် အင်အားရှိ၏။ စစ်ကြောင်း (၄)ကြောင်း ပါဝင်၏။ စစ်ကြောင်းအားလုံးသို့ ရည်မှန်းချက်အသီးသီးကို ပေးထား၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစစ်ဆင်ရေး၌ ကျွန်တော်တို့တပ်ရင်းမှ ကျွန်တော့် တပ်ခွဲ တစ်ခွဲတည်း သာ ပါသည်။ ၂၈၈

ကျွန်တော့်ရည်မှန်းချက်မှာ မုန်းမကုန်းဆုံဒေသရှိ လွယ်မော် စည်းရုံးရေးမှူး ခွန်ရီနှင့် အင်အားလေးဆယ်ကို ဝင်တိုက်ရန် ဖြစ်သည်။ စစ်ဆင်ရေးစသည့်နေ့က စစ်ကြောင်းအားလုံး ညချီတက်မှုနှင့် ချီတက်ကြရ၏။ အခြားစစ်ကြောင်းများက အလေးအပင်များပါ၍ လည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းနေခြင်းကြောင့် လည်းကောင်း၊ နယ်မြေ မကျွမ်းကျင်၍ လည်းကောင်း ရည်မှန်းချက်များသို့ အချိန်မီ မရောက်ကြပါ။ ကျွန်တော့်တပ်ခွဲ တစ်ခွဲတည်းသာ မိုက်မိုက်ကန်းကန်း လမ်းအတိုင်း မီးထိုးစွတ်ရွတ် ချီတက်သွားရာ ရည်မှန်းချက်သို့ သတ်မှတ်ချိန် ရောက် သွားသည်။ ခွန်ရီ၏စခန်းကို သိမ်းမိသည်။ ရန်သူ အရှင်တစ်ယောက် ကာဘိုင် တစ်လက်၊ လားမြင်းနှစ်ကောင် ရရှိလိုက်၏။ ခွန်ရီက သူ့လူ (၄၀)နှင့် ခရီးထွက်နေ၍ စည်းရုံးရေးမှူးကြီး ကံကောင်း သွားသည်။

ထိုသို့ မဟုတ်ပါက ကျွန်တော်နှင့် ဗိုလ်ကျော်ဌေးတို့ လက်ချက် ကြောင့် မာလကစျာန်ကြွ သွားနိုင်၏။ ကျွန်တော်တို့က ခုတ်မယ်၊ ထစ်မယ်၊ ပါးပါးလှီးမယ်ဆိုပြီး နာဋ္ဌာဂီရိဆင်လို ကိုးမောင်း ဘင်လာကြ သူများ ဖြစ်သောကြောင့် ဖြစ်ပါ၏။

စစ်ဆင်ရေး (၃)ရက်မြောက်သည့်နေ့တွင် တန့်ယန်းဗျူဟာ မှူးကြီးနှင့် လှုပ်ရှားဗျူဟာသည် အနီးကပ် စစ်ကြောင်းတစ်ကြောင်းဖြင့် မုန်းမသို့ ရောက်ရှိလာပါတော့သည်။

" ကိုင်း- ဗိုလ်သက်ဦး၊ တို့အောင်ကျော်မိုး စစ်ဆင်ရေးကတော့ မိုးဟိန်းစစ်ဆင်ရေးလိုပဲ၊ ဘိန်းတိုက်ဖျက်ရေးစစ်ဆင်ရေးပဲကွ၊ တို့ရဲ့ လားရှိုးအရှေ့ခြမ်းဒေသတွေက တောင်တွေပေါတယ်၊ မြင့်တယ်၊ ကျောက် တောင်တွေ၊ ရာသီဥတုက အေးတယ်၊ ဘိန်း သိပ်ပြီး စိုက်လို့ကောင်းတဲ့ မြေအနေအထားနဲ့ ရာသီဥတုပဲ၊ ဒါကြောင့် ရှေးပဝေသဏီကတည်းက ဘိန်းစိုက်ကြတာ၊ ဒါကို အခွင့်ကောင်းယူပြီး ဘိန်းကုန်ကူးတဲ့ လက်နက် ကိုင်တွေ ပေါ်လာတာကွ၊ ဘိန်းက စိုက်ရတာ လွယ်တယ်၊ ရောင်းရတာလဲ လွယ်တယ်၊ ဈေးလဲ ကောင်းတယ်၊ ဒါကြောင့် ဒေသခံ တွေကလဲ ဘိန်းတဲ့ အမိက စိုက်ကြတာပဲ "



" ဆောင်းဦးပေါက်မှာ ဘိန်းစိုက်ပြီး ဆောင်းအကုန် နွေအကူးမှာ ဘိန်းပေါ်တယ်ကွ၊ အခု တို့စစ်ဆင်ရေးစတဲ့အချိန်က ဒီခွင်မှာ ဘိန်းစိုက် ဖို့ စတင်ပြင်ဆင်ချိန်ပဲ၊ တို့ရည်ရွယ်ချက်ကတော့ ဒီခွင်မှာ ဘိန်းစိုက်ပျိုး မှု ပပျောက်အောင် ဘိန်းအရောင်းအဝယ်မရှိအောင် လုပ်ဖို့ပဲ၊ ဘိန်း အရောင်းအဝယ်ကတော့ ဒီဘိန်းကုန်သည်တွေကဦးစီးပြီး လုပ်နေတာကွ"

" အဲဒီကောင်တွေထဲမှာ လူအင်အားအတောင့်ဆုံးနဲ့ အစွာဆုံးက တော့ ဝမ်ထင်ကြူးပဲ၊ အင်အားလေးငါးရာ ရှိတယ်၊ တို့ရဲ့ အဓိက ပစ်မှတ်က ဝမ်ထင်ကြူးကွ၊ သူ့အောက်မှာ လီစစ်ရီတို့ ကျန်ကျင့်ယုံတို့ ဆိုတာလဲ ရှိတယ်၊ မင်းရဲ့ပစ်မှတ် ခွန်ရီဆိုတာ ဒေသခံပါကွာ၊ ဒါပေမယ့် စစ်ဆင်ရေး စတဲ့နေ့က တပ်တွေက မိုးသိပ်ရွာတော့ လမ်းဆိုးပြီး ချောင်း တွေ ရေကြီးနေတာနဲ့ ဘယ်တပ်မှ ရည်မှန်းချက်ကို အချိန်မီ မရောက် ကြဘူး၊ နမ့်ပေါင်၊ လွယ်ငင်း၊ ဟိုယ၊ မန်ကတ်၊ တန့်ယန်း အားလုံး ကားလမ်း မကြီးပေါ်ကနေ မြောက်ဘက်ကို တန်းစီပြီး ကွက်ပြည့်နင်း ဝင်ကာ မင်း တပ်ခွဲပဲ အချိန်မီ ရည်မှန်းချက်ရှင်းနိုင်တယ်၊ ကျန်တဲ့ တပ်တွေကတော့ လက်နက်ကြီးတွေနဲ့ အလေးအပင်တွေပါ သယ်ကြရ ကာဆိုတော့ ရည်မှန်းချက်ကို အချိန်မှီ မရောက်ကြဘူးပေါ့ကွာ၊ အားလုံး လွတ်ကုန်ရော၊ အဆိုးဆုံးကတော့ ဦးတည်ရန်သူ ဝမ်ထင်ကြူး လွတ်သွား တာပဲကွာ "

မုန်းမ ရောက်သည့်နေ့မှာပင် ဗျူဟာမှူးကြီးက ကျွန်တော့်အား ဈက်ချင်းခေါ်ယူ၍ သူ၏ စစ်ဆင်ရေးစီမံချက်ပါ မြေပုံကြီးအား ဖြန့်၍ ရှင်းလင်းပြသကာ အထက်ပါအတိုင်း ပြောဆို ပါတော့သည်။

" ဟုတ်ပါတယ် ဗျူဟာမှူးကြီး၊ ကျွန်တော်လဲ အဲဒီနေ့က တစ်ည လုံး မနားပဲ အပြင်း ချီတက်တာပါ၊ ဒါကြောင့် ရောက်တာပါ "

" အေး မင်းစစ်ကြောင်းက တပ်ခွဲတစ်ခွဲတည်းလဲ ဖြစ်၊ ပေါ့ပေါ့ ပါးပါးလဲ သွားနိုင်၊ မင်းနဲ့ ဗိုလ်ကျော်ဌေးကလဲ လူငယ်တွေ၊ လုပ်ချင် ကိုင်ချင်စိတ်ရှိသူတွေဆိုတော့ ရောက်တာပေါ့ကွာ၊ ငါသိပါတယ်၊ အခုလဲ မင်းကို အရေးကြီးတာဝန်တစ်ခုပေးဖို့ ရှိတယ်ကွ၊ အဲဒါကတော့ ဝမ်ထင် ကြူးကို နောက်ကနေ ဆက်လိုက်ဖို့ပဲ "

ဤသို့ဖြင့် ကျွန်တော့်တပ်ခွဲသည် ဗျူဟာမှူးကြီးထံမှ ညွှန်ကြားချက် ယူပြီး ထိုနေ့မှာပင် စတင်၍ နေ့မအား၊ ညမနား လွယ်မော် တပ်

www.burmeseclassic.com



မဟာမျိုး ဝမ်ထင်ကြီးနောက်သို့ ထက်ကြပ်မကွာ လိုက်ရပါတော့သည်။ စလိုက်ပြီး နောက်နေ့တွင် နားတီးအနီး ပလောင်တောင်ကြော၌ တိုက်ပွဲ ဖြစ်၏။ ကာဘိုင်တစ်လက်နှင့် ရန်သူအသေ နှစ်လောင်း ရလိုက်သည်။ ဝမ်ထင်ကြီးကလည်း အလွန်လျင်၏။ သူ့ကို လိုက်နေမှန်းသိသည့်အခါ ကားလမ်းမြောက်မှ တောင်သို့ဖြတ်ကူး၍ တောင်ဘက် မုန်းဟင်၊ မုန်းပယ ခွင်သို့ တစ်ချိုးတည်း လစ်သွားသည်။ ဝမ်ထင်ကြီးနောက် မလိုက်ရတော့ ၍ သက်သာတော့မည်ထင်၏။

သို့ရာတွင် ထင်သလိုက မဟုတ်။ ဗျူဟာမှ ကားသုံးစီး ပို့ပေး သည်။ ထိုကားများဖြင့် မန်ကတ်နှင့် တန့်ယန်းကြားရောက်နေသည့် ကျွန်တော့်တပ်ခွဲအား အနောက်ဘက် မိုင်(၃၀)ခန့်ရှိသည့် လွယ်ငင်းသို့ ချီတက်စေ၏။ လွယ်ငင်းမြောက်ခြမ်းရှိ ဆလန်းပုန်းထုံဒေသကို ဝင်ရှင်း ခိုင်းသည်။ ဆလန်းပုန်းထုံတစ်ဝိုက်တွင် ဝမ်ထင်ကြီး၏တပည့် သာဝက ကြီးများဖြစ်သည့် လီစစ်ရီနှင့် ကျန်ကျင့်ယုံတို့ ရှိနေသည်ဟု ဆို၏။ ဆလန်းပုံးထုံ၏ လိမ္မော်ခြံများတွင် တစ်ပတ်ခန့် တဝဲလည်လည် ဖြစ်နေ သည်။ ရန်သူ့သတင်းမရသဖြင့် ဗိုလ်ကျော်ဌေးနှင့်တိုင်ပင်၍ မြောက်ဘက် တောင်များပေါ်တက်ပြီး ထိုမှတစ်ဆင့် မုန်းကျုက်ဂွင်ထဲသို့ ဆင်းရှ လိုက်၏။

ထိုနေ့ကား စက်တင်ဘာလ (၈)ရက်နေ့ဖြစ်သည်။ ထိုနေ့ နေ့လယ် (၁)နာရီတွင် မုန်းကျုက်ခွင်အတွင်းရှိ ဟိုပေွာရွာကလေး၌ ရန်သူ (၈၀)ခန့်နှင့် ထိတွေ့မှုဖြစ်၍ မိမိ၏ပြင်းထန်သော တိုက်စစ်ကြောင့် ရန်သူများ အနောက်ဘက်သို့ ဆုတ်ခွါသွားခဲ့၏။ ရန်သူ့ထံမှ လက်နက် ငယ် (၄)လက်သိမ်းဆည်းရမိ၍ ရန်သူတစ်ဦး ကျဆုံးကျန်ခဲ့သည်။

စက်တင်ဘာလ (၉)ရက်နေ့တွင် ဟိုပေွမှ မုန်းဟက်ရွာကြီးသို့ ပြောင်းရွှေ့အခြေပြု၍ ရန်သူ့သတင်းအား ထောက်လှမ်းခဲ့သည်။ မုန်း ဟက်တွင် သုံးရက်ခန့် ကြာသွား၏။ မုန်းဟက်မြို့စား ဦးခွန် မဟာစိန်နှင့် သုံးရက်လုံးလုံး ရင်းရင်းနှီးနှီး နေထိုင်ခဲ့မှုကြောင့် သူ့ထံမှ သတင်းများ ရရှိသည်။ စက်တင်ဘာလ (၁၂)ရက်နေ့တွင် ရန်သူ့အင်အား (၁၀၀) ကျော်ခန့်သည် လားမြင်းများ၊ ဘိန်းညို၊ ဘိန်းစိမ်းများနှင့် မုန်းဟက်၏ အနောက်တောင်ဘက် ဟိုလောင်းဒေသတွင်ရှိနေကြောင်း သတင်းရ၏။



သတင်းရချိန်မှာ ညနေအပုပ်ချိန် ဖြစ်၏။ ပါလာသည့် အာမီရမ် လေးကို မြို့စားမင်း ဦးခွန်မဟာစိန်အား တိုက်လိုက်သည်။ ရမ်တစ်ပုလင်း မကုန်ခင်မှာပင် ထိုသတင်းရ၏။ ညစာစားပြီးတော့ ကျွန်တော်တို့ မအိပ် နိုင်တော့ပါ။ မြို့စားမင်းကို နှုတ်ဆက်ပြီး ထွက်ခဲ့ကြ၏။ ကျွန်တော်တို့ ထွက်ခဲ့မှ မိုးကလည်း သည်းထန်စွာ ရွာသည်။ တောင်တွေကလည်း ပေ လေးငါးခြောက်ထောင်မို့ ည တောင်ပေါ်ချီတက်မှုက ခက်ခဲလှ၏။ ထင် တိုင်း မပေါက်။ ထို့ကြောင့် ထိုနေ့ညသန်းခေါင်ကျော် သွားသောအခါ ဆက်သွားရန် မသင့်တော်တော့ဟု ကျွန်တော်က ဆုံးဖြတ်လိုက်သည်။ အခြေပြု၍ကောင်းမည့် တောင်ယာဟောင်းလေးတစ်ခုတွင် ကောက်ရိုးပုံ များနှင့် တောင်ယာတဲ နှစ်လုံး သုံးလုံးသွားတွေ့သည်။ နေရာကလေးက ညီညာ ပြန့်ပြူး၍ ကျွန်တော်တို့တပ်ခွဲအတွက် တစ်ညတာ အနားယူဖို့ ကောင်းစွာ လုံလောက်၏။

ထို့ကြောင့်

" ကဲ ကိုကျော်ဌေးရေ၊ ဒီညတော့ ဒီနေရာလေးပဲ အခြေပြု လိုက်ကြတာပေ့ါ၊ ရည်မှန်းချက်တော့ မနက်ကျမှ Down attack [illegible]ဦး တိုက်ပွဲပေ့ါကွာ "

ကျွန်တော်က အထက်ပါအတိုင်းပြော၍ ထိုနေ့ညကိုတော့ တောင်ယာတဲဟောင်းလေးတွင် ကောက်ရိုးခင်း၍ အိပ်လိုက်ပါတော့ သည်။ ဤသည်ပင်လျှင် နားလင်းတိုက်ပွဲ၏ အစပါတည်း။

**တိုက်ပွဲ ဖြစ်ပါပြီ**

မနက် (၄)နာရီတွင် တပ်ခွဲတစ်ခွဲလုံး အခြေပြုမှ အနောက် တောင်ဘက်သို့ ထွက်ခဲ့ကြသည်။ ကျွန်တော်တို့ အိပ်သည့်နေရာနှင့် မနီးမဝေးတွင် တရုတ်အိမ်ဆယ်လုံးခန့် တွေ့ရ၏။ သတင်းထောက်လှမ်း မှာ ကျွန်တော်တို့၏ ဦးတည်ရန်သူများ ဟိုလောင်းဒေသပတ်ဝန်းကျင်တွင် ရှိနေသေးကြောင်း သိရသည်။ ဟိုလောင်းသို့ အမြန်ချီတက်ခဲ့၏။ ဟိုလောင်း၌ ရန်သူ့ခြေရာကို ကောင်းကောင်းကြီး ခံမိသည်။ ဘုန်းကြီး ကျောင်း၌ လတ်လတ်ဆတ်ဆတ် မီးပုံများတွေ့ရသည်။ မကြာသေးမီကမှ ရန်သူ စတည်းချသွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



" ကဲ ကိုကျော်ငွေးရေ၊ ခွေးမသားတွေရဲ့ အမြီးတော့ နင်းမိပြီ ဟော့၊ ကိုယ်ရှေ့က သွားမယ်၊ ဒီတစ်ခါတော့ ကိုယ့်ညီ နောက်က လိုက်ခဲ့ပေတော့ "

ဗိုလ်ကျော်ငွေးမှာ တိုက်ပွဲတိုင်း ရှေ့ကချည်းဖြစ်နေသဖြင့် တစ်ခါတော့ ကျွန်တော်က ပို့ဝင့်ထွက်လိုက်၏။ ဟိုလောင်းမှ မနက် (၅) နာရီခန့်ထွက်ခဲ့ရာ တောင်ပေါ်လမ်းဖြစ်နေ၍ အတော်ပင် ဂရုစိုက် နေရ သည်။ မနက် (၈)နာရီခန့်တွင် နားလင်းရွာအနီး တောင်ကြောပေါ်သို့ ရောက်လာသည်။ ထိုအချိန်တွင် မမျှော်လင့်ဘဲ အသက်လေးဆယ်ကျော် အရွယ် အမျိုးသမီး တိုင်းရင်းသူတစ်ဦးနှင့် အသက်ဆယ့်ငါးနှစ်ခန့် မိန်းက လေး တစ်ဦးတွေ့ရ၏။ သားအမိ ထင်ပါသည်။

" ပီနန်း၊ လုကလိုင်မား " (အစ်မ ဘယ်က ထလာတာလဲ)

ကျွန်တော်က ထိုသို့ ရှမ်းလို မေးလိုက်သည်။ သူမက ခေါင်းရမ်း ကာ 'မပဟု' ဟု ဖြေလိုက်၏။ 'မပဟု'ဆိုသည်မှာ ရှမ်းလို မသိဟု ဖြေခြင်း ဖြစ်သည်။ ကျွန်တော်က ခပ်လှမ်းလှမ်းရှိ နားလင်းရွာကို လက်ညှိုး ထိုးပြပြီး

" ပီနန်း ကွမ်းထိန် မီးဟား " (အစ်မ သူပုန်ရှိသလား)

ထိုအခါ ထိုအမျိုးသမီးကြီးနှင့် အမျိုးသမီးငယ်က -

" မမီး " (မရှိ)

ဟု ဖြေသည်။ ထို့နောက် အမျိုးသမီးနှစ်ယောက်သည် ဘယ်လ မှ တားမရတော့ဘဲ အတင်းပင် တောင်ပေါ်သို့ တက်ပြေးသွားကြပါ တော့သည်။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။

" ဟော့ ရဲဘော်တို့၊ အမျိုးသမီးနှစ်ယောက် မျက်နှာပျက်နေပုံ ထောက်တော့ ရွာထဲမှာ သူပုန်ရှိနေပြီကွ၊ ဒီကောင်တွေက တို့နဲ့တွေ့ရ သိပ်ခံမချဘူး၊ လစ်ချည်းပဲ ပြေးတယ်၊ အခုကတော့ မိုးသံ လေသံ မင်းကောင်တွေ ဘာမှ သိပုံမရဘူး၊ အဲဒါကြောင့် ရွာထဲကို ခပ်မြန်မြ ဆင်းကွာ "

ကျွန်တော်က ပို့ဝင့်တပ်စုကို ရွာထဲသို့ ခပ်မြန်မြန်ဆင်းခိုင်း လိုက်သည်။ ကျွန်တော်ကိုယ်တိုင်လည်း ပို့ဝင့်တပ်စုနှင့်အတူ လိုက်ပါလာ သည်။ ရှေ့ပြေးတပ်စိတ်သည် ရွာလယ် လမ်းကြောင်းအတိုင်း ရွာ အဆင်း ရွာဖျားအရောက်၌ ရန်သူ့ကင်းအဖွဲ့မှ ကျွန်တော်တို့ တပ်ခွဲအား



က်နက်ငယ် တစ်ကမ်းအကွာတွင်တွေ့မြင်ပြီး စတင် ပစ်ခတ်ပါတော့ ည်။ ထိုအချိန်တွင် မနက် (၈)နာရီ (၁၅)မိနစ်ရှိပါပြီ။

**တိုက်ပွဲဆင်နွှဲပုံ အဆင့်ဆင့်**

တိုက်ပွဲ ဖြစ်လျှင်ဖြစ်ချင်း ရှေ့ပြေးတပ်စိတ်မှာ ရန်သူ၏ပစ်ခတ်မှု ကြောင့်လမ်းကြားအတွင်းမှ ရွာထဲမဝင်နိုင်ဘဲ ရပ်တန့်နေခဲ့၏။ ကျွန်တော် က ဤသို့ စစ်ရှိန်တန့်နေသည်ကို မကြိုက်၊ ရန်သူက လျင်မြန်စွာ ခွါစစ် ဆင်မည် ဖြစ်သည်။ ထို့ကြောင့် ပို့ဝင့်တပ်စုမှ တပ်ကြပ်ကြီးအား

" ဟော့ ဆရာမောင်ကြည်၊ အတင်းဝင် အတင်းဝင် "

ဟု တွန်းအားပေးလိုက်၏။

ကျွန်တော်ကိုယ်တိုင်လည်း နောက်ထပ် တပ်စိတ်တစ်စိတ်နှင့် အတူ ရှေ့ အတင်းတိုးလိုက်ရာ လမ်းဘေးဘယ်ညာ အိမ်များပေါ်မှ က်နက်ငယ်များ၊ လောင်ချာများနှင့် ဗိုင်းပစ်ခြင်းကို ခံရ၏။ ကျည်ဆန် များက ကျွန်တော့်အနီးမှ "ဝှီးကနဲ၊ ဝှီးကနဲ" ဖြတ်သန်းနေသဖြင့် အနီးရှိ င်တစ်ပင်အား အကာအကွယ် ယူလိုက်ရသည်။ နောက်မှ ပြတ်ကျန် သည့် ၃.၅ လောင်ချာအဖွဲ့နှင့် တပ်စုနစ်စုအား ရှေ့အမြန်တက်ခဲ့ရန် ပ်ပေးခဲ့ ရသည်။

ထိုသို့ဖြစ်နေစဉ် ပို့ဝင့်တပ်စု၏နောက်ဆုံးတပ်စိတ်က ကျွန်တော့် အား ကျော်၍ ရှေ့အတက်တွင် ကျွန်တော့်ညာတစ်စောင်း ကိုက် (၅၀) ခန့်အကွာရှိ အိမ်ပေါ်မှ ရန်သူသုံးဦးနှင့်ရင်ဆိုင်တိုးပြီး အနီးကပ် ပစ်ကြ တ်ကြပါတော့သည်။ ကျွန်တော့်ဘက်မှ နှစ်ဦးမှန်သွား၍ ရန်သူသုံးဦးမှာ အိမ်ရှေ့ရှိ လှေကားရင်းရှေ့တွင် ကျွန်တော့်ရဲဘော်များ လက်ချက်ဖြင့် ကုံးအရှုံး အသက်ပျောက်သွား၏။

ထိုအချိန်တွင် တပ်ခွဲ တပ်ကြပ်ကြီးခေါင်းဆောင်သော ၃.၅ လောင်ချာအဖွဲ့ရောက်လာ၍ ရွာတွင်းသို့ လောင်ချာကျည်များ ပစ်သွင်း ပါတော့သည်။ ရန်သူကလည်း ရွာတောင်ဘက် ကိုက်- ၁၀၀၀ ခန့်အကွာ တောင်ကြောပေါ်မှာ ၅၇-မီလီမီတာ နောက်ပွင့်ရိုင်ဖယ်နှင့် ကြိုကြား ကြား လှမ်းပစ်နေသည်။ တိုက်ပွဲချိန် ၂၅-မိနစ်ခန့်အကြာ၌ နောက်မှ တကျန်ခဲ့သည့် တပ်စနစ်စုနှင့် ဗိုလ်ကျော်ငွေးတို့ ရောက်ရှိလာပြီး ရန်သူ ား တပ်ခွဲတစ်ခွဲလုံး တပ်ဖြန့်၍ ညီညီညာညာဖြင့် ပစ်အားသုံးပြီး

www.burmeseclassic.com

www.burmeseclassic.com

ညာသံပေးတိုက်တော့သည်။ ရန်သူ့အင်အားမှာ မနည်း လှပါ။ လူ ၁၀၀
ခန့် ရှိမည်ထင်၏။ သို့ရာတွင် ကျွန်တော်တို့၏ သူရဲမင်းရဲစီးနေသော
ပြင်းထန်သည့်တိုက်စစ်အဟုန်ကို မခံနိုင်ဘဲ မနက် (၉)နာရီအချိန်ခန့်တွင်
နှစ်ဖွဲ့ခွဲ၍ တောင်ဘက်နှင့် အနောက်ဘက်သို့ ဆုတ်ခွါထွက်ပြေး
ပါတော့သည်။

" ဟော့ ပြေးပြီဟေ့၊ ပြေးပြီဟ၊ လိုက်ဟေ့ လိုက်ဟေ့ "

ကျွန်တော့်တပ်ခွဲမှ စစ်သည်များမှာ နိုင်ချင်ကြက်ကဲ့သို့ ဖြစ်
သည်။ ရန်သူပြေးသည်ကို မြင်သည်နှင့် အတင်းလိုက်ကြ၏။ " ပြေးနိုင်
လွတ်စေမဟဲ့နော် "ဟုလည်း အော်ကြသည်။ ထိုအချိန်တွင် " တပ်
ဌာနချုပ်နှင့် စက်အဆက်အသွယ်ရ၍ မိမိဘက်မှ နှစ်ဦးဒဏ်ရာရကြော
ရန်သူ့ထံမှ ငါးလောင်း၊ လက်နက် နှစ်လက်၊ ကျည်မျိုးစုံ ငါးရာ
ဘိန်းစိမ်း (၃)ပိဿာ၊ အရေးကြီး စာရွက်စာတန်းများနှင့် ကျောပိုးအိတ်
ဆယ်လုံး ရရှိကြောင်း တင်ပြလိုက်၏။ နံနက် (၁၀)နာရီတွင် တပ်ရင်း
သာမက ဗျူဟာနှင့်ပါ စက်အဆက်အသွယ်ရသည့်အခါ ဗျူဟာကွ
ဗိုလ်ကြီးညီရှင်က

" ကိုသက်ဦး၊ ဘာလုပ်ချင်သလဲ "


ဟု လှမ်းမေးသည်။

ကျွန်တော်က "ဒဏ်ရာရ စစ်သည်နှစ်ဦးကို လားရှိုးပို့ချင်တယ်
ဟု ပြန်ဖြေလိုက်၏။ "ဒါဆိုရင် နမ့်ပေါင်ထွက်ခဲ့ပါ"ဟု ပြန်ကြားလာသည်

တိုက်ပွဲနေရာမှ နေ့လယ် (၁၂)နာရီခွဲထွက်ခဲ့ရာ နမ့်ပေါင်
ညနေ (၃)နာရီရောက်၏။ လားရှိုးမှ စစ်ယာဉ်တန်းတစ်ခုဖြင့် ကျွန်တော်
ဒဏ်ရာရ စစ်သည်များအား လာခေါ်သွားပါသည်။ တိုက်ပွဲက ဤမျှ
ပြီးဆုံးသွားခဲ့၏။


ဤသည်ကား ကျွန်တော်တိုက်ခဲ့သည့် နမ့်ပေါင်အနီး နားလပ်
ကလေးက တိုက်ပွဲ ဖြစ်ပါ၏။

ကျွန်တော်တို့၏ တပ်မတော်ထုံးစံအတိုင်း တိုက်ပွဲစာတမ်းမှာ
Format ခေါ် ပုံစံရှိရ၏။ စာတမ်းကို ထိုပုံစံအတိုင်း ရေးသားတင်ပြ
ရသည်။ ထိုပုံစံ၌ တိုက်ပွဲ သုံးသပ်ချက်များပါ ရ၏။



လားရှိုး၊ နွိုင်းဗွဲ၊ နမ့်ဆန်း ဒေသပြ မြေပုံ

www.burmeseclassic.com



နားလင်း တိုက်ပွဲ မြေပုံကြမ်း



## ကျွန်တော်၏ တိုက်ပွဲ သုံးသပ်ချက်များ

ကျွန်တော်၏ ခလရ(၆၇) ခွဲ(၂)သည် လွယ်မော်ချေမှုန်းရေး စတင်သည့် ၁၉၇၈ ခုနှစ်၊ ဩဂုတ်လ (၆)ရက်နေ့မှ ယခု တိုက်ပွဲဖြစ်သည့် စက်တင်ဘာလ (၁၃)ရက်နေ့အထိ တစ်လကျော်ခန့်အတွင်း ရန်သူနှင့် ထိတွေ့မှု လေးကြိမ်ဖြစ်ပွါးခဲ့ပြီး ရန်သူ့ထံမှ လက်နက်မျိုးစုံ (၈)လက်၊ လားမြင်း (၂)ကောင်၊ ဘိန်းစိမ်း (၃)ပိဿာ၊ လူအသေ (၈)ယောက်၊ အရှင် (၀)ယောက်တို့ကို ဖမ်းဆီးရမိခဲ့ပြီး မိမိဘက်မှ ငါးဦးဒဏ်ရာရရှိခဲ့ပါသည်။ ယခုကဲ့သို့ စွမ်းဆောင်နိုင်ခြင်းမှာ စစ်အောင်ရာသော အောက်ပါ အကြောင်း အချက်များနှင့် အကျုံးဝင်နေခြင်းကြောင့်ဟု ကျွန်တော်က သုံးသပ်တင်ပြခဲ့၏။ ထိုအချက်များမှာ

**ရည်ရွယ်ချက် တိကျခိုင်မြဲခြင်း။** စစ်အောင်ရာသော အကြောင်းကြီးများတွင် ရည်ရွယ်ချက် တိကျခိုင်မြဲဖို့ လို၏။ ရမခ နှင့် ဗျူဟာက ဘိန်း ဖျက်ဆီးရေးအား အမျိုးသားရေး တာဝန်တစ်ရပ်ကဲ့သို့ သဘောထား သည်။ ရန်သူချေမှုန်းရေးအား တိုက်ပွဲဝင် တပ်အသီးသီးသို့ တွန်းအား ပေး၍ ကြပ်မတ်သည်။ တပ်အားလုံး အကြပ်ခံကြရ၏။

ကျွန်တော်နှင့် ဗိုလ်ကျော်ဌေးတို့ကတော့ ကြပ်စရာ မလိုပါ၊ "တွက်ပြီဖော့" ဆိုကတည်းက ကိုယ့်ကိုကိုယ် သေမထူး၊ နေမထူး သဘောထား၍ ပြတ်ပြတ်သားသား ဆောင်ရွက်ကြသည်။ တိုင်းမှူးရုံး တက်ထားရသူများဖြစ်၍ တိုင်းမှူးကျေနပ်သည်အထိ ကြိုးစားကြမည်ဟု ခိုင်ခိုင်မာမာ သံဓိဌာန်ချထားသူများ ဖြစ်သည်။ ထို့ကြောင့် ရည်ရွယ်ချက် တိကျ ခိုင်မြဲလှ၏။ ထိုပြတ်သားသော စိတ်သန္နိဋ္ဌာန်ကြောင့် ယ ရက်က ရည်မှန်းချက်ကို ကျွန်တော်တို့ တပ်ခွဲတစ်ခွဲတည်းသာ အချိန်မီ ရောက် သွားခြင်း ဖြစ်၏။ ယခုလည်း တစ်လအတွင်း တိုက်ပွဲလေးကြိမ် ဖြစ်ပွါး ခဲ့ပြီး ရန်သူ့ထံမှ (၈)လောင်း၊ (၈)လက်ရထားခဲ့ပြီး ဖြစ်သည်။

**စိတ်ဓါတ်ခိုင်မြဲ ကောင်းမွန်ခြင်း။** တိုက်ပွဲတွင် စိတ်ဓါတ်သည် အရေး ကြီးလှ၏။ အစပိုင်း၌ အရှုံးနိမ့်သွားက ဦးကျိုးသွားနိုင်၏။ ကျွန်တော့် တပ်ခွဲမှာ စစ်ဆင်ရေးပြီးသည်အထိ ယမှတ်သံ "တစ်ခိုင် ဒိန်း၊ တစ်ခိုင်း ပေ" ဖြင့် ရန်သူကို အတင်းတိုက်၊ အတင်းလိုက်ခဲ့၍ နိုင်ပွဲဆက်နေ၍

www.burmeseclassic.com



စိတ်ဓါတ်သည် တလူလူလွင့်လျက် ရှိ၏။ စစ်သည်များကလည်း ကျွန်တော်တို့ ခေါင်းဆောင်နှစ်ဦး၏ လုပ်ရဲကိုင်ရဲမှုကို ယုံကြည်ကြ၏။ ထို့ကြောင့် ယခုတိုက်ပွဲပြီးသည်အထိ ကျွန်တော်တို့ စိတ်ဓါတ်မှာ အကောင်းဆုံးအခြေအနေတွင် ရှိနေ၏။

**တိုက်စစ်ဆင်စွမ်းခြင်း။** လွယ်မော်သောင်းကျန်းသူများမှာ စစ်ရေး အတွေ့အကြုံပြည့်ဝသူများ မဟုတ်။ ယခင် လွယ်မော်ကာကွယ်ရေးအဖွဲ့မှ သောင်းကျန်းသူအဖြစ်သို့ ကူးပြောင်းသွားသူများ ဖြစ်သည်။ ကျွန်တော် သည် လွယ်မော်ခေါင်းဆောင် ဦးခွန်ဆာ၏ဇာတိ နောင်လိုင်ရွာကြီးတွင် လအတန်ကြာ နေခဲ့ဖူးပါသည်။ ထို့ကြောင့် လွယ်မော်များအကြောင်း များစွာ သိထား၏။ သိသည့်အလျောက် အတင်းလိုက်၊ အတင်းတိုက် သည်။ တိုက်စစ်အရှိန်ကို အစွမ်းကုန် မြှင့်တင်ခဲ့သည်။ ထို့ကြောင့် တိုက်ပွဲစဉ်တိုင်း အဖက်ဖက်မှ ရန်သူ့အပေါ် အသာရခဲ့၏။

**လျှပ်ရှားမှု ကောင်းမွန်ခြင်း။** ရန်သူက အပြေးကောင်းသူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ကလည်း လိုက်နိုင်ရန် ပြင်ရ၏။ ကျွန်တော် တပ်ခွဲတွင် ရိက္ခာတစ်ရက်၊ နှစ်ရက်စာသာ ပါသည်။ ပေါ့ပေါ့ပါးပါးနှင့် သွားနိုင်အောင် လုပ်ထား၏။ လူတိုင်း ယူနီဖောင်းအပိုတစ်စုံနှင့် စောင် ကြားသာ ပါ၏။ ထို့ကြောင့် တောင်ပေါ်လမ်းများပေါ်တွင်ပင် တစ်နေ့ မိုင်နှစ်ဆယ်၊ အစိတ် ချီတက်နိုင်ခဲ့သည်။ ကျွန်တော် ကိုယ်တိုင်လည်း ပေါင်တစ်ရာသာသာမို့ တစ်နေ့ မိုင်နှစ်ဆယ်၊ အစိတ်ကို မပင်မပန်း သွားနိုင်ခဲ့ပါသည်။ ထို့ကြောင့် ရန်သူတုန်လှုပ်ချောက်ချားအောင် လှုပ် ရှား စစ်ကစားနိုင်ခဲ့၏။

**အငိုက်ဖမ်းနိုင်ခြင်း။** စစ်အောင်ရသော အကြောင်းတရားကြီးများ ထဲတွင် Surprise ခေါ် အငိုက်ဖမ်းနိုင်ခြင်းသည် အရေးကြီး၏။ မမျှော် လင့်သော အချိန်၊ မမျှော်လင့်သော နေရာ၊ မမျှော်လင့်သော အင်အားဖြင့် ရန်သူကို အငိုက်ဖမ်းနိုင်က အောင်ပွဲသည် သေချာ၏။ ကျွန်တော် တိုက်ခဲ့ သော တိုက်ပွဲလေးပွဲလုံး ရန်သူ လုံးဝ မျှော်လင့်မထားသော လမ်းကြောင်း



...၍ တစ်ညလုံး မိုးထဲလေထဲတွင် ခရီးပြင်းနှင်လာ၏။ မိုးလင်းချိန်တွင် ရန်သူ့နား ဘွားကနဲ သွားပေါ်ပြီး တိုက်ချလိုက်သည်။ ရန်သူ အငိုက်မိ သွား၏။ ဤတွင် အောင်မြင်မှုရခဲ့ခြင်း ဖြစ်သည်။

**သတင်းစုံစွာ ရယူခြင်း။** "လူမှာ ထမင်း၊ လယ်မှာ ကန်သင်း၊ စစ်မှာ သတင်း"ဟု ဆိုစကား ရှိသည်။ No information, No operation ဖြစ်၏။ သတင်းရမှ စစ်တိုက်နိုင်မည်။ ကျွန်တော့်တပ်ခွဲသည် ရောက်သည့် နေရာတွင် နည်းမျိုးစုံအပင်ပန်းခံ သတင်းဖော်ထုတ်ခဲ့၏။ သတင်းရရေး အတွက် ထမင်းကျွေးသည်။ အရက်တိုက်သည်။ ပိုက်ဆံပေးသည်။ လိုအပ်လျှင် ဘိန်းပါပေးသည်။ ထိုသို့ ပေးနိုင်အောင်လည်း ကျွန်တော်တို့ တပ်ခွဲတွင် ဖမ်းဆီးရမိဘိန်းထုပ်များ ပါရှိလာ၏။ အထက်ဌာနများသို့ အကျိုးအကြောင်း တင်ပြကာ ထိုဘိန်းကို အကျိုးရှိရှိ အသုံးချ၏။ အချို့က အရက်မူးလျှင် ကျွဲခိုးပေါ်၏။ မူးမူးနှင့်ပြောပြ၍ သတင်းရသည်လည်း ရှိပါသည်။ အရက်ကြိုက်သူကို အရက်/ ကြက်ကြိုက်သူကို ကြက်၊ ငွေ ကြိုက်သူကို ငွေပေးရသည်။

ယခုတိုက်ပွဲမဖြစ်မီ နာရီပိုင်းအလိုက ကျွန်တော့်တပ်ခွဲဟိုလောင်း ပလောင်ရွာသို့ ရောက်သွားသည်။ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ မီးပုံ များ အတော်များများ တွေ့ရ၏။ ရန်သူ စတည်းချသွားသည်။ ကျွန်တော် တို့က သတင်းမေးတော့ ဦးပဥ္စင်းနှင့် ကိုရင်လေးများက မဟု၊ မဟာန်၊ မယင်း (မသိ၊ မမြင်၊ မကြား) လုပ်နေကြသည်။ ထို့ကြောင့် ကျွန်တော်က ဘုန်းကြီးကျောင်းပေါ် တက်သွား၏။ ဘုန်းကြီးကို တွေ့သည်။ ဘုန်းကြီး ဘာလုပ်နေတယ် ထင်ပါသလဲ၊ မဟာယာနဂိုဏ်းဝင် ဆရာတော်ဘုရားက ဖျာကြမ်းကတ်အထူကြီးပေါ်တွင် ပြောင်းတစ်လုံးနှင့် ဘူရှိန်းကာ မှိန်း၍ လောကစည်းစိမ်ကို ခံစားနေ၏။

ကျွန်တော့်ကိုမြင်တော့ မှေးထားသော မျက်လုံးကိုဖွင့်လျက် "ဟိစံ" ဟု ဆိုလိုက်သည်။ အိစံဆိုတာ ဘာလဲဟု မေးခြင်းဖြစ်၏။ ကျွန်တော်က ဘိန်း တစ်ဆယ်သားခန့် ဆရာတော်ဘုရားအား ကပ်လှူ လိုက်၏။ ထို့နောက် "ကွမ်းထင်၊ မီးတီနိုင်" (သူပုန် ဘယ်မှာ ရှိသလဲ)ဟု မေးလိုက်ရာ မဟာယာန ဆရာတော်ဘုရားက "မီးဟိုနား၊ မီးဟိုနား"ဟု

www.burmeseclassic.com

www.burmeseclassic.com



နားလင်းဘက်သို့ လက်ညှိုးထိုးပြသည်။ အဓိပ္ပါယ်ကတော့ ဟိုနားမှာ... ရှိသည်ဟု ပြောခြင်းဖြစ်၏။

သတင်းကို ကလေး၊ လူကြီးများထံမှသာမက ဘုန်းကြီးများထံ... ပင် ယူရပါသည်။ ဤသို့ဖြင့် သတင်းရ၍ တိုက်ပွဲဖော်ထုတ်နိုင်ခဲ့၏။

**အုပ်ချုပ်မှု ကောင်းခြင်း။** ကျွန်တော်သည် ကျွန်တော့်တပ်ခွဲ... တစ်သွေး၊ တစ်သံ၊ တစ်မိန့်ဖြစ်အောင် ကြိုးစားသည်။ ပုဂ္ဂိုလ်ခင်မှု တ... မင်၏။ ထို့ကြောင့် ကျွန်တော့်ကို သံယောဇဉ်ဖြစ်အောင်လည်း လုပ်ထ... ၏။ တိုက်ပွဲကာလအတွင်း ရိက္ခာငွေကို အပိုဆောင်းပေးသည်။ တပ်စိ... များကို အလေးအပင်များ မသယ်နိုင်၊ အစားအသောက်ကို ရောက်လေ... ရာတွင် ဝယ်စားနိုင်အောင် စီစဉ်ပေးထားသည်။

ရံဖန်ရံခါတွင် ကောက်ညှင်းနှင့် အသားကြော်များကို စီစဉ်ပေ... ပေးထားသည်။ တိုက်ပွဲတစ်ပွဲပြီးတိုင်း စစ်သည်များကို နှစ်ရက်၊ သုံးရ... အနားပေးသည်။ အောင်မြင်မှုရသူများကို ဆုငွေများပေးသည်။ သေနတ် တစ်လက် တစ်ထောင်ကျပ်၊ လူအသေတစ်ယောက် ငါးရာကျပ်စသည်ဖြ... ဖြစ်၏။ လက်နက်ခဲယမ်း ငွေငွေကျောက်သံ [illegible] ဘိန်းအရှိသ... မလွှဲမသွေ အထက်ဌာနသို့ တင်ပြအပ်နှံရသည့် ပစ္စည်းများမှလွဲ၍ ကျ... သိမ်းဆည်းရမိပစ္စည်းများကို တိုက်ပွဲဝင် တပ်များသို့ ဝေငှပေးလိုက်သည်။

ထို့အပြင် တပ်ရင်းမှူးထံ လှမ်းတင်ပြပြီး စစ်မြေပြင်အဆ... တိုးမြှင့်ပေးခြင်း Field Promotion များ ပြုလုပ်ပေးသည်။ ထို့ကြော... တပ်ခွဲအနေဖြင့် တိုက်ပွဲဝင်ရန် အဆင်သင့်ဖြစ်နေသည်။ ဤအကြော... အချက်များက တိုက်ပွဲအောင်မြင်စေသည့် အကြောင်းအချက်များပ... ဖြစ်၏။

## တိုက်ပွဲ သင်ခန်းစာ ဖော်ထုတ်ချက်

လွယ်မော် သောင်းကျန်းသူများကဲ့သို့ တိုက်ရည်ခိုက်ရ... ပြည့်သောသူပုန်များအား အတင်းလိုက်မပြင်းဖိုက်ခြင်းဖြင့် အထက်... အတိုင်း အောင်မြင်မှုရနိုင်ပါသည်။ ရန်သူအား မတွေ့ခဲ့သော... [illegible]



ဖြန့်တက်ပစ်နည်း ဗျူဟာကျင့်သုံးကာ အမြတ်များများ ရရှိနိုင်ကြောင်း ဖော်ထုတ်ရရှိ၏။ ဤသည်မှာ ကျွန်တော်၏သင်ခန်းစာ ဖော်ထုတ် သုံးသပ်ချက် ဖြစ်ပါတော့သည်။

## ဒီတိုက်ပွဲကို ဘာကြောင့် ရေးရသလဲ

ကျွန်တော်သည် ၁၉၇၈ ခုနှစ်၌ စစ်သက် (၁၂)နှစ်ကျော် (၁၃) နှစ်ထဲ ရောက်နေပါပြီ။ ကျွန်တော့်တွင် သောင်းကျန်းသူအမျိုးစုံနှင့် တိုက်ပွဲအတွေ့အကြုံများ ရှိ၏။ ရတခ ၌ တာဝန် ထမ်းဆောင်ခဲ့စဉ်က ကေအင်န်ယူ ပြည်ပြေး၊ မွန်သောင်းကျန်းသူ (မွန်ပြည်သစ်ပါတီ) စသူတို့နှင့် ရင်ဆိုင်ခဲ့ပြီး ရမခ တွင် KIA၊ ဗကပ၊ SSA စသည်တို့နှင့် ကြုံဆုံရပါသည်။ အခြား သင်တန်းသားများက ဗကပ၊ ကေအင်န်ယူ စသည်တို့နှင့် တိုက်ခဲ့သည့်တိုက်ပွဲများကို ဦးစားပေး ရေးကြသည်။ ရေးသူ များလှချေ၏။

ကျွန်တော်သည်လည်း တပ်ရင်းမှူးသင်တန်းတုန်းက အစ ကနဦး၌ ကျွန်တော်တို့အရေးနိမ့်ခဲ့သော ဗကပများနှင့်တိုက်ခဲ့သည့် နောင်လိုင်၊ ပါဖန်တိုက်ပွဲကို ရေးခဲ့သည်။ အခုတိုက်ပွဲကား အရေးနိမ့်သော တိုက်ပွဲ မဟုတ်။ နိုင်သော တိုက်ပွဲဖြစ်သည်။ အရှုံးမှ သင်ခန်းစာ ဖော်ထုတ်ရယူသလို အနိုင်မှလည်း သင်ခန်းစာရယူနိုင်အောင် ဤနိုင်သော တိုက်ပွဲလေးကို ဆုလွှယ်နပ်လွှယ် ရေးလိုက်ခြင်းဖြစ်၏။ ကိုယ်နိုင်သော တိုက်ပွဲကိုတော့လည်း ရေးရတာ ပိုကောင်းတာပေါ့ ခင်ဗျာ။ ရေးပြီးတော့လည်း အလှည့်ကျ ပြောရပါသေးသည်။

ဤစာတမ်းကို ကျွန်တော်က ရေးသားတင်သွင်းပြီး အလှည့်ကျ တက်ပြောသောအခါ ကျွန်တော်၏နောင်လိုင်၊ ပါဖန်တိုက်ပွဲကို ဖတ်ဖူးသည့် နည်းပြအချို့နှင့် အရာရှိများက

" ကိုသက်ဦးက အပြောကောင်း၊ အရေးကောင်းပါလားဗျာ "

ဟု ရယ်သွေးသွမ်းကြကုန်၏။

ဘာပဲဖြစ်ဖြစ် စင်ပေါ်တက်ပြောသည့်အခါ ကိုယ်နိုင်သည့် ပွဲလေး တက်ပြောရတော့ ခေါင်းမော့ရင်ကော့ ပြောရတာပေါ့ ခင်ဗျာ။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

## ဥစတ မှ သင်တန်းသားဘဝ

**ဥစတ မှ သင်တန်းသား ဘဝ**

၁၉၈၆ ခုနှစ်၊ မေလမှစခဲ့သော ကျွန်တော်တို့၏စစ်ဦးစီးတက္ကသိုလ် အထူးသင်တန်း အမှတ်စဉ် ၂/၈၆ သည် ထိုနှစ် နိုဝင်ဘာလတွင် ပြီးဆုံးသွား၏။ ခြောက်လကျော် ခုနစ်လနီးပါးမျှ တက်ရောက်ခဲ့ရသည်။

ကျွန်တော်သည် သင်တန်းစဖွင့်ကတည်းက ထိပ်ဆုံးမှ ဆယ်ဦးထဲတွင် ပါနိုင်ရေး ကြိုးစားခဲ့၏။ ယခု သင်တန်းတွင် စစ်တက္ကသိုလ် အမှတ်စဉ် (၇)မှ အကောင်းဆုံး ဗိုလ်လောင်း ဗိုလ်မှူးပြည့်စုံ (ယခု ဝန်ကြီး၊ စီးပွါးကူးသန်း)၊ ကျွန်တော်တို့အပတ်စဉ်မှ ဒုတိယ အကောင်းဆုံး ဗိုလ်လောင်း ဗိုလ်မှူးစိုးဝင်း (ယခု ရဲချုပ်)၊ ကျွန်တော်တို့ အပတ်စဉ်မှပင် သင်တန်းအတော်များများ၌ ပထမရခဲ့သော ဗိုလ်မှူး သူရစိုးလွင် (ကျဆုံး)၊ O.T.S (၃၂)မှ ကပြားသွေးပါပုံရသည့် သွက်သွက် လက်လက် ထက်ထက် မြက်မြက်ရှိသော ဗိုလ်မှူးမြင့်အောင် (ယခု နည်းပြချုပ်၊ ဥစတ)၊ ထို့နောက် ကျောင်းဆရာများဖြစ်သည့် အမြောက်မှ ဗိုလ်မှူးမျိုးဝင်း၊ သံချပ်ကာမှ ဗိုလ်မှူးတင်ထွန်း၊ ရေတပ်မှ ဗိုလ်မှူးတင်ဦးတို့သည်ကား စာတော်ကြသူများ ဖြစ်ကြ၏။



ထို့အပြင် နေ့စဉ် ယမကာလေး မှီဝဲနေသော်လည်း စာမေးပွဲတိုင်း အမှတ်ကောင်း၍ လျှော့တွက်မရသည့် D.S.A (၉)မှ ဗိုလ်မှူးစိုးမြင့် (ဂန်ချာ)၊ ကျွန်တော်တို့အပတ်စဉ်မှ ဗိုလ်မှူးမြင့်ဇော်၊ ဗိုလ်မှူးတင်အောင်နိုင်နှင့် O.T.S (၁၁)မှ မယ်ဒလင်ဆရာ ဗိုလ်မှူးစိန်ဝင်းတို့သည်လည်း အသီးသီး စာတော်ကြ၏။ ကျောင်းဝင် ဆန်းစစ်စာမေးပွဲများတွင် အမှတ်ကောင်းကြ၏။ အသက်တွေကလည်း လေးဆယ်ခန့်မျှသာ ရှိကြရာ Life begins at Forty ဆိုသော စကားအတိုင်း၊ သန်တုန်း မြန်တုန်းမို့ သူတို့တစ်တွေသည် ခြေတကြွကြွနှင့် နတ်မြင်းပျံမို့ မျိုးကြွားကြွားဖြစ်နေ၏။

" အား လား၊ လား၊ ဒီအပတ်ကတော့ မမ၊ အယ် မောင်လေး သိပ်မချောင်တဲ့ အပတ်ပဲ၊ ကြိုးစားမှ ဒိုးပြားရမယ့် အပတ်ပဲဟေ့ "

သင်တန်းသားများ၏ အနေအထားကိုကြည့်၍ ကျွန်တော်နှင့် အခန်းချင်းကပ်နေသော အင်မတန် အပြောင်အပျက်ပြောတတ်ပြီး အစအနောက်သန်သည့် ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူး တင်အောင်နိုင် (ယခု ဒုဗိုလ်မှူးကြီးတင်အောင်နိုင်၊ နယ်စပ်/စည်ပင်)က ဆို၏။

" ဟော့ကောင် ထိပ်ဆုံးဆယ်ယောက် Top Ten ကတော့ ရဖို့ မလွယ်ဘူးကွ၊ လူတွေကတော့ တကယ့်စာသူရဲတွေ ချည်းပဲ၊ တို့အထဲမှာတော့ တစထ(၁)နဲ့ (၂)က အဆိုးဆုံး၊ တအားကျူးနေတာဗျ၊ သေမတတ်ကြေမတတ်ဘဲ "

ကိုတင်အောင်နိုင်က ဆက်ပြောသည်။ ကျွန်တော်တို့ အပတ်စဉ်မှ သင်တန်းသား ခြောက်ယောက်ပါလာ၏။ တစထ(၁)၊ (၂)ဆိုသည်မှာ စာအလွန်ကြိုးစားသည့် ကိုစိုးဝင်းနှင့် ကိုစိုးလွင်တို့အား ရည်ညွှန်းခြင်းဖြစ်၏။ သူတို့နှစ်ယောက်သည် စာလည်း တော်၏။ အထူးလည်း ကြိုးစား၏။ သင်တန်းတွင် ကျွန်တော်တို့လို ပုံမှန်နေ့စဉ် ယမကာလေး တမြမြဖြင့် Warming up မလုပ်။ တစ်ခါတရံ သူငယ်ချင်းများစုပြီး Gathering လုပ်မှ ပါဝင်လာ၏။ ကျန်ရက်များတွင် ယမကာရှောင်ကာ စာချည်း လိုမ့်ကျက်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com

" အဲဒီ လူသေးသေးလေးနှစ်ယောက်က အနာဂတ်ရဲ့ ကစထ(၁)(၂) အလောင်းအလျာတွေကွ၊ ဗိုလ်ချုပ်ဖြစ်မယ့် လူတွေ၊ ဒါကြောင့် တအား ကြိုးစားနေကြတာ"

ကျွန်တော်တို့ထဲမှ ဗလအကောင်းဆုံး ကိုမြင့်ဇော်က ကျောင်းဖွင့်ခါစ တစ်နေ့တွင် နောက်သလို ပြောင်သလိုနှင့် ပြော၏။ ထိုအခါမှစ၍ ကိုစိုးဝင်းနှင့် ကိုစိုးလွင်အား ကစထ(၁)၊ (၂)ဟု ခေါ်လေ့ရှိသည်။ စကားနောက် တရားပါသွား၍လား မသိ။ ကိုစိုးဝင်းသည် ယနေ့ ရဲချုပ်ဖြစ်နေ၍ ကိုစိုးလွင်က တပ်ရင်းမှူးဘဝနှင့် မိုင်းယန်းတိုက်ပွဲတွင် ကျဆုံးသွား၏။ သူရဘွဲ့ ရသွားသည်။ သေသာမသွားပါက သူလည်း ယခုအချိန်တွင် ဗိုလ်ချုပ် ဖြစ်နေပေရော့မည်။

သူများတွေ စာအသည်းအသန် ကျက်တော့ Grading ကောင်းချင်သော ကျွန်တော်လည်း ကြိုးစား၏။ ဖတ်၏။ မှတ်၏။ ကျက်၏။ တွေး၏။ ရေး၏။ ဟော၏။ ပြော၏။ သို့ရာတွင် သူ့ထက်သူ လူစွမ်းကောင်းများဖြစ်နေ၍ ကျွန်တော်မောင်သက်ဦးမှာ ထင်တိုင်း မပေါက်ဘဲ "ထင်သာထင် မဝင်ဘူး ကျောင်းအစ်မရေ" ဖြစ်နေ၏။ စာမေးပွဲများ ဖြေဆိုရာတွင် Result မှာ တစ်ခါမှ တစ်ဆယ်အတွင်း မဝင်၊ တစ်ဆယ် အပြင်မှာ ရှိ၏။ ဆယ့်လေး၊ ဆယ့်ငါး ပုံမှန် သွားနေသည်။ စာလည်း ကျက်ပါ၏။ သို့ရာတွင် ရုံဖန်ရံခါ အယ်လ်ကိုဟော လေး နည်းနည်းများ သွားသည့် ညများတွင် အလွန်အိပ်ချင်၏။ စာကြည့်ရင်း အိပ်ပျော်သွားသည်။ ခြင်ထောင်ပင် မချမိသည့်အခါများ ရှိ၏။

သင်တန်း၏ဖိစီးမှုကလည်း များလှ၏။ နေ့စဉ် Home Work ခေါ် အိမ်စာများပေးသည်။ ညတိုင်း တဟုပ်ကုပ်ဖြင့် ထိုင်ရေးရ၏။ မရေးနိုင်၍ အကြွေးတင်သွားက နောက်နေ့တွင် နောက်ထပ် တစ်ရက်စာ တိုးလာပြန်သည်။ ထို့ကြောင့် ကြွေးမကျန်ရေး ဒလစပ်ရှုးနေရ၏။ ထို့အပြင် သင်တန်း ပထမတစ်ဝက် First Term ၌ ကျောင်းသားတိုင်း Command Study ခေါ် တိုက်ပွဲကွပ်ကဲမှု စာတမ်းတစ်စောင်စီ ရေးရသည်။ ထိုစာတမ်းကို သင်တန်းကာလ တစ်ဝက်ကျချိန်တွင် ပေးသည့် ရက်သတ္တတစ်ပတ် တပ်သို့ အနားပြန်မတိုင်မီ အပြီးအပ်ခဲ့ရမည် ဖြစ်သည်။



ထို့ကြောင့် တစ်နေ့လျှင် ထိုစာတမ်းအား စာမျက်နှာနည်းနည်း နည်းနည်း ရေးရသေး၏။ ထိုစာတမ်းကလည်း အရေးပါ၏။ ပေးမှတ်များ ရပါသည်။ ကျွန်တော်ရေးသည့် တိုက်ပွဲကွပ်ကဲမှု စာတမ်းမှာ ဒုတိယကမ္ဘာစစ်က ဂျပန်ဒုတိယဗိုလ်ချုပ်ကြီး ယာမာရှီတာ၏ မလေးကျွန်းဆွယ် တိုက်ပွဲ ကွပ်ကဲမှုစာတမ်းဖြစ်၏။ (ထိုကွပ်ကဲမှုစာတမ်းအား အလျဉ်းသင့်သည့် နေရာတွင် ဖော်ပြပါဦးမည်)

## စစ်ဦးစီးတက္ကသိုလ်၏ အမှတ်ပေးစနစ်

စစ်ဦးစီးတက္ကသိုလ်သည် တစ်ခြား သင်တန်းကျောင်းများနှင့် မတူ၊ အမှတ်ပေးစနစ်အား စာမေးပွဲများပေါ်တွင် များစွာ အခြေမခံဘဲ အရေးအသားနှင့် အဟောအပြောများပေါ်တွင် အဓိက အခြေခံ၏။

စာမေးပွဲအမှတ်များမှာ နှစ်ဆယ်ရာခိုင်နှုန်းသာ အကဲဖြတ်တွင် အကျုံးဝင်သည်။အခြားသင်တန်းများက စာမေးပွဲအမှတ်များက အကဲဖြတ်ရာတွင် ရှစ်ဆယ်ရာခိုင်နှုန်းခန့် အကျုံးဝင်၏။ စာမေးပွဲတွင် အမှတ်ကောင်းသူများ ပထမ၊ ဒုတိယ၊ တတိယ ရကြ၏။ ဤသင်တန်းတွင်တော့ အရေးအသားနှင့် အဟောအပြောသန်သူများ စားကြသည်။ ကျွန်တော်သည် စာမေးပွဲအမှတ်များ၌ မည်မျှပင် ကြိုးစားစေကာမူ ဆယ့်သုံး၊ ဆယ့်လေး၊ ဆယ့်ငါးက မတက်။ စာသူရဲများကို မကျော်နိုင်။

ထို့ကြောင့် အဟောအပြောနှင့် အရေးအသားကို ဦးစားပေးကာ ကြိုးစားရပါတော့သည်။ သင်တန်းအလယ်လောက်တွင် ပြုလုပ်သည့် သင်တန်းသားများ ကိုယ်တိုင်ပြုစုသော ဟသ်ာလေ့ကျင့်ခန်း ခံစစ်ကိုက်စစ်သည်လည်း အမှတ်ပေးရာတွင် နှစ်ဆယ်ရာနှုန်း အကျုံးဝင်သည်။ ဟသ်ာအောင်မြင်ရေးကို အပတ်တကုတ် ကြိုးစားကြရာ ကျွန်တော်တို့ အုပ်စုက အနိုင်ရလိုက်သည်။

ထိုအခါ ဟသ်ာလေ့ကျင့်ခန်းမှ အမှတ်နှစ်ဆယ်ရာခိုင်နှုန်း သပိတ်ဝင် အိတ်ဝင်ရလိုက်၏။ သင်တန်းသား(၄၀)ယောက်အား အဖွဲ့ ခွဲ၍ ယှဉ်ပြိုင်စေရာ ရှုံးသည့်အဖွဲ့က တစ်မှတ်မှမရဘဲ နိုင်သည့် အဖွဲ့က အမှတ် နှစ်ဆယ်ရာနှုန်းရ၏။ ကျွန်တော့်အတွက် ဟသ်ာရမှတ်

www.burmeseclassic.com

www.burmeseclassic.com



အပြင္ ကၽြန္အေရးအသားႏွင့္ အေဟာအေျပာမ်ား ေပါင္းစပ္လိုက္ပါက အေျခအေနေကာင္းႏိုင္ေၾကာင္း ေဖာ္ထုတ္ခ်က္ ထြက္လာ၏။

ထို႔ေၾကာင့္ ကၽြန္ေတာ္သည္ အုပ္စုလိုက္ ေဟာေျပာပြဲမ်ား၌ မၾကာခဏတက္၍ ေဟာေျပာပါေတာ့သည္။ ဤတြင္ ကၽြန္ေတာ့္အား အာ၀ဇၨန္းရွင္သူအျဖစ္ ေက်ာင္းမွ အသိအမွတ္ျပဳလာၾက၏။ ကၽြန္ေတာ္က လည္း သိပ္ေခသူ မဟုတ္ပါ၊ တိုက္ခိုက္ေရးေက်ာင္း နည္းျပဆရာဘ၀က "စကားေျပာလွ်င္ ေကာလိပ္ဂ်င္၊ ၀င္းဦးအသြင္ သူ႔အိုက္တင္" ဟု နာမည္ရလာသူျဖစ္ပါသည္ခင္ဗ်ား။

**တစ္ေယာက္တည္း မေနတတ္လို႔**

ကၽြန္ေတာ္တို႔တပ္မေတာ္တြင္ သင္တန္းသားမ်ား အိမ္ေထာင္သည္ ေခၚခြင့္ျပဳသည့္ တစ္ခုတည္းေသာသင္တန္းမွာ ဤစစ္ဦးစီး တကၠသိုလ္သင္တန္းႀကီးပင္ ျဖစ္၏။ သင္တန္းဖြင့္ၿပီး ႏွမ္ပတ္ခန္႔အၾကာ၌

" သင္တန္းသား အရာရွိမ်ား ခင္ဗ်ား၊ ဒီသင္တန္းက မိသားစု ေခၚခြင့္ျပဳပါတယ္၊ ဒါေပမယ့္ ႏွစ္လယ္Mid-Term အထိပါပဲ၊ ကၽြန္ေတာ္တို႔ ေက်ာင္းမွာ အိမ္ဆယ္လုံးပဲ ေပးစရာရွိပါတယ္၊ သင္တန္းသား ဆယ္ဦး မိသားစုနဲ႔ေနႏိုင္ပါတယ္၊ ကိုယ့္အစီအစဥ္နဲ႔ကိုယ္ အိမ္ေနစရာ ရွိရင္လဲ မိသားစုေခၚႏိုင္ပါတယ္၊ ေခၚလိုသူမ်ား ေလွ်ာက္လႊာတင္ၾကပါ "

သင္တန္းအုပ္ခ်ဳပ္မႈ ကိစၥမ်ားကိုင္ရေသာ ဗိုလ္မႉး၀င္းေအာင္ (ဒုဗိုလ္မႉးႀကီး၀င္းေအာင္၊ ကြယ္လြန္)က ဆို၏။ မိသားစုေခၚခြင့္ျပဳျခင္းကား အလြန္ရွားပါးသည့္ အခြင့္အေရးျဖစ္၏။ ထို႔ေၾကာင့္ သင္တန္းသား တစ္၀က္နီးပါးက မိသားစုေခၚရန္ ေလွ်ာက္လႊာတင္ၾက၏။ ေလွ်ာက္လႊာတင္သူမ်ားတြင္ ကၽြန္ေတာ္လည္းပါ၏။ ၁၉၆၈ ခုႏွစ္မွ အိမ္ေထာင္က်ခဲ့ေသာ ကၽြန္ေတာ္သည္ ၁၉၈၆ ခုႏွစ္ထိကာလ၌ မိသားစုႏွင့္အတူေနရသည့္ ကာလ၊ စုေပါင္းစပ္ေပါင္း (၃)ႏွစ္ခန္႔မွ်သာ ရွိ၏။ ၁၉၉၅ ခုႏွစ္ အိမ္ေထာင္သက္ (၂၇)ႏွစ္တြင္ ကၽြန္ေတာ္ နယ္ဘက္ေျပာင္းခဲ့ရ၏။ ထို (၂၇)ႏွစ္အတြင္း စုေပါင္းစပ္ေပါင္း မိသားစုႏွင့္အတူေနရသည့္ ကာလမွာ (၅)ႏွစ္ (၂)လမွ်သာပါတည္း။



ဤကဲ့သို႔ လြမ္းတပူေဆြး သူနဲ႔ေ၀းေသာ်၊ ျပည္ထဲေရးႏွင့္ ေ၀းေရးတို႔ထက္၊ လြမ္းေရးခက္ေသာဘ၀တြင္ ကၽြန္ေတာ္သည္ ႀကဳံႀကဳံက္လာသည့္ အခြင့္အေရးအား မလြတ္တမ္း ဆုတ္ကိုင္ၿပီး မိသားစုေခၚေရး၊ ရွင္းရွင္းေျပာရပါက ဇနီးေခၚေရးေလွ်ာက္လႊာ တင္လိုက္ပါသည္။ သားသမီးမ်ားေတာ့ မေခၚေတာ့ပါ။ ကေလးေတြက ေအာင္လံမွာ ေက်ာင္းတက္ေနၾက၏။ သူ႔အေမေနာက္လိုက္လာလွ်င္ ေက်ာင္းပ်က္သြားမွာေပါ့ ခင္ဗ်ာ။

ဇြန္လ ဒုတိယပတ္၌ သင္တန္းသား ဆယ္ဦးခန္႔ အိမ္ေထာင္သည္မ်ား ေခၚၾက၏။ ကၽြန္ေတာ့္ဇနီး မေရႊမေလည္း ဇြန္လ (၁၂)ရက္ေန႔တြင္ ဗထူးသို႔ ေရာက္လာပါသည္။ မလာခင္ကတည္းကပင္

" ကို ေရ ဗထူးလိုက္ခဲ့မယ္၊ ဟိုေရာက္ရင္ေတာ့ ဂ်ီအီး၀င္းထဲမွာ အိမ္အလြတ္ကေလးေတြ ရွိတယ္၊ အဲဒါ ဂ်ီအီးတပ္မႉးကို ႀကိဳေျပာထားေပါ့၊ တပ္နယ္ေစ်းနဲ႔လဲ ကပ္ေနေတာ့ မေတို႔ ေဘာ္ဒါေတြခ်ည္းပဲ၊ အဆင္ေျပတာေပါ့၊ က်ပ္ကုန္းကေတာ့ ေ၀းတယ္ ကိုရဲ႕ "

ဇနီးေခ်ာ မေက ဖုန္းဆက္သည္။

ဗထူးတပ္နယ္တြင္ သုံးႏွစ္ေနသြားသူမို႔ မေက တပ္နယ္အေၾကာင္း နံ႔နံ႔စပ္စပ္ သိထား၏။ တပ္နယ္ေစ်းတြင္လည္း မိတ္ေဆြေပါ၏။ ကိုတင္ေအာင္၊ မတင္အုံးမွသည္ ဆရာဘိုေန အထိ သူမ မသိသူမရွိ။ ေရထမ္းသည့္ ေဒၚေသာင္းေအးအထိ သိ၏။ ထို႔ေၾကာင့္ ဂ်ီအီးတပ္မႉးႏွင့္ ညိႇကာ လြတ္ေနသည့္ တပ္ၾကပ္ႀကီးအိမ္ကေလးတစ္လုံးေတာင္းလိုက္၏။ ဂ်ီအီးတပ္မႉး ဦးထြန္းၾကည္က မိတ္ေဟာင္း ေဆြေဟာင္းမို႔ ေရွာေရွာရႉရႉ ခြင့္ျပဳလိုက္ပါသည္။ ေက်းဇူးတင္ရပါ၏။ ဂ်ီအီး၀င္းတြင္ ေနရသည္မို႔ သြားေရးလာေရး အဆင္ေျပ၏။ ဂ်ီအီး၀င္း ထဲမွ ထြက္လိုက္ပင္လွ်င္ ဥစတ ေက်ာင္း၀င္းအတြင္း တန္းေရာက္သြား၏။ တိုက္ သုံးေလးငါးရာသာေ၀း၍ အဆင္ေျပလွ၏။ က်ပ္ကုန္းကေတာ့ သိပ္မေခ်ာင္ပါ။ က်ပ္ကုန္းဆိုသည္မွာ ကသက ေခၚ တပ္ၾကပ္သင္တန္းေက်ာင္းအနီးရွိ ကုန္းႀကီးကို ေခၚ၏။ ထိုကုန္းႀကီးေပၚတြင္ တပ္နယ္မွအိမ္မ်ား အမ်ားအျပားရွိ၏။ ကသက၊ တခရ၊ ဥစတစသည့္ ေက်ာင္းမ်ားမွ အရာရွိမ်ားစုၿပီး ေနၾကသည္။ ကုန္းျမင့္ဘျဖင့္ မၾကာခဏ

www.burmeseclassic.com



ရေပြတ်၏။ မီးပြတ်၏။ ရေပြတ်၊ မီးပြတ်၊ ရေကျပ်၊ မီးကျပ် ဖြစ်သ… ထိုကုန်းကို ကျပ်ကုန်းဟု အမည်သညာ ပေးထားကြသည်။

ကျွန်တော်သည်လည်း ၁၉၇၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ ဘုရားကျောင်းသို့ ပြောင်းရကာ ထိုကျပ်ကုန်းတွင် လေးငါးခြောက်လနေခဲ့ရ၍ ကျပ်ကုန်း၏အရသာ ကောင်းကောင်းကြီး သိသည်။ ထို့ကြောင့် မပြောသည့်အတိုင်း ဂျီး… နေလိုက်သည်။ ဂျီအီးဆိုတော့လည်း သိတဲ့အတိုင်းပေါ့ ခင်… ရေမီးအပြည့်အစုံဖြင့် အလွန်ကောင်းပါ၏။ ထိုစဉ်က ဝန်ထောက်… ဦးထွန်းကြည်အား ကျေးဇူးတင်လှ၏။ မနေ့တစ်နေ့ကပင် ဦးထွန်းကြ… ပင်စင်ယူပြီး မြို့တော်ခန်းမရှိ ကျွန်တော်နှင့် လာတွေ့၍ တတ်နိုင်… ကူညီလိုက်ရပါသေးသည်။ အပြန်အလှန်ပေါ့ ခင်ဗျာ။

ကဲ၊ ဒီကိစ္စခဏထားပြီး မိန်းမခေါ်သည့်ကိစ္စလေး ဆက်ပါဦးမည်…

မေ ရောက်လာတော့ ကျွန်တော်သည် ညနေတန်းဖြုတ်… ရေမိုးချိုးပြီး ဂျီအီးသို့ ပြန်၏။ မေ မရောက်မီကတော့ ကျွန်တော်… ကိုမြင့်ဇော်၊ ကိုတင်အောင်နိုင်တို့သုံးယောက်သည် ညနေတိုင်း အာ… ပုလင်းလေးဖွင့်၍ ဝေဖန်ရေး၊ လေကန်ရေးများ လုပ်လေ့ရှိ၏။ ယခုတော့ ကိုညနေတိုင်း၌ ကျွန်တော်တစ်ယောက် လျှော့သွားသည်။ ထိုအခါ… အနောက်သန်သည့် ကိုတင်အောင်နိုင်က

" အင်း၊ တစ်ယောက်တည်း မနေတတ်တဲ့ ရောဂါရှိတဲ့ကော… ကြောင့် တို့တော့ တစ်အိမ် လျှော့သွားပြီ "ဟု မှတ်ချက်ပြုပါတော့သည်…

တစ်ယောက်တည်း မနေတတ်တဲ့ ရောဂါကတော့ ကျွန်တော… တစ်ဦးတည်း မကပါ။ အိမ်ထောင်သည်ယောကျ်ား တော်တော်များများ… တွင် ဖြစ်တတ်သော ရောဂါဖြစ်၏။ ထိုရောဂါသည် ဝန်ထမ်းများတွင် ပို… အဖြစ်များ၏။ စစ်သားဆို ပိုဆိုးတတ်၏။ တကယ်ဆိုတော့ ကမ္ဘာဦး… မောင်အာဒံ ပေါ်လာပြီးနောက် မောင်အာဒံ တစ်ယောက်တည်း မ… တတ်ရှာ၍ ဘုရားသခင်က မဧဝကို ဖန်ဆင်းပေးလိုက်ရတာ မဟု… ပါလား ခင်ဗျာ။

ဟောပြော ပို့ချမှုများ

ကျွန်တော်သည် [illegible] သန်သန်ဖြင့် ဟောသာ…ပြောတာကို ပါယနာပါ၏။ အခြေအနေပေး…



…သလို ကျပန်း စကားပြောပွဲများတွင် ဝင်ပြောလေ့ရှိ၏။ ဝါသနာ …ယ်လည်း မပြောတတ်၊ မဟောတတ်၍ အဟားခံခဲ့ရ၏။ စကား …ပြောလျှင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လေကို …ဟောကျ၍ "ဟုတ်လား၊ ဟုတ်လား" ဟု ထည့်ထည့်ပြောတတ်၏။

တက္ကသိုလ်ကျောင်းသားဘဝ ရန်ကုန်ကန်တော်လေး (၁၀၁)လမ်း …တွင်နေခဲ့စဉ်က ထိုလမ်းမှပြုလုပ်သည့် ကျပန်းစကားပြောပွဲတွင် တက်ပြီး …ကားပြောရာ ပရိသတ်လည်း အလွန်များ၍ "ဟုတ်လား" ပေါင်းများစွာ …ကျွံပြောလိုက်မိ၏။ ခေါင်းစဉ်က တစ်ခြား၊ ပြောတာက တစ်ခြား …ရိသတ်များက ရယ်ကြ၏။ နောက်ဆုံးတော့ ခွတီးခွကျဖြင့် စင်ပေါ်မှ …င်းခဲ့ရသည်။ နောက်နေ့မှစ၍ ထိုလမ်းထဲက ကုလားမ ကလေးများက …ကျွန်တော့်ကို မြင်တိုင်း "ဟုတ်လား၊ ဟုတ်လား"ဟု လှမ်းအော်ကြသည်။ …ကောင်မလေးတွေဆိုတော့ စိတ်ဆိုးရ ခပ် ခက်ခက်ပေါ့ ခင်ဗျာ။

တပ်သို့ရောက်တော့ အပြောအဟောကောင်းအောင် ကြိုးစား …လေ့ကျင့်ခဲ့၏။ တက္ကသိုလ်တွင် နိုင်ငံရေးသိပ္ပံ Political Science …ဘာသာရပ်လည်း ယူခဲ့သည်မို့ တပ်တွင်း ပညာပေးသင်တန်းများ၌ …တော်ပင် ဟောတတ်ပြောတတ်လာ၏။ ကျောင်းဆရာလည်း လုပ်လိုက် …သည့်အခါ ကျွန်တော် အလွန်သဘောကျသည့် ကြာနီကန် ဆရာတော်လို " ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်၊ ညိုတိုတိုရယ် " ဟူသော မြိုင်ထမျိုး …ကလေး ဖြစ်တတ်လာ၏။ ထိုအလေ့အကျင့် ကြောင့် ယခုသင်တန်းတွင် …ပည့်သည့် စင်ဒီကိတ် Syndicate အဖွဲ့ငယ်ကိုတဲ ကျွန်တော် ပါပါ၊ …ဟောဖို့ ပြောဖို့ အရွေးခံရ၏။

" ကဲ၊ ဟောတာ ပြောတာကတော့ ရဲဘော်အောင်ဝင်းပဲ လုပ်ပါ …လိမ့်မယ် "

ကျွန်တော့်သူငယ်ချင်းများက လူထုအောင်သံ ဇာတ်ကားထဲက …ဗိုလ်တောက်ထွန်းလေးနှင့်ပြောကာ ကျွန်တော့်ကို ဟောဖို့ ပြောဖို့ တာဝန် …ပေးကြ၏။

ထို့ကြောင့် ထိုသင်တန်းတွင် ကျွန်တော်သည် အဟောအပြော …နှင့် အရေးအချွတ်၌ အတော်နာမည်ရ၏။ အထူးသဖြင့် အဟောအပြော …မှ ဂိုရ်၍ နာမည်ရသည်။ သင်တန်း (၁၃)ပတ်မြောက်၌ ကျွန်တော်သည်

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့ကြီး (၂)ဖွဲ့ ခွဲထားသည့်အနက် လူ (၂၀)တစ်ဖွဲ့လုံး ကိုယ်စားပြုသည့် ဟောပြောမှုကြီးတစ်ခုကို ပြုလုပ်ရလေသည်။

ထိုနေ့ကား ၁၉၈၆ ခုနှစ်၊ ဩဂုတ်လ (၁၅)ရက်နေ့ ဖြစ်သ မနက်ပိုင်းတွင် ဟောပြောမှုပြုလုပ်ပြီး နေ့လည်ပိုင်းတွင် သင်တန်း အားလုံး Mid - Term ခေါ် သင်တန်း တစ်ဝက်ကျ၍ အနားပြန်ကြ ဖြစ်သည်။ အနားမပြန်မီ ထိုဟောပြောပွဲအား တစ်ဖွဲ့လျှင် တစ်ယော တစ်ယောက်လျှင် အချိန် (၂)ချိန်၊ တစ်နာရီခွဲစီ ဟောပြောခွင့်ရ ဖြစ်၏။


ကျွန်တော်ဟောပြောရမည့် ဘာသာရပ်မှာ တရုတ်တပ်နီတော် ခရီးရှည် ထိုးဖောက်ချီတက်ခြင်းနှင့် သက်ဆိုင်သော ဘာသာရပ် ဖြစ်ပါ၏။

ထိုစဉ်က ကျွန်တော်တို့နိုင်ငံတွင် ဗကပများ ထကြွသောင်းကျ နေဆဲဖြစ်၍ နိုင်ငံခေါင်းဆောင်များက ဗကပများကြီးစိုးသည့် အ ဒေသများတစ်ဝိုက်ကို သွားရောက်လေ့လာပြီးနောက် အောက်ပါအတို မှတ်ချက်ပြုခဲ့ကြသည်။

ဗကပသည် မိမိတို့နိုင်ငံတွင် အမြင့်ဆုံး ဦးတည်ရန် ဖြစ်ပြီး အခြေခံသဘောတရားနှင့် နိုင်ငံရေး အယူအဆရော၊ မဟာဗျူဟာ၊ စစ်နည်းဗျူဟာအရပါ ခံယူချက်အရှိဆုံး၊ သတ်တ အရှည်ဆုံး ရန်သူဖြစ်၍ ယင်းဗကပတို့၏သောင်းကျန်းမှုတို့ အပြ ဖြတ် ချေမှုန်းရေးမှာ အဓိကပင် ဖြစ်သည်။

ထို့ပြင် ဗကပတို့နှင့်ပတ်သက်ပြီး နိုင်ငံ့ခေါင်းဆောင်များ အောက်ပါအတိုင်းလည်း ဆွေးနွေးပြောကြားကြ၏။

" အခု ဗကပရဲ့ ဘိုက်နည်းဟာ တရုတ်တို့ရဲ့ Long Marc tactics သဘောမျိုး ခရီးဝေးချီတက် တိုက်ခိုက်နည်းဖြစ်တယ်၊ ခရီး ချီတက်ပြီး နိုင်မယ်ထင်တဲ့စခန်းငယ်များကို တိုက်ခိုက်သိမ်းပိုက်မ နိုင်ပုံမပေါ်ရင် ရှောင်ကွင်းသွားပြီး သူတို့ရဲ့အမာခံတွေကို ခရီးတ လျှောက် ချသွားတာမျိုးဖြစ်တယ်၊ ဒီနည်းလမ်းကို ကိုယ်က နားလ သိရှိထားပြီး လုပ်တတ်ကိုင်တတ်ဖို့ လိုတယ်၊ တောထဲ လျှောက်သွား တဲ့ ဆင်ရိုင်းကို ကိုယ်က နောက်က လိုက်တာမျိုးမို့ မလိုက်တ




ဗကပ များ အရှေ့မြောက် နယ်စပ်ဒေသ တွင် အခြေပြု လှုပ်ရှားခဲ့စဉ်က အခြေပြု မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ပိတ်တတ်ရင် ကိုယ်ခံရမှာ ဖြစ်တယ်၊ ထိုးဖောက် ဝင်ရောက် လာတဲ့ သူကို ကိုယ်က အချက်အချာကျတဲ့ နေရာကနေပြီး ချက်ကောင်းကို ပိုင်တိုက်နိုင်တဲ့ နည်းလမ်းမျိုးကို သုံးရမယ် ”

“ တပ်ထဲမှာ လေ့ကျင့်ခန်းတွေလုပ်ပြီး ဒါကိုဆွေးနွေးကြပါ၊ ဒါ့ပြင် စစ်ကျောင်းကြီးတွေမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး အဆင့်လိုက် သင်ကြားပို့ချခြင်း၊ တန်ပြန်ချေမှုန်းရေးနည်းနာများ၊ စူးစမ်းရှာဖွေလေ့လာခြင်းတွေကို ပြုလုပ်ကြပါ ”

“ အရင်ကပြောဖူးတဲ့အတိုင်း ရန်သူဟာ စပါးပေါ်ချိန်ကာလတွေမှာ ကိုယ့်အတွင်းပိုင်းကို ထိုးဖောက်ဝင်ရောက်လာမယ်၊ ဒါကို ကိုယ်က အပိုင်တိုက်ပစ်ရမယ်၊ ဗကပဟာ တရုတ် ကွန်မြူနစ်တွေရဲ့ စစ်နည်းဟာဖြစ်တဲ့ Long March tactics ကို ပုံတူကူးပြီး အသုံးပြုခြင်းဖြစ်တယ်၊ ဒီနည်းကို တရုတ်နီကထုတ်တဲ့ ပီကင်းရီဗြူးဂျာနယ်စာအုပ်ထဲမှာ ရေးသားထားတယ်၊ ရှာဖွေလေ့လာကြပါ ”

အထက်ပါအတိုင်း လူကြီးများ၏ လမ်းညွှန်ချက်များနှင့်အညီ ဗကပ ၏ တရုတ်တပ်နီ ခရီးရှည် ချီတက်တိုက်ခိုက်ခြင်းကို အတုယူကာ ကောင်ရွက်လာသည်များကို တန်ပြန်လုပ်နည်းများဖြင့် ချေမှုန်းရေးသား ဆွေးနွေးသွားရန် ဖြစ်၏။

**တူကူးသမား ဗမာကွန်မြူနစ်များ**

ထိုနေ့က ကျွန်တော်သည် အထက်ဖော်ပြပါ ခေါင်းစဉ်အတိုင်း မိုနစ်ချိန်ခွဲ၍ ဆွေးနွေးခဲ့၏။ အားလုံးကလည်း ဆွေးနွေးပွဲအပြီးတွင် ရိုးထွက်ကြမည်ဖြစ်၍ လွတ်လပ် ပေါ့ပါးနေကြ၏။ စင်ပေါ်တက်၍ ယ်သူဘာပြောပြော အားပေးဘို့ အသင့်ဖြစ်နေကြ၏။ ကျွန်တော်ကလည်း ပရိသတ်ကို ကြည့်၍ သဘောပေါက်စွာဖြင့် -

“ ကနေ့ ကျွန်တော်တင်ပြမယ့် ဘာသာရပ်ကတော့ တရုတ်တပ်နီတွေရဲ့ ခရီးရှည် ထိုးဖောက် ချီတက်ကြပုံနဲ့ ဒါကို ပုံတူကူးကြတဲ့ ကပတွေအကြောင်း၊ ကျွန်တော်တို့ တပ်မတော်က သူတို့ကို ဘယ်လို န်ပြန်မလဲဆိုတဲ့ အဖြေကိုရှာတဲ့ နည်းနာအသစ်တွေဖော်ထုတ်တဲ့ ွေးနွေးပွဲပဲ ဖြစ်ပါတယ် ”

www.burmeseclassic.com

www.burmeseclassic.com



" အရာရှိကြီးများအားလုံးလဲ ဒါပြီးရင် အိမ်ကိုပြန်ဖို့ နောက် ပြန်ထောဖို့ လုပ်နေတာဆိုတော့ ကျွန်တော် တိုရင်း လိုရှင်း၊ အဲ လို တိုရှင်းနဲ့ပဲ အကျဉ်းချုပ် တင်ပြသွားပါ့မယ် ခင်ဗျာ "

ဟု ဟာသဖြင့် အစချီလိုက်ရာ ပရိသတ်က တဖြောင်းဖြောင်း လက်ခုပ်တီးကာ ဩဘာပေးကြကာ "တိုတာ ကြိုက်တယ်ဟေ့" အော်ကြသည်။ နည်းပြများကလည်း ဒီနေ့ကို တော့ သင်တန်းသားများ ပြောချင်တာ ပြောကြပါစေဟု ဘေးမဲ့ပေးကာ ခွင့်လွှတ်ထားသည်။

အထက်ပါအတိုင်း နိဒါန်းပျိုး၍ ကျွန်တော်က အောက်ပါအတိုင်း အဆင့်ဆင့် ဆွေးနွေး တင်ပြပါတော့သည်။

### တရုတ်ကွန်မြူနစ်ပါတီ သမိုင်းအကျဉ်း

" ဦးစွာ ပထမ တရုတ်ကွန်မြူနစ်ပါတီသမိုင်းကို တင်ပြပါမယ် တရုတ်ကွန်မြူနစ်ပါတီကို ၁၉၂၁ ခုနှစ်မှာ ဟူနန်ပြည်နယ်မယ်၊ စ ဖွဲ့စည်းခဲ့ပါတယ်၊ ခေါင်းဆောင်တွေကတော့ လီလီဆန်၊ မော်စီတုံး ချူအင်လိုင်းနှင့် ရှမ်ချင်ယူတို့ပဲ ဖြစ်ပါတယ်၊ အစပထမကတော့ လီလီ ရဲ့ ဩဇာသက်ရောက်မှုအရ မြို့ကို အခြေခံပြီး ဖွဲ့ခဲ့တယ်၊ ဒါပေမယ့် ၁၉၂၇ ခုနှစ်က ဟူနန်ပြည်နယ် တောင်သူလယ်သမားများရဲ့ လှုပ်ရှား ကို အာဏာရ ချန်ကေရှိတ်အစိုးရက အင်အားသုံးပြီး နှိမ်နင်းခဲ့တ ဟူနန်ပြည်နယ်မှာ လယ်သမားများ၊ အလုပ်သမားများ သေကြတာ အဲဒီအရေးအခင်းကြောင့် တရုတ်ကွန်မြူနစ်များ မြို့က တောကို ရွှေ့ တယ်၊ ဒီနောက် ဟူနန်ပြည်နယ်မှာပဲ အခြေခံနယ်မြေများနဲ့ ဆိုဗီယက် အစိုးရကိုတည်ထောင်ပြီးတော့ ဒေသခံများကို အမာခံထားကာ လက် တပ်ဆင်ခဲ့တယ်၊ တရုတ်တပ်နီကို စတင် တည်ထောင်တယ်၊ ဒီနောက် တရုတ်တပ်နီက ချန်ကေရှိတ်ရဲ့ ကူမင်တန် တပ်များနဲ့ တိုက်ခိုက်ခဲ့တ တိုက်ရင်းနဲ့ တဖြည်းဖြည်း အင်အားကြီးလာတယ်၊ ချန်ကေရှိတ် နန်ကင်းအစိုးရကို ဖွဲ့စည်းတယ်၊ ကွန်မြူနစ်များကို နှိမ်နင်းတယ်၊ တရုတ် တပ်နီဟာ တရုတ်ပြည် အနောက်မြောက်ပိုင်းနယ်မြေကို လုံးဝ သိမ်း နိုင်လိုက်တယ်၊ အဲဒီအခါမှာ ချန်ကေရှိတ်ဟာ တပ်နီတော်ကို မ ဒါပြ တိတိ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့တယ်၊ ပဥ္စမအကြိမ်အဖြစ် ၁၉၃၃ ခုနှစ် အောက်တိုဘာလမှာ နန်ကင်းအစိုးရက တပ်သား (၉)သိန်းနဲ့ ဝိုင်း



ပိတ်ဆို့ခဲ့တယ်၊ ဒီအခါမှာတော့ ကူမင်တန်တွေရဲ့ ဝိုင်းပတ်ပိတ်ဆို့မှုက အောင်မြင်တယ်၊ နှစ်နှစ်ကျော်အတွင်း တပ်နီဟာ လူနဲ့နယ်မြေတွေ အမြောက်အမြား ဆုံးရှုံးသွားတယ်၊ ဒီအခါမှာ ဆက်ပြီးတော့ အခိုင်အမာ စစ်တွေနဲ့ ခံနေလို့ရှိရင် တပ်နီတွေ တပ်လုံးကျွတ် ပြုတ်သွားမယ်၊ အဲဒါကြောင့် အခြေခံနယ်မြေတွေကိုစွန့်ခွါပြီး လွတ်မြောက်တဲ့ဒေသတွေ ကို ထွက်ခွါရမယ်လို့ တရုတ်ကွန်မြူနစ်ပါတီက ညွှန်ကြားခဲ့တယ်၊ အဲဒါ ဟာ တရုတ်တပ်နီတွေရဲ့ ခရီးရှည်ထိုးဖောက် ချီတက်ပွဲပါပဲ "

### တရုတ်တပ်နီ ခရီးရှည် ထိုးဖောက်ချီတက်မှု

" ခရီးရှည်ချီတက်ပွဲဆိုတာ တကယ်တော့ ချန်ကေရှိတ်ရဲ့ ဝိုင်းပတ်ပိတ်ဆို့မှုကို ရှောင်တိမ်းတဲ့ချီတက်မှုပါ၊ ၁၉၃၆ ခုနှစ် အောက်တို ဘာလက တရုတ်တပ်နီဟာ လက်ရှိနေရာကနေ တရုတ်ပြည် အနောက် မြောက်ပိုင်းကို ထွက်ခွါခဲ့ရတယ်၊ လက်ရှိနေရာ ကိန်းစီးမှာ အင်အား (၉)သောင်းကျော်ပါဝင်တဲ့ တရုတ်တပ်နီများဟာ မိုင် ခြောက်ထောင် ခရီးကို နှစ်နှစ်လောက် ခြေလျင်ချီတက်သွားကြတယ်၊ ရန်သူခံတပ်များကို ဖောက်ထွင်းပြီး တပ်နီဟာ အန္တရာယ်ကြီးတဲ့ မြို့တွေ၊ မြင့်မားတဲ့ တောင်တန်းတွေ၊ လူသူ မရှိတဲ့ မြက်ခင်းပြင်ကြီးတွေကို ကျော်ဖြတ်ပြီး ကွမ်တုံ၊ ဟူနန်၊ ကွမ်စီ၊ ကွေချောင်း၊ ယူနန်၊ စီကွမ်း၊ ရှက်ချွန်း၊ ကန်စုနဲ့ ရှန်စီပြည်နယ်များကို ရောက်ခဲ့ကြတယ်၊ ချန်ကေရှိတ်ရဲ့ နန်ကင်းအစိုးရက အဆက်မပြတ် လိုက်လံပိတ်ဆို့ တိုက်ခိုက်ခဲ့တယ် "

" ဒါပေမယ့် တပ်နီတို့ကို မတားဆီးနိုင်ခဲ့ဘူး၊ တရုတ်ကွန်မြူနစ် တို့ဟာ တောကိုအခြေခံ၊ မြို့ကိုဝိုင်းတဲ့ ပေါ်လစီကို ချမှတ်ကာ တဖြည်း ဖြည်း အင်အားတည်ဆောက်ပြီး ချန်ကေရှိတ်ကို ပြန်လည် တိုက်ခိုက်ခဲ့ တယ်၊ ၁၉၄၉ ခုနှစ်ရောက်တော့ တစ်နိုင်ငံလုံးကို အောင်နိုင်ပြီး တရုတ် ကွန်မြူနစ်အစိုးရကို ဖွဲ့စည်းနိုင်ခဲ့တယ်၊ တောကို အခြေခံတဲ့ တရုတ် ကွန်မြူနစ်တွေရဲ့ သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်များမှာ ကြွေးကြော်သံ တွေ ရှိတယ်၊ အဲဒါတွေကတော့

" **ရန်သူတွေ ရှေ့တိုးလာရင် တို့တစ်တွေ နောက်ဆုတ် ပေးမယ်၊ ရန်သူတွေ ချီတက်မှု ရပ်တန့်သွားပြီး စခန်းချမယ်ဆိုရင် တို့တစ်တွေ ရန်သူကို ဒုက္ခပေးမယ်၊ ရန်သူတွေ တိုက်ပွဲတွေနဲ့**

www.burmeseclassic.com

www.burmeseclassic.com



မတွေ့အောင် ရှောင်မယ်ဆိုရင် တို့တစ်တွေ ရန်သူတွေကို မတွေ့ တွေ့အောင် အပြီးလိုက် တိုက်မယ်၊ ရန်သူတွေ ဆုတ်ခွါရင် တို့က သူတို့နောက်ကို လိုက်တိုက်မယ် ”

“ နည်းပရိယာယ်များ အနေနဲ့ ပြောက်ကျားစစ် နဲ့ လျှပ်ရှား စစ် လို့ ခွဲထားပါတယ် ”

ပြောက်ကျားစစ်မှာ

“ ရှုံးမယ်ထင် မတိုက်နဲ့၊ နိုင်ဖို့ သေချာမှ တိုက်၊
ကြိုတင် ပြင်ဆင်မှုမပြည့်ဝဘဲ မတိုက်နဲ့၊
တိုက်ပွဲတိုင်း အလစ်အငိုက်ရအောင် တိုက်၊
ရန်သူကို အမျိုးမျိုး လှည့်စား ကလိမ်ကျ၊
ရန်သူ့ဒေါက်တိုင်များကို သုတ်သင်၊
အင်အားကြီးကို ရှောင်၊ အင်အားနည်းကို ရွေးတိုက်၊
အမာရှောင် ၊ အမွ တိုက်၊
သာလွန်တဲ့ အင်အားနဲ့ စုစည်းပြီး တိုက်၊
နိုင်ပုံမပေါ်လျှင် ချက်ချင်းဆုတ်၊
လျှို့ဝှက်မှု ရှိပါစေ၊
သတင်းတိကျမှုရှိအောင် ထောက်လှမ်း။ ”

လျှပ်ရှားစစ်မှာ

“ ပထမ ပြန့်ကျဲနေတဲ့ရန်သူကို တိုက်၊ ဒုတိယ အင်အား ကြီး ရန်သူကို တိုက်၊

ပထမ ရွာနဲ့ မြို့ငယ်တွေကို သိမ်း၊ ဒုတိယ မြို့ကြီးများကို သိမ်း၊

မြေသိမ်းဖို့ အဓိက မဟုတ်၊ တပ်ချေမှုန်းရေးကိုသာ အဓိက ထား၊

တိုက်ပွဲတိုင်း ရန်သူ့ထက် သာလွန်အင်အားစုစည်းပြီး ဝိုင်းပတ် ချေမှုန်း၊

ပြင်ဆင်မှုမရှိဘဲ အောင်မြင်ဖို့ မသေချာဘဲ မတိုက်နဲ့၊

တိုက်ပွဲတိုင်း ရဲရင့်စွန့်စားစွာ တိုက်၊ မနားတမ်း ဆက် တိုက်၊



ရန်သူ့ခြေအကြွကို ချေမှုန်းဖို့ ကြိုးစား၊

တစ်ချိန်တည်းမှာ အချက်အချာနေရာနဲ့ မြို့ကြီးတွေကို တိုက်၊

ပထမ တော်ရုံတန်ရုံ ကာကွယ်ထားတဲ့မြို့ကို တိုက်၊
ဒုတိယအခိုင်အမာကာကွယ်ထားတဲ့ မြို့ကို တိုက်၊
ရန်သူ့လက်နက်နဲ့ကိုယ့်အင်အားကို ဖြည့်တင်း၊
တိုက်ပွဲတစ်ခုနဲ့ တစ်ခုကြား အနားယူ စုစည်းလေ့ကျင့်၊
အနားယူချိန် သိပ်မကြာစေနဲ့။ ”

“အဲဒါတွေကတော့ တရုတ်တပ်နီရဲ့ မဟာဗျူဟာနည်းဗျူဟာထဲ က အရေးကြီးတဲ့အချက်တွေပါပဲ၊ ဒါတွေကို မော်စီတုန်းရဲ့ စစ်ရေး စာစောင် (၆)စောင်တွဲထဲက သေနင်္ဂဗျူဟာနဲ့ နည်းပရိယာယ်ဆိုတဲ့ အပိုဒ်မှာ တွေ့နိုင်ပါတယ် ”

“ တရုတ်တပ်နီဟာ အခြေခံကျတဲ့ တောနေ တောင်သူ လယ် သမားများကို စည်းရုံးသိမ်းသွင်းပြီး သူ့တပ်ကို အင်အားကြီးအောင် လုပ်ခဲ့ ပါတယ်၊ လယ်သမားတွေနဲ့ ဆက်ဆံတဲ့အခါမှာ အရေးကြီးတဲ့ စည်းကမ်း ချက် (၈)ချက် သတ်မှတ်ခဲ့ပါတယ်၊ အဲဒါတွေကတော့

“ အိမ်တစ်အိမ်က ထွက်ခွါတော့မယ်ဆိုရင် တံခါးတွေကို အစားထိုးခဲ့ပါ၊

သင်တို့အိပ်ဖို့ အသုံးပြုခဲ့တဲ့ကောက်ရိုးများကို နေရာ တကျ ပြန်ထားခဲ့ပါ၊

လူထုအပေါ် ယဉ်ကျေးပါ၊ သိမ်မွေ့ပါ၊ သင်တတ်နိုင်သမျှ ကူညီပါ၊

ချေးငှားထားသမျှ ပစ္စည်းများကို ပြန်ပေးပါ၊

ပျက်စီးသမျှ ပစ္စည်းများနေရာတွင် အစားထိုးပေးခဲ့ပါ၊

တောင်သူလယ်သမားများနဲ့ ပြုလုပ်ဆောင်ရွက်ရတဲ့ ကိစ္စ တိုင်းမှာ သစ္စာရှိပါ၊

ယ်သမျှ ပစ္စည်းတွေအတွက် တန်ရာတန်ဖိုးပေးပါ၊

ကျန်းမာ သန့်ရှင်းပါ၊ အထူးသဖြင့် လူနေအိမ်များနဲ့ ဝေးတဲ့ နေရာများမှာသာ အိမ်သာကို တည်ဆောက်ပါ ယသဖြင့် ဖြစ်တယ် ”

www.burmeseclassic.com

www.burmeseclassic.com



ဒါ့အပြင် သူ့တပ်ကိုလည်း တင်းကျပ်တဲ့ စည်းကမ်းချက်များ ချမှတ်ခဲ့တယ်

" အမိန့်များကို နာခံရမည်၊ ဆင်းရဲသား တောင်သူလယ်သမားတွေဆီက မည်သည့်ပစ္စည်းမျှ မသိမ်းယူရ၊ အစိုးရနှင့် တိုက်ရိုက် ဆက်သွယ်မှု တိုးတက်လုပ်ရန် "

" ဒါတွေကို အလွန်အားကျတဲ့ ဗမာကွန်မြူနစ်တွေဟာ တရုတ်တို့ရဲ့နည်းနာတွေကို တစ်လုံးမကျန် ပုံတူကူးယူတယ်၊ ဒီနေရာမှာ ဗကပလို့ခေါ်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ အခြေအနေကို နည်းနည်း တင်ပြလိုပါတယ် "

## ဗမာပြည်ကွန်မြူနစ်ပါတီ၏ နောက်ခံသမိုင်း

" ဗမာပြည် ကွန်မြူနစ်ပါတီဟာ ၁၉၄၉ ခုနှစ်မှာ ဖဆပလ အစိုးရနဲ့ နိုင်ငံရေးအယူအဆများ ကွဲလွဲပြီးနောက် သခင်သန်းထွန်း ခေါင်းဆောင်ကာ လက်နက်ကိုင် တောခိုသွားခဲ့ပါတယ်၊ အဲဒီကမှ ဗသိန်းတင်၊ ဗိုလ်ဇေယျတို့ ခေါင်းဆောင်တဲ့အင်အားစုအချို့ဟာ ၁၉၅၃ ခုနှစ်မှာ တရုတ်ပြည်သို့ ခိုဝင်ကာ အဝေးရောက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အဖြစ် တည်ထောင်ခဲ့ကြပါတယ် "

## ဗမာပြည်ကွန်မြူနစ်ပါတီ၏ အဝေးရောက် ဗဟိုကော်မတီ

" ဗမာပြည်ကွန်မြူနစ်ပါတီဟာ တပ်မတော်၏ထိုးစစ်ကြောင့် ပြည်တွင်းမယ် အခြေအနေ ကျဆင်းလျက်ရှိကာ နောက်ဆုံး သခင်သန်းထွန်း၊ သခင်ဇင်၊ သခင်ချစ်စတဲ့ ပြည်တွင်းခေါင်းဆောင်များ ကျဆုံးပြီး ပြည်တွင်း ဗမာပြည်ကွန်မြူနစ်ပါတီလဲ ဇီဝိန်ချုပ်ငြိမ်းခဲ့ပါတယ်။ ဒါပေမယ့် ဗသိန်းတင်ခေါင်းဆောင်တဲ့ အဝေးရောက် ဗဟိုကော်မတီကတော့ တစ်ဘက်နိုင်ငံမှာ အသက်ရှင်လျက် ရှိနေပါသေးတယ် "

## အဝေးရောက် ဗမာပြည်ကွန်မြူနစ်များ စတင် ဝင်ရောက်လာခြင်း

" ဗမာပြည်ကွန်မြူနစ်ပါတီဟာ တရုတ်ကွန်မြူနစ်ပါတီ ခေါင်းဆောင် ပေါ်စီတုန်းရဲ့ ဝါဒကို အကြွင်းမဲ့ ယုံကြည်ကြတယ်၊ ကျေးလက်...ခြခံ မြို့ကိုသိမ်းပိုက်ပြီး တစ်ပြည်လုံးသိမ်းဆိုတဲ့ ဆောင်ပုဒ်အရ ...ရှည်စစ်ကို မျှော်မှန်း၊ ပြောက်ကျားစစ်ကို အခြေခံ၊ နယ်စပ်ဒေသရှိ ...ိုင်းငြင်းသားလူမျိုး ပေါင်းစုံကို စည်းရုံးလက်နက် တပ်ဆင်၊ လွတ်မြောက်...သာ နယ်မြေထူထောင်ဆိုတဲ့ မဟာဗျူဟာ ရည်မှန်းချက်နဲ့အညီ ပြည်...ထောင်စုမြန်မာနိုင်ငံတော်အတွင်း အာဏာနီ တည်ထောင်ရန်၊ ပြည်မမှာ ...ကွဲလျက်ရှိတဲ့ ဗဟိုကော်မတီ ပြန်လည် ရှင်သန်ရန်နဲ့၊ ရှမ်းပြည်နယ် ...တောင်တန်းဒေသကို သိမ်းပိုက်အခြေပြုပြီး စင်ပြိုင်အစိုးရ ထူထောင်ဖို့ ...ည်ရွယ်ချက်နဲ့ ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှာ နော်ဆိုင်း ...ခေါင်းဆောင်တဲ့ ဗမာပြည်ကွန်မြူနစ်ပါတီလို့ အမည်ခံထားတဲ့ တပ်များ ...ဟာ အမှတ် (၄၅) ခြေလျင်တပ်ရင်းရဲ့ နယ်စပ်ဒေသရှိ မိုးကို၊ ဖေါင်းဆိုင် ...ခန်းများအား ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ် "

## ...ကပတို့၏ မဟာဗျူဟာနှင့် နည်းဗျူဟာဆိုသည်မှာ

" ဗကပမဟာဗျူဟာကတော့ တရုတ်လမ်းစဉ်အတိုင်း ကျေးလက်...ကို အခြေခံပြီး မြို့ကိုသိမ်းမယ်ဆိုတာပါပဲ၊ ရေရှည် ပြောက်ကျားစစ်အရ ...ပြအနေပေးရင် ပေးသလို ခရိုဒ္ဒည် ထိုးဖောက်ချိတက်ကာမျိုးလဲ ...ုပ်တယ် "

စစ်ကစားတဲ့နေရာမှာ

" ရန်တက် ငါဆုတ်
ရန်နား ငါလှုပ်
ရန်ဆုတ် ငါတိုက်
ရန်လှုပ် ငါနား
ရန်နား ငါတိုက်
အမာရှောင် အမွတိုက်
တို့မမိုက်နဲ့ " ဆိုတာတွေပဲ ဖြစ်ပါတယ်။

ဒါ့အပြင် စစ်နည်းဗျူဟာအနေနဲ့ကတော့ လေးမြန်တစ်နှေးနဲ့ ...ယုံခနစ်တွေ ကျင့်သုံးပါတယ်၊ လေးမြန်တစ်နှေးဆိုတာကတော့

" ချီတက်တာ မြန်ရမယ်၊
တိုက်ခိုက်တာ မြန်ရမယ်၊
ချေမှုန်းတာ မြန်ရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



အောင်မြေချဲ့တာ မြန်ရမယ် ”

“ဒါပေမယ့် တိုက်ကွက်ဖော်ဖို့ ဆုံးဖြတ်တဲ့နေရာမှာတော့ အမြဲ ယူထောက်လှမ်းပြီး ပြည့်စုံမှ ဆုံးဖြတ်ချက်ကို ဖြည်းဖြည်းပဲ ချရမယ် ”

“ဒါဟာ လေးမြန် တစ်နှေးပဲ ”

“ သုံးသုံးစနစ်ဆိုတာကတော့ သုံးဖွဲ့တစ်စိတ်၊ သုံးစိတ် တစ်စု၊ သုံးစု တစ်ခွဲ၊ သုံးခွဲ တစ်ရင်းဆိုပြီး လွယ်အောင် ဖွဲ့ထားတာ ကိုဆိုတယ်၊ တိုက်ပွဲကာလမှာ အင်အားကို သုံးစုခွဲပြီး မှန်တိုင်းခေါ် ခေါ် ချေမှုန်းရေးအဖွဲ့၊ ပိတ်ဆို့ဖြတ်တောက်ရေးအဖွဲ့၊ အရံအဖွဲ့ ဆိုပြီး သုံးဖွဲ့ ခွဲထားပါတယ် ”

“ ဒါ့အပြင် တစ်ဝက်နှစ်မျက်နှာဆိုတာ ရှိတယ်၊ ဒါက နယ်မြေ သို့မဟုတ် စခန်းကို တစ်ဝက်ထိန်းပြီး တစ်ဝက်ကို အပိုင် တိုက်တာ၊ စစ်မျက်နှာ နှစ်ခုဖွင့်ပြီး တစ်ဝက်ကို အပိုင်တိုက်တာ ဖြစ်တယ်၊ ဒါတွေဟာ သူတို့ရဲ့ အခြေခံ စစ်နည်းဗျူဟာတွေပါပဲ၊ ဒီနည်းတွေနဲ့ ဗကပတွေဟာ ၁၉၇၂ ခုနှစ် ကွမ်လုံ ရက်လေးဆယ်တိုက်ပွဲ၊ ၁၉၇၇ ခုနှစ် ခြူးရွှေ ပန်ကောက် တိုက်ပွဲ၊ ၁၉၇၈ ခုနှစ်နောင်လိုင် ပါ တိုက်ပွဲ၊ ၁၉၈၀ ခုနှစ် မိုင်းယောင်းတိုက်ပွဲ၊ စသည်တို့ပဲ ဖြစ်ပါတယ် ”

“ ဒါတွေဟာ ကျွန်တော် လက်လှမ်းမှီသလောက် တင်ပြလိုက်တာပါ၊ နောက်ဆုံးအနေနဲ့ ကျွန်တော်တင်ပြလိုတာကတော့ ခရီးရှည် ထိုးဖောက်လာတဲ့ ဗကပ တပ်ကို ချေမှုန်းမဲ့ စစ်နည်းဗျူဟာပဲ ဖြစ်ပါတယ် ”

× × × ×

**ခရီးရှည် ထိုးဖောက်ချီတက်လာသည့် ဗကပတို့အား တန်ပြန် ချေမှုန်းမည့် တပ်မတော်၏စစ်နည်းဗျူဟာများ**

“ ဗကပတွေဟာ တရုတ်နီတို့ရဲ့နည်းတူ ရေရှည်စစ်ဆင်နွှဲပြီး တောကို အခြေခံ မြို့ကိုသိမ်းဖို့ ရည်မှန်းခဲ့ကြတယ်၊ ဒီနည်းနဲ့ တရုတ်နီတို့ ၁၉၄၉ ခုနှစ်မှာ အာဏာရခဲ့ကြပါတယ်၊ အဲဒီတုန်းက တရုတ်တွေဟာ ဆင်းရဲပြီး စာမတတ်ကြလို့ ဘာမှမသိတဲ့အတွက် တရုတ်နီတို့ အာဏာရ ခဲ့ကြခြင်း ဖြစ်ပါတယ်၊ ယခုအခါမှာတော့ နိုင်ငံတိုင်း နိုင်ငံရေးအ



ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံတော်နဲ့ တပ်မတော်အပေါ် တိုးတက် ယုံကြည်မှုကလဲ ပိုမိုခိုင်မာလျက်ရှိပြီး အဲဒီ လို ယုံကြည်မှုခိုင်မာလာတာနဲ့အမျှ ဗကပတို့ရဲ့ ဝါဒရေးမှာ အလိုလို ပြိုကွဲရမည်သာ ဖြစ်ပါတယ် ”

“ တောနေ လူတန်းစားများကို အမြဲမပျက် စည်းရုံးသိမ်းသွင်းပြီး တပ်နဲ့အတူ ဟန်ချက်ညီအောင် ဆောင်ရွက်သွားသင့်ပါတယ် ”

“ လူမျိုးစုများနှင့်ပတ်သက်ပြီးတော့လဲ ကျွန်တော်တို့ရဲ့ မူဝါဒ သဘောတရားများကို ရှင်းလင်းပြကာ လူမျိုးစုကေဒါများကို ယခုထက် ပိုမိုမွေးမြူပေးသင့်ပါတယ်၊ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းလို ကျောင်းများ အများ အပြား ထူထောင်သင့်ပါတယ်၊ အဲဒီမှတစ်ဆင့် လူမျိုးစုအတွင်း တိုင်းရင်း သား စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာလာအောင် တည်ဆောက်သင့် ပါတယ်၊ ပြည်နယ်ဒေသများ အဖက်ဖက်က တိုးတက်လာသည်နှင့် အမျှ နယ်စပ်ဒေသ သောင်းကျန်းမှုများ အလိုလို ချုပ်ငြိမ်းရမည်သာ ဖြစ်ပါ တယ် ”

“ တရုတ်နီနဲ့ ဗကပတို့က ချမ်းသာတဲ့လယ်သမားတွေကို နှိပ်ကွပ်ခဲ့တယ်၊ မဟာမိတ်အဖြစ် သဘောမထားနိုင်ခဲ့ဘူး၊ ကျွန်တော်တို့ အနေနဲ့ကတော့ သူတို့ကို လိမ္မာပါးနပ်စွာစည်းရုံးပြီး တပ်မတော်နဲ့ လက်တွဲလာအောင်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဆက်လက် ဆောင်ရွက် ရင်း သူ့သြဇာလွှမ်းမိုးမှုမရှိအောင် ကျွန်တော်တို့ရဲ့စည်းရုံးမှုနယ်ပယ်မှာ သူတို့ကို အသုံးချသွားရပါမယ် ”

“ နိုင်ငံတကာဆက်ဆံရေးမှာလဲ ယခုအခါ နိုင်ငံကြီးများက နိုင်ငံငယ်များကို ထင်တိုင်း ပြုကျင့်လို့ မရတော့ပါဘူး၊ လူဦးရေများတိုင်း အနိုင်ကျင့်လို့ မရတော့ပါဘူး၊ လက်နက်အင်အား သာလွန်တိုင်း အနိုင် ကျင့်လို့ မရတော့ပါဘူး၊ ဒါ့ကြောင့် အင်အားကြီးအိမ်နီးချင်း နိုင်ငံများနဲ့ ချစ်ကြည်စွာ ပေါင်းသင်းရင်း တစ်ဖက်မှ သောင်းကျန်းသူများကို ပေးနေ တဲ့ အထောက်အပံ့များကို ဖြတ်တောက်စေရန်၊ သံတမန်နည်းအရ ဆောင်ရွက်ထိန်းချုပ်ထားသင့်ပါတယ်၊ ဒါဟာ မဟာဗျူဟာပါ ”

“ ဒါ့အပြင် နည်းဗျူဟာများအနေနဲ့လဲ ပြောလိုပါတယ်၊ နည်း ဗျူဟာများဆိုင်ရာမှာ

အဆင့်(၁)၊ ပြောက်ကျားစစ်ပွဲ ဆင်နွှဲတဲ့အပိုင်း ဖြစ်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com




မော်စီတုန်းက ပြောက်ကျားနဲ့ပြည်သူဆိုတာ ရေနဲ့ ငါးလိုပဲ၊ ပြည်သူရှိရင် ပြောက်ကျား ရှိမယ်၊ ရေရှိရင် ငါးရှိမယ်၊ ပြည်သူက ရေ ပြောက်ကျားက ငါးလို့ဆိုတယ်၊ ဒါဆိုရင် ကျွန်တော်တို့က ငါးရှိတဲ့ နေရာကို ရေမရှိအောင် လုပ်ရမယ်၊ ဒေသတွေကို ထိန်းချုပ်နိုင်အောင် လုပ်ရမယ်၊ ရေခပ်ထုတ်လိုက်ရင် ရေထဲကငါးဟာ အလိုလို သေမယ်၊ ဒီနည်းနဲ့ မလေးနဲ့ အင်ဒိုနီးရှားကွန်မြူနစ်တွေဟာ ချုပ်ငြိမ်းသွားခဲ့တာ ပါပဲ၊ ကျွန်တော်တို့ နိုင်ငံမှာ မြစ်ဝကျွန်းပေါ်နဲ့ ပဲခူးရိုးမတွေကို ဒီနည်းနဲ့ အောင်ပွဲခံခဲ့တယ်၊ ဒါ့အပြင် ရန်သူက သူစုလျှင် ကိုယ်ခွဲ၊ သူခွဲလျှင် ကိုယ်စုလို့ ဆိုတယ်၊ ဒါလဲ လွယ်ပါတယ်၊ သူစုရင် ကိုယ်လိုက်စုပြီး သူခွဲလျှင် ကိုယ်လဲလိုက်ခွဲပေါ့၊ ကိုယ်က အမြဲတမ်း သူ့ထက် အင်အားသာ နေမယ်၊ တိုက်စစ်မှာ အနည်းဆုံး ကိုယ်က သုံးဆသာလျှင် တိုက်လို့ ရပါပြီ "

" အဆင့် (၂) လှုပ်ရှားစစ်မှာတော့

ရန်သူအင်အား မစုနိုင်အောင် ကြိုတင်စီမံချက်ရေးဆွဲထားမယ်၊ ကျွန်တော်တို့ နယ်မြေအတွင်း ဝင်လာတဲ့ရန်သူကို အထိနာအောင် အဆက်မပြတ် တိုက်စစ်ဆင်ရမယ်၊ လိုက်တဲ့နေရာမှာလဲ Follow up နဲ့ရော၊ Persuit နဲ့ ပါ၊ ထက်ကြပ်လိုက်နိုင်အောင် လုပ်ရမယ်၊ ဒါ့အပြင် ဘေးကနေပြီး မျဉ်းပြိုင်လိုက်တာမျိုးလဲ လုပ်ရမယ်၊ ၁၉၈၅ ခုနှစ်လောက် က ဟိုတောင်း မိုင်းဖျန်ဘက်ကဆင်းလာတဲ့ ဗကပ ဘီနီးတန်းတစ်ခုကို ကျွန်တော်တို့ လိုက်စစ်ဆင်တဲ့အခါမှာ ထပ်ကြပ်လိုက်တဲ့ စစ်ကြောင်းက လိုက်ပြီးဘေးက မျဉ်းပြိုင်လိုက်တဲ့ စစ်ကြောင်းက လိုက်တယ်၊ အဲဒီလိုနဲ့ သုံးရက်လောက်အကြာမှာ ရန်သူကို ချေမှုန်း နိုင်ခဲ့တယ်၊ ဒီလိုပဲ ရန်သူ ခရီးရှည်ထိုးဖောက်ပြီး တိုက်ပွဲမဆင်နွှဲအောင်လဲ ကြားခံစစ်တွေ၊ လွှဲပ်ထား ဖို့ လိုပါတယ်၊ အခြေအနေ ဖန်တီးနိုင်ခွင့်ကို ကိုယ့်လက်ထဲ ထားရမယ်၊ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့် အတွေ့အကြုံဟောင်း တစ်ခုကို ဖြည့်စွက် တင်ပြလိုပါတယ် "

" ဒီအတွေ့အကြုံက ကျွန်တော် တော်တော် ခါးသီးအောင် ခံစားခဲ့ရတဲ့ အတွေ့အကြုံပါ၊ အဲဒါဟာ ဘာလဲဆိုရင် ၁၉၇၈ ခုနှစ်၊ မ လ ပထမပတ်မှာ ဖြစ်ခဲ့တဲ့ နောင်လိုင်၊ ပါဖန်တိုက်ပွဲ ကိစ္စပါပဲ၊ ဒီတိုက်ပွဲမှာ



www.burmeseclassic.com



ဗကပတပ်မဟာ(၈)နဲ့ (၁၂) ပူးပေါင်းအင်အား နှစ်ထောင်ကျော်ဟာ မတ်လပထမပတ်မှာ သံလွင်အရှေ့ဘက်ကမ်းကနေပြီးတော့ အနောက်ဘက်ကမ်းကို တာဆိုင်းလျှံ ကူးတို့ကနေ ကူးလာခဲ့ကြတယ်၊ နောင်လိုင်ပါဖန်နဲ့ ပွိုင့်- ၆၀၄၁ ဆိုတဲ့ စခန်းသုံးခုကို တစ်ပြိုင်နက်တည်း တိုက်ကြတယ်၊ ကျွန်တော်တို့ စခန်းတွေက စခန်းတစ်ခုမှာ လူလေးငါးဆယ်ပဲရှိတယ်၊ သူတို့က စခန်းတစ်ခုကို လူငါးရာလောက်နဲ့ တိုက်တယ်၊ မတိုက်မီ လက်နက်ကြီးတွေကို မိုးသီးမိုးပေါက်ပမာ တရစပ်ပစ်တယ်၊ အချိန်အတော်ကြာအောင် ချေမှုန်းပြီး ကျွန်တော်တို့ ခေါင်း မဖော်နိုင်တော့မှ လူနဲ့ကျားထိုးပြီး စခန်းသိမ်းတိုက်ပွဲလုပ်တယ်၊ အဲဒီတုန်းက ပွိုင့်- ၆၀၄၁ နဲ့ ပါဖန်က ရန်သူကို ရက်အတော်ကြာ ခံထားနိုင်တယ်၊ နောင်လိုင်စခန်းက နာရီပိုင်းအတွင်း ကျသွားတယ် ”

“ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စခန်းခံစစ် မကောင်းလို့ဆိုပြီး ကျသွားတဲ့ ဗိုလ်ကြီးသောင်းထွန်းမတိုင်ခင် နေခဲ့တဲ့ ကျွန်တော့်ကို လူကြီးတွေက အရေးယူတယ်၊ တိုင်းမှူးရုံး တက်လိုက်ရတယ်၊ အဲဒါအပြင် အဲဒီတိုက်ပွဲစဉ်မှာ ဝင်ပါရင်း နည်းဗျူဟာ (၆၆၃)မှာ သွားတွဲရတယ်၊ ဗျူဟာအတွက် တိုင်းအရံကျည်တွေ ကားသုံးစီးတိုက်စာ လာပို့တာ၊ မအူမလည်နဲ့ လက်ခံလိုက်မိလို့ ပြဿနာဖြစ်ပြီး ဒုတပ်ရင်းမှူးဖြစ်ခါနီးအထိ အဲဒီကိစ္စကို ရှင်းလို့မဆုံးတော့ဘူး၊ အရပ်ကူပါ လူဝိုင်းပါနဲ့ မနည်း ကိစ္စပြတ်အောင် လုပ်ခဲ့ရတယ်၊ ဒါတင်ဘယ်ကမလဲ အဲဒီတိုက်ပွဲကာလမှာလဲ ကျွန်တော်နဲ့ တပ်ခွဲတစ်ခွဲ စစ်ကူလိုက်တာ နောင်လိုင်က ပြိုဆင်းလာတဲ့ ရန်သူတွေနဲ့ လမ်းပေါ်မှာ ထိပ်တိုက်တွေ့ပြီး တိုက်ကြ ခိုက်ကြရတယ်၊ ကျွန်တော့်တပ်ခွဲတစ်ခွဲလုံး တပ်လုံးပြုတ် ချေမှုန်း ခံရတယ်၊ ကျွန်တော်လဲ အင်မတန်ကံကြီးလို့ အဲဒီသေဘေးက လွတ်ခဲ့ရတယ်၊ တိုက်ပွဲစဉ်တွေပြီးတော့ တန့်ယန်း ဗျူဟာမှူးကြီးက ကျွန်တော့်ကို ပြောတယ် ”

“ နောင်လိုင်စခန်းမှာ မောင်ရင် လက်မတင်ကလေး လွတ်သွားတယ်၊ မောင်ရင့်ကိုယ်စား ဗိုလ်သောင်းထွန်းက အသေခံသွားရတယ်၊ မောင်ရင့် စခန်းက ကျတာသိပ်မြန်တယ်၊ မောင်ရင်သာရှိရင် မောင်ရင်လဲ ကံဆိုးမိုးမှောင်ကျပြီး သေသွားမှာပဲ၊ ကိုယ်ပြောတာ ဟုတ်တယ် မဟုတ်လား ”

www.burmeseclassic.com

www.burmeseclassic.com



" ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်က ဗျူဟာမှူးကြီးပြောတာကို လက်မခံနိုင်ပါ၊ ဒါကြောင့် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းတင်ပြ လိုက်ပါတယ် "

" ဗျူဟာမှူးကြီးပြောတာ ကျွန်တော် လက်မခံနိုင်ပါဘူးခင်ဗျာ။ ကျွန်တော်သာရှိရင် ဗိုလ်ကြီးသောင်းထွန်းလို စခန်းလွယ်လွယ်နဲ့ ကျမယ် မထင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရန်သူက ညကတည်းက ရွာထဲ ရောက်နေပြီ၊ စခန်းနဲ့ ရွာကလဲ တစ်ဆက်တည်း၊ ညမှာ ကောင်းကောင်း စားသောက်အိပ်စက်ပြီး မိုးလင်းမှ စခန်းကို တိုက်တာ အချိန်တွေအများ ကြီး ရသွားတယ်၊ ရန်သူ တာဆိုင်းလို့ ကူးတို့က ကူးလာပြီဆိုကတည်းက စခန်းက သတင်းရတယ်၊ သူကြီးတွေက သတင်းတွေ ပေးတယ်၊ အဲဒီ ကတည်းက ရန်သူကိုထွက်တိုက်ပြီး ဟန့်စစ် ဆင်ရမယ်၊ ချဉ်းလမ်းတွေမှာ မိုင်းတွေ အတားအဆီးတွေ ချထားမယ်၊ ရန်သူထင်တိုင်း လုပ်လို့ မရအောင် ခံစစ်စီမံချက်မှာပါတဲ့ တပ်၊ တား၊ ပစ်၊ လုံ၊ တန်၊ အုပ် ဆက် စတဲ့ စီမံချက်တွေ လုပ်ထားမယ်၊ နောက်ဆုံး ဘယ်လိုမှ ရန်သူကို မထိန်းနိုင်တော့ဘဲ အင်ကြီးအားကြီးနဲ့ ရန်သူကဖိလာမယ်ဆိုရင် စခန်း ကြီးတစ်ခုလုံးကို ဖောက်ခွဲဖျက်ဆီးခွင့် တောင်းပြီး ရန်သူစခန်းထဲ ရောက် လာတဲ့အချိန်မှာ စခန်းကြီးကို ဖောက်ခွဲပြီးတော့ ခွါစစ်ဆင်မယ်၊ ခွါစစ် ဆင်တဲ့ အခါမှာလဲ ခွါစစ်ဥပဒေသအတိုင်း ကြည့်၊ မလို၊ မထိ၊ ထိန်းပ၊ ချန်ပ၊ ချန် ဆိုတဲ့ စည်းမျဉ်းနဲ့အညီ ခွါစစ်ဆင်သွားမယ်၊ ဒါဆိုရင် ရန်သူထင်တိုင်း လုပ်လို့ ဘယ်ရတော့မလဲ၊ သူ့တီးကွက်အတိုင်း ကိုယ် မကဘဲ ကိုယ့်တီးကွက်အတိုင်း သူဝင်လာအောင် သူ့ကို ကျူးခွင်းပြီး အပိုင်းပိုင်း ဖြတ်တောက် တိုက်ခိုက်ပါမယ် ဗျူဟာမှူးကြီးခင်ဗျား "

ကျွန်တော်ရဲ့ အဲဒီအတိုင်း ရှည်လျားစွာ ရှင်းလင်းတင်ပြချက်ကို ဗျူဟာမှူးကြီးက နားထောင်ပြီး ခေါင်းတညိတ်ညိတ်နဲ့ လုပ်နေပြီတယ် ပြီးတော့မှ

" အင်း ဗိုလ်သက်ဦး၊ ဗိုလ်သက်ဦး၊ ငါက မင်းကို ခပ်ညံ့ညံ့ ထင်တာ၊ မင်းက ငါထင်သလောက်ကော မညံ့ပါဘူး၊ ဘေးပေါက်ကွာ မင်းက အပြောကောင်းတယ်၊ မင်းပြောတဲ့အတိုင်း ဟုတ်မဟုတ် နောက်ပွဲ တွေမှာ မင်းကို စမ်းပြီး ပွဲကုတ်ရမယ် "



အဲဒီလိုပြောတယ်၊ ကျွန်တော်ကလည်း စစ်သားတစ်ယောက်ရဲ့ စိတ်သွေးစစ်မာန်နဲ့

" အချိန်မရွေး စမ်းကြည့်နိုင်ပါတယ်ခင်ဗျား "

လို့ ပြန်ပြီးတော့ တင်ပြခဲ့ပါတယ်။

သိပ်မကြာခင်မှာ လွယ်မော် ချေမှုန်းရေးလုပ်တော့ ကျွန်တော် တို့စစ်ဆင်ရေးမှာ စွမ်းစွမ်းတမံ တိုက်ခဲ့ပါတယ်၊ မသေလို့ လွတ်လာတာ ပါဟာ ကျွန်တော့် အတွေ့အကြုံကလေးပါ။

" အဲဒီတော့ ရန်သူခရီးရှည်ထိုးဖောက်ပြီး တိုက်ပွဲမဆင်နွှဲအောင် ကြားခံစစ်တွေလုပ်ပြီး စပ်ကြားနယ်မြေတွေကို အမြဲတမ်း စိုးမိုး ထားပါမယ်၊ ရန်သူဆုတ်သွားတဲ့အခါကျတော့လဲ လျင်မြန်စွာ ပြန်တိုက်ဖို့ လိုပါတယ်၊ ဗကပတွေဟာ စခန်းသိမ်းတိုက်ပွဲများ ဆောင်ရွက်ပြီးတဲ့အခါ မှာ တပ်ပြန်လည်စုဖွဲ့မှု မလုပ်တတ်ဘူး၊ စက်ရုပ်တွေလိုပဲ လှုပ်ရှားတယ်၊ တိုက်တွင်း ဉာဏ်နည်းတယ်၊ ဒါတွေကို အခွင့်ကောင်းယူပြီး တိုက်ပွဲ ပြန်လည်အပြောင်းဖြစ်အောင် အရံတပ်တွေနဲ့ ကျွန်တော်တို့ ပြန်တိုက် ရမယ်၊ ရန်သူ့မှာ ကျွန်တော်တို့လောက် လူလက်နက် မပြည့်စုံပါဘူး၊ စစ်ရည် ဉာဏ်သွေးလဲ ကျွန်တော်တို့ကို မမီပါဘူး၊ ဒါကြောင့် ရဲစွမ်း သတ္တိရှိရှိ ထိုးထွင်းဉာဏ်ရှိရှိနဲ့ တိုက်ရင် အောင်မြင်ပါတယ် "

" နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ဘယ်လောက်ပဲ စစ်မဟာဗျူဟာတွေ စစ်နည်းဗျူဟာတွေ လက်နက်တွေ ကောင်းနေပါစေ၊ ပြည်သူက အဓိကကျပါတယ်၊ ပြည်သူပါရင် စစ် နိုင်ပါတယ်၊ ဒီသာဓကကို ၁၉၅၄ ခုနှစ်က ဗီယက်နမ်နဲ့ ပြင်သစ်တို့ရဲ့ ဒင်ဘင်ဖူးတိုက်ပွဲကြီး နဲ့ ၁၉၇၅ ခုနှစ်က ဗီယက်နမ်နဲ့ အမေရိကန်တို့ ဆိုင်ဂုံမြို့သိမ်းတိုက်ပွဲများ ကိုကြည့်ရင် ရပါတယ်၊ အဲဒီတိုက်ပွဲတွေမှာ လူ လက်နက်အဖက်ဖက်က သာလွန်တဲ့ ပြင်သစ်နဲ့ အမေရိကန်တို့ဟာ ဗီယက်နမ်ကို လုံးဝ လက် မြှောက်အရှုံးပေး သွားကြရပါတယ်၊ ဒါကို သက်သေကိုပြရင်း ကျွန်တော့် တင်ပြမှုကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား "

ကျွန်တော်က ကျွန်တော်၏တင်ပြချက်ကို အချိန်ကိုက် အဆုံး သတ်လိုက်သည်၊ ထိုအချိန် တွင် အချိန်စေ့ ခေါင်းလောင်းက "ကလင်" ဟု မြည်လိုက်သည်။ ခေါင်းလောင်းသံနှင့် နိဂုံးချုပ်သံ တပြိုင်နက်ထွက်ပေါ်လာသည်။ ထို့ကြောင့် ပွဲသဖြင့် နားထောင်နေသည့် သင်တန်းသားအရာရှိကြီးများက

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဟေ့" ဟု တဖြောင်းဖြောင်းလက်ခုပ်တီးကာ အားပေးလိုက်ကြပါတော့သည်။

**ဗထူးမှ ထွက်ခွါကြပြီ**

ဟောပြောမှုပြီးဆုံးသည်နှင့် အားလုံး ကိုယ့်အိတ်ကိုယ်ဆွဲ၍ အသင့် စောင့်နေသည့်ကားများပေါ်သို့ ပြေးတက်လိုက်ကြသည်။ ထမင်းတောင် မစားတော့ပါ၊ ရွှေညောင်ရောက်မှ တန်းဖြုတ်ပြီး ထမင်းစားကြပါမည်။ ထမင်းစားဖို့ထက် တပ်ပြန်ကြဖို့က စိတ်စောနေသည်။

ကားပေါ်တက်၍ကားထွက်သည့်အခါတွင်ကားပေါ်၌ ကျွန်တော့်အား စောင့်နေသည့် ဇနီးသည် မေက "မောလာသလား ကို"ဟု ဆီးမေးလိုက်သည်။ ထိုအခါ ကျွန်တော်က

" မောတော့ မောတာပေါ့၊ ဒါပေမယ့် မမောပါဘူး၊ မေနဲ့အတူ အခုလိုသွားနေရရင် ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်မောလိမ့်မလဲ " ဟု ဆိုလိုက်ရာ

" ဟင်း ဒီက အကောင်းမေးတာ၊ သူကဖြင့် လုပ်ပြီ "

ဟု ဇနီးသည်က ပြုံးစစဖြင့် ပြန်ပြောလိုက်၏။

ကျွန်တော်တို့ဇနီးမောင်နှံ အချီအချ စကားပြောနေစဉ်ပင် သင်တန်းသား လေးဆယ်ပါသည့် ကားတန်းကြီးကား တဝူးဝူး၊ တဝေါဝေါ အော်မြည်ကာ ဗထူးစစ်ဦးစီးတက္ကသိုလ်မှ ထွက်ခွါပါတော့သည်။

ဦးနှောက်တွေချောင်ပြီး ခါတ်တိုင်ဖက်မတက်မိအောင် ခဏတော့ နားလိုက်ရပါဦးမည်။

× × × ×



## အခန်း(၁၄)
## သင်တန်း၏ ဒုတိယပိုင်းကာလများ

**ဗတတ ၏ ဒုတိယပိုင်း ကာလ**

ကျွန်တော်တက်ခဲ့ရသော စစ်ဦးစီးတက္ကသိုလ်သင်တန်း အထူး(၂/၈၆)မှာ (၂၈)ပတ်ကြာ၏။ ယခု သင်တန်းတစ်ဝက်ကျိုးပြီး (၁၄)ပတ်မြောက်၌ တပ်ရင်းသို့ပြန်၍ တစ်ပတ်နားရ၏။ နားရသည်ဆိုသော်လည်း တကယ်တော့ မနားရပါ၊ အိမ်စာပေးလိုက်သည်။ အိမ်စာမှာ Thesis ခေါ် စစ်ဘက်စာတမ်းများ ရေးသားရခြင်းဖြစ်၏။ သင်တန်းပထမပိုင်းတွင် Command Study ခေါ် ကွပ်ကဲမှုစာတမ်းအား ရေးရပြီး ဒုတိယပိုင်းတွင် စစ်ဘက်စာတမ်းကို ရေးရခြင်းဖြစ်၏။ စာတမ်းများကို သင်တန်းသား၏ ကိုယ်ပိုင်လက်ရေးဖြင့် ရေးသားတင်သွင်းရသည်။ တစ်စောင်တွင် စာမျက်နှာ ၁၀၀ ကျော်ခန့်ရှိပြီး လက်ညောင်းအောင် ရေးရ၏။ သိပ်မလက်သာလှပါ။

ကျွန်တော်သည် ကွပ်ကဲမှုစာတမ်းကို တပ်သို့ အနားမပြန်မီ ပြီးအပ်နှံခဲ့၏။ ယခု စစ်ဘက်စာတမ်းအားလည်း အချိန်မီ အပ်နှံနိုင်ရန် ကြိုးစား ရေးသားနေရသည်။

တပ်တွင် နားနေစဉ်ကာလ၌ ဘယ်မှမသွားနိုင်၊ တကုတ်ကုတ်ဖြင့် ရေးနေရ၏။ ဗထူးသို့ ကျွန်တော့်အား ဆေးပေး မီးယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်လုပ်သည့် ဇနီးသည်ကို တပ်ပြန်ရောက်သည်နှင့် အရာရှိကတော် များက လာရောက်နှုတ်ဆက်ကြ၏။ ပြီးတော့

" ဗိုလ်မှူး ဘူးအိုင်စီကော ဟင် "

ဟု မေးကြသည်။

" ဟိုမှာလေ၊ စာတွေ ကုန်းရေးနေတယ် "

မေ က ဖြေ၏။

ဗိုလ်ကတော်များက ကျွန်တော် ဘာတွေများရေးနေသလဲ လှမ်းလှမ်းကြည့်ကြ၏။ ကျွန်တော့်မှာ သူတို့ကို စကားမပြောနိုင်၊ ကို ကိစ္စပြီးမြောက်ရေးသာ အရေးကြီးနေ၏။ ထို့ကြောင့် စာကိုသာ ဖိရေးနေမိသည်။ ကျွန်တော်ရေးသည့် စစ်ဘက်စာတမ်း၏ ခေါင်းစဉ် "၁၉၈၆ ခုနှစ်၊ ဖိလစ်ပိုင်သမ္မတရွေးကောက်ပွဲနှင့် ပြည်ပြေးကြီးမားကို" ဟူ၍ ဖြစ်၏။

ထိုနှစ်က ဖိလစ်ပိုင်တွင် နှစ်ပေါင်းများစွာ အာဏာရလာ မားကို့စ်ရွေးကောက်ပွဲတွင် အရေးနိမ့်သွားသည်။ ပြိုင်ဘက်အမျိုး ကိုရာဇန်အကွီနို သမ္မတ ဖြစ်လာသည်။ စစ်တပ်က ကိုရာဇန်အကွီနို ပူးပေါင်းသွားသည်။ ထိုအခါ မားကို့စ်တို့ ဇနီးမောင်နှံ ဖိလစ်ပိုင်မှ ပြေးရ၏။ ပြည်ပြေး ဖြစ်သွားသည်။ ထိုအကြောင်းကို စာတမ်းပြုစု သွားခြင်းဖြစ်၏။ ဖိလစ်ပိုင်ကလည်း အရှုပ်သား၊ မားကို့စ်သည် ဇနီး အီမယ်လ်ဒါကို မထိန်းနိုင်။ အီမယ်လ်ဒါကြောင့် ချောက်ပေါက် တိုး အီမယ်လ်ဒါက နုစဉ်အခါက ဖိလစ်ပိုင်မယ်ဖြစ်သည်။ အလွန်လ လှ၏။ လှလည်း လှချင်ပချင်၏။ ယခုအသက်ကြီးလာသော်လည်း လှ နေဆဲ ဖြစ်၏။ သူမ ဖိလစ်ပိုင်မှထွက်ပြေးခဲ့သောအခါ သူမ နေခဲ့သ သမ္မတအိမ်တော်ရှိ သူမ၏အိမ်ခန်းတွင်း၌ သူ မစီးသော ဖိနပ်အရံ သုံးထောင်ခန့် ကျန်ခဲ့သည်ဟု ဆို၏။ ဖိနပ်သာမက ကျန်သည့် ဟို ဒီဟာ ဘရာစီယာနှင့် အတွင်းခံဘာဘာညာညာများလည်း အထ ရာပေါင်းများစွာ ကျန်ခဲ့သည်ဟု ပြောကြပြန်သည်။

ကျွန်တော်က ထိုအကြောင်းကို သံမဏိလိပ်ပြာမယ် အီမယ် ဒါ ဟူသော ခေါင်းစဉ်ဖြင့် စာဖွဲ့ခဲ့၏။ အဖြစ်အပျက်များမှာ လတ်တလော ပူပူနွေးနွေးမို့ ရေး၍ကောင်းပါ၏။ တစ်ပတ်ခန့်နှင့် Thesis ပြီးသွား



Thesis ပြီးသည့်အခါ (၁၅)ပတ်မြောက် သင်တန်းတက်ရန်အတွက် ပထူးသို့ ပြန်လည်ထွက်ခွါခဲ့ရပါသည်။ ဒီတစ်ခါတော့ ဇနီးချော မေ မပါ တော့ပါ။ ဘုန်းမောင့်တစ်ယောက်တည်းရယ် ဖြစ်ပါသည် ခင်ဗျား။

ကျွန်တော်၏တပည့်ကျော် နှစ်ဦးအကြောင်း

စစ်ဦးစီးတက္ကသိုလ်တွင် စစ်သည်နှစ်ဦး ခေါ်ခွင့်ရှိ၏။ တစ်ဦးက အကူရဲဘော် Batman ဖြစ်ပြီး တစ်ဦးက Paper works ခေါ် ရုံး လုပ်ငန်းများအတွက် ခွင့်ပြုခြင်းဖြစ်၏။ အကူရဲဘော်အတွက် သနက (၁) တွင် နေခဲ့စဉ်က အကူရဲဘော်ဖြစ်ခဲ့ပြီး သနက(၁)မှ တပ်မ(၈၈)၊ ၎င်းမှ သည် ခလရ(၇၁)အထိ ဆက်တိုက်ခေါ်လာသည့် တပ်သားအုံးငွေ ဖြစ် သည်။ ထိုရဲဘော်၏အမည်မှာ အုံးငွေဆိုသော်လည်း ပိန်လှီသေးကွေး သဖြင့် အများက သူ့အား "ဗလ"ဟု နာမည်ပြောင်ဖြင့် ခေါ်ကြသည်။ ဗလသည် ကာလအတန်ကြာသောအခါ ကျွန်တော့်မိသားစု၏ နှုတ်ဖျား တွင် ဗလွတ် ဖြစ်သွား၏။ ကလေးများကလည်း ဦးဗလွတ်ဟူ၍ လည်း ကောင်း၊ ကျွန်တော့် ဇနီး မေကလည်း "ဟဲ့၊ မောင်ဗလွတ်"ဟူ၍ လည်း ကောင်း ခေါ်လေ့ရှိ၏။ အနီ့ ဗလွတ်ကား လူက ပိန်ညှောင်ညှောင်၊ ဉာဏ်က အညာ၊ ရွှေဘို ခင်ဦး မြောက်ဘက် ထိန်းတပင် ဇီးကုန်းသား ဖြစ်၏။

သို့ရာတွင် သူသည် သူ့ဆရာကျွန်တော့်ထက် မညံ့၊ ရည်းစား ပေါလှချေ၏။ ရောက်လေရာတွင် ရည်းစားထားသည်။ စကားပြောတော့ မပွင့်တပွင့်၊ သနားစရာ မျက်နှာသေကလေးဖြင့်၊ ဒါကို ကောင်မလေး တွေက ကြိုက်ကြသည်ထင့်။ ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် ဗလွတ်တို့က ရည်းစားတစ်ယောက်ရလိုက်၏။

ယခုလည်း သူ့ကို လက်တိုလက်တောင်း အကူရဲဘော်အဖြစ် သင်တန်းကိုခေါ်လာခဲ့ရာ မေ ရှိစဉ်က ပြဿနာမရှိ။ ကျွန်တော့် ဝေယျာ ဝစ္စများကို မေက လုပ်ပေးသဖြင့် သိပ်စိတ်မပူရ၊ မေ မရှိတော့သည့်အခါ ယိုအုံးငွေ ခေါ် ဗလွတ်အား ခိုင်းရ၏။ သူသည် မနက်အိပ်ရာထလျှင် မျက်နှာရိမ်ထိုးမိ ပုံမှန်ကျွန်တော့်ဆီကို လာရ၏။ ကျွန်တော့် အဝတ် အစားများကို လျှော်ဖွပ် မီးပူတိုက်ပေးရသည်။ ဖိနပ်ပွတ်၊ ခါးပတ်ပွ

www.burmeseclassic.com

www.burmeseclassic.com

တိုက်ရချွတ်ရသည်။ ထိုကိစ္စများမှာ သူ၏ နိစ္စဓူဝတာဝန် ဖြစ်၏။ ပထမသင်တန်းကာလတွင် အုံးငွေပုံမှန်၏။

သို့ရာတွင် ယခု သင်တန်းဒုတိယပိုင်း၌ သူဖောက်လာသည်။ ဥစတာတွင် စစ်သည်နှစ်ယောက်ထားမရ၍ သူနှင့်အတူပါလာသည့် ရုံးကိစ္စများ၊ အရေးအချွတ်များဆောင်ရွက်သည့် တပ်သား သန်းထွန်း အောင်ကို ဥစတာတွင်ထားပြီး အုံးငွေအား ဂျီအီးဝင်းသို့ ပို့ထားရ၏။ ဂျီအီးဝင်း၌ ကျွန်တော်တို့နယ်မှ မီးစက်အလုပ်သမား ဦးသောင်းစိန်၊ ဒေါ်တွတ်တို့ အိမ်တွင် သူတို့နှစ်ယောက်ကို ရိက္ခာတွဲထားသည်။ ဒေါ်တွတ်က တပ်နယ်ဈေးတွင် အကြော်ရောင်းသည်။ ဒေါ်တွတ်တွင် သမီးနှစ်ယောက် ရှိ၏။ အကြီးမက မိပြားကြီး ဟုခေါ်သည်။ အသက် သုံးဆယ်နီးပါး ရှိ၏။ အငယ်မလေးကား မိငယ်လေးဟု ခေါ်သည်။

တပည့်ကျော် မောင်ဗလွတ်သည် ဒေါ်တွတ် အကြော်ဖိုမှ ညလုံးပေါက် အကြော်ဝိုင်းကြော်ပေးရင်း မိပြားကြီးနှင့် ထိငြိပါတော့သည်။ မိပြားကြီးက နာမည်ကသာ မိပြားကြီးဆိုသော်လည်း လူကတော့ မပြားပါ။ ဖေါင်းသည့်နေရာ ဖေါင်း၊ မို့သည့်နေရာ မို့ပြီး ရှိုက်ဖိုကြီးငယ် အသွယ်သွယ်ကလည်း သူ့ဟာနှင့်သူ အိုကေ စိုပြေလျက် ဆွဲဆောင်မှု ရှိပါ၏။ အညာသူ ညိုပြာညက်ပေါ့ ခင်ဗျာ။ အနှီညိုပြာညက်သည် အပြောအဆိုကလည်း ကောင်း၏။ အပြုံနုပ်သည့် တစ်ခုလပ်ဟု ဆိုရမည်လား မသိ။ ထိုအခါ မိပြားကြီး၏စက်ကွင်းသို့ မောင်ဗလွတ် သက်ဆင်းသွားလေတော့သည်။

ထိုအချိန်မှစ၍ အုံးငွေသည် ကျွန်တော့်ထံ နေ့စဉ်ပုံမှန် မရောက်လာတော့။ ပျက်ကွက်လာ၏။ လာသည့်အခါတွင်လည်း ပါးချောင် နားချောင်ကျပြီး အလွန်အိပ်ရေးပျက်သည့် ပုံစံမျိုး ဖြစ်နေ၏။ ကျွန်တော်က မနေနိုင်၍

" ဟေ့ သန်းထွန်းအောင်၊ ခွေးမသား အုံးငွေဆိုတဲ့ကောင် မနက်တိုင်း ငါ့ဆီ ပုံမှန် မရောက်တော့ဘူးကွ၊ လူကြည့်တော့လဲ ဒယီးဒယိုင်၊ မူးတူးမိုင်တိုင်နဲ့ ဘာတွေဖြစ်နေတာလဲ၊ မင်းသိရင်လဲ ပြောစမ်းပါဦး "



" ဒုတပ်ရင်းမှူး စိတ်ဆိုးမှာစိုးလို့ ကျွန်တော်မပြောတာပါ၊ ဒါပေမယ့် အခုတစ်လော အခြေအနေက ပိုဆိုးလာလို့ ကျွန်တော်လဲ ပြောမလို့လုပ်နေတာပါ "

" ဟေ့ ဘာကိစ္စလဲကွ၊ ဆီနဲ့ကြော်တဲ့ ကိစ္စတွေများလား "

" ဟုတ်ကဲ့ ဒုတပ်ရင်းမှူးခင်ဗျား၊ ကိုအုံးငွေက ဒေါ်တွတ်သမီး မပြားကြီးနဲ့ ဖြစ်နေပါတယ်၊ ညဆိုရင် တပ်နယ်ဈေးက အကြော်ဖိုမှာပဲ မိုးလင်းတဲ့အထိ သွားနေတယ်၊ ငါးနာရီ ခြောက်နာရီမှ သူ့အဆောင်ပြန်တယ်၊ အခု မပြားကို သူ မယူလို့တဲ့ "

" ဟေ ဟုတ်လား၊ ကောင်မလေး အခြေအနေကကော "

" ယူလို့ မသင့်တော်ဘူးခင်ဗျာ့ "

" ဘာဖြစ်လို့လဲ "

" မပြားက ယောကျ်ားရှိတယ်ခင်ဗျာ့၊ သူ့ယောကျ်ားက တပ်ကရှောက်ပဲ၊ ကျည်ဆန်မှုနဲ့ ထောင်ကျနေတာ၊ တရားဝင်ပြတ်စဲသေးတာမဟုတ်ဘူး၊ ကိုအုံးငွေသွားယူရင် မယားခိုးဖြစ်မယ် ခင်ဗျာ့ "

တပ်သားသန်းထွန်းအောင်မှာ ဆယ်တန်းအောင်၍ အရည်အချင်းရှိပြီး ရိုးသားကြိုးစားသူဖြစ်သည်။ တည်တည်ကြည်ကြည် နေတတ်၏။ စစ်ကြောင်းရုံးနှင့် တပ်ရင်းရုံးများတွင် နေဘူး၏။ တပ်မတော်ဥပဒေများကိုလည်း အထိုက်အလျောက် လေ့လာသိရှိထားသူ ဖြစ်၏။ ထို့ကြောင့် သူက အထက်ပါအတိုင်း တင်ပြခြင်းဖြစ်သည်။

" ဟေ ဒါဆိုရင် ဘယ်လိုလုပ်မလဲ "

"ကိုအုံးငွေကတော့ ရောဂါ တော်တော်သဲနေပြီခင်ဗျ၊ အကောင်းဆုံးကတော့ ဒု တပ်ရင်းမှူး သူ့ကို တပ်ပြန်လွှတ်လိုက်တာ အကောင်းဆုံးပဲ၊ ဒုတပ်ရင်းမှူးအတွက် လုပ်ပေးရမယ့် အလုပ်တွေကို ကျွန်တော်တစ်ယောက်တည်း လုပ်နိုင်ပါတယ် "

တပ်သားသန်းထွန်းအောင် တင်ပြသည်မှာ သဘာဝကျသဖြင့် ကျွန်တော်သည် နောက် တစ်ပတ်ခန့်အကြာတွင် တပ်သားအုံးငွေအား လမ်းစရိတ်ပေးပြီး ဥပါယ်တံမျဉ်ဖြင့် တပ်ရင်းသို့ ပြန်လွှတ်လိုက်သည်။ ထိုညက မောင်ဗလွတ်နှင့် မိပြားကြီးတို့သည် တပ်နယ်ဈေးက အကြော်ဖိုလေးတွင် လေပြင်းမုန်တိုင်းမိသဖြင့် တစ်ညတာ ဝေးရာမှ ပြန်တွေ့ကြသည့် ကန္ဒရီ ကန္ဒရာမောင်နှံလို တစ်ညလုံး ဖက်၍ ငိုကြွေးသည်ဟု ဆို၏။

www.burmeseclassic.com

www.burmeseclassic.com

ခြောင်းကြည့်သူတွေက ခြောင်းကြည့်ကြသည်။ ပြီးတော့ မနေနိုင် မထိ နိုင် ကျွန်တော့်ကို လာပြော၏။

" ဦး၊ ဦးတပည့်တွေက တကာယ်လက်သံပြောင်တဲ့ လူတွေချည်း နော် "

ကျွန်တော့်မိတ်ဟောင်း ဆွေဟောင်း တပ်နယ်ဈေးမှ ဒေါ်ချ သမီးများက ဝိုင်းပြောကြသည်။

" ဟ ဘာဖြစ်လို့လဲ "

" ဘာဖြစ်ရမလဲ၊ မနေ့ညက ဦးတပည့် ကိုအုံးငွေနဲ့ မပြားကြီး တစ်ညလုံး အကြော်တဲမှာ ဖက်ငိုနေကြတယ် "

" ဟေ ဟုတ်လား၊ မင်းကို ဘယ်သူပြောတာလဲ "

" ဘယ်သူပြောရမလဲ၊ သမီးတို့ ခြောင်းကြည့်တာပေါ့ "

ဒေါ်ချစ်သမီး အပျိုချောနှစ်ဦးက မချိုမချဉ်မျက်နှာပေးဖြ ကျွန်တော့်ကို နောက်တစ်နေ့ တပ်နယ်ဈေး သူတို့ဆိုင်အသွားတွင် ပြော၏။

" ဦး၊ ဦးတပည့် အရင်တစ်ယောက်ကောဟင် "

" ဘယ်သူ့ပြောတာလဲ "

" ဟို တပ်ရင်းမှူးသင်တန်းတက်တုန်းက ပါလာတဲ့ အကျရဲဘော် လေ၊ သူကလဲ လူပုံက မခုတ်တတ်တဲ့ ကြောင်လေးလို ခပ်ဖျော့ဖျော့ တစ်မျိုးစွံတာပဲ၊ သူ့တုန်းကလဲ ကျောင်းဆင်းပွဲ နေ့မှာ ရွှေညောင်သွားခါ သံချပ်ကာလိုင်းထဲ သွားငိုနေလို့ ဦး ဒေါ်တွေကန်ပြီး သမီးတို့ဆိုင်မှ လာရှာတာ မှတ်မိနေသေးတယ် "

" အေးလေကွာ၊ ဖြစ်လိုက်ရင်တော့ အသည်းအသန်ကြီးပဲ၊ ခွေးမျိုးလဲ အဲဒီကောင်မလေးနဲ့ ပေးစားလိုက်ရတယ်၊ ပြီးတော့ တပ် ပြန်ပို့လိုက်ရတယ်၊ အခုလဲ လာပြန်ပြီ တစ်ယောက် "

" ဟင်း ဟင်း ဟင်း၊ သမီးတို့ကလဲ အဲဒါကြောင့် ပြောတာပေါ့ ဦးက တပည့်တွေ ခေါ်လာရင် ဦးတပည့်လေးတွေက မခုတ်တတ် ကြောင်ပုံကလေးတွေနဲ့၊ ဒါပေမယ့် လစ်တာနဲ့ ခုတ်တော့တာပဲ၊ ခု တာမှ ဆန္ဒန်ဆင်မင်းတောင် ခုတ်တဲ့ ကြောင်တွေ ဦးရဲ့ "



ကျွန်တော့်မှာ ဒေါ်ချစ်သမီး အစမ်းလေးတို့ ညီအစ်မပြောစကား ားထောင်ကာ တဟားဟား ရယ်မော၍ "ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"ဟုသာ ရက်ပြေ ဆိုလိုက်ရပါတော့သည်။

ကိုယ်က ဓါတ်တိုင်ဖက်တက် လုမှတတ် စာကြိုးစားနေချိန်တွင် တပည့်ကျော်တွေက သူတို့စိတ်ဝင်စားသည့် ဖက်စရာများကို ဖက်နေ သဖြင့် ကျွန်တော့်မှာ ထိုတပည့်များအတွက် အတော်လေးကသိကအောင့် ဖြစ်ရပါ၏။ ဒါမျိုးတွေလည်း ကြုံရတတ်သည်ပေါ့ ခင်ဗျာ။

## လူရော စိတ်ပါ ပင်ပန်းရသည့် ဖြင်ပ လေ့ကျင့်ခန်းများ

ကျွန်တော်တို့သင်တန်းတွင် သင်ကြားပေးရသော ဘာသာရပ် ားမှာ အတော်စုံ၏။ ဦးစွာပထမ ဦးစီးတာဝန်၊ ထို့နောက် ခြေ၊ မြောက်၊ ယာ၊ ဆက်၊ သံ၊ ထောက်၊ ဆေး၊ နက်၊ လျှပ်၊ ထိမ်းစသော တပ်ဖွဲ့များအကြောင်း ရေတပ်နှင့်လေတပ်အကြောင်း။ ၎င်းနောက် စစ် တောင်ရာသော အကြောင်းတရားကြီးများ၊ ခံ၊ ခွါ၊ တိုက် ချိ စစ်ကဏ္ဍကြီးလေးရပ်၊ အထူးစစ်နည်းဗျူဟာများ၊ ပြည်သူ့စစ်မဟာ ဗျူဟာ နှင့် ထောက်လှမ်းရေး၊ လေ့ကျင့်ရေးဘာသာရပ်များ အားလုံးပါဝင်၏။

အားလုံးထဲတွင် အရေးကြီးဆုံးမှာ စစ်ရေးသုံးသပ်ချက်ဖြစ်သည်။ စစ်ရေးသုံးသပ်ချက်မှာ ပြဿနာကို ဖြေရှင်းရန်အတွက် နည်းလမ်းရှာခြင်း ပင် ဖြစ်၏။ နည်းလမ်းရရှိက စီမံချက် ထွက်လာမည်။

တစ်နည်းဆိုသော် စစ်ရေးသုံးသပ်ခြင်းဆိုသည်မှာ စစ်ဘက် ပြဿနာတစ်ရပ်အတွက် အကောင်းဆုံးအဖြေကိုရရှိအောင် သဘာဝ ကျကျနှင့် အဆင့်ဆင့် သုံးသပ်တင်ပြခြင်းပင် ဖြစ်၏။ စစ်ရေးသုံးသပ်၍ အကျုံးဝင်သော အချက်အလက်များကို လေ့လာကာ ဖော်ထုတ်ချက် ပြုလုပ်ရ၏။ ဖော်ထုတ်ချက်ရသည်နှင့် နည်းလမ်းအားလုံးကို ဝေဖန် သုံးသပ်ပြီး ထွက်ပေါ်လာသည့် အကောင်းဆုံးနည်းလမ်းကို ရွေးချယ်၍ စီမံချက်ကို ရေးဆွဲရသည်။

" စစ်ဘက်ပြဿနာတစ်ရပ်ကို မည်သို့ ဖြေရှင်းမည်နည်း " How to solve the Army Problem ဟု တပ်မတော်တွင် အမေး စကားရှိ၏။ ထိုအမေးအတွက် အဖြေမှာ အောက်ပါအတိုင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်လို အတိုကောက် TOCED တော့ဆက်ဟု မှတ်ရသ... တော့ဆက်မှာ အောက်ပါအတိုင်း ဖြစ်၏။

**ပြဿနာတစ်ရပ်ကို ဖြေရှင်းပုံနည်းစနစ် (TOCED)**

T - TASK ပြဿနာ သို့မဟုတ် လုပ်ငန်းကို ပြန်လည် စဉ်း... ဆင်ခြင်ခြင်း၊

O - OBJECTIVE ရည်ရွယ်ချက်ကို ဖော်ထုတ်ခြင်း၊

C - COLLECTION OF INFORMATION သတ... စုဆောင်းခြင်း၊

E - EVALUATION သတင်းကို စဉ်းစားဆင်ခြင်၍ ကြ... ချက် ထုတ်ခြင်း၊

D - DECISION ပြုလုပ်မည့် လမ်းစဉ်ကို ဆုံးဖြတ်ခြင်း၊

ကျွန်တော်တို့သင်တန်းသားများအနေဖြင့် ထိုကိစ္စကိုလွယ်တော... အောက်ပါအတိုင်း ကဗျာကလေး ရေးဖွဲ့ထား၏။

" သတင်းကို စု၊ အကြံပြုလျက်
ဆောင်ရွက် စီမံ၊ မိန့်ထုတ်ပြန်မှု၊ ကိုယ်စားပြု။ "

အချို့ကလည်း အောက်ပါအတိုင်း ကဗျာစပ်ကြပြန်သည်။

" ကန့်သတ် ရည်ရွယ်၊
စုသယ် ကြံဆ၊ ဆုံးဖြတ်ကြ " ဟူ၍ ဖြစ်၏။

သင်တန်းကာလ(၂၈)ပတ်တွင် ပြင်ပလေ့ကျင့်ခန်းပေါင်း (၃... ကြိမ် ပြုလုပ်ခဲ့ရ၏။ စာမေးပွဲကြီး (၃)ကြိမ် စစ်သည်။ စာမေးပွဲကလ... ပင်ပန်း၊ ပြင်ပ လေ့ကျင့်ခန်းများကလည်း ပင်ပန်း၏။ ပြင်ပ လေ့ကျင့်... များအား ဘာသာရပ်အလိုက် အချို့ကို ဗထူးတပ်နယ်တွင် လည်းကော... အချို့ကို ကလောတပ်နယ်တွင်လည်းကောင်း၊ အချို့ကို မိတ္ထီလာတပ်... တွင် လည်းကောင်း၊ နောက်ဆုံးသင်တန်းပြီးဆုံးခါနီး၌ ကွတ်ခိုင်တပ်... နှင့် လားရှိုးတပ်နယ်များသို့ပင် သွားရောက်ဆောင်ရွက်ရ၏။ အခ... အချွတ် အားသန်သော ကျွန်တော်သည် လေ့ကျင့်ခန်းတိုင်းတွင် ဒိုင်...



...ရေးလေ့ရှိသည်။ ထို့ကြောင့် နည်းပြများကပင် ကြာသော် ကျွန်တော့် ...လက်ရေးကို မှတ်မိလာ၏။

" ခင်ဗျားပါတဲ့ အဖွဲ့ငယ်တိုင်းမှာ ခင်ဗျားလက်ရေးကို အမြဲတမ်း ...တွေ့နေရတာပဲဗျို့ " ဟု နည်းပြ တော်တော်များများက ကျွန်တော့်အား Credit ပေးကြ၏။

ထိုအရေးအသားတွေကြောင့် ယခုအခါ ကျွန်တော် စာရေးသူ တစ်ဦး ဖြစ်လာလေသည်လား မပြောတတ်တော့ပါခင်ဗျား။

**...ဟသ်ာ အနိုင်ရခြင်း**

ကျွန်တော်တို့သင်တန်းတွင် ခ၊ ခွါ၊ တိုက်၊ ချီ စစ်ကဏ္ဍကြီး ...လေးရပ်အား အထူးအရေးပေး သင်ကြားရ၏။ သင်တန်းသားများ ကိုယ် ...တိုင် ဟင်္သာလေ့ကျင့်ခန်းဟုအမည်ပေးကာ ကိုယ်တိုင်ရေး၍ တိုက်စစ် ...စစ် လက်တွေ့ဆောင်ရွက်စေ၏။ ထိုဟင်္သာလေ့ကျင့်ခန်းကို ဗထူးမှ ပင်း ...သို့ သွားသည့် (၄၅)မိုင်တိုင်အနီးတွင် မြေအခြေအနေကြည့်ကာ ...ရေးရသည်။

ထိုဟင်္သာလေ့ကျင့်ခန်းအား အဖွဲ့လေးဖွဲ့ခွဲ၍ ယှဉ်ပြိုင်စေသည်။ ...ကောင်းသောနှစ်ဖွဲ့ကို ရွေးသည်။ အရွေးခံရသည့်အဖွဲ့က သင်တန်း ...ပေါင်းအမှတ်တွင် ၂၀ ရာနှုန်း ပိုရသည်။ အရွေးမခံရသည့် အဖွဲ့နှစ်ဖွဲ့ ...က ထိုအမှတ် လုံးဝ မရ။ ထို့ကြောင့် ဟင်္သာလေ့ကျင့်ခန်းအောင်နိုင်ရေး ...ကို အဖွဲ့အသီးသီးက အစွမ်းကုန် ကြိုးစားကြ၏။ ကျွန်တော်တို့၏ ...အဖွဲ့ခေါင်းဆောင်မှာ ဒုဗိုလ်မှူးကြီးသန်းဒွေး ဖြစ်သည်။ သူက ရမ်ဆေး ...ကွမ်းသမားဖြစ်၏။ ရမ်သောက်သည်၊ ဆေးလိပ် သောက်သည်၊ ကွမ်း ...လည်း အဆက်မပြတ် စား၏။ မူးတူးတူးအရာများကို အားလုံးကြိုက်သူ ...ဖြစ်သဖြင့် စာတွေ မကြာခဏ သူ မေ့တတ်သည်။ သူ၏အဖွဲ့ငယ်၌ ...ဗိုလ်မှူးမြင့်ဇော်နှင့်ကျွန်တော့်ကို သူက အထူး အားထား၏။

" ဒီ ဟင်္သာကိစ္စတော့ ကိုယ့်ညီတို့ နှစ်ယောက်ပဲ ကိုယ့် အားကိုး ...တယ်၊ ကြိုးစားပြီး ရေးကြ ချွတ်ကြပါဦး "

ဒုဗိုလ်မှူးကြီးသန်းဒွေးက ကျွန်တော်နှင့် ဗိုလ်မှူးမြင့်ဇော်အား ...မကြာခဏ သူ့အခန်းတွင် ရမ်ကလေးဖြင့် ဧည့်ခံကာ မေတ္တာရပ်ခံ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်ကလည်း တတ်သမျှ မှတ်သမျှ ကြိုးစား၏။ (၄)ဖွဲ့လုံး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ခြေပုန်းခုတ်နေကြသည်။ ဟိုရှာ ရှာကြသည်။ ဟိုဆရာ ဒီဆရာတွေဆီ သွားကြသည်။ ကိုစိုးဝင်း ကိုအောင်ကြည့်ဆီက အကူအညီရယူသည်။ ဒါကို သိသည့် မြင့်ဇော်က

" ဟော့ကောင်၊ တို့လဲ အောင်ကြည်တို့ ညွှန့်ဝင်းတို့ဆီ သွား အကူအညီတောင်းရင် မကောင်းဘူးလား "

" မတောင်းပါနဲ့ဗျာ၊ ထားလိုက်စမ်းပါ "

" ဟ မင်းက ဘာအကြံကောင်းတွေများ ရှိနေလို့လဲ "

ကိုမြင့်ဇော်က ယနေ့ခေတ် တရုတ်သိုင်းကားများမှ ဇာတ်ကော များ အတိုင်း ကျွန်တော့် ကို မေးတော့သည်။ ထိုအခါ ကျွန်တော် သူ့ကို နားနားကပ်၍ နှစ်ကိုယ်ကြား တိုးတိုးပြောလိုက်ရာ ကိုမြင့် မျက်နှာကြီးမှာ တဖြည်းဖြည်းဝင်းလက်လာကာ ပြုံးသွားပြီး

" ဟေ ဟုတ်လား၊ ဒါဆိုလဲ ကောင်းတာပေါ့ကွာ "

ဟု ဆိုပါတော့သည်။

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်သည် ဟသ်ာလေ့ကျင့် (တိုက်စစ်)ရေးပြီးသော အခါသမယ၌ လူမသိအောင် အကာလ ညတ တွင် ဉစတ မှ စီနီယာနည်းပြ တစ်ဦးအိမ်သို့ ချီတက်သွား ပါတော့သ ထိုအခါ ညကြီးမင်းကြီးရောက်လာသည့် ကိုမြင့်ဇော်နှင့် ကျွန်တော် ကြည့်၍ ထိုနည်းပြကြီးက အံ့သြနေ၏။

" ဟ ညီလေး ကိုသက်ဦး၊ မင်း ညကြီးမင်းကြီး ဘာ အရေးကြီးလို့လဲ "

ကျွန်တော်နှင့် ဗိုလ်မှူးမြင့်ဇော်က လာရင်းကိစ္စကို ရှင်းပြသ ထိုအခါ ထိုနည်းပြကြီးက ကျွန်တော်တို့ပြုစုထားသည့် လေ့ကျင့် တစ်အုပ်လုံး အစအဆုံးဖတ်ရှု၍ ပြင်သင့် ပြင်ထိုက်သည်များကို ပြင် ပါတော့သည်။ ထိုညသန်းခေါင်ကိုင်မှ ပြီးသွား၏။

" ကဲ အစ်ကိုကြီး၊ ကျေးဇူးပဲဗျာ၊ မမဝင်းရော အိပ်ပြီလား "

" ဟ ဒီအချိန်တော့ မင်းမခစ်မကာ အိပ်ပြီပေါ့ဗျာ၊ ကဲ ဂျယ် တို့လဲ ပြန်တော့၊ မင်းတို့မဖွဲ့ နိုင်မှာပါ "



ဟုဆိုကာ ပြန်နိုင်းလိုက်ပါတော့သည်။ အမှန်လည်း တကယ် ကမ်း ပြိုင်ကြသည့်အခါ ကျွန်တော်တို့ နိုင်ခဲ့၏။ ကျွန်တော်တို့အဖွဲ့အား စပ်ညံ့ညံ့ ခပ်ချာချာဟု ကျန်အဖွဲ့များက ထင်ထားကြရာမှ အနိုင်ရ များသောအခါ စာသူရဲများက အလွန် အံ့သြသွားကြကုန်၏။

" ဟ ဦးသန်းဌေးတို့အဖွဲ့ ဘယ်လိုများ နိုင်ပြီး အရွေးခံလိုက်ရ သလဲ "ဟု မေးကြ စမ်းကြကုန်၏။

ဘယ်လို အရွေးခံရမလဲဗျာ၊ ကျွန်တော်တို့ကို အကြံပေးသည့် ထိုနည်းပြကြီးမှာ ဟသ်ာ Expert ဖြစ်၏။ သူသည် ထိုလေ့ကျင့်ခန်းတွင် ဆရာ ဖြစ်သည်။ ထိုအခရာဖြစ်သော နည်းပြကြီး၏ဇနီးမှာ ဘယ်သူမှ မသိသော အညာမှ ကျွန်တော်၏အစ်မဝမ်းကွဲ ဖြစ်၏။ အစ်မတစ်ယောက် လုံး ပေးထားရမှတော့ မောင်သက်ဦးတို့အဖွဲ့ နိုင်ပေမပေါ့ဗျာ။ ဒါကို ဗိုလ်တုန်းက ကိုမြင့်ဇော်မှလွဲပြီး ကျန်ဘယ်သူ့မှ မသိခဲ့ပါ။ အခုမှ အားလုံး သိအောင် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည် ခင်ဗျား။

## ယ တောင်တက်ခဲ့ကြစဉ်က

အချိန်က ၁၉၈၆ ခုနှစ်၊ အောက်တိုဘာလ။ သင်တန်း (၂၁)ပတ် မြောက်တွင် ဖြစ်၏။

ကျွန်တော်တို့သင်တန်းသားများသည် အောက်တိုဘာလ (၁၅) ရက် နေ့လယ် (၁၂)နာရီတွင် ဗထူးမှ ထွက်ခွါခဲ့၍ ညနေ (၃)နာရီ တွင် ကလောသို့ ရောက်သည်။ ကလောဂျိမ်တီအိုင်တွင် တည်းခိုကြသည်။ ကျွန်တော်တို့ လာရင်းမှာ တပ်မအဆင့် ခံ၊ ခွါ၊ တိုက်၊ ချီ လေ့ကျင့်ခန်း များ ဆောင်ရွက်ရန် ဖြစ်၏။ ဦးစွာပထမ တပ်မအဆင့် ခံစစ်ကို တီကောင် တောင်တန်းတွင် ပြုလုပ်၏။ ခံပြီးတော့ ခွါသည်။ တီကောင်တောင်တန်းမှ ကလောသို့ ခွါခဲ့၏။ ခွါပြီးတော့ ပြန်တိုက်သည်။ ကလောမှနေ၍ မြောက် ဘက်ရှိ တောင်တန်းများကို တိုက်စစ်ဆင်သည်။ ထိုတိုက်စစ်ဆင် သည့် နေရာမှာ နာမည်ကျော် ယ တောင်ဖြစ်၏။

ဤ ယ တောင်တွင် ကျွန်တော်တို့ သင်တန်းအတွက် ပြဿနာ တစ်ရပ် ဖြစ်ပွါးပါတော့သည်။

ပြဿနာကတော့ ဒီလိုပါခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က နည်းပြချုပ်က သင်တန်းသားများကို အောက်ပါ အတိုင်း ပြော၏။

" သင်တန်းသား အရာရှိကြီးများခင်ဗျား၊ အခုတိုက်စစ်မှာ ... တောင်ကို သင်တန်းသားအားလုံးချီတက်ပြီး စစ်ရေးသုံးသပ်ပါမယ်၊ မြေ အခြေအနေကို လမ်းတစ်လျှောက်လုံး သုံးသပ်သွားပါမယ်၊ သင်တန်းသား တွေနဲ့အတူ လုံးခြုံရေးတပ်စုတစ်စုပါ ပါမယ်၊ ဒီက ယ ရက် မနက် ... နာရီထွက်မယ်၊ သတ်မှတ်တဲ့နေရာကို ညနေသုံးနာရီထိုးရောက်အောင် သွားပြီး သတင်းပို့ရမယ်၊ ရောက် မရောက် ဟိုမှာ လက်မှတ်ထိုးပို့ နည်းပြအရာရှိတစ်ဦးက စောင့်နေမယ် "

နည်းပြချုပ်က အထက်ပါအတိုင်းပြောသောအခါ သင်တန်းသား များက ရယ်ကြသည်။ ဒီအသက် ဒီအရွယ်ကြီးရောက်မှ ဗိုလ်လောင်း တွေလို သတင်းပို့ခိုင်းသည်။ ကျောပိုးအိတ်နှင့် Short Range Penetration လျှောက်ခိုင်းသည်။ ကျွန်တော်တို့လို အသက်လေးဆယ် ခန့် ဒုတပ်ရင်းမှူးများအတွက် ပြဿနာ မရှိ။ ငါးဆယ်ကျော်နေသည့် ပေါ့ထောက် (အဘိုးကြီး)များ အတွက်ကတော့ လွယ်အံ့မထင်။ ဤကိစ္စ နှင့်ပတ်သက်ပြီး ကျောင်းသားခေါင်းဆောင် ဒုဗိုလ်မှူးကြီးသာဝင်းရှိန် သင်တန်းသား ဒုဗိုလ်မှူးကြီးအဆင့် အရာရှိတစ်ချို့က သိပ်အစာမကြေ ကြ။ အစာကြေတာ မကြေတာ အပထား၊ သင်တန်းသားဆိုတော့ ခိုင်းတာ လုပ်ရပါသည်။

နောက်နေ့ သတ်မှတ်ချိန်တွင် ကျွန်တော်တို့သင်တန်းသား အားလုံး ကျောပိုးအိတ်ကိုယ်စီဖြင့် ယ တောင်သို့ တက်ကြသည်။ ကျွန်တော်၊ ဗိုလ်မှူးစိုးမြင့်၊ ဗိုလ်မှူးစိုးဝင်း၊ ဗိုလ်မှူးစိုးလွင်၊ ဗိုလ်မှူးသိန်း လှိုင်တို့တစ်တွေသည် ထိပ်ဆုံးက ချီတက်သွားကြ၏။ မနက် ရှစ်နာရီ ကိုးနာရီခန့်တွင် မိုးနှင်းမြူများကြားမှ ယ တောင်အဖျားတွင်ရှိသည့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ရောက်သွားကြ၏။ နောက် မှရောက်လာမည့် လူများကို ငဲ့ညှာသောအားဖြင့် ကျွန်တော်တို့သည် ရှေ့ဆုံးရှိ ကျောင်းလေးတစ်ကျောင်းပေါ် တက်လိုက်သည်။ ကျောင်းမှာ ဘုန်းကြီးကျောင်း မဟုတ်၊ မယ်သီလရှင်ကျောင်းဖြစ်နေသည်။



ကျောင်းပေါ်တွင် မယ်သီလရှင် အိုကြီးနှစ်ပါးနှင့် အသက် ဆယ့် ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်ရှိ ဦးပြည်းစိမ်းစိမ်းနှင့် အလွန်ချောမောသော မယ်သီလရှင်လေးတစ်ပါးကို တွေ့ရ၏။ ကျွန်တော်တို့က တစ်ယောက် ငွေတစ်ရာစီ ထုတ်လှူရာ သီလရှင်ကြီးများက ကောက်ညှင်းပေါင်း ပူပူ နွေးနွေးအား ငါးခြောက်ဖုတ်နှင့် ရေနွေးကြမ်းပူပူ ခါးခါးလေးပါပြီး တည်ခင်းဧည့်ခံ၏။ စားစရာများမှာ ပူပူနွေးနွေးမို့ စား၍ ကောင်းပါသည်။ ကျွန်တော်တို့ သူငယ်ချင်းငါးယောက်က ကောက်ညှင်း ပေါင်းစားရင်း သီလရှင်ပျိုကလေးအား ဝိုင်းကြည့်ကြရာ သီလရှင်ကလေးမှာ ကျွန်တော် တို့ ကြည့်သည့်ဒဏ် မခံနိုင်သဖြင့် တဖြည်းဖြည်းနောက်သို့ ဖင်ရွှေ့ပြီး ဆုတ်ဆုတ်သွားရာ သီလရှင် အိုကြီးနှစ်ဦး၏ ရင်ခွင်တွင်းသို့ ရောက်သွား ၏။ ထိုအခါ ကျွန်တော်တို့ အချင်းချင်း လက်ကုပ်ပြီး တိုးတိုးတိတ်တိတ် "လွန်တယ်" ဟုပြော၍ အလိုက်သိစွာ အောက်ကို ဆင်းခဲ့ကြသည်။ အောက်တွင် လုံခြုံရေးမှ ရဲဘော် သုံးလေးယောက်ကို တွေ့ရာ

" ကဲ ဆက်ထွက်ကြစို့ "

ဟုဆိုပြီး ဆက်ထွက်လာ၏။ ဆက်အထွက်တွင် ကျောင်းဘေးရှိ အဝတ်လှမ်းသည့် ကြိုးတန်းပေါ်၌ မမျှော်လင့်သည့် ပစ္စည်းများကို သွားတွေ့သည်။ ထိုပစ္စည်းများကား သီလရှင် ခြုံထည်များနှင့်အတူ ရော လှမ်းထားသည့် ဘရာစီယာ လေးငါးထည်ပင်တည်း။

ထိုအခါ ပွိုင့်မှ စစ်သည်က အော်လိုက်သည်။

" ဟာ ဘရာစီယာတွေဟ၊ ဘယ်သူတွေ ဝတ်တာလဲတော့ မသိ ဘူး၊ ဆိုက်ကြီးကွ "

" ဟ ဒီပေါ်မှာတော့ လူဆိုလို့ မယ်သီလရှင်ပဲ ရှိတယ်၊ ဘယ် မိန်းမမှ မရှိဘူး "

တစ်ယောက်က ဝင်ပြော၏။

" မယ်သီလရှင်လဲ မိန်းမပဲလေကွာ "

တစ်ယောက်က ပြောပြန်သည်။

သူတို့ အချီအချ ငြင်းခုန်နေသည်ကိုကြည့်ပြီး ကျွန်တော်တို့က သဘောကျသော်လည်း ထိုကိစ္စ သူတို့အား ဆက်မဆွေးနွေးလိုသဖြင့် -

" ဟေ့ ရဲဘော်တွေ သွားကြ၊ သွားကြ "

ဟု အတင်း မောင်းထုတ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ထိုဘာရာစီယာများကို မည်သူတွေက ဝတ်သည်ဆိုသည်ကို ယနေ့တိုင် ကျွန်တော်တို့အတွက် ပဟေဠိ ဖြစ်နေပါသည်။ နေ့လယ် (၈) နာရီခွဲတွင် ရည်မှန်းချက်နေရာသို့ ရောက်သည်။ ရည်မှန်းချက်၌ နည်းပြ ဗိုလ်မှူးသိန်းထွန်းက အမှန်ပင် စောင့်နေ၏။ ရောက်သူများ အားလုံး သတင်းပို့ကာ ရောက်ချိန်ကို လက်မှတ်ထိုးကြရသည်။ လူသုံးဆယ်ခန့် ရောက်သည်။ ကျန်ဆယ်ဦးခန့်ကတော့ မရောက်လာကြ။ ထိုကိစ္စနှင့် ပတ်သက်ပြီး ဗထူးသို့ပြန်ရောက်သည့်အခါ မရောက်လာသူများအား နည်းပြချုပ်က ကျောင်းအုပ်ကြီးရုံးသို့ တင်ပါတော့သည်။ ဒုဗိုလ်မှူးကြီး သာဝင်းနှင့် ဆယ်ဦးခန့် ရုံးတင်ခံရ၏။ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ဉာဏ်မြင့်နှင့်ကျွန်တော်၊ ဒုဗိုလ်မှူးကြီးသာဝင်းတို့သည် တစ်တပ်တည်း နေခဲ့ကြသူများဖြစ်၏။

ထို့ကြောင့် များစွာ ခင်မင်ပါသည်။ ခင်မင်မှုကို အကြောင်းပြု၍ ဒုဗိုလ်မှူးကြီးသာဝင်းက ဖြစ်စဉ်အား ရှင်းပြသည်။ ကျောင်းအုပ်ကြီးက လက်မခံပါ။ ထိုအခါ အခြေအတင် ဖြစ်လာ၏။


" ခင်ဗျားက Complain လုပ်တာလား၊ Explain လုပ်တာလား "

ဟု မေးသည်။ မြန်းသည့် အဆင့်သို့တိုင် ရောက်သွားပါသည်။

ဒုဗိုလ်မှူးကြီးသာဝင်းသည် ထိုစဉ်က ရန်ကုန်တိုင်း ကျိုဝမ်းဖြစ်၏။ ကျိုဝမ်းဖြစ်ပြီးမှ ဥစတ လာတက်ခြင်းဖြစ်သည်။ ယခုလို ရုံးပြင်ကနား သွားရသည့်အခါ သူ့မှာ အတော်ပင် ကသိကအောင့် ဖြစ်သွား၏။ နောက်တော့ သင်တန်းသားအားလုံးက ဝိုင်းဝန်းတောင်းပန်ကြသဖြင့် ကိစ္စမှာ သိပ်မကြီးကျယ်တော့ဘဲ ပြီးဆုံးသွားပါတော့သည်။ သင်တန်းပြီးခါနီးမှ ယခုကဲ့သို့ဖြစ်သွား၍ အားလုံးက စိတ်မကောင်းဖြစ်ကြ၏။ ဤသည်ကား ယ တောင်တက်ခဲ့ခြင်းနှင့်ပတ်သက်၍ မမေ့နိုင်စရာများ ပါပေ။

## လားရှိုးသို့ သွားကြရာဝယ်

အောက်တိုဘာ နောက်ဆုံးအပတ်၌ စာမေးပွဲကြီးဖြေရ၏။ ကျွန်တော်လည်း နောက်ဆုံးပိတ် အိတ်ခဲ့ပွယ်၊ အစွမ်းကုန် အိတ်သွန် ဖာမှောက် ကြိုးစားပြီးပါရာ နောက်ဆုံးစာမေးပွဲတွင် အကောင်းဆုံး



စီစီဝမ်-တာပန် တိုက်ပွဲကြီးဖြစ်ပွားရာ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသပြ မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ဖြန်ိုင်လိုက်သည်။ ဖြေပြီး တစ်ရက်၊ နှစ်ရက်အတွင်း အမှတ်စာရင်း ထွက်လာ၏။ အမှတ်စာရင်း ကြည့်လိုက်သည့်အခါ လား- လား၊ ဒီတစ်ခါ တော့ ကျွန်တော်မောင်သက်ဦး နံပါတ် ခုနစ်ချိတ်ပါသည် ခင်ဗျား။

နိုဝင်ဘာလဆန်း နှစ်ရက်နေ့တွင် အချိန်ဇယားအရ သင်တန်း တစ်ခုလုံး ကျောင်းအုပ်ကြီးနှင့် နည်းပြချုပ်ဦးဆောင်၍ ရှမ်းပြည်နယ် မြောက်ပိုင်းသွားရန်အတွက် ကျောင်းမှ ယာဉ်တန်းဖြင့် ထွက်ခဲ့သည်။ ပထမနေ့ မိတ္ထီလာတွင်အခြေပြု၏။ ဒုတိယနေ့ မန္တလေးတွင် အခြေပြု၏။ တတိယနေ့တွင် လားရှိုးသို့ရောက်သည်။ လားရှိုး ခလရ(၄၁)၌ တစ်ရက် နားသည်။ နိုဝင်ဘာလ (၆)ရက်နေ့တွင် လားရှိုးမှ ကွတ်ခိုင်သို့ထွက်ခဲ့၏။ ကျွန်တော်သည် ရမခ၌ သုံးနှစ်ခန့် နေခဲ့ဘူးသော်လည်း လားရှိုး မြောက် ဘက်သို့ လုံးဝ မရောက်ခဲ့ဖူးပါ။ ကွတ်ခိုင်သို့ တစ်မနက်ခန့် သွားရ၏။ လမ်းတွင် သိန္နီရှိသည်။ သိန္နီသည် လားရှိုးနှင့် (၃၂)မိုင် ဝေးသည်။ သိန္နီကား လမ်းခွဲဖြစ်၏။ ညာသို့သွားက ကွမ်းလုံသို့ ရောက်သွားသည်။ ဘယ်သို့သွားက ကွတ်ခိုင်သို့ ရောက်သွားသည်။ ကွတ်ခိုင်အနီး တောင် များမှာ တောင်ပြောင်များ ဖြစ်သည်။ အလုံးလိုက်၊ အလုံးလိုက် ကြွနေ ကြ၏။ တစ်နေရာတွင် တောင်နှစ်လုံးသည် မိန်းမပျိုတစ်ဦး၏ ရင်သားပုံစံ သဖွယ် အညီအမျှ ဖုထစ်လုံးကြွနေရာ ကျွန်တော်တို့ သင်တန်းသားများ ထဲမှ တစ်ဦးက

"ဟော့ ဟိုမှာ ယ တောင်က ပျောက်သွားတဲ့ ဘရာစီယာ တစ် ထည် ပြန်တွေ့ပြီ "ဟု ဆိုလိုက်ရာ

"အောင်မယ် ကိုယ့်လူက စာကျတော့ မမှတ်မိဘူး၊ ဒါကျတော့ ပယ်မှတ်မိကိုး "

ဟု အခြားသင်တန်းသားတစ်ယောက်က ဝင်ပြောလိုက်ရာ တဝါး ဝါးဖြင့် ပွဲကျသွားကြ၏။ ကွတ်ခိုင် ခလရ(၄၅)တွင် သုံးည အိပ်ဖြစ်၏။ နောက်ဆုံးလေ့ကျင့်ခန်း ရွေလီအတွက် မြေအခြေအနေ ကြည့်ကြ၏။ ကွတ်ခိုင်၌ ရှေ့တန်းအမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ရှိ၏။ ကျွန်တော် တို့အား ဒုတပ်မမှူး ဗိုလ်မှူးကြီးတင်ထွဋ်က တွေ့ဆုံနှုတ်ဆက် စကား ပြော၏။ ကျွန်တော်တို့လည်း ကွတ်ခိုင်ပတ်ဝန်းကျင်တွင် မြေအခြေအနေ ကြည့်ပြီးသောအခါ နိုဝင်ဘာလ (၉)ရက်နေ့၌ ကွတ်ခိုင်မှ ပြန်ဆင်းခဲ့၏။ ကျွန်တော်တို့ ကွတ်ခိုင်တွင်ရှိစဉ်က ကွတ်ခိုင်ပတ်ဝန်းကျင် တစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



မိုးနှင်းတွေဖုံး၍ မှုန်မှိုင်းအုံ့ဆိုင်းနေသည်။ ကြည့်ရသည်မှာ မကြာမီ ဘေးအန္တရာယ်တစ်ခု ကျရောက်တော့မည့် အရိပ်လက္ခဏာများလေလား ဟု ကျွန်တော့်စိတ်ထဲတွင် မဆီမဆိုင် သွားထင်နေမိ၏။ ဘယ်လို အန္တရာယ်ဆိုတာကိုတော့ မပြောတတ်ပါခင်ဗျား။

## ဧည့်စာရင်း အစစ်ခံရမည့်ဘေးမှ သီသီကလေး လွတ်သွားခြင်း

ကွတ်ခိုင်မှပြန်ရောက်ပြီး လားရှိုးတွင် လေ့ကျင့်ခန်းရှေ့လီအား တစ်ပတ်ခန့် ရေးရ၏။ သင်တန်းပြီးသလောက် ဖြစ်နေ၍ အားလုံးက ပေါ့ပေါ့ပါးပါးဖြစ်နေကြသည်။ လေ့ကျင့်ခန်းအား ကိုယ့်ခွဲတန်းအရ ရေးပြီး သည်နှင့် အားလပ်သွား၏။ ထိုအခါ ဟိုလယ် ဒီလည်လည် ဖြစ်ကြသည်။ ဤသို့ လယ်ရင်းပတ်ရင်း တစ်ရက်တွင် ကျွန်တော်နှင့် သူငယ်ချင်းတစ်ဦး သည် လားရှိုးဈေးထဲ၌ လွယ်ငင်းမှ လိမ္မော်သီးလာရောင်းသည့် ရှမ်း အမျိုးသမီးလေးနှစ်ဦးနှင့် မိတ်ဆွေသွားဖြစ်၏။ အသက်နှစ်ဆယ်သာသာ ချောချောမောမော ရည်ရည်မွန်မွန်ကလေးများ ဖြစ်သည်။ ကျွန်တော်က လည်း မိုင်းရယ် နေဖူးသူဖြစ်သဖြင့် လွယ်ငင်းသူကလေးများအား ခင်ခွင်မျိုး စပ်လိုက်၏။

ထိုအခါ လွယ်ငင်းသူကလေးများက " ကျွန်မတို့ ကြန့်နှစ်ကောင် ဟိုတယ်မှာ တည်းပါတယ်၊ ဗိုလ်လုံတို့ လာလည်ပါ " ဟု ဖိတ်ပါသည်။ နှစ်ခါ မခေါ်ရပါ၊ ထိုနေ့ညက ကျွန်တော်တို့ ထိုဟိုတယ်သို့ သွားလည်ကြ သည်။ စကားပြောရင်းပြောရင်း နည်းနည်းမိုးချုပ်သွား၏။ ကျွန်တော်တို့ က အခန်းကျယ်တစ်ခုအတွင်း မီးပျက်သဖြင့် ဖယောင်းတိုင်များထွန်းကာ စကားပြောနေစဉ် အပြင်မှ ဝုန်းဝုန်း ဒိုင်းဒိုင်း ဆူညံသံများ ကြားရသည်။

" ဟေ့ တံခါးတွေ ဖွင့်၊ တံခါးတွေ ဖွင့် "ဟုလည်း အော်သံ ကြားရသည်။ ကျွန်တော်က အပြင်ကို ချောင်းကြည့်လိုက်ရာ သေနတ်များ လွယ်ထားသည့် ရဲဆယ်ဦးခန့် တွေ့လိုက်သည်။ ထိုအချိန်တွင် ကျွန်တော့် အဖော်မှာ အပြင်ခဏထွက်သွားပြီး ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့ ချိန်ဖြစ်၏။ အများနှင့်တစ်ယောက် ပြဿနာဖြစ်သွားနိုင်သည်။ ရဲတွေက ဘာလာလုပ်တာ ပါလိမ့်၊ ကောင်းတဲ့ လက္ခဏာတော့ မဟုတ်။ ထို့ကြောင့် အခြေအနေ သုံးသပ်ပြီး



" ကဲ ကိုယ့်ညီမတို့ ဘာတွေမှန်းတော့ မသိဘူး၊ ဝုန်းဝုန်း ဒိုင်း ဒိုင်း ဆူဆူညံညံနဲ့ ဘာသံတွေလဲ မသိဘူး၊ နောက်မှ ဆုံကြတာပေါ့ "ဟု ဟိုတယ်မှ အသာလစ်ထွက်ခဲ့ပါသည်။ ထိုဟိုတယ်မှာ ကျွန်တော်နှင့် တပ်ရင်းမှူးသင်တန်းအတူတက်ခဲ့သည့် DSA (၉)မှ ဗိုလ်ဖရက် စန်းဝင်း၏ ဟိုတယ်ဖြစ်သည်။ နောက်နေ့ မိုးလင်းချိန်တွင် သူနှင့်တွေ့ရာ

" ကိုစန်းဝင်း ညကဗျာ၊ ခင်ဗျား ဟိုတယ်သွားလည်ပါတယ်၊ ရုတ်ရုတ်နဲ့ ဘာဖြစ်တာလဲ "

" ဟဲ ဟဲ၊ ဧည့်စာရင်းစစ်တာ အစ်ကိုရေ၊ ဧည့်စာရင်းစစ်တာ၊ အပေါ်မှာ တိုက်ပွဲတွေ ဖြစ်နေလို့ အရေးပေါ်လူလိုလို့ ရဲက ဧည့်စာရင်း စစ်ရင်း လူလာရှာတာတဲ့ "

" တိုက်ပွဲက ဘယ်မှာ ဖြစ်တာလဲ "

" စီစီဝမ်၊ တာပန်ကို ဗကပတွေ ဝင်တိုက်တယ်၊ အင်အား နှစ်ထောင် သုံးထောင်လောက် ရှိတယ်ပြောတယ်၊ အခု ချနေကြပြီ၊ အဲဒီ အတွက် ရဲက အရေးပေါ် လုံခြုံရေးအစီအမံအရ ဧည့်စာရင်း လိုက်စစ် တာလေ "

" ဟား ဟား၊ ဟား ဟား၊ အောင်မယ်လေး ဒီလိုဆို ကျွန်တော် ကံကောင်းလို့ ရဲအဆွဲ ခံရတော့မလို့ပေါ့နော် "

ဟု ပြောလိုက်မိပါတော့သည်။

## ကျွန်တော်သိသော စီစီဝမ်၊ တာပန်တိုက်ပွဲကြီး

၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ (၁၆)ရက်နေ့၌ နည်းဗျူဟာ(၉၉၃)မှ တာဝန်ယူထားသည့် စီစီဝမ်၊ တာပန်ဒေသအား ဗကပမြောက်ပိုင်း ဗျူရိုမှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တိုက်ပွဲစဉ်များမှာ ၁၉၈၇ ခုနှစ်၊ ဖေဖော်ဝါရီ လအထိ သုံးလတာမျှ ကြာခဲ့၏။ နိုဝင်ဘာလ (၁၈)ရက်၌ ဤတိုက်ပွဲ နှင့်ပတ်သက်ပြီး တိုင်းမှူး ဗိုလ်မှူးကြီးမောင်အေး(ယခု ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး)၊ ကစထမှူး ဗိုလ်ချုပ်စိန်အောင်တို့က ကျွန်တော်တို့သင်တန်း သားများနှင့်တွေ့ဆုံကာ အခြေအနေကို ပြောပြကြ၏။ တိုက်ပွဲအစပိုင်း၌ ခန်းအချို့ ကျဆုံးသွားသည်။ တိုက်ပွဲပြင်းထန်နေသည့် နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



(၁၉)ရက်တွင် ကျွန်တော်တို့ လားရှိုးမှ မန္တလေးသို့ ပြန်ဆင်းခဲ့ကြသ
ကျွန်တော်တို့ ပြန်ဆင်းလာချိန်၌ ဗကပနှင့် ဗမာ့တပ်မတော် အသ
အသန် ထွေးလုံးရစ်ပတ် တိုက်ခိုက်နေချိန် ဖြစ်၏။ ဘာမှ ရေရေရာ
မသိရသေး။

နည်းဗျူဟာမှူးမှာ တစ်ခြားသူ မဟုတ်ပါ၊ ကျွန်တော်၏ သ
(၁) တပ်ရင်းမှူးဖြစ်ခဲ့သူ ဗိုလ်မှူးကြီးကိုလေး(ယခု မြို့တော်ဝန်၊ ဦးကို
ဖြစ်၏။ တိုက်ပွဲဖြစ်နေချိန်၌ ဗိုလ်မှူးကြီးကိုလေးမှာ ကုန်သွယ်ရေး
ပြောင်းရွှေ့အမိန့်ထွက်ပြီး ဖြစ်သည်။ အမိန့်ထွက်ပြီးသော်လည်း
တိုက်ပွဲစဉ်ကြီးကို ပြီးအောင် တိုက်လိုက်ရသည်။


ကျွန်တော် မြို့တော် စည်ပင်ရောက်သောအခါ မြို့တော်ဝန်
က " အဲဒီတိုက်ပွဲကာလမှာ ရေတောင် တစ်ခါမှ မချိုးလိုက်ရပါ
တပည့်တွေလဲ အဲတော်မာလကာသီး စားကုန် ကြတယ်၊ နောက်ဆုံး
အိတ်နဲ့လွယ်လိုက်ရတယ်ဗျို့ " ဟု ထိုတိုက်ပွဲအကြောင်းကို မကြာ
ပြောလေ့ ရှိသည်။

ပြီးခဲ့သည့် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်က ကျွန်တော် မူဆယ်
သွားရာတွင် ထိုစီစီဝမ်၊ တာပန်ဒေသသို့ နှစ်ရက်ခန့် သွားရော
လေ့လာခဲ့ပါသည်။ စီစီဝမ်၊ တာပန်တိုက်ပွဲကြီးက ဗကပတို့၏ ကျဆုံး
နိဒါန်းအစဖြင့် ဖြစ်ကြောင်း၊ စီစီဝမ်- တာပန်၊ ကြူကုတ်- ပန်
မူဆယ်- နမ့်ခမ်းသို့ ရောက်သောအခါ ကျွန်တော်သဘောပေါက်ပါသ
မြေအခြေအနေကိုကြည့်၍ ကျွန်တော်တို့ တပ်မတော်သားများ မည်
မည်မျှ စွန့်စားတိုက်ခိုက်ခဲ့ရသည်ကိုလည်း ကျွန်တော် နားလည်လို
ပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဗိုလ်မှူးကြီးကိုလေးက "ကျွန်တေ
တိုက်ပွဲဝင်ခဲ့ရသော **စီစီဝမ်၊ တာပန်တိုက်ပွဲကြီး**" စာအုပ်ကို ရေး
ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

## သင်တန်း ဆင်းပါပြီ

လားရှိုးတွင် လေ့ကျင့်ခန်းရွှေလီအား အပြီးသတ်ရေး
ကျွန်တော်တို့တစ်တွေ သင်တန်းဆင်းရန်အတွက် လားရှိုးမှ ရန်ကု
ထွက်ခဲ့ကြ၏။ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် ရန်ကုန်သို့ ရောက်သည်




ဝမ်-တာပန် တိုက်ပွဲကြီးဖြစ်ပွားရာ ရှမ်းပြည်နယ်မြောက်ပိုင်း
ဒေသပြ မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



နေရပင်ကွေ့၌ တည်းကြရ၏။ ကျွန်တော်က ဒုဗိုလ်မှူးကြီးသာဝင်း၏ ကောင်းမှုကြောင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ပိုင့်လော့ရိပ်သာတွင် အခန်းရ၏။ တပ်မှလိုက်လာသည့် ဇနီးနှင့်အတူ ပိုင့်လော့ရိပ်သာတွင် တည်းသည်။ ကျွန်တော်နှင့်အတူ အခန်းရသူများမှာ ဒုဗိုလ်မှူးကြီး တင်စိုး(ယခု သံအမတ်ကြီး)၊ ဗိုလ်မှူးမြင့်ဇော်(ယခု အငြိမ်းစား၊ ဗိုလ်မှူးကြီး)၊ ဒုဗိုလ်မှူးကြီးမောင်ငွေး စသည်တို့ တည်းခိုကြ၏။

ဤနေရာတွင် သတိရနေသည်လေး တစ်ခုပြောလိုပါသေးသည်။ ဇနီးများ လိုက်လာသည့်နေ့က ကျွန်တော်က အခန်းနံပါတ်(၁)၊ ဒုဗိုလ်မှူးကြီးတင်စိုးက အခန်းနံပါတ်(၂)၊ ဗိုလ်မှူးမြင့်ဇော်က အခန်း နံပါတ်(၃) ဖြစ်၏။ မိန်းမများလိုက်လာ၍ စောစောတံခါးပိတ်ကာ အိပ်ရန် ပြင်ကြသည်။ ကျွန်တော်က ဇနီးနှင့်တပ်အကြောင်း၊ ဘာအကြောင်း ညာအကြောင်း၊ ဟိုမေး ဒီမေး မေး၍ စကားကောင်းနေစဉ် ည (၈)နာရီ ခန့်၌ ဒုဗိုလ်မှူးကြီးတင်စိုး၏ အခန်းနံပါတ်(၂)မှ "ဝုန်းကနဲ" ခုတင် ပြိုကျသံ ကြားရ၏။ ခုတင်များက သိပ်မခိုင်၊ ခနော်နီ ခနော်နဲ့နဲ့ အလှုပ်အလှည့် သိပ်မခံလှ။ ရိပ်သာတွင်လည်း လူမနေသည်မှာ ကြာပြီ ထင်၏။ ဟိုဘက် ခန်းက ခုတင်ပြိုကျသံကြား၍ ကျွန်တော်တို့ဇနီးမောင်နှံ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ထိုညက ကြမ်းပေါ်ဆင်း အိပ်လိုက် ကြ၏။

နောက်နေ့ မိုးလင်းသော် ကျွန်တော်က ဒုဗိုလ်မှူးကြီးတင်စိုး အား

" အစ်ကိုကြီးရယ်၊ ခုတင်တောင် ပြိုရသလားဗျာ "ဟု စလိုက် ရာ

" အင်း၊ မောင်ရင်ပြောတော့မယ်ဆိုတာ ကိုယ်ထင်သားပဲ၊ ခုတင်က ကိုယ်တက်ထိုင်လိုက်တာနဲ့ ပြိုသွားတာပါကွာ "ဟု ပြန်ပြော၏။

ဘေးမှနားထောင်နေသူများက ပြုံးစိစိဖြင့် ဒုဗိုလ်မှူးကြီးတင်စိုး အား "လွန်တယ်" ဟု ဝိုင်းပြောကြ၏။ ထိုအခါ ဒုဗိုလ်မှူးကြီးတင်စိုးက

" မောင်ရင် လုပ်တာနဲ့ ကိုယ်တော့ နာမည်ကြီးပါပြီကွာ "ဟု ဆို၏။

ပြီးခဲ့သည့်နှစ်က ဒုဗိုလ်မှူးကြီးတင်စိုး မပခ ဒုတိုင်းမှူးမှ သံ အမတ်ကြီးတာဝန်ဖြင့် နိုင်ငံခြားမထွက်ခွါမီ ကျွန်တော်ရှိရာ ဥတ္တိုက်ကွင်း သို့ လယ်/ဆည် ဒုဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် အလည်ရောက်

www.burmeseclassic.com

www.burmeseclassic.com

လာရာ ထိုခုတင်ပြိုသည့်ကိစ္စကိုပြောပြီး တဟားဟားဖြင့် ရယ်မောကြ ပါသေးသည်။ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ပေါ့ ခင်ဗျာ။ (ဒါလေ ဖော်ပြလိုက် သည်ကို ခွင့်လွှတ်ပါ အစ်ကိုကြီး ကိုတင်စိုးခင်ဗျား။)၁

ရန်ကုန်တွင်ရှိစဉ် ကျွန်တော်တို့ သင်တန်းသားများအား စစ်ရုံး အရာရှိကြီးများက လာရောက် သင်တန်းပို့ချ၏။ သင်တန်းပို့ချသူများမှာ ဗိုလ်မှူးကြီးစိန်ရ(ယခု အငြိမ်းစား၊ ဗိုလ်မှူးချုပ်)၊ ဗိုလ်မှူးကြီးသန်းဦး (ယခု အငြိမ်းစား၊ ဗိုလ်ချုပ်)၊ ဗိုလ်မှူးကြီးခင်ညွန့်(ယခု အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်)၊ ဗိုလ်မှူးကြီးချစ်ဆွေ(ယခု အငြိမ်းစား၊ ဗိုလ်ချုပ်ကြီး) တို့ ဖြစ်၏။

နိုဝင်ဘာလ (၂၈)ရက် သင်တန်းဆင်းပွဲအား စစ်ရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။ သင်တန်းဆင်းမိန့်ခွန်းအား ဒုတိယတပ်မတော် ကာကွယ် ရေး ဦးစီးချုပ် ဗိုလ်ချုပ်သန်းရွှေ (ယခု ဗိုလ်ချုပ်မှူးကြီး သန်းရွှေ)က ပြောကြားပြီး သင်တန်းဆင်းပေးခဲ့၏။ ထို့နောက် စစ်ရုံးခန်းမတွင် ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ကျွန်တော်တို့အတူတူ နေ့လယ်စာ စားသုံးကြသည်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်း သား တစ်ဦးစီအား လိုက်လံနှုတ်ဆက်သည်။ ကျွန်တော့်အား မြင်သည့် အခါ ကောင်းစွာ မှတ်မိပြီး

" ဟေ့ မင်းက အခု ဘယ်တပ်မှာလဲ "

" ခလရ(၇၁) အောင်လံမှာပါ ခင်ဗျာ "

ဟု ကျွန်တော်က သတိဆွဲကာ ပြန်ဖြေလိုက်၏။ ဒုချုပ်က ခေါင်းညိတ်အသိအမှတ်ပြုကာ ထွက်ခွါသွား ပါသည်။

ကျွန်တော့်တပ်မမှူးဟောင်းက ကျွန်တော့်အား သိသေးသဖြင့် အတော်ပင် ကျေနပ်မိပါသည်။ သင်တန်းဆင်းပွဲကြီးပြီးသည့်အခါ ရန်ကုန် ဘူတာကြီးသို့ ဆင်း၍ လာကြိုနေသော ဇနီး၊ သားသမီးများနှင့်အတူ ပြည်ရထားဖြင့် ထွက်ခဲ့သည်။ ည (၈)နာရီတွင် ပြည်ဘူတာသို့ ဆိုက်၏။ တပ်က ကား လာကြိုနေသည်။ ကားဖြင့် ဆက်ထွက်ခဲ့ရာ ည (၁၀)နာရီ တွင် အောင်လံသို့ ပြန်ရောက်၏။

ဤသို့အားဖြင့် စစ်ဦးစီးတက္ကသိုလ် အထူးသင်တန်း အမှတ်စဉ် (၂/၈၆)ကို အောင်မြင်စွာ တက်ရောက် ပြီးဆုံးခဲ့ပါသည်။ တက္ကသိုလ်ကြီး ကတော့ အဆင့်မြင့်စစ်ပညာတွေ သင်ခဲ့ပါပြီ။ စာလည်း အသည်းအသန် ...



...ကားခဲ့ပါသည်။ အဆင့်မြင့်တပ်မှူးကြီး တာဝန်ပေးမယ်ဆိုရင်လည်း ...င်သက်ဦးတစ်ယောက် လုပ်လို့တော့ ရလောက်ပါပြီ။ တပ်ရောက်ပြီး ...တော့ ရှေ့တန်း ပြန်တက်ရပါဦးမည်။ ဘာများ လုပ်ရဦးမလဲဆိုတာ ...ကို မသိသေးဘူးပေါ့ ခင်ဗျာ။

× × × ×

ဓိ ✱ ၈၁၉၀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)
## ရှေ့တန်းသို့ တစ်ဖန်ပြန်ရပြန်ပါပြီ

### ရှေ့တန်းသို့ ပြန်တက်ရပြီ

စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းဆင်းပြီးသည့်နောက် ... တွင် ရက်အနည်းငယ် နေခဲ့ရ၏။ တပ်သို့ ရောက်လျှင်ရောက်ချင်း ... မိုးမိတ်ရှိ တပ်ရင်းမှူးထံ အောက်ပါအတိုင်း ကြေးနန်းပို့လိုက်သည်။

" ဒုရင်းမှူး ဥစဟ အထူး ၂/၈၆ တက်ရောက်နေ... သင်တန်းပြီးဆုံး၍ ရင်း ၄နခ သို့ နို ၂၈ တွင် ပြန်လည်ရော... ကြောင်း တင်ပြအပ် "

ထိုအခါ စစ်ကြောင်း(၁)မှ တပ်တွင် တစ်ပတ်နားပြီး ရှေ့တ... ပြန်တက်လာရန် အကြောင်းပြန်လာ၏။ သို့ဖြစ်၍ ကျွန်တော်... တပ်တွင် တစ်ပတ်ခန့်နားကာ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ရှေ့တ... ပြန်တက်ခဲ့၏။ (၇)ရက်နေ့တွင် မိုးမိတ်သို့ ရောက်ရှိ သတင်း... တပ်ရင်းမှူးက

" ဗိုလ်မှူး တူးအိုင်စီ၊ ခင်ဗျား သင်တန်းသွားတာ ... တော် ကတ်လာပြီပေါ့၊ ခင်ဗျားပြန်လာတာ အတော်ပဲ၊ ကျွန်တော် ... နေလို့ ဆေးစစ်ပြန်ဖို့ ရှိတယ်၊ ခင်ဗျား မိုးမိတ်မှာ ခဏနေလိုက်... ကျွန်တော် တပ်ကနေတစ်ဆင့် ရန်ကုန်သွား ဆေးစစ်မယ် "

ခရီးရောက်မဆိုက် တပ်ရင်းမှူးကြီးက အထက်ပါအတိုင်း ပြောသည်။ ကျွန်တော်နှင့်တပ်ရင်းမှူး မိုးမိတ်တွင် တစ်ရက်အတူနေပြီး နောက်တစ်နေ့၌ နမခ၏ခွင့်ပြုချက်အရ တပ်ရင်းမှူးက ကျွန်တော့်အား စစ်ကြောင်း တာဝန်လွှဲ၍ ဆေးစစ်ရန် ပြန်သွားပါတော့သည်။

ကျွန်တော်ပြန်ရောက်သည့်အချိန်မှာ မိုးမိတ်၏ဆောင်းကာလ ဖြစ်၏။ မိုးမိတ်ဆောင်းကား ရံဖန်ရံခါ မိုးရွာတတ်၏။ အေးသည့်အချိန်တွင် အထူးအေး၏။ ယခု ဆောင်းကား မိုးတော့ မရွာ။ သို့ရာတွင် နေကတော့ တော်တော်နှင့် မပွင့်။ နှင်းငွေ့လွှမ်းခြုံထားသော ကမ္ဘာဇတိုင်း၏ သဘောသဘာဝများကို ပြသနေသည်ဟု ထင်ရ၏။ မြို့အထွက်က မိုးမိတ်နှင့် နမ့်မောင်းမှော်းများတွင် ရေမွှေ့များက ပျံ့တက်လျက် မှုန်းများဖြင့် မရာပြီး တောင်ဘက် မိုးကုတ်သွားရာ ကြေးနီတောင်ကြီးထိမှ တောင်ခိုးများနှင့်ပါ ယှက်လိမ်လျက် နေလေသည်။ လွှမ်းမောစရာကောင်းသော သဘာဝအလှတစ်ခုပါပင်။ မိုးမိတ်၏ ဆောင်းကာလ သဘာဝအလှကိုကြည့်ပြီး ကျွန်တော်ငယ်စဉ်က ဖတ်ခဲ့ဖူးသည့် ဆရာကြီး မင်းသုဝဏ်၏ ကဗျာများထဲမှ ကဗျာလေးတစ်ပုဒ်ကို ပြေး၍ သတိရမိပါသေးသည်

" တောင်ခိုးနှင့် ဟိမ်း ရောယှက်လိမ်သျက်
ပန်းနှင့် မြောင်ခိုး၊ မြောင်ကို မိုး၍
မိုးကို မမြင်၊ ကန်ရေပြင်တွင်
ငွေသွင် တိမ်ရိပ် ကူးသတည်း "

ဟူ၍ပင် ဖြစ်ပါ၏။ အလွန်ဆိုလို့ ကောင်းလှ၏။ ဆရာကြီး မင်းသုဝဏ်ငယ်စဉ်က ဂျိန်ဗာကမ်းရိုးတန်းရောက်စဉ်က စပ်ဆိုခဲ့သည်ဟု သိရပါသည်။ ကဗျာကောင်းသော့ ယခုထက်တိုင် ကြာရှည်ခံနေပါ၏။

### ဗိုလ်မှူးတင်ထွန်းနှင့် သိကျွမ်းခြင်း

ကျွန်တော်သည် ဂျိတ္တဘဝမှ လာသူဖြစ်သဖြင့် စစ်ကြောင်းရုံးများတွင် နေ့စဉ် Briefing ခေါ် စစ်ဆင်ရေး ဖော်ပြချက်အစည်းအဝေးများ ပြုလုပ်လေ့ရှိ၏။ ယခုလည်း တပ်ရင်းမှူး၏ မိုးမိတ် စစ်ကြောင်းကိစ္စရပ်များ ကိုလည်း စစ်ဆင်ရေးအစည်းအဝေးကို နေ့စဉ်ပုံမှန် ပြုလုပ်မြဲ ယနေ့

www.burmeseclassic.com



အစည်းအဝေးတွင် ထောက်လှမ်းရေးအရာရှိ ဗိုလ်မင်းတင်မှ တပ်တည် တပ်လှုပ်တင်ပြရာ၌ ရတာ ခလရ(၈၇) စစ်ကြောင်း(၂)နှင့် တပ်ခွဲနှစ်ခွဲအား မိုးမိတ်လေယာဉ်ကွင်းတွင် နမခ အစီအစဉ်ဖြင့် အရံတည်ဆောက်ထား ကြောင်း ပါရှိလာ၏။

" စစ်ကြောင်းမှူးက ဘယ်သူလဲကွ "

ကျွန်တော်က မေးလိုက်သည်။

" ဗိုလ်မှူးတင်ထွန်းပါ ခင်ဗျာ၊ ခလရ(၈၇)က ဒုတပ်ရင်းမှူးပါ "

ထိုစဉ်က နမခအောက်တွင် အောင်လံ၌ ခလရ(၇၁)၊ ပျဉ်းမနား၌ ခလရ(၈၅)၊ ပခုက္ကူ၌ ခလရ(၈၇)၊ မင်းဘူး၌ ခလရ(၈၈)၊ မန္တလေး၌ ခလရ(၉၅)၊ ရွှေဘို၌ ခလရ(၄၂) စသည်ဖြင့် တပ်ရင်းများ ရှိနေသည်။ နမခတပ်များမှာ သိပ်ကြီးကျယ်သော စစ်ဆင်ရေးများမရှိသဖြင့် အခြား တပ်များနှင့်နှိုင်းယှဉ်ပါက အတော်အတန် သက်သာ၏။ ထို့ကြောင့် ထိုတပ်များသို့ သွားချင်သူ များလှသည်။ ကျွန်တော် ဂိုတူးဘဝမှ ဒု တပ် ရင်းမှူးအဖြစ်ထိ ဒုတပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်က ကျွန်တော့် အား အနေအစားချောင်သည့် ဘပ်သို့ တောင်းပြီး ပြောင်းသွားသည်ဟု ပြောပြီး

" မင်းလိုပဲ အဲဒီမှာ ငါ့အတပည့်တစ်ယောက်လဲ ရှိတယ် တင်ထွန်းတဲ့၊ ပခုက္ကူ ခလရ(၈၇)မှာ "

ဟု မှာလိုက်သည်။ ဒုတပ်မမှူးသည် အလွန်စကားနည်း၏။ တော်တော့်လူကိုလည်း သူ့တပည့်ဟု ပြောခဲ့၏။ ကျွန်တော်သည် သူ့၏ ဒေါ်ခင်သော်တာဟန်နှင့် ရန်ကုန်တက္ကသိုလ် ဘီအိုစီကောလိပ်၌ အလွန် ရင်းနှီးသော ကျောင်းနေဘက်သူငယ်ချင်းဖြစ်ခဲ့၏။ မိန်းမ၏ သူငယ်ချင်း ဖြစ်သူ ကျွန်တော့်ကိုပင်လျှင် သူ့တပည့်ဟု မပြော။ ယခု ဗိုလ်မှူးတင်ထွန်း ကို သူ့တပည့်ဟု ဆိုလိုက်ရာ အတော်ထူးခြားနေသည်။ သို့ဖြစ်သော ကြောင့် ထိုနေ့ညနေတွင် ကျွန်တော်သည် စစ်ကြောင်းရုံး တာရိုးစခန်းမှ ဂျစ်ကားဖြင့် မိုးမိတ်လေယာဉ်ကွင်းသို့ တစ်ဦးတည်း ထွက်ခဲ့ပါသည်။ တာရိုးစခန်းနှင့်လေယာဉ်ကွင်းမှာ နှစ်မိုင်ခန့် ဝေးပါသည်။ ခလရ(၈၇) စစ်ကြောင်း(၂)ရုံးအား လေယာဉ်ရုံးတွင်ပင် ဖွင့်ထား၏။

" ကိုယ်က ခလရ(၇၁)က ဒုတပ်ရင်းမှူးပါ၊ မင်းတို့ ဒုတပ်ရင်းမှူး ဗိုလ်မှူးတင်ထွန်းနဲ့ တွေ့ချင်လို့ လာတာပါ "



ရုံးတွင် တွေ့သည့် အရာရှိငယ်လေးတစ်ဦးအား ကျွန်တော်က ပြောလိုက်သည်။

" ဩော် ရှိပါတယ်ခင်ဗျ၊ ဒုတပ်ရင်းမှူး အခန်းထဲမှာ နားနေ ပါတယ်၊ ကျွန်တော် သွားခေါ်လိုက်ပါ့မယ် "

ကျွန်တော်က အခန်းအပြင်မှ စားပွဲတွင် ထိုင်စောင့်နေလိုက် သည်။ ထိုအခါ အခန်းထဲမှ ကုလားပလေကပ်ပုဆိုး အပြာရောင် တစ်ထည်နှင့် စပို့ရှပ်လက်ရှည် စိမ်းပြာရောင်တစ်ထည် ဝတ်ထားသည့် အသက်လေးဆယ်ခန့် အရာရှိတစ်ဦး ထွက်လာသည်။ သူက အပြင် ရောက်သည်နှင့် ချိုသာသောအပြုံးဖြင့် " ကျွန်တော် တင်ထွန်းပါ "ဟု ဆိုပါတော့သည်။

" အေးဗျာ၊ ကျွန်တော်က သက်ဦးပါ၊ ကိုတင်ထွန်းတော့ တစ်ခါမှ မတွေ့ဘူးဘူး၊ ဒါပေမယ့် အင်မတန်စကား နည်းတဲ့ ကျွန်တော့် ဒုတပ်မမှူး ဗိုလ်မှူးကြီးသိန်းဟန်က ငါ့တပည့် တင်ထွန်း၊ ငါ့တပည့်တင်ထွန်းနဲ့ ပြောလွန်းလို့ဗျာ၊ အဲဒါ ကိုတင်ထွန်းကို တွေ့ဘူးမြင်ဘူးပြီး မိတ်ဆွေ ဖြစ်အောင် လာခဲ့တာပဲ "

ကျွန်တော်က ထိုသို့ပြောလိုက်သည့်အခါ ကိုတင်ယွန်းက လှပစွာ ပြုံးလိုက်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်အတူထိုင်၍ ရှေး မဟောင်းနှောင်းဖြစ်များ၊ စပ်မိစပ်ရာများကို ပြောဖြစ်ကြ၏။ ကိုတင်ထွန်းက ကျိုင်းတုံက ရှမ်းအမျိုးသမီးအား ယူထားသူဖြစ်သည်။ သူသည် ရှမ်းပြည် တွင် အနေကြာ၏။ ထို့ကြောင့် ရှမ်းအမျိုးသမီးနှင့် အကြောင်းဆက် ပေါင်းဖက်လာသည်။ ကျွန်တော်က ကရင်ပြည်နယ်တွင် အနေကြာ၏။ ထို့ကြောင့် ကရင်အမျိုးသမီးနှင့် အိမ်ထောင်ကျလာသည်။

ကျွန်တော်တို့ စစ်သားဆိုသည်များကလည်း ထားရာနေ စေရာ သွားဆိုတော့ အနေကြာသည့် နေရာက အမျိုးသမီးများနှင့် အိမ်ထောင် ကျသည်မှာ မဆန်းလှပါ။ ကျွန်တော် ဒုတပ်ရင်းမှူးဘဝနှင့် ကကကျင့်နှင့် တွဲရစဉ်က အမေရိကန်သို့ စစ်သင်တန်းများ သွားတက်သည့် အရာရှိများ ပြန်လာသည့်အခါ ၎င်းတို့နှင့်အတူ သင်တန်းသားများ၏ ကိုယ်ရေး ရာဇဝင်များအား စုချုပ်ထားသည့် စာအုပ်များပါလာသည်ကို တွေ့ရ၏။ ထိုစာအုပ်ထဲ၌ သင်တန်းသားများသာမက ကျောင်းအုပ်ကြီးနှင့် နည်းပြ အရာရှိကြီးများ၏ ကိုယ်ရေးရာဇဝင်များကိုပါ ထည့်သွင်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကစ်ရက်တွင် အတူနေ အရာရှိတစ်ဦးထံမှ ထိုဓာတ်ပုံများအား တွေ့သဖြင့် ကြည့်မိရာ အမေရိကန်နည်းပြ ဗိုလ်မှူးကြီးတစ်ချို့၏ ဇနီးများမှာ ကိုရီးယားများ ဖြစ်နေသည်ကို တွေ့ရသည်။

" ဟာ ဒီအမေရိကန် ဗိုလ်မှူးကြီးတွေက ဘယ်လိုဖြစ်ပြီး ကိုရီး ယားမ တွေနဲ့ ရကြတာပါလိမ့် "

ကျွန်တော်က တအံ့တသြ မေးမိသည်။

" ဘယ်လိုဖြစ်ရမှာလဲ၊ ၁၉၅၃- ၅၄ ကိုရီးယားစစ်ပွဲတုန်းက ပေါ့ အမေရိကန် ဗိုလ်မှူးကြီးတွေ ဗိုလ်မှူးချုပ်တွေက ဗိုလ်ပေါက်စလေးတွေ ကိုရီးယားရောက်သွားကြရင်း ဟိုမှာအနေကြာတော့ ကိုရီးယားမတွေ ညားလာတာပေါ့ ဆရာရယ်၊ အယ် ဗိုလ်မှူးကလေးရယ် "

ဟု အမေရိကန်ပြန် ဗိုလ်မှူးကြီးလှသိန်းက ရယ်ကျဲကျဲဖြင့် ပြန်လည်ဖြေကြားပါသည်။ ကျွန်တော်နှင့်ကိုတင်ထွန်းတို့မှာလည်း ထို သို့ပင် ဖြစ်ပါ၏။ သူက ရှမ်းပြည်မှာ အနေကြာတော့ ရှမ်းအမျိုးသမီးနှင့် ရသည်။ ကျွန်တော်က ကရင်ပြည်နယ်မှာ အနေကြာတော့ ကရင် အမျိုး သမီးနဲ့ ရသည်။ ဒါကလည်း သဘာဝကျလှပါသည်။ ထားပါတော့ ခင်ဗျာ။

ကျွန်တော်တို့ နှစ်ယောက်သည် ဈေးရေစက်ကြောင့်ပဲလား မသိ တစ်ဦးနှင့် တစ်ဦးတွေ့ပြီး စကားအနည်းငယ်ပြောပြီးသည်နှင့် ခင်သွား၏။ အချိန်ကလည်း ညနေလေးနာရီကျော်၊ ငါးနာရီခန့်၊ ဆောင်းတွင်း ရာသီဥတုကလည်း ချမ်းစိမ့်စိမ့်။

" ကဲ ကိုသက်ဦး၊ နည်းနည်းတော့ အေးလာပြီဗျာ၊ ဘာဘာ ညာ ညာလေးတော့ လုပ်တတ်တယ် မဟုတ်လား "

ကိုတင်ထွန်းက စားပွဲပေါ်ရှိ ရမ်ပုလင်းကို လှမ်းကြည့်ရင်း ပြောလိုက်သည်။ သူ့စကားကြောင့် ကျွန်တော်က နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး "ဖြစ်ပါတယ်"ဟု ပြန်ဖြေလိုက်သည်။ ထို့နောက် ကျွန်တော်တို့နှစ်ဦးသည် တပ်မတော်ရမ်ကလေးကို တစ်ငုံစီ တစ်ငုံစီ သောက်ရင်း စကားဝိုင်း ဆက်ကြ၏။ အရှိန်ရလာသည့်အခါ ကျွန်တော်က ကျွန်တော်နှင့် သူ စစ်တက္ကသိုလ်အပတ်စဉ်(၉)မှ အရာရှိများအကြောင်းကို ပြောဖြစ်တော့ သည်။ သကယ်ဆိုတော့ ကျွန်တော်သည် စစ်သားလုပ်ရန် အကြောင်း



လာခဲ့သူ မဟုတ်ပါ၊ လုပ်ဖို့လည်း စိတ်ကူးမရှိပါ။ သူတို့ D.S.A(9) intake မှ ဗိုလ်လောင်းတစ်ဦးကြောင့် ပြူးဒိုင်းဆို ထပြီး ဗိုလ်သင်တန်း လျှောက်လိုက်သည်။

ထိုအခါကျမှ မမျှော်လင့်ဘဲ ဗိုလ်သင်တန်းတက်လိုက်ရသည်။ သင်တန်းဆင်းတော့ ထိုဗိုလ်လောင်းထက် နှစ်လကျော် သုံးလခန့်စောပြီး ကျောင်းဆင်းလိုက်၏။ သူ့ထက် နှစ်လ သုံးလ စောဆင်းလိုက်တော့ ချာ တစ်ဖျားတော့ သာသွားတာပေါ့ ခင်ဗျာ။

ကျွန်တော်က ၁၉၄၅ ခု မွေးမို့ သူတို့ (9) intake နှင့် အသက်တွေကလည်း မတိမ်းတယိမ်း တစ်နှစ်ကြီး တစ်နှစ်ငယ်မျှသာ ရှိသည်ဖြစ်၏။ ရမ်လေးသောက်ပြီး အရှိန်လေးရလာသည့်အခါ ကျွန်တော် စစ်ထဲဝင်ဖြစ်သည့် ကိစ္စကို ကိုတင်ထွန်းအား ပြောမိ၏။

" ကျွန်တော်က ရှောဂါသည်လေးဗျ၊ ဘယ်စစ်သားလုပ်လို့ ရမ လဲ ဒါပေမယ့် အဲဒီ မိန်းမကြီးက အဲဒီလိုလဲပြောရော ဝုန်းဆို ဒေါကန်ပြီး စစ်တပ်ထဲ ဖွတ်ရှတ်ဝင်လိုက်တာ အတော်အီစလန်ဝေ သွားတယ်ဗျာ၊ ဗိုလ်သင်တန်းတက်နေတုန်းက ပင်ပန်းလွန်းလို့ ငါတော့ စစ်ထဲဝင်မိတာ မှားပြီ၊ ထွက်ပြေးရင် ကောင်းမယ်ထင်တယ်လို့ ခဏခဏ စိတ်ကူးမိ ပေမဲ့ ဘယ်၊ ရှက်လို့ မပြေးဖြစ်တာ "

ထိုအခါ သူက တဟားဟား ရယ်မောပြီး

" ခင်ဗျားကိုတော့ ကြိုက်သွားပြီဗျို့ "

ဟု ဆိုပါတော့သည်။

ကျွန်တော်သည် သူတို့ စစ်တက္ကသိုလ်အပတ်စဉ်(၉)မှ အရာရှိ များနှင့် ဗိုလ်ဖြစ်သည်မှ ဗျူဟာမှူးဖြစ်ပြီး နယ်ဘက်ပြောင်းသည်အထိ ရှောင်လွှဲမရနိုင်အောင် ကြုံရ၏။ တပ်များတွင် လည်းကောင်း၊ သင်တန်း များတွင်လည်းကောင်း သူတို့နှင့် မကြာခဏ ဆုံလေ့ရှိပါသည်။ အရာရှိ ဘဝဘဝတွင် ကိုဝင်းဆွေ၊ ကိုမြင့်စိန်၊ ကိုဝေလင်း၊ ကိုမြင့်ဆွေ၊ ကိုရဲမြင့်စိုး၊ ကိုစိုးသိန်း၊ ကိုမြင့်ဆွေ၊ ကိုသန်းအောင်တို့နှင့် စတင် သိကျွမ်းခဲ့၏။ ခလရ(၆၁)တွင် ကိုကောက်တင်နှင့် အတူနေခဲ့ရသည်။

ခလရ(၆၇)ရောက်တော့ သင်တန်းများ၌ ကိုဖေသန်း၊ ကိုအောင် ဝင်း၊ ကိုတင်မြင့်၊ ကိုတင်ယွန်း၊ ကိုပင်စိုး၊ ကိုခင်ငြိမ်း၊ ကိုနေဝင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးဝင်း။ ယခု ဂရိတ်တူး အရာရှိဘဝတွင် ကိုစိုးမြင့်၊ ကို ကိုထွန်းရီ၊ ကိုမောင်ဒွေး၊ ကိုစိန်ဂျော်၊ ကိုရစ်ချပ်စ်ဖေ၊ ကို ကိုသိန်းစိန် စသူတို့နှင့် သိလာ၏။ ကိုတင်ထွန်းမှာ သူနှင့်တစ်ပတ် ဆင်း သူငယ်ချင်းများအကြောင်း အူမချေးခါးအထိ သိထားသူဖြစ် အတော်ပင် ပြောလို့ ဆိုလို့ အဆင်ပြေလှ၏။ ကျွန်တော့်ကိုလည်း

" ကိုသက်ဦးက ကျွန်တော့်အပတ်စဉ်က လူတွေအကြောင်း အတော် ဂဃနဏ သိထားတာပဲ၊ ခင်ဗျားကတော်တော် Mem ကောင်းတယ် "

ဟု ချီးကျူး ထောပနာ ပြုပါတော့သည်။

ထိုနေ့ ညနေက ကျွန်တော်တို့နှစ်ယောက် စကားပြော ကောင်းဖြင့် ပြောလိုက်ကြရာ ညခုနစ်နာရီထိုးသွား၏။ ရမ်တစ်ပုလင်း လည်း ကုန်လုလုဖြစ်သွား၏။

အနှစ်နှစ်ဆယ်ကျော်ကြာ စစ်သားဘဝကို အပြန်အလှန် ပြောကြရင်း သူရော ကိုယ်ပါသိသည့် မိတ်ဆွေများအကြောင်း ပြော မြန်းရင်း သူနှင့်ကျွန်တော် ငယ်ပေါင်းကြီးဖော်သဖွယ် ဖြစ်သွားကြပါ သည်။ ထိုမိတ်ဆွေဖြစ်မှုသည် ယနေ့ ဤစာရေးနေသည့် ကာလ အောင် တည်မြဲလျက် ရှိနေပါသည်ခင်ဗျာ။

သူငယ်ချင်း သံအမတ်ကြီးဦးတင်ထွန်း ကျန်းမာချမ်းသာ နိုင်ငံတော်မှပေးအပ်သည့် တာဝန်များကို ဆထက်တံပိုးတိုး၍ ထမ်းဆောင် နိုင်ပါစေ။

## ရေပုံးတုံးကြီးသို့ ထိုးဖောက်ခရီးတစ်ခေါက်

တပ်ရင်းမှူးဆေးစစ်ပြီး အပြန်တွင် နမခ၏ လေးလ အစည်းအဝေးနှင့် တိုက်ဆိုင်နေသည်။ အစည်းအဝေးတက်ခဲ့ရသ ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလလှယ်၌ တပ်ရင်းမှူး မိုးမိတ်သို့ ပြန်ရောက် လာ၏။

" တူးအိုင်စီရေ၊ ငါတို့ ကပ်ရင်းက လျှပ်ရှားမှုနည်းတယ် နမခ က လေးလပတ်မှာ ထောက်တယ်၊ ဘယ်မလဲ မထိုးဖောက် အနည်းဆုံး ရေပုံးတုံးကြီးလောက်တော့ တိုးဖောက်ဖို့ ကောင်းကွာ၊ ပြောလိုက်တယ်ကွာ၊ မလိုအပ်ဘူးထင်လို့ ငါ မလုပ်တာပါကွာ၊ ငါ လုပ်နိုင် ပါတယ်၊ ရန်သူကလဲ ပလောင်ကျော်ရှင်တို့ အဖွဲ့ပါပဲ "

တပ်ရင်းမှူးကြီးက ခရီးရောက်မဆိုက် အထက်ပါအတိုင်း ကျွန်တော့်အား ပြောသည်။

" တပ်ရင်းမှူးကြီးရယ်၊ ကျွန်တော်တစ်ယောက်လုံး ရှိရက်သားနဲ့၊ တပ်ရင်းမှူးက ထိုးဖောက်မယ်ဆိုတာ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော် ထိုးဖောက်ပါ့မယ်၊ ကျွန်တော်နဲ့ စစ်ကြောင်းတစ်ခုစုဖွဲ့ပြီး လုပ်ပါ့မယ်၊ ဒါ့ထက် Heavy ဖြစ်တဲ့နေရာ ဆိုးတဲ့နေရာတွေတောင် ကျွန်တော် လုပ် လာတာပါ၊ ဒီကိစ္စလဲ ကျွန်တော်ပဲလုပ်ပါရစေ၊ စီမံချက်ရေးပြီး တပ်ရင်း မှူးကို တင်ပြပါ့မယ်၊ သဘောတူရင် နမခကို ကြေးနန်း ပို့လိုက်ပါ့မယ် "

" အေး၊ ဒါဆိုရင်လဲ ကောင်းတာပဲ တူးအိုင်စီရေ၊ မင်းသာ ရေးတင်လိုက်ပါတော့ "

ကျွန်တော်က ရေပုံးတုံးကြီးကို လေးစုစစ်ကြောင်းဖြင့် ထိုးဖောက် မည့် အစီအစဉ်အား ရေးတင်လိုက်သည်။ နမခ က ခွင့်ပြုလိုက်သည်။

ထိုအခါ မိုးမိတ်အရံ လျှပ်ရှားတပ်ခွဲတစ်ခွဲနှင့် စစ်ကြောင်းရုံးက ကပ်စုတစ်စု ထပ်ဆောင်းပြီး လေးစုစစ်ကြောင်းဖွဲ့စည်းလိုက်သည်။ လျှပ် တစ်ပြက် ခရီးတို ထိုးဖောက်ချီတက်နိုင်ရန်အတွက် လိုအပ်သည်များ ပြင်ဆင်သည်။

စစ်ဆင်ရေးနှင့်ပတ်သက်ပြီး လိုက်ပါမည့်သူများအား Briefing ပေးရ၏။

" ကဲ ဒီထိုးဖောက်ခရီးစဉ်ကတော့ တစ်ခါမှ မလုပ်ဘူးသေးဘူး၊ နမခရဲ့ ညွှန်ကြားချက်နဲ့ ဆောင်ရွက်မှာမို့ အောင်မြင်အောင် သတိ ကြီးကြီးနဲ့ လုပ်ဖို့လိုမယ်၊ အရှေ့မြောက်မှာ စီစီဝမ်- တာပန်တိုက်ပွဲကြီး က အပြီးမသတ်သေးဘူး၊ မဒတတပ်ပေါင်းစု ရွှေလီချိုင့်ဝှမ်းကို ပြုဆင်း လာတယ်လို့ ကြားနေတယ်၊ အခုသွားမယ့်နေရာမှာ ဒေသခံကတော့ ပလောင်တပ်ပေါင်းစုက အိုက်မုန့်နဲ့ ကျော်ရှင်တို့ပဲ ရှိပါတယ်၊ အင်အား ကလဲ တစ်ရာကျော် နှစ်ရာပဲ ရှိတယ်၊ သိပ်မများဘူး "

" ဒါပေမယ့် သူတို့နဲ့ဆက်နေတာက ဗကပ(၈ဝ၄)တပ်ဖွဲ့လို့ ခေါ်တဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ခရိုင်တက်ရှိတယ်၊ လူအင်အား ခုနစ်

www.burmeseclassic.com

www.burmeseclassic.com

ဆယ်လောက်ရှိပြီး ခေါင်းဆောင်တွေကတော့ နိုင်ငံရေးမှူး အင်ခွန်နော်၊ ဒုနိုင်ငံရေးမှူးကျော့ရင်၊ တပ်ရင်းမှူး မာနော်၊ ဒုတပ်ရင်းမှူး ကိုတုတ်တို့ ဖြစ်တယ်၊ ဒီကောင်တွေက တို့ရှေ့တန်းအမှတ်(၇၁) ခြေလျင်တပ်ရင်းရဲ့ နယ်မြေအရှေ့ မြောက်ခြမ်းမှာရှိတဲ့ ကျူဆာ၊ ပန်ခါး၊ မန်တုံ၊ ရေပုံ၊ တုံးကြီး၊ မိုးလို၊ မိုင်းနင်း၊ ပင်ရှားစေးနဲ့ မန်ဖွယ်ရွာတွေထိ လှုပ်ရှားတယ်၊ သူတို့တပ်မှာ ကချင်၊ ရှမ်း၊ ပလောင်၊ ဝ၊ ဗမာ လူမျိုးစုံပါတယ်၊ ဒါကြောင့် ပလောင်တပ်ပေါင်းစုထက် သူတို့ကို ပိုသတိထားရမယ်၊ ၁၉၇၇ ခုနှစ်တုန်းက မိုးမိတ်ကို ဝင်တိုက်သွားတာလဲ ဒီကောင်တွေပဲ ပင်မတပ်ကြီးကို ခေါ်လာတာ မဟုတ်လား ”

ကျွန်တော်က အထက်ပါအတိုင်း လိုအပ်သည်များကို ရှင်းပြခဲ့ပါသည်။

ယ ရက်တွင် ကျွန်တော်တို့၏စစ်ကြောင်းသည် မိုးမိတ်မှ လူတစ်ရာကျော်ပါဝင်ပြီး ချီတက်ခဲ့၏။ တပ်ခွဲမှူးများမှာ ဗိုလ်ကြီးဇော်ဝင်း၊ ဗိုလ်ကြီးအောင်ထိန်တို့ ဖြစ်ကြသည်။ တပ်စုမှူးမှာ ဗိုလ်မျိုးမြင့်နှင့် ဗိုလ်ထွန်းမြတ်တို့ ဖြစ်ကြသည်။ သံနီ၊ ရွှေမြင်တင်၊ ပင်ရှားစေးဘက် နမ့်မိတ်ချောင်းအားဖြတ်ပြီး ငပလေးထောင်၊ ငါးထောင်မြင့်သည့် တောင်များကို လှန်တက်ကာ ရည်မှန်းချက်တုံးကြီးသို့ ထိုနေ့ညက ဝင်ရောက်ရှင်းလင်းလိုက်နိုင်၏။ ထိုစဉ်က ကျွန်တော်သည် ကိုယ် အလေးချိန် ပေါင်(၁၂၀)သာ ရှိပြီး အတော်လျင်မြန်စွာ လှုပ်ရှားသွားလာ နိုင်သည်။

ထို့ကြောင့် ရည်မှန်းချက်သို့ သတ်မှတ်ချိန်ထက် စောရောက်သွား၏။ တစ်နှစ်မှ တစ်ခါပင် မလာတတ်သော ကျွန်တော်တို့ ဗမာ့တပ်မတော်အား တုံးကြီးရွာမှ ဝမ်းမြောက် ဝမ်းသာဆီးကြို ကြသည်။ ရွာက ပလောင်ရွာ မဟုတ်၊ ကချင်ရွာဖြစ်သည်။ ကချင်များမှာ ဂျိမ်းဖော အမျိုး မဟုတ်၊ ဗမာနှင့် အချို့သော စကားများတူသည့် မရူလူမျိုးများ ဖြစ်နေသည်။ ထို့ကြောင့် ခဏချင်းပင် ရင်းနှီးသွား၏။

“ ကဲ ဒူးဝါတို့ရောက်တုန်း ပျော်ပျော်ပါးပါးပဲ စားကြ သောက်ကြတာပေါ့ ”

ထိုနေ့က ရွာလူကြီးများက ဝက်တစ်ကောင်သတ်ကာ ကျွန်တော်တို့ စစ်ကြောင်းကို ညှော်ခံသည်။ ကံအားလျော်စွာ စစ်ကြောင်း... ကျွန်တော့်အကြောင်းသိသည့် ရဲဘော်များက ဂီတာသုံးလက် ယူလာ၏၊



သို့ဖြစ်၍ အရေးပေါ် မီးပုံပွဲလေးပြုလုပ်လိုက်သည်။ မီးပုံပွဲ၌ ကျွန်တော်တို့ စစ်သည်များက ဂီတာတီးကြသည်။ မရူ အမျိုးသား အမျိုးသမီးများက သီချင်းဆိုကြ၏။ ကျွန်တော်တို့က သီချင်းဆိုသူများအား ငါးဆယ်တစ်ဆူ အလှူ့ငွေကျ ဆုချပေးကြ၏။ တုံးကြီးတွင် မိုးမိတ်မှ စာသွားသင်နေသည့် ဆရာမလေးတစ်ဦး၊ နှစ်ဦးလည်း ရှိ၏။ ရှမ်း၊ ဗမာကပြားများ ဖြစ်သည်။ ကပြားဆိုတော့ အစစ်ထက် နည်းနည်းပိုချော၏။

မီးပုံပွဲအချိန်ရလာသည့်အခါ တပ်ခွဲမှူးတစ်ဦးက ဂီတာတီးတတ်သဖြင့် စိုင်းထီးဆိုင်၏စုံတွဲသီချင်းအချို့ကို မရူ အမျိုးသမီးကလေးများဖြင့် ဖတူ ဆိုတီးကြသည်။ ကျွန်တော်မှတ်မိသည့် သီချင်းအချို့မှာ “တို့တောင်ပေါ်ကို ဖိတ်ခေါ်ပါသည်”၊ “စတော်ဘယ်ရီ ချစ်သည်းရှင်”၊ “ပိုးစုန်းကြူး”နှင့် “ငယ်ကျွမ်းဆွေ”တို့ ဖြစ်၏။ ရွာသူရွာသားများမှာ မမျှော်လင့်ဘဲ အရေးပေါ်စတိတ်ရှိုးနှင့် လာတွေ့နေသဖြင့် အထူးပျော်နေကြသည်။ ဆုချရသဖြင့် ကျွန်တော့်တွင်ပါလာသည့် ငွေနှစ်ထောင်လည်း ကုန်လုလု ဖြစ်နေသည်။ ထို့ကြောင့် မနေနိုင်တော့ဘဲ တပ်ခွဲမှူးကြီး ဗိုလ်ကြီးဇော်ဝင်းအား

“ ကိုဇော်ဝင်းရေ ကိုယ့်ပိုက်ဆံတော့ ကုန်တော့မယ်နော် ”

ဟု တိုးတိုးတိတ်တိတ် သတိပေးရသည်။ အချိန်ရနေသဖြင့် ပွဲက ည (၁၁)နာရီကျော် သွား၏။ ရာသီဥတုကလည်း အေးလာသည်။ ပွဲသိမ်းမှ ဖြစ်တော့မည်။ (၁၂)နာရီတွင် ပွဲသိမ်းခိုင်းလိုက်၏။ ပွဲမသိမ်းမီ ဗိုလ်ထွန်းမြတ်က -

“ ဒုတပ်ရင်းမှူးလဲ သီချင်းဆို ကောင်းပါတယ်၊ အဲဒီတော့ ဆရာမသီချင်းလေးနဲ့ နောက်ဆုံးပိတ် အားပေးပါဦးခင်ဗျ ”ဟု ဝင်ပြီး ဖတို့အထောင် လုပ်လိုက်၏။ ထိုအခါ အားလုံးက “ဟုတ်ပါတယ်၊ ဟုတ်ပါတယ်”ဟု ဝိုင်းအော်ကြလေသည်။ ဖိုးဆိုချင် ကျွန်တော်လည်း မနေသာတော့ပဲ ဘိုဘိုဟန်၏ “ဆရာမ”သီချင်းကို ထွက်ဆိုရပါသည်။

“ ငွေသော်တာ ရောင်ခြည်xxx ထိန်လင်းတော့သည် xxx ဘုံကြိုးပြတ်တဲ့ မိုးနတ်မဒီ xxx သဒ္ဒါက ပိုသည် xxx ဆရာမကိုပဲ xxx အသည်းစွဲအောင် ချစ်မိပြီ xxx ထိန်ကြည် လရောင်သမ်းတော့ ဖလှမ်းပိုပါသည် xxx ချစ်သူရှိရင် ဖွင့်ပြောပါလားလို့ အတည် xxx ”

www.burmeseclassic.com

www.burmeseclassic.com



" ရိုးရိုးနဲ့ မှန်ရာကို ပြောမည် ××× တကယ်စိတ်က ရှိ ××× ဘယ်မိန်းမမှ မချစ်ခဲ့ပြီ ××× သဒ္ဒါက ပိုသည် ××× ဆရာမကို အသည်းစွဲအောင် ချစ်မိပြီ "

ကျွန်တော်က သီချင်းကို ရိုးရိုးသားသား မဆို၊ သီချင်းဆိုလိုက် မလှမ်းမကမ်းမှ မိုးမိတ်မှ ဆရာမလေးများကို လှမ်းကြည့်လိုက်ဖြင့် လုပ်လိုက်ရာ ပရိသတ်က အထူးပွဲကျသွား၏။ ဂီတာကိုမူ ဗိုလ်ကြီး ဇော်ဝင်းနှင့် ရဲဘော်နှစ်ဦးက တီးကြသည်။ သီချင်းပြီးသွားသောအခါ လက်ခုတ်သံတဖြောင်းဖြောင်းဖြင့် ဩဘာပေးခြင်းခံရ၏။ အားလုံးက ကျွန်တော့်ကိုဝိုင်းပြီး ပြန်ဆုချရာ ကျွန်တော်ကုန်ခဲ့သည့် ငွေတစ်ထောင် ကျော်၊ နှစ်ထောင်ပြန်ရလိုက်ပါသည်။

ဤသို့ဖြင့် ကျွန်တော်တို့သည် ရန်သူကို မတွေ့ရသော်လည်း ပြည်သူလူထုကို ထိုးဖောက် စည်းရုံးပြီး ခင်မင်အောင် လုပ်လိုက်နိုင်ခဲ့၏။

နောက်နေ့တွင် ရေပုံး၊ ယားမား၊ မန်ယွမ်းစသည့် ပတ်ဝန်းကျင် ကျေးရွာများကို လှည့်လည် ရှင်းလင်းလိုက်သည်။ ရန်သူပလောင်အဖွဲ့မှ အိုက်မုန့်နှင့် ကျော်ရင်တို့တစ်ဖွဲ့လည်း ရေပုံးတုံးကြီးတွေ မရှိ။ (၈၈၄) တပ်ဖွဲ့နှင့်အတူ မန်ကုံနှင့် ဘွဲ့ကြက်တောတစ်ဝိုက် ရောက်နေသည်ဟု သိရသည်။ အချိန်မှာ စီစီဝမ်- တာပန်တိုက်ပွဲကြီးဖြစ်နေသည့် ကာလ လည်း ဖြစ်၏။

ထို့ကြောင့် မြောက်ဘက်ရှိ သောင်းကျန်းသူများ ပွဲပျက်နေရာ ပလောင်တပ်ပေါင်းစုအတွက် အခြေအနေမကောင်းသည့် အခါသမယ လည်း ဖြစ်၏။ ကျွန်တော်တို့စစ်ကြောင်းမှာ သေနတ်တစ်ချက်မှ မပစ် လိုက်ရဘဲ မီးပုံပွဲများကျင်းပ၍ ရွာများကို စည်းရုံးပြီး သတ်မှတ်ရက်တွင် ရေပုံး၊ တုံးကြီးမှ ပြန်ဆင်းလာခဲ့ပါတော့သည်ခင်ဗျား။

### ဇာဇာရတနာ လာမယ်ဆိုလို့

ထိုးဖောက်ပြီးသောအခါ တပ်ရင်းမှူးက ကျွန်တော့်ကို မဘိန်းသို့ ပြန်လွှတ်လိုက်၏။ မဘိန်းရောက်သွားသည့်အခါ ပဘိန်းခန်ကြောင်းရုံး အပြင်ဘက်၌ ဇာက်စင်တစ်ခုတိုးထားသည်ကို အထူးအဆန်း တွေ့ရ သည်။ ကျွန်တော်က ဇာက်စင်ကိုကြည့်ပြီး အံ့အားသင့်သွား၏။



" ဟော့ မင်းတို့ ဒါက ဘာလဲဟ၊ လွတ်လပ်ရေးပွဲလား၊ ပြည်ထောင်စုပွဲလား "

" မဟုတ်ပါဘူးခင်ဗျ၊ မိုးမိတ်က အငြိမ့်လာကမယ်ဆိုလို့ ဇာတ်စင်ထိုးထားတာပါ "

" ဟေ ဘယ်က အငြိမ့်လဲကွ၊ ဘာအငြိမ့်လဲ "

" ဇာဇာရတနာလို့ ပြောပါတယ်ခင်ဗျ "

" ဟေ- ဘယ်က ဇာဇာရတနာလဲကွ၊ ဟို မိုးကြိုးငှက်ငယ်လေး များကလား "

" မသိဘူးခင်ဗျ၊ ဇာဇာရတနာ လာမယ်၊ ဇာတ်စင်ထိုးထားပါ ဆိုလို့ ခင်ဗျ "

စခန်းအုပ်ချုပ်ရေးတာဝန်ခံ ဆရာကြီးအောင်ရွှေဦးက အထက်ပါ အတိုင်း ပြောပါသည်။

" ဟ မင်းတို့ ဘယ်သူက ပြောတာလဲ၊ ငါလဲ ဘာမှ မကြားခဲ့ ပါလား "

ကျွန်တော်က စစ်ကြောင်းရုံးသို့ရောက်နေသည့် ကြေးနန်းအား ယူကြည့်လိုက်ပါသည်။ ကြေးနန်းတွင် ဘာမှ အထူးမပါပါ။ သူတို့ပြော သည့်အတိုင်း "ဇာဇာရတနာ လာမည်၊ လိုအပ်သည်များ ပြင်ဆင်ထားပါ" ဟု ထောက်လှမ်းရေးအရာရှိ ဗိုလ်မင်းတင်မှ စာတိုပို့လိုက်ခြင်း ဖြစ်၏။ အမှန်က တပ်ရင်းမှူး မဘိန်းသွားရန် ဖြစ်သည်။ ထို့ကြောင့် လိုအပ် သည်များ ပြင်ခိုင်း ထားခြင်းဖြစ်၏။

သို့ရာတွင် ပါတီ၊ ကောင်စီနှင့် အရေးပေါ် မိုးဟောက်ဘက် ခရီးထွက်ရန်ကိစ္စရှိ၍ တပ်ရင်းမှူးက မဘိန်းမသွားဖြစ်တော့ဘဲ ကျွန်တော့် အား ပြန်ခိုင်းလိုက်ခြင်း ဖြစ်သည်။ ဒါကို ထောက်လှမ်းရေးမှူး ဗိုလ် မင်းတင်က သူ့သဘောနှင့်သူ စာတိုပို့လိုက်ရာ လွဲချော်သွားခြင်း ဖြစ်၏။ သူတို့ လွဲချော်မှုအတွက် ကျွန်တော့်မှာ မဏ္ဍပ်ကြီးကိုကြည့်ပြီး ငိုအား ထက် ရယ်အား သန်ရပါတော့သည်။ သူတို့ စာတိုတွင်ပါသည့် ဇာဇာ ရတနာဆိုသည်မှာ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဇာခူးမားကို ရည်ညွှန်း လိုက်ခြင်းဖြစ်ပါသည်ခင်ဗျား။

ဩော် ဖြစ်ရပုံများဗျာ၊ ဇာဇာရတနာ လာမယ်ဆိုလို့ တဲ့။

www.burmeseclassic.com

ရေစက်မကုန်၍ ပြန်ဆုံရခြင်း

ကျွန်တော်သည် စစ်သက် အနှစ်သုံးဆယ်အတွင်း အခြားအဆင့် မဆိုထားဘိ၊ အရာရှိအဆင့်ရှိသူများနှင့် တစ်တပ်တည်း နှစ်ခါဆုံဖူးသူ လေးငါးဆယ်ခန့် ရှိသည်။ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း မကြာ ခဏတွေ့ခဲ့သူများကား များလှချေ၏။ ယခု ဒုတပ်ရင်းမှူးဘဝ၌ ကျွန်တော် တပ်မမှူးအား တိုင်းမှူးရာထူးနှင့် ပြန်တွေ့ရသည်။ ကျွန်တော်နည်းပြ လုပ်စဉ်က သင်တန်းသားအရာရှိများနှင့် ဤတပ်တွင် ပြန်တွေ့ရသည်။ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ခင်၊ ဗိုလ်မှူးကြီးလှမြင့်ကျော်၊ ဗိုလ်မှူးကြီး မြင့်ဝေ စသူတို့မှာလည်း ကျွန်တော်နှင့်အတူတူနေခဲ့ဖူးကြသူများ ဖြစ်၏။ တပ်ခွဲမှူး ဗိုလ်မှူးနှစ်ယောက်အနက် ဗိုလ်မှူးဌေးဥာဏ်ကို ဤတပ်ရောက်မှ သိရပါသည်။ ဗိုလ်မှူးသက်ညွန့်ကိုကား တပ်ခွဲမှူး သင်တန်းမှာကတည်းက သိလာခဲ့သည်။

ဤသို့ သိလာသူများအနက် မကြာသေးမီက ကျွန်တော်ရဲတူး ဘဝနှင့် အတူနေခဲ့ဖူးသော အရာရှိတစ်ဦး ကျွန်တော့်ဟပ်သို့ ရောက်လာ ပါတော့သည်။ ထိုသူကား အခြားသူ မဟုတ်ပါ၊ ကျွန်တော်တပ်မတွင် ရှိစဉ်က တပ်မရေးထောက်ဌာနမှ ဗိုလ်ကြီးစန်းလွင် ဖြစ်၏။ တစ်ရက်တွင် တပ်ရင်းမှူးက ကျွန်တော့်ကို မိုးမိတ်မှ လှမ်းခေါ်၏။ ဗွီအိုင်ပီ ခရီးစဉ်ကိစ္စ ပြောပြသည်။ ထို့နောက်

" တူးအိုင်စီ၊ မင်းတပ်မက ဗိုလ်ကြီးစန်းလွင်ဆိုတာ ရောက်လာ တယ်၊ စန်းလွင်ကို သိသလား "

" ဟုတ်ကဲ့ ခင်ဗျာ၊ သိပါတယ် "

" ငါ့ဆီမှာ ထားမလား၊ မင်းယူမလား "

ကျွန်တော့်အား မေးသည်ဆိုတော့ ကျွန်တော်ကလည်း အလိုက် သိစွာပင် -

" ကျွန်တော်ပဲ ယူလိုက်ပါမယ်ခင်ဗျ၊ ကျွန်တော့်ဆီပဲ လွှတ်ပေး လိုက်ပါ ခင်ဗျာ "

ဟု ပြောလိုက်၏။ နောက်တစ်ပတ်ခန့်အကြာတွင် ဗိုလ်ကြီး စန်းလွင် မဘိန်းသို့ ရောက်လာသည်။ ဗိုလ်ကြီးစန်းလွင်သည် အလုပ်သင် (၁)မှ ဖြစ်၍ အရပ်ရှည်ရှည် ထောင်ထောင်မောင်းမောင်း ဖြစ်၏။ စကား နည်းပြီး မျက်နှာကလည်း တစ်လောကလုံး သူ့လုပ်စာစားတဲ့ မျက်နှာနဲ့မို့ ကျွန်တော်နဲ့က သိပ်အပေါက်အစ မတည့်၊ သူသည် အဆောင်တွင် မကြာခဏ စားတတ် သောက်တတ်၏။ ရုံးချိန်တွင် အဝတ်များ ထုတ်လှမ်း တတ်၏။ တပ်မမှူးက ကျွန်တော့်အား အဆောင်မှူးဆိုပြီး စည်းကမ်း တင်းကြပ်ထားသည့် အချိန်၌ သူက စည်းကမ်းဖောက်၍ ကျွန်တော် မကြာခဏ အဆူခံရ၏။

ထို့ကြောင့် ကျွန်တော်က သူ့ကို သိပ်မကြည်၊ ရေးထောက် မှ သူနှင့် ကိုစန်းအောင်တို့သည် ညနေဆို ပုံမှန်ဂေါက်ကွင်းသို့ ဂေါက်သွား ရိုက်၏။ ပုံမှန် ယမကာလေးများ မှီဝဲတတ်၏။ ကျွန်တော်ကတော့ တပ်မ မှူး မကြိုက်၍ အရက်မသောက်။ ထို့ကြောင့် သူတို့ သူရာရေလေး တမြမြလုပ်နေသည်ကို သိပ်ကြည့်မရ၊ ထို့အပြင် လေယာဉ် လက်မှတ် လိုချင်သည့်သူများက ရုံးသာမက အဆောင်အထိ လိုက်လာကာ သူတို့ ထံမှ လေယာဉ် လက်မှတ်များ လာတောင်းကြ၏။

ထိုအထဲ၌ အနုအလှလေးများနှင့် သမုဒယလေးများ မကြာ ခဏ ပါလာတတ်သဖြင့် ကျွန်တော်က သတိပေး ဆုံးမရသည်။

ဒါကိုလည်း သူတို့က မကြည်၊ တစ်ရက်တွင် ကျွန်တော်ရှိနေစဉ် ကတွင်း ဗိုလ်ကြီးစန်းလွင်က အဝတ်များထုတ်လှမ်းရာ သူတို့ အခန်းရှေ့ သာမက ကျွန်တော့်အခန်းရှေ့က တန်းမှာပါ လာလှမ်းသဖြင့် ကျွန်တော် က ဒေါသပေါက်ကွဲပြီး

" ဘယ်ခွေးမသားက ရုံးချိန်မှာ ငါ့အခန်းရှေ့ အဝတ်လှမ်း ထလဲကွ၊ ဟေ "

ဟု ဗိုလ်ကြီးစန်းလွင်အား ကလော်တုတ်ပါတော့သည်။ ထိုအခါ မျက်နှာရှစ်ခေါက်ချိုးဖြင့် သူထွက်လာပြီး အဝတ်များ ရုတ်သွား၏။ ထိုအချိန်မှစ၍ ကျွန်တော်လည်း သူ့အား တာဝန်မှအပ စကား မပြော တော့ပါ။ ယခုတော့ ကျွန်တော်က ဒုတပ်ရင်းမှူးနှင့် သူက ရိုးရိုး တပ်ခွဲမှူး ပြန်လာတွေ့ကြပါသည်။ ဒုတပ်ရင်းမှူးဆိုတော့ အသက်ရော၊ ဝါရော ကြီးလာသဖြင့် ပို၍ ပြည့်ဝရပါတော့မည်။

ထို့ကြောင့် ကျွန်တော်က သူ့ကို ရှေးယခင်ကကဲ့သို့ မဟုတ်ဘဲ ရင်းရင်းနှီးနှီးဆက်ဆံ၏။ ကျွန်တော်နှင့် နှစ်ရက်၊ သုံးရက်အတူ နေစေ သည်။ ထို့နောက် သူကိုင်ရမည့် တပ်ခွဲရှိရာ ခေါ်တော့မင်းဘိုကို ဂစောင့်အရှောက်အပြည့်အစုံဖြင့် လွှတ်ပေးလိုက်သည်။ ဗိုလ်ကြီးစန်းလွင်

www.burmeseclassic.com

www.burmeseclassic.com

က သူ့အား ကျွန်တော်ကနှိပ်ကွပ်မည်ဟု ထင်ပုံရ၏။ သို့ရာတွင် သူ သလို မဟုတ်သော အခါ အလွန်ကျေးဇူးတင်သွား၏။


ထို့ကြောင့် ကျွန်တော်ဂေါက်သီးရိုက်ရန် လုပ်နေသည်ကို သဖြင့်ဟုဆိုကာ နံပါတ်(၅) သစ်သားတုတ်လေးတစ်ချောင်း လက် ပေးသွား၏။ စစ်ဆင်ရေးကာလ တစ်ပတ်ပြည့်သောအခါ သူတပ် ဗိုလ်မှူးရာထူးဖြင့် တပ်ပြောင်းသွား၏။ ကျွန်တော်တို့ အရင်က ပိုရင်းနှီးသွားကြပါသည်။ သူ့လက်ဆောင်တုတ်ကလေးကို ကျွန် နှစ်ပေါင်းများစွာ ကိုင်ခဲ့၏။ မနေ့တစ်နေ့ကမှ မိတ်ဆွေတစ်ဦး လက်ဆောင် ပြန်ပေးလိုက်ပါသည်။

ဤကဲ့သို့ တစ်တပ်ထဲ နှစ်ခါ၊ သုံးခါ ပြန်ဆုံသူများမှာ အခြေ များ လှချေ၏။ နောင်ကြုံသည့်အခါမှ တင်ပြပါဦးမည်။

## မိုးမိတ်မြို့အကြောင်း တစေ့တစောင်း

ကျွန်တော်သည် ခလရ(၇၁)တွင် နှစ်နှစ်ကျော် သုံးနှစ် နေခဲ့ရ၏။ ထိုကာလ၌ ရှေ့တန်းမှ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်၊ မဘိန်း၊ မိုးလိုဒေသများ ဖြစ်၏။ ကျွန်တော်၏ တာဝန်မှာ စစ်ကြော (၂)မျိုး ဖြစ်သည်။ စစ်ကြောင်း(၂)မျိုးဆိုသော်လည်း စစ်ကြောင်း(၁) သည့် မိုးမိတ်တွင် မကြာခဏ ကွပ်ကဲမှုယူရ၏။ မိုးမိတ်သည် ရှမ်းပြ နယ် ဆိုသော်လည်း ကျွန်တော့်ဇာတိ ရေဦးနှင့် သိပ်မဝေးလှ၊ လ တွဒ်မျဉ်း တစ်ပြေးတည်းလိုပင် ဖြစ်သည်။ မိုးမိတ်၏ တောင်ဘက် မိုးကုတ်ကား ပေ (၇၅၅၁)မြင့်သည့် ကြေးနီတောင်ကြီးဘေးတွင် အတော်အေးချမ်းလှ၏။ မိုးမိတ်ကား ပြန့်ထဲတွင် ရှိသည်။ မိုးမိတ် အရှေ့မြောက်တွင် မိုးလို၊ မန်တုံရှိသည်။ အရှေ့တည့်တည့်တွင် နမ္မ ရှိသည်။ အနောက်ဘက်တည့်တည့်တွင် ဧရာဝတီမြစ်နှင့် မလယ်တွ ငယ်ရွာကြီးများ ရှိသည်။ မိုးမိတ်က ရှေးယခင်က ရှမ်းစော်ဘွားမျ အုပ်ချုပ်ကြ၏။

ထို့ကြောင့် မြို့နာမည်ကပင် ရှမ်းနာမည်ဖြစ်၏။ Mon ဆိုသည်ကား မြို့၊ Mit ဆိုသည်ကား ဓါးမြှောင်ဖြစ်၏။ မိုးမိတ် ပတ်သက်၍ ပြောကြသည်မှာ နမ့်မိတ်နှင့် နမ့်မောင်းချောင်းကြ




မိုးမိတ်- မဘိမ်း ဒေသပြ မြေပုံ

တစ်လက္မ - ၄ မိုင်စကေး

www.burmeseclassic.com

www.burmeseclassic.com



ဓါးမြှောင်လိုလို၊ သံလျက်လိုလို ပုံသဏ္ဍာန်ရှိသည့်နေရာတွင် တည်ထားသဖြင့် မိုးမိတ်ဟု ခေါ်သည်ဆို၏။ အချို့ကမူ မိုးမိတ်မြို့တည်သည့် မင်းသားက ဓါးက ဓါးမြှောင်ကို ပစ်ချလိုက်ရာ ဓါးမြှောင်ကျသည့် နေရာတွင် မြို့တည်သဖြင့် မိုးမိတ်ဟု ခေါ်သည်ဆို၏။ မည်သို့ဆိုစေ မိုးမိတ်ကား ရှမ်းလူမျိုးများတည်ထောင်ခဲ့သည့်မြို့ဖြစ်၏။

မိုးမိတ်သည် ရန်ကုန်မှ (၅၄၄)မိုင်ဝေး၏။ မန္တလေးမှ (၁၅၆)မိုင်ဝေး၏။ မိုးကုတ်မှ (၂၈)မိုင်ဝေး၏။ မိုးမိတ်နှင့် ပတ်သက်၍ Maurice Collis ရေးသားသည့် Lords of the Sun Set ခေါ် ကမ္ဘောဇ နေဝင်ဘုရင်များစာအုပ်တွင် မိုးမိတ်စော်ဘွားကြီးအကြောင်း ရေးသားထား၏။ မိုးမိတ်စော်ဘွားကြီးသည် နိုင်ငံခြားပညာသင်သွား၍ အင်္ဂလိပ်မကို ယူခဲ့သူဖြစ်သည်။ မြန်မာမကိုလည်း ယူသည်။

၄င်းအပြင် ရှမ်းမများလည်း ယူတာ ရှိသေးသည်။ ကျွန်တော် မိုးမိတ်တွင်ရှိစဉ်က စော်ဘွားကြီး၏အမတ်ချုပ်လုပ်ခဲ့သူ ဦးဘဖြူ၏ညီ ဦးဘတူနှင့် အတော် ရင်းနှီးခဲ့ဖူး၏။ ဦးဘတူအား ကျွန်တော်တို့က "လေးတူ"ဟု ခေါ်သည်။ လေးတူသည် ထိုစဉ်က အသက်ခုနစ်ဆယ့်ငါးနှစ်ခန့် ရှိသည်။ ကျွန်တော့်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးဇာခူးမားနှင့် ဂေါက်သီးရိုက်ဖက်ဖြစ်၏။ ဒုဗိုလ်မှူးကြီးဇာခူးမား၏ ဂေါက်ဆရာလည်း ဖြစ်သည်။ Square Method ဖြင့် ရိုက်လေ့ရှိ၏။ ကျွန်တော်ကတော့ ထိုစဉ်က ဂေါက်တုတ်မဝယ်နိုင်၍ ဂေါက် မရိုက်ပါ။ အလကားရထားသည့် နံပါတ်(၅) သံတုတ်ကလေးဖြင့် သူ့တို့နောက်က တကောက်ကောက် လိုက်ရသည်။

ဂေါက်ကွင်းတွင် ဂေါက်ပွဲပြီးသည့်အခါ စပ်မိစပ်ရာပြောကြရာ၌ တစ်ညနေတွင် ဂေါက်ကွင်းသို့ တက္ကသိုလ်မှ ကျောင်းပိတ်၍ ပြန်လာသည့် တက္ကသိုလ်ကျောင်းသူလေး လေးငါးဦး လာသည်နှင့်ဆုံကြ၏။ မိန်းကလေးများမှာ ဆယ့်ခုနစ်၊ ဆယ့်ရှစ်၊ ဆယ့်ကိုးအရွယ်များ ဖြစ်ကြ၏။ အတော်ချောမော လှပမွန်ရည်ကြ၏။ ညနေချိန်မို့ အကောင်းဆုံးလည်း ရှိုးပြင်ပြီး ထွက်လာကြသည် တင်ပါ၏။ ထိုနေ့က ဂေါက်ပွဲ၌ ပါတီယူနစ်ဥက္ကဋ္ဌ ဦးခင်အောင်နှင့် ကောင်စီဥက္ကဋ္ဌ ဦးငြိမ်းမောင်လည်း ပါ၏။ ရဲမြို့နယ်မှူး

www.burmeseclassic.com

www.burmeseclassic.com

ဦးဌေးမောင်လည်း ပါ၏။ မြို့နယ် ဆရာဝန် ဒေါက်တာဝင်းအောင်လည်း ပါသည်။ ဒေါက်တာဝင်းအောင်က လူငယ်ပီပီ

" ဟာ မန္တလေးတက္ကသိုလ်က ကျောင်းသူကလေးတွေ လေးတူ ဂေါက်သီးရိုက်တာကို လာကြည့်တာ ထင်တယ် "ဟု စလိုက်သည်။

ထိုအခါ မင်းသေသေနှင့် အပြောင်အပြက်ပြောတတ်သော ပါတီယူနစ်ဥက္ကဋ္ဌ ဦးခင်အောင်က "ဟုတ်မယ်"ဟု ထောက်ခံလိုက်၏။ ထိုအခါ လေးတူက

" ခင်ဗျားတို့က အဲ့လိုပြောတော့ ကျုပ်က မိုးမိတ်စော်ဘွားကြီးကို သွားသတိရတယ်ဗျာ "

ဟု အစချီလိုက်၏။

" ဘယ်လိုသတိရတာလဲ လေးတူရဲ့၊ လုပ်စမ်းပါဦး "

ကျွန်တော်က ဝင်ထောက်လိုက်သည်။

" ဒီလို ဗိုလ်မှူးရယ်၊ မိုးမိတ်စော်ဘွားကြီး မသေခင်ကပေါ့၊ တစ်နှစ်မှာ သီတင်းကျွတ်ကျောင်းပိတ်လို့ ပြန်လာကြတဲ့ တက္ကသိုလ် ကျောင်းသူကလေး ဆယ်ယောက်လောက်က စော်ဘွားကြီးကို ဂုဏ်ပြု သွားကန်တော့ကြတယ်၊ တက္ကသိုလ်ကျောင်းသူ တွေဆိုတော့ ဝတ်တတ် စားတတ်၊ ပြင်တတ်၊ ဆင်တတ်ကျတော့ အကုန်လုံးလှကြတာပေါ့၊ ကလေးမတွေကို စော်ဘွားကြီး က နင်တို့ ဘာလာလုပ်ကြတာလဲလို့ မေးတယ်၊ ကလေးမတွေကလဲ သမီးတို့ ဘဘကို လာကန်တော့ကြတာပါ ဘုရားလို့ ပြန်ပြောတယ်၊ အဲဒီတော့ စော်ဘွားကြီးက သူထိုင်တဲ့ ပလ္လင်ပေါ်ကနေ အောက်ငုံ့ကြည့်ပြီး ဘာပြောတယ်ထင်သလဲ "

" ဘယ်သိမလဲ လေးတူရဲ့၊ လေးတူပြောမှ သိမှာပေါ့ "

" စော်ဘွားကြီးကဗျာ၊ ကလေးမလေးတွေကိုငုံ့ကြည့်ပြီး ကန် တော့တာကို ဆုမပေးဘဲ၊ အာ နင်တို့ တယ်လှပါလား၊ ငါငယ်ငယ် တုန်းက နင်တို့ ဘယ်ရောက်နေသတုံးလို့ မေးသတဲ့ဗျာ၊ ဟား- ဟား- ဟား- ဟား "

" အခုလဲပဲ ငါငယ်ငယ်တုန်းက နင်တို့ဂေါက်ကွင်းလိုက်မလာဘဲ အခုမှ ဂေါက်ကွင်း ဘာလို့ လိုက်လာရတာလဲလို့ ပြောရမှာပေါ့ ဗိုလ်မှူး ရာ၊ ဟား- ဟား- ဟား- ဟား "

ဦးဘတူ၏ စကားအဆုံး၌ ကျွန်တော်တို့ တစ်ဖွဲ့လုံး



" ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့ "

ဟုဆိုကာ တဝါးဝါး၊ တဟားဟားဖြင့် ရယ်မောလိုက်ကြပါသည်။

ကျွန်တော် မိုးမိတ်တွင်ရှိစဉ်က တပ်နှင့်ပါတီ၊ ကောင်စီဌာန ...ိုင်ရာများ လွန်စွာ ညီညွတ်၏။ အတိုင်အတော မရှိ၊ ပြဿနာမရှိ၊ ...စ်စုံတစ်ခုဖြစ်လာက ညှိနှိုင်း ဖြေရှင်းကြ၏။ ပါတီယူနစ်ဥက္ကဋ္ဌ ဦးခင် ...အောင်သည် ကျောက်ဆည်ခရိုင်သား ဖြစ်သည်။ မိုးမိတ်တွင် ကုန်သွယ် ...ေး ဝန်ထမ်းဘဝမှ ပါတီယူနစ်ဥက္ကဋ္ဌဖြစ်လာသည်။ ထက်ထက် မြက်မြက် ...ယည်။ ခင်မင်စရာ ကောင်းသည်၊ ဦးခင်အောင်ကား ကျွန်တော်တို့နှင့် ...အလွန် သင့်တင့်၏။ ပေါင်းလို့သင်းလို့ ကောင်း၏။ သူနှင့် ညှိနှိုင်းရသည် ...မှာ အလွန် အဆင်ပြေ၏။ သူကား တခြားသူ မဟုတ်ပါ။ ၁၉၈၈ ခုနှစ်၊ ...ရေးအခင်းကာလ နောက်ဆုံးလွှတ်တော် ခေါ်ခဲ့စဉ်က နောက်ဆုံး ...လွှတ်တော် သဘာပတိလုပ်သွားခဲ့သူပါပင်တည်း။

( မကြာသေးမီက မန္တလေးတွင် ဦးခင်အောင် ယာဉ်တိုက်မှုဖြစ်၍ ...ယ်လွန်သွားရှာပါပြီ၊ မိတ်ဆွေကြီး ဦးခင်အောင် ကောင်းရာ သုဂတိသို့ ...းပါစေ )

## ...ျွန်တော်သိသော မိုးမိတ်တိုက်ပွဲ

မိုးမိတ်အား ၁၉၇၇ ခုနှစ်၊ ဧပြီလ ဒုတိယပတ်တွင် ဗကပများ ...ဝင်တိုက်သွားသည်။ ဦးဆောင်တိုက်သူမှာ ဗကပ တပ်မ(၄၈)၊ တပ်မမှူး ...ကျန်စီမင်း ဖြစ်၏။ အင်အား (၁၀၀၀)နီးပါး ပါသည်ဟုဆို၏။ ၁၉၉၁ ...နှစ်က ကျွန်တော်သည် တပ်ရင်းမှူးတာဝန်ဖြင့် ကျိုင်းတုံတွင်ရှိစဉ် ...န်းချက်စက်ရုံများ ဖျက်သိမ်းရေးကိစ္စနှင့် မိုင်းလားသို့ ရောက်သွား၏။ ...မိုင်းလားတွင် ကျန်စီမင်းတို့က စောင့်နေကြ၏။ လုပ်ငန်းတာဝန်အရ ...တို့နှင့် ဆယ်ရက်ခန့် အတူနေရသည်။ တစ်ညတွင် ထမင်းဝိုင်း၌ စပ်မိ ...စရာပြောကြရာ ကျွန်တော်က မိုးမိတ်တွင် ဒုတပ်ရင်းမှူး လုပ်ခဲ့ကြောင်း ...ပြောလိုက်မိ၏။ ထိုအခါ ကျန်စီမင်းက

" ခင်ဗျား မိုးမိတ်ကို ၁၉၇၇ ခုနှစ်က ဝင်တိုက်သိမ်းခဲ့တာ ...န်တော်ပဲ "

ဟု ပြောပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တော်တော် အောင့်သွား၏။ ကျန်စီမင်းက သူတို့ တပ်တွေ မာကြောင်း၊ L.R.P လျှောက်တာ အလွန်မြန်ကြော လက်နက် ကြီးကျည်များ ဖောဖောသီသီသုံးနိုင်ကြောင်း ပြော၏။ ထိုစဉ် ရှေ့တန်းအမှတ်(၁၂) ခြေလျင်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး ကြီးမော တပ်ရင်းသည် ဟော်ကုန်းစခန်းမှ ရန်သူကို စု၍ ခုခံကြသည်။ စခန်း ဘာမှ ကျယ်သည် မဟုတ်၊ ကိုက် သုံးရာ ပတ်လည်ခန့်သာ ရှိသ အုတ်တံတိုင်း တစ်ထပ်သာ ကာထားသည်။ ယခင် မိုးမိတ်စော် နေသွားသည့် ဟော်ဝင်းကြီးဖြစ်သည်။ရန်သူဝင်လာသည့်အခါ စစ်ကြေ ရှိသည့် မိုးမိတ်အလယ်ရှိ ဟော်ကုန်းစခန်းမရောက်မီအထိ စစ်ကြ နယ်မြေများတွင် ရန်သူကို ကောင်းစွာ ဟန့်စစ် မဆင်နိုင်ခဲ့။

ရန်သူက တရုတ်နီတို့၏ Long March Tactic ဖြင့် မိုး မန်တုံဘက်မှ ခရီးရှည် ထိုးဖောက်ချီတက်လာပြီး တစ်ရှိန်ထိုးဝင်တို သွားခြင်း ဖြစ်သည်။ မိမိတပ်အနေဖြင့် အငိုက်မိသွား၍ လျင်မြန် စခန်းကျဆုံးသွား၏။ ကျဆုံးသူများထဲတွင် တပ်ရင်းမှူးကိုယ်တ ပါသွားခဲ့သည်။ ဖြစ်စဉ်ကို အထက်ဌာနများသို့ အချိန်မီ အပြည့် မဟာပ်ပြနိုင်ခဲ့။ နှစ်မိုင်ခန့်ပေးသည့် မိုးမိတ်လေယာဉ်ကွင်းရှိ ပြည်တွ လေကြောင်းပို့ဆောင်ရေးဌာန၏ ဆက်သွယ်ရေးစက်မှ သတင်း သာလျှင် မိုးမိတ် ရန်သူ့လက်ကျသွားကြောင်း လူကြီးများ သိကြ သည်။ ကျန်စီမြင့်တို့အဖွဲ့က အစိုးရပိုင် ကုန်သွယ်ရေးဂိုဒေါင်မျာ ဖွင့်ပြီး ပစ္စည်းများအားလုံး စိတ်ကြိုက် မွေနှောက်ယူသွားကြ၏။

နောက်တစ်နေ့တွင် ရသည့်ပစ္စည်းများကို သယ်ဆောင်ယူ ကျန်စီမြင့်တို့အဖွဲ့ တောင်ပေါ်ပြန်တက်သွားကြသည်ဟု ဆို၏။ ထိုစ မိုးမိတ်အနီးအနားတွင် မည်သည့် အရံစစ်ကြောင်းမှ မရှိ။ ရန် ခရီးဝေး ထိုးဖောက်လာခြင်းဖြစ်သည်။ အကယ်၍သာ အရံစစ်ကြေ ရှိပြီး ရန်သူ့ကို ဟန့်စစ်ဆင်နိုင်ခဲ့ပါက Early Warning ခေါ် ကြို သတိပေးမှုရရှိ၍ မိမိတို့ဘက်မှ စစ်ကူပစ်ကူများပေးပါက အချိန် မည်။ ယခုတော့ ထိုသို့ မဟုတ်။ စခန်းကျသွားတာတောင် ချက်ချင်း ခဲ့ရ။ အရံတပ်တည်ဆောက်မထားမိ၍ ဤကဲ့သို့ ဖြစ်ရသည်ဟု လူကြီး



က သုံးသပ်၍ နောင်တွင် မိုးမိတ်၌ တပ်ခွဲနှစ်နှစ်ခွဲပါ စစ်ကြောင်း တစ်ကြောင်း အနည်းဆုံးအရံအဖြစ် ထားရှိပါတော့သည်။

ယခုအခါတွင်တော့ မိုးမိတ်တွင် တပ်ရင်း နှစ်ရင်း၊ သုံးရင်းနှင့် အခြေချစစ်ဗျူဟာ တစ်ခုရှိသည်ဟု သိရပါသည်။ မည်သို့ဆိုစေ မိုးမိတ်သည်ကား စပါးဆန်ရေနှင့် သဘာဝ တွင်းထွက်ပစ္စည်းများ ပေါများပြီး မိုးကုတ်နှင့် မန္တလေးအတွက် ရှေ့ကာဖြစ်နေသဖြင့် ဤကဲ့သို့ လုံခြုံရေးအတွက် တပ်များချထားခြင်းကား စစ်ရေးအမြင်ဖြင့် ကြည့်ပါက အလွန် သင့်လျော်သော အစီအမံပင် ဖြစ်ပါသည်။ မိုးမိတ်သည် တကယ်တန်း လမ်းကောင်းသည်ဆိုပါက တရုတ်နယ်စပ် မူဆယ်၊ နမ့်ခမ်းသို့ တစ်ရက် တည်းနှင့် ရောက်မည့်မြို့ဖြစ်၏။

မိုးမိတ်ကား ပြောမည်ဆိုက ပြောစရာများ အတော်များများ ရှိပါ သည်။ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ပါသည်။ ထို့ကြောင့် ဤမျှ နှင့် ခဏရပ်ထားပါဦးမည်။ အဆင်သင့်သည့်အခါ ထပ်မံဖော်ပြပါဦးမည်။

ယခုဖော်ပြခဲ့သည်ကား ကျွန်တော်နေခဲ့သောမိုးမိတ်မြို့အကြောင်း တစေ့တစောင်းမျှသာ ဖြစ်ပါသည် ခင်ဗျား။

× × × ×

## ကျွန်တော်နှင့် ဗျူဟာမှူးများ

ကျွန်တော်သည် ခလရ(၇၁) ရှေ့တန်းရုံးစိုက်ရာ မိုးမိတ်၊ မဘိမ်း ဒေသသို့ ၁၉၈၅ ခုနှစ် နှစ်ကုန်တွင် ရောက်ရှိသွား၏။ လေးငါးလနေပြီး ၁၉၈၆ ခုနှစ်၊ မေလတွင် စစ်ဦးစီးတက္ကသိုလ် အထူးသင်တန်း ၂/၈၆ ကို တက်ရသည်။ ၁၉၈၆ ခုနှစ် နှစ်ကုန်ခါနီးမှ ရှေ့တန်းသို့ ပြန်ရောက်၏။ ၁၉၈၇ ခုနှစ် တစ်နှစ်လုံး မိုးမိတ်တွင် နေလိုက်၊ မဘိမ်းတွင် နေလိုက်၊ တပ်ပြန်လိုက်၊ နမခတွင် အစည်းအဝေးတက်လိုက်ဖြင့် တစ်နှစ်လုံး ကုန်သွားပါတော့သည်။

ထိုသို့နေရာမှ ၁၉၈၇ ခုနှစ်ကုန်၊ ၁၉၈၈ ခုနှစ်ကူး၌ မမျှော် လင့်ဘဲ ရန်ကုန်သို့ ပြောင်းခဲ့ရ၏။ ရှေ့တန်းတွင် အထူးလုပ်၍ ကိုင်၍ ကောင်းနေဆဲ အရာရာတွင် အဆင်ပြေနေရာမှ ပြောင်းလိုက်ရသဖြင့် ကော်တော်တော့ ကသိကအောင့် ဖြစ်သွား၏။ မည်သို့ဆိုစေ စစ်သား ကိုသည်မှာ ထားရာနေ၊ စေရာသွား အမိန့်နာခံရသည်သာ ဖြစ်သဖြင့်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရန်ကုန်သို့ လာခဲ့ရပါတော့သည်။ အောင်လံ ခလရ (၇၁)မှာ ကျွန်တော့်စစ်သားဘဝတွင် ပျော်စရာ အကောင်းဆုံး တပ်ဖြစ်သဖြင့် ဘယ်မှ မပြောင်းချင်တော့ပါ။ သို့ရာတွင် အထက်မှ ပြောင်းရမည်ဆိုတော့လည်း ပြောင်းခဲ့ရပါသည်။ ယခု ခလရ(၇၁)တွင် နေခဲ့ရင်း ကျန်နေသေးသော အမှတ်တရများကို ဆက်လက်ပြီး ဖော်ပြသွားပါဦးမည်။

ပထမဦးဆုံး ဖော်ပြလိုသည်ကတော့ ကျွန်တော့်ဗျူဟာမှူးများအကြောင်း ဖြစ်၏။ ကျွန်တော် ဒုတပ်ရင်းမှူးတာဝန်နှင့် မိုးမိတ်ရောက်ပြီး တစ်လခန့်အကြာတွင် ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးမင်း စခန်းကို လာစစ်၏။ ဗိုလ်မှူးကြီးမျိုးမင်းကား ရုပ်ခပ်ချောချောနှင့် ဝတ်တာ စားတာ အလွန်စမတ်ကျ၏။ ငယ်စဉ်က ရန်ကုန်စိန်ပေါလ်ကျောင်းထွက်မို့ သူ့အား အက်ဒီမျိုးမင်း ဟုလည်း ခေါ်ကြသည်။ သူသည် စကားပြောလည်း ချိုသာ၏။ ယဉ်လည်း ယဉ်ကျေး၏။ လူကြီးလူကောင်းနှင့် အလွန်တူသည်။ ကျွန်တော်တို့နှင့်နေသွားသည့်ကာလအတွင်း သူစိတ်ဆိုးသွားသည်ကို မြင်ဖူးတွေ့ဖူးခြင်း မရှိခဲ့၊ အဖျော်ယမကာသောက် သုံးတတ်သော်လည်း အလွန်အကျွံ သောက်လေ့ မရှိ၊ အလှပျက်မည်စိုး၍ ဟု ဆို၏။

သူ မိုးမိတ်စခန်းလာစစ်တော့ ကျွန်တော်က မြေပုံတင်ပြီး တပ်ရင်းမှူးကိုယ်စား ရှေ့တန်းအမှတ်(၇၁) ခြေလျင်တပ်ရင်း တစ်ခုလုံး၏ နယ်မြေအခြေအနေ၊ ရန်သူ့သတင်း၊ တပ်တည်၊ တပ်လှုပ်ထူးခြား ဖြစ်စဉ်စသည်တို့ကို ရှင်းလင်းတင်ပြရာ ဗျူဟာမှူး ဗိုလ်မှူးကြီးမျိုးမင်းက

" ဒုတပ်ရင်းမှူးကလေး ရှင်းလင်းတင်ပြတာ တော်တော် ကောင်းတယ်၊ မြေပုံတင်ထားတွေလဲ ကောင်းတယ်၊ ဘယ်က ပြောင်းလာတာလဲ "

အထက်ပါအတိုင်း မေးပါတော့သည်။ ထိုအခါ ကျွန်တော့် တပ်ရင်းမှူးကြီးက

" ငါ့ တူးအိုင်စီက တပ်မ(၈၈)က ကျိတူးလေကွာ "

ဟု ပြန်ပြော၏။

ဗိုလ်မှူးကြီးမျိုးမင်းသည် ဗိုလ်ကြီးဘဝက အင်ဂျင်နီယာတပ်ခြေလျင်တပ်သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရာတွင် ဒုဗိုလ်မှူးကြီးဇာခူးမားနှင့် ခလရ(၇၁)တွင် အတူနေခဲ့ဖူး၏။ ယခင်က တပ်ခွဲမှူးနှင့် တပ်ရင်းမှူးဖြစ်ခဲ့၏။ ယခုအခါတွင်ကား ဗျူဟာမှူးနှင့် တပ်ရင်းမှူး



ပြန်ဖြစ်နေသည်။ (၁၀)နှစ်လောက်အတွင်း သူက တဖြုတ်ဖြုတ် ရာထူးတွေ တက်လာသည်။ ဒုဗိုလ်မှူးကြီးဇာခူးမားကတော့ လက်ရှိရာထူးနဲ့ပဲ မြဲနေ၏။ နှစ်ယောက်သား တစ်ပြန်တစ်လှည့်စီ ဆရာ၊ တပည့်ဖြစ်နေကြသည်။ ဒုဗိုလ်မှူးကြီးဇာခူးမားက ဆယ်နှစ်ခန့် အသက်ပိုကြီး၍ သူ့ဗျူဟာမှူးအား မင်းနှင့်ငါ ပြောလေ့ရှိသည်။ ဗျူဟာမှူး ဗိုလ်မှူးကြီး မျိုးမင်းကလည်း တပ်ရင်းမှူး၏ မြန်မာစကား မတတ်တတတ်နှင့် ပြောသည်ကို အလွန် သဘောကျသူဖြစ်၏။

အထက်ပါအတိုင်း တပ်ရင်းမှူးက ကျွန်တော်တပ်မ (၈၈)မှ ပြောင်းလာသည်ကို ပြောလိုက်သည့်အခါ

" ဩော် ဒုတပ်ရင်းမှူးလေးက တပ်မ(၈၈)က လာတာကိုး "

ဟု ခေါင်းတညိတ်ညိတ်နှင့် ပြောပါတော့သည်။ ထို့နောက် ကျွန်တော့်ကို မိုးမိတ်မြို့အတွင်းရှိ တပ်စခန်းများ စစ်ရာတွင်လည်းကောင်း၊ ပဘိန်းစခန်းစစ်ရာတွင် လည်းကောင်း ခေါ်သွားပါတော့သည်။ ဗိုလ်မှူးကြီးမျိုးမင်းသည် Scrabble ခေါ် အင်္ဂလိပ်စာလုံးစီ ကစားခြင်းအား အလွန် ဝါသနာထုံ၏။ သွားလေရာတွင် Scrabble Board နှင့် စာလုံးလေးများ သယ်သွားလေ့ရှိသည်။ အားလပ်ချိန်များတွင် "လာ- Scrabble ကစားရအောင် "ဟု အရာရှိများကိုခေါ်ကာ ကစား၏။ တစ်ရက်တွင် ပဘိန်းမှ ရွှေလီမြစ်ရိုးအတိုင်း ကျွန်တော်တို့၏ မြောက်ဘက် အစွန်ဆုံးစခန်းဖြစ်သော ကွန်းချောင်း၊ ပိန်းချောင်း၊ ဧအိုး၊ ခွေးဟောင်ဒိုးဘက်ကို သွားကြသည်၊ စက်လှေ လေးငါးနာရီ စီးရ၏။

ထိုအခါ ဗိုလ်မှူးကြီးမျိုးမင်းက စက်လှေပေါ်တွင် ပျင်းလှသည်ဆို၍ Scrabble ကစားသည်။ ကျွန်တော်နှင့် တပ်ရင်းမှူး၊ ဗျူဟာမှူး သုံးယောက် ကစား၏။ တပ်ရင်းမှူးက ဗျူဟာမှူး အပေါ်အိမ်မှ ဖြစ်သည်။ Scrabble ၏ technique နည်းစနစ်ကို မသိသော တပ်ရင်းမှူးက ဖွင့်၍ ကစားရာ အင်္ဂလိပ်စာ အလွန်ကျွမ်းကျင်သည့် ဗိုလ်မှူးကြီးမျိုးမင်းက ကျွန်တော်တို့ နှစ်ယောက်အား အပြတ်အသတ် အနိုင်ရ၏။ နှစ်ပွဲနိုင်ပြီးသောအခါ

" တပ်ရင်းမှူးကြီးကလဲဗျာ၊ ကာလကတ္တားမှာ ကျောင်းနေခဲ့တယ် ... ပြောသေးတယ်၊ အမှတ်တွေ သိပ်ကွာသွားအောင် မကစားနဲ့လေ "

www.burmeseclassic.com

www.burmeseclassic.com



ဟု စပါတော့သည်။ တပ်ရင်းမှူးကြီးက " ငါက သိပ် မ...
တတ်ဘူး "ဟု ပြန်ပြော၏။ ထိုအခါ တတ်သည့်ပညာ မနေသာဆိုသလို လူကနေသော်လည်း ပညာက မနေသော ကျွန်တော်က

" ဗျူဟာမှူးကြီး၊ တပ်ရင်းမှူးကြီးနဲ့ ကျွန်တော်အထက်အောက် လဲပြီး ကစားကြည့်ချင်ပါတယ် "ဟု ပြောလိုက်ရာ ဗိုလ်မှူးကြီးမျိုးမင်းက သဘောတူလိုက်သည်။

ကျွန်တော်သည် ထို Scrabble ကစားခြင်းအား အင်္ဂလန်ပြန် ဒုဗိုလ်မှူးကြီးမောင်မောင်ထွန်းနှင့် ယခု စက်မှု(၁)၊ ဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထံတွင် တပည့်ခံ၍ နှစ်နှင့် ချီ သင်ကြားလာရာ ကိုယ့်ကို ကိုယ်တော့

" ဘက်တူရင် လူမရွေးဘူး၊ ကြက်တူးရွေးတောင်က တက်လုံး ကလေး အောင်သာ "

ဟု ထင်ထားသည်။

တကယ်တမ်း ကစားကြသည့်အခါ ကျွန်တော်က ဗိုလ်မှူးကြီး မျိုးမင်း ထည့်မရအောင် လက်ထိပ်အိမ်မှနေပြီး Blocking ရှုပ်၍ ပိတ်ကစားသည်။ စာလုံးများကို ခင်းမပေး၊ ကပ်ထားသည်။ လစ်ရင်လည်း ဗျူဟာမှူးစာလုံးများကို ခိုးကြည့်လိုက်သေးသည်။ ကျွန်တော်က ပိတ်လိုက်၊ ဒုဗိုလ်မှူးကြီးဇာခူးမားက လက်ထိပ်အိမ်မှ ကျွန်တော့်ကို ဖွင့်ပေးလိုက်ဖြင့် ကစားရာ ကျွန်တော် နှစ်ပွဲနိုင်သွားသည်။

ထိုအခါ ဗျူဟာမှူးမှ " အံမယ် ဒုတပ်ရင်းမှူးလေးက မဆိုး ပါလား"ဟု အသိအမှတ်ပြုသွားသည်။ ကွန်းချောင်းမရောက်မီ နောက်ဆုံး ပွဲ ကစားကြ၏။ ပဋ္ဌမမြောက် Final ပွဲဖြစ်သည်။ နောက်ဆုံးပွဲ ဆိုတော့ ကျွန်တော်က သိပ်မပိတ်တော့ဘဲ မသိမသာဖွင့်ပေးလိုက်၏။ ထိုအခါ ဗိုလ်မှူးကြီးမျိုးမင်းက ပွတ်ကာသီကာဖြင့် အနိုင်ရသွားပါတော့ သည်။ ပွဲပြီးချိန်တွင်

" အင်း၊ ဒီတစ်ခါ ကစားရတာ ကောင်းတယ်၊ အကြိုက်အနေ ရှိတယ်၊ နောက် ခလရ (၇၁)လာရင် ဒုတပ်ရင်းမှူးလေးနဲ့ ကစားမယ် "

ဟု ပြောတော့သည်။ ကျွန်တော် စစ်ဦးစီးတက္ကသိုလ်တက်ချိန် တွင် ဗိုလ်မှူးကြီးမျိုးမင်း ဘပ်မ(၈၈)သို့ ပြောင်းသွား ပါတော့သည်။



ဒုတိယဗျူဟာမှူးကြီး တစ်ဦးမှာ ဗိုလ်မှူးကြီးအောင်ခင်ဖြစ်၏။ ဗိုလ်မှူးကြီးအောင်ခင်မှာ ယခု သာသနာရေးဝန်ကြီး ဦးအောင်ခင်ဖြစ်၏။ ဗိုလ်မှူးကြီးအောင်ခင်အား ၁၉၇၅ ခုနှစ်၊ ကျွန်တော်ရတခနယ်မြေတွင် ရှိစဉ်ကပင် မော်လမြိုင်တပ်နယ်၌ တပ်ချင်းကပ်နေခဲ့ရပြီး စတင် သိကျွမ်း ခဲ့၏။ ကွယ်လွန်သူ ဗိုလ်ချုပ်အေးကျော်နှင့်ပတ်သက်ပြီး ၁၉၈၀ ခုနှစ်က စစ်ဦးစီးတက္ကသိုလ်လာတက်ရင်း ကျွန်တော့်အိမ်သို့ မကြာခဏ လာ ရောက် တတ်သဖြင့် လူချင်းများစွာ ရင်းနှီးခဲ့ပါသည်။ ရတခတွင် ကာဝန် ထမ်းဆောင်စဉ်က အချင်းချင်းမှားပစ်ကြရာ ကျွန်တော့် လက်ချက်ဖြင့် ဗိုလ်မှူးကြီးအောင်ခင် ဆေးရုံတက်ခဲ့ရ၏။

ထို့ကြောင့် အထူးပြောရန် မရှိပါ၊ ယနေ့အချိန်အထိ မိဘ မောင်ဖွားသမားကဲ့သို့ ခင်မင်ရှိသေလျက် ရှိပါ၏။ ဗိုလ်မှူးကြီးအောင်ခင်သည် နမခ၊ ဒုတိုင်းမှူး ဗိုလ်မှူးကြီးမင်းသိန်း ရန်ကုန်သို့ပြောင်းသွားသည့်အခါ မှ လေး နမခတွင် ဒုတိုင်းမှူး ဖြစ်သွားပါတော့သည်။ ဒုတိုင်းမှူးဖြစ်သွား သည့်အခါ မိုးမိတ်၊ မဘိန်းသို့ သိပ်ရောက် မလာတော့ပါ။

တတိယ ဗျူဟာမှူးမှာ ဗိုလ်မှူးကြီးမြင့်ဝေ ဖြစ်၏။ ဗိုလ်မှူးကြီး မြင့်ဝေသည် ၁၉၈၅ ခုနှစ်က ကျွန်တော် ဂျီတူးဘဝ၌ တပ်မ(၈၈)သို့ ဗျူဟာမှူးနှင့် ပြောင်းလာသူဖြစ်၏။ အတူ နေခဲ့ဖူး၏။ သူသည် စစ်ကိုင်း သားဖြစ်သည်။ ယနေ့ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့် ဆွေနှင့် ညီအစ်ကိုဝမ်းကွဲဖြစ်သည်။ ရိုးသားအေးဆေးသည်။ ကျွန်တော်နှင့် မိုးမိတ်ဟော်ကုန်းစခန်းတွင် လနှင့်ချီပြီး အတူနေခဲ့ ဘူးသည်။ သူသည် ဗျူဟာမှူးနှစ်ပေါင်းများစွာ လုပ်သွားပြီး နိုင်ငံခြားသို့ စစ်သံမှူးဖြင့် ပြောင်း သွားသည်။ ထိုမှ သက်ပြည့် ပင်စင်ယူသွားပါသည်။ ယခုတော့ အငြိမ်းစား ပေါ့ ခင်ဗျာ။

နောက်ဆုံးတစ်ဦးမှာကား ကျွန်တော် ဗိုလ်လောင်းတုန်းက ကျွန်တော့်ဆရာဖြစ်ခဲ့ဖူးသော ဗိုလ်မှူးကြီးလှမြင့်ကျော်ဖြစ်၏။ ဗိုလ်မှူးကြီး လှမြင့်ကျော်သည် ၁၉၈၇ ခုနှစ် ကျွန်တော် မဘိန်း တွင်ရှိစဉ် ရှေ့တန်းသို့ ရောက်လာ၏။ ကျွန်တော်ရှိသည်ဟုဆိုကာ မဘိန်းတွင် သုံးလေးရက် ညအိပ်သွားသည်။ ဆရာတပည့်နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြောရင်း ငယ်မူ ပြန်ကြ၏။ ဆရာလှမြင့်ကျော်က ဆို၊ က၊ ရှေးကီးများ ပါသနာပါ၏။ ဗိုလ်သင်တန်းကျောင်း၌ ကျောင်းဆင်းဗိုလ်လောင်းများ၏

www.burmeseclassic.com

www.burmeseclassic.com

အငြိမ့်နှင့် ယိမ်းကို သူကိုင်၏။ ကျွန်တော်ကလည်း ဇာတ်ပျက်
ထိုယိမ်းများတွင် ပါဝင်ခဲ့၏။ ကယောင်ပေးသဖြင့် တကယ်တန်း
အသုံးတော်ခံသောအခါ ကျွန်တော် မပါရတော့ပါ။

" ကျွန်တော် ဂယောင်ကျလို့ ဗျူဟာမှူးကြီး အဲဒီတုန်း
ကျွန်တော့်ကို မထည့်တော့တာလား "

ဟု မေးမိ၏။

" မင်းက သိပ်ဂယောင်မကျပါဘူးကွာ၊ မင်းတို့ပါတဲ့ အစီအစ
ကို ကျောင်းအုပ်ကြီးက မထည့်နဲ့ ဆိုလို့ပါ "

ဟု ပြောရာသည်။

ကျွန်တော်နှင့်နေရသည်ကို ပျော်သည်ဟုဆိုပြီး ကျွန်တေ
စစ်ကြောင်း(၂) ရှိရာ မဘိန်းသို့ မကြာမကြာ လာတတ်၏။ လာရင်လည်
နှစ်ရက်၊ သုံးရက်နေသွား၏။ ဗျူဟာမှူးမှာ နောင်တွင် အားကစားနှ
ကာယပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ် ဖြစ်သွား၏။ သက်ရာ
၂၀၀၀ ပြည့်နှစ်က ပင်စင်ယူသောအခါ "အလုပ်မရှိရင် မနေတတ်လို့" မှ
ကျွန်တော့် ဥက္ကဋ္ဌ (မြို့တော်ဝန်)ကြီးထံ လာပြောရာ မြို့တော်ဝန်ကြီးက
ရန်ကုန်စည်ပင်ဘဏ်တွင် ဘဏ်မန်နေဂျာအဖြစ် ခန့်ထားလိုက်၏။
စက် မကုန်၍ ဆရာတပည့်၊ ယခုအခါမှာတော့ မြို့တော်စည်ပင်တွ
ပြန်ဆုံနေကြရပါသည် ခင်ဗျား။

## (၁၄)ယောက် (၁၄)လက် (၁၄)ရက်

၁၉၈၇ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်သည်။ ခလရ(၈၇
တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးလှဝေ နယ်ဘက်သို့ ပြောင်းသွား၏။ သူ့နေရာ
သို့ ဒုဗိုလ်မှူးကြီးသိန်းကြိုင်ရောက်လာသည်။ ခလရ(၈၇) စစ်ကြောင်း(
သည် မဘိန်း၏အရှေ့မြောက်ဘက် ဗန်းမော်သွားကားလမ်းဘေးရှိ စီပိ
တွင် စခန်းထိုင်နေ၏။ ထိုအချိန်၌ အရှေ့မြောက်ဒေသတွင် စီစီ
တာပန်တိုက်ပွဲကြီးပြီးသွားသဖြင့် KIA တို့၏ ဆမားဒုဘန်ဒေသ ကျ
သွားသည်။ တပ်မတော်က ကြူကုက်၊ ပန်ဆိုင်းဒေသကို သိမ်းပိုက်ရရှိပြ
ဖြစ်သည်။ ဒါသာမက ဗကပ နမ့်ခန်းခရိုင်တပ်ရှိသည့် မန်ကီးရိုးကိုလည်
သိမ်းပိုက်ရရှိပြီး ဖြစ်သည်။



ထို့ကြောင့် KIA တပ်မဟာ(၄) အင်အားစုများသည် မူဆယ်၊
နမ့်ခမ်းဒေသတွင် မနေနိုင်တော့ဘဲ ရွှေလီချိုင့်ဝှမ်းသို့ ဆင်းလာကြ၏။
သူတို့သည် ရွှေလီချိုင့်ဝှမ်းဆင်းလာပြီး ရနိုင်သမျှ တိုက်ကွက်များကို
ဖော်ရာ ဗန်းမော်၊ ရွှေကူဒေသတပ်များနှင့် ထိတွေ့မှုဖြစ်၏။ ထိုတပ်များ
က KIA အကြောင်း ကောင်းကောင်းသိနေသဖြင့် ကြီးမားသည့် အမြတ်
အစွန်း မရကြ။ ထိုအခါ KIA တို့သည် နမခ၏ အစွန်အဖျား တပ်များ
ကို မျက်စိကျလာ၏။

ဤတွင် စီပိန်း၌ရှိသော ရတခလရ(၈၇)ကို တိုက်ကွက်ဖော်ရန်
ဆုံးဖြတ်ကြ၏။ ရန်သူက စီမံချက်အတိုင်း တပ်ကို မြူဆွယ်၏။ လူလွှတ်၍
KIA များရောက်နေကြောင်း သတင်းပေးခိုင်း၏။ တပ်က ထွက်
မတိုက်သောအခါ စစ်မြူပြီး စခန်းအား ၆၀-မမစိန်ပြောင်းနှင့် လာပစ်၏။

ထိုအချိန်တွင် စီပိန်းစခန်း၌ စစ်ကြောင်း (၁)မှူးတာဝန်ကို
ဗိုလ်မှူးတင်ထွန်းနှင့် ဒုဗိုလ်မှူးကြီးသိန်းကြိုင် လဲပြီးချိန်ဖြစ်၏။ ဗိုလ်မှူး
တင်ထွန်းက တာဝန်လဲပြီး နောက်တန်းသို့ပြန်ဆင်းသွားသည်။ အောက်
တိုဘာလ (၁၄)ရက်နေ့ နံနက်တွင် စီပိန်းစခန်းအား KIA မှ ၆၀-မမ
စိန်ပြောင်းနှင့် လာပစ်ရာ တိုက်လိုခိုက်လိုစိတ်ရှိသည့် ဒုဗိုလ်မှူးကြီး
သိန်းကြိုင်က စခန်း၌ အသင့်ရှိနေသည့် ခွဲရုံးနှစ်စုအား ထွက်လိုက်ခိုင်း
လိုက်၏။ အမှန်မှာ ရန်သူက ကျူးသွင်းလိုက်ခြင်းသာ ဖြစ်သည်။ လိုက်သူ
များက လမ်းအတိုင်း လိုက်သွားကြသည်။ သိပ်ကြာကြာ မသွားရပါ၊
စခန်းနှင့် နှစ်မိုင်ခန့်အကွာတွင် ရန်သူတစ်ရာကျော် မှ ကျင်းများ ဘူး၍
မိမိတပ်အား ခြုံခိုတိုက်ခိုက်ပါတော့သည်။ တိုက်ပွဲအတွေ့အကြုံ နည်း
သော မိမိတပ်မှာ ရန်သူ၏ကျင်းတူး ခြုံခို တိုက်ခိုက်ခြင်းခံရသဖြင့်
ကစဉ့်ကလျားပွဲပျက်၍ ခွါစစ်ဆင်ခဲ့ရ၏။ (၁၄) ယောက် ကျဆုံးပြီး
သေနတ် (၁၄)လက်ပါသွားသည်။ ထိုနေ့ကား အောက်တိုဘာလ (၁၄)
ရက်နေ့ပင်တည်း။

ထိုကိစ္စနှင့်ပတ်သက်၍ အထက်ဌာနများမှ ဗျူဟာမှူး ဗိုလ်မှူးကြီး
မြင့်ဝေအား တိုက်ပွဲနေရာအထိ လိုက်သွားခိုင်းသည်။ နောက်တန်း
ပြန်ဆင်းသွားသည့် ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူး တင်ထွန်းလည်း Half
Cock ဖြစ်ပြီး လမ်းတစ်ဝက်မှ စီပိန်းသို့ ပြန်ရ၏။ ထပ်ဆောင်းတပ်

www.burmeseclassic.com

www.burmeseclassic.com

များနှင့် နှစ်ပတ်ခန့် စစ်ဆင်ရေးလုပ်သည်။ သို့ရာတွင် ရန်သူက ဒါမျိုးတွေ ရိုးနေပြီ။ လေးမြန် တစ်နေ့အတိုင်းကျင့်သုံး၍ လုံခြုံစိတ်ချရာ မြောက်ဘက်သို့ ပြန်တက်သွားသည်။ မပခ နယ်မြေထဲ ရောက်သွားသည်။ လိုက်မမီတော့။ ရန်သူ၏ စစ်မြူ ကျူသွင်းတိုက်ခိုက်ခြင်း သင်ခန်းစာကို သွေးနှင့် လဲလိုက်ရပါသည်။

အလားတူ တိုက်ပွဲမျိုးကို ကျွန်တော် ဒုဗိုလ်ဘဝက ဖာပွန်ဒေသ ဒါးကွင်းတွင် ကြုံခဲ့ရ၏။ ကျွန်တော် ဒုဗိုလ်ဖြစ်တော့ တိုက်ပွဲဖြစ်ပြီးခါစ ဖြစ်သည်။ ခလရ (၁၃)က ဖာပွန်ရှိ ကရင်အမျိုးသမီးလေး သုံးလေးဦးအား မတရားကျင့်ကာ သတ်ပြစ်သည်ဟုအကြောင်းပြ၍ ကေအင်န်ယူတို့က ဓါးကွင်းတောင်ကြောတွင် ကျင်းပေါင်း (၁၀၀)ခန့် တူး၍ ဓါးကွင်းစခန်း လဲပြီး ပြန်လာသော တပ်ခွဲအား အနီးကပ် ခြုံခိုတိုက်ခိုက်သည်။ ထို တိုက်ပွဲအတွက် ကေအင်န်ယူတို့သည် မြစ်ဝကျွန်းပေါ်မှ တပ်များကိုပင် စစ်ကူခေါ်ခဲ့သည်ဟု သိရ၏။

ထိုတိုက်ပွဲတွင် ခလရ(၁၃)မှ လူ နှစ်ဆယ်ကျော် ကျဆုံးခဲ့သည်။ ကျွန်တော် ဗိုလ်ပေါက်စလေးဘဝက တစ်ရက်၌ ဓါးကွင်းသွားရင်း ထို ကျင်းများအောတွင် မိုးစိုစိုနှင့် တစ်ညအိပ်ခဲ့ရသည်ကို မှတ်မိပါသေးသည်။ မည်သို့ဆိုစေ ကျွန်တော်တို့ တပ်မတော်တွင် လုပ်တာ ကိုင်တာ မှားခြင်း အသက်ပါ ပေးဆပ်ရ၏။ နမခတွင် ဖြစ်တော့ဖြစ်ခဲ့သည့် ဤ (၁၄) ယောက်၊ (၁၄)လက်၊ (၁၄)ရက်အမှတ်တရဖြစ်စဉ်ကို အရာရှိငယ်များ သင်ခန်းစာရယူနိုင်ရန် ဖော်ပြပေးလိုက်ရပါသည် ခင်ဗျား။

## မြဝတီတစ်ခေါက် ရောက်ခဲ့စဉ်က

ကျွန်တော်တို့နိုင်ငံတွင် မြဝတီဆိုသည်ကို အလွန်လူသိ၏။ မြဝတီမဂ္ဂဇင်း၊ မြဝတီရုပ်မြင်သံကြား၊ မြဝတီမြို့တို့သည်ကား အားလုံး နာမည်ကြီးများ ဖြစ်သည်။ မြဝတီရုပ်မြင်သံကြားကလည်း ယနေ့အခါတွင် ပြည်သူတို့ စိတ်နှလုံးရွှင်ပြုံးအောင် အထူးကြိုးစားသဖြင့် လူထု၏ တစ်ခဲနက် အားပေးခြင်းခံနေရ၏။ မြဝတီ၏ဇာတ်လိုက် ကျန်ကျောင်းအား တစ်နိုင်ငံလုံးရှိ ကလေး လူကြီးမကျန် သိကြ၏။ မြဝတီမဂ္ဂဇင်းမှာလည်း လွန်ခဲ့သည့် နှစ်ပေါင်း(၅၀)နီးပါးက စတင် ထုတ်ဝေခဲ့သည်။



ယနေ့တိုင်အောင် အခိုင်အမာရပ်တည်နေသော သက်တမ်းအရှည်ဆုံးမဂ္ဂဇင်းဖြစ်၍ လူသိများသည်။ အလားတူပင် မြဝတီမြို့မှာလည်း ယိုးဒယား၊ မြန်မာနယ်စပ် သောင်ရင်းမြစ်ကမ်းနဖူးပေါ်တွင် ရှိပြီး ယိုးဒယားမှ မြန်မာနိုင်ငံသို့ အရေးကြီး ဝင်ပေါက်ဖြစ်သဖြင့် လူသိများလှ၏။ ကျွန်တော်သည် ၁၉၉၅ ခုနှစ်က မြဝတီနှင့် (၉)မိုင်သာ ဝေးသော သက်နီးညီနောင်တွင် တစ်လကျော် နေခဲ့ရ၏။

သို့ရာတွင် လူကြီးတွေက "မြဝတီ မသွားပါနဲ့" ဟုဆို၍ ကျွန်တော်မြဝတီသို့ မရောက်ခဲ့ရပါ။ မြဝတီအနီးတွင် တပ်ရင်းသုံးရင်းနှင့် နေခဲ့ရာ တပ်ရင်းမှူးနှင့်တပ်တွေအားလုံး မြဝတီသို့ ရောက်ကြသော်လည်း ဗျူဟာမှူး ကျွန်တော်ကတော့ စရောက်သည်မှ စစ်ဆင်ရေးပြီးသည်အထိ သက်နီးညီနောင်တွင်သာ နေရသည်။ မြဝတီသို့ မသွားခဲ့ရ။ ထိုမြဝတီသို့ ကျွန်တော်မရောက်သော်လည်း ၁၉၈၇ ခုနှစ်က ဧရာဝတီမြစ်ဘေးရှိ မြဝတီရွာလေးကိုတော့ ကျွန်တော်ရောက်ခဲ့သည်။ ရောက်သည့် အကြောင်းကို တင်ပြပါမည်။

၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၁၉)ရက်နေ့ ညနေအချိန်ဖြစ်၏။ ကျွန်တော်သည် ခလရ(၇၁) အောင်လံတပ်ရင်း၌ရာနချုပ်၌ အနား ပြန် ပြန်ရောက်နေ၏။ ပြန်ရောက်သည်မှာ သုံးရက်ရှိပြီ။ ထိုနေ့ညနေတွင် ကျွန်တော်သည် မိသားစုနှင့် အိမ်တွင်နားနေ၏။ တပ်ထောက် ဗိုလ်ကြီး ဗိုလ်ကြီးအောင်သန်းက ကျွန်တော့်အား လာခေါ်သည်။

" ဒုတပ်ရင်းမှူး၊ ဂျီဝမ်းကြီးက စက်ပေါ်ကနေ ပြောစရာရှိလို့တဲ့ ခင်ဗျ "

ဂျီဝမ်းကြီးမှာ ဗိုလ်မှူးကြီးစိုးမြင့်ထင်ပါ၏။ ခလရ(၇၁)တွင် သေရေး ရှင်ရေးတစ်ခုမှ မရှိ။ ဂျီဝမ်းက စကားပြောချင်သည်ဆိုတော့ ကျွန်တော် တော်တော်အံ့သြသွား၏။ ဘာကိစ္စများလည်း မသိ၊ စက်ခန်းသို့ ထလိုက်သွား၏။ ရောက်ပြီဖြစ်ကြောင်း သတင်းပို့လိုက်သည်။ တစ်ဖက်မှ ဂျီဝမ်းကြီးက

" ဒုတပ်ရင်းမှူး၊ နက်ဖြန်မနက် (၆)နာရီအရောက် နမခ ကို သတင်းပို့ပါ။ အရေးကြီး ညွှန်ကြားချက် ပေးစရာရှိတယ် "ဟု ပြောကာ စက်ပေါ်က ဆင်းသွား၏။ ဘာမှ ပြန်မမေးချိန် မရလိုက်။

" ကဲ ကိုအောင်သန်း၊ ဘယ်လိုလုပ်ကြမလဲ "

www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ် ဒုတပ်ရင်းမှူး၊ ဒီညပဲ ကျွန်တော်နဲ့ ဒုတပ်ရင်းမှူး နှစ်ယောက်သွားလိုက်ကြတာပေါ့ "

ကျွန်တော်သည် ထိုနေ့ညသို့ တပ်ရင်းမှူး၏မာဇဒါဂျစ်ကားဖြင့် တပ်ထောက်ဗိုလ်ကြီးက မောင်း၊ ကျွန်တော်က ထိုင်လိုက်ကာ၊ မန္တလေးသို့ ထွက်ခဲ့ပါသည်။ ကျွန်တော်တို့နှင့်အတူ ယာဉ်ပြင် တပ်ကြပ်ကြီးတစ်ဦး ပါလာ၏။ မန္တလေးသို့ အချိန်မီ ရောက်ပါသည်။ စစ်ဦးစီးဌာနသို့ ဝင်သတင်းပို့ရာ မနက် (၇)နာရီတွင် အစည်းအဝေးခန်းမအတွင်းသို့ ဝင်ခိုင်း၏။ နမခမှ တပ်ရင်းမှူးအချို့နှင့် တပ်မ(၃၃) တပ်မမှူး ဗိုလ်မှူးကြီး လှရွှေအား တွေ့ရသည်။

အခြားတပ်မမှလည်း ဗျူဟာမှူးများ၊ ဒုတပ်မမှူးများ တက်ရောက် သည်ကို တွေ့ရ၏။ လူစုံသည့်အခါ တိုင်းမှူးမှ

" ယခုကိစ္စမှာ အဓိကပုဂ္ဂိုလ် ခရီးစဉ်ကိစ္စဖြစ်ကြောင်း၊ အဓိက ပုဂ္ဂိုလ် ယ ရက်တွင် မန္တလေးသို့ ရောက်မည်ဖြစ်ကြောင်း၊ ထိုမှ ကင်းထွား ဆည်ကိုကြည့်ရှု၍ နောက်ရက်များတွင် ဧရာဝတီမြစ်အတိုင်း စုန်ဆင်း မည်ဖြစ်ကြောင်း၊ မန်းရေနံမြေ၊ ကျောက်စွာ ခါက်မြေဩဇာစက်ရုံတို့ကို ဝင် ကြည့်မည်ဖြစ်ကြောင်း၊ ၎င်းကိစ္စ လုံခြုံရေးယူရန် ဖြစ်ကြောင်း " ရှင်းလင်း ပြောကြားပါသည်။

ကျွန်တော့်တပ်တွင် အနားပြန် တပ်ခွဲတစ်ခွဲသာရှိရာ ခမရ(၁၂)မှ တပ်ခွဲတစ်ခွဲထပ်ဆောင်းပေးပြီး ကျောက်စွာ ခါတ်မြေဩဇာစက်ရုံနှင့် မြစ်ဝေ တစ်ဝိုက်တွင် လုံခြုံရေးယူပေးရန် ကျွန်တော့်အား တာဝန်ပေးပါသည်။ အဓိက ပုဂ္ဂိုလ်နှင့်အတူ ကာကွယ်ရေးဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်၊ ဝန်ကြီးများ၊ တက္ကသိုလ်မှ ပါမောက္ခများ၊ ပညာရှင်များပါမည်ဟု သိရ၏။ လုံခြုံရေးမှာ ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်လုံး စစ်ကိုင်းမှသည် ပြည်အထိ တပ်မငါးခုနှင့် နမခတပ်များ ထုတ်နှုတ်၍ စေ့စေ့ဆောင် ချထားသည်။ အစည်းအဝေးပြီးသော် ညွှန်ကြားချက်ကို လက်ကမ်းပေး၍ ပြန်ခိုင်းလိုက်၏။

ကိုနေ့က ရုပ်ရှေ ကိစ္စလေးတစ်ခုကို ပြောလိုပါသေးသည်။ အစည်းအဝေး မစမီ မနက် (၈)နာရီတွင် တပ်မ(၃၃)မှ ဂျီတူးကို ကျွန်တော်တွေ့လိုက်ရာ အလွန် အံ့အားသင့်သွား၏။



" ဟေ့ ကိုတင်ထွန်း၊ အောင်မယ် ကိုယ့်လူက ခပ်တည်တည်နဲ့ တယ်ဟုတ်ပါလား၊ မေဂျာတွေ ဘာတွေဖြစ်လို့၊ ဘယ်တုန်းက မေဂျာ ဖြစ်လိုက်တာလဲ သူငယ်ချင်းရယ် "

ကိုတင်ထွန်းမှာ B.E တပ်စုမှူးဖြစ်ပြီး ကျွန်တော်နှင့် ၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ တိုက်ခိုက်ရေးကျောင်းတွင် နေခဲ့၏။ ကျွန်တော့် ထက် အတော် ဂျူနီယာကျပါသည်။ ထို့ကြောင့် မေဂျာ မဖြစ်တန်သေးဟု အောက်မေ့၏။ယခုတော့ မေဂျာသာမက ဂျီတူးကြီးပါဖြစ်နေ၍ ကျွန်တော် က အံ့အားသင့်နေသည်။ သူသည် တိုက်ခိုက်ရေးကျောင်းတွင် ရှိစဉ် သီရိဂေဟာ၌ နေသည်။ ကျွန်တော့်အိမ်သို့ မကြာခဏ ထမင်းလာစား လေ့ရှိ၏။ ရမ်လေးဘာလေးလည်း မကြာမကြာ အတူသောက်ကြသည်။ ထို့ကြောင့် သူ့ကို အားပါးတရ နှုတ်ဆက်လိုက်ခြင်းဖြစ်၏။ ကျွန်တော် စကားပြောလိုက်သောအခါ သူက ကျွန်တော့်ကို စိမ်းစိမ်းကြီး ကြည့်ပြီး

" ကျွန်တော် တင်ထွန်း မဟုတ်ဘူးဗျ၊ ကျွန်တော်က စိုးဝင်း "

" ဗျာ "

ကျွန်တော် အလန့်တကြားဖြစ်သွား၏။ ကိုတင်ထွန်းနှင့် ကိုစိုး ဝင်းမှာ အလွန်တူလှ၏။ ခွဲ မရနိုင်ပါ၊ ထို့ကြောင့် ကျွန်တော်လည်း အံ့အားသင့်သွားပြီး

" ဆောရီးဗျာ၊ ဆောရီး၊ ဆောရီး "

ဟု တောင်းပန်လိုက်ရပါသည်။

သူတို့နှစ်ယောက်သည် အမြွှာပူးညီအစ်ကိုဖြစ်၍ ကလေးဘဝ က တစ်ကွဲတစ်ပြားစီ ဖြစ်သွားကြသည်။ ကိုစိုးဝင်းက စစ်တက္ကသိုလ် တက်သည်၊ ကိုတင်ထွန်းက စက်မှုတက္ကသိုလ် တက်သည်၊ စက်မှု တက္ကသိုလ်က ထွက်တော့ ဗိုလ်သင်တန်းတက်သည်။ တပ်ထဲရောက်မှ သူတို့အမြွှာပူး ညီအစ်ကို ပြန်တွေ့ကြသည်ဟုဆို၏။ အခုတော့ ကိုစိုးဝင်း က နမခ တိုင်းမှူးဖြစ်နေပြီး၊ ကိုတင်ထွန်းက ကကယာ ညွှန်ကြားရေးမှူး ဖြစ်နေပါပြီ။ ညီအစ်ကိုနှစ်ယောက်စလုံး ဗိုလ်ချုပ်တွေပေါ့ ခင်ဗျာ။ သူတို့လိုပင် အလွန်တူသော အမွှာပူးညီအစ်ကို ဗိုလ်ကြီး ခင်မောင်ဝင်းနှင့် ဗိုလ်မှူးခင်မောင်လင်းကိုလည်း တပ်ထဲတွင် တွေ့ခဲ့ဖူးပါသည်။ သူတို့ကို

www.burmeseclassic.com

www.burmeseclassic.com


လည်း လူမှားခဲ့ဖူးပါသည်။ လူတွေ၏ကံကြမ္မာနှင့် အမြွာတို့၏ အကြောင်းတို ကြုံကြိုက်သဖြင့် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

အစည်းအဝေးပြီးသော် ချက်ချင်းပင် မန္တလေးမှ အောင်လံသို့ ပြန်ခဲ့၏။ ညနေတွင် ပြန်ရောက်၏။ ထိုအခါ မိုးမိတ်ရှိ တပ်ရင်းမှူးမှ

"ဘာကိစ္စအစည်းအဝေးတက်ရတာလဲ"

ဟု လှမ်းမေးပါသည်။

ကျွန်တော်က စက်ပေါ်မှ

"မဖြေနိုင်ပါ"

ဟု ပြန်ဖြေလိုက်၏။ တပ်ရင်းမှူးက စိတ်ဆိုးသွားသည်လား မသိ၊ "ဘာကြောင့် မဖြေနိုင် တာလဲ၊ ရှင်းလင်းတင်ပြပါ" ဟု ပြောပြန်ပါသည်။

ထိုအခါ ကျွန်တော်က လဝ(၁) ဖြစ်နေ၍ အထူးဆတ်သွားဖြင့် အကျိုးအကြောင်းအား စာရေးပြီး တင်ပြပါမည်ဟု ပြောမှ ထိုကိစ္စပြီးပြတ် သွားပါသည်။ လုံခြုံရေးကိစ္စအတွက် တပ်၌ နှစ်ရက်၊ သုံးရက် ပြင်ဆင် ပြီးသည့်နောက် ကျွန်တော်သည် ခမရ(၁၂)မှ တပ်ခွဲတစ်ခွဲ၊ ကျွန်တော်၏ တပ်မှ တပ်ခွဲတစ်ခွဲ၊ တပ်ခွဲနှစ်ခွဲဖြင့် ကျော်စွာခါတ်မြေဩဇာစက်ရုံသို့ ချီတက်ခဲ့၏။ ပတ်ဝန်းကျင် မြေအခြေအနေ လိုက်ကြည့်သည်။ ထို့နောက် ဧရာဝတီမြစ်ရိုးတစ်လျှောက် လုံခြုံရေး ယူရပါတော့သည်။

ဤတွင် ကျွန်တော်၏စစ်ကြောင်းရုံးအား ကျော်စွာ ဓါတ်မြေ ဩဇာစက်ရုံမြောက်ဘက် သုံးလေးမိုင်ခန့်အကွာတွင်ရှိသော မြဝတီရွာ ကလေး၌ အခြေပြုလိုက်၏။ မြဝတီရွာကလေးမှာ အိမ်ခြေ လေးဝါး ခြောက်ဆယ် ရှိသည်။ ဧရာဝတီ အနောက်ဘက်ကမ်းဖြစ်၍ အတော် ခေါင်လှ၏။

ထိုစဉ်က ယခုလို ဧရာဝတီ မြစ်ကူးတံတားကြီးများလည်း မရှိ သေးသဖြင့် လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်လှသည်။ ရေ ကြောင်းကိုသာ အားကိုးနေရသည်။ မြဝတီရွာကလေးမှာ ကုန်းဘောင် ခေတ် စာဆိုတော်ကြီး မြဝတီမင်းကြီးဦးစ အပိုင်စားရသော ရွာကလေးဟု ဆိုကြ၏။ ဦးစကို စစ်ကိုင်းမြို့အနောက် မိချောင်းတပ်ရွာမှာ ဖွားမြင်သည် ဟု သိရ၏။ မင်းတုန်းမင်းတရားလက်ထက်တွင် ဦးစသည် အိမ်ရှေ့ သံတော်ဆင့်ရာထူးနှင့် နေမျိုးသူရ ဇေယျဘွဲ့ရရှိခဲ့သည်။ ကသည်းပြည် ပုန်ကန်မှုနှင့် အင်္ဂလိပ်- မြန်မာပထမစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ပြီး

၁၈၃၀ ခုနှစ်တွင် မြဝတီရွာကို အပိုင်စားရ၍ မြဝတီမင်းကြီးအဖြစ် ရှိသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ကွယ်လွန်ခဲ့သည်ဟု သိရသည်။

ထိုမြဝတီမင်းကြီး ဦးစ၏ရွာကလေးသည် ကျွန်တော်တို့ ရောက် သွားသည့်အခါ အလွန်စုတ်ချာလှ၏။ ရွာမှာ တက်စရာ အိမ်သာပင် မတွေ့ခဲ့ရ၊ မနေနိုင်၍ ရွာလူကြီးအား ပြောခဲ့ရသေး၏။ ရွာသည် ဧရာဝတီ မြစ်၏ စတုတ္ထမြစ်ကျဉ်းနှင့် နီးကပ်စွာ ရှိ၏။ ကျွန်တော်သည် မြဝတီတွင် တစ်ပတ်ခန့် နေရသည်။ ကျွန်တော်နှင့်အတူ တပ်ခွဲမှူးမှာ ဗိုလ်ကြီး လှိုင်မြင့် (ယခု ဒုဗိုလ်မှူးကြီးလှိုင်မြင့်၊ ကကရေး) ဖြစ်၏။ ထိုပျင်းစရာ ကောင်းသော ရက်များတွင် မြစ်ကြောင်းတစ်လျှောက် လှုပ်ရှား သွားလာ ကာ တိုက်ကင်းလှည့်ခြင်း၊ Scrabble ကစားခြင်းများဖြင့် အချိန်ကုန်ခဲ့ ပါသည်။

အချိန်ကုန်ခဲလှသဖြင့် တစ်ရက်တွင် ကံမမြို့သို့ သွားလည်၏။ ကံမတွင် ကျွန်တော်၏ ရောင်းရင်းမိတ်ဆွေဟောင်းကြီး ဗိုလ်မှူးအုံးလယ် ရှိနေသည်။ သူနှင့် ကျွန်တော်သည် တိုက်ခိုက်ရေးကျောင်းတွင် နှစ်နှစ်ခန့် မှတူနေခဲ့ဖူး၏။ ဗိုလ်မှူးအုံးလယ်သည် တိုက်ခိုက်ရေးကျောင်းတွင် "စကင်အုံးလယ်၊စကင်အုံးလယ်"ဟု နာမည်ကြီး၏။ တိုက်ခိုက်ရေးကျောင်း ၌ လေ့ကျင့်ရေးဌာနတွင် နိုင်လွန်စကင်များ ရှိသည်။

ထိုဌာနမှ တာဝန်ရှိသူများက ထိုရာပေါင်း များစွာသော စကင် မျပ်များကို ဘာလုပ်ရမှန်း မသိ၊ ဗိုလ်မှူးအုံးလယ်က ထိုစကင်များကို တရားဝင် မကြာခဏတောင်းပြီး သူ့သံချပ်ကာသင်တန်းများတွင် အသုံးပြု သည်။ အစည်းအဝေးတွင် မကြာခဏ စကင်ထထ တောင်းတတ် သဖြင့် အားလုံးက သူ့ကို "စကင်အုံးလယ်"ဟု နာမည်ပေးလိုက်ကြ၏။ ဗိုလ်မှူး အုံးလယ်မှာ ကံမတွင် ကောင်စီဥက္ကဋ္ဌ လုပ်နေသည်။ ရှေးဟောင်း နှောင်းဖြစ်ပြောပြီး သူကျွေးသော ညနေစာတစ်နပ်စာကို မြိန်ရည်ရှက်ရည် စားပြီး ပြန်လာခဲ့၏။ ဗိုလ်မှူးအုံးလယ်က မြန်မာမဟုတ်၊ ဆလိုင်းချင်း ဖြစ်သည်။ သို့ရာတွင် မြန်မာစကားပြော ကြွယ်ဝမှု၌ မြန်မာကပင် အရှုံးပေးရ၏။ ၎င်း၏ဇနီးမှာလည်း ချင်းလူမျိုးပင် ဖြစ်သည်။ သူ့ဇနီးမှာ ၁၉၆၀ မတိုင်မီ ကာလများက ဘွဲ့ရထားသူဖြစ်၏။ အတော်ထူးခြားသော

www.burmeseclassic.com



ဇနီးမောင်နှံပါပေ။ တစ်ပတ်အကြာတွင် အခွိကပုဂ္ဂိုလ် ခရီးစဉ် လုံခြုံ
ကိစ္စပြီးသွားသည်။ ဘာပြဿနာမှမဖြစ်ဘဲ အေးအေးဆေးဆေး ပြီး
သွား၏။

အဓိကပုဂ္ဂိုလ်ကတော့ တစ်ခြားသူ မဟုတ်ပါ၊ ဗိုလ်ချုပ်
နေဝင်း ဖြစ်ပါသည်ခင်ဗျား။

**မမျှော်လင့်မထားသော အမိန့်ထွက်လာခြင်း**

၁၉၈၇ ခုနှစ်ကား ရှေ့တန်းတက်လိုက်၊ နောက်တန်းပြန်
လိုက်နှင့် ကျွန်တော့်အတွက် လျင်မြန်စွာပင် ကုန်ဆုံးသွား၏။ ၁၉
ခုနှစ်ကုန်၍ ၁၉၈၈ နှစ်ဆန်းတွင် တပ်ရင်းနောက်တန်းမှ ရှေ့တန်း
ကြေးနန်းတစ်စောင် ပို့လာ၏။

" ဒုတပ်ရင်းမှူး မှူးသက်ဦးအား လေ့ကျင့်ရေး ညွှန်ကြား
ရေးမှူးရုံးသို့ တွဲဖက်လိုက်ကြောင်း၊ ကကထူးမှ အမိန့်ရောက်ရှိလာ
သိသာပါရန် တင်ပြအပ် "

ထိုကြေးနန်းကို နောက်တန်းမှစစ်ကြောင်း(၁)နှင့် (၂) နှစ်ခုစလုံ
အား လက်ခံပေးထား၏။ နောက်တန်းတွင် ဌာနချုပ်တပ်ခွဲမှူး ဗိုလ်မှူး
ထင်အောင်နှင့် တပ်ထောက်ဗိုလ်ကြီး ဗိုလ်ကြီးအောင်သန်းစသည်တို့
ရှိကြ၏။ ထိုကြေးနန်းရောက်ရှိချိန်တွင် ကျွန်တော်တို့ စစ်ကြောင်း(၂)က
ရွှေ့ဘို့ ပြောင်းဖို့ ပြင်ဆင်နေကြ၏။ စစ်ကြောင်း(၂) ရွှေ့ရမည့် နေရာမှာ
တခြား မဟုတ်ပါ၊ မဘိန်းမှ မိုးမိတ်ကိုကျော်၍ မိုးကုတ်သို့ ရွှေ့ရန် ဖြစ်၏။
ဇန္နဝါရီလကုန် ဖေဖော်ဝါရီလထဲတွင် ကျွန်တော်တို့ စစ်ကြောင်း(၂)သည်
မဘိန်းမှ မိုးကုတ်သို့ အပြီးပြောင်းရွှေ့မည် ဖြစ်သည်။ မိုးကုတ်ကား
နာမည်ကြီးမြို့ကြီးဖြစ်၍ ကျွန်တော့်မှာ အလွန်နေဖူးချင်ပါသည်။ သို့ရာ
တွင် မနေလိုက်ရပါ။ ကျွန်တော်သည် ယခု တပ်တွင် ပျော်နေပြီဖြစ်ရာ
လေ့ကျင့်ရေး ညွှန်ကြားရေးမှူးရုံး (ကကကျင့်) သို့ မသွားလိုပါ။ သို့ရာ
တွင် တပ်ရင်းမှူးက

" စစ်ရုံးကခေါ်တာ မသွားလို့ဘယ်ရမလဲ၊ မင်း သွားသာ သွားပါ
ကွာ "

ဟု ပြောသဖြင့် ကျွန်တော်လည်း ဖေဖော်ဝါရီလထဲ၌ မဘိန်းမှ
စစ်ကြောင်း(၂)၊ စစ်ကြောင်းမှူးတာဝန်အား ဗိုလ်မှူးဌေးညွန့်အစား



ရောက်လာသည့် တပ်ခွဲမှူး ဗိုလ်မှူး ဗိုလ်ကြီးစိုးရီသို့ လွှဲပြီး ရှေ့တန်းမှ
ပြန်ဆင်းခဲ့ပါသည်။ နမခ တွင် တိုင်းမှူးအား ဝင်သတင်းပို့သည့်အခါ
တိုင်းမှူးက

" ဟော့ မောင်ရင့်ကို နိုင်ငံခြားလွှတ်မယ်လို့ ကြားတယ်ကွ "

ဟု အားပေးလိုက်သည်။ မည်သူက မည်မျှပင် အားပေး၊
အားပေး ကျွန်တော်သည် ကကကျင့်အောက်က ထွက်လာသူဖြစ်၏။
ထို့ကြောင့် ကကကျင့်အောက်သို့ ပြန်မသွားလိုပါ။

သို့ရာတွင် လောကကြီးက ကိုယ်ဖြစ်ချင်သလို ဖြစ်နေတာ
မဟုတ်၊ သူဖြစ်ချင်သလို ဖြစ်နေခြင်းသာ ဖြစ်၏။ စစ်သားဆိုတော့
အမိန့်ကိုလည်း နာခံရ၏။ ထို့ကြောင့် ဖေဖော်ဝါရီလဆန်းတွင် ရန်ကုန်
သို့ဆင်းလာပြီး ကကထူးမှတစ်ဆင့် ကကကျင့်သို့ သတင်းပို့လိုက်၏။
ကကထူးတွင် ဆရာသမားဟောင်း ဗိုလ်မှူးကြီးအောင်လွင်နှင့် တွေ့သည်။
ဗိုလ်မှူးကြီးအောင်လွင်အား ဗိုလ်ချုပ်အေးကျော်နှင့် ပတ်သက် ပြီး ၁၉၈၀
ပြည့်နှစ်၊ ဥစတ လာတက်စဉ်က သိကျွမ်းခဲ့ခြင်း ဖြစ်၏။

" ဘယ်လိုဖြစ်တာလဲ ဗိုလ်မှူးကြီးရယ်၊ ကျွန်တော့်ဟာ ကျွန်တော်
ကိုမှာ ဟုတ်နေရဲ့ သားနဲ့ "

" မင်းက တပ်ရင်းမှူးဖြစ်ဖို့ ဝေးသေးတယ်ကွ၊ တော်တော်နဲ့
တပ်ရင်းမှူးဖြစ်ဦးမှာ မဟုတ်ဘူး၊ ဥစတ မှာလဲ Grading ကောင်းတယ်၊
ဒါကြောင့် ကကကျင့်မှာတွဲပြီး သင်ခန်းစာလေးတွေ ပြုစုပြီး နိုင်ငံခြား
လေး ဘာလေးသွားနိုင်အောင် ခေါ်လိုက်တာပါကွာ "

ဗိုလ်မှူးကြီးအောင်လွင်မှ အထက်ပါအတိုင်း ပြောသည်။

" ကဲ ဗိုလ်မှူးကြီးမြတ်သင်းကိုလဲ သွားသတင်းပို့လိုက်ဦး "

ကကကျင့် ဂျီဝမ်းလက်စလီဗီး ခေါ် ဒုဗိုလ်မှူးကြီးမြတ်သင်းက
ကပြားဖြစ်သော်လည်း အလွန် မြန်မာဆန်၏။ အပြောအဆိုနှင့် ဟိတ်ဟန်
ကိုးစမိုးလည်း ကောင်းလှ၏။ တွေ့လျှင်တွေ့ချင်း စစ်ပညာများအား
ကျွန်တော့်ကိုလက်ချာပေးလိုက်ရာ တစ်နာရီလောက် ကြာသွား၏။ နောက်
ဆုံးတော့

" ကဲ မင်း ဗိုလ်သင်တန်းကျောင်း သွားလိုက်ပါကွာ၊ အဲဒီမှာ
ဗိုလ်မှူးကြီးလှသိန်းနဲ့ ကိုစစ်မောင်တို့ ရှိတယ်၊ မင်း ပျော်မှာပါ "

www.burmeseclassic.com

www.burmeseclassic.com

ဟု ဆိုလိုက်သည်။ ဤသို့ဖြင့် ကျွန်တော်လည်း လွတ်မြောက်ပြီးသား ကကကျင့်အောက်သို့ တစ်ဖန် ကျရောက်သွားပြန်ပါတော့သည် ခင်ဗျား။

× × × ×



## အခန်း(၁၆)
## တွဲဖက်တာဝန် ထမ်းဆောင်ခဲ့ရစဉ်က

**ဗိုလ်သင်တန်းကျောင်းမှာ နှစ်လအကြာ**

ရန်ကုန်တွင် အမေ့အိမ်၌ တစ်ညတည်းပြီး နောက်နေ့ညနေ ဗိုလ်သင်တန်းကျောင်းသို့ ကားငှားပြီး ထွက်ခဲ့၏။ အဖွဲ့ခေါင်းဆောင် ဒုဗိုလ်မှူးကြီးလှသိန်းအား ကျွန်တော်ရောက်ရှိကြောင်း သတင်းပို့လိုက်သည်။ ကျွန်တော့်အား တပ်မှ အကူရဲဘော်တစ်ယောက် ထည့်ပေးလိုက်သည်။ တပ်သားတင်လှိုင် ဖြစ်၏။ ညနေ (၄)နာရီသာသာခန့်တွင် ရောက်ရှိသွား၏။ ကျွန်တော်က အာမီရမ် ငါးပုလင်းပါလာရာ ထိုရမ်ပုလင်းများအား ဒုဗိုလ်မှူးကြီးလှသိန်းလက်သို့ အပ်နှံလိုက်၏။ ထိုအခါ ဒုဗိုလ်မှူးကြီးလှသိန်းက

" အား အတော်ပဲဟေ့၊ ဗို့လဲ ရိက္ခာပြတ်နေတယ် "

ဟုဆိုကာ ကျွန်တော်အပ်နှံလိုက်သည့် ရမ်ငါးပုလင်းအား ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်သည်။ အာမီရမ်သာမက မကွေးနှင့် အောင်လံမှ ပဲကြမ်းကြော်များ၊ ဆီပုလင်းများ၊ ကြက်သွန်နီများပါလာပါသေးသည်။ ညနေ (၆)နာရီတွင်ပါလာသည့် ရမ်ပုလင်းလေးကိုဖွင့်၍ ပဲကြမ်းကြော်သုတ်ကာ ကျွန်တော်နှင့် ဒုဗိုလ်မှူးကြီးလှသိန်းတို့က အလုပ် စရန် တိုင်လိုက်ကြ၏။ ထိုအချိန်တွင် အသားညိုညို၊ ခပ်ပိန်ပိန်၊ စွပ်ကျယ်

www.burmeseclassic.com

www.burmeseclassic.com





ချိုင်းပြတ်နှင့် အရာရှိတစ်ယောက်သည် ဆေးပေါ့လိပ်တစ်လိပ်အား ပါးစပ်မှ ကိုက်၍ ထွက်လာ၏။ ထိုအခါ ဒုဗိုလ်မှူးကြီးလှသိန်းမှ

" ဟေ့ ကိုစစ်မောင်၊ လာထိုင်၊ အတော်ပဲ၊ ဒါက ကိုယ်တို့ အဖွဲ့ကို နောက်ရောက်လာတဲ့ ကိုသက်ဦး "

ဟု မိတ်ဆက်ပေး၏။

ထိုအခါ ထိုဆေးပေါ့လိပ်နှင့်ပုဂ္ဂိုလ်က ပြုံး၍ ခေါင်းညိတ်လိုက်၏။ ထို့နောက် ကျွန်တော်တို့ သုံးဦးသား မတ်ခွက်ကိုယ်စီဖြင့် အာမီရမ်ကိုရေရောပြီး ပြိုင်တူ မော့ချလိုက်၏။ ပဲခြမ်းကြော်သုတ်ကလေးကိုလည်း တစ်ဇွန်းစီ၊ တစ်ဇွန်းစီ ဝါးလိုက်သည်။ သုံးလေးငါးခါ ဝါးစား၍ နာရီဝက်ခန့်ကြာသွားသောအခါ အာသွက်လျှာသွက်ဖြင့် အာသွက်ခရဉာဏ်ရလာ၏။ ထိုအခါ စောစောက ခပ်တည်တည်နှင့် လုပ်နေသည့် ကိုစစ်မောင်က ကျွန်တော့်အား

" အစ်ကိုက ဘယ်ဇာတိလဲ "

ဟု မေးပါတော့သည်။

" ရွှေဘိုအနောက်ဘက် မူးမြစ်ကမ်းနဖူးဘေးက ရေဦးကလေး၊ ကိုစစ်မောင်ကရော "

ကျွန်တော်က ပြန်မေးလိုက်သည်။

" ကျွန်တော်က တန့်ဆည် က "

" ဟာ ဒါဆိုရင် ကိုစစ်မောင်က တန့်ဆည်သားပေါ့ "

" ဟုတ်တယ်၊ တန့်ဆည်သားပဲ "

ရေဦးနှင့် တန့်ဆည်မှာ (၁၀)မိုင်ခန့်သာ ဝေး၏။ ကျွန်တော်သည် ကိုစစ်မောင် တန့်ဆည်သားမှန်း မသိ။ ဟိတ်ဟန်မရှိသော ရပ်ဆွေရပ်မျိုးအား ဤလိုနေရာမျိုးတွင်လာတွေ့ရာ တစ်ညနေတည်းနှင့် အထူးခင်မင်သွား၏။ ကိုစစ်မောင်မှာ သီဟသူရနှင့် သူရဘွဲ့ ရထားသော်လည်း စစ်တိုက်သည့်အကြောင်းနှင့် သူ စွမ်းရည်ဘွဲ့ရသည့်အကြောင်းကိုလည်း ကျွန်တော်နှင့်နေသည့် ကာလများ၌ တစ်ခါမှ မပြော၊ သူနှင့် ကျွန်တော် မကြာမကြာ တွေ့နေကြရာ သူ တိုင်းမှူးဖြစ်သည်အထိ ဖြစ်၏။ သူ့အိမ်နှင့် ကျွန်တော့်အိမ်မှာ မြောက်ဥက္ကလာ၊ ရတနာကျွန်းရပ်ကွက်တွင် တစ်သမ်းထဲဖြစ်ပြီး အလွန်နီး၏။ ကိုစစ်မောင်က သူစွမ်းရည်ဘွဲ့ရလာသည့်အပြောင်း ဘာမှ မပြောပြသော်လည်း လူပြောသူပြောနှင့် သိရသည်မှာ

၁၉၆၉-၇၀ ခုနှစ်က ပဲခူးရိုးမမှ ဗကပတို့၏ တိုက်တိုင်း အောင်တပ်များနှင့် တိုက်ခိုက်ခဲ့ပြီး တိုက်တိုင်းအောင်တပ်မှူး အောင်သိန်းလွင်ခေါ် ဗိုလ်လွင်ကို အသေရမိခဲ့သဖြင့် ဘွဲ့တစ်ခုရခဲ့သည်ဟု သိရသည်။

ကျန်အကြောင်းများကိုတော့ မသိခဲ့ပါ၊ ကိုစစ်မောင်ကား ခင်စရာကောင်းသူဖြစ်၏။ အနေအထိုင် အလွန်ရိုးသား၏။ အညာသား ဂိုက်ဆိုက်အပြည့်ရှိ၏။ စစ်သားပုံ အလွန်ပေါက်၏။ သူ ကွယ်လွန်ခဲ့ပြီ ဖြစ်သော်လည်း တစ်နယ်ထဲသားများဖြစ်၍ ယနေ့အချိန်အထိ သူနှင့်အတူ နေခဲ့ရသည့် ကာလများအား သတိရနေပါသေးသည်။

ထိုစဉ်က ကျွန်တော်တို့နှင့်အတူ ရှိကြသူများမှာ ဒုဗိုလ်မှူးကြီး လှသိန်း၊ ဗိုလ်မှူး ခင်မောင်ဝင်း၊ ဗိုလ်မှူး သီဟသူရ သူရစစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူးကိုကိုထွေး၊ ဗိုလ်မှူးမင်းလှအောင်တို့ ဖြစ်ကြ၏။ သူတို့ထဲက အတော်များများမှာ နိုင်ငံခြားပြန်များ ဖြစ်ကြ သည်။ ဒုဗိုလ်မှူးကြီးလှသိန်းက အမေရိကန်နိုင်ငံ၊ ဖို့လီဗင်ဝပ်သ်မှ CGSC သင်တန်း တက်လာသူဖြစ်၏။ ဗိုလ်မှူး သီဟသူရ သူရစစ်မောင်၊ ဗိုလ်မှူးအောင်ကြည်၊ ဗိုလ်မှူးမင်းလှအောင်တို့က အမေရိကန်နိုင်ငံ၊ ဖို့ဘင်းနင်းမှ IOAC သင်တန်းတက်လာသူများ ဖြစ်ကြသည်။ ကျွန်တော်၊ ကိုခင်မောင်ဝင်း၊ ကိုကိုထွေးတို့ကတော့ နိုင်ငံခြားမရောက်ဘူးကြပါ။ ကကကျောင်းမှ ကျွန်တော်တို့ သုံးဦးကို နိုင်ငံခြား ပို့ပေးမည်ဟု ဆို၏။

## ကကကျင့်၊ ဂျီဝမ်းနှင့် တွေ့ဆုံကြရာဝယ်

ကကကျင့်၊ ဂျီဝမ်း ဒုဗိုလ်မှူးကြီးမြတ်သင်းသည် အင်္ဂလန်နိုင်ငံ၊ ဆင်းဟက်(စ်)ဘုရင့်စစ် တက္ကသိုလ်မှ ဆင်းသူဖြစ်၏။ စစ်တက္ကသိုလ်တွင် ကွယ်လွန်သူ ဂျော်ဒန်ဘုရင်ဟူစိန်နှင့် ကျောင်းနေဘက်ဟုလည်း ဆိုသည်။ သူသည် ဟိတ်ဟန်နှင့် စကားပြောအလွန်ကောင်းသည်။ ရုံးပိတ်ရက်များ၌ ရန်ကုန်မှ မှော်ဘီသို့လာ၍ မှော်ဘီသို့ရောက်တိုင်း သင်ခန်းစာများ ရေးသားသည့် ကိစ္စများကို ညွှန်ကြားပါတော့သည်။ ထိုစဉ်က ကကကျင့်ညွှန်ကြားရေးမှူးမှာ ဗိုလ်မှူးချုပ် စိန်ရ ဖြစ်သည်။

" ကဲ ကိုလှသိန်းတို့အဖွဲ့ကတော့ အခုဆို ခုနှစ်ယောက် ဖြစ်သွားပြီ၊ကျောင်းတွေက သင်ခန်းစာတွေက သိပ်ကောင်းနေပြီ၊ စစ်တက္ကသိုလ်


www.burmeseclassic.com

ရော ဗိုလ်သင်တန်းကျောင်းရော တိုက်ခိုက်ရေးကျောင်းရော သင်ခန်း
တွေ ပြန်ရေးရမယ်၊ ဗိုလ်မှူးသက်ဦးကတော့ တိုက်ခိုက်ရေးကျောင်း
ပြောင်းလာတာမို့ တိုက်ခိုက်ရေးကျောင်းအတွက် ပြုစုပေးပေါ့၊ ဒီမှာရှိ
လူဟောင်းတွေကို ဘာရေးရမှာဆိုတာ ပြောပြီးပြီ၊ ခင်ဗျားကတော့ တပ်
တိုက်စစ် တပ်မဲ့တပ်ပါ၊ တပ်ရင်း တိုက်စစ် တပ်မဲ့ တပ်ပါ၊ လက်နက်ကြီး
အမြောက်၊ တင့်ကားနဲ့ လေကြောင်းပစ်ကူယူတဲ့ တပ်ရင်းတိုက်စစ်
တပ်မဲ့တပ်ပါ၊ စတဲ့ဟာတွေ ရေးပေးစေချင်တယ်၊ အနည်းဆုံး သင်ခန်း
ခုနှစ်ခု ရှစ်ခုလောက် ရေးပေးပါ "

ကျွန်တော်သည် နည်းပြ လုပ်ခဲ့ဖူးသော်လည်း ယခုကဲ့သို့ လေ့ကျင့်ခန်းများ မပြုစုခဲ့ဘူးပါ၊ ယခုတော့ နဖူးတွေ ဒူးတွေ တွေ့သော မည်သို့မျှ မတတ်နိုင်ပါ၊ ရေးပါမည်ဟု ကတိပြုရ၏။

ဒုဗိုလ်မှူးကြီးမြတ်သင်းနှင့် ဗိုလ်မှူးချုပ်စိန်ရတို့သည် အသတ်စ သောကြာနေ့ ညနေတိုင်း မှော်ဘီဗိုလ်သင်တန်းသို့ ရောက်လာ ညအိပ်၏။ ကျွန်တော်တို့နှင့်တွေ့ဆုံကာ စနေနေ့ညနေတွင် ရန်ကုန်သို့ ပြန်၏။ ကျွန်တော်တို့သည် ကိုယ် ဟုတ်တိပတ်တိ မကျွမ်းကျင်သော ဘာသာရပ်ကို လုပ်နေရ၍ အချိန်ကတော့ သိပ်မရပါ၊ ရုံးပိတ်ရက်မို့ ဂျိမ်းကြီးတို့အဖွဲ့ ရန်ကုန်ပြန်သည်နှင့် တစ်ပြိုင်နက် ရန်ကုန်က မိသားစုပါလာသော ကိုစစ်မောင်၊ ကိုခင်မောင်ဝင်း၊ ကိုကိုထွေးတို့ သုံး သားသည်လည်း ရန်ကုန်သို့ ပြန်ကြ၏။ ပြန်ရန်လည်း ကားမရှိ။

ထို့ကြောင့် မှော်ဘီ၊ ရန်ကုန်လိုင်းကားများကို တွယ်တက်လိုက် စီးကြရသည်။ ရန်ကုန်ပြန်တိုင်း ကိုစစ်မောင်က ဘေးအိတ်အနီတစ်လုံး လွယ်၍ လည်းကောင်း၊ ကိုကိုထွေးက ဘေးအိတ် အနက်တစ်လုံး လွယ်၍လည်းကောင်း ပြန်လေ့ရှိကြ၏။ ကိုခင်မောင်ဝင်းက ဘာ မလွယ်ပါ၊ လည်ပင်းတွင် စိတ်ပုတီးကြီးတစ်ကုံးသာ လွယ်ထား၏။ သူ မကြာသေးမီကမှ အစ္စလမ်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာ ဖြစ်သဖြင့် ပုတီးကို လက်က မချ၊ လက်က မကိုင်လျှင်မူ လည်ပင်းတွ လွယ်ထားတတ်သည်။ ကျွန်တော်က ကိုစစ်မောင်၏ ဆေးပေါ့လိပ်ကိုက် ပေါ့လွယ်အိတ်လွယ်ထားသည့်ပုံကို အလွန်သဘောကျ၍ ခေါက်ပြ ရထားပေါ်က "လျှက်ဆား သယ်ကြီး" ဟု မကြာခဏ စလေ့ရှိ




ဗထူး ၊တောင်ကြီး ၊သာစည် ၊ပျဉ်းမနား ၊မကွေး မြို့များ
အပြန်အလှန်ဆက်သွယ်ထားသည့် လမ်းကြောင်းပြ မြေပုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တွင် စိတ်ကူးပေါက်သဖြင့် ကျွန်တော်က အောက်ပါအတိုင်း ပြောလိုက်သည်။

" မိးရထားနဲ့ ခရီးသွားကြတဲ့ လုပ်သားပြည်သူများခင်ဗျား၊ သီတာဝင်းလျက်ဆား တကယ်ကောင်းပါတယ်၊ ဆယ်ပြားဖိုးနဲ့ တကယ် အားကိုးလောက် ပါတယ်၊ နေကြည့်စားရင် မေဆွိနဲ့တောင် မှားနိုင် ပါတယ်၊ နေ့ခင်းကြောင်တောင်မှာ စားရင် မေဝင်းမောင်နဲ့တောင် မှား နိုင်ပါတယ်၊ တော်တော်လေးများစားရင် မော်တော်လေးများသွားသလို ဖွတ်၊ ဖွတ်၊ ဖွတ်၊ ဖွတ်နဲ့ "

ဟု ဇာဂနာလေဖြင့် ဆိုလိုက်ရာ ကျန်အဖွဲ့သားများက " တူတယ် ဟေ့၊ တူတယ် " ပြောကာ တဖြောင်းဖြောင်း လက်ခုပ်တီးကြသည်။

ကျွန်တော်တို့သည် ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော ထိုကာလ များကို ပြင်းရင်းခုန်ရင်း ရေးရင်းချွတ်ရင်းဖြင့် အချိန်ကုန်ခဲ့၏။ ညညတွင် ကိုမင်းလှအောင်က စောင်းကောက်ကြီးကို ထထတီးသည်။ စောင်းတီးသင် နေသည်ဟု ဆိုသည်။ ကိုအောင်ကြည်က "မတီးရင် ဘယ်လောက် ပေးရမလဲ"ဟု ခဏခဏ နောက်သည်။ ကျွန်တော်တို့၏အဖွဲ့ ခေါင်း ဆောင် ဒုဗိုလ်မှူးကြီးလှသိန်းကား အလွန်သဘောကောင်းသည့် မြိတ်သား ဖြစ်သည်။ ပြောစရာ ဆိုစရာများကို ကကကျင့်သို့ သူက ဒိုင်ခံ ပြောပေးလေ့ရှိ၏။ သူနှင့်ကျွန်တော်တို့ တစ်လကျော်အတူနေပြီး မတ်လ နောက်ဆုံးပတ်၌ မပခသို့ စစ်ဦးစီးမှူး ပထမတန်းရာထူးဖြင့် အပြီးအပိုင် ပြောင်းရွှေ့သွားပါသည်။ ထိုအခါ အားလုံးက ကျွန်တော့်ကို ခေါင်းဆောင် ကြီးအဖြစ် တစ်ညီတစ်ညွတ်တည်း တင်လိုက်၏။ ခေါင်းဆောင်ကြီး ဖြစ်ရပြန်ပြီပေါ့ ခင်ဗျာ။

## နိုင်ငံခြားသို့ လွှတ်မည်ဆိုခြင်း

သကြင်္ကန်မကျမီ တစ်ရက်တွင် ကကကျင့် ဂျီဝမ်းကြီးက ကျွန်တော့် အား စစ်ရုံးသို့ ခေါ်တွေ့၏။

" မောင်ရင့်ကို ကိုယ်တို့ CGSC လွှတ်ဖို့ ရှိတယ်၊ အဲဒါ မောင်ရင် စာမေးပွဲဖြေရမယ်၊ အင်္ဂလိပ်စာလေး ဘာလေး ကျက်လို့လာ ကားပေါ့ "

www.burmeseclassic.com

www.burmeseclassic.com

ဒုဗိုလ်မှူးကြီးမြတ်သင်းက အထက်ပါအတိုင်း ပြောလိုက်သည်။

" ကျွန်တော် နိုင်ငံခြားမသွားချင်ဘူး ခင်ဗျ "

ကျွန်တော်က အပြတ် ငြင်းပယ်လိုက်၏။

" ဟ- ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ မသွားချင်တာလဲ၊ သူများတွေများ သွားချင်လွန်းလို့ တကူးတက လာ လာ ပြောနေကြတာ၊ ဗမာင်ရင် ကျုပ်မှ လွှတ်ပေးမယ်ဆိုတာတောင် မသွားချင်ဘူးဆိုတော့ တစ်မျိုးပါလား "

" ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်က တစ်မျိုးပါပဲ "

ဒုဗိုလ်မှူးကြီးမြတ်သင်းက ကျွန်တော့်ကို အလွန်ထူးဆန်းစွာဖြင့် စူးစူးစိုက်စိုက် ကြည့် နေ၏။ ထို့နောက် ဖြည်းညင်းစွာဖြင့် ဆိုလိုက်သည်။

" ဒါဆိုရင် မောင်ရင် ဘာလုပ်ချင်သလဲ "

" ကျွန်တော် တပ်ရင်းမှူးပဲ လုပ်ချင်ပါတယ်၊ နိုင်ငံခြားလဲ မသွားချင်ပါဘူး၊ အင်္ဂလိပ်စာလဲ မတော်ပါဘူး "

" အေးလေ၊ ဒါဆိုလဲ ပြီးရော၊ DMT ကြီးကိုတော့ သတင်းပို့ရအုံးမယ် "

ဤသို့ဖြင့် ကျွန်တော် အမေရိကန်သွားရမည့် အရေးမှာ တစ်ခါတည်း ကိစ္စပြတ်သွားတော့၏။ အမေရိကန်သွားလျှင် လေးငါးလကြာမည်။ ပြန်လာလျှင်လည်း တပ်ရင်းမှူးဖြစ်ချင်မှ ဖြစ်ဦးမည်၊ ကိုယ့်အပတ်စဉ်မှ လေးငါးဆယ်ယောက် တပ်ရင်းမှူးဖြစ်နေကြပြီ။ နိုင်ငံခြားသွားလိုက်လျှင် သူတို့နှင့် တပ်ရင်းမှူးလုပ်သက် နှစ်ချီ၍ ပြတ်သွားမည်။ ထို့ကြောင့် မသွားလိုပါ၊ မသွားလိုကြောင်းပြောပြီး ထိုကိစ္စကို ယတိပြတ်ငြင်းပယ်လိုက်၏။ ကျွန်တော်ငြင်းလိုက်သည်မှာ ကောင်းသွားသည်ဟု ထင်ပါသည်။ ငြင်းသာ မငြင်းလိုက်ပါက ကျွန်တော်သည် ၁၉၈၈ ခုနှစ်တွင် အကြောင်းအမျိုးမျိုးဖြင့် အမေရိကား၌ သောင်တင်နေပါဦးမည်။ ကံကောင်းလို့ပေါ့ ခင်ဗျာ။

## မော်ဘီမှသည် ဗထူးသို့

ကျွန်တော်တို့ လူခုနစ်ယောက်အဖွဲ့တွင် ဒုဗိုလ်မှူးကြီးလှသိန်းက ရာထူးတိုး၍ ပြောင်းသွားသည်။ ကိုစစ်မောင်က ခလရ(၈၄)မှ ဖြစ်၏။



ကက(ကြည်း)မှ ပြန်ခေါ်သဖြင့် တပ်ကို ပြန်သွားရသည်။ ကိုမင်းလှအောင်ကလည်း သူ့တပ် ခမရ(၁၁၉)မှ ပြန်ခေါ်၍ တပ်ရင်းသို့ ပြန်သွား၏။ ကိုအောင်ကြည်က တိုက်ခိုက်ရေးကျောင်းမှဖြစ်၍ တိုက်ခိုက်ရေးကျောင်းသို့ ပြန်သွား၏။ ဗိုလ်သင်တန်းကျောင်းတွင် ကျွန်တော်၊ ကိုကိုထွေး၊ ကိုခင်မောင်ဝင်း၊ နိုင်ငံခြား မရောက်ဖူးသည့် ဆင်၊ မျောက်၊ ခါ သတ္တဝါ သုံးဦးသာ ကျန်ခဲ့၏။ ထို့ကြောင့် ပျင်းလာ၏။ နွေကျောင်းပိတ်တုန်းဇနီးနှင့် သမီးငယ်နှစ်ယောက်အား လှမ်းခေါ်လိုက်သည်။ သို့ရာတွင် သူတို့လည်း ကြာကြာ မနေနိုင်ကြ။ တစ်ပတ်ခန့်သာနေပြီး အောင်လံသို့ ပြန်သွား၏။ သင်ခန်းစာများက မပြီးပြတ်သေး၊ စစ်သုံးမြေပုံကိုကြည့်၍ စာရေးရသည်မှာလည်း အားမရ၊ တစ်ရက်တွင် ကျွန်တော်က ဂျီဝမ်းကြီးနှင့် တွေ့ဆုံရာ

" ဟေ့ ဖိုးသက်ဦး၊ ဘယ်တော့ သင်ခန်းစာတွေ ပြီးမလဲ "

" မြေအခြေအနေ မကြည့်တဲ့နဲ့ မပြီးနိုင်ဘူးထင်တယ် "

" ဟ ဒါဆိုရင်လဲ လုပ်ဦးလေ၊ မောင်ရင်တို့ကို ဒီမှာ အမြဲတမ်း မခေါ်ထားနိုင်ဘူး "

" အဲဒါဆိုရင်တော့ ဂျီဝမ်းကြီး ကျွန်တော်တို့ကို ဗထူးလွှတ်မှ ရမယ် ထင်တယ် "

" ဒါဆိုရင်လဲ သွားပေါ့ "

ဤသို့ဖြင့် သင်္ကြန်အပြီးတွင် ကျွန်တော်၊ ဗိုလ်မှူးခင်မောင်ဝင်း၊ ဗိုလ်မှူးကိုကိုထွေး သုံးယောက်သား မီးရထားစီး၍ ဗထူးသို့ ထွက်ခဲ့ကြ၏။ ဗထူးတိုက်ခိုက်ရေးကျောင်းမှ ကျွန်တော်တို့အား သီရိဂေဟာအပေါ်ထပ်တွင် နေရာချထားပေး၏။ ကိုအောင်ကြည်က ကြိုရောက်နေ၍ အဆင်ပြေပါသည်။ တိုက်ခိုက်ရေးကျောင်းသည် ကျွန်တော့်အတွက် နေရာဟောင်းဖြစ်၍ အပ်ကျတာမှ အစ၊ ကျွန်တော် သိသည်။ ပြဿနာ သိပ်မရှိပါ။

## သီရိဂေဟာပေါ်မှ နေ့ရက်များ

ဗထူးသို့ ကျွန်တော်တို့ ရောက်သည့်အချိန်၌ တိုက်ခိုက်ရေးကျောင်း ကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးထွန်းလှိုင်ဖြစ်၍ ဒု ကျောင်းအုပ်ကြီးမှာ ဒုဗိုလ်မှူးကြီးသောင်းစိန်၊ နည်းပြဗိုလ်မှူးကြီးမှာ ဒုဗိုလ်မှူးကြီး မောင်ကြည် ဖြစ်သည်။ ကျွန်တော်တို့သည် ကျောင်းအုပ်ကြီးမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ရေးဌာနသို့ သတင်းပို့ပြီး ဘုရင့်နောင်ခြေလျင်ဌာနခွဲ၌ သင်ခန်း စာများ၊ လေ့ကျင့်ခန်းများကိုရေးသားကြ၏။ ကျောင်းမှပေးသည့် နှစ်ဆ ကယ်ရီယာ ကားကလေးများဖြင့် မြေအခြေအနေများ ဗထူးပတ်ဝန်းကျ ၌ လှည့်လည်ကြည့်ကြသည်။ ဖြစ်စဉ်အကြောင်းအရာများ ဖွဲ့ကြ၏၊ ဖြစ်စဉ်(၁) လိုလားချက်(၁)၊ ဖြစ်စဉ်(၂) လိုလားချက်(၂)၊ ဖြစ်စဉ်(၃ လိုလားချက်(၃) စသည်ဖြင့် လိုလားချက်(၁)မှ (၇)အထိ ရေးကြ ချတ် သည်။ ဖြစ်စဉ်အကြောင်းအရာများအား အသူရာများဖြင့် ဖွင့်ကြသည ဗထူးသို့ရောက်သည့်အခါ အရေးအသားများ ပိုမိုသွက်လက် မြန်ဆ လာ၏။ တစ်လအတွင်း သင်ခန်းစာလေးငါးခု ရေးပြီး သွားသည်။

ကျွန်တော်သည် စရောက်လျှင်ရောက်ချင်း ကျောင်းအုပ်ကြ ဗိုလ်မှူးကြီးထွန်းလွင် အိမ်သို့သွားပြီး ပါလာသည့် မော့ဝီစကီတစ်လုံးဖြ ဂါရဝသွားပြုလိုက်၏။ ထိုအခါ ကျောင်းအုပ်ကြီးက "ဆရာသက်ဦး ဘယ်ဆိုးလို့လဲ"ဟု အသိအမှတ်ပြု လိုက်သည်။

ဗိုလ်မှူးကြီးထွန်းလွင်မှာ ထောင်ထောင်မောင်းမောင်း ဗလ ကောင်းကောင်းဖြင့် စီးကရက်ကို အဆက်မပြတ် သောက်သူဖြစ်သည် တစ်နေ့လျှင် စီးကရက်နှစ်ဘူး၊ သုံးဘူးသောက်သည်။ စီးကရက်သော သော်လည်း ညနေတွင် ဂေါက်သီးကစား၏။ စကားပြောလျှင် အသ ကျယ်ကျယ် ပြောတတ်၏။ သူက အသံကျယ်ကျယ်ပြောသော်လည် သူများအသံကျယ်ကျယ် စကားပြောသည်ကို မကြိုက်၊ တစ်ရက်တွ ကျွန်တော်တို့သည် တိုက်ခိုက်ရေးကျောင်း အစည်းအဝေးခန်းမ၌ လ နက်ကြီး၊ အမြောက်၊ တင့်ကားနှင့် လေကြောင်းပစ်ကူယူသော တပ်ရ တိုက်စစ်အား ဆွေးနွေးကြ၏။ ဆွေးနွေးပွဲတွင် နည်းပြချုပ်မှ ဦးဆော ဆွေးနွေးသော်လည်း အရေးပေါ် ကိစ္စပေါ်လာသဖြင့် အပြင်သ သွားရသည်။

ထိုအခါ ကျွန်တော်က ဦးဆောင်ဆွေးနွေး၏။ လက်နက်ကြ ပစ်ကူ၏၊ ထိရောက်မှုအပိုင်းအား အမြောက်၊ သံချပ်ကာနည်းပြများဖြ ငြင်းကြခုန်ကြရင်း အသံကျယ်သွားရာ D.Q ဗိုလ်မှူးသန်းထွန်း ပြေးလ သည်။ အစည်းအဝေးခန်းမနှင့် ကျောင်းအုပ်ကြီးရုံးခန်းမှာ ကော်ရစ်ဒါသ ခြား၏။ ဗိုလ်မှူးသန်းထွန်းက -

" ဟေ ကိုသက်ဦး၊ ခင်ဗျားအသံက ကျယ်လွန်းတယ်ဗျာ၊ တိုးတိုး ဆွေးနွေးပါ "

" ဟာ ဘာဖြစ်လို့လဲ "

" ကျောင်းအုပ်ကြီး အနားယူနေလို့ "

ကျွန်တော်က အားတက်သရော ဆွေးနွေးနေရာ -

" ကျောင်းအုပ်ကြီး အနားယူနေတယ်၊ တိုးတိုးဆွေးနွေးပါ "

ဟု လာပြောသည်ကို ဘဝင်မကျပါ၊ သို့ရာတွင် ဘာမှတော့ မပြောလိုက်ပါ၊ လေသံကိုမူ အနည်းငယ် လျှော့လိုက်ပါသည်။ ဗိုလ်မှူး သန်းထွန်းမှာ သနက(၁)တွင် ကျွန်တော်နှင့်အတူ နေခဲ့ဖူးသည်။ သူသည် လည်း ရေဦးသားဖြစ်သည်။ ရပ်ဆွေ ရပ်မျိုးများဖြစ်ပြီး တစ်ထပ်တည်း နေခဲ့ဖူး၍ သူ့အား ဘာမှတော့ စောဒကမတက်လိုက်၊ ကျွန်တော့်အသံ ကလည်း ဘယ်လောက် ကျယ်သွားလည်း မသိ။ နောက်နေ့ ကျောင်း အစည်းအဝေး၌ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထွန်းလွင်က အစည်းအဝေး စလျှင် စချင်းပင်

" ဟေ့ ဆရာသက်ဦး၊ မောင်ရင် မနေ့က ကျယ်ကျယ် ကျယ် ကျယ်နဲ့ ဘာတွေပြောနေတာလဲကွ "

" လက်နက်ကြီးပစ်ကူယူတဲ့ တပ်ရင်းတိုက်စစ်ပါ ခင်ဗျား၊ ပစ်ကူ ပေးမယ့် အမြောက်၊ သံချပ်ကာအဖွဲ့တွေနဲ့ ငြင်းနေတာပါ "

ထိုစဉ်က အမြောက်၊ သံချပ်ကာဌာနမှူးမှာ ဗိုလ်မှူးကြည်ဝင်း၊ ယခု ကကသံ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကြည်ဝင်း ဖြစ်၏။

" ဆရာသက်ဦးက အသံ ကျယ်ကျယ် ကျယ်ကျယ်နဲ့ အတော် ငြင်းနိုင်တာပဲ "

ဟု ကျောင်းအုပ်ကြီးက စကားကိုအဆုံးသတ်လိုက်ရာ ကျွန်တော် ၏ အသံကျယ်ခြင်းအား ကျောင်းအုပ်ကြီး သိပ်သဘောမကျဟု မှတ်သား ထားလိုက်ရပါတော့သည်။

ဤသို့ဖြင့် မေလကုန်ကာ ဇွန်လဆန်းသို့ပင် တိုင်ခဲ့ချေပြီ။ ဗထူးအရှေ့ဘက် နွားလပို့တောင်ဘက်မှ မိုးတွေညို၍ ဗထူးတွင် မကြာ မကြာ မိုးရွာနေချေပြီ။ ကျွန်တော်တို့သည် ညနေတိုင်းပါလာသည့် ဂေါက်တုတ်ကလေး တစ်ချောင်း၊ နှစ်ချောင်းဖြင့် တိုက်ခိုက်ရေးကျောင်း ဘေးက ဂေါက်ကွင်းတွင် မရိုက်တတ် ရိုက်တတ်ဖြင့် ဂေါက်သီးကစား

www.burmeseclassic.com

www.burmeseclassic.com

ကြ၏။ ကျွန်တော်တို့ တွဲဖက်အဖွဲ့များနှင့်အတူ မနေ့တစ်နေ့ကမှ တိုက်ခိုက်ရေးကျောင်းပြောင်းလာသည့်ကျွန်တော့်အမှတ်စဉ်(၃၆)မှ ဗိုလ်မှူး ကျော်သောင်းလည်း လိုက်တတ်၏။ သူက စကားနည်းသည်၊ ဘာဖြစ်၍ ကျောင်းပြောင်းလာသည်ကိုတော့ မသိ၊ သူနှင့် စကား သိပ်မပြောဖြစ်။

ထို့ကြောင့် ပျင်းပျင်းရှိသည့် ညများတွင် တပ်ရင်းမှူးသင်တန်း ဆောင်သို့ သွားရောက်လည်ပတ်ပြီး အခြားသူငယ်ချင်း တပ်ရင်းမှူး သင်တန်းသားများနှင့်ဝေဖန်ရေး၊ လေကန်ရေးများလုပ်ကြသည်။ ရံဖန် ရံခါတွင် သင်ခန်းစာများအား စစ်ဦးစီးတက္ကသိုလ်သို့ သွား၍ ရေးကြ သည်။ စစ်ဦးစီးတက္ကသိုလ်တွင် ကျွန်တော်နှင့် တစ်ပတ်တည်းဆင်း ဗိုလ်မှူးအောင်ကြည်နှင့် ဗိုလ်မှူးတင်အောင်နိုင်တို့ ရှိနေကြသည်။ တစ် ရက်တွင် သူတို့အကူအညီဖြင့် ကျွန်တော် အထူး ၂/၈၆ တက်ခဲ့စဉ်က Position ဘယ်လောက်ရခဲ့သည်ကို သွားကြည့်ကြသည်။ လွယ်လွယ် တော့ ကြည့်၍ မရ၊ နည်းပြချုပ် ဒုဗိုလ်မှူးကြီးမြင့်သိန်း အလစ်အငိုက်တွင် ထိုစာအုပ်ထူကြီးကို တိုးတိုးတိတ်တိတ် လှန်ကြည့်ရ၏။

ထိုအခါကျမှ ကျွန်တော်ဘာကြောင့် ကကကျင့်ကို တွဲလိုက်ရ သည်ကို သဘောပေါက်လိုက်ရပါတော့သည်။ ပထမရသူက ဗိုလ်မှူးစိုးဝင်း ဘပ်ရင်းမှူးဖြစ်နေပြီ။ ဒုတိယရဟ ဗိုလ်မှူးစိုးလွင်၊ သူလည်း တပ်ရင်းမှူး ဖြစ်နေပြီ။ တတိယက မယ်ဒလင်ဆရာ ဗိုလ်မှူးစိန်ဝင်း၊ သူလည်း တပ်ရင်း မှူးဖြစ်သွားပြီ။ စတုတ္ထရဟ ဗိုလ်မှူးတင်အောင်နိုင် ရသည်။ သူက လွန်ခဲ့ သည့် တစ်နှစ်ခန့်ကပင် စစ်ဦးစီးတက္ကသိုလ်သို့ နည်းပြဖြင့် ရောက်နေ သည်။ နံပါတ်(၅)ကား ကျွန်တော်ပါတည်း။

ထိုအခါ လူကြီးများက အပေါ်လေးယောက် မရှိတော့သဖြင့် ကျွန်တော့်အား Grading ကြည့်ရာ ကကကျင့်သို့တွဲလိုက်ခြင်း ဖြစ်ပါ သည်။ ကကကျင့်တွဲရသဖြင့် အောင့်သက်သက်နှင့် မိုးကုတ် မရောက် တော့ဘဲ မော်ဘီတို့၊ ဗထူးတို့ ရောက်ရ၏။ မိုးကုတ်နှင့် လွဲသွား သည်။ ဒို့ရာတွင် ဤသို့နေလိုက်ရခြင်းဖြင့် ကျွန်တော့်အတွက် နောင်အခါ၌ ထူးခြားသော အကျိုးများကို ခံစားရပါသည်။ ကြုံကြိုက်သည့်အခါ ဝင်ပြပါဦးမည်။

eclassic.com 

မမျှော်လင့်ဘဲ ပြောင်းရပြီ

၁၉၈၈ ခုနှစ်၊ ဇွန်လ (၂၈)ရက်နေ့ ညနေစောင်းဖြစ်၏။ ဂေါက်ကွင်းတွင် ဗိုလ်မှူးကြီး ထွန်းလွင်နှင့် တွေ့သည်။

"ဟေ့ မောင်ရင့်တွေ့တာနဲ့ အတော်ပဲကွ"

"ဟုတ်ကဲ့၊ အမိန့်ရှိပါ ကျောင်းအုပ်ကြီး"

"ဟို ငနဲက တောင်ကြီးမှာ သူ့မိန်းမ ပစ္စည်းတွေ ကျန်ခဲ့လို့တဲ့၊ အဲဒါ သွားယူပြီးတော့ သူ့ တပည့်တွေ လက်ထဲအပ်ပေးစမ်းပါကွာ၊ သူ့ တပည့်တွေ ဗထူးရောက်နေတယ်"

"ဟို ငနဲဆိုတာ ဘယ်သူလဲ ကျောင်းအုပ်ကြီး"

"လက်စလီဗီးလေကွာ"

"ဩော် ဂျီဝမ်းကြီးလား"

"အေး ဟုတ်တယ်၊ အဲဒါ မောင်ရင် မနက်ဖြန်ကို သွားလိုက် စမ်းပါ၊ တစ်ယောက်တည်းတော့ မသွားနဲ့၊ ကသက က ဗိုလ်မှူးမြင့်လွင် လိုက်လိမ့်မယ်၊ နှစ်ယောက် သွားလိုက်ကြပေါ့"

နောက်နေ့ ဇွန်လ (၂၉)ရက်နေ့တွင် ကျွန်တော်သည် T-2000 ကားကလေးဖြင့် တောင်ကြီးသို့ တက်ခဲ့၏။ မနက် (၉)နာရီကျော် (၁၀)နာရီခန့်တွင် ရပခသို့ ရောက်သည်။ ဂျီဝမ်း ဒုဗိုလ်မှူးကြီး အေးသောင်းကို ဝင်တွေ့လိုက်၏။

"ဟာ- မောင်သက်ဦးလေး၊ တပ်ရင်းမှူးကွေ ဘာတွေ မဖြစ်သေး ဘူးလားကွ"

ဒုဗိုလ်မှူးကြီးအေးသောင်းက ဆီးပြောသည်။

"မသိဘူးလေဗျာ၊ လူကြီးတွေခန့်ရင်တော့ ဖြစ်မှာပေါ့၊ အဲဒါ ဘာများကြားသေးသလဲလို့ အစ်ကို့ကို မေးမလို့"

"ဒါတွေကတော့ ဆရာ့စိတ်ထဲမှာ ရှိတာပဲ၊ ပေးချင်ရင်လဲ အခု ပေးရင် ရတယ်၊ မပေးချင်လို့ ထားမယ်ဆိုရင်လဲ ရတာပဲ"

ကျွန်တော်နှင့် ဒုဗိုလ်မှူးကြီးအေးသောင်းတို့သည် ကိုရင်းတုံ့ဒေသ တွင် ကျွန်တော်က ဂျီတူ၊ သူက ခမရ(၁၁) တပ်ရင်းမှူးနှင့် စစ်ဆင်ရေး တစ်ပတ်ခန့် အတူလုပ်ခဲ့ဘူးသူဖြစ်၍ အလွန်ရင်းနှီးသည်။ ကျွန်တော် ခလရ(၆၇) မိုင်းရယ်တွင်နေခဲ့စဉ် သူက တန့်ယန်းဗျူဟာမှ ဂျီသရီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဂျိုသရီးဘဝက နာမည်ကြီးလှ၏။ ယခု ဂျိုဝမ်းဘဝတွင်တော့ ကျွန်တော် မသိပါ။ သူနှင့်ပြောဆိုဆွေးနွေးပြီးနောက် ကျွန်တော်သည် တောင်ကြီးကောလိပ်သို့ သွားပြီး ဒုဗိုလ်မှူးကြီးမြတ်သင်းဇနီး၏ ပန်းကန်ခွက်ယောက်များ၊ အိုးခွက်များပါသည့် သေတ္တာလေးငါးလုံး သွားသယ်ရ၏။

ထို့နောက် တောင်ကြီးမှ ညနေ (၄)နာရီလောက်တွင် ပြန်ထွက်ခဲ့၏။ ထိုနေ့က မိုးကလည်း သဲသဲမဲမဲ ရွာသည်။ ပင်ဖြစ်အထွက်တွင် ကားက စလစ်ဖြစ်၍ မှောက်မည်ဖြစ်သွား၏။ ဂြိုဟ်မင်းတို့ မောင့်ကို မွှေနေလေလားတော့ မသိ။ သီရိဂေဟာပြန်ရောက်တော့ ညနေ (၆)နာရီ ကျော်ပြီး မှောင်စပြုနေပြီ။ သီရိဂေဟာ အပေါ်ထပ်မှနေ၍ ဗိုလ်မှူးအောင်ကြည်က ကျွန်တော် ပြန်ရောက်လာသည်ကို မြင်ပြီး

" ဗျို့ တပ်ရင်းမှူးကြီး၊ ပြန်လာပြီလားဗျ "

ဟု လှမ်းအော်လိုက်သည်။ ကျွန်တော်က နည်းနည်းကျွဲမြီးတိုသွား၏။

" ကိုယ့်လူ နောက်မနေနဲ့၊ ဒီမှာ သူများအထုပ်တွေ သွားထမ်းရတာ ပိုက်ဆံ သုံးလေး ငါးရာ ကုန်သေးတယ်၊ မိုးပွေမိပြီး ကားကလဲ မှောက်ဦးမလို့၊ ကံကောင်းလို့ ကိစ္စ မချောတယ် "

" ဟ တပ်ရင်းမှူးကြီးကလဲဗျာ၊ ပိုက်ဆံကိစ္စ သိပ်ပြီး ညည်း မနေပါနဲ့ဗျာ၊ တပ်ရင်းမှူးဖြစ်ပြီပဲဗျာ၊ ဘယ်အိပ် နှိုက် နှိုက်၊ ဗငွထွက်လာမှာပါ "

" ကိုယ့်လူ ပေါက်ကရတွေ ပြောမနေနဲ့၊ လာဆင်းခဲ့၊ မောင်ရင့်ဆရာကတော် ပစ္စည်းတွေ ဝိုင်းကူသယ်ပေး "

ကိုအောင်ကြည်က ပြုံးဖြဲဖြဲဖြင့် အောက်ဆင်းလာ၏။ ပစ္စည်းများ ဝိုင်းသယ်ရင်း

" အစ်ကိုကြီး၊ ခင်ဗျားက နောက်နေတယ် ထင်လား၊ နောက နေတာ မဟုတ်ဘူး၊ အစ်ကိုကြီး တပ်က တယ်လီဖုန်းလာတယ်၊ ခင်ဗျားအမျိုးသမီးဆီက အစ်ကိုကြီး ခလရ(၆)ကို တပ်ရင်းမှူးနဲ့ ပြောင်းရမယ်တဲ့ဗျာ "

သူ့စကားကြောင့် ကျွန်တော်မျက်မှောင်ကို တည်လိုက်မိ၏။ သူပြောနေတာ တကယ်များလား မသိ။



" ပစ္စည်းတွေ ထားခဲ့ပြီးတော့ အိပ်ချိန်းသွားမေးလိုက်ပါလား "

သူက ထပ်ပြောပြန်သည်။

သူများတွေပြောတာကိုတော့ သိပ်မယုံ၊ အိမ်ကမိန်းမ ဖုန်းဆက်သည်ဆိုရင်တော့ ဖြစ်နိုင်သည်။ ကျွန်တော့်ဇနီး မေကလည်း တပ်ရင်းမှူးကတော် အတော် လုပ်ချင်နေသူဖြစ်၏။ ဤကိစ္စအတွက်တော့ မနောက်တန်ရာ။ ထို့ကြောင့် ဖြစ်တန်ရာဟု ဆုံးဖြတ်ပြီး ကျောင်းနှင့် မျက်စောင်းထိုး လမ်းတစ်ဘက်ရှိ ဆက်သွယ်ရေးတပ်စုရှိရာသို့ ကျွန်တော်ထွက်ခဲ့၏။ ကျွန်တော်က တိုက်ခိုက်ရေးကျောင်းထွက်မို့ ထိုတပ်စုမှ ရဲဘော်များက ကျွန်တော့်ကို သိကြသည်။

" ဟာ ဗိုလ်မှူး၊ အစ်မဆီက ညနေက တယ်လီဖုန်းလာတယ်၊ အောင်လံက လိုင်းမကောင်းလို့ မကွေးကတစ်ဆင့်ပြောပေးတယ်၊ ဗိုလ်မှူး ခလရ(၆)ကို တပ်ရင်းမှူးနဲ့ ပြောင်းရတယ်တဲ့ "

ဆက်သွယ်ရေးတပ်စုအား ကျေးဇူးတင်စကားပြောပြီး အဆောင်သို့ အပြေးပြန်လာခဲ့သည်။ ကမန်းကတမ်းရေချိုးကာ အောက်ပြန်ဆင်းခဲ့၏။ ကိုအောင်ကြည်ကို မတွေ့၊ ကိုခင်မောင်ဝင်းနှင့် ကိုကိုထွေးကိုလည်း မတွေ့။ ထို့ကြောင့် စိတ်မငြိမ်၊ လူမငြိမ်ဖြစ်ကာ တပ်ရင်းမှူးသင်တန်းသို့ ထွက်ခဲ့၏။ တပ်ရင်းမှူးသင်တန်းတွင် ရဲမှူးဦးထင်ကျော်နှင့် သွားတွေ့သည်။ ရဲမှူးဦးထင်ကျော်သည် တက္ကသိုလ်တုန်းက သမိုင်းဌာနမှ ကျွန်တော့်နည်းပြဆရာ ကျူတာဖြစ်ပြီး တပ်ထဲရောက်တော့လည်း ဟိုဆုံ ဒီဆုံနှင့် ဆရာတပည့် ပြန်ဆုံကြသည်။ နောက်တော့ သူ ရဲရောက်သွားပြီး ရဲမှူးရာထူးဖြင့် တပ်ရင်းမှူး သင်တန်း လာတက်နေသည်။ ဆရာက ကျွန်တော်နှင့်တွေ့တော့ နည်းနည်း မူးနေ၏။ သူက ကျွန်တော့်ကို တွေ့လျှင်တွေ့ချင်း

" ဟော့ ဖိုးသက်ဦး၊ မောင်ရင် တပ်ရင်းမှူးဖြစ်ပြီ၊ ကိုယ့်ကို အရက်တိုက်ရမယ် "

ဟု စပြော၏။

" ဆရာ ဘယ်လိုလုပ် သိသလဲ "

" ညနေက တာဝန်မှူးရုံးခန်းရောက်လို့ ကြေးနန်းတွေ လှန်ဖတ်လိုက်တော့ မောင်ရင် တပ်ရင်းမှူးဖြစ်ကြောင်း၊ စစ်ရုံးက ဗိုလ်မှူးကြီး၊

www.burmeseclassic.com

ခင်မောင်သန်းနဲ့ ဗိုလ်မှူးကိုကိုကျော်တို့ဆီက ကြေးနန်းတွေ တွေ့တယ် ဗျာ၊ မယုံရင် သွားကြည့်လေ "

ဟု ဆိုလိုက်သည်။

ထိုအခါ ကျွန်တော်က " ဒါဆို ခဏ ဆရာ "ဟု ပြောပြီး တာဝန်မှူးရုံးခန်းသို့ အပြေးကလေး ထွက်ခဲ့၏။ တာဝန်ကျ စာရေးထံတွင် ကြေးနန်းအစောင် (၃၀)ကျော်ရှိပြီး အားလုံးဖတ်လိုက်ရာ ထိုအထဲမှ ဗိုလ်မှူးကြီးခင်မောင်သန်းနှင့် ဗိုလ်မှူးကိုကိုကျော်တို့ထံက ၁၉၈၈ ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့စွဲဖြင့် ထုတ်ပြန်ထားသည့် စစ်ရာထူးခန့်ချုပ်ရုံး၏ စာအမှတ်များကို ဖော်ပြ၍ ကျွန်တော် ခလရ(၆) တပ်ရင်းမှူးဖြစ်သဖြင့် ဝမ်းမြောက်ကြောင်း ပို့ထားသည့် ကြေးနန်းများကို တွေ့ရပါတော့သည်။

မောင်သက်ဦးတစ်ယောက် သူ့ အင်မတန်ဖြစ်ချင်သော တပ်ရင်းမှူး ဖြစ်သွားသည်မှာ သေချာသွားပါပြီ ခင်ဗျား။

ထိုညက ကျွန်တော် ကောင်းကောင်း မအိပ်ရတော့ပါ။ ဆရာ ထင်ကျော်ခေါင်းဆောင်သော မိတ်ဆွေအပေါင်းအသင်းများက တစ်ညလုံး ဝိုင်းညှဉ်းကြသည်။ ဟေးလား၊ ဝါးလား အော်ဟစ်ဆူညံကာ ကျွန်တော့်အား ကျွေးမွေးရန် တောင်းဆိုကြ၏။ ထိုအခါ ကျွန်တော်လည်း မနေသာတော့ဘဲ ကျန်သည့် ကျွန်တော့်နောက်ဆုံး ပိုက်ဆံကလေးဖြင့် စိုးသီတာတွင် ယမကာပုလင်းများဝယ်ကာ သူတို့နှင့်အတူ စားသောက်၍ ည (၁)နာရီထိုးမှ သီရိဂေဟာသို့ ပြန်ရောက်၏။ ပြန်ရောက်သော်လည်း တလူးလူး တလိမ့်လိမ့်ဖြင့် အိပ်မပျော်ပါ။ "ငါတပ်ရင်းမှူးဖြစ်တာ ဟုတ်မှ ဟုတ်ရဲ့မလား"ဟုဆိုကာ သံသယတွေ ပွါးနေပါသည်။ မိုးလင်းသည်နှင့် အိပ်ရာမှထကာ ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့ကို အကျိုးအကြောင်း ပြောပြပါသည်။ သူတို့ နှစ်ယောက်ကလည်း အလွန်ဝမ်းသာသွားကြသည်။

" အဲဒါဆို ဘာလုပ်မလဲ "

ဟု မေးကြ၏။

" ဘာလုပ်ရမလဲကွာ၊ ဒီနေ့ (၉)နာရီမှာ တပ်ရင်းမှူးသင်တန်းဆင်းမယ်၊ ဒီအဖွဲ့တွေ နက်ဖြန်ပြန်မယ်၊ ကိုယ်လဲ သူတို့နဲ့အတူ ပြန်မယ်ကွာ၊ တပ်ရင်းမှူးဖြစ်ပြီ၊ ဘာကိစ္စနဲ့ ဒီမှာ ဆက်နေရမှာလဲ "

www.burmeseclassic.com



" အစ်ကိုပြန်ရင် ကျွန်တော်တို့ကို မထားခဲ့နဲ့၊ ကျွန်တော်တို့လဲ လိုက်မယ် "

" အနည်းဆုံး တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည်နားရအောင် ပြောပေးပါ "

ကျွန်တော်က အဖွဲ့ခေါင်းဆောင်ဖြစ်၍ ပြောပေးမည်ဟု အာမခံလိုက်၏။ ထို့နောက် နောက်ဆုံးချန်ထားသည့် မော့ဝီစကီပုလင်းလေးအားယူ၍ ကျောင်းအုပ်ကြီးအိမ်သို့ ချီတက်သွားသည်။ နံနက် စောစော ဝေလီဝေလင်းတွင် မော့ဝီစကီပုလင်း ရင်ခွင်ပိုက်ပြီး သူ့အိမ် ရောက်လာသော ကျွန်တော့်ကို ကျောင်းအုပ်ကြီးက အံ့ဩနေ၏။

" ဟ ဆရာသက်ဦး၊ စောစောစီးစီး ဘာကိစ္စလဲကွ "

" ဂါရဝပြုမလို့ပါ၊ ကျောင်းအုပ်ကြီး "

ကျွန်တော်က ပြောပြောဆိုဆို ဝီစကီပုလင်းလေးကို စားပွဲပေါ် တင်လိုက်၏။

" ခဏခဏ ဂါရဝမပြုပါနဲ့ကွာ၊ မောင်ရင်တို့လဲ ဘာမှ ရှိတာမှ မဟုတ်တာဘဲ၊ တစ်ခြား သတင်းပို့စရာများ ရှိသေးလို့လား "

" ဟုတ်ကဲ့၊ ရှိပါတယ် ကျောင်းအုပ်ကြီး "

" ကျွန်တော် ခလရ(၆)ကို တပ်ရင်းမှူးရာထူးနဲ့ တပ်ပြောင်းမိန့် မနေ့က ထွက်ပါတယ် ခင်ဗျာ၊ အဲဒါကြောင့် ဒီနေ့သင်တန်းဆင်းမယ့် သင်တန်းသားတွေနဲ့ ပြန်ချင်ပါတယ် "

" ဟ ကွန်ကရက်ကျူလေးရှင်း ဆရာသက်ဦးရေ၊ ခလရ(၆) ဆိုတော့ ရန်ကုန်မှာကွ၊ ကိုယ့်လူက တယ်ဟုတ်ပါလား၊ ပြန်ပါဗျာ၊ ပြန်ပါ၊ တပ်ရင်းမှူးဖြစ်မှတော့ ဒီမှာဘာဖြစ်လို့ ဆက်နေရမှာလဲ၊ ပြန်ပါ၊ ခွင့်ပြုပါတယ် "

ဗိုလ်မှူးကြီးထွန်းလွင်က ရွှာရွှာရွှူရွှူပင် ခွင့်ပြုလိုက်၏။

" ကျေးဇူးတင်ပါတယ် ကျောင်းအုပ်ကြီးခင်ဗျာ၊ နောက်ထပ် တင်ပြဖို့ တစ်ခုရှိပါ သေးတယ် "

" ပြောပါ "

" ကျွန်တော်တို့ ဒီရောက်တာ နှစ်လ သုံးလရှိပါပြီ၊ ဗိုလ်မှူးခင်မောင်ဝင်းနဲ့ ဗိုလ်မှူးကိုကိုထွေးတို့လဲ Family Pass အနားပြန်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်လောက်ပေးဖို့နဲ့ ကျွန်တော်နဲ့တစ်ပါတည်း ထည့်လိုက်ဖို့ တင်ပြအပ်ပါတယ် ခင်ဗျာ ”

“ ခွင့်ပြုတယ်ဗျာ၊ ပြန်စေသတည်းဗျာ ”

ကျောင်းအုပ်ကြီးက အလွယ်တကူပင် ထပ်မံခွင့်ပြုလိုက်ပြန်၏။ ကျွန်တော်လည်း ကျောင်းအုပ်ကြီးအား စမတ်ကျကျ သတိဆွဲ၍ အလေးပြုပြီး ပြန်ခဲ့၏။ သီရိဂေဟာရောက်သောအခါ ဗိုလ်မှူးခင်မောင်ဝင်းနှင့် ဗိုလ်မှူးကိုကိုထွေးတို့က အပေါ်ထပ်မှ နေ၍

“ အစ်ကိုကြီး၊ အဆင်ပြေရဲ့လား ”ဟု လှမ်းမေး၏။

ကျွန်တော်က- “ All Ok ”

ဟု အော်ပြီး လက်မ ထောင်ပြလိုက်သည်။ သူတို့နှစ်ယောက်က

“ ဒါမှ တို့အစ်ကိုကြီးကွ ”ဟု ပြန်အော်ကြသည်။

ထို့နောက် ကျောင်းရုံးသို့သွား၍ စီအိုင်(Chief Instructor) ခေါ် နည်းပြမှူးချုပ် ဒုဗိုလ်မှူးကြီးအောင်ကြည်ကို သတင်းပို့သည်။

“ ဖိုးသက်ဦး သင်ခန်းစာတွေ ပြီးပြီလား၊ အခု တပ်ရင်းမှူးသင်တန်းက ဟာတွေလဲ ဝိုင်းကြည့်ပေးဦးနော် ”

“ ဩော် ဟုတ်ကဲ့၊ ကျွန်တော့်တာဝန်ပေးထားတဲ့ သင်ခန်းစာ (၈) ခုလုံး ပြီးပါပြီ၊ တပ်ရင်းမှူးသင်တန်းက အစီရင်ခံစာတွေလဲ ကျွန်တော်တို့အဖွဲ့ ဝိုင်းစစ်ပေးထားပါတယ် ”

“ အင်း- အင်း- ကောင်းတယ်၊ ကောင်းတယ် ”

“ စီအိုင်ကြီးကို ကျွန်တော် သတင်းပို့စရာ တစ်ခုရှိပါတယ် ”

“ ပြောပါ ”

“ ကျွန်တော် မနေ့က ခလရ(၆)ကို တပ်ပြောင်းမိန့် ထွက်ပါတယ်၊ အဲဒါ မနက်ဖြန် ဒီသင်တန်းနဲ့အတူ ရန်ကုန်ပြန်ဖို့ လုပ်ထားတယ်ခင်ဗျ ”

“ ဟာ ဟုတ်လား၊ လေးငါးဆယ်ရက် ဆက်နေပြီး တို့ကို ကူသွားစမ်းပါဦး၊ မင်းက တူးအိုင်စီဆိုတော့ ဖြည်းဖြည်းသွားလဲ ရပါတယ် ”

ကျွန်တော် နည်းနည်း ကြောင်သွား၏။ နောက်မှ စီအိုင်ကြီး ဆိုလိုသည်ကို သဘော ပေါက်သည်။



“ ကျွန်တော်က တူးအိုင်စီနဲ့ ပြောင်းရတာ မဟုတ်ပါဘူး၊ ခလရ (၆)ကို တပ်ရင်းမှူးနဲ့ ပြောင်းရတာပါ၊ ကျွန်တော် ဒီလာတွဲကတည်းက တူးအိုင်စီနဲ့ လာတွဲနေတာပါခင်ဗျာ ”

“ ဟေ ဟုတ်လား၊ မင်းက ရန်ကုန် ခလရ(၆) တပ်ရင်းမှူး တောင် ဖြစ်သွားပြီလား ”

တအံ့တဩဖြင့် နည်းပြချုပ်ကြီးက ပြော၏။ ကျွန်တော်က ဘာမှ ဆက်မပြောတော့ပါ၊ ထိုနေ့ မနက် (၉)နာရီထိုး တပ်ရင်းမှူးသင်တန်းဆင်းပွဲ အပြီး၌ ကျောင်းအုပ်ကြီးက

“ ဟေ ကိုအောင်ကြည်၊ ဆရာသက်ဦး တပ်ရင်းမှူး ဖြစ်သွားပြီကွ၊ အဲဒါ ရန်ကုန်ပြန်လွှတ်လိုက်တော့ သူ့လူနှစ်ယောက်ကိုလဲ Family Pass ပြန်ဖို့ ပြန်ထည့်ပေးလိုက်ပါ ”

ဟု ပြောပါသည်။

ကျွန်တော်တို့လည်း ကျောင်းအုပ်ကြီးထံမှ အမိန့်ရသည့်အခါ ခရီးသွားခွင့် Movement Order များ လုပ်လိုက်၏။ ဇူလိုင် (၁)ရက်နေ့တွင် ဗထူးမှ ထွက်ခဲ့၏။ လွတ်ပြီ၊ ကျွတ်ပြီပေါ့၊ နေရစ်တော့ ဗထူးရေ။

ဗထူးမှ ရွှေညောင်သို့ ကားတန်းဖြင့် လာခဲ့၏။ ရွှေညောင်ရောက်လျှင် ရထားစီး၍ ရန်ကုန်သို့ ခရီးဆက်ရပါဦးမည်။ ရန်ကုန်စစ်ရုံးသို့ရောက်က ကကကျင့်နှင့် ဂကထူးသို့ သတင်းပို့ရပါမည်။ ပြီးတော့ မိသားစုခေါ်ဖို့ အောင်လံပြန်ရပါဦးမည်။ ကျွန်တော် အင်မတန် ဖြစ်ချင်သော တပ်ရင်းမှူးတော့ ဖြစ်သွားပါပြီ။ ဖြစ်မည်ဖြစ်တော့လည်း တောသားက ရန်ကုန်တွင်မှ တပ်ရင်းမှူး သွားဖြစ်၏။ ဘယ်သူက စောင်မကြည့်ရှုလိုက်သလဲတော့ မသိ။ တစ်သက်လုံး တောထဲတောင်ထဲ နေခဲ့ရသည့် တောသား ကျွန်တော်နှင့် ရန်ကုန် ဘယ်လိုကြုံရဦးမလဲတော့ မသိသေးပါ ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

(သောင်းဝေဦး)
၈. ၁၁. ၂၀၀၁

www.burmeseclassic.com